# အဘိဓမ္မာသင်္ဂြိုဟ်နှင့် ပို့ချချက်များ

## (ဒုတိယတွဲ)


အရှင်သီလာနန္ဒာဘိဝံသ (D.Litt.)

အဂ္ဂမဟာပဏ္ဍိတ–အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ပါမောက္ခချုပ်ဆရာတော်

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

- အဘိဓမ္မာ တတ်ဖို့လိုအပ်သလား၊ မလွယ်သော်လည်း မခက်သည့် အဘိဓမ္မာ
- မြန်မာနိုင်ငံနှင့်အဘိဓမ္မာ, အနောက်နိုင်ငံများနှင့် အဘိဓမ္မာ
- ဗုဒ္ဓဘာသာ၏ထူးခြားချက်နှင့် လွတ်လပ်မှုစသော သိသင့်သိထိုက်သည့်ပြဿနာများကို ရှင်းလင်းလွယ်ကူစွာ ပို့ချထားသော

**အဘိဓမ္မာသင်တန်းပို့ချချက်များ (ပထမတွဲ) ထွက်နေပါပြီ**

- ပထမဆုံး မဟာသမ္မတဖြစ်သော ဘုရားအလောင်းတော်
- မမြင်နိုင်သောကံနှင့် ကံအကျိုးပေး
- သေခြင်းဖြစ်ပုံ,သေခါနီးထင်သောနိမိတ်, သေခါနီးစိတ်အစဉ်စသည်တို့ကို တိကျရှင်းလင်းစွာဖွင့်ဆိုပြ ထားသော

**အဘိဓမ္မာသင်တန်းပို့ချချက်များ (တတိယတွဲ)**

**မကြာမီထွက်တော့မည်**

- နှလုံးသားသည် ဟဒယဝတ္ထုလော?၊ ဦးနှောက်သည် ဟဒယဝတ္ထုလော?
- ကမ္ဘာမြေကြီးတွင်ရှိသော **Space** ကို အကုန်ထုတ်လိုက်လျှင် ကမ္ဘာမြေကြီးသည် ဂေါက်သီးလုံး လောက်ဖြစ်သွားမည် အယူအဆဖြစ်နိုင်ချေရှိမရှိ အစရှိသော ပြဿနာများ ဖြေရှင်းပို့ချထားသော

**အဘိဓမ္မာသင်တန်းပို့ချချက်များ (စတုတ္ထတွဲ)**

**တတိယတွဲထွက်ပြီး မကြာမီထွက်ပါမည်**

- မိမိဉာဏ်မပိုင်၍ မကြံနိုင်သော လောကအကြောင်းအရာကိုမကြံလေနှင့်၊ ကြံဖန်များလျှင် အသိဉာဏ် အမှန်မရပါက ရူးသွပ်တတ်သည်ဟု ဘုရားဟောရှိကြောင်း။
- သမထအားမထုတ်ဘဲ ဝိပဿနာအားထုတ်၍ မရဆိုသော လူအချို့၏ အယူအဆမှန် မမှန်
- အဘိဓမ္မာနားလည်ရသည့် အကျိုး တန်ဖိုးမဖြတ်နိုင်စသော ဟောပြောပို့ချချက်များ ပါဝင်သည့်

**အဘိဓမ္မာသင်တန်းပို့ချချက်များ (ပဉ္စမတွဲ)**

**အရှင်သီလာနန္ဒာဘိဝံသ (D.Litt)**

**အစဉ်အတိုင်း သပ်ရပ်ခန့်ညားစွာ ထွက်လာပါတော့မည်**

Printed for free distribution by
**The Corporate Body of the Buddha Educational Foundation**
11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.
Tel: 886-2-23951198 , Fax: 886-2-23913415
Email: overseas@budaedu.org
Website:http://www.budaedu.org
**This book is strictly for free distribution, it is not for sale.**
ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

# အဘိဓမ္မာသင်တန်းပို့ချချက်များ
(ဒုတိယတွဲ)

## မာတိကာ


**အဘိဓမ္မာသင်တန်း (၁၅)**
စိတ်ပိုင်းပြန်လည်သုံးသပ်ခြင်း
မိဿကနည်း, သမ္ပယောဂနည်းနှင့် သင်္ဂဟနည်းရောသောနည်း ၂
**အဘိဓမ္မာသင်တန်း (၁၆)**
ပကိဏ်းပိုင်း, ဝေဒနာ, ဟေတု,ကိစ္စ သင်္ဂဟ ၂၉
**အဘိဓမ္မာသင်တန်း (၁၇)**
ပကိဏ်းပိုင်း, ကိစ္စသင်္ဂဟအဆက် ၅၃
**အဘိဓမ္မာသင်တန်း (၁၈)**
ပကိဏ်းပိုင်း, ဒွါရသင်္ဂဟ ၇၈
**အဘိဓမ္မာသင်တန်း (၁၉)**
ပကိဏ်းပိုင်း, အာရမ္မဏသင်္ဂဟအစ ၁၀၁
**အဘိဓမ္မာသင်တန်း (၂၀)**
ပကိဏ်းပိုင်း, အာရမ္မဏသင်္ဂဟအဆက် ၁၂၂
**အဘိဓမ္မာသင်တန်း (၂၁)**
ပကိဏ်းပိုင်း, ဝတ္ထုသင်္ဂဟ ၁၄၆
**အဘိဓမ္မာသင်တန်း (၂၂)**
ဝီထိပိုင်း, ပဉ္စဒွါရဝီထိ ၁၆၉
**အဘိဓမ္မာသင်တန်း (၂၃)**
ဝီထိပိုင်း, အတိပရိတ္တာရုံဝီထိ, ကာမဇောဝါရဝီထိ, ဈာနဝီထိ ၁၉၂
**အဘိဓမ္မာသင်တန်း (၂၄)**
ကမာဇောနောင်အပ္ပနာဇောမဂ္ဂဝီထိ
တဒါရုံကိုသတ်မှတ်ခြင်း ၂၁၉
**အဘိဓမ္မာသင်တန်း (၂၅)**
ဝီထိပိုင်း, ဇောသတ်မှတ်ခြင်း, ပုဂ္ဂိုလ်စိတ်ရ ၂၄၃
**အဘိဓမ္မာသင်တန်း (၂၆)**
ဝီထိပိုင်း, အန္တရာယ် ၅ ပါးဘုံစိတ်ရ ၂၆၇

# နိဒါန်း

ဤအဘိဓမ္မာသင်တန်း ပို့ချချက်များကို အမေရိကန်နိုင်ငံရောက် မြန်မာအမျိုးသားအမျိုးသမီးများအတွက် ပို့ချခဲ့ပါသည်၊ မြန်မာနိုင်ငံ၌ ထုတ်ဝေရန် ရည်ရွယ်ချက် မရှိခဲ့ပါ၊ အကြောင်းကား မြန်မာနိုင်ငံ၌ မိမိထက် အဘိဓမ္မာအရာ၌ ကျွမ်းကျင်သောဆရာတော်များ ရှိနေ၍တစ်ကြောင်း, မြန်မာလို ရေးသားထားသော အဘိဓမ္မာစာအုပ်များ များစွာရှိနေ၍ တစ်ကြောင်း ဖြစ်ပါသည်။

တစ်ပတ်တစ်ခါ, တစ်ခါလျှင် တစ်နာရီပို့ချခဲ့ပါသည်၊ အားလုံးပေါင်း ၅၆ ကြိမ်, တိတ်ခွေ ၅၆ ခွေစာ ပို့ချခဲ့ပါသည်၊ နဂိုက မြန်မာနိုင်ငံ၌ထုတ်ဝေရန် ရည်ရွယ်ချက် မရှိသော်လည်း တစ်နေ့သ၌ Fremont မြို့ မေတ္တာနန္ဒဝိဟာရ ကျောင်းတိုက် ဆရာတော်ဦးဓမ္မပိယနှင့် စကားစပ်မိရာ သူက မြန်မာနိုင်ငံ၌ ထုတ်ဝေလိုကြောင်း, မြန်မာအမျိုးသား အမျိုးသမီးများအဖို့လည်း ကျေးဇူးများနိုင် ကြောင်းနှင့် မိမိတို့အနေနှင့်လည်း နည်းယူစရာရနိုင်မည်ဖြစ်ကြောင်းများကို ပြောသဖြင့် မြန်မာပြည်၌ထုတ်ဝေရန် သဘောတူခဲ့ပါသည်၊ တစ်ဖန်တုံ ဤသို့ စာအုပ်ရိုက်မည့်အကြောင်းကို ရွှေစန္ဒာထွန်းစာပေမှသိရှိသွား၍ သူတို့ကပင် တာဝန်ယူရိုက်၍ ဖြန့်ချိရန် တောင်းပန်သဖြင့် ဤစာအုပ်မှာ ပို၍ လျှင်မြန်စွာ ထွက်ပေါ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤသင်တန်းမှာ အမေရိကန်ပြည်ရောက် မြန်မာများအတွက် ပို့ချခဲ့ခြင်း ဖြစ်၍ ၎င်းတို့မှာ အင်္ဂလိပ်လိုတတ်သူများဖြစ်ကြ၍ အချို့နေရာ၌ အင်္ဂလိပ် စကားလုံးကိုညှပ်၍ သုံးထားသည်တို့ကို တွေ့ရမည်ဖြစ်ပါသည်၊ ထိုသို့သုံးထား ခြင်းမှာ အချို့အရာ၌ အင်္ဂလိပ်လိုပြောခြင်းက သူတို့အဖို့ ပိုမိုလွယ်ကူစွာ နားလည်နိုင်မည်ဖြစ်သောကြောင့်ဖြစ်ပြီး အခြားအကြောင်းတစ်ခုမှာမူ အကျင့်ပါနေ သောကြောင့်ဟု ဆိုရပါမည်၊ ထိုအင်္ဂလိပ် အသုံးအနှုန်းများကိုလည်း ပင်ကိုယ် အတိုင်းပင် ထားခဲ့ပါသည်၊ မြန်မာပြန်ဆိုခြင်း မပြုခဲ့ပါ၊ ထို့ပြင် သင်တန်းပို့ချချက်

အားလုံးလိုလိုပင် သူ့အတိုင်းထားခဲ့ပါသည်၊ အချို့ စကားမချောသောနေရာများ တွင်သာ ရွှေစန္ဒာထွန်းစာပေမှ ဆရာမဒေါ်သီရိက ဒိုင်ခံ၍ ပြင်ပေးပါသည်၊ စာတစ်အုပ်လုံးကို ဒိုင်ခံ၍ တည်းဖြတ်ပေးသူကားအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပဋိပတ္တိ မဟာဌာနမှူး၊ ဒေါက်တာဘွဲ့ရ ဦးဥတ္တရဉာဏ ဖြစ်ပါသည်၊ သူက မြန်မာမှုဆိုင်ရာ၌လည်းကောင်း၊ အင်္ဂလိပ်စာဆိုင်ရာအပိုင်း၌ လည်းကောင်း တတ်စွမ်းသလောက် ပြင်ဆင်ပေးပါသည်၊ အင်္ဂလိပ်စာပိုင်းဆိုင်ရာ၌ ဤစာရေးသူလည်း အထူးဂရုစိုက်၍ ပြင်ပေးပါသည်၊ ထိုပြင်ချက်အားလုံးကိုမှ ပုံနှိပ်တိုက်မှပြင်၍ ရိုက်နှိပ်ခဲ့ပါသည်၊ ဤသို့ ကြိုးပမ်းကြပါသော်လည်း အမှား ကတော့ကင်းချင်မှ ကင်းမည်၊ အမှားတွေ့ရှိပါက ဖြန့်ချိသူတို့ထံသို့ စာဖြင့် အကြောင်းကြားပါလျှင် ထိုပြင်ချက်များ မှတ်ထားပြီး နောက်တစ်ကြိမ် ရိုက်သော အခါ ထည့်သွင်းပြင်ဆင်ပါမည်။

လက်ာများကို များသောအားဖြင့် လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထ သံခိပ်နှင့် တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်၏ ဘာသာဋီကာမှ ရယူပါသည်။

ပစ္စည်းပိုင်းလာ အခန်းများကို ဆူးလေအဘိဓမ္မာပြန့်ပွားရေးအသင်းမှ ထုတ်ဝေသောစာအုပ်မှ ရယူပါသည်။

**အရှင်သီလာနန္ဒာဘိဝံသ**

၁၃၆၅ ခု၊ နယုန်လဆန်း ၄ ရက် အင်္ဂါနေ့

(၃-၆-၂၀၀၃)

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနပြုတက္ကသိုလ်

ရန်ကုန်မြို့၊

မြန်မာနိုင်ငံ။

# ကျေးဇူးမှတ်တမ်း

ဤစာအုပ် ထုတ်ဝေနိုင်ရေးအတွက် တိတ်ခွေမှ စာသားအဆင့်သို့ ရောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသော

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် Fremont မြို့ မြန်မာကျောင်း ပဓာန နာယကနှင့်၊ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ထားဝယ်ငါးကျမ်းပြန် သာသနာ့ရိပ်သာဆရာတော် အရှင်ဓမ္မပိယ (M.A Ph.D.) Thesis တပည့်သံဃာတော်များနှင့်

* စာမူအဆင့်တွင် အမှားကင်းစင်အောင် ဝိုင်းဝန်းကြီးကြပ်ဆောင်ရွက်ပေးသော
* ဒေါက်တာအရှင်ဥတ္တရညာဏ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဌာနမှူး, ပဋိပတ္တိမဟာဌာန၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့်
* အဘိဓမ္မာသင်တန်းကို အစမှအဆုံးတိုင် ကြည်ညိုသဒ္ဓါစိတ်ဖြင့် တက်ရောက်ကြသော အမေရိကန်နိုင်ငံရောက် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ ဒါယိကာမတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**သီရိ**

ရွှေစန္ဒာထွန်းစာပေ၏
စီစဉ်သူ

| | |
|---|---|
| ဖဿ | သည် စိတ် ၈၉–နှင့်ယှဉ်၏။ (သမ္ပယောဂနည်း)<br>စိတ် ၈၉–၌ စေတသိက် ၅၂–ယှဉ်၏။ (သင်္ဂဟနည်း)<br>ထို့ကြောင့် ဖဿသည် မိမိကြဉ် စေတသိက် ၅၁–နှင့်ယှဉ်၏။ |
| ဝေဒနာစသည် | ဖဿနည်းတူ။ |
| ဝိတက် | ဖဿနည်းတူ။ |
| ဝိစာရ | ဖဿနည်းတူ။ |
| အဓိမောက္ခ | စေတသိက်–၅၀ (ဝိစိကိစ္ဆာ၊ အဓိမောက္ခကြဉ်) |
| ဝီရိယ | ဖဿနည်းတူ။ |
| ပီတိ | စေတသိက်–၄၆ (ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိ၊ ပီတိကြဉ်) |
| ဆန္ဒ | စေတသိက်–၅၀ (ဝိစိကိစ္ဆာ၊ ဆန္ဒကြဉ်) |
| မောဟ | စေတသိက်–၂၆ (၂၇ မှ မောဟ ကြဉ်) |
| အဟိရိကစသည် | မောဟနည်းတူ။ |
| လောဘ | စေတသိက်–၂၁ (၂၂ မှ လောဘ ကြဉ်) |
| ဒိဋ္ဌိ | စေတသိက်–၂၀ (၂၁ မှ ဒိဋ္ဌိ ကြဉ်) |
| မာန | စေတသိက်–၂၀ (၂၁ မှ မာန ကြဉ်) |
| ဒေါသ | စေတသိက်–၂၁ (၂၂ မှ ဒေါသကြဉ်) |
| ဣဿာ | စေတသိက်–၁၉ (၂၂ မှ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဣဿာ ကြဉ်) |
| မစ္ဆရိယ | စေတသိက်–၁၉ (၂၂ မှ ဣဿာ၊ ကုက္ကုစ္စ၊ မစ္ဆရိယ ကြဉ်) |
| ကုက္ကုစ္စ | စေတသိက်–၁၉ (၂၂ မှ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ကြဉ်) |
| ထိန | စေတသိက်–၂၅ (၂၆ မှ ထိနကြဉ်) |
| မိဒ္ဓ | စေတသိက်–၂၅ (၂၆ မှ မိဒ္ဓ ကြဉ်) |
| ဝိစိကိစ္ဆာ | စေတသိက်–၁၄ (၁၅ မှ ဝိစိကိစ္ဆာကြဉ်) |
| သဒ္ဓါ | စေတသိက်–၃၇ (၃၈ မှ သဒ္ဓါကြဉ်) |
| သတိ စသည် | သဒ္ဓါနည်းတူ။ |
| သမ္မာဝါစာ | စေတသိက်–၃၅ (၃၈ မှ အပ္ပမညာ၊ သမ္မာဝါစာ ကြဉ်) |
| သမ္မာကမ္မန္တ | စေတသိက်–၃၅ (၃၈ မှ အပ္ပမညာ၊ သမ္မာကမ္မန္တ ကြဉ်) |
| သမ္မာအာဇီဝ | စေတသိက်–၃၅ (၃၈ မှ အပ္ပမညာ၊ သမ္မာအာဇီဝ ကြဉ်) |
| ကရုဏာ | စေတသိက်–၃၃ (၃၈ မှ ဝိရတီ၊ မုဒိတာ၊ ကရုဏာ ကြဉ်) |
| မုဒိတာ | စေတသိက်–၃၃ (၃၈ မှ ဝိရတီ၊ ကရုဏာ၊ မုဒိတာ ကြဉ်) |
| ပညိန္ဒြေ | စေတသိက်–၃၇ (၃၈ မှ ပညိန္ဒြေ ကြဉ်) |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အဘိဓမ္မာသင်တန်း (၁၅)

## စိတ်ပိုင်းပြန်လည်သုံးသပ်ခြင်း

## မိဿကနည်း

### (သမ္ပယောဂနည်းနှင့် သင်္ဂဟနည်းရောသောနည်း)

ဒီနေ့ နိုဝင်ဘာ ၁၄ ရက်နေ့, လွန်ခဲ့တဲ့အပတ်တွေက စိတ်ပိုင်းရယ်၊ စေတသိက်ပိုင်းရယ် လေ့လာခဲ့ကြပြီ။

စိတ်ပိုင်းမှာက စိတ်အကျဉ်း–၈၉၊ အကျယ်–၁၂၁ ပါး လေ့လာခဲ့ကြပြီ၊ စေတသိက်ပိုင်းကျတော့ စေတသိက် ၅၂–ပါး၊ နောက် အဲဒီစေတသိက်တွေနဲ့ စိတ်တွေနဲ့ အပြန်အလှန်ယှဉ်တာတွေကို လေ့လာခဲ့ပြီ၊ စေတသိက်ကိုင်ပြီးတော့ စိတ်ဘယ်လောက်မှာ ဖြစ်သလဲဆိုပြီး ရှာတဲ့နည်းကို သမ္ပယောဂနည်းလို့ခေါ်တယ်၊ စိတ်ကိုင်ပြီးတော့ ဒီစိတ်နှင့် စေတသိက် ဘယ်လောက်ယှဉ်သလဲ, ဘယ်နှစ်ခုယှဉ်သလဲ လို့ ရှာတဲ့နည်းကို သင်္ဂဟနည်းလို့ အဲသလိုနည်း ၂–မျိုး အဘိဓမ္မတ္ထသင်္ဂဟလို့ခေါ်တဲ့ သင်္ဂြိုဟ်ကျမ်းမှာ ပြထားတယ်။

အဲဒီနည်း ၂–မျိုးကို အမှီပြုပြီးတော့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက အဲဒီနည်း ၂–ခု ရောတဲ့နည်း, မိဿကနည်းဆိုပြီးတော့ ထွင်ထားသေးတာ၊ အမှန်

ကတော့ နာမည်က ရှည်သေးတယ်၊ များနေမှာစိုးလို့ မိဿကနည်းလို့ပဲ လျှော့လိုက်တယ်၊ ဆရာတော်ကြီးပေးတဲ့နာမည်ကတော့ ဒုဓာယ မိဿကနည်းတဲ့။

မိဿကဆိုတာ အင်္ဂလိပ်လိုပြောရင် (mix) ရောနေတဲ့နည်းတဲ့၊ ၂–နည်း ရောတဲ့ နည်းကို ဒီနေ့ နည်းနည်းဖြစ်ဖြစ် လေ့လာရမယ်ပေါ့လေ။

အဲဒီတော့ ၂–နည်းရောတယ်ဆိုတာ ဘာလဲလို့ဆိုရင် သမ္ပယောဂနည်းက စေတသိက်ကနေပြီးတော့ စိတ်ကိုရှာတယ်၊ သင်္ဂဟနည်းက စိတ်ကနေ စေတသိက်ကို ရှာတယ်၊ ဟောဒီမိဿကနည်းက စေတသိက်က စေတသိက်ကိုရှာမယ်၊ စေတသိက်က စေတသိက်ကို ရှာတဲ့အခါကျတော့ နည်း ၂–ခုစလုံး မွှေနှောက်ရှာရတယ်၊ ဒါကြောင့်မို့ ဒီနည်းကို မိဿကနည်းလို့ခေါ်တယ်၊ ဒါက စိတ်ယှဉ်, စေတသိက်ယှဉ်ကို ပိုပြီးတော့ကျေအောင် ဆရာတော် ဘုရားကြီးတွေ ထွင်ထား တဲ့နည်းပဲ၊ အဲဒီတော့ ဒီစေတသိက်ဟာ ဘယ်စေတသိက်တွေနဲ့ ယှဉ်နိုင်သလဲ၊ အဲသလို ရှာရမယ်။

ရှာရမယ်ဆိုတော့ ပထမဆုံးစေတသိက်ကို ရှာရမယ်ဆိုရင် သိပ်လွယ်တယ်၊ ပထမဆုံး စေတသိက်က စိတ်အားလုံးနှင့် ယှဉ်တယ်၊ ဖဿ စေတသိက်ဟာ စိတ်အားလုံးနှင့်ယှဉ်တယ်၊ ဖဿသည် စိတ်အားလုံးနှင့်ယှဉ်တယ်ဆိုတော့ ဒါက သမ္ပယောဂနည်း။

တစ်ခါ အဲဒီစိတ်အားလုံးမှာ စေတသိက် ဘယ်လောက်ယှဉ်မှာတုန်းဆိုရင် စေတသိက်က အကုန်ယှဉ်မှာပေါ့၊ ဒါဖြင့် ဖဿဟာ စေတသိက်ဘယ်လောက်နှင့် ယှဉ်သလဲမေးရင် ဖဿသည် စေတသိက်အားလုံးနှင့်ယှဉ်တယ်။

အားလုံးဆိုတဲ့ အထဲမှာ မိမိမပါနိုင်ဘူးပေါ့၊ မိမိသည် မိမိနှင့်ယှဉ်တယ်၊ ဖဿသည် ဖဿနှင့်ယှဉ်တယ် မဆိုနိုင်ဘူး၊ ဒါကြောင့်မို့ စေတသိက် ၅၂–ထဲက ဖဿထုတ်လိုက်, စေတသိက်–၅၁ ကျန်တယ်၊ ဒါဖြင့်ရင် ဖဿစေတသိက်သည် စေတသိက်ဘယ်လောက်နဲ့ယှဉ်သလဲ မေးရင် ဖဿမှတပါး ဖဿကြဉ်တဲ့ စေတသိက် ၅၁–ပါးနှင့် ယှဉ်တယ်။

အဲသလို ၅၁–ပါးရအောင် ဘယ်လိုရှာယူသလဲ, ပထမ ဖဿနှင့် ယှဉ်တဲ့စိတ် ရှာပြီးတော့မှ တစ်ခါ အဲဒီစိတ်တွေနဲ့ယှဉ်တဲ့ စေတသိက်ရှာပြီးတော့မှ အဲဒီစေတသိက်တွေထဲက ဖဿကိုနုတ်၊ ဒီနည်းကတော့ ဒါပါပဲ၊ ဝေဒနာ, သညာ, စေတနာ စသည် အတူတူပဲပေါ့, သူက အားလုံးနှင့်ယှဉ်တာကိုး။

ဝိတက်ကကော, ဝိတက်ကအမှန်ကတော့ အတူဟုတ်သွားတယ်၊ ဝိတက်နှင့် ယှဉ်တဲ့ စိတ်က ၅၅–ပါးတောင်ရှိတာကို, အဲဒီစိတ် ၅၅–မှာ ယှဉ်တဲ့စေတသိက်

ရှာလိုက်ရင် စေတသိက် အကုန်ပဲပြန်ရမယ်၊ ဒါကြောင့်မို့ မထူးတော့ဘူးတဲ့။

အဲဒါကြောင့်မို့ ဝိတက်နှင့်ယှဉ်တဲ့ စေတသိက်ဆိုရင်လည်း ဝိတက်ကြဉ်တဲ့ ဝိတက်မှတစ်ပါး စေတသိက် ၅၁–ပါး, ဝိစာရလည်း အတူတူပဲ။

အဓိမောက္ခကျတော့ ဘယ်လောက်လဲ, စေတသိက် ၅၀–နှင့်ပဲယှဉ်တော့တယ်၊ အဓိမောက္ခမယှဉ်တဲ့စိတ်က ဘာရှိလဲ၊ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၊ အဲဒီ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်နှင့်ယှဉ်တဲ့စေတသိက်က ၁၅–ရှိတယ်၊ အဲဒီ ၁၅–ထဲမှာ ဝိစိကိစ္ဆာပါတယ် ဟုတ်လား၊ ဒါကြောင့်မို့ အဲဒီဝိစိကိစ္ဆာကြဉ်ရတယ်။

အဓိမောက္ခကတော့ အဓိမောက္ခမို့ကြဉ်လိုက်တော့ ဝိစိကိစ္ဆာ အဓိမောက္ခ ကြဉ်တဲ့ စေတသိက် ၅၀–နှင့် ယှဉ်တယ်။

ဝီရိယ, ဝီရိယကတော့ ယှဉ်တဲ့စိတ်များတော့ ဖဿလိုပဲသွားမယ်။

ပီတိကြည့်လိုက်စမ်း, ပီတိယှဉ်တဲ့ စေတသိက် ဘယ်လောက်ရှိတုန်း၊ ၄၆ ပဲရှိတယ်၊ ပီတိက ဒေါမနဿမှာ မယှဉ်ဘူး၊ ဥပေက္ခာမှာ မယှဉ်ဘူး၊ အထူးသဖြင့် ဒေါမနဿနှင့် မယှဉ်တော့ ဒေါမနဿနှင့်သာ ယှဉ်တဲ့စေတသိက် ၄–ခု အလိုလို ထွက်မသွားပေဘူးလား၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဒီ ၄–ခု နုတ်လိုက် ၅၂–ထဲက ၄–ခု နုတ်လိုက်ရင် ၄၈။

ပီတိကလည်း သူ့မို့ကြဉ်ရမယ်၊ ဝိစိကိစ္ဆာကလည်းကြဉ်ရမယ်၊ ဝိစိကိစ္ဆာက ဥပေက္ခာသဟဂုတ်၊ ဝိစိကိစ္ဆာ စိတ်မှာသာယှဉ်တာ၊ ဒါကြောင့်မို့ သူ့ကြဉ်လိုက်တော့ အားလုံးပေါင်း ၆–ခု နုတ်လိုက်တော့ စေတသိက် ၄၆–ကျန်တယ်၊ အဲဒီလို သွားမယ်ပေါ့။

ဆန္ဒကျတော့ ဘယ်လောက်လဲ, ၅၀–တဲ့၊ ဆန္ဒက ဝိစိကိစ္ဆာ, ဆန္ဒကြဉ်တယ်၊ ပြီးတော့ ဆန္ဒက မောဟမူဒွေးမှာ မယှဉ်ဘူး။

မောဟတဲ့, မောဟဆိုတာ အကုသိုလ်စေတသိက် ဖြစ်သွားပြီ၊ အကုသိုလ် စေတသိက်ဟာ အကုသိုလ်စိတ်မှာသာ ယှဉ်မှာဖြစ်တော့ သောဘနစေတသိက်တွေနဲ့ ပတ်သက်ပြီး ကြည့်စရာ မလိုဘူး၊ အဲဒီတော့–

– အညသမာန်း ၁၃–ရယ်

– အကုသိုလ် ၁၄–ရယ်, ပေါင်းလိုက်ရင်–၂၇

ဒီ ၂၇–ထဲမှာပဲကြည့်ရမယ်၊ ဒီတော့ မောဟဟာ အကုသိုလ်စိတ် ၁၂ ပါးလုံးနှင့် ယှဉ်တယ်၊ အကုသိုလ်စိတ် ၁၂–ပါးလုံးမှာ စေတသိက် ဘယ်လောက် ယှဉ်သလဲဆိုရင် ၂၇–ပေါ့၊ အဲဒီ ၂၇–ထဲက မောဟပြန်နုတ်လိုက်–၂၆၊ ဒီနည်း

ချည်းပဲ သွားမယ်။

အဲဒီတော့ သမ္မဟောဂနည်းနဲ့ ပထမကြည့်၊ နောက် သင်္ဂဟနည်းနှင့်ကြည့်ရတဲ့ စေတသိက်ထဲကမှ မိမိစေတသိက်ကို နုတ်ကြည့်လိုက်တဲ့အခါကျတော့ စိတ်တစ်ခု စီ တစ်ခုစီ မဟုတ်ပဲနဲ့ စိတ်အပေါင်းကိုကြည့်ရတော့ နည်းနည်းပိုခက်တာပေါ့။

ဆိုပါတော့, လောဘမူစိတ် ၈–ခုလုံးနှင့် ယှဉ်တဲ့စေတသိက် ၁၉, ၂၁, ၁၉,၂၁ ထဲကဘာတွေထည့်ရမယ်, ဘာတွေနုတ်ရမယ် စသည်ပေါ့ အဲသလိုသွားရမယ်၊ ဒီနည်းကို မိဿကနည်းလို့ခေါ်တယ်၊ ဟိုနည်း ၂–နည်းကျေပြီးတဲ့နောက် ထပ်ပြီးတော့ ကျေအောင်ဆိုပြီးတော့ ဒီနည်းကို ဆရာတော်ဘုရားကြီးထွင်ထားတာ။

စာသင်သားငယ်အနေနဲ့ ကိုရင်လေးတွေ ဦးဇင်းလေးတွေ အနေနဲ့ကတော့ ဒါလုပ်ကို လုပ်ရတာ။

အခုလို ကြည့်လုပ်ရတာ မဟုတ်ဘူး၊ ညကြီး အမှောင်ထဲမှာ ကျေနေအောင် လုပ်ရတာ၊ ကွန်ပျူတာမပေါ်ခင်က အလွတ်ပေါ့၊ နေ့လည်ကတော့ ကိုယ့်ဘာသာကိုယ် ကြည့်ပြုထားပေါ့၊ ည သရုပ်ခွဲတယ်ဆိုတာကျတော့ ဆရာ့ဆီလည်း ခွဲတာရှိတယ်၊ အချင်းချင်းလည်းခွဲရတာရှိတယ်၊ အချင်းချင်းကျတော့လည်း ပိုပြီးတော့ လွတ်လပ်တာ ပေါ့လေ၊ ဆရာကို မကြောက်ရတာပေါ့၊ အဲသလိုပဲလုပ်ရတာ၊ ဒါဟာ စေတသိက်ပိုင်း အဆုံးပဲလို့ ဆိုကြစို့ရဲ့။

အဲဒီတော့ ရှေ့မသွားခင် ရှေ့ဆိုတာက တတိယပိုင်းကိုမသွားခင် နောက် ပြန်ပြီးတော့ လှည့်ဦးမှဖြစ်မယ်၊ ဘာကြောင့်လဲဆိုရင် အထူးသဖြင့် စိတ်ပိုင်းမကျေရင် ရှေ့လာမယ့် ပကိဏ်းပိုင်းလို့ခေါ်တဲ့ အပိုင်းကျတော့ ဒီလိုပဲ ချာလည် ချာလည်နဲ့ နေလိမ့်မယ်နော်, ဟိုက စိတ်တွေကိုပဲ ပြောသွားလိမ့်မယ်။

ဆိုပါတော့, သုခဝေဒနာက ဘယ်စိတ်နှင့်ယှဉ်တယ်, သောမနဿ ဝေဒနာက ဘယ်စိတ်နှင့် ယှဉ်တယ်ဆိုရင် စိတ်ပိုင်းပြန်ပြန်ရောက်ရမှာ။

လောဘဟိတ်က ဘယ်စိတ်နှင့်ယှဉ်တယ်၊ ဒေါသဟိတ်က ဘယ်စိတ်နှင့် ယှဉ်တယ်၊ ဟိတ် ၁–ပါးနှင့် ယှဉ်တဲ့စိတ်, ဟိတ် ၂–ပါးနှင့် ယှဉ်တဲ့စိတ်ဆိုရင်လည်း စိတ်ပြန်သွားရမယ်။

ကိစ္စဆိုတာတွေရှိတယ် (function) ဒီစိတ်က ဒီကိစ္စလုပ်တယ်၊ ဟိုစိတ်က ဟိုကိစ္စလုပ်တယ်၊ အဲဒီကိစ္စတွေနဲ့ စိတ်တွေနဲ့ တွဲရမှာဆိုတော့လဲ စိတ်ပြန်သွားရမယ်၊ ဒါကြောင့်မို့ စိတ်ပိုင်းမကျေရင်မဖြစ်ဘူး၊ စိတ်ပိုင်းကျေအောင် ထပ်ပြီးတော့လုပ်ကြ ရအောင်။

စိတ်ပိုင်းကျေအောင် ထပ်လုပ်တော့ အခု အစက်ကလေးတွေကိုပဲ ကြည့်ရမယ်၊ အစက်ကလေးတွေကို ကာလာတော့ ထည့်ထားကြ၊ အဲဒီတော့ ဒီဟာကို မျက်စိနဲ့ မြင်ကိုနေရမယ်၊ မျက်စိမှိတ်လိုက်ရင် ဒါကို မြင်ကို မြင်လာရမယ်၊ အဲဒီလိုမြင်နေမှ ကျေမှာ, အဲဒီလို မဟုတ်ရင် မကျေဘူး၊ ဒီတော့ ဒါကျေအောင် ပြန်ပြီးတော့ လုပ်ရမယ်၊ မကျေလို့ မဖြစ်ဘူး။

အဲဒီတော့ ဦးဇင်းတို့ သတ်မှတ်ထားတာက သောမနဿကို အနီခြယ်တယ်၊ ဥပေက္ခာကို အပြာခြယ်တယ်၊ ဒေါမနဿကို အစိမ်းခြယ်တယ်။

အဲဒီတော့ အခု စိတ်ပိုင်းပြန်ချေမလို့၊ ရှေ့ပကိဏ်းပိုင်း မသွားသေးပဲနဲ့ စိတ်ပိုင်းကို ပြန်ကျေအောင် လုပ်ရမယ်၊ စေတသိက်ပိုင်းရောပေ့၊ ဘာပြုလို့လဲ ဆိုတော့ ဒါမကျေရင် ရှေ့သွားရတာ မကောင်းဘူး ဖြစ်လိမ့်မယ်၊ မြေပုံမကျေပဲနဲ့ မြို့ထဲခရီးသွားသလို ဖြစ်လိမ့်မယ်၊ ဘယ်ရောက်လို့ ရောက်မှန်းမသိဘူး။

အဲဒီတော့ စိတ်အားလုံး ဘယ်လောက်ရှိလဲ ၁၂၁–ပါးရှိတယ်၊ အကျဉ်းအားဖြင့် ဆိုရင်တော့ ၈၉–ပါး (သို့မဟုတ်) တစ်ခုယုတ် ၉၀–လို့ ခေါ်တယ်။

အဲဒီထဲမှာတဲ့ ပထမဆုံးအတန်းကို ကြည့်လိုက်ပါ၊ ပထမဆုံး ဒေါင်လိုက် အတန်းနော်၊ အဲဒီ ပထမဆုံး ဒေါင်လိုက် အတန်းမှာ အစက် ၁၂–ခုရှိတယ်၊ အဲဒီ တစ်တန်းလုံးကို အကုသိုလ်လို့ခေါ်တယ်၊ မကောင်းတာလုပ်တာမှန်သမျှ ဒီစိတ်တွေ ထဲက တစ်ခုခုနှင့် လုပ်တာတွေချည်းပဲ။

လိုချင်တယ်, စိတ်ဆိုးတယ်, တွေဝေတယ်, အိပ်ချင်တယ်, အကုန်လုံးဟာ ဒီစိတ်တွေနဲ့ချည်းဖြစ်တာပဲ။

ကောင်းပြီ, ဒီစိတ် ၁၂–ခုထဲမှာ အနီဘယ်နှစ်ခုပါသလဲ၊ ၄ –ခုပါတယ်၊ အပြာကတော့ ၆–ခုပါတယ်၊ အစိမ်းကတော့ ၂ ခုပါတယ်၊ အဲဒီတော့ ပထမ အနီ ၄–ခုနဲ့ ပထမ အပြာ ၄–ခု အားလုံးပေါင်း ဘယ်လောက်လဲ, ၈–ခု၊ အဲဒီ၈–ခု ကို လောဘမူလ သို့မဟုတ် လောဘမူစိတ်လို့ ခေါ်တယ်။

လောဘမူစိတ်ဆိုတာ လောဘနှင့် ယှဉ်ပြီးတော့ ဖြစ်တယ်လို့ ဆိုလိုတယ်၊ လောဘတည်းဟူသော မူလရှိတယ်၊ ဒါ ဘုန်းကြီးစကားနှင့်ပြောတာ၊ မြန်မာလို ရိုးရိုးပြောရင် လောဘနှင့် ယှဉ်တဲ့စိတ်, လောဘနှင့် တွဲဖြစ်တဲ့စိတ်, လောဘဆိုတာ စေတသိက်ထဲပါတယ်၊ အဲဒါကြောင့်မို့လို့ လောဘမူစိတ် ၈–ပါး ရှိတယ်တဲ့။

၈–ပါးမှာ ပထမ ၄–ပါးက သောမနဿဝေဒနာနှင့်အတူဖြစ်တယ်၊ နောက် ၄–ပါးက ဥပေက္ခာဝေဒနာနှင့်အတူဖြစ်တယ်၊ သောမနဿဝေဒနာဆိုတာ ပျော်တာ

ရှင်တာဝမ်းသာတာ၊ ဥပေက္ခာဆိုတာက ဝမ်းသာတာလည်းမဟုတ်ဘူး၊ ဝမ်းနည်းတာလည်း မဟုတ်ဘူး,အလယ်အလတ်ပေါ့၊ အဲဒါကို ဥပေက္ခာလို့ခေါ်တဲ့ neutral feeling။

အဲဒီ သောမနဿ ၄-ခုမှာ ပဌမ ၂-ခုက မိစ္ဆာဒိဋ္ဌိနှင့်ယှဉ်တယ်နော်, ဒုတိယ ၂-ခုက မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်ဘူး။

မိစ္ဆာဒိဋ္ဌိဆိုတာ မှားသောအယူပေါ့၊ မှားသောအယူဆိုတာ ကံကံ၏အကျိုး မရှိဘူးလို့ ယူတာမျိုး, နောက်ဘဝ မရှိဘူးလို့ ယူတာမျိုး, အဲဒီလို ယူတာမျိုးကို မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်၊ ဒါနရဲ့အကျိုးမရှိဘူးစသည်ပေါ့လေ။

အဲဒီ မိစ္ဆာဒိဋ္ဌိနှင့် တွဲဖြစ်တဲ့စိတ်ကို ဒိဋ္ဌိဂတသမ္ပယုတ် ခေါ်တယ်၊ ဒါကြောင့်မို့ ပဌမ ၂-ခုက မိစ္ဆာဒိဋ္ဌိနဲ့ တွဲဖြစ်တယ်၊ ဒုတိယ ၂-ခုက မိစ္ဆာဒိဋ္ဌိနှင့် တွဲပြီးတော့ မဖြစ်ဘူး၊ မှားတဲ့အယူမပါပဲနဲ့ လောဘနဲ့ ယှဉ်တာ၊ ပဌမ ၂-ခုက မှားတဲ့အယူနဲ့ တွဲပြီးတော့ လောဘနှင့်ယှဉ်တာ။

ဒါကြောင့်မို့ ပါဠိလို ခေါ်လိုက်ရင် ပဌမ ၂-ခုကို ဒိဋ္ဌိဂတသမ္ပယုတ်၊ ဒုတိယ ၂-ခုကို ဒိဋ္ဌိဂတ ဝိပ္ပယုတ်။

တစ်ခါ ဒိဋ္ဌိဂတသမ္ပယုတ် ၂-ခုထဲမှာ ပဌမစိတ်က မတိုက်တွန်းပဲနဲ့ဖြစ်လာတဲ့ စိတ်မျိုး, ဘယ်သူကမှ တိုက်တွန်းရတာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုလည်း တိုက်တွန်းရတာ မဟုတ်ပဲနဲ့ (spontaneously) ထပြီးဖြစ်တဲ့စိတ်မျိုးကို တိုက်တွန်းမှုမရှိတဲ့စိတ်, ပါဠိလို အသင်္ခါရိကစိတ်, ပဌမစိတ်က အသင်္ခါရိက။

ဒုတိယစိတ်က သသင်္ခါရိက, တိုက်တွန်းခြင်းနှင့် တကွဖြစ်တဲ့ တိုက်တွန်းလို့ ဖြစ်တဲ့ သူများက တိုက်တွန်းသည်ဖြစ်စေ, ကိုယ့်ကိုယ်ကို တိုက်တွန်းသည်ဖြစ်စေ တိုက်တွန်းလို့ ဖြစ်လာတဲ့ စိတ်မျိုး။

ဒါကြောင့်မို့ ပဌမစိတ် ၂-ခုကို ကြည့်လိုက်ရင် အားလုံးပေါင်းလိုက်စမ်း၊ ဝေဒနာက စပြောလိုက်စမ်း, ပဌမစိတ်က သောမနဿ သဟဂတ ဒိဋ္ဌိဂတသမ္ပယုတ္တ အသင်္ခါရိက။

ဒုတိယစိတ်ကတော့ သောမနဿသဟဂတ ဒိဋ္ဌိဂတသမ္ပယုတ္တ သသင်္ခါရိက စိတ်။

တတိယစိတ်ကျတော့ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တ ဒိဋ္ဌိမယှဉ်တာ, သောမနဿသဟဂတ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တ အသင်္ခါရိကစိတ်။

စတုတ္ထစိတ်, သောမနဿ သဟဂတ ဒိဋ္ဌိဂတဝိပ္ပယုတ္တ သသင်္ခါရိကစိတ်၊

အဲဒီတော့ မှားတဲ့အယူပါတာ, မှားတဲ့အယူမပါတာ, ဝမ်းမြောက်မှုနှင့်ယှဉ်တာ, ပြီးတော့ တိုက်တွန်းမှုရှိတာ, မရှိတာ, ဒီ ၄–ခု နားလည်ရင် နောက် ၄–ခုလည်း နားလည်တော့တာပေါ့။

နောက် ၄–ခုက ဥပေက္ခာနှင့်ယှဉ်တာ၊ ဥပေက္ခာဆိုတာ ဝမ်းသာတာလည်း မဟုတ်ဘူး၊ ဝမ်းနည်းတာလည်းမဟုတ်ဘူး၊ အလယ်အလတ်ဖြစ်တဲ့ဝေဒနာ၊ အဲဒီဝေဒနာ နှင့်ယှဉ်ပြီးတော့လည်း ခုနလိုပဲ မိစ္ဆာဒိဋ္ဌိနဲ့ယှဉ်တာက ၂–ခု, မိစ္ဆာဒိဋ္ဌိနှင့် မယှဉ်တာက ၂–ခု။

အဲဒီ ၂–ခု ၂–ခုမှာလည်းပဲ တစ်ခုတစ်ခုက ဘာလဲ, တိုက်တွန်းမှု မရှိတာ၊ နောက်တစ်ခုက တိုက်တွန်းမှုရှိတာ, ဒါဖြင့်ရင် နံပါတ် ၅–ဆိုကြပါစို့၊ ပထမဆုံး အပြာ၊ ဆိုလိုက်စမ်းပါဦး ဥပေက္ခာသဟဂတ ဒိဋ္ဌိဂတ သမ္ပယုတ္တ အသင်္ခါရိက၊ ဥပေက္ခာသဟဂတ ဒိဋ္ဌိဂတ သမ္ပယုတ္တ သသင်္ခါရိက။

တတိယစိတ်ကျတော့ ဥပေက္ခာသဟဂတ ဒိဋ္ဌိဂတဝိပ္ပယုတ္တ အသင်္ခါရိကစိတ်၊ နောက်စိတ်ကျတော့ ဥပေက္ခာသဟဂတ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တ သသင်္ခါရိကစိတ်၊ ဒီ ၈–ခုကို လောဘမူလစိတ်။

မိမိလိုချင်တဲ့ အခါမျိုး, တွယ်တာတဲ့အခါမျိုး, တပ်မက်တဲ့ အခါမျိုးမှာ ဒီစိတ် ၈–ခုထဲက တစ်ခုခု ဖြစ်တယ်ပေါ့၊ မိမိသန္တာန်မှာ ပစ္စည်းလေးတစ်ခုတွေ့တယ်၊ လှလိုက်တာ လိုချင်လာတယ်၊ ဒီလောဘစိတ် ၈–ခုထဲက တစ်ခုခုဖြစ်ပြီ။

ပုဂ္ဂိုလ်တစ်ယောက်ကို ကိုယ်ကခင်တွယ်လာတယ်, ချစ်လာတယ်, ကြိုက်လာတယ်, စသည်ပေါ့နော်၊ ဒါဆိုရင်လည်းပဲ ဒီထဲက တစ်ခုခုဖြစ်ပြီပေါ့။

ဗုဒ္ဓဘာသာဝင်တွေမှာတော့ များသောအားဖြင့် ဒိဋ္ဌိဂတ သမ္ပယုတ်ဆိုတာ အဖြစ်နည်းပါလိမ့်မယ်နော်၊ ဘာကြောင့်တုန်းဆိုတော့ ကံကံ၏အကျိုး မရှိဘူးလို့ ယူတဲ့ ဗုဒ္ဓဘာသာဆိုတာ မရှိဘူး၊ သို့သော် ဘာတော့ဖြစ်နိုင်သလဲဆိုရင် မြဲတယ်တို့ ဘာတို့တော့ ယူမိတတ်တယ်၊ ဒါကြောင့် အဲဒီ ၈–ခုကို လောဘမူလ စိတ်လို့ခေါ်တယ်။

အဲဒီ ၈–ခု ပြီးတော့ နောက် ၂–ခုက အစိမ်းရောင် ခြယ်ထားတယ်၊ ဒါက ဒေါသမူလစိတ်, စိတ်ဆိုးရင်, စိတ်ညစ်ရင်, ငိုကြွေးရင်, ဝမ်းနည်းရင် ကြောက်ရင် ဒီစိတ် ၂–ခု တစ်ခုခုပဲ။

**မေး** – ထမင်းဆာရင်ကောဘုရား။

**ဖြေ** – ထမင်းဆာရင် စိတ် ၈–ခုထဲကတစ်ခုခုပဲ, လောဘထဲကပဲ, စားချင်လာတာကိုး၊ ထမင်းဆာပြီး စိတ်တိုလာရင်တော့ ဒေါသဖြစ်သွားမယ်၊ ပထမ လောဘ

ဖြစ်မယ်၊ လောဘကနေ ဒေါသဖြစ်သွားမယ်၊ ထမင်းဆာရင် စိတ်တိုတယ် မဟုတ်ဘူးလား၊ ဒါဟာ ထုံးစံပဲ။

ဒါကြောင့်မို့ အစိမ်း ၂–ခုက ဒေါမနဿ သဟဂုတ, ဒေါမနဿသဟဂုတ ကျတော့ ပဋိဃသမ္ပယုတ်လို့ပြောတယ်၊ ပထမဟာလည်း ပဋိဃသမ္ပယုတ်ပဲ၊ ဒုတိယဟာလည်း ပဋိဃသမ္ပယုတ်ပဲ၊ ဒေါမနဿဖြစ်ရင် ပဋိဃလည်း အတူတူ ပါတော့တာ ပဲတဲ့နော်၊ ဒေါမနဿဆိုတာဝေဒနာ, ပဋိဃဆိုတာ ဒေါသစေတသိက်, မတူဘူး၊ ဒေါမနဿက ခံစားမှု, ဒေါသကတော့ ပြစ်မှားမှု, အဲသလိုသဘော ၂–မျိုး ကွဲတယ်။

သို့သော် သူတို့က အမြဲတမ်းအတူဖြစ်တယ်၊ ဒါကြောင့်မို့ ဒေါမနဿသဟဂုတ ပဋိဃသမ္ပယုတ္တ, ပထမစိတ်က အသင်္ခါရိက၊ လူတွေ အသင်္ခါရိကက များလိမ့်မယ် ထင်တယ်၊ ဘယ်သူကမှ မတိုက်တွန်းရဘူး, ဒေါသဆို ထောင်းကနဲထသွားတာ။

ဒုတိယစိတ်ကကော သသင်္ခါရိကတဲ့၊ ဒါဖြင့်ရင် ဒေါသမူစိတ်ကတော့ ၂– ပါးထဲရှိတယ် တော်ပါသေးရဲ့, ဒေါသမူစိတ်များ အများကြီးရှိရင်တော့ ကမ္ဘာကြီး ဒီထက် ဒုက္ခများလိမ့်မယ်၊ ဒေါသမူစိတ် ၂–ခုထဲရှိတာတောင် လောကမှာ ဖြစ်နေကြတာ ဟုတ်လား။

နောက် ၂–ခု ကျန်တော့တယ်၊ နောက် ၂–ခုက မောဟမူစိတ်လို့ခေါ်တယ်၊ မောဟနှင့်တွဲပြီးတော့ ဖြစ်တယ်ပေါ့၊ ပထမ ၈–ခုက လောဘနှင့် တွဲဖြစ်တယ်၊ ဒုတိယ ၂–ခုက ဒေါသနှင့် တွဲဖြစ်တယ်၊ နောက်ဆုံး ၂–ခုက မောဟနှင့်တွဲဖြစ်တယ်။

မောဟဆိုတာ တွေဝေတာ, အမှန်မသိတာ, အမှားသိတာ, မှားမှားယွင်းယွင်း သိတာလည်းမောဟပဲ, အမှန်အတိုင်း မသိတာလည်း မောဟပဲ၊ အဲဒီမှာ ဝေဒနာက ဘာဝေဒနာနှင့် ယှဉ်လဲဆိုရင် ဥပေက္ခာ ဝေဒနာနှင့်ယှဉ်တယ်တဲ့။

တွေဝေထိုင်းမှိုင်းတယ်ဆိုတော့ ထက်တဲ့ဝေဒနာဖြစ်တဲ့ သောမနဿနှင့်လည်း မယှဉ်နိုင်ဘူး, ဒေါမနဿနှင့်လည်း မယှဉ်နိုင်ဘူး၊ ပထမစိတ်က ဘာနဲ့ ယှဉ်သတဲ့တုံး ဝိစိကိစ္ဆာတဲ့၊ ဝိစိကိစ္ဆာဆိုတာ ယုံမှားတာ၊ ဘုရားတရားသံဃာ သိက္ခာ–၃ ပါး စသည်မှာ ယုံမှားတာ၊ မဆုံးဖြတ်နိုင်ဘူး၊ ဟိုလိုလို ဒီလိုလိုတွေ နေတာမျိုးပေါ့၊ အဲဒီလို ယုံမှားမှု, သံသယဖြစ်မှု, အဲဒါနဲ့အတူတကွ ဖြစ်တဲ့စိတ်ကို မောဟမူပထမစိတ်, ဝိစိကိစ္ဆာသမ္ပယုတ်စိတ်။

ဒုတိယစိတ်ကတော့ ဥဒ္ဓစ္စ သမ္ပယုတ်စိတ်၊ ဥဒ္ဓစ္စဆိုတာက ပျံ့လွင့်တာလို့ ခေါ်တယ်၊ အာရုံနှင့် စိတ်နှင့် ချပ်ချပ်ရပ်ရပ် မနေတာပေါ့လေနော်၊ ဟိုအာရုံလိုလို

ဒီအာရုံလိုလို့နဲ့ နေတာကို ဥဒ္ဓစ္စသမ္ပယုတ်စိတ်လို့ခေါ်တယ်။

ဒါဖြင့် မောဟမူစိတ် ဘယ် နှစ်ပါးရှိသတုန်း ၂–ပါးရှိတယ်၊ ပထမစိတ်က ဥပေက္ခာသဟဂုတ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်၊ နောက်တစ်စိတ်က ဥပေက္ခာသဟဂုတ ဥဒ္ဓစ္စသမ္ပယုတ်စိတ်, ဟုတ်ပြီနော်၊ အားလုံးပေါင်းလိုက်ရင် ၁၂–ပါး။

အဲဒီမှာ အမှန်အတိုင်းပြောမယ်ဆိုရင်တော့ မောဟက ၁၂–ခုလုံးနှင့်ယှဉ်တာ နော်၊ စေတသိက်ပိုင်းတုန်းကတွေ့ခဲ့ပြီ။

အဲဒီတော့ လောဘမူစိတ် ၈–ပါးမှာလည်း မောဟပါတာပဲ၊ ဒေါသမူစိတ် ၂–ပါး မှာလည်း မောဟပါတာပဲ၊ မောဟမူစိတ်မှာလည်း မောဟပါတာပဲ။

ဒါပေမယ်လို့ ဟိုစိတ်တွေကို လောဘမောဟမူစိတ်လို့ မခေါ်ဘူး၊ ဒေါသ မောဟမူစိတ်လို့ မခေါ်တော့ဘူး၊ လောဘမူစိတ်, ဒေါသမူစိတ်လို့ပဲ ခေါ်တော့တယ်။

နောက်ဆုံးစိတ်ကျတော့မှသာ တခြားလောဘနှင့် ဒေါသမပါတော့ဘူး၊ မောဟချည်းသက်သက်ဖြစ်လို့ မောဟမူစိတ်လို့ခေါ်တာ၊ သိထားရမှာတော့ လောဘမူ စိတ်လို့ဆိုတာဟာ လောဘနှင့်သာ တွဲဖြစ်တယ်၊ မောဟမပါဘူးလို့ မမှတ်ရဘူး၊ မောဟလည်းပါတယ်၊ ဒေါသမူစိတ်လည်း ဒီအတိုင်းပဲ မောဟပါတယ်၊ ဘာကြောင့်လဲ ဆိုရင် မောဟသည် အကုသိုလ် ၁၂–ပါးလုံးနှင့်ယှဉ်တဲ့ စေတသိက်ဖြစ်တယ်၊ ဒါက အကုသိုလ်စိတ် ၁၂–ပါး၊ တစ်ခေါက်ဆိုစမ်းပါ။

– သောမနဿ သဟဂုတ ဒိဋ္ဌိဂုတသမ္ပယုတ္တ အသင်္ခါရိကစိတ်
– သောမနဿ သဟဂုတ ဒိဋ္ဌိဂုတသမ္ပယုတ္တ သသင်္ခါရိကစိတ်
– သောမနဿ သဟဂုတ ဒိဋ္ဌိဂုတဝိပ္ပယုတ္တ အသင်္ခါရိက စိတ်
– သောမနဿ သဟဂုတ ဒိဋ္ဌိဂုတဝိပ္ပယုတ္တ သသင်္ခါရိက စိတ်
– ဥပေက္ခာသဟဂုတ ဒိဋ္ဌိဂုတသမ္ပယုတ္တ အသင်္ခါရိကစိတ်
– ဥပေက္ခာသဟဂုတ ဒိဋ္ဌိဂုတသမ္ပယုတ္တ သသင်္ခါရိကစိတ်
– ဥပေက္ခာသဟဂုတ ဒိဋ္ဌိဂုတ ဝိပ္ပယုတ္တ အသင်္ခါရိကစိတ်
– ဥပေက္ခာသဟဂုတ ဒိဋ္ဌိဂုတ ဝိပ္ပယုတ္တ သသင်္ခါရိကစိတ်

လောဘမူစိတ် ၈–ပါးပြီးသွားပြီ။

**ဒေါသမူစိတ် ၂ ပါး**

– ဒေါမနဿ သဟဂုတ ပဋိဃသမ္ပယုတ္တ အသင်္ခါရိကစိတ်
– ဒေါမနဿ သဟဂုတ ပဋိဃသမ္ပယုတ္တ သသင်္ခါရိကစိတ်

**မောဟမူစိတ် ၂ ပါး**

– ဥပေက္ခာ သဟဂုတ ဝိစိကိစ္ဆာ သမ္ပယုတ္တစိတ်

– ဥပေက္ခာသဟဂုတ ဥဒ္ဓစ္စသမ္ပယုတ္တစိတ်

ကောင်းပြီ, ဒါ အကုသိုလ်စိတ် ၁၂–ပါး ပြီးသွားပြီ၊ သောမနဿ ၄–ပါး၊ ဥပေက္ခာ ၆–ပါး၊ ဒေါမနဿ ၂–ပါး ပါတယ်၊ ဒီမှာကြည့်လိုက်ရင် ရှင်းနေတာ။

ကိုင်း, ရှေ့သွားကြစို့၊ နောက် group က ၃–တန်းကို one group, အဲဒီ ၃–တန်းက အဟိတ်စိတ်၊ ဟိတ်နှင့်မယှဉ်တဲ့စိတ်၊ ဟိတ်ဆိုတာဘယ်ဟာ တွေလဲဆိုရင် လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ, အဲဒီ ဟိတ်တွေနဲ့ မယှဉ်တဲ့စိတ်တဲ့။

စေတသိက်ပိုင်းနဲ့ တွဲပြီးတော့ ရှာကြည့်ပါလား၊ ဒီစိတ်တွေနဲ့ယှဉ်တဲ့စေတသိက် တွေထဲမှာ လောဘ, ဒေါသ, မောဟများပါလားလို့၊ မပါတာတွေ့ရလိမ့်မယ်၊ ဒါကြောင့်မို့အဟိတ်စိတ်လို့ခေါ်တာ။

ပထမအတန်းကို အကုသလဝိပါက်၊ ဒုတိယအတန်းကို အဟိတ်ကုသလ ဝိပါက်၊ တတိယတန်းကို အဟိတ်ကြိယာစိတ်လို့ ခေါ်တယ်။

အကုသလဝိပါက်ဆိုတာ အကုသိုလ်ရဲ့အကျိုး ဝိပါက်ဆိုတာ အကျိုးကို ခေါ်တာနော်၊ အကုသလ ဝိပါက်ဆိုတော့အကုသိုလ်ရဲ့ အကျိုး။

ဒီစိတ်တွေဟာ ကိုယ့်သန္တာန်မှာ ဖြစ်ရင်, ဒါ နောက်ဘဝက အကုသိုလ် လုပ်ခဲ့တဲ့အတွက် အကုသိုလ်ရဲ့အကျိုး ဒီမှာလာပြီးတော့ ပေါ်တာ။

ကောင်းပြီ, အဲဒီမှာ ပထမဆုံးစိတ်က ဘာစိတ်တုန်း မြန်မာလိုပြောစမ်း၊ မြင်တဲ့စိတ်, မြင်တဲ့အခါဖြစ်တဲ့စိတ်နော်၊ ပါဠိလိုခေါ်တော့ စက္ခုဝိညာဏစိတ်၊ အဲဒီပါဠိကို မြန်မာဟန်လုပ်တဲ့အတွက် စက္ခုဝိညာဉ်စိတ်ခေါ်တယ်၊ ဝိညာဉ်လို့ မဖတ်နဲ့ ဝိန်ညာဉ်လို့ ဖတ်ရမယ်၊ စက္ခုဝိညာဉ်စိတ်, မြန်မာလို ရှင်းရှင်းနားလည်ဖို့က မြင်သိစိတ်။

ဒုတိယစိတ်က ကြားသိစိတ်, သောတဝိညာဉ်စိတ်။

တတိယက နံသိစိတ်, ဃာန ဝိညာဉ်စိတ်။

စတုတ္ထက စားသိစိတ်။

ပဉ္စမက ထိသိစိတ်။

ကောင်းပြီ, ဘာထူးခြားချက်တွေ့လဲ အစိမ်း (cross) ကလေးဖြစ်နေတယ် ဟုတ်လား၊ အဲဒါ ထူးခြားချက်ပေါ့၊ ဒါက ဘာကို ဆိုလိုတာလဲဆိုတော့ ပထမ

မြင်သိစိတ်က ဘယ်ဝေဒနာနဲ့ ယှဉ်သလဲ, ဥပေက္ခာဝေဒနာ။

– ကြားသိစိတ် ဥပေက္ခာဝေဒနာ။

– နံသိစိတ် ဥပေက္ခာဝေဒနာ။

– စားသိစိတ် ဥပေက္ခာဝေဒနာ။

– ထိသိစိတ်ကျတော့ ဒုက္ခဝေဒနာနှင့် ယှဉ်တယ်၊ ဆင်းရဲတဲ့ဝေဒနာ, မခံသာတဲ့ဝေဒနာ၊ အဲဒါ လက်တွေ့သိချင်ရင် ကိုယ့်ဟာကိုယ် တစ်ခုခုနှင့် ထုကြည့်ပေါ့၊ အပ်ကလေးရှိရင် အပ်ကလေးနဲ့ ထိုးကြည့်လိုက်ပေါ့၊ အဲဒီ ဝေဒနာဟာ ဒုက္ခဝေဒနာ, ခြေကျင်တာလည်း ဒုက္ခဝေဒနာပေါ့၊ အဲဒီတော့ မကောင်းတာဖြစ်တဲ့အခါမှာ ဒီစိတ်ဖြစ်တယ်။

ကိုယ် မမြင်ချင်တာမြင်တဲ့အခါမှာ အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်ဖြစ်တာ, ကိုယ်မကြားချင်တာကြားရတဲ့အခါမှာ အကုသလ ဝိပါက် သောတဝိညာဏ်စိတ်ဖြစ်တာ စသည်ဖြင့် သိရမယ်။

အဲဒါကြောင့်မို့ ကိုယ်မမြင်ချင်တာ မြင်လာပြီ, ကိုယ်မကြားချင်တာ ကြားလာပြီ ကိုယ်မတွေ့ချင်တာတွေ့လာပြီဆိုရင် ဘယ်သူ့မှ အပြစ်မတင်နဲ့၊ ကိုယ့်အကုသိုလ်ကိုယ်ပြန်အပြစ်တင်တဲ့၊ ငါနောက်ဘဝက လုပ်ခဲ့လို့ ငါနောက်ဘဝက အကုသိုလ်အကျိုးကို ငါ ပြန်တွေ့တာ၊ ဟိုလူ့အပြစ်တင်, ဒီလူ့အပြစ်တင်ဖို့ မလိုဘူးဆိုတဲ့ အဓိပ္ပါယ်ရှိတယ်။

ဘယ်သူမပြု မိမိမှုဆိုတဲ့ အတိုင်းပဲ, ကိုယ်ပြုခဲ့တဲ့ အကုသိုလ်ရဲ့အကျိုးကို ကိုယ်ဒီမှာလာပြီးတော့ ခံစားရတာ၊ ဒါကြောင့်မို့ ဒီစိတ်တွေကို ဘာလို့ခေါ်လဲ၊ အကုသလဝိပါက်နော်၊

အဲဒီ ၅–ခု ပြီးတော့ နောက်တစ်ခုက ဘာတဲ့လဲ၊ သမ္ပဋိစ္ဆနစိတ်, မြန်မာလို သမ္ပဋိစ္ဆိုင်းလို့ခေါ်တယ်။

သမ္ပဋိစ္ဆနဆိုတာ လက်ခံတာ၊ အာရုံကိုလက်ခံတာ။

အာရုံကိုလက်ခံတဲ့စိတ်, သမ္ပဋိစ္ဆိုင်းစိတ်၊ အာရုံတစ်ခုကိုတွေ့တယ်, မြင်တယ်, ကြားတယ်, နံတယ် စသည်ဖြင့်ဖြစ်လာရင် အဲဒီအာရုံက ခန္ဓာကိုယ်ဆီ (ဆိုပါတော့) ကိုယ့်ဆီရောက်လာတယ်၊ ကိုယ့်ဆီရောက်လာတဲ့အခါမှာ ကိုယ်က လက်ခံလိုက်တယ်၊ အဲဒီလို လက်ခံတဲ့စိတ်ကို သမ္ပဋိစ္ဆနစိတ်လို့ခေါ်တယ်၊ ဒါတွေက သိပ်ပြီးတော့ အသေးစိပ်တယ်။

မြင်လိုက်တယ်ဆိုရင် ကိုယ်က ထင်တာတော့ အခုချက်ချင်းတွေ့,

အခုချက်ချင်း သိလိုက်တာပေါ့လို့ထင်တာ။

ဒါပေမယ်လို့ မြင်တယ်လို့သိဖို့ရာဟာ စိတ်ပေါင်းများစွာဖြစ်ရတယ်၊ ဒါပေမယ့် စိတ်အဖြစ်က မြန်လွန်းလို့ အဲသလို တစ်ခုတစ်ခုကို ဦးဇင်းတို့က မသိတော့ဘူး၊ မြင်လိုက်တာပဲ, ကြားလိုက်တာပဲ စသည်ဖြင့် သွားတယ်။

ရုပ်ရှင်ကြည့်သလိုပဲ, ရုပ်ရှင်ဖလင်မှာ အကွက်အကွက်ကလေးတွေပါတာ ဘယ်သူမှ မသိဘူး၊ ကြည့်နေတော့ လူလှုပ်ရှားနေတယ်လို့ ထင်တာပဲ၊ တကယ်ကျတော့ ဘာလဲဆိုရင် ဒီအကွက်အကွက်ကလေးတွေ သွားနေတာပဲ၊

အဲဒီအတိုင်းပဲ, ဦးဇင်းတို့ဉာဏ်က မမီသေးတော့ အကွက်အကွက်ကို ရုပ်ပြီးတော့ မကြည့်နိုင်တော့ဘူး၊ သူက တစ်စပ်ထဲလို့ထင်ပြီးတော့ (illusion) အားလုံး (illusion) ပဲ၊ တကယ့်အစစ်အမှန်ကတော့ အကွက်အကွက်ထဲကလိုပဲ၊ အသေရုပ်တွေကမှ တကယ့်အစစ်အမှန်၊ အဲဒီအကွက်အကွက် တစ်ခုတစ်ခုကို ပြောပြီးတော့ လေ့လာနေရင် ဒါ အခုလေ့လာတာနဲ့ အတူတူပဲ၊ ဒါက သမ္ပဋိစ္ဆိုင်း လက်ခံတာ။

နောက်တစ်ခုက လက်ခံအပြင် စုံစမ်းတာ, investigation ၊ကိုယ့်ကို ပစ္စည်းတစ်ခုပေးလိုက်ရင် လက်ခံရမယ်ပေါ့၊ ဟုတ်လား၊ လက်ခံပြီးရင် ဟုတ်မဟုတ် ကောင်းမကောင်း စုံစမ်းတယ်ပေါ့။

ဒါကြောင့် ဒီမှာစိတ် ၇–ခုရှိတယ်၊ အဲဒီ ၇–ခုကို ဘာလို့ခေါ်လဲ, အကုသလ ဝိပါက်စိတ်, ပါဠိလို ဆိုလိုက်စမ်းပါ။

- ဥပေက္ခာသဟဂတ စက္ခုဝိညာဏစိတ်
- ဥပေက္ခာသဟဂတ သောတဝိညာဏစိတ်
- ဥပေက္ခာသဟဂတ ဃာနဝိညာဏစိတ်
- ဥပေက္ခာသဟဂတ ဇိဝှါဝိညာဏစိတ်
- ဒုက္ခသဟဂတ ကာယဝိညာဏစိတ်
- ဥပေက္ခာသဟဂတ သမ္ပဋိစ္ဆနစိတ်
- ဥပေက္ခာသဟဂတ သန္တီရဏစိတ်

ဒီ ၇–ပါးက အကုသိုလ်ရဲ့ အကျိုး၊ မကောင်းတာတွေ့ကြုံတဲ့အခါမှာ ဒီစိတ်တွေတွေ့ရတယ်, ဒီစိတ်တွေဖြစ်တယ်၊ ဒီစိတ်တွေဟာ ဘာမှကိုယ်က ပြုပြင်လို့ရတာ မဟုတ်ဘူး၊ အကျိုးဖြစ်တဲ့စိတ်တွေမို့လို့နော်၊ မကောင်းတာတွေ့ရင် ဒီစိတ်ကတော့ လာမှာပဲ၊ ပြီးတော့မှ နောင်ကုသိုလ်ဖြစ်ဖို့ အကုသိုလ်ဖြစ်ဖို့ကျတော့

ကိုယ့်မှာ choice ရှိလာမယ်၊ ကိုယ်က အသင့်အတင့် နှလုံးသွင်းတတ်ရင် ကုသိုလ်စိတ် ဖြစ်မယ်၊ အသင့်အတင့် နှလုံးမသွင်းတတ်ရင် အကုသိုလ်စိတ်ဖြစ်မယ်၊ ဒီစိတ်တွေအခိုက်အတန့်မှာတော့ ဒါပဲ, ပြုပြင်ပြောင်းလဲလို့မရဘူး၊ သူက ဝိပါက်စိတ်တွေ။

ကောင်းပြီ, ဒုတိယအတန်းက အဟိတ်ကုသလ ဝိပါက်စိတ်၊ ကုသလဆိုတာ ကုသိုလ်, ဝိပါက်ဆိုတာ အကျိုး ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့စိတ်၊ သို့သော် နောင်အခါမှာ သဟိတ်ထဲကလည်း ဝိပါက်တွေရှိအုံးမှာမို့လို့ သူ့ကို အဟိတ်ကုသလဝိပါက်စိတ်လို့ ခေါ်တယ်၊ ကုသလဝိပါက်စိတ်လို့ သာမညခေါ်လိုက်ရင် ရောသွားမှာစိုးလို့နော်၊ အဟိတ်ကုသလ ဝိပါက်စိတ် ၈–ခုရှိတယ်၊ ပထမစိတ်က ဘာတုန်း, ခုနက အတိုင်းပဲ။

– ဥပေက္ခာသဟဂတ စက္ခုဝိညာဏစိတ်
– ဥပေက္ခာသဟဂတ သောတဝိညာဏစိတ်
– ဥပေက္ခာသဟဂတ ဃာနဝိညာဏစိတ်
– ဥပေက္ခာသဟဂတ ဇိဝှါဝိညာဏစိတ်
– သုခသဟဂတ ကာယဝိညာဏစိတ်

ဟော, ကောင်းတာလေးတွေ မြင်လာပြီ၊ ကိုယ်ကြိုက်တာလေးတွေ မြင်လာပြီဆိုရင် ဒီစိတ်ဖြစ်တာပဲ၊ ကိုယ်ကြားချင်တာကြားရတယ်ဆိုရင် ဒီကုသလဝိပါက်စိတ်တွေ ဖြစ်တာပဲနော်၊ အတွေ့အထိဆိုပါတော့, ကောင်းတဲ့အတွေ့အထိတွေ့တယ်၊ ၅–ခုပဲရှိသေးတယ်၊ ကောင်းတဲ့အာရုံတွေနဲ့ တွေ့ကြုံလာတဲ့အခါမှာ၊ ဒီစိတ်တွေဖြစ်တယ်၊ ကုသလဝိပါက် စက္ခုဝိညာဉ်စိတ်, သောတဝိညာဏ်စိတ်, ဃာနဝိညာဏ်စိတ်, ဇိဝှာဝိညာဏ်စိတ်, သုခသဟဂတ ကာယဝိညာဏ်စိတ်တဲ့။

နောက်တစ်ခုက သမ္ပဋိစ္ဆနစိတ်တဲ့နော်၊ ဒီကျတော့ သမ္ပဋိစ္ဆနစိတ်က ၂–မျိုးရှိတယ်၊ ဘာကြောင့်လဲဆိုတော့ အာရုံက သာမန်အလိုရှိအပ်တဲ့အာရုံ, အထူးအလိုရှိအပ်တဲ့အာရုံ, အလွန်အလိုရှိအပ်တဲ့ အာရုံလို့ အဲသလိုရှိတော့ သာမန်ကောင်းတဲ့အာရုံနဲ့တွေ့ရင် ဥပေက္ခာသဟဂတသမ္ပဋိစ္ဆိုင်းစိတ်ဖြစ်တယ်၊ သန္တီရဏလေ, သမ္ပဋိစ္ဆိုင်းက တစ်ခုတည်းပါ၊ သမ္ပဋိစ္ဆိုင်းကတော့ လက်ခံတာကတော့ ဒီ ဥပေက္ခာတစ်ခုပဲ။

သန္တီရဏကျတော့ ၂–မျိုးဖြစ်တယ်၊ ခုနကပြောသလိုအာရုံအပေါ်မှာ မူတည်ပြီးတော့ အာရုံက သာမာန်အလိုရှိအပ်တာမျိုးဆိုရင် ဥပေက္ခာသဟဂတ ဖြစ်တယ်၊ အလွန်အလိုရှိအပ်တာမျိုးဆိုရင် သောမနဿသဟဂတဖြစ်တယ်၊ ဒါကြောင့်မို့

သန္တီရဏကျတော့ ၂ မျိုးတဲ့။

၁။ သောမနဿ သဟဂတ သန္တီရဏစိတ်

၂။ ဥပေက္ခာသဟဂတ သန္တီရဏစိတ်

သန္တီရဏ ၂–ခု ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကုသလဝိပါက်စိတ်မှာ ၈–မျိုး ရှိတယ်၊ ဒီ ၈–ခုကို အဟိတ် ကုသလဝိပါက်စိတ် ၈–ပါးလို့ခေါ်တယ်။

တတိယအတန်းကတော့ အဟိတ်ကြိယာစိတ် ၃–ပါးတဲ့၊ ကြိယာဆိုတာ ဖြစ်ခါမျှပဲ၊ သူက ကုသိုလ် အကုသိုလ်လိုလည်းပဲ အကျိုးမပေးဘူးနော်၊ ဝိပါက်လို လည်းပဲ သူများရဲ့အကျိုးမဟုတ်ဘူး၊ သူတို့က ထဖြစ်လိုက်တာရှိတာပဲ၊ ဖြစ်ပြီး ဒီအတိုင်းသွားရော, ဘာမှ သူများကိုလည်း အကျိုးမပေးဘူး၊ သူများအကျိုးအတွက် လည်း မဟုတ်ဘူး၊ အဲလိုစိတ်မျိုးကို ကြိယာစိတ်လို့ခေါ်တယ်။

များသောအားဖြင့်တော့ ကြိယာစိတ်ဆိုတာဟာ ဘုရားရဟန္တာတို့မှာသာ ဖြစ်တဲ့စိတ်၊ သို့သော် ဒီမှာတော့ ပထမ ၂–ခုက ပုထုဇဉ်တွမှာပဲ ဖြစ်လိမ့်မယ်၊ နောက်ဆုံးတစ်ခုကတော့ ဘုရားရဟန္တာမှာသာဖြစ်လိမ့်မယ်။

ပထမစိတ်ကို ပဉ္စဒွါရာဝဇ္ဇန (သို့မဟုတ်) ပဉ္စဒွါရာဝဇ္ဇန်းစိတ်တဲ့၊ သူက ဥပေက္ခာသဟဂတ, ဥပေက္ခာဝေဒနာနဲ့ ယှဉ်တယ်တဲ့၊ ပဉ္စဒွါရာဝဇ္ဇန်းဆိုတာ ဒွါရဆိုတာ မျက်စိ, နား, နှာ စသည်ကို ဒွါရလို့ခေါ်တာ၊ ဒွါရဆိုတာ တံခါးပဲ၊ လူတွေ ဝင်ရာ ထွက်ရာကို တံခါးလို့ခေါ်သလိုတဲ့၊ စိတ်ဝင်ရာဖြစ်ရာ သဘောမို့လို့ မျက်စိကို ဒွါရလို့ခေါ်တယ်, နားကို ဒွါရလို့ခေါ်တယ်, နှာခေါင်းကို ဒွါရလို့ခေါ်တယ်။

အမှန်ကတော့ မျက်စိဆိုတာ မျက်လုံးမှာရှိတဲ့ အကြည်ဓာတ် ပသာဒကိုခေါ် တာ၊ နားဆိုလဲ နားမှာရှိတဲ့ အကြည်ဓာတ်၊ နှာခေါင်းဆိုလဲ နှာခေါင်းထဲမှာရှိတဲ့ အကြည်ဓာတ်။

အဲဒီ ၅–ဒွါရာဘက်သို့ စိတ်ကိုလှည့်ပေးတဲ့သဘောကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်လို့ ခေါ်တယ်၊ ဒါက ဝိထိသဘောနဲ့ပြောမှ ပိုပြီးတော့နားလည်မှာ, ဒါနောက်က ပြောခဲ့ပြီ၊ လွန်ခဲ့တဲ့တိတ်ခွေကို ပြန်နားထောင်တော့နော်။

အဲဒီ ၅–ဒွါရ, တစ်ပြိုင်နက်တည်း ၅–ဒွါရတော့ မလှည့်နိုင်ဘူးနော်၊ ဆိုပါတော့, မျက်စိဒွါရာဘက် လှည့်ပေးမယ်၊ သောတဒွါရာဘက် လှည့်ပေးမယ်ပေါ့လေ၊ သို့သော် အားလုံးပေါင်းပြီးတော့ ၅–ဒွါရ၊ အဲဒီ ၅–ဒွါရာဘက်လှည့်ပေးတဲ့သဘောကို (သို့မဟုတ်) ၅ ဒွါရာဘက် လှည့်ပေးတဲ့သဘော, အာရုံကို ဆင်ခြင်တဲ့သဘောကို ပဉ္စဒွါရာဝဇ္ဇန်းတဲ့။

နောက်တစ်ခုက မနောဒွါရာဝဇ္ဇန်းဆိုတာကတော့ မနောဒွါရဆိုတာ (sence) ၅–ခုက လွတ်တဲ့သဘောကို မနောဒွါရလို့ခေါ်တာ၊ အင်္ဂလိပ်လို အနောက်နိုင်ငံမှာဆိုရင် sence ဆိုရင် ၅–ခုကိုသာ ဆိုလိုတယ်။

စိတ်ကို (sence door) ထဲမှာ မထည့်ဘူး၊ ဦးဇင်းတို့ အဘိဓမ္မာမှာကတော့ စိတ်လည်းပဲ (door ) တစ်ခုပဲ၊ ဒါကြောင့်မို့ ဦးဇင်းတို့ဆီမှာ (sixth sence door) ရှိတယ်၊ အဲဒီနောက်ဆုံး ဆဋ္ဌမမြောက်ကို မနောဒွါရလို့ခေါ်တယ်။

စိတ်နဲ့လည်း ကြံသိတာမျိုးတွေ ရှိတယ်မဟုတ်လား၊ မြင်တာမဟုတ်ဘူး, ကြားတာ မဟုတ်ဘူး, စိတ်နဲ့ကြံသိတာ၊ အဲဒီအခါကျတော့ အဲဒီမနောဒွါရက လာတယ်။

အဲလိုကြံတဲ့ပြုတဲ့အခါမှာ ဒီရိုးရိုးဖြစ်နေတဲ့ဘဝင်စိတ်ကို active ဖြစ်တဲ့ စိတ်ဘက်သို့ လှည့်ပေးတဲ့အခိုက်အတန့်လေးကို မနောဒွါရလို့ခေါ်တာပဲ၊ အဲဒီလို လှည့်ပေးတဲ့စိတ်ကို မနောဒွါရာဝဇ္ဇန်းလို့ ခေါ်တာနော်။

နောက်တစ်ခုက ဟသိတုပ္ပါဒ်တဲ့ ဟသိတုပ္ပါဒဆိုတာ ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်တဲ့စိတ်လို့ ဆိုလိုတယ်၊ ဟသိတုပ္ပါဒ် ရယ်ရွှင်ခြင်း ဖြစ်စေ တတ်တယ်ဆို ကတည်းက ဥပေက္ခာနှင့် မယှဉ်တော့ဘူးပေါ့၊ သောမနဿနှင့် ယှဉ်တော့တာပေါ့။

ဒါကြောင့်မို့ ဒီစိတ် ၃–ပါးဟာ ပထမစိတ် ၂–ပါးက ဥပေက္ခာနှင့်ယှဉ်တယ်၊ နောက်ဆုံးစိတ် ၁–ပါးက သောမနဿနှင့်ယှဉ်တယ်။

ပထမစိတ်က ပဉ္စဒွါရာဝဇ္ဇန်း၊

ဒုတိယစိတ်က မနောဒွါရာဝဇ္ဇန်း၊

တတိယစိတ်က ဟသိတုပ္ပါဒ်၊

ဟသိတုပ္ပါဒ်ကတော့ ဘုရားရဟန္တာမှာသာ ဖြစ်တယ်တဲ့၊ ပုထုဇဉ်သန္တာန်မှာ မဖြစ်ဘူး၊ နောက်ဆုံး အောက်တန်းအရိယာ သန္တာန်မှာတောင် မဖြစ်ဘူး။

ဒီစိတ် ၁၈–ပါးကို အဟိတ်စိတ်လို့ခေါ်သည်။ အဲဒီ အဟိတ်စိတ် ၁၈–ပါး ထဲမှာ ဒီမြင်သိစိတ် ၂–ခု၊ အဲဒီ ၂–ခုကို တွဲတွဲပြီးမှ ခေါ်လေ့ရှိတယ်၊ စက္ခု ဝိညာဉ်ဒွေး၊ ဒွေးဆိုတာ–၂၊ ဒုတိယက ကြားသိစိတ်ကို သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကာယဝိညာဉ်ဒွေး, သမ္ပဋိစ္ဆိုင်းလည်း သမ္ပဋိစ္ဆိုင်း ဒွေးလို့ခေါ်တယ်၊ သန္တီရဏကျတော့ သန္တီရဏ ၃–ခုလို့ပဲခေါ်တော့တယ်။

အဲဒီ စက္ခုဝိညာဉ်ဒွေး, သောတဝိညာဉ်ဒွေး, ဃာနဝိညာဉ်ဒွေး, ဇိဝှါဝိညာဉ်ဒွေး, ကယဝိညာဉ်ဒွေး, အဲဒီ ၁၀–ခုကို ပေါင်းပြီးတော့ ဒွေးပဉ္စဝိညာဉ်တဲ့, ဒီလိုပဲသုံးတယ်။

နောင်အခါ ဒီ ၁၀–ခုလုံးကို (refer) လုပ်ချင်တဲ့အခါမှာ တစ်ခုစီပြောမနေတော့ဘူး၊ ဒွေး ပဥ္စဝိညာဉ် ၁၀–ဟော့လို့ပြောလိုက်ရင် ဒီစိတ် ၁၀–ခုကို တစ်ခါတည်း သိသွားရမယ်၊ ဒွေးပဥ္စဝိညာဉ်–၁၀။

– စက္ခုဝိညာဉ်ဒွေးဆိုရင် ၂–ခု

– သောတဝိညာဉ်ဒွေးဆိုရင် ၂–ခု စသည်သွားနော်။

ဒွေးပဥ္စဝိညာဉ် ၁၀–ဆိုရင် ဒီ ၁၀–ခုစလုံးကိုဆိုလိုတယ်။

ခုနက ကိုတင်မောင်ညို မေးတဲ့ မနောဓာတ် ၃–ခုတဲ့နော်၊ ဒါလည်း နောင်ကျတော့ ဒီဝေါဟာရကို သုံးလိမ့်မယ်– မနောဓာတ် ၃–ခုဆိုတာ ဒီထဲမှာပြောမယ်ဆိုရင် ဘယ်စိတ်တွေတုန်း။

ပဉ္စဒွါရာဝဇ္ဇန်းရယ်– သမ္ပဋိစ္ဆိုင်းဒွေးရယ်, ဒီ ၂–ပါးနဲ့ ဒီပဉ္စဒွါရာဝဇ္ဇန်းကို မနောဓာတ်လို့ ဒီလိုခေါ်တယ်၊ မနောဓာတ် ၃–ပါး နောင်အခါမှာ သုံးလိမ့်မယ်၊ ပကိဏ်းပိုင်းထဲကျရင်လည်း ဒီမနောဓာတ် ၃–ပါးဆိုတာကို သုံးလိမ့်မယ်။

အဲဒီ ၃–ခုလုံးကိုပေါင်းပြီးတော့ ပြောချင်တဲ့အခါကျရင် မနောဓာတ် ၃ ပါးလို့ပဲ ပြောလိမ့်မယ်၊ တစ်ခုစီ ရေတွက်ပြီး ပြောတော့မှာ မဟုတ်ဘူးနော်။

ကောင်းပြီ,အဲဒီ ၁၈–ပါးထဲမှာ သောမနဿဝေဒနာနှင့် ယှဉ်တာဘယ်နှစ်ခုပါတုန်း၊ သောမနဿဝေဒနာနှင့် ယှဉ်တာတစ်ခုပဲပါတယ်၊ ဟသိတုပ္ပါဒ် တစ်ခုထဲပါတယ်၊ ဒါက သုခနှင့်ယှဉ်တာ, သောမနဿနှင့်ယှဉ်တာ မဟုတ်ဘူး၊ ဒါတော့ ခွဲရလိမ့်မယ်နော်၊ ဝေဒနာ ၅–ခု ခွဲရလိမ့်မယ်၊ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, တတိယပိုင်း ပကိဏ်းပိုင်းကျရင် ဒါနဲ့စရမှာ။

ဒါကြောင့်မို့ သောမနဿနှင့်ယှဉ်တာ ဘယ်လောက်လဲဆိုရင် ၂–ခုလေ၊ သောမနဿ သန္တီရဏရယ်, ဟသိတုပ္ပါဒ်ရယ်, ဟုတ်ပြီ။

ပြီးတော့ ဥပေက္ခာနှင့် ယှဉ်တာဆိုရင် ၁၄–ခု၊ ဥပေက္ခာ ၁၄–ခု၊ ပြီးတော့ သုခဝေဒနာနှင့်ယှဉ်တာ ၁–ခု၊ ဒုက္ခဝေဒနာနှင့်ယှဉ်တာ ၁–ခု၊ ဒေါမနဿဝေဒနာနှင့် ယှဉ်တာ မပါဘူး။

အဲဒီတော့ကို–

| | |
|---|---|
| – သောမနဿဝေဒနာနှင့် ယှဉ်တာ | ၂–ခု |
| – ဥပေက္ခာဝေဒနာနှင့်ယှဉ်တာ | ၁၄–ခု |
| – သုခနှင့်ယှဉ်တာ | ၁–ခု |
| – ဒုက္ခနှင့်ယှဉ်တာ | ၁–ခု |

ဒါဖြင့်ရင် အကုသလဝိပါကစိတ် ၇–ပါးဆိုရင်မြင်ပြီလား၊ ဘယ်အတန်းတုန်း၊ ပထမဆုံးအတန်းနော်၊ အဟိတ်ကုသလဝိပါကစိတ် ၈–ပါးဆိုရင် အလယ်တန်း, အဟိတ်ကြိယာစိတ် ၃–ခုဆိုရင် နောက်ဆုံး ၃–ခု၊ မြင်ပြီပေါ့။

ဒီ ၂၄–ခုကို ဘာလို့ခေါ်လဲ၊ ဒီ group ကို ကာမာဝစရသောဘန, ကာမာဝစရသောဘနစိတ် ၂၄–ပါး ရှိတယ်၊ ပထမအတန်းကို ကာမာဝစရ ကုသိုလ်စိတ်, ဒုတိယတန်းကို ကာမာဝစရဝိပါကစိတ်, တတိယတန်းကို ကာမာဝစရ ကြိယာစိတ်၊ အဲဒီတော့ လောဘမူစိတ် ၈–ခုကို ဆိုတတ်ရင် ဒီစိတ်တွေကိုလည်းဆိုတတ်ရမယ်နော်၊ ဘာလေးကွာသွားလဲ၊ ဒိဋ္ဌိဂတသမ္ပယုတ်နှင့် ဉာဏသမ္ပယုတ်လဲလိုက်ရုံပဲ။

ဒါဖြင့် ပထမစိတ်ဟာ သောမနဿ ဝေဒနာနှင့်ယှဉ်တယ်၊ ပြီးတော့ဉာဏ်နှင့်တွဲဖြစ်တယ်နော်၊ ပညာ, ဉာဏ်, အတူတူပဲ၊ ပြီးတော့ သူက မတိုက်တွန်းအပ်ဘူးနော်၊ နောက်ခါတော့ တိုက်တွန်းအပ်တယ် စသည်ဖြင့် သွားမယ်၊ ဒါဖြင့် ဆိုလိုက်ကြစမ်း။

– သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကစိတ်
– သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ သသင်္ခါရိကစိတ်
– သောမနဿ သဟဂတ ဉာဏဝိပ္ပယုတ္တ အသင်္ခါရိကစိတ်

ဒါကဉာဏ်နှင့် မယှဉ်ဘူး။

– သောမနဿ သဟဂတ ဉာဏဝိပ္ပယုတ္တ သသင်္ခါရိကစိတ်။
– ဥပေက္ခာသဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိကစိတ်
– ဥပေက္ခာသဟဂတ ဉာဏသသမ္ပယုတ္တ သသင်္ခါရိကစိတ်
– ဥပေက္ခာသဟဂတ ဉာဏဝိပ္ပယုတ္တ အသင်္ခါရိကစိတ်
– ဥပေက္ခာသဟဂတ ဉာဏဝိပ္ပယုတ္တ သသင်္ခါရိကစိတ်

ကာမာဝစရ ကုသိုလ် ၈–ပါးနော်။

ဝိပါကစိတ်ရော ဒီအတိုင်းပဲ ၈–ပါး၊ ကြိယာစိတ်ရော ဒီအတိုင်းပဲ ၈–ပါး။

ကုသိုလ်ဆိုတာ အပြစ်မရှိခြင်း, ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိတဲ့ တရားကို ကုသိုလ်လို့ခေါ်တာ၊ ဝိပါကဆိုတာက အကျိုး, ကြိယာဆိုတာက ဖြစ်ခါမျှ, အင်္ဂလိပ်လိုတော့ သူ့ကို (functional) လို့သုံးတယ်၊ (inoperative) လို့သုံးတယ်။

ကောင်းပြီ အကုသိုလ် ၁၂–ပါး, အဟိတ်စိတ် ၁၈–ပါး, ကာမာဝစရ သောဘနစိတ် ၂၄–ပါး, အားလုံးပေါင်းလိုက်စမ်း–၅၄၊ ဒါ အလွတ်သိနေတယ်၊

အဲဒီ ၅၄–ပါးကို ဘာစိတ်လို့ခေါ်လဲ, ကာမာဝစရစိတ်၊ ဒါကိုပဲ အတိုကောက် ကာမစိတ်လို့ခေါ်တယ်၊ အဲဒီတော့ ကာမစိတ် ဘယ်လောက်ရှိသလဲမေးရင် ၅၄–ပါး၊ (သို့မဟုတ်) ကာမာဝစရစိတ်ဆိုရင် ၅၄–ပါး၊ အကုသိုလ်စိတ် ၁၂–ပါး၊ အဟိတ်စိတ် ၁၈–ပါး၊ ကာမာဝစရသောဘနစိတ် ၂၄–ပါးနော်။

အဲဒီတော့ နောင်အခါမှာ ကာမာဝစရ ကုသိုလ်စိတ် ၈–ပါးလို့ ပြောလိုက်ရင် ဘယ်ဟာမြင်မလဲ၊ ဒီအတန်းကို မြင်မယ်၊ ကာမာဝစရဝိပါက် ၈–ပါးလို့ ပြောလိုက်ရင် အလယ်တန်းကိုမြင်မယ်၊ ကာမာဝစရကြိယာစိတ် ၈–ပါးလို့ ပြောလိုက်ရင် အောက်ဆုံးတန်းကိုမြင်မယ်၊ အဲသလို မြင်နေရမယ်နော်၊ တော်နေရင် ဒါတွေဟာ ခဏခဏသုံးမှာ, စာအုပ်ကုန်သည်တိုင်အောင် ဒါသုံးသွားမှာတွေ၊ ကျေကိုကျေရမယ်, မကျေလို့ မဖြစ်ဘူး၊ အဲဒီတော့ ကာမာဝစရစိတ် ၅၄–ပါး ပြီးပြီ။

နောက် group က ဘာလို့ခေါ်လဲ, ရူပါဝစရစိတ်နော်၊ ကာမာဝစရစိတ်ဆိုတာ ကာမဘုံမှာများသောအားဖြင့် ဖြစ်တတ်တာ, ရူပါဝစရစိတ်ဆိုတာ ရူပဘုံမှာများသော အားဖြင့်ဖြစ်တာ, ရူပဘုံဆိုတာ ဗြဟ္မာဘုံကိုပြောတာနော်၊ လူ့ဘုံ, နတ်ဘုံမဟုတ်ဘူး။

လူ့ဘုံ နတ်ဘုံကို ကာမာဝစရဘုံလို့ခေါ်တယ်၊ ဗြဟ္မာတွေနေတဲ့ဘုံကို ရူပါဝစရာဘုံရယ်၊ အရူပါဝစရာဘုံရယ် ၂–မျိုးရှိလိမ့်မယ်။

ရူပဗြဟ္မာဆိုတာက ရုပ်ရောနာမ်ရောရှိတယ်၊ အရူပဗြဟ္မာဆိုတာက နမ်သာ ရှိတယ်၊ ရုပ်မရှိဘူး။

ကောင်းပြီ, အခု နောက် (group) က အားလုံး ၁၅–ပါးရှိတယ်၊ အဲဒီ ၁၅–ပါးကို ရူပါဝစရစိတ်နော်၊ ရူပဗြဟ္မာဘုံမှာ များသောအားဖြင့် ကျင်လည်တတ် တယ်, ဖြစ်တတ်တယ်တဲ့။

– ပထမကော်လံ ပထမတန်းကို ရူပါဝစရကုသိုလ်စိတ် ၅–ပါး

– ရူပါဝစရဝိပါက်စိတ် အလယ်တန်း ၅–ပါး

– ရူပါဝစရကြိယာစိတ် ၅–ပါး၊ လွယ်ပါတယ်နော်, ၅–ပါးစီရှိတယ်၊ အားလုံး ၁၅–ပါး။

ပထမစိတ်ကို ဘာလို့ခေါ်လဲ၊ ရိုးရိုးရှင်းရှင်းမှတ်ရင် ပထမဈာန်စိတ်၊ အဲဒီ ကျတော့ ဈာန်တွေဖြစ်ကုန်ပြီနော်၊ ရိုးရိုးစိတ်မဟုတ်တော့ဘူး၊ ကာမာဝစရစိတ် မဟုတ်တော့ဘူး၊ ဈာန်စိတ်၊ အဲဒီတော့ ပထမဟာကို ပထမဈာန်စိတ် ဒုတိယဟာကို ဒုတိယဈာန်စိတ်၊ တတိယဈာန်စိတ်, စတုတ္ထဈာန်စိတ်, ပဉ္စမဈာန်စိတ်။

– ပထမဈာန်စိတ်သည် သောမနဿ ဝေဒနာနဲ့ယှဉ်တယ်။

– ဒုတိယဈာန်စိတ် သောမနဿ ဝေဒနာနဲ့ယှဉ်တယ်။
– တတိယဈာန်စိတ် သောမနဿ ဝေဒနာနဲ့ယှဉ်တယ်။
– စတုတ္ထဈာန်စိတ် သောမနဿ ဝေဒနာနဲ့ယှဉ်တယ်။
– ပဥ္စမဈာန်စိတ် ဥပေက္ခာနဲ့ယှဉ်တယ်။

အဲဒီမှာ ဈာန်အင်္ဂါတွေတော့ နောက်ပြန်ကြည့်ရှုတာပေါ့၊ ဟုတ်ပြီလား၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စသည်ဖြင့်–

အဲဒီတော့ ရူပါဝစရစိတ် ဘယ်လောက်ရှိသလဲ, ၁၅–ပါး၊ ရူပါဝစရစိတ် ၁၅–ပါးထဲမှာ သောမနဿဝေဒနာနှင့်ယှဉ်တာ ဘယ်နှစ်ပါးတုန်း ၁၂–ပါး၊ ဥပေက္ခာ ဝေဒနာနှင့် ယှဉ်တာ ၃–ပါး၊ ဒါ ရူပါဝစရစိတ် ၁၅–ပါးတဲ့။

တစ်ခါ နောက် group ၄ ခု ၃ လီ, သူက ၁၂–ပါး၊ ဘာစိတ် တုန်း၊ အရူပါဝစရစိတ်၊ အရူပဗြဟ္မာဘုံမှာ များသောအားဖြင့်ဖြစ်တဲ့စိတ်တဲ့၊ အရူပဗြဟ္မာဘုံဆိုတာ နာမ်ချည်းရှိတယ်၊ ရုပ်မရှိတဲ့ဘုံပေါ့၊ အဲဒီမှာကျတော့ နာမည်လေးတွေ ခက်လိမ့်မယ်၊ ပထမစိတ်ကို အာကာသာနဉ္စာယတန၊ ပထမတန်းက ကုသိုလ်ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကုသိုလ်ထည့်လိုက်ရင် အာကာသာနဉ္စာယတန ကုသိုလ်စိတ်နော်၊ ရအောင်တော့ မှတ်ကြနော်၊ အတိုခေါ်ချင်ရင်တော့ ပထမအရူပါဝစရလို့လည်း ခေါ်လို့ရတယ်။

ဒုတိယစိတ်ကို ဝိညာဏဉ္စာယတနကုသိုလ်စိတ်၊ တတိယစိတ်ကို အာကိဉ္စညာယတနကုသိုလ်စိတ်၊ စတုတ္ထစိတ်ကို နေဝသညာ နာသညာယတန ကုသိုလ်စိတ်၊ အားလုံး အရူပါဝစရ ကုသိုလ်စိတ် ၄–ပါး။

အရူပါဝစရ ဝိပါက်စိတ် အတူတူပဲ ၄–ပါး၊ အရူပါဝစရကြိယာစိတ် ၄–ပါး, အားလုံးပေါင်းလိုက်ရင် ၁၂–ပါး၊ အဲဒီ ၁၂–ပါးလုံးဟာ ဥပေက္ခာဝေဒနာနှင့် ယှဉ်တယ်၊ အကယ်၍ သူတို့ကိုပထမဈာန်, ဒုတိယဈာန်, တတိယဈာန်,စတုတ္ထဈာန်, ပဥ္စမဈာန်ထဲမှာ ထည့်ပါလို့ဆိုရင် ဘယ်ထဲမှာထည့်မလဲ, ပဥ္စမဈာန်ထဲမှာ ထည့်မယ်။

ဒါဖြင့်ရင် ရူပါဝစရစိတ် ၁၅–ပါးနှင့် အရူပါဝစရစိတ် ၁၂–ပါးကို ပေါင်း လိုက်ရင် ၂၇–ပါး မရဘူးလား၊ အဲဒီ ၂၇–ပါးကို မဟဂ္ဂုတ်စိတ်လို့ခေါ်တယ် ၊ အဲဒီ မဟဂ္ဂုတ်စိတ် ၂၇–ပါးထဲမှာ ပထမဈာန်စိတ် ဘယ်နှစ်ခုပါလဲ ၃–ပါး၊ ဒုတိယဈာန်စိတ် ၃–ပါး, တတိယဈာန်စိတ် ၃–ပါး, စတုတ္ထဈာန်စိတ် ၃–ပါး, ပဥ္စမဈာန်စိတ် ၁၅–ပါး။

ဘာကြောင့်တုန်း, ရူပါဝစရထဲက ၃–ခု၊ အရူပါဝစရထဲက အားလုံး ၁၂–

ခု၊ ဟုတ်ပြီလား၊ ပထမဈာန် ၃–ပါး၊ ဒုတိယ တတိယ စတုတ္ထ ၃–ပါး၊ ပဉ္စမဈာန်စိတ်–၁၅ပါး။

အဲဒီ ရူပါဝစရစိတ် ၁၅–ပါးနှင့် အရူပါဝစရစိတ် ၁၂–ပါး ပေါင်း၂၇–ပါးကို ဘာစိတ်လို့ခေါ်လဲ၊ မဟဂ္ဂုတ်စိတ် ၂၇–ပါး။

ကောင်းပြီ,ကာမာဝစရစိတ် ၅၄–ပါးနှင့် မဟဂ္ဂုတ်စိတ် ၂၇–ပါး၊ ပေါင်းလိုက်ရင် စိတ်ဘယ်လောက်ရသလဲ, ၈၁–ပါးရတယ်။

အဲဒီ ၈၁–ပါးကို ဘာလို့ခေါ်လဲ၊ လောကီစိတ်လို့ခေါ်တယ်၊ ကာမဘုံ, ရူပဘုံ, အရူပဘုံလို့ခေါ်တဲ့ လောကမှာပဲကျင်လည်တယ်၊ လောကမှ ထွက်မြောက်တဲ့စိတ်မျိုး မဟုတ်ဘူး၊ လောကမှ ကျင်လည်တဲ့စိတ်၊ လောကီစိတ် ၈၁–ပါး၊ နောက် group ကို ပထမဆုံး ၄–တန်းနော်၊ ပြီးတော့ ဒုတိယ ၄ တန်း၊ ၂–တန်း အဲသလို ၂–မျိုး ခွဲလိုက်တော့ ပထမ ၄–တန်းက မဂ်စိတ်၊ ဒုတိယ ၄–တန်းက ဖိုလ်စိတ်။

အဲဒီ ပထမ ၄–တန်းမှာ ပထမတစ်တန်း သောတာပတ္တိ မဂ်စိတ် ၅–ပါး၊ အဲဒီ ၅–ပါးကိုပဲ တစ်ပါးတည်းလို့ ယူရင်လည်းရတယ်၊ သောတာပတ္တိ မဂ်စိတ် ၁–ပါးတည်း(သို့မဟုတ်) သောတာပတ္တိမဂ်စိတ် ၅–ပါး။

ဒုတိယတန်းကို သကဒါဂါမိမဂ်စိတ်,တတိယတန်းကို အနာဂါမိမဂ်စိတ်, စတုတ္ထတန်းကို အရဟတ္တမဂ်စိတ်။

သောတာပတ္တိမဂ်ဆိုတာ ပထမအဆင့်၊ အရိယာပုဂ္ဂိုလ်ဖြစ်သွားတဲ့အခါမှာ ဒီသောတာပတ္တိမဂ်စိတ်တို့ သကဒါဂါမိမဂ်စိတ်တို့ ဖြစ်တာနော်၊ သောတာပတ္တိမဂ်စိတ်က ပထမအဆင့် အရိယာ, သကဒါဂါမိမဂ်က ဒုတိယအဆင့်, အနာဂါမိမဂ်က တတိယအဆင့်, အရဟတ္တမဂ်က စတုတ္ထအဆင့်။

အဲဒီ သောတာပတ္တိမဂ်စိတ်တစ်ပါးတည်းကိုပဲ ဈာန်နှင့်တွဲပြီးတော့ သောတာပတ္တိမဂ် ပထမဈာန်၊ သောတာပတ္တိမဂ် ဒုတိယဈာန် စသည်ဖြင့် ၅–ပါးလို့လည်း ဆိုလို့ရတယ်၊ ဒါကြောင့်မို့ ပြောတဲ့အခါမှာ စိတ် ၈၉–(သို့မဟုတ်) အကျယ် ၁၂၁–ပါးနဲ့ လုပ်, လုပ်နေရတာ၊ သောတာပတ္တိမဂ်စိတ်ကို တစ်ပါးတည်းယူရင် တခြားဟာတွေလည်း တစ်ပါးလို့ယူရင် စိတ် ၈၉–ပါး, သို့မဟုတ် သူတို့ကို ဈာန်နဲ့ ပွားပြီးတော့ ၅–နှင့်မြှောက်ပြီးတော့ယူရင် စိတ်အကျယ်ကတော့ ၁၂၁–ပါး ဖြစ်သွားပြီ။

ဒါကြောင့် မဂ်စိတ် ၄–ပါး(သို့မဟုတ်) ၂၀, ဖိုလ်စိတ်ကကော ဒီအတိုင်းပဲ၊

ဖိုလ်စိတ်ဆိုတာက မဂ်စိတ်နောက်က ကပ်ပြီးတော့ဖြစ်တာ၊ ကြားမှာ ဘာမှ မခြားပဲနဲ့ မဂ်စိတ်ပြီးတာနဲ့ တစ်ပြိုင်နက်ဖိုလ်စိတ်ဆိုတာ ထဖြစ်တယ်၊ အဲဒီဖိုလ်စိတ် ကလဲပဲ မဂ်အတိုင်းပဲ, ၄–မျိုးပဲ၊ သောတာပတ္တိဖိုလ်စိတ်, သကဒါဂါမိဖိုလ်စိတ်, အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်, ဖိုလ်စိတ် ၄–ပါး(သို့မဟုတ်) ဖိုလ်စိတ် ၂၀၊ မဂ်စိတ် ၄–ပါး၊ ဖိုလ်စိတ် ၄–ပါး၊ ပေါင်းရင် လောကုတ္တရာစိတ် ၈–ပါးနော်၊ သို့မဟုတ် မဂ်စိတ် ၂၀–ဖိုလ်စိတ် ၂၀–ပေါင်းရင် လောကုတ္တရာစိတ် အကျယ်– ၄၀။

အဲဒီ လောကုတ္တရာစိတ်အကျယ် ၄၀–ထဲမှာ သောမနဿနှင့်ယှဉ်တာ–၃၂၊ ဥပေက္ခာနှင့်ယှဉ်တာ ၈–ပါးပဲ။

အကယ်၍ အကျဉ်းမှာဆိုရင်တော့ ပြောချင်ရာပြောလို့ရတယ်၊ သောမနဿနှင့် ယှဉ်တယ်ဆိုလည်းပြောလို့ရတယ်၊ ဥပေက္ခာနှင့်ယှဉ်တယ်ဆိုလည်း ပြောလို့ရတယ်၊ အဲဒါတော့ မတတ်နိုင်ဘူးနော်။

အဲဒါကြောင့်မိုလို့ လောကုတ္တရာစိတ်အကျဉ်း ၈–ပါးပဲ ပထမလုပ်ကြစို့၊ လောကုတ္တရာစိတ် အကျဉ်း ၈–ပါးနဲ့ လောကီစိတ် ၈၁–ပါးတို့ပေါင်းလိုက်ရင် ၈၉–ပါးနော်၊ ဒါကြောင့်မို့ စိတ် ၈၉–ပါး(သို့မဟုတ်) စိတ်တစ်ခုယုတ် ၉၀–နော်၊ တစ်ခုယုတ် ၉၀–ဆိုတာ လူတွေက တစ်မျိုးထင်ထင်နေကြတယ်၊ စိတ်တစ်ခု ရုပ် ၉၀–ချည်းထင်ထင်နေတာကိုး၊ တစ်ခုလျော့နေတဲ့ ၉၀၊ ဒါ ပါဠိနောက်လိုက်ပြောတာ၊ ဒါကြောင့်မို့ အားလုံးစိတ်ဘယ်လောက်ရှိသလဲ၊ ၈၉–ပါး ဒါကအကျဉ်း၊ စိတ်အကျယ် ဆိုရင် ၈၁–ထဲကို ၄၀–ထည့်တာကို ဒါ ၁၂၁–ပါး၊ ဒါကြောင့်မို့ အကျဉ်း ၈၉– ပါး၊ အကျယ် ၁၂၁–ပါး။

တစ်ခေါက်ပြန်လှန်, ပထမအတန်းက အကုသိုလ်စိတ် ၁၂–ပါး၊ ဒုတိယ group ပထမအတန်း အကုသလဝိပါက်စိတ်၊ ဒုတိယအတန်း အဟိတ် ကုသလ ဝိပါက်စိတ်၊ တတိယတန်း အဟိတ် ကြိယာစိတ်။

နောက် ၃–ခုကို ဘာလို့ခေါ်သလဲ, ကာမာဝစရသောဘန၊ ပထမအတန်းက ဘာလဲ, ကာမာဝစရကုသိုလ်စိတ်၊ ဒုတိယအတန်း, ကာမာဝစရ ဝိပါက်စိတ်၊ တတိယအတန်း, ကာမာဝစရ ကြိယာစိတ်။

နောက် group, ရူပါဝစရစိတ်၊ ပထမအတန်းက ရူပါဝစရ ကုသိုလ်စိတ်, ရူပါဝစရ ဝိပါက်စိတ်, ရူပါဝစရကြိယာစိတ်။

နောက် group အရူပါဝစရ, ပထမအတန်းက အရူပါဝစရ ကုသိုလ်စိတ်,

အရူပါဝစရ ဝိပါက်စိတ်, အရူပါဝစရ ကြိယာစိတ်၊ ကျန်တာတွေ ဘာခေါ်သလဲ၊ လောကုတ္တရာစိတ်။

လောကုတ္တရာစိတ်မှာ ပထမ ၄–တန်းက မဂ်စိတ်၊ ဒုတိယ ၄–တန်းက ဖိုလ်စိတ်၊ မဂ်စိတ် ၄–ပါးမှာ ပထမအတန်းက သောတာပတ္တိမဂ်စိတ်၊ သကဒါဂါမိမဂ်စိတ်, အနာဂါမိမဂ်စိတ်, အရဟတ္တမဂ်စိတ်။

ဖိုလ်စိတ်ကလည်း ဒီအတိုင်းပဲ၊ သောတာပတ္တိဖိုလ်စိတ်, သကဒါဂါမိဖိုလ်စိတ်, အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်။

ခုနက ဈာန်အားလုံးကို မတွက်လိုက်သေးဘူးနော်၊ စိတ်အကျယ် ၁၂၁–ပါးမှာ ပထမဈာန်စိတ်ဘယ်လောက်ရှိသလဲဆိုတော့ ဒီ ၃–ခု ပထမဈာန် မဟုတ်ဘူးလား၊ ဒီ ၈–ခု ပထမဈာန်မဟုတ်ဘူးလား၊ ဒါကြောင့်မို့ ပထမဈာန်စိတ်အားလုံးဘယ်လောက်ရှိသလဲ, ၁၁–ခုရှိတယ်၊ ဒုတိယဈာန်စိတ် ၁၁–ခု၊ တတိယဈာန်စိတ် ၁၁–ခု၊ စတုတ္ထဈာန်စိတ် ၁၁–ခု၊ ပဥ္စမဈာန်စိတ် ၂၃–ရှိတယ်၊ ဒီကစပြီး အပြာအားလုံး အောက်ရောပါတယ်၊ အားလုံးဆိုတော့ ပဥ္စမဈာန်စိတ် ၂၃–ခု ရှိတယ်၊ ဒါစိတ်ပိုင်းပေါ့၊ လောကီစိတ်လို့ ပြောလိုက်ရင် ဒီထိအောင် စိတ်ထဲမှာ မြင်လိုက်။

မဟဂ္ဂုတ်စိတ်လို့ ပြောလိုက်ရင် ဒီ ၂၇–ကို မြင်လိုက်, ကာမာဝစရစိတ် ၅၄–လို့ ပြောလိုက်ရင် ဒါတွေမြင်လိုက်, ကာမာဝစရသောဘနစိတ်လို့ပြောရင် ဒီဟာပဲမြင်ရမယ်၊ နောက်ကျရင် ဒီဟာတွေ ပြန်ပြန်ပြီးတော့ Refer လုပ်ရမှာ။

ဒါမကျေရင် အလီ မကျေသလိုပဲ၊ အလီမကျေပဲနဲ့ ဟိုဟာဘာနဲ့မြှောက်လိုက်စမ်းဟေ့ဆိုတော့ မြှောက်တာ မသိတော့ သူက အလီပြန်သွားနေရမှာ၊ အဲသလိုချည်း ဖြစ်နေတော့ ကြာတော့ စိတ်ပျက်လာလိမ့်မယ်၊ ကိုင်း, ဒါက စိတ်။

စေတသိက်က ဘယ်လောက်ရှိတာတုန်း ၅၂–ပါး၊ ဒါကတော့ ကိုယ့်ဘာသာ ကိုယ်ကြည့်တော့, ပြီးတော့မှ အဲဒီစိတ်နှင့် စေတသိက် တွဲတာဟာ ခုနက မြန်မာလို ဇယားကွက်ထဲမှာ အင်္ဂလိပ်လိုလဲ အကွက်ကိုကြည့်ပြီးတော့ မြန်မာလို ဇယားကွက်ထဲမှာလည်း အမည်းစက်ကလေးတွေ ခြစ်ထားပါနော်၊ ပြီးတော့ (Swee Sein) လုပ်တာမျိုးလို အကွက်ကလေးတွေ အများကြီးကို ကူးထားပြီးတော့ မပျင်းနဲ့ ကိုယ့်ဟာကို ကာလာထည့်တာ၊ အဲဒါ အလွန်မှတ်မိတယ်၊ ကိုယ့်ဟာကို လုပ်ရင် အဲဒီကျတော့ သိတယ်၊ (concentration)လည်းတယ်လို့ပါလား ဆိုတာပေါ့၊ ဘာကြောင့်လဲဆိုတော့ အပြာရေးရမှာ အနီရေးလိုက်မိ, အနီရေးရမှာ အပြာရေးလိုက်မိ,

အသစ်ပြန်လုပ်ရပြန်ရော၊ အဲဒီလို လုပ်လုပ်သွားရင် ပိုပြီးတော့ ကျေတယ်နော်၊ ကျေဖို့အရေးကြီးတယ်၊ ရှေ့ဟာမကျေရင် နောက်ဟာအလွန်ခွကျတာ၊ အဲလိုဟာလေးတွေ များများကူးထားဖို့ကောင်းတယ်။

ဒီလို သေးသေးလုပ်လုပ် ကြီးကြီးလုပ်လုပ် ကြိုက်သလိုပေါ့၊ အဲဒါလေးတွေနဲ့ ပြန်ပြန်ပြီးတော့ကြည့်လို့ရတယ်၊ ဝိတက်နှင့် ယှဉ်တဲ့စိတ်ဆိုရင် ဒါအကွက်တစ်ကွက်သွားပြီ၊ ဝိစာရနှင့် ယှဉ်တဲ့စိတ်ဆိုရင် အကွက်တစ်ကွက်သွား၊ အဲသလို လုပ်ထားရင် ကိုယ် နောင်ပြန်ကြည့်တဲ့အခါ အလွယ်တကူ သိတာပေါ့လေ။

အဲသလို မဟုတ်ရင်တော့ ဇယားကွက် ပြန်ကြည့်လည်းသိပါတယ်၊ ဇယားကွက်လည်း အခုကြည့်တတ်ပြီ မဟုတ်လား၊ ဇယားကွက် ကြည့်တတ်ဖို့ကိုက အရေးကြီးသေးတယ်၊ မှတ်မိဖို့က ဒုတိယတစ်ဆင့်နော်, ကြည့်တတ်ဖို့က ပထမအဆင့်။

အဲဒီတော့ ဆိုပါတော့, ဝိတက်နှင့်ယှဉ်တဲ့စိတ် ရှာလိုက်စမ်းပါလို့ပြောရင် ဇယားကွက်ကြည့်ပြီးတော့ ရှာတတ်ရင် ဒါပထမအဆင့်တော့ တက်သွားပြီ၊ ဒီထက် ဒုတိယအဆင့်ကတော့ အလွတ်ပြောနိုင် တာပေါ့၊ အလွတ်မပြောနိုင်သည့်တိုင်အောင် ကြည့်လို့သိရင် တော်ပါပြီ၊ အလွတ်ပြောနိုင်ရန်တော့အကောင်းဆုံးပဲ၊ နည်းနည်းလုပ်သွားရင်တော့ ပြောနိုင် လိမ့်မယ်။

စေတသိက်ပိုင်းကျတော့ စိတ်သဘောတွေ, နာမ်သဘောတရားတွေ အများကြီးကိုလေ့လာရတယ်၊ ဖဿ, ဝေဒနာ, သညာ, စသည်ဖြင့်၊ အဲဒီတော့ အဲဒါတွေက စိတ်နှင့် အတူတကွဖြစ်တယ်နော်၊ သို့သော် သူ့သဘာဝလေးနှင့် သူ သီးခြားလေးတွေ ရှိတယ်၊ အဲလို သီးခြားလေးတွေဖြစ်နေတာကို မြတ်စွာဘုရားက တစ်ခုစီ၊ တစ်ခုစီ ထုတ်ပြီးတော့ ဟောသွားတာ၊ ဓမ္မသင်္ဂဏီ ပါဠိတော်မှာ ဒါတွေ အကုန်ဟောထားတယ်။

အဲဒီတော့ အရင်ပြောဖူးတဲ့အတိုင်းပဲ၊ သမုဒ္ဒရာထဲကရေကို ဒါက ဂင်္ဂါမြစ်ကရေပဲ, ဒါက ယမုံနာမြစ်ကရေပဲလို့ ပြောရတာကမှ လွယ်သေးတယ်၊ နာမ်တရားတွေ အတူတူဖြစ်တယ်၊ အာရုံတစ်ခုထဲယူနေတဲ့ နာမ်တရားတွေထဲမှာ ဒါက ဖဿပဲ၊ ဒါက ဝေဒနာပဲလို့ပြောဖို့ရာ အများကြီးခဲယဉ်းတယ်၊ ဒီခဲယဉ်းတာကို မြတ်စွာဘုရားက ဟောတော်မူသွားတယ်၊ အဲသလို ဟောတော်မူသွားတာကိုအာရုံပြုပြီးတော့ ဘုရားကို ပူဇော်သောအားဖြင့်လည်းပဲ အဘိဓမ္မာကို လေ့လာထိုက်တယ်။

ပြီးတော့လည်းပဲ အဘိဓမ္မာနားလည်ရင် ဘုရားစာဖတ်ရတာ ပိုပြီးတော့

နားလည်လိမ့်မယ်၊ ပိုပြီးတော့ လေးလေးနက်နက် ဖြစ်လာလိမ့်မယ်၊ အဘိဓမ္မာ မတတ်ပဲနဲ့ ဖတ်တာနဲ့ အဘိဓမ္မာတတ်ပြီးမှ ဖတ်တာနဲ့ ကွာလာတာ ကိုယ့်ဟာကိုယ် သိလာလိမ့်မယ်။

ဒါက စာဖတ်တာတင်ပြောသေးတာ၊ ကိုယ်ကိုယ်တိုင် တရားထိုင်လာတဲ့ အခါမှာတွေ့တာ ကြုံတာတွေကျတော့လည်းပဲ အဘိဓမ္မာတတ်ပြီးထားရင် ပိုပြီးတော့ လေးလေးနက်နက် နားလည်တယ်၊ အသိဉာဏ်ပိုပြီးတော့ရှင်းတယ်၊ ပြီးတော့ ဒီအဘိဓမ္မာ ဗဟုသုတကို ကိုယ့်နေ့စဉ်ဘဝမှာလည်းပဲ သုံးသွားရမယ်။

အခု ကုသိုလ်ဆိုတာဘာ, အကုသိုလ်ဆိုတာဘာဆိုတာ သိပြီဆိုရင် အကုသိုလ် မဖြစ်အောင် ကိုယ်ရှောင်ရမယ်ပေါ့၊ ကုသိုလ်ဆိုရင် ဖြစ်နိုင်သမျှ ကြိုးစားပြီးတော့ ဆည်းပူးရမယ်ပေါ့။

ဟို ရှေးတုန်းက အဘိဓမ္မာမသင်ခင်ကဆိုရင် ကုသိုလ် အကုသိုလ်ဆိုတာ မသိကြ ဘူးနော်၊ သာမညတော့သိတယ်၊ တကယ့်တကယ်ကျတော့ မသိဘူး၊ အဘိဓမ္မာ တတ်လာပြီဆိုရင် ကုသိုလ်, အကုသိုလ်လည်းပဲ တကယ်ကွဲကွဲခြားခြား သိတယ်၊ သိလာရင် သိတဲ့အတိုင်း ရှောင်နိုင်တယ်, ဆောင်နိုင်တယ်နော်။

မြတ်စွာဘုရားဟောထားတဲ့ ဂါထာလေးရှိတယ်၊ သဗ္ဗပါပဿ အကရဏံ ဆိုတာ အလုံးစုံသောအကုသိုလ်ကို မပြုခြင်း၊ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်း၊ စိတ်ကိုဖြူစင်အောင်ထားခြင်း၊ ဒါမြတ်စွာဘုရားတွေရဲ့ အဆုံးအမပဲ၊ အဘိဓမ္မာ မတတ်ရင် အဲဒါတောင်မှ ဘယ်လိုလုပ်ပြီး ပြည့်ပြည့်ဝဝ နားလည်မလဲ။

ဒါကြောင့်မို့ အဘိဓမ္မာတတ်ရတာဟာ အလွန်ကျေးဇူးများတယ်တဲ့နော်၊ ပြီးတော့ ဒါဟာအခု တက္ကသိုလ်တွေမှာသင်နေတဲ့ ဆိုက်ကော်လော်ဂျီလို ပညာရပ် တစ်ခုပဲ၊ နည်းနည်းလုပ်သွားလို့ ကိုယ်တတ်သွားရင် တော်ကြာကျတော့ တတ်မှန်းမသိ သူ့ဟာသူ တတ်သွားလိမ့်မယ်၊ ကျန်ရစ်တဲ့သူတွေက အဲဒီကျမှ ဟာ သူတို့တွေက တတ်ကုန်ပြီ, တို့တော့ကျန်ရစ်ခဲ့ပြီ ဖြစ်ကုန်မယ်။

ဒါကြောင့်မို့ တတ်နိုင်ရင်တော့ လူများများသာ လိုက်စေချင်တာ၊ သို့သော် ခက်တာက ဒီနိုင်ငံက အလုပ်တော့ရှုပ်ကြတာ။

အခု ရှေ့သွားတော့မယ်ဆိုရင် ဝေဒနာ ဟိတ်, ကိစ္စ စသည်ဖြင့်ဆိုရင် ဒီစိတ် ၁၂၁-ပါး အမြဲတမ်း ပြန်ပြန်လာရလိမ့်မယ်။

ဟိုကျတော့ (ဆိုပါတော့) ကာမာဝစရ ကုသိုလ်စိတ်လို့ ပြောလိုက်ရင် ကိုယ်က ဒီမှာမြင်နေရင် တန်သွားမယ်၊ ဒါမှမဟုတ် ဒါကို ကွဲကွဲပြားပြား မမြင်ဘူး

ဆိုရင် ဝါးတားဝါးတား ဖြစ်သွားလိမ့်မယ်။

ဒါလေး နည်းနည်းလေး မှတ်မိသွားရင် အကျယ်ပြန့်နားထောင် ပိုပြီးတော့ ကောင်းသွားတာပေါ့။

ပကိဏ်းပိုင်းဆိုတာက သူ့ကို ဝေဒနာနှင့်ခွဲလိမ့်မယ်၊ သောမနဿနှင့်ဝေဒနာ ဖြစ်တာယှဉ်တာဘယ်လောက်, ဥပေက္ခာနှင့်ဘယ်လောက်၊ ဒါဟာ အလွန်လွယ်နေပြီ၊ စိတ်ပိုင်းစေတသိက်ပိုင်းကျေရင် အဲဒါလွယ်ပြီ။

တစ်ခါ ဟိတ်နှင့် ယှဉ်တာဆိုတာလာလိမ့်မယ်၊ ဟိတ် ၁-ပါးနှင့်ယှဉ်တာ စိတ်ဘယ်လောက်ရှိတယ်, ဟိတ် ၂-ပါးနှင့်ယှဉ်တာက စိတ်ဘယ် လောက်ရှိတယ်၊ ဟိတ်၃-ပါးနဲ့ ယှဉ်တာ စိတ်ဘယ်လောက်ရှိတယ်၊ ဟိတ် ၆-ပါးနှင့် ယှဉ်တာက စိတ်ဘယ်လောက်ရှိတယ်ဆိုတာ၊ ဒီစိတ်မှ မသိရင် ဘယ်လိုလုပ်ခွဲရမလဲ၊ တစ်ခါ ကိစ္စဆိုတာ function တွေလာလိမ့်မယ်၊ ပဋိသန္ဓေကိစ္စရှိတယ်, ဘဝင်ကိစ္စ, သမ္ပဋိစ္ဆိုင်း, သန္တီရဏဆိုတဲ့ကိစ္စတွေ၊ အဲဒါတွေကျတော့လည်း ဒါပဲခွဲရမှာပဲ၊ ဇော ကိစ္စ ၅၅-ဆိုရင် ဒီမှာရှာရမယ်၊ ပဋိသန္ဓေ ကိစ္စတပ်တဲ့စိတ် ၁၉-ပါးရှိတယ်၊ ဆိုရင် ဒါ ဒီမှာ ပြောလိုက်ရင်ရတယ်။

ဒွါရလာလိမ့်မယ်၊ ဘယ်ဒွါရမှာဖြစ်တယ်၊ ဒီစိတ်က စက္ခုဒွါရမှာဖြစ်တယ်၊ သောတဒွါရမှာဖြစ်တယ်ဆိုတာ စသည်ဖြင့် လာလိမ့်မယ်။

တစ်ခါ အာရုံတွေ လာလိမ့်မယ်၊ ဒီစိတ်က ဘယ်လိုအာရုံပြုတယ် ရူပါရုံ သဒ္ဒါရုံ, ဂန္ဓာရုံ၊ ရသာရုံ။

## ဝေဒနာသင်္ဂဟ

### ဝေဒနာ ၁, ၂, ၃, ၅

၅ သုခ သောမနဿ ဥပေက္ခာ ဒုက္ခ ဒေါမနဿ

၃ သုခ ဥပေက္ခာ ဒုက္ခ

၂ သုခ ဒုက္ခ

၁ ဒုက္ခ

| | | | |
|---|---|---|---|
| သုခသဟဂတ | သုခသဟဂတ ကာယဝိညာဏ | | ၁ |
| ဒုက္ခသဟဂတ | ဒုက္ခသဟဂတ ကာယဝိညာဏ | | ၁ |
| သောမနဿသဟဂတ | လောဘမူ သောမနဿ | | ၄ |
| | ကာမာဝစရသောဘန သောမနဿ | | ၁၂ |
| | သောမနဿ သန္တီရဏ | | ၁ |
| | ဟသိတုပ္ပါဒ | | ၁ |
| | မဟဂ္ဂုတ်–လောကုတ္တရာ | ပဌမဈာန် | ၁၁ |
| | ॥ | ဒုတိယဈာန် | ၁၁ |
| | ॥ | တတိယဈာန် | ၁၁ |
| | ॥ | စတုတ္ထဈာန် | ၁၁ |
| | | ပေါင်း | ၆၂ |

| | | |
|---|---|---|
| ဒေါမနဿသဟဂတ | ဒေါသမူ | ၂ |
| ဥပေက္ခာသဟဂတ | လောဘမူ ဥပေက္ခာ | ၄ |
| | မောဟမူ | ၂ |
| | အဟိတ် ဥပေက္ခာ | ၁၄ |
| | ကာမာဝစရသောဘန ဥပေက္ခာ | ၁၂ |
| | မဟဂ္ဂုတ်–လောကုတ္တရာ ပဥ္စမဈာန် | ၂၃ |
| | ပေါင်း | ၅၅ |

ဝေဒနာ ၃–ပါးသည် အာရမ္မဏာနုဘဝနနည်းအရ ဖြစ်၏။
ဝေဒနာ ၅–ပါးသည် ဣန္ဒြိယဘေဒနည်းအရ ဖြစ်၏။
တစ်စီ သု ဒု၊ ဒေါ နှစ်ခု၊ သောရှု ခြောက်ဆယ့်နှစ်။
ဥပေက္ခာမူ၊ ငါးပါးယူ၊ ပေါင်းမူ တစ်နှစ်တစ်။

| ဟေတုသင်္ဂဟ | လောဘမူ ၈ | ဒေါသမူ ၂ | မောဟမူ ၂ | အဟိတ်စိတ် ၁၈ | ကာမ၊ သောဘန၊ ဉာဏသမ္ပယုတ် ၁၂ | ကာမ၊ သောဘန၊ ဉာဏဝိပ္ပယုတ် ၁၂ | မဟဂ္ဂုတ် ၂၇ | လောကုတ္တရာ ၈ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လောဘ | ။ | | | | | | | | ၈ |
| ဒေါသ | | ။ | | | | | | | ၂ |
| မောဟ | ။ | ။ | ။ | | | | | | ၁၂ |
| အလောဘ | | | | | ။ | ။ | ။ | ။ | ၅၉ |
| အဒေါသ | | | | | ။ | ။ | ။ | ။ | ၅၉ |
| အမောဟ(ပညာ) | | | | | ။ | | ။ | ။ | ၄၇ |
| | ၂ | ၂ | ၁ | ၀ | ၃ | ၂ | ၃ | ၃ | |

လော, ဒေါ, မော သုံး၊ အ– နှင့် သုံး၊ ခေါ်ထုံး ဟိတ်ခြောက်ပါ။
ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ။

# အဘိဓမ္မာသင်တန်း ၁၆

## ပကိဏ်းပိုင်း

### ဝေဒနာ, ဟေတု, ကိစ္စ, သင်္ဂဟ

ဒီနေ့ နိုဝင်ဘာလ–၂၁ ရက်နေ့၊ လွန်ခဲ့တဲ့ အပတ်က စိတ်ပိုင်း ပြန်သရုပ်ခွဲခဲ့တယ်၊ အရင့်အရင် အပတ်တွေက စေတသိက်ပိုင်းထိအောင်ကုန်သွားပြီ၊ စိတ်–၈၉၊ အကျယ် ၁၂၁–ပါးနှင့် စေတသိက် ၅၂–ပါးနှင့် အမျိုးမျိုးယှဉ်ပုံတွေ သမ္ပယောဂနည်း, သင်္ဂဟနည်းဆိုပြီးလုပ်ခဲ့တယ်၊ ဒီနေ့ တတိယပိုင်းပေါ့၊ ပကိဏ်းပိုင်းဆိုတာကို သွားရမယ်၊ တတိယပိုင်းကို ပကိဏ်းပိုင်းလို့ခေါ်တယ်။

ပကိဏ်းပိုင်းဆိုတော့ ရောရောနှောနှောပြတော့မှာပေါ့၊ အဲဒီတော့ ဒီအပိုင်းမှာ စိတ်ကိုပဲ ပဓာနထားပြီးတော့ပြသွားလိမ့်မယ်၊ စေတသိက်ကို ထည့်ပြော တော့မှာ မဟုတ်ဘူး၊ ဒါပေမယ်လို့ စိတ်ကိုပြောလိုက်ရင်စေတသိက်ကိုလဲပဲ အထိုက်အလျောက် လုပ်တတ်၊ နားလည်သွားရမယ်၊ အမှန်တော့ အဲဒါက ခက်တော့ခက်တယ်။

အဲဒီတော့ အထူးအရေးကြီးတာကဘာလဲဆိုရင် စိတ်ပဲနော်၊ စိတ်ကိုအမျိုးမျိုး ဝေဖန်ပြီးတော့ ပြောလိုက်မယ်၊ ဝေဖန်တယ်ဆိုတာ ဒီနေရာမှာ ခွဲခြား တာကိုပြောတာနော်၊ မြန်မာစကားဝေဖန်တယ်ဆိုတာက (criticize) လုပ်တာကိုတာ ဝေဖန်တယ်လို့သုံးတယ်၊ အခု ဒီမှာသုံးတဲ့ ဝေဖန်တယ်ဆိုတာက ဒီလိုမဟုတ်ဘူး, ခွဲ ခြမ်း ပြတာ။

အဲဒီ ပကိဏ်းပိုင်းမှာ အခန်း ၆–ခန်းရှိတယ်၊ သူက သင်္ဂဟလို့ခေါ်တယ်၊ ပထမအခန်းကို အခု စာရွက်မှာကြည့်လိုက်ရင် ဝေဒနာ သင်္ဂဟလို့ တွေ့လိမ့်မယ်နော်၊ စာရွက်က အစဉ်အတိုင်းသွားရမှာ။

အဲဒီတော့ ဝေဒနာ သင်္ဂဟမှာ သင်္ဂဟဆိုတာ သိမ်းယူတာ, ပေါင်းယူတာလို့ ဆိုလိုတယ်၊ အဲဒီတော့ စိတ်တွေကို ဝေဒနာနှင့်ခွဲခြမ်းဝေဖန်ပြီးတော့ပြမယ်ပေါ့၊ ပထမဆုံး အခန်းကို ဝေဒနာ သင်္ဂဟလို့ခေါ်တယ်။

အဲဒီတော့ ဝေဒနာသင်္ဂဟမှာ စိတ်တွေကို ဝေဒနာနှင့် ခွဲခြမ်းဝေဖန်ပြမှာ ဖြစ်တော့ ရှေးဦးစွာ ဝေဒနာကို နားလည်ရမယ်ပေါ့၊ ဝေဒနာကို ဘယ်မှာတွေ့ခဲ့ဖူး သလဲ၊ စိတ်ပိုင်းမှာလည်း တွေ့ခဲ့ဖူးပြီ၊ စေတသိက်ပိုင်းမှာလည်း တွေ့ခဲ့ဖူးပြီနော်၊ ဝေဒနာဆိုတာ စေတသိက် ၅၂ ပါးထဲက ၁–ပါးပေါ့၊ အဲဒီ ဝေဒနာကို မြတ်စွာ ဘုရားက အမျိုးမျိုး ဟောတော်မူတယ်။

အဲဒီတော့ ဝေဒနာကို ၅–ပါးလို့ ဟောတဲ့နေရာလည်းရှိတယ်၊ ၃–ပါးလို့ ဟောတဲ့နေရာလည်းရှိတယ်၊ ၂–ပါးလို့ ဟောတဲ့ နေရာလည်းရှိတယ်၊ ၁–ပါးလို့ ဟောတဲ့ နေရာလည်းရှိတယ်။

ဝေဒနာကို မြတ်စွာဘုရားက ပုဂ္ဂိုလ်အားလျော်စွာ အရာဌာန အားလျော်စွာ ဝေဖန်ပြီးတော့ ဟောတော်မူတယ်၊ အဲဒီဟောတဲ့ အထဲက အခု သင်္ဂြိုဟ်ကျမ်းမှာ ဟောနည်း ၂–မျိုးကို ယူတယ်၊ အဲဒီ ၂–မျိုးက ဘာလဲဆိုရင် ၅–ပါးနှင့် ၃–ပါး၊ ဝေဒနာ ၅–ပါးနည်း, ဝေဒနာ ၃–ပါးနည်း, ဒီ ၂ မျိုး၊ တခြားနည်း ၂–မျိုးကတော့ သင်္ဂြိုဟ်မှာ တိုက်ရိုက်မပြဘူး၊ သို့သော် ဋီကာဆိုတဲ့ အဖွင့်ကျမ်းတွေမှာ ပြတယ်၊ အဲဒီတော့ ရှေးဦးစွာ များရာကပဲ စလိုက်ကြစို့။

ဝေဒနာ ၅–မျိုးကို မြတ်စွာဘုရားက ဟောတော်မူတယ်၊ အဲဒီ ဝေဒနာ ၅–မျိုးက ဘာဝေဒနာတွေတုန်း၊ အစဉ်အတိုင်း ဖတ်လိုက်မယ်ဆိုရင်၊

(၁) သုခဝေဒနာ

(၂) သောမနဿဝေဒနာ

(၃) ဥပေက္ခာဝေဒနာ

(၄) ဒုက္ခဝေဒနာ

(၅) ဒေါမနဿ ဝေဒနာ

ဟို စာမှာဟောတဲ့ အစဉ်အတိုင်းဆိုရင်တော့ကို သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာနော်, အဲသလို သွားတယ်။

အဲဒီ ဝေဒနာ ၅–မျိုးက ဘာနည်းနဲ့ ခွဲတာလဲဆိုရင် (ဟိုအောက်မှာရှိတယ်) ဝေဒနာ ၅–ပါးသည် ဣန္ဒြိယဘေဒနည်းအရဖြစ်၏တဲ့၊ ဣန္ဒြိယဘေဒဆိုတာ နောင်အခါကျတော့ ဣန္ဒြေဆိုတာတွေကို ဟောတဲ့အခါမှာ ဣန္ဒြေ ၂၂–ပါးရှိတယ်၊ အဲဒီ ၂၂–ပါးထဲမှာ ဝေဒနာကို ၅–မျိုးခွဲပြီးတော့ မြတ်စွာဘုရားက ဟောတော်မူတယ်။ အဲဒီ ဣန္ဒြိယ ဘေဒနည်းအရ၊ ဝေဒနာ ၅–မျိုး၊

အဲဒီ ၅–မျိုးက ဘာလဲဆိုရင် သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေတဲ့၊ အဲဒီလို ၅–မျိုးခွဲပြီး ဟောတော်မူတယ်။

သုခဝေဒနာဆိုတာ ကောင်းတဲ့အတွေ့အထိကို ခံစားတဲ့ ဝေဒနာကို သုခဝေဒနာ လို့ခေါ်တယ်၊ ကောင်းတဲ့အရာဝတ္ထုနှင့် တွေ့ထိရတယ်၊ ခန္ဓာကိုယ်နှင့် တွေ့ထိတာ ပြောတာ, စိတ်နှင့်တွေ့ထိတာ မဟုတ်ဘူး၊ အဲသလို ခန္ဓာကိုယ်နဲ့ တွေ့ထိပြီးတော့ ခံစားရတဲ့ ဝေဒနာကို သုခဝေဒနာတဲ့။

ဒုက္ခဝေဒနာဆိုတာ ဆင်းရဲတဲ့အတွေ့အထိနဲ့ တွေ့ထိပြီးခံစားရတဲ့ ဝေဒနာပေါ့၊ တစ်စုံတစ်ခု ခိုက်မိလို့နာသွားတယ်၊ ကြမ်းကြမ်းထမ်းထမ်းကြီးနဲ့ ပွတ်တိုက်မိတယ် စသည်ပေါ့လေ၊ အဲဒီ ဝေဒနာကို ဒုက္ခဝေဒနာလို့ခေါ်တယ်။

ဒါဖြင့် သုခဝေဒနာက ကောင်းတဲ့အတွေ့အထိကိုခံစားတာပေါ့၊ ဒုက္ခ ဝေဒနာက မကောင်းတဲ့ အတွေ့အထိကို ခံစားတာ။

သောမနဿ ဝေဒနာဆိုတာက စိတ်ဆိုင်ရာ ခံစားမှု, ခုနဟာက ခန္ဓာကိုယ်နှင့် ပတ်သက်တယ်၊ အခုဟာက ခန္ဓာကိုယ်နှင့် မပတ်သက်ပဲနဲ့ရိုးရိုးကောင်းတဲ့ အာရုံကို ခံစားမှု၊ အလိုရှိအပ်တဲ့အာရုံ, ကောင်းတဲ့ အာရုံကို ခံစားမှု ကောင်းတာ တစ်ခုခု မြင်ရတယ်, ကြားရတယ်ဆိုရင်ဖြစ်တဲ့ ဝမ်းမြောက်မှုမျိုးကို သောမနဿ ဝေဒနာလို့ ခေါ်တယ်။

ဒေါမနဿ ဝေဒနာဆိုတာက မကောင်းတဲ့အာရုံ အလိုမရှိအပ်တဲ့ အာရုံကို ခံစားမှု၊ မမြင်ချင်တာ မြင်ရတယ်, မကြားချင်တာကြားရတဲ့ဟာမှာ ဖြစ်တဲ့ ဝေဒနာမျိုး၊ အဲဒါက ဒေါမနဿ ဝေဒနာတဲ့။

ဥပေက္ခာဝေဒနာဆိုတာကတော့ ဣဋ္ဌမဇ္ဈတ္တလို့ခေါ်တယ်၊ အကောင်းတော့ အကောင်းပဲ၊ ဒါပေမယ်လို့ သာမန်အကောင်းပေါ့၊ အကောင်းက ၂–မျိုးရှိတယ်၊ အလွန်အကောင်းနှင့် သာမန်အကောင်း၊ သာမန်အကောင်းအာရုံမျိုးကို တွေ့ပြီးတော့ အလယ်အလတ် ခံစားမှုမျိုး၊ ဝမ်းသာတာလည်း မဟုတ်ဘူး၊ ဝမ်းနည်းတာလည်း မဟုတ်ဘူး၊ စိတ်ဆိုးတာလည်း မဟုတ်ပဲနဲ့ အလယ်အလတ် ခံစားမှုမျိုး၊ ဒါကို

စာမှာကျတော့ လျစ်လျူရှုတယ်လို့ သုံးတယ်နော်၊ အဲဒီဝေဒနာမျိုးကို ဥပေက္ခာဝေဒနာလို့ခေါ်တယ်။

အဲဒီ ဝေဒနာ ၅–မျိုးရှိတယ်၊ အမှန်ကတော့ ဒီ ၅–မျိုး တွေ့ဖူးပြီးသားပါနော်၊ စိတ်ပိုင်းတုန်းက တွေ့ခဲ့ဖူးပြီ၊ ဒါက ဣန္ဒြိယ ဘေဒနည်းအရ ဝေဒနာ၅–မျိုးတဲ့။

တစ်ခါတစ်ခါကျတော့ မြတ်စွာဘုရားက ဝေဒနာ ၃–မျိုးရှိတယ်ဆို ဟောတော်မူတယ်၊ ပါဠိတော်တွေမှာဖတ်ရင် တစ်နေရာကျတော့ ၅–မျိုးတွေ့မယ်၊ တစ်နေရာကျတော့ ၃–မျိုးတွေ့မယ်၊ အဲဒီလို တွေ့တတ်တယ်။

အဲဒီတော့ ၃–မျိုးဆိုတော့ ဘာဖြစ်သွားသလဲ၊ ဘာတွေကို ၃–မျိုးလို့ခေါ်သလဲ၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ, တစ်ခါတစ်ခါကျတော့ မြတ်စွာဘုရားက ဝေဒနာ ၃–မျိုးရှိတယ်ဟော့, ဘာလဲဆိုရင်၊ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာလို့၊ အဲဒီလို ဟောတယ်၊ အဲဒီလိုဟောတဲ့အခါမှာ နားလည်ရမှာက အဲဒီအခါကျတော့ သုခက သုခိန္ဒြေဆိုတဲ့ သုခဝေဒနာကိုသာ ဒီနေရာမှာ ဆိုလိုတာမဟုတ်ဘူး၊ သောမနဿကိုပါ ဆိုလိုတာ။

ဒါကြောင့်မို့ ဣန္ဒြိယဘေဒနည်းအရ ၅–ပါးထဲက သုခနှင့် သောမနဿ ၂–ခုကိုပဲ တစ်ပေါင်းတည်း ပြုပြီးတော့ သုခလို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဣန္ဒြိယဘေဒနည်းမှာ ဒုက္ခနှင့် ဒေါမနဿ ၂–ခုကို တစ်ပေါင်းတည်းပြုပြီးတော့ ဒုက္ခဝေဒနာလို့ ဟောတော်မူတယ်။

ဒါဖြင့် ဝေဒနာ ၃–ပါးကို ဟောပေမယ်လို့ အမှန်ကတော့ နားလည်ရမှာကတော့ ၅–ပါးပဲပေါ့နော်။

မြတ်စွာဘုရားက အမျိုးမျိုးဟောတာ, ဝေဒနာ ၃–ပါးရှိတယ်လို့ ပြောရင်လည်း အမှန်ကတော့ ဝေဒနာ ၅–ပါးနှင့် အတူတူပါပဲ၊ ဝေဒနာ ၃–ပါးအရမှာ သုခဟာ ဘာကို ဆိုလိုသလဲဆိုရင် သုခနှင့် သောမနဿကို ဆိုလိုတယ်၊ ဒုက္ခ ကကော ဒုက္ခနှင့် ဒေါမနဿကို ဆိုလိုတယ်၊ ဥပေက္ခာကတော့ ဥပေက္ခာပဲနော်။

အဲဒီလို ၅–ပါးနှင့် ၃–ပါး ၂–မျိုးက အဘိဓမ္မာမှာ တိုက်ရိုက်လာတယ်၊ အဘိဓမ္မာမှာ တိုက်ရိုက်လာတဲ့အတွက်ကြောင့်မိုလို့ ဒီ၂–မျိုးကိုပဲ သင်္ဂြိုဟ်ကျမ်းရင်းမှာ ပြတယ်။

တစ်ခါတစ်ခါကျတော့ မြတ်စွာဘုရားက ဝေဒနာ ၂–မျိုးသာ ရှိတယ်လို့ ဟောတော်မူပြန်တယ်၊ အဲဒီ ၂–မျိုးသာ ရှိတယ် ဆိုပြန်တော့လည်းပဲ နားလည်ရမှာကတော့ အကုန်လုံးကိုပဲ နားလည်ရမှာပါပဲနော်၊ ဒီအခါကျတော့ ဥပေက္ခာကို

သုခထည့်ထားတယ်၊ ဘာကြောင့်လဲဆိုတော့ကို သုခကလည်းပဲ ငြိမ်းချမ်းတဲ့ သဘော ရှိတယ်၊ ဥပေက္ခာကလည်းပဲ ငြိမ်းချမ်းတဲ့သဘောရှိတယ်၊ ဒါကြောင့်မို့ ဥပေက္ခာ ဝေဒနာဟာ သုခဝေဒနာနှင့် အလားတူတယ်၊ ချွတ်စွတ်တူတယ်လို့ ဆိုလိုတာ မဟုတ်ဘူး၊ ဆင်တူတယ်လို့ ဆိုလိုတယ်၊ အဲဒီ ဆင်တူတဲ့အတွက်ကြောင့်မို့လို့ သုခနှင့် ဥပေက္ခာ ၂–ခုကိုပဲ သုခလို့ မြတ်စွာဘုရားက ဟောတော်မူတယ်၊ ဒုက္ခကို ဒုက္ခလို့ ဟောတော်မူတယ်။

ဒါကြောင့်မို့ လောကမှာ ဝေဒနာ ၂–မျိုးထဲသာ ရှိတယ်၊ သုခနှင့် ဒုက္ခလို့ဟောရင် နားလည်ရမှာကတော့ ဝေဒနာ ၃–မျိုး (သို့မဟုတ်) ၅–မျိုးပဲ၊ ဒါက ဝေဒနာ ၂–မျိုးလို့ ဟောထားတာတွေ့ရင်ပေါ့၊

တစ်ခါတစ်ခါကျတော့ မြတ်စွာဘုရားက လောကမှာ ဝေဒနာ တစ်မျိုးတည်းပဲ ရှိတယ်တဲ့၊ အဲဒီတစ်မျိုးကကော ကောင်းတာ မဟုတ်ဘူး၊ ဒုက္ခဝေဒနာ တစ်မျိုးတည်းပဲ ရှိတယ်၊ ဒါကဘာလဲဆိုတော့ သင်္ခါရ ဒုက္ခဆိုတဲ့အနေနဲ့ ကြည့်မယ်ဆိုရင် လောက မှာ ရှိရှိသမျှ ဝေဒနာတွေဟာ ဒုက္ခဝေဒနာချည်းပဲနော်၊ သင်္ခါရဆိုတာ အကြောင်း တရားတို့ရဲ့ ပြုပြင်ခြင်း, အကြောင်းတရားတို့က ပြုပြင်အပ် တာကို သင်္ခါရလို့ ခေါ်တယ်။

အဲဒီတော့ အကြောင်းတရားတို့က ပြုပြင်အပ်တယ်လို့ ဆိုသဖြင့် သူဟာ အဖြစ်ရှိတယ်, အပျက်ရှိတယ်၊ တစ်စုံတစ်ခုသော သူကဖြစ်စေ, ဒီတရားတစ်ခုခုက ဖြစ်စေ, ပြုလုပ်လိုက်တယ်ဆိုရင် အပြုလုပ်ခံရတဲ့ ပစ္စည်းဟာ ပထမဖြစ်လာရမယ်၊ အဖြစ်ရှိရင် အပျက်ရှိမယ်၊ အဲဒီလို အဖြစ်အပျက်နဲ့ အဖြစ်အပျက်ရဲ့ အနှိပ်စက် ခံနေရတာကို သင်္ခါရ ဒုက္ခလို့ ခေါ်တာ။

ဒါကြောင့်မို့ ရိုးရိုးအနေအားဖြင့် ကြည့်ရင် ကောင်းတဲ့ဝေဒနာတွေရှိတယ်၊ ကောင်းတာလေး မြင်နေရတယ်ဆိုရင် ချမ်းသာနေတယ်နော်၊ ကောင်းတာလေး ကြားနေရင်, ကောင်းတာလေး စားနေရင် ချမ်းသာလို့ လောကမှာဆိုရတယ်၊ အဲဒီ ချမ်းသာလို့ဆိုရတာသည်ပင် သင်္ခါရအနေနဲ့ ကြည့်လိုက်မယ်ဆိုရင်တော့ ဆင်းရဲတယ်တဲ့, ဒုက္ခတဲ့, ဘာကြောင့်တုန်း၊ အဲဒီ ချမ်းသာတဲ့ ကောင်းတဲ့ခံစားမှု လေးဟာ အမြဲမတည်ဘူး၊ ဖြစ်ပေါ်လာမယ်၊ ဖြစ်ပေါ်လာပြီးရင် သူ ချုပ်ပျောက် သွားမယ်။

ဒါကြောင့်မို့ လောကမှာ ရှိရှိသမျှဟာ အဖြစ်အပျက်က လွတ်တာ ဟ်လို့ မရှိဘူး၊ အဲလို အဖြစ်အပျက်က လွတ်တာမရှိရင် အဲဒါဟာ ဒုက္ခပဲ, ဆင်းရဲတယ်။

ဘာကြောင့်တုန်း, အဖြစ်အပျက်ရှိရင်မမြဲဘူး၊ မမြဲရင်ဆင်းရဲတာပဲ၊ ဒါကြောင့်မို့ အဲဒီနည်းအရဆိုတော့ လောကမှာ ဝေဒနာ တစ်မျိုးတည်းပဲရှိတယ်၊ ဒုက္ခဝေဒနာ တစ်မျိုးပဲတဲ့။

ဒါကြောင့်မို့ အားလုံးပေါင်းလိုက်ရင် ဝေဒနာ ၁–မျိုး၊ ၂–မျိုး၊ ၃–မျိုး၊ ၅–မျိုး၊ ဒါ နောင်စာဖတ်တဲ့အခါတို့ ဘာတို့မှာ တွေ့ရင် နားလည်ဖို့ပေါ့နော်။

အဲဒီ ဝေဒနာ ၅–မျိုး နားလည်ပြီးတဲ့နောက် စိတ် ၈၉–သို့မဟုတ် အကျယ် ၁၂၁–ပါးကို ဝေဒနာ ၅–မျိုးနှင့် ခွဲခြားရလိမ့်မယ်၊ ဘယ်စိတ်က သုခဝေဒနာနဲ့ ယှဉ်တယ်၊ ဘယ်စိတ်က သောမနဿ ဝေဒနာနှင့် ယှဉ်တယ် စသည်ဖြင့် ခွဲခြား ရလိမ့်မယ်၊ အခု စာရွက်ထဲမှာ ပေးထားတဲ့ အတွက်ကြောင့်မို့လို့ သိပ်တောင်မှ လုပ်ဖို့မလိုတော့ပါဘူးနော်၊ သို့သော် ဒီ အစက်တွေကိုကြည့်ပြီးတော့ လုပ်ကြည့် စမ်းပါ။

သုခဝေဒနာနဲ့တကွ ဖြစ်တဲ့စိတ် (သို့မဟုတ်) သုခဝေဒနာနှင့်ယှဉ်တဲ့စိတ်ဟာ ဘယ်နှစ်ခုသာရှိသတုန်း၊ တစ်ခုတည်းပဲရှိတယ်တဲ့၊ သုခသဟဂတ ကာယဝိညာဏနော်၊ ဘယ်စိတ်တုန်း၊ ဒီမှာကြည့်ရင် ကြက်ခြေအနီပေါ့။

ဘစ်ခါ ဒုက္ခဝေဒနာနှင့် ယှဉ်တဲ့စိတ်၊ တစ်ခုတည်းပဲရှိတယ်၊ အဟိတ်စိတ်ထဲက ကြက်ခြေအစိမ်း။

သောမနဿ ဝေဒနာနှင့်ယှဉ်တာ ဘယ်လောက်ရှိသလဲတဲ့၊ ၆၂–ရှိတယ်နော်၊ ဒီဟာ မြင်လိုက်ရင်တော့ လွယ်နေပြီနော်၊ ဒီ chartကို ကြည့်လိုက်ရင်တော့လွယ်နေပြီ၊ ဘာလဲ, အနီတွေ လျှောက်ရေးရုံပဲနော်။

ဒါဖြင့် လောဘမူသောမနဿ ဘယ်လောက်ရှိသလဲ, ၄–ခုရှိတယ်၊ ကာမာဝစရ သောဘန၊ သောမနဿ ဘယ်လောက်ရှိသလဲ၊ ၁၂–ခုရှိတယ်နော်၊ ပြီးတော့ အဟိတ်စိတ်ထဲ ပြန်လာတဲ့ သောမနဿ သန္တီရဏရှိတယ်၊ ဟသိတုပ္ပါဒ် ရှိတယ်း ဒါက သင်္ဂြိုဟ်လာတဲ့အတိုင်းရေးတာမို့ ဟိုရောက်ဒီရောက်ဖြစ်နေတာ၊ ဒါ မတတ် နိုင်ဘူး၊ အစဉ်အတိုင်း ရေချင်လဲရေပါ၊ အစဉ်အတိုင်း ရေမယ်ဆိုရင်

– လောဘမူသောမနဿ ၄
– သောမနဿ သန္တီရဏ ၁
– ဟသိတုပ္ပါဒ် ၁
– ကာမာဝစရ သောဘန သောမနဿ ၁၂

တစ်ခါ မဟဂ္ဂုတ် လောကုတ္တရာ ပေါင်းလိုက်ကြစို့၊ မဟဂ္ဂုတ် လောကုတ္တရာ

ပထမစျာန် ဘယ်လောက်တုန်း၊ မဟဂ္ဂုတ် လောကုတ္တရာဆိုရင်အကုန်လုံး သွားရမယ်၊ ၁၁ –ပါးနော်။

– မဟဂ္ဂုတ် လောကုတ္တရာ ပထမစျာန် ၁၁–ပါး
– ဒုတိယစျာန် ၁၁–ပါး
– တတိယစျာန် ၁၁–ပါး
– စတုတ္ထစျာန် ၁၁–ပါး

အားလုံးပေါင်းရင် ဘယ်လောက်ဖြစ်သလဲ ၆၂–ဖြစ်တယ်၊ အဲဒီ ၆၂–ဟာ သောမနဿဝေဒနာနှင့်ယှဉ်တာ၊ ဘာမှမခက်ပါဘူး၊ စိတ်ပိုင်းကျေပြီးရင် ပြောနေစရာတောင် မလိုဘူး၊

ဒေါမနဿ ဝေဒနာနှင့်ယှဉ်တဲ့စိတ် ဘယ်နှစ်ခုရှိသလဲ၂–ပါးရှိတယ်၊ ဒေါသမူ ဒွေးပေါ့၊ သူက ဒေါမနဿ ဝေဒနာနှင့် ယှဉ်တာ။

ဥပေက္ခာဝေဒနာနှင့် ယှဉ်တဲ့စိတ် ၅၅–ပါး ရှိတယ်၊ စာရွက်ကြည့်ပြီးတော့ ပြောရင်လည်းရတယ်, ဇယားကွက်ကြည့်ပြီးတော့ ပြောရင်လည်းရတယ်၊ ဇယားကွက် ကြည့်ပြီးတော့ ပြောလိုက်စမ်းပါ၊ လောဘမူ ဥပေက္ခာ ၄–ပါး၊ မောဟမူစိတ် ၂–ပါး၊ ပြီးတော့ အဟိတ်စိတ်ထဲက ဥပေက္ခာ ဘယ်နှစ်ခုတုန်း၊ ဘယ်လောက်ရှိသတုန်း ၁၄–ခု၊ ၁၄–ပါး။

ကာမာဝစရ သောဘန ဥပေက္ခာ၁၂–ပါး၊ ကိုင်း,ဒါတွေ အကုန်ပေါင်းလိုက် ကြစို့၊ မဟဂ္ဂုတ် လောကုတ္တရာ ပဉ္စမစျာန် ၂၃–ဟုတ်ရဲ့လား၊ မဟဂ္ဂုတ်လောကုတ္တရာ ပဉ္စမစျာန် ၂၃၊ အားလုံးပေါင်းလိုက်ရင် ၅၅–နော်၊ အဲဒါ ပေါင်းလိုက်ရင် သုခသဟဂုတ် ၁၊ ဒုက္ခ သဟဂုတ်–၁၊ သောမနဿ–၆၂၊ ဒေါမနဿ–၂၊ ဥပေက္ခာ –၅၅၊ ပေါင်းလိုက်ရင် ဘယ်လောက် ဖြစ်သွားမလဲ၊ ၁၂၁–ပါး ဖြစ်သွားမယ်၊ ဒါပါပဲ။

ဝေဒနာအားဖြင့် စိတ်ကို ဝေဖန်တာဟာ ဘာမှမခဲယဉ်းပါဘူးနော်၊ စိတ်ပိုင်း ကျေပြီးရင် ပြောနေစရာတောင် မလိုဘူး၊ အလိုလိုကိစ္စပြီးတယ်၊ ထပ်ပြီးတော့ သတိရအောင် အနေနဲ့ ပြန်ပြောတာ။

ဒါကြောင့်မို့ ဝေဒနာ ၃–ပါးလို့ ဟောတာက ဘာနည်းတဲ့တုန်း၊ အာရမ္မဏာနု ဘဝနနည်းအားဖြင့် ဖြစ်၏တဲ့၊ အာရမ္မဏာက အာရုံ, အနုဘဝနက ခံစားတာနော်၊ အဲဒီတော့ အာရုံကို ခံစားတဲ့နည်းအားဖြင့် ပြောရင် ဝေဒနာ ၃–ပါးတဲ့။

ဣန္ဒြိယဘေဒနည်းအရအားဖြင့် ဣန္ဒြေ ၂၂–ထဲမှာ ဟောထားတဲ့ နည်းအားဖြင့်

ဆိုရင်တော့ ဝေဒနာ ၅–ပါး၊ အောက်က ဟာလေးကတော့ လက်ာလေးနော်၊ စာရွက်ထဲမှာ ကွက်လပ်ကလည်း ရှိနေတာနဲ့ လယ်တီဆရာတော်ရေးထားတဲ့ လက်ာထည့်မလို့ဆိုတော့ ဆရာတော် လက်ာက ပါဠိတွေချည်းဖြစ်နေတော့ ဘာမှ သိမှာမဟုတ်ဘူး၊ ဒါကြောင့်မို့ မြန်မာလို ပြန်ရေးလိုက်တယ်၊ ဒါတောင် ပါဠိကတော့ ပါသင့်သလောက် ပါသေးတာပဲ၊ 'တစ်စီသုဒ' ဒါဘာတုန်း, သုခသဟဂုတ် ၁–ခု၊ ဒုက္ခသဟဂုတ် ၁–ခု ၁–ခုစီ၊ 'ဒေါနှစ်ခု' ဒေါမနဿသဟဂုတ် ၂–ခု၊ 'သောရှု ခြောက်ဆယ့်နှစ်' သောမနဿ–၆၂၊ 'ဥပေက္ခာမူငါး ငါးယူ'နော်၊ ဥပေက္ခာ ၅၅–ပါး၊ 'ပေါင်းမူ တစ်နှစ်တစ်'နော် ၁၂၁–ပါး၊ ဟုတ်ပြီလား၊ ဒီလက်ာလေး ကျက်ထားရင်လည်း မြန်မြန်သိတယ်ပေါ့လေ၊ ဒီထက်တော့ ပါဠိကို ရှောင်လို့ မရတော့ဘူး၊ ဟုတ်လား၊ လယ်တီဆရာတော် ဘုရားလက်ာ နားလည်ကြလား၊ ဘာမှ နားမလည်ဘူး၊ ဒါလည်း မြန်မာလက်ာအနေနဲ့ ရေးထားတာပဲနော်၊ ဒါကြောင့်မို့ ခက်တာ။

ဒါက ဝေဒနာသင်္ဂဟတဲ့, ဝေဒနာသင်္ဂဟက အလွန်လွယ်ပါတယ်၊ ဝေဒနာ ၃–ပါး၊ သို့မဟုတ် ဝေဒနာ ၅–ပါး၊ အခု ဒါ ဝေဒနာ ၅–ပါးနဲ့ ဝေဖန်တာ၊ ထပ်ပြီး ဝေဒနာ ၃–ပါး ဝေဖန်ကြဦးစို့။

ဝေဒနာ၃–ပါးနှင့် ဝေဖန်တယ်ဆိုတော့ သုခနှင့်သောမနဿကို တစ်ပေါင်း တည်းပြောမယ်၊ ဒုက္ခနှင့် ဒေါမနဿကို တစ်ပေါင်းတည်းပြောမယ်နော်။

အဲသလိုဆိုရင် သုခဝေဒနာနှင့် ယှဉ်တဲ့စိတ် ဘယ်လောက်ရှိသလဲ, ၆၃–နော်၊ ဒုက္ခဝေဒနာနှင့် ယှဉ်တဲ့စိတ်၊ ဒုက္ခနှင့် ဒေါမနဿ ပေါင်းရမယ်လေ ၃–ပါး၊ ဥပေက္ခာတော့ ၅၅–ပဲ၊ ဟုတ်ပြီ၊ ပြန်ပြောပါဦး။

- သုခဝေဒနာနှင့် ယှဉ်တဲ့စိတ် ၆၃–ပါး
- ဒုက္ခဝေဒနာနှင့် ယှဉ်တဲ့စိတ် ၃–ပါး
- ဥပေက္ခာဝေဒနာနှင့် ယှဉ်တဲ့စိတ် ၅၅–ပါး

အဲသလိုလည်းခွဲလို့ ရသေးတယ်နော်၊ ဒီ ၂–မျိုးပဲ၊ ၃–ပါးနည်း၊ ၅–ပါး နည်း၊ အဲဒါနဲ့ ခွဲမယ်၊ ဝေဒနာ သင်္ဂဟပြီးကြစို့။

နောက်တစ်ခုကတော့ ဟေတုသင်္ဂဟတဲ့၊ ဟိတ် ၆–ပါး ရှိတယ်၊ အဲဒီ ဟိတ်တွေနဲ့ စိတ်ကို တစ်ခါဝေဖန်ပြီးတော့ ပြဦးမယ်၊ ဟေတုကိုပဲ မြန်မာလိုဟိတ်လို့ ခေါ်လိုက်တယ်၊ ဒါ မြန်မာစကားမှာ ဒီကောင် ဟိတ်ဟန်ကြီးတယ် ဆိုတာနဲ့ မဆိုင်ဘူးနော်၊ အဲဒါကတော့ မြန်မာစကားဖြစ်အောင် လုပ်ပြီးတော့ အဓိပ္ပါယ်

တစ်မျိုးနဲ့ သုံးထားတာ။

ဒီနေရာမှာ ဟိတ်ဆိုတာ ဟေတုပဲ၊ ဒါဖြင့် ဟေတုဆိုတာ လောဘ ဒေါသ စသည် ဟေတုပစ္စယော, အာရမ္မဏပစ္စယောနှင့် တချို့လူတွေရကြလိမ့်မယ်၊ အဲဒါသိချင်ရင် အောက်က လင်္ကာလေးကို ဖတ်ကြည့်လိုက်။

*** လော, ဒေါ, မော သုံး၊ အနှင့်သုံး**

**ခေါ်သုံး ဟိတ်ခြောက်ပါး (လယ်တီဆရာတော်ဘုရားကြီးလင်္ကာ)**

အဓိပ္ပါယ်ကတော့ လောဘ, ဒေါသ, မောဟဟူ၍ ၃-ပါး၊ အနှင့်သုံးဆိုတာ အနှင့်တွဲလိုက်ဦးတဲ့ အလောဘ, အဒေါသ, အမောဟ ၃-ပါး၊ ဒါကြောင့်မို့ အားလုံးဟိတ် ၆-ပါးရှိတယ်၊ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်။

ဒီဟိတ် ၆-ပါးကို ဘယ်မှာတွေ့ခဲ့ပြီလဲ၊ စေတသိက်ပိုင်းမှာ မတွေ့ခဲ့ဘူးလား စေတသိက် ၅၂-ပါးမှာ ဒါတွေပါပြီးသားမို့လား၊ အကုသိုလ်စေတသိက်ထဲမှာ လောဘရယ်, ဒေါသရယ်, မောဟရယ် တွေ့တယ်နော်။

သောဘန စေတသိက်ထဲမှာ အလောဘရယ်, အဒေါသရယ်, အမောဟရယ် တွေ့ပြီးသား မဟုတ်ဘူးလား၊ ဒါဖြင့် ဟိတ် ၆-ပါးဆိုတာ အဆန်းမဟုတ်ပါဘူး၊ ကိုယ်သိပြီးသား, ကိုယ်နှင့် ရင်းနှီးဖူးပြီးသား နာမည်တစ်မျိုးဖြစ်နေတော့ ပေါင်းစု ပြီးတော့ သူတို့ကို ခေါ်ထားတယ်နော်၊ နာမည်တစ်မျိုးနဲ့ ခေါ်ထားတော့ ကိုယ်က မတွေ့သေးသလို ထင်သွားတယ်ဟုတ်လား။

မဟုတ်ဘူး, အကုသိုလ်စေတသိက်ထဲက ယူရမှာ, ပြီးတော့ သူနဲ့ယှဉ်လိမ့်မယ်၊ ဘာတုန်းဆိုတော့ စိတ်နှင့်စေတသိက်က တခြားစီပဲ၊ ဦးဇင်းတို့က နားလည်ရမှာ အခုက စေတသိက်တင်ကောက်တာနော်၊ အဲဒီတော့ လောဘစေတသိက်, ဒေါသ စေတသိက်, မောဟစေတသိက်, အလောဘစေတသိက်, အဒေါသစေတသိက်, အမောဟစေတသိက်၊ ဒီ ၆-ပါးကိုပဲ ဟိတ်လို့ခေါ်တယ်တဲ့။

ဟိတ်ဆိုတာ ဘာတဲ့လဲ။

*** ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ၊**

ရေသောက်မြစ်လို အတူတကွဖြစ်တဲ့ တရားတွေအပေါ်မှာ ကျေးဇူးများတဲ့ အကြောင်းတရားမျိုးကို ဟိတ်လို့ခေါ်တာ။

ဟိတ်ဆိုတာ ရှင်းရှင်းပြောရင် အကြောင်းကိုဟိတ်လို့ခေါ်တာ၊ အကြောင်း ဆိုတာ ဒီနေရာမှာ ရေသောက်မြစ်များ သစ်ပင်ကို ကျေးဇူးများသလို ယှဉ်ဘက်တရား

တွေအပေါ်မှာ ကျေးဇူးများတဲ့ သဘောတရားကို ဟိတ်လို့ခေါ်တာ။

လောဘရှိတဲ့အခါမှာ လောဘနှင့်ယှဉ်တဲ့အတွက်ကြောင့်မို့လို့ ဒီစိတ်ဟာ စည်ပင်ထွန်းကားတယ်ပေါ့လေ၊ အဲသလို အဓိပ္ပါယ်မျိုး၊ ကျမ်းဂန်တွေမှာ သစ်ပင်ရဲ့ ရေသောက် မြစ်နှင့်ဥပမာပေးတယ်။

အဲဒီတော့ အဲဒီဟိတ် ၆–ပါးမှာ အကောင်း ၃–ပါး, အဆိုး ၃–ပါး၊ ဆိုကြပါစို့၊ အကောင်းနဲ့ ဟို အလယ်အလတ် ၃–ပါး၊ အဆိုး ၃–ပါး၊ လောဘ, ဒေါသ, မောဟက အကုသိုလ်ဟိတ်, အလောဘ, အဒေါသ, အမောဟ,က ကုသိုလ်ဟိတ် ပြီးတော့ ဝိပါက်ဟိတ်, ကြိယာဟိတ်ပေါ့၊ ဝိပါက်မှာလည်းရှိတယ်, ကြိယာမှာလည်း ရှိတယ်၊ အဲဒါ ဟိတ် ၆–ပါး၊

အဲဒီ ဟိတ် ၆–ပါး သိပြီးတဲ့နောက် ဟိတ် ၆–ပါးနှင့် စိတ် ၈၉ (သို့မဟုတ်) ၁၂၁–ပါးကို ဒီအခါကျတော့ ၈၉–နှင့်ပဲသွားတော့တယ်၊ စိတ် ၈၉–ပါးကို ဝေဖန်ကြရဦးမယ်၊ အဲဒီတော့ လောဘဟိတ်နဲ့ယှဉ်တဲ့စိတ်, ဒေါသဟိတ်နဲ့ ယှဉ်တဲ့စိတ်, မောဟဟိတ်နဲ့ ယှဉ်တဲ့စိတ်, အလောဘ, အဒေါသ, အမောဟ, ဟိတ်နဲ့ယှဉ်တဲ့စိတ် ဘယ်လောက်ရှိသလဲနော်၊ အဲဒါ လယ်တီဆရာတော် ဘုရားကြီးက ဘာရေးထားသလဲ ဆိုတော့

*** စိတ်နှင့် စေယှဉ်, ကျေလည်လျှင်, ဟိတ်မြင်မခက်သေး။**

မင်းတို့ စိတ်ယှဉ်စေတသိက်ယှဉ် နားလည်ရင်ဟိတ်ယှဉ်တာ ဘာမှ မခက်တော့ဘူး၊ ပြောနေစရာတောင် မလိုပြန်ဘူး၊ သမ္ပယောဂနည်းတို့ သင်္ဂဟနည်းတို့ စေတသိက်ပိုင်း စိတ်နှင့် စေတသိက်နှင့် ယှဉ်တာ၊ အဲဒါ ယှဉ်တာ နားလည်ရင်တဲ့နော်၊ 'ဟိတ်မြင်မခက်သေး' အထူးသဖြင့်တော့ သမ္ပယောဂနည်းကျေရင် ဒါဘာမှ မခက်တော့ဘူး။

ကောင်းပြီ, သမ္ပယောဂနည်းမှာ မမှတ်မိရင် ဟိုအကွက် ပြန်ကြည့်နော်၊ ကိုင်း check လုပ်လိုက်စမ်းပါ၊ လောဘတဲ့ ကြည့်လိုက်စမ်း၊ လောဘနှင့် ယှဉ်တာ စိတ်ဘယ်လောက်ရှိသလဲ၊ လောဘဟိတ်နှင့်ယှဉ်တာ(သို့မဟုတ်) လောဘ စေတသိက်နှင့်ယှဉ်တာ စိတ်ဘယ်လောက်ရှိသလဲ၊ လောဘမူစိတ် ၈–ပါးပဲ မဟုတ်ဘူးလား၊ ဒေါသဟိတ်နှင့်ယှဉ်တာ ဒေါသမူစိတ် ၂–ပါး၊ မောဟဟိတ်နှင့် ယှဉ်တာ အကုသိုလ်စိတ် ၁၂–ပါး၊ သူက လွယ်ပါတယ်နော်၊ ပြန်ပြောစမ်း၊ လောဘဟိတ်နှင့်ယှဉ်တဲ့ လောဘမူစိတ် ၈–ပါး၊ ဒေါသဟိတ်နှင့်ယှဉ်တာ ဒေါသမူစိတ် ၂–ပါး၊ မောဟဟိတ်နှင့်ယှဉ်တာ အကုသိုလ်စိတ် ၁၂ ပါး။

ကောင်းပြီ၊ အလောဘတဲ့၊ အလောဘဆိုတာက သောဘနသာဓာရဏ ၁၉ ဆိုတာထဲမှ အကျုံးဝင်သွားပြီ၊ စိတ်ဘယ်လောက်နဲ့ ယှဉ်သလဲ,သောဘန သာဓာရဏ ဘယ်လောက်နဲ့ ယှဉ်တုန်း, ၅၉-မဟုတ်ဘူးလား၊ ဒါဖြင့် အလောဘ စေတသိက်ဟာ စိတ်ဘယ်လောက်နှင့် ယှဉ်သလဲ၊ သောဘနစိတ် ၅၉-နှင့် ယှဉ်တယ်နော်၊ အဒေါသလည်း အတူတူပဲ၊ သောဘန သာဓာရဏထဲပါသွားတယ်၊ ဒါကြောင့်မို့ အဒေါသ စေတသိက်ဟာလည်းပဲ စိတ်-၅၉ နှင့် ယှဉ်တယ်၊ ဒါ မခဲယဉ်းတော့ဘူးနော်။

အမောဟဆိုတာက ပညိန္ဒြေဆိုတာနဲ့အတူတူပေါ့၊ အဲဒီအမောဟက စိတ်ဘယ်လောက်နှင့် ယှဉ်သလဲ, ၄၇-နှင့် ယှဉ်တယ်နော်၊ ၄၇ နှင့် ယှဉ်တယ်၊ ဒါပါပဲ ဒါပေမယ့် chart နှင့် ပြန်ပြီးတော့ကိုင်ကြည့် ကြဦးစို့နော်၊ ကိုင်း chart ကြည့်လိုက်စမ်း၊ လောဘနှင့်ယှဉ်တဲ့စိတ်ဆိုရင် ဘယ်ဟာလဲ၊ လောဘမူစိတ် ၈-ပါးနော်၊ ဒေါသနှင့်ယှဉ်တာ ဒေါသမူစိတ် ၂-ပါး၊ မောဟနှင့်ယှဉ်တာ အကုသိုလ်စိတ် ၁၂-ပါး၊

အလောဘနှင့်ယှဉ်တာ သောဘနစိတ် ၅၉-ပါး၊ ဒါကြောင့်မို့ ကာမာဝစရ သောဘနကစပြီးတော့ ဟိုဘက်အကုန် လောကုတ္တရာစိတ်ကို ၈-ပါးလို့ ယူမယ်။

အဒေါသနှင့်ယှဉ်တာအတူတူပဲ၊ ဒီကစပြီးတော့ ဟိုဘက်ကိုအကုန်၊ အမောဟကျတော့ ဒီဟာတွေနဲ့ ယှဉ်နိုင်ဦးမလား၊ ဒါ ဉာဏဝိပ္ပယုတ် မဟုတ်ဘူးလားနော်၊ အဲဒီတော့ ဉာဏဝိပ္ပယုတ်ဆိုရင် အမောဟမယှဉ်ဘူး၊ ဉာဏသမ္ပယုတ်သာ ယှဉ်မယ်၊ ဒါကြောင့်မို့ ဘယ်လောက်နုတ်သွားမလဲ၊ ဒီက ၆-ခု၊ ဒီက ၆-ခု၊ ၁၂-ခု နုတ်သွားမယ်၊ ၅၉-ထဲက ၁၂-နုတ်ကြည့်စမ်းပါ၊ ၄၇-ရတယ် မဟုတ်လား၊ အဲဒီ ၄၇-ပဲ။

ဒါကြောင့်မို့ ရူပါဝစရစိတ်တွေသည် ဉာဏသမ္ပယုတ်စိတ်တွေနော်၊ အရူပါဝစရစိတ်တွေသည်ဉာဏသမ္ပယုတ်စိတ်တွေ၊ လောကုတ္တရာစိတ်သည်ဉာဏ သမ္ပယုတ်စိတ်၊ အဲဒီတော့ နောက်တစ်ခါကျတော့ ဘယ်လို ပြန်ပြီးတော့ လှည့်ရမလဲ ဆိုတော့ ဟိတ် ၁-ပါးနှင့် ယှဉ်တဲ့စိတ်, ဟိတ် ၂-ပါးနှင့် ယှဉ်တဲ့စိတ်, ဟိတ် ၃-ပါးနှင့် ယှဉ်တဲ့စိတ်, အကယ်၍များရှိသေးရင် ဟိတ်၄-ပါး၊ ဟိတ်၅-ပါး ဟိတ်-၆ပါးနှင့် ယှဉ်တဲ့စိတ်ပေါ့၊ ရှာကြည့်ကြရအောင်နော်၊ ဒီမှာကြည့်လိုက်စမ်း၊ အခု ဒီစိတ်တွေမှာ ဘာဟိတ်ယှဉ်သလဲ၊ လောဘဟိတ် တစ်ခုတည်း ယှဉ်သလား လောဘနှင့်မောဟ ၂-ခုယှဉ်တယ်၊ လောဘမူစိတ် ၈-ခုနော်၊ ဒေါသမူစိတ် ၂-ခုမှ ဒေါသနှင့်မောဟ ၂-ခုယှဉ်တယ်၊ မောဟစိတ် ၂-ခုမှာ မောဟ ၁-ခု

တည်းသာ ယှဉ်တယ်။

ဒါဖြင့် ဟိတ် ၁–ပါးတည်းနှင့်သာ ယှဉ်တဲ့စိတ်ဆိုရင် မောဟမူဒွေးရမယ်၊ ဒီလောဘမူစိတ် ၈–ပါးနှင့် ဒေါသမူစိတ် ၂–ပါးက ဟိတ် ၂–ပါးနှင့် ယှဉ်တယ်၊ ဒါ မှတ်ထားနော်။

ဒါကြောင့်မို့ ဒါက ဟိတ် ၁–ပါးနှင့် ယှဉ်တဲ့စိတ်, မောဟမူဒွေး၊ ဟိတ် ၂–ပါးနှင့် ယှဉ်တဲ့စိတ်က လောဘမူစိတ် ၈–ခုနှင့် ဒေါသမူဒွေး, ဟုတ်ပြီနော်။

နောက်လာတဲ့ ၁၈–ပါး၊ သူကတော့ သုညထဲကပဲ, ဟိတ်နှင့် မယှဉ်ဘူးနော်၊ မည်သည့်ဟိတ်နှင့်မျှမယှဉ်, ဘယ်ဟိတ်နှင့်မှ သူမယှဉ်ဘူး၊ ဒါဖြင့် သူက သုည ဟိတ်ပေါ့။

ကောင်းပြီ, ကာမာဝစရ ကုသိုလ်စိတ် ၈–ပါးရှိတယ်နော်၊ ပထမစိတ်၊ ဒုတိယစိတ် ဟိတ် ဘယ်လောက်နဲ့ ယှဉ်သလဲ၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ၃–ခုနှင့်မယှဉ်ဘူးလား၊ နောက် တတိယနှင့် စတုတ္ထစိတ်ကျတော့ အလောဘ, အဒေါသနှင့်သာ ယှဉ်မယ်၊ အမောဟနှင့် မယှဉ်ဘူး။

တစ်ခါ ဥပေက္ခ ၄–ခုထဲက ပထမ ၂–ခုက အလောဘ, အဒေါသ အမောဟနှင့် ယှဉ်မယ်၊ နောက် ၂–ခုက အလောဘ, အဒေါသနှင့်သာ ယှဉ်မယ်၊

ဒါဖြင့်ရင် ဒီ ကာမာဝစရ ကုသိုလ်စိတ် ၈–ပါးထဲတွင် ၁–၂=၃–ပါး၊ ၃–၄=၂ပါး၊ ၅–၆=၃–ပါး၊ ၇–၈=၂ပါး၊

ကာမာဝစရဝိပါက်စိတ် ၈–ပါးထဲတွင် ၁–၂=၃–ပါး၊ ၃–၄=၂ပါး၊ ၅–၆=၃–ပါး၊ ၇–၈=၂ပါး၊

ထို့အတူပဲ ကာမာဝစရကြိယာစိတ် ၁–၂=၃–ပါး၊ ၃–၄=၂ပါး၊ ၅–၆=၃–ပါး၊ ၇–၈=၂ ပါး။

ဒါဖြင့်ရင် ဒီကာမာဝစရသောဘနစိတ် ၂၄ ခုထဲမှာ ဟိတ် ၃–ပါးနှင့် ယှဉ်တဲ့စိတ် ၁၂–ပါးနော်၊ ၁–၂,၁–၂ ပေါ့၊ ဟိတ်၂–ပါးနှင့်သာ ယှဉ်မိတဲ့စိတ် ၁၂–ပါးပဲ၊ ၃–၄– နော် ၃–၄ နှင့် ၇–၈ ပေါ့, ဟုတ်လား၊ အေး အဲဒီတော့ အကုသိုလ်စိတ်ထဲမှာ ဟိတ် ၂–ပါးနှင့် ယှဉ်တဲ့စိတ် ၁၀–ရှိခဲ့တယ်၊ အဲဒီ ၁၀–ရယ်၊ ကာမာဝစရသောဘန စိတ်ထဲက ၁၂–ပါးရယ်၊ ပေါင်းလိုက်ရင် ၂၂–ပါး၊ ဒါဖြင့် ဟိတ် ၂–ပါးနှင့်ယှဉ်တဲ့စိတ် ၂၂–ပါး ရှိတယ်လို့ ဖြေရလိမ့်မယ်နော်။

တချို့က လောဘ, ဒေါသနှင့်ယှဉ်တယ်၊ တချို့က အလောဘ, အဒေါသနှင့် ယှဉ်တယ်၊ သို့သော် ဟိတ် ၂–ပါးတော့ ၂–ပါးပဲ၊ ဒါကြောင့်မို့ ဟိတ် ၂–ပါးနှင့်

ယှဉ်တဲ့စိတ် ထုတ်လိုက်စမ်းပါဆိုရင် ဘယ်လောက်ရမလဲ, ၂၂–ပါးရမယ်။

ဟိတ် ၁–ပါးနှင့် ယှဉ်တဲ့စိတ် ၂–ပါးရမယ်၊ ဟိတ် တစ်ခုနှင့်မျှ မယှဉ်တဲ့စိတ် ၁၈–ခုရမယ်။

ကောင်းပြီ ဒါဖြင့်ရင် ဟိတ် ၃–ပါးနှင့် ယှဉ်တဲ့စိတ်တွေရွေးကြစို့၊ ကာမာဝစရ သောဘနထဲမှဟိတ် ၃–ပါးနှင့် ယှဉ်တာ ၁၂–ပါးရှိတယ်၊ မဟဂ္ဂုတ်နှင့် လောကုတ္တရာမှာတော့ ၂–ပါးလို့ ၃–ပါးလို့ စဉ်းစားနေစရာလိုသေးလား၊ ၂–ပါး ဖြစ်လေမလား၊ ၃–ပါးဖြစ်လေမလားစဉ်းစားမနေနဲ့, ၃–ပါး ဧကန်ပဲ၊ ဟုတ်တယ်မို့လား၊ တိဟိတ် စိတ်တွေ။

ဒါကြောင့် မဟဂ္ဂုတ် လောကုတ္တရာကို မဟဂ္ဂုတ်က–၂၇၊ လောကုတ္တရာက ၈–လို့ တွက်တော့ ၃၅–ရတယ်နော်၊ အဲဒီတော့ မဟဂ္ဂုတ် လောကုတ္တရာ ၃၅–က ဟိတ် ၃–ပါးနှင့် ယှဉ်တယ်။

တစ်ခါ ကာမာဝစရ သောဘနထဲက ဉာဏသမ္ပယုတ်စိတ် ၁၂–ပါးက ဟိတ် ၃–ပါးနှင့် ယှဉ်တယ်၊ ဒါကြောင့်မို့ ဟိတ် ၃–ပါးနှင့် ယှဉ်တဲ့စိတ် အားလုံး ပေါင်းလိုက်ရင် ဘယ်လောက်ရမလဲ၊ ၃၅ ရယ်၊ ၁၂ ရယ်၊ ၄၇ ရမယ်၊ အဲဒီ ၄၇ ပါးက ဟိတ် ၃–ပါးနှင့် ယှဉ်တယ်၊ ဘာဟိတ်တွေလဲဆိုရင် အလောဘ အဒေါသ, အမောဟ, ဟုတ်ပြီလား။

ကိုင်း, ပြန်ပြီးတော့ အားလုံးတွက်လိုက်ကြဦးစို့၊ ဟိတ်၁–ပါးနှင့် ယှဉ်တဲ့စိတ် ၂–ပါး ရှိတယ်၊ မောဟမူဒွေး၊ မောဟဟိတ်။

ဟိတ် ၂–ပါးနှင့် ယှဉ်တဲ့စိတ် ၂၂–ပါးရှိတယ်၊ လောဘမူစိတ် ၈–ပါး , ပြီးတော့ ကာမာဝစရ သောဘနစိတ်ထဲက ဉာဏဝိပ္ပယုတ် ၁၂–ပါး၊ လောဘမူစိတ် ၈–ပါးသည် လောဘဟိတ်, မောဟဟိတ်နှင့်ယှဉ်တယ်၊ ဒေါသမူစိတ် ၂–ပါးသည် ဒေါသ, မောဟနှင့် ယှဉ်တယ်၊ ကာမာဝစရသောဘန စိတ်ထဲက ဉာဏဝိပ္ပယုတ် စိတ် ၁၂–ပါးသည် အလောဘအဒေါသနှင့် ယှဉ်တယ်၊ အဲသလိုပဲ သိသွားရမယ်၊ ဟိတ် ၂–ပါးဆိုတာလည်း သိရမယ်၊ ဘာဟိတ်ဆိုတာလည်းသိရမယ်။

ဟိတ် ၃–ပါးနှင့် ယှဉ်တဲ့စိတ်, အဲဒီတော့ အကုသိုလ်ထဲမှာ ဟိတ် ၃–ပါးနှင့် ယှဉ်တဲ့စိတ် မရှိဘူး၊ လောဘရော, ဒေါသရော, မောဟရော ယှဉ်တာမရှိဘူး၊ ဘာကြောင့်တုန်းဆိုတော့ လောဘနှင့်ဒေါသက တစ်ပြိုင်နက်သောခဏမှာ မဖြစ်နိုင်ပဲ လောဘနှင့်ယှဉ်ရင် ဒေါသနှင့်မယှဉ်ဘူးပေါ့လေနော်၊ ဒါကြောင့်မို့ အကုသိုလ်ဟိတ်ထဲက ၃–ပါးလုံး ယှဉ်တယ်ဆိုတာ မရှိဘူး၊ ဟိတ် ၃–ပါးလုံးနှင့် ယှဉ်တဲ့စိတ်ဆိုတာ

မရှိဘူး။

ကောင်းတဲ့ဟိတ်ကျတော့ ကောင်းတဲ့ဟိတ်ထဲကတော့ (Neutral) ဟိတ်ကတော့ ရှိတယ်၊ အဲဒီဟိတ် ၃–ပါးနှင့် ယှဉ်တဲ့စိတ် ၄၇–ပါးရှိတယ်၊ ဘာတွေလဲ, ကာမာဝစရ သောဘနထဲက ဉာဏသမ္ပယုတ် ၁၂–ပါး၊ ပြီးတော့ မဟဂ္ဂုတ် လောကုတ္တရာစိတ်ဝဝ ၃၅–ပါး, အားလုံးပေါင်း ၄၇–ပါး၊ သူတို့က ဟိတ် ၃–ပါးနှင့် ယှဉ်တယ်၊ တိဟိတ်စိတ်၊ ဟိတ်၃–ပါးဆိုတာ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်၊ ဒါကြောင့်မို့ ဆရာတော်ကြီးက ပြောတာပဲနော်၊ စိတ်, စေတသိက် ယှဉ်တာကျေရင် ဟိတ်အမြင်မခက်ပါဘူးတဲ့နော်။

ကောင်းပြီ, ဒါဖြင့်ရင် ဟိတ် ၄–ပါးနှင့် ယှဉ်တဲ့စိတ်များ ရှိနိုင်ပါ့မလား၊ ဒါတော့ ဘယ်ရှိနိုင်မလဲ၊ ဟိတ်၅–ပါးနှင့်ကော, ဟိတ် ၆–ပါးနှင့်ကော မရှိဘူး၊ ဒါဖြင့်ရင် ဘာနဲ့သာရှိသလဲ၊ ဟိတ် ၁–ပါးနှင့် ရှိမယ်၊ ဟိတ် ၂–ပါးနှင့်ရှိမယ်၊ ဟိတ် ၃–ပါးနှင့်ရှိမယ်။

အဲဒီတော့ အဲဒီဟာတွေသိချင်ရင် ဒီဇယားကွက်မှာ အောက်ကဟာတွေရှိတယ်၊ အောက်ကဟာတွေပေါင်းလိုက်ရင်ရတယ်၊ ဟိတ်–၁ပါးနှင့်ဆိုရင်၊ ၁–မှာကြည့် ၁ ကိုရှာတွေ့လား, ဘာလဲ၊ မောဟမူ ၂။

ဒါဖြင့် ဟိတ် ၁–ပါးနှင့် ယှဉ်တဲ့စိတ်ဟာ မောဟမူ ၂–ပေါ့၊ ဟိတ်၂–ပါးနှင့် ယှဉ်တဲ့စိတ်ဆိုရင် ၂–ဘယ်နှစ်ခုတွေ့ရသလဲ၊ ၃–ခုတွေ့ရတယ်၊ လောဘမူစိတ် ၈, ဒေါသမူစိတ်–၂, ကာမာဝစရသောဘနဉာဏဝိပ္ပယုတ် ၁၂–ပါး၊ ဟိတ် ၃–ပါးနှင့်ယှဉ်တဲ့စိတ်၊ ဒါလဲ၃–ခုရှိတယ်နော်။

– ကာမာဝစရ သောဘန ဉာဏသမ္ပယုတ်စိတ် ၁၂–ပါး

– မဟဂ္ဂုတ်စိတ် ၂၇– ပါး

– လောကုတ္တရာစိတ် ၈–ပါး

ဒါပဲပေါ့, ပြီးတော့ သုညဟိတ်နှင့် ဟိတ်နှင့်လုံးဝ မယှဉ်တဲ့စိတ် ၁၈–ပါး၊ အေး၊ အဲဒါဘယ်လိုပဲမေးမေး ဘယ်လိုပဲစဉ်းစားစဉ်းစား ပေါ်ရမယ်ပေါ့။

လောဘနှင့် ယှဉ်တဲ့စိတ်, ဒေါသနှင့်ယှဉ်တဲ့စိတ်, မောဟနှင့်ယှဉ်တဲ့စိတ်, အလောဘနှင့်ယှဉ်တဲ့စိတ်, အဒေါသနှင့် ယှဉ်တဲ့စိတ်, အမောဟနှင့် ယှဉ်တဲ့စိတ်, ဒီလိုဆိုရင်လည်းပဲ သိရမယ်၊ (သို့မဟုတ်) ဟိတ် ၁–ပါးနှင့် ယှဉ်တဲ့စိတ်၊ ဟိတ်၂–ပါးနှင့်ယှဉ်တဲ့စိတ်, ဟိတ် ၃–ပါးနှင့်ယှဉ်တဲ့စိတ်, ဘယ်ဟိတ်နှင့်မှ မယှဉ်တဲ့စိတ်, ဒီလိုလည်း သိရမယ်။

တစ်ခါ လောဘမူစိတ်သည် ဟိတ်ဘယ်နှစ်ပါးနှင့်ယှဉ်သလဲ, ဒေါသမူစိတ်သည် ဟိတ်ဘယ်နှစ်ပါးနှင့်ယှဉ်သလဲ, မောဟမူစိတ်သည် ဟိတ်ဘယ်နှစ်ပါးနှင့်ယှဉ်သလဲ, အဟိတ်စိတ်သည် ဟိတ်ဘယ်နှစ်ပါးနှင့်ယှဉ်သလဲ, ကာမာဝစရသောဘနဉာဏသမ္ပယုတ်စိတ် ၁၂–ပါး, ဟိတ် ဘယ်နှစ်ပါးနှင့်ယှဉ်သလဲစသည်ဖြင့်ပေါ့ အဲဒီလိုလည်းပဲ နားလည်ရမယ်ပေါ့နော်။

အဲဒီတော့ ဘယ်လိုပဲလှည့်မေးမေး ၊ ဒါမြင်နေရင် ဟိတ်မြင်သွား ပြီပေါ့နော်၊ ဒါကို ယောတုသင်္ဂဟလို့ခေါ်တယ်၊ ဒါလည်းပဲ မခက် သေးပါဘူးနော်။

ဒါကြောင့်မို့ ပြောတာပေါ့၊ နောက်ကဟာတွေ ကျေပစေဆိုတာ နောက်ကဟာကျေရင် ရှေ့သွားရတာ ဘာမှမခက်ဘူးနော်၊

ဦးဇင်းတို့ ဘုန်းကြီးလောကမှာ အဆိုရှိတယ်၊ သဂြိုဟ်မကျေရင် ညဝါဆိုဖို့ မလိုဘူးတဲ့၊ ညဝါဆိုတာက သဂြိုဟ်ကို အသုံးပြုပြီးတော့ ညမှာ စာပြန်သလိုပြန်ပြီးတော့ ဆရာ့ဆီ တက်ရတာ၊ သဂြိုဟ်မကျေရင် ညဝါဆိုဖို့ မလိုဘူးတဲ့၊ မဆိုနိုင်ဘူးပေါ့၊ သဂြိုဟ်မကျေတော့လည်းမဆိုတတ်လို့။

သဂြိုဟ်ကျေရင်လည်း ညဝါဆိုဖို့မလိုဘူးတဲ့၊ ဘာကြောင့်တုန်း, ကျေနေပြီသူ့အဖို့တော့ မထူးတော့ဘူး၊ စိတ်ယှဉ်စေတသိက်ယှဉ် မကျေရင်လည်းပဲ ဟိတ်ယှဉ်က မလွယ်တော့ဘူးနော်၊ စိတ်ယှဉ်စေတသိက်ယှဉ်ကျေနေရင်လည်း ဟိတ်ယှဉ်က ပြောဖို့ တောင် မလိုတော့ဘူး၊ ဘာဟိတ် ညာဟိတ်ဆိုတာ အကုန်သိသွားပြီ။

ဒါကြောင့်မို့ ပါဠိလို ပြောရင် ဟိတ်နှင့်မယှဉ်တဲ့စိတ်ကို အဟိတ်စိတ်, ဟိတ်တစ်ခုတည်းနဲ့ ယှဉ်တဲ့စိတ်ကို ဧကဟိတ်စိတ်, ဟိတ် ၂–ခုနှင့် ယှဉ်တဲ့စိတ်ကို ဒွိဟိတ်စိတ်၊ ဟိတ် ၃–ခုနှင့် ယှဉ်တဲ့စိတ်ကို တိဟိတ်စိတ်, အဲဒီလို သုံးလိမ့်မယ်နော်။

ပါဠိမှာ ဧကဆိုတာ–၁၊ ဒွိဆိုတာ–၂၊ တိဆိုတာ–၃၊ ဒါကြောင့်မို့ ဧကဟိတ်စိတ်, ဒွိဟိတ်စိတ်, တိဟိတ်စိတ်လို့ အဲသလို သုံးလိမ့်မယ်နော်။

နောင်အခါကျတော့ ဘုံပိုင်းတို့ရောက်ရင် ပဋိသန္ဓေခန်းတို့ကျတော့ ဒီသတ္တဝါတွေကိုပဲအဟိတ်သတ္တဝါ, ဒွိဟိတ်သတ္တဝါ, တိဟိတ်သတ္တဝါတို့ ခေါ်တာလို့လည်းရှိသေးတယ်၊ ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ် စသည်ဖြင့် ခေါ်တာ၊ အဲဒါက သူတို့ပဋိသန္ဓေနေတုန်းက နောက် ကိစ္စသင်္ဂဟကျတော့ တွေ့လိမ့်မယ်၊ သူတို့ ပဋိသန္ဓေနေတုန်းက ဟိတ် ၂–ပါးတည်းသာယှဉ်တဲ့စိတ်နဲ့ ပဋိသန္ဓေနေခဲ့ရင် အဲဒီ ပုဂ္ဂိုလ်ကို ဒွိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဟိတ် ၃–ပါးနှင့် ယှဉ်တဲ့စိတ်နှင့် ပဋိသန္ဓေနေခဲ့ရင် တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်၊ အဲဒါကြောင့်မို့ အဲဒီအခေါ်အဝေါ်တွေ နားလည်အောင်

အခုကည်းက ပါဠိအသုံးလေးတွေကိုလဲ သိအောင်လုပ်ထားရ မယ်နော်။

အဟိတ်, ကေဟိတ်, ဒွိဟိတ်, တိဟိတ်၊ ကိုင်း ဒါက ဟေတုသင်္ဂဟတဲ့ ဟေတုသင်္ဂဟလည်း မခက်ပါဘူး။

နောက် သင်္ဂဟတစ်ခုက ကိစ္စသင်္ဂဟတဲ့၊ ကိစ္စဆိုတာ ပါဠိစကား၊အခုတော့ မြန်မာစကားဖြစ်နေပြီ၊ ကိစ္စအားဖြင့် စိတ်တွေကို ဝေဖန်မယ်၊ ကိစ္စအားဖြင့် စိတ်တွေကိုခွဲခြားမယ်, ကိစ္စဆိုတာ (function) လို့ အင်္ဂလိပ်လို ပြန်တယ်။

အဲဒီတော့ လူတွေမှာလည်းပဲ လူတွေအလိုက် လုပ်ငန်းရှိသလို စိတ်တွေမှာ လည်းပဲ လုပ်ငန်းရှိတယ်လို့ ဆိုရမယ်၊ ဒီလူဟာ (ဆိုပါတော့) စာရေးလုပ်ငန်း ရှိတယ်နော်, အင်ဂျင်နီယာလုပ်ငန်းရှိတယ်၊ ဘာလုပ်ငန်းရှိတယ်ပေါ့၊ သူ လုပ်ငန်း လုပ်တယ်၊ အဲဒီလုပ်ငန်းကို ပါဠိလို ကိစ္စလို့ခေါ်တယ်၊ ပြုစရာအမှုကို ကိစ္စလို့ ခေါ်တယ်၊ လုပ်စရာအလုပ်ပေါ့လေ၊ မြန်မာလိုရှင်းရှင်းပြောရင် အဲသလို လုပ်စရာ အလုပ်ကို ကိစ္စလို့ခေါ်တယ်။

စိတ်တွေမှာလည်းပဲ ထိုထိုကိစ္စတွေရှိတယ်နော်၊ အဲဒီတော့ လူ့လောကမှာ လူတစ်ယောက်ထဲက ကိစ္စ ၂–ခု ဆောင်ရွက်တာရှိတယ်၊ ၃–ခု ဆောင်ရွက်တာ ရှိသလိုပဲ၊ စိတ်တွေမှာလည်းပဲ စိတ် ၁–ခုတည်းက ၁–ကိစ္စ ဆောင်ရွက်တာရှိလိမ့်မယ်၊ ၂–ကိစ္စ စသည်ဖြင့် ဆောင်ရွက်တာရှိလိမ့်မယ်နော်။

လူဟာ (ဆိုပါတော့) ကျောင်းလာတက်တဲ့အချိန်မှာ ကျောင်းသားပေါ့၊ ကျောင်းသားကိစ္စ သူဆောင်ရွက်မှာပေါ့၊ အိမ်ပြန်သွားတော့ အိမ်ရဲ့ ဦးစီးဦးဆောင် အနေနဲ့ သူဒီကိစ္စ ဆောင်ရွက်ရမယ်၊ အလုပ်ကျတော့လည်း အလုပ်အလိုက်ပေါ့၊ ကိုယ်ကဆရာဖြစ်ရင်လည်း ဆရာအလုပ်ကို ဆောင်ရွက်မယ်၊ အဲဒီလို မိမိဆောင်ရွက် တာပေါ်မှာ မူတည်ပြီးတော့ ကိစ္စပြုတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တစ်ခါတလေ ပုဂ္ဂိုလ်တစ်ယောက်ထဲက ၂–ကိစ္စ ဆောင်ရွက်တာ၊ ၃–ကိစ္စ ဆောင်ရွက်တာရှိသလိုပဲ စိတ် ၁ ခုက ၁ ကိစ္စ, ၃ ကိစ္စ စသည် ဆောင်ရွက်တာလည်း ရှိလိမ့်မယ်၊ အဲဒီ ကိစ္စပေါင်း (ကျမ်းဂန်မှာ ဆိုထားတာ) ဘယ်လောက်ရှိသလဲဆိုရင် ၁၄–ပါးရှိတယ်တဲ့၊ စိတ်ကတော့ ၈၉–ပါး ရှိတယ်၊ သို့သော် ကိစ္စကတော့ ၁၄–ပါးသာရှိတယ်၊ အဲဒီ ၁၄–ပါး တစ်ခုစီ အေးအေးဆေးဆေး ပြောရမှာ။

ပထမကိစ္စက ဘာတဲ့တုန်း, ဟိုအောက်မှာကြည့်လိုက်၊ ကိစ္စ ၁၄–ပါးမှာ

ပဋိသန္ဓေကိစ္စ ပါဠိလို ပဋိသန္ဓိနော်၊ မြန်မာကျတော့ ပဋိသန္ဓေလို့ခေါ်တယ်၊ ပဋိသန္ဓေကိစ္စကို မြန်မာလို လျှာပေါ့ပေါ့နှင့်ပြောတော့ ပဒိတ်သခေလို့, "ပဒိတ်သခေ"

လို့ အသံထွက်တာပဲ၊ ဘုန်းကြီးကတော့ ပဋိသန္ဓေလို့ အဲသလိုထွက်တယ်နော်၊ ဘုန်းကြီးကတော့ ပါဠိကို အရှိကို အရှိအတိုင်း ထွက်တာပေါ့၊ မြန်မာကျတော့ မြန်မာတွေက ခပ်ပေါ့ပေါ့ထွက်သွားတာ၊ အဲသလို ခပ်ပေါ့ပေါ့ထွက်နေကျ နားထောင်နေကျဖြစ်တော့လည်း အဲသလို ခပ်ပေါ့ပေါ့ထွက်မှ မြန်မာပီသတယ်လို့ စိတ်က ထင်သွားတာနော်။

ဆိုပါတော့ finance minister ဘယ်လိုခေါ်လဲ၊ ဘဏ္ဍာရေးမို့လား ခေတ်လူတွေခေါ်တာ၊ တော်တော်ရှေးကျတဲ့ မြန်မာတွေက ဘယ်လိုခေါ်လဲ, ဘဏ္ဍာရေးဝန်ကြီးမခေါ်ဘူး၊ သူက ဘဏ္ဍာရေး၊ အမှန်ကတော့ ဘဏ္ဍာကမှန်တာပေါ့၊ ဒါမို့လို့ ရှေးဘုရင်တွေ လက်ထက်တုန်းကတည်းကိုက အဲသလိုခေါ်လာတာ၊ အဲဒီတော့ ထီးသုံးနန်းသုံးကျတော့ သူက တစ်မျိုးဖြစ်သွားတယ်။

ဒါကြောင့်မို့ ဒီမှာ ပဋိသန္ဓေကိစ္စနော်၊ ပဋိသန္ဓေဆိုတာဘာလဲ၊ ဆက်စပ်တာကို ပဋိသန္ဓေခေါ်တယ်၊ အင်္ဂလိပ်လိုပြန်တော့ relinking လို့ ပြန်တယ်၊ ပဋိက re ပဋိက တစ်ဖန်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ သန္ဓိက စပ်တယ်၊ တစ်ဖန်စပ်ပေးတယ်၊ ဒါကြောင့်မို့ အင်္ဂလိပ်လို ပြန်တဲ့အခါမှာ relinking လို့ ပြန်တယ်။

ပဋိသန္ဓေဆိုတာ ဘဝတစ်ခုမှာ ပထမဆုံးသော အခိုက်အတန့်ကို ပဋိသန္ဓေခေါ်တာ, အဲဒီ ပဋိသန္ဓေမရှိလိုက်ရင် ဘဝအဆက်ဟာ ပြတ်သွားမယ်၊ အဲဒီတော့ ဘဝအဆက်မပြတ်ရအောင် နောက်ထပ် ပဋိသန္ဓေက ဖြစ်ပေးတယ်၊ အဲဒီလိုပဲ ဘဝတစ်ခုတစ်ခုကို အဆက်မပြတ်အောင် ပဋိသန္ဓေက ဆက်ဆက်ပေးသွားတယ်၊ ဒါကြောင့်မို့ အဲဒီအခိုက်အတန့်မှာဖြစ်တဲ့စိတ်ကို ပဋိသန္ဓေ စိတ်လို့ခေါ်တယ်၊ သူ့ရဲ့ (function) ဟာ ဘဝဟောင်းနဲ့ ဘဝသစ်နဲ့ ဆက်စပ်ပေးတဲ့ ကိစ္စ, အဲဒါကို ပဋိသန္ဓိ, ပဋိသန္ဓေကိစ္စလို့ ခေါ်တယ်။

ပဋိသန္ဓေဆိုတာ ဒီနေရာမှာ ဟိုတကယ့်အမိဝမ်းထဲမှာ တည်တဲ့ပြုတဲ့ (conception) ကိုဆိုလိုတယ်၊ လူသတ္တဝါတို့ တိရစ္ဆာန်တို့ အနေနဲ့ပြောမယ်ဆိုရင် အမိဝမ်းက ထွက်တဲ့ မွေးလာတာကို ဆိုလိုတာမဟုတ်ဘူး၊ အဲဒီတော့ ဘဝတစ်ခုမှာ ပထမဆုံးဖြစ်တဲ့စိတ်သည် ပဋိသန္ဓေစိတ်၊ အဲဒီ ပဋိသန္ဓေစိတ်ရဲ့ (function) ဟာ ဆက်စပ်ပေးတဲ့ (function) ရှိတယ်၊ သူသာမရှိဘူးဆိုရင် ဘဝပြတ်သွားမယ်၊ ဒါကြောင့်မို့ သူ့ကို ပဋိသန္ဓေစိတ် သို့မဟုတ် သူ့ရဲ့ function ပဋိသန္ဓေကိစ္စ။

နောက် ဒုတိယ နံပါတ် (၂) က ဘဝင်တဲ့၊ ပါဠိလိုတော့ ဘဝင်္ဂ၊ ဘဝင်ဆိုတာကော သိကြလား၊ ဘဝင်မြင့်တယ်ဆိုတာ စိတ်နေမြင့်တယ်၊ ဒါ သိပ်မဆိုး

သေးဘူးနော်၊ ပြီးတော့ ရင်ဘတ်ကို ဘဝင်ခေါ်တာလည်းရှိတယ်၊ လူမေ့ပြ နေရင် ဘဝင်ဖိပေးဟ ပြောတယ်။

အမှန်က ဘဝင်ဆိုတာက ဘဝင်္ဂဆိုတဲ့ ပါဠိစကားက လာတယ်၊ ဘဝင်္ဂမှာ ဘဝဆိုတာက ဘဝပဲပေါ့၊ ဟုတ်လား၊ မြန်မာအများ နားလည်ထားတဲ့ဘဝ၊ အင်္ဂ ဆိုတာကအစိတ်အပိုင်းနော်၊ သို့မဟုတ်အကြောင်းဘဝရဲ့အကြောင်း ဘဝရဲ့ အစိတ်အပိုင်း constituent အင်္ဂလိပ်လိုပြန်ရင်, အဲဒါကို ဘဝင်္ဂလို့ခေါ်တယ်။

အဲဒီတော့ ပဋိသန္ဓေတည်ပြီးတဲ့နောက်၊ အဲဒီပဋိသန္ဓေစိတ်နှင့် အလားတူ စိတ်တွေဘဝတစ်ခုမှာ အထပ်ထပ်ဖြစ်တယ်၊ အဲဒီလို အထပ်ထပ်မဖြစ်ရင် ဒီဘဝဟာ ပျောက်သွားဖွယ်ရှိတယ်, ချုပ်ငြိမ်းသွားဖွယ်ရာရှိတယ်၊ အခုတော့ အဲဒီစိတ်တွေဟာ ထပ်ထပ်, ထပ်ထပ် ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဘဝဟာမပြတ်တော့ဘူး၊ ဘဝဟာတည်သွားတယ်။

ဒါကြောင့်မို့ ဒီနောက်ထပ်ဖြစ်တဲ့စိတ်ကလေးတွေဟာ ဘဝရဲ့ အစိတ်အပိုင်း လေးတွေ ဘဝရဲ့အကြောင်းလေးတွေ၊ ဒါကြောင့်မို့ အဲဒီစိတ်တွေကို ဘဝင်စိတ်လို့ ခေါ်တယ်၊ ပဋိသန္ဓေစိတ်နှင့် အလားတူစိတ်ပဲ၊ အမှန်ကတော့ အလားတူမဟုတ်ဘူး၊ တကယ့်ပဋိသန္ဓေစိတ်အတိုင်းပဲ၊ Identical.

ဒါပေမယ်လို့ သူက ပဋိသန္ဓေဖြစ်ပြီးတဲ့နောက်မှာ တစ်ဘဝလုံးမှာ ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သူ့ကို ပဋိသန္ဓေလို့ မခေါ်တော့ပဲနဲ့ ဘဝရဲ့အကြောင်းဖြစ်တဲ့စိတ်၊ ဘဝအကြောင်းဆိုတာ သူမရှိရင် ဘဝပြတ်သွားမယ်၊ သူ့ကြောင့်ဘဝဟာ ဆက်တည် နေတယ်ပေါ့၊ သူက ဘဝကို ဖြစ်စေတာ၊produce လုပ်တာတော့ မဟုတ်ဘူး၊ ဒါပေမယ့် သူမရှိရင် ဘဝပြတ်သွားမှာ, ဒါကြောင့်မို့ အဲသလို စိတ်မျိုးကို ဘဝင် စိတ်လို့ ခေါ်တယ်နော်၊

အဲဒီဘဝင်စိတ်တွေဟာ ဘဝတစ်ခုမှာ ကုဋေနှင့်ချီပြီးတော့ ဖြစ်နေတာနော်၊ ဒီအသိစိတ်တွေရဲ့ အကြား,အကြားမှာလည်း သူတို့ကဖြစ်တယ်၊ မြင်စိတ်ဆိုရင် မြင်တဲ့ ဝီထိရှိတယ်၊ ဟိုဝီထိဆိုတာ စိတ်အစဉ်အတန်း thought process၊ ဒီ one thought process, other thought process နှစ်ခုကြားမှာ သူတို့က buffer လိုပဲ။

ဝီထိတစ်ခု ဖြစ်လိုက်, ဘဝင်စိတ်တွေဖြစ်လိုက်, ဝီထိဖြစ်လိုက်,ဘဝင်ဖြစ်လိုက်, အဲသလို ဖြစ်နေတာ၊ ဒါပေမယ်လို့ သူတို့ အဖြစ်က မြန်လွန်းတော့ လောကလူတွေ ရိုးရိုးလူတွေမှာ ဘဝင်ကို သိနိုင်ဖို့ရာ အများကြီး ခဲယဉ်းတယ်၊ လက်ဖျစ်တစ်တွက်

မှာ ကုဋေတစ်သိန်းမက ဖြစ်နိုင်တယ်လို့ အဆိုရှိတာကို၊အဲဒီတော့ ရိုးရိုးနေတဲ့အခါမှာ မသိနိုင်ဘူးပေါ့၊

ဘယ်လိုအခါမျိုးမှာ ဘဝင်စိတ်ကို မှန်းဆပြီးတော့ သိနိုင်သလဲဆိုတော့ တရားထိုင်လာတဲ့အခါကျတော့, တော်တော်လေး သမာဓိအားကောင်းလာတဲ့အခါ ကျတော့ အဲဒီဘဝင်သဘောလေးတွေကို မြင်လာတတ်တယ်၊ မြင်လာတတ်တယ် ဆိုတာ ဟာတာတာကြီးဖြစ် ဖြစ်သွားတာ။

အဲဒီတော့ ဘဝင်ဆိုတာ သူက အာရုံအထူးကိုမယူဘူး၊ မြင်တယ် ကြားတယ် ဆိုတဲ့ အခုလောကဖြစ်နေတဲ့,နားလည်ထားတဲ့အာရုံအထူးကို မယူပဲနဲ့ ဟိုနောက်နောက် ဘဝတွေက ယူခဲ့တဲ့ အာရုံတစ်မျိုးရှိသေးတယ်နော်၊ ဒါ ရှင်းရှင်း ပြောရင်တော့ မထင်ရှားတဲ့ အာရုံဆိုကြပါစို့၊ အဲဒီလိုအာရုံကို သူက ယူတာ။

အဲဒါကြောင့်မိုလို့ လက်တွေ့လက်ရှိဖြစ်ပေါ်နေတဲ့ အာရုံကို မယူပဲနဲ့ နောက်နောက်က မထင်မရှား အခုဘဝမှာ ဖြစ်နေတဲ့ အာရုံတွေကို ယူတဲ့အတွက် ကြောင့်မိုလို့ အဲဒီစိတ်တွေ ဖြစ်တဲ့အခါကျတော့ ဟာတာတာကြီးလို့ စိတ်ကထင်ရ တယ်၊ ဒါ တော်တော်သမာဓိကောင်းကောင်းရမှ, သာမညနှင့် မထင်ဘူး၊ အဲဒီလို စိတ်မျိုးကို ဘဝင်စိတ်လို့ခေါ်တယ်။

အဲဒီတော့ ဒီဘဝင်စိတ်ကို အခုခေတ် ဝေါဟာရနှင့် ပြောဖို့ဟာ အလွန်ခဲ ယဉ်းတယ်၊ အဲဒီတော့ sub-conscious တချို့ကလည်း ပြောတယ်၊ အဲဒီ sub conscious ဆိုတာဟာ အဘိဓမ္မာနှင့်ကျတော့ ဘယ်ဟာနဲ့ correspond ဖြစ်မှန်းကို မပြောနိုင်ဘူး၊ ဒါ သူ့ဟာသူ သီးခြားထားတာကောင်းတယ်၊ ဘဝင်ကို ပြန်လိုက်ရင် အသိလွဲသွားနိုင်တာတွေရှိတယ်၊ ဒါကြောင့်မို့ ဘဝင်ကို ဘဝင်ပဲထားရ တယ်၊ အင်္ဂလိပ်လိုပြန်တဲ့အခါကျတော့ ဘဝင်ကို life continuum ပြန်တယ်။

အဲဒီတော့ ဒီစိတ်တွေဟာ ဘဝတစ်ခုလုံးမှာ ဝီထိစိတ်ဖြစ်လိုက်, ဘဝင် ဖြစ်လိုက် ဝီထိစိတ်ဖြစ်လိုက်နဲ့ အဲဒီလို သွားနေတာနော်၊ အဲဒီစိတ်ကို ဘဝင်စိတ်၊ အဲဒီစိတ်တွေရဲ့ function က ဘဝကိုတည်ရှိအောင် လုပ်ပေးနေတာ ဘဝရဲ့ အကြောင်းသဘောဖြစ်နေတာဖြစ်တဲ့အတွက်ကြောင့်မိုလို့ ဘဝင်ကိစ္စ၊ ဘဝင်ကိစ္စ။

လူနဲ့ လူလုပ်တဲ့ အလုပ်နဲ့ ခွဲခြားသလိုပေါ့ ဟုတ်လား၊ စိတ်နှင့် စိတ်ပြုတဲ့ ကိစ္စနဲ့ ခွဲခြားရမယ်၊ ကောင်းပြီ, ဒါက ဘဝင်ကိစ္စတဲ့။

ပြီးတော့ နောက်ဆုံးသွားလိုက် နံပါတ်–၁၄၊ စုတိ၊

အဲဒီဘဝင်စိတ်သည်ပင် ပဋိသန္ဓေစိတ်သည်ပင်လျှင် ဘဝင်စိတ်ဖြစ်တယ်။

အဲဒီဘဝင်စိတ်သည်ပင်လျှင် ဘဝရဲ့ နောက်ဆုံးကျတော့လည်း သူပဲဖြစ်တယ်၊ ဒီစိတ်ပဲ၊ ဒါ နောက်ဘဝကကံကြောင့်ဒီစိတ်တွေဖြစ်တာတွေ၊ အဲဒီတော့ ပထမဆုံး ပဋိသန္ဓေစိတ်အဖြစ်နဲ့ ဖြစ်လိုက်တယ်၊ ဖြစ်ပြီး တဘဝလုံးလည်းပဲ ခုလို ဝီထိစိတ်တွေ မဖြစ်ရင် သူပဲဖြစ်နေတယ်၊ ဘဝမှာနောက်ဆုံးဖြစ်တဲ့စိတ်ဟာလည်း ဒီစိတ်ပဲ၊ အဲဒီ နောက်ဆုံးပြီးတဲ့နောက်ကျတော့ တစ်ဘဝ မရှိတော့ဘူး၊ ဟိုနောက်ဘဝ အသစ်ဖြစ်သွားပြီ။

အဲဒါကြောင့်မို့လို့ ဘဝကနေ ရွေ့လျားသွားတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ပြောင်းသွားတယ်, ရွေ့လျောသွားတယ်ဆိုပြီးတော့ စုတိနော်၊ စုတိဆိုတာ ရွေ့လျောသွားတယ်, လျောကျသွားတယ်ဆိုတဲ့ အဓိပ္ပါယ်၊ မြန်မာတွေကတော့ စုတေလို့ သုံးတယ်၊ နတ်တွေဘာတွေသေရင် စုတေတယ်လို့ သုံးတယ်၊ အမှန်ကတော့ စုတေတယ်ဆိုတာ စုတိ၊ ဘယ်သူဖြစ်ဖြစ် သုံးလို့ရတာပဲ။

ဒါကြောင့်မို့ သေတဲ့စိတ်ကို စုတိစိတ်လို့ခေါ်တယ်၊ အဲဒီ စုတိစိတ်ရဲ့ကိစ္စက ဒီဘဝကနေပြီးတော့ လျောကျသွားခြင်းကိစ္စ၊ ရွေ့လျောသွားခြင်း ကိစ္စ၊ အဲဒါကို စုတိကိစ္စ။

ဒါကြောင့်မို့ ဘဝတစ်ခုမှာ ပဋိသန္ဓေစိတ်ရယ်၊ ဘဝင်စိတ်ရယ်၊ စုတိစိတ်ရယ် ဆိုတာဟာ အတူတူပဲ၊ identical ပဲ၊ ကာလမတူဘူး၊ function မတူဘူး။

ပဋိသန္ဓေ ကိစ္စက ပဋိသန္ဓေအခိုက်အတန့်လေးမှာသာဖြစ်တယ်၊ စုတိကလည်း တကယ့်သေတဲ့ အခိုက်အတန့်လေးမှာသာဖြစ်တယ်၊ ပဋိသန္ဓေနှင့် စုတိကြား တစ်ဘဝလုံးမှာကျတော့ ဘဝင်ဆိုတဲ့ နာမည်နဲ့ဖြစ်တယ်နော်။

အဲဒီတော့ function မတူတဲ့အတွက်ကြောင့်မို့ စိတ်တစ်ခုတည်းကိုပဲ ဒါကတော့ ပဋိသန္ဓေစိတ်, ဒါကတော့ ဘဝင်စိတ်, ဒါကတော့ စုတိစိတ်လို့ ခေါ်တယ်၊ အမှန်ကတော့ အတူတူပဲ၊ နောင် အာရမ္မဏသင်္ဂဟ ဆိုတာကျတော့လည်း ထပ်ပြီးတော့ တွေ့ဦးမယ်၊ ဘုံပိုင်းကျတော့လည်း ထပ်တွေ့လိမ့်ဦးမယ်၊ ဒါ စုတိကိစ္စ, ဒီ ၃–ခု တွဲပြီး ပြောလေ့ရှိတယ်၊ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ။

ရှေ့ဆက်ဖတ်လိုက်စမ်း၊ ၂–ပြီးတော့ ၃–ကျတော့ အာဝဇ္ဇနကိစ္စ၊ အာဝဇ္ဇန ဆိုတာကတော့ အဓိပ္ပါယ် ၂–မျိုးရှိတယ်နော်၊ ဆင်ခြင်တယ်ဆိုတဲ့ အဓိပ္ပါယ်လည်း ရှိတယ်၊ ဆင်ခြင်တယ်ဆိုတာ အာရုံပြုပြီးတော့ တွေးတောတဲ့အဓိပ္ပါယ်မျိုး၊ ဆင်ဆင်ခြင်ခြင် ပြုလုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးမဟုတ်ဘူး၊ အာရုံပေါ်ကို ရောက်သွားတဲ့ အဓိပ္ပါယ်မျိုး။

နောက်တစ်ခုကတော့ ပြန်ပြီးတော့ တွန်းတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး ပြန်ပြီးတော့ လှည့်ပစ်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး၊ ဆိုလိုတာကတော့ ဝီထိဆိုတာ မရောက်သေးတော့ ပြောရတာ သိပ်မကောင်းဘူး၊ ဝီထိနှင့် ပတ်သက်ပြီး ပြောမယ်ဆိုရင် ခုနက ဘဝင်စိတ်တွေ ဖြစ်နေရာကနေပြီးတော့ အာရုံအသစ်တစ်ခုက ကိုယ့်ရဲ့မျက်လုံးတို့ ဘာတို့ (ဆိုကြပါစို့)လာပြီးတော့ impact ဖြစ်လာတဲ့ အခါကျတော့ အဲဒီဘဝင်အစဉ်က ရပ်သွားတယ်၊ ဘဝင်အစဉ်ရပ်သွားပြီးတော့ အာဝဇ္ဇန်းဆိုတာ ပေါ်လာတယ်။

အဲသလိုပေါ်လာတော့ အဲဒီစိတ်ပေါ်တာနဲ့ တစ်ပြိုင်နက် ဘဝင်စိတ် တန့်မသွားဘူးလား၊ အဲဒီလို ဘဝင်ကို တန့်စေတတ်တဲ့ သဘောကိုလည်း အာဝဇ္ဇနလို့ သုံးတယ်၊ အဲဒီတော့ အဓိပ္ပါယ် ၂–မျိုးရှိတယ်၊ အဲဒီတော့ နောက်တုန်းက မထင်ရှားတဲ့ အာရုံကို အာရုံပြုလာရာကနေပြီးတော့ ဟော ဒီစိတ်အခိုက်ရောက်တဲ့အခါကျတော့ ပစ္စုပ္ပန်ထင်ရှားတဲ့ အာရုံပေါ့၊ အဲဒီ အာရုံကို အာရုံပြုလာတယ်၊ အဲဒါကြောင့်မို့လို active ဖြစ်တဲ့အပိုင်း ရောက်လာပြီ၊ အဲဒီဘက်သို့ လှည့်တယ်ဆိုတဲ့ အဓိပ္ပါယ်လည်းရှိတယ်နော်၊ သို့မဟုတ် ခုနလို အဲဒီအာရုံကို ဆင်ခြင်တယ်၊ အာရုံကို အာရုံပြုတယ်ဆိုတဲ့ ယူတယ်ဆိုတဲ့ အဓိပ္ပါယ်လည်းရှိတယ်၊ ဒါကိုအာဝဇ္ဇန်းလို့ခေါ်တာ။

မြန်မာစကားမှာကတော့ အာဝဇ္ဇန်းကောင်းတယ်ဆိုတာ အပြောကောင်းတာကို အာဝဇ္ဇန်းကောင်းတယ်လို့သုံးတယ်နော်၊ အမှန်ကတော့ အာဝဇ္ဇန်း ကောင်းတယ်ဆိုတာ စိတ်ကူးကောင်းတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ စိတ်ကူးကောင်းလို့ သူအပြောကောင်းတာပေါ့၊ ဟုတ်လား၊ အဲဒါ အာဝဇ္ဇန်းနော်။

ဒါကြောင့်မို့ အာဝဇ္ဇန်းဆိုတာ အာရုံကို ဆင်ခြင်တဲ့သဘော, သို့မဟုတ် ဘဝင်ကို တန့်စေတဲ့သဘော, စာစကားနဲ့သုံးရင် ပြန်လည်နစ်စေတယ်၊ မြန်မာလို ပြောလိုက်ရင်တော့ တန့်စေတယ်ပေါ့, ဘဝင်ကို တန့်စေတဲ့သဘော၊ ထင်ရှားတဲ့ ထထကြွကြွရှိတဲ့ စိတ်အစဉ်ဘက်သို့ လှည့်တဲ့သဘော၊ အဲဒါကိုအာဝဇ္ဇန်းလို့ခေါ်တယ်၊ အဲဒါ အာဝဇ္ဇန်းကိစ္စတဲ့၊ ဒါက ဝီထိနဲ့ပြန်ပြီးတော့ ဟပ်ယူရင်ပိုပြီးတော့ နားလည်မယ်နော်၊ နောင်ဝီထိရောက်တဲ့အခါကျတော့ ပြန်ပြီးတော့ refer လုပ်မယ်ပေါ့၊ အာဝဇ္ဇန်းကိစ္စ, အဲဒီလိုဆင်ခြင်တဲ့ကိစ္စကို ပြုလုပ်တဲ့စိတ်ကို အာဝဇ္ဇန်း ကိစ္စရှိတဲ့စိတ်၊ အာဝဇ္ဇန်းကိစ္စတပ်တဲ့စိတ်လို့ ခေါ်လိုက်မယ်နော်။

ပြီးတော့ နောက်တစ်ခုက ဒဿနကိစ္စ၊ ဒဿနဆိုတာ မြင်ခြင်း, မြင်ခြင်းကိစ္စ တစ်စုံတစ်ခုမြင်လိုက်တဲ့အခါမှာ မြင်တဲ့စိတ်ဖြစ်တယ်၊ အဲဒီစိတ်ရဲ့ functionသည်

seeing ပေါ့၊ မြင်ခြင်းကိစ္စ, အာဝဇ္ဇန်းကိုအင်္ဂလိပ်လိုကျတော့ adverting လို့ ပြန်တယ်နော်။

နောက်တစ်ခုက နံပါတ် ၅၊ သဝနကျတော့ ကြားခြင်းကိစ္စ hearing ပေါ့ဟုတ်လား၊ တစ်စုံတစ်ခုကြားရင် ကြားတဲ့စိတ်ဖြစ်တယ်၊ အဲဒီစိတ်ရဲ့ ကိစ္စ function က ကြားခြင်းပေါ့, သဝနကိစ္စ။

ပြီးတော့ နောက်တစ်ခုနံပတ် ၆၊ ဃာယနကိစ္စ, ဃာယနဆိုတာ အနံ့ကို သိတာ, နမ်းရှူခြင်းကိစ္စ, smelling, ကောင်းတာရတယ်, ဆိုးတာရတယ်၊ အဲဒီအနံ့ နမ်းရှူခြင်း၊ အဲဒီနံတဲ့အခါမှာ နံတဲ့စိတ်ဖြစ်တယ်နော်၊ အဲဒီစိတ်ရဲ့လုပ်ငန်းက အနံ့ကိုသိခြင်းဆိုတဲ့ လုပ်ငန်းပေါ့၊ ဃာယန။

နံပါတ်(၇)က သာယနကိစ္စ, သာယနဆိုတာ အရသာသိတဲ့စိတ်, tasting သာယနကိစ္စ, တစ်စုံတစ်ခုစားတဲ့အခါမှာ အရသာသိတယ်၊ ကောင်းတယ်,ဆိုးတယ်, ပူတယ်, စပ်တယ်, ချိုတယ် သိတယ်၊ အဲဒီတော့ စားတဲ့ အခါမှာ စားသိစိတ်ဖြစ်တယ်၊ အဲဒီစိတ်ရဲ့ စားသိ သိတဲ့ဟာ ဘာလဲ, သူ့(function)သူ့ကိစ္စ ပေါ့။

နောက်တစ်ခု နံပါတ်(၈)က ဖုသနကိစ္စ (touching) တွေ့ထိခြင်းကိစ္စ၊ အခု လက်နဲ့ ခဲတံနှင့်ထိနေတယ်၊ ဒါဖုဿနကိစ္စတွေပေါ့၊ ထိုင်နေတယ်ဆိုရင် ကြမ်းတဲ့ကိုယ်ခန္ဓာ ကိုယ်နှင့်ထိနေတယ်၊ ဖုဿန ကိစ္စကတော့ အမြဲတမ်းရှိနေတယ်၊ အဲဒီလို ထိသိ သိတဲ့စိတ်သည် ဖုသနကိစ္စရှိတဲ့ စိတ်ပေါ့နော်၊ အဲဒီ ထိသိ သိတာ, သိခြင်းက ဖုသနကိစ္စ။

နံပါတ် (၉)က သမ္ပဋိစ္ဆိုင်းကိစ္စ, လက်ခံခြင်းကိစ္စ (receiving) အာရုံ တစ်ခုကို ခုနအာဝဇ္ဇန်းက အာရုံဘက်သို့ လှည့်သွားပြီးတဲ့နောက် မြင်တဲ့စိတ် ဖြစ်ဖြစ်, ကြားတဲ့စိတ်ဖြစ်ဖြစ် စသည်ဖြစ်တယ်၊ မြင်ကြားတယ်ဆိုတာ သက်သက်မြင်ရုံ လေး ကြားရုံလေး၊ ဘာမြင်တယ်၊ ဘာကြားတယ်ဆိုတာမသိသေးဘူး၊ အဲဒီ အခိုက်မှာအဲဒီလို မြင်ပြီးနောက် သူကတစ်ဆင့် နောက်စိတ်ကို ပစ်ပေးလိုက်သလို ပေါ့လေ၊ ပေးလိုက်တော့ နောက်စိတ်ကလက်ခံလိုက်တယ်၊ ဒါကြောင့်မို့ သမ္ပဋိစ္ဆိုင်း ဆိုတာ အာရုံကို လက်ခံတဲ့ကိစ္စ။

အဲလို အာရုံကို လက်ခံပြီးတဲ့နောက် (၁၀) သန္တီရဏကိစ္စဆိုတာကတော့ အာရုံကို စုံစမ်းတဲ့ကိစ္စ၊ ဒီအာရုံဟာ ကောင်းတဲ့အာရုံလေလား, ဆိုးတဲ့ အာရုံလေလား, အလိုရှိအပ်တဲ့အာရုံလေလား, အလိုမရှိအပ်တဲ့ အာရုံလေလားဆိုတာကို သူက စုံစမ်းတယ်၊ ဒါ သန္တီရဏကိစ္စ၊ အဲဒီကိစ္စရှိတဲ့စိတ်ကို သန္တီရဏစိတ်ပေါ့လေ။

နံပါတ် (၁၁)က ဘာတုန်း ဝေါဋ္ဌဗ္ဗနကိစ္စနော်, dedaming ဝေါဋ္ဌဗ္ဗနဆိုတာ ဆုံးဖြတ်ခြင်း၊ကောင်းလား မကောင်းလားစုံစမ်းပြီးတဲ့နောက်ကျတော့ သူကဆုံးဖြတ်ပြီ၊ အဲဒီအခိုက် အတန့်ကျတော့ ဒါဟာဖြင့် အလိုရှိအပ်တဲ့ အာရုံပဲ, ဒါဟာဖြင့် အလို မရှိအပ်တဲ့ အာရုံပဲ၊ ဝုဋ္ဌော အခိုက်အတန့်မှာ ဆုံးဖြတ်တဲ့ကိစ္စနော်၊ ဝေါဋ္ဌဗ္ဗနကို မြန်မာစကားကျတော့ ဝုဋ္ဌောလို့ခေါ်တယ်၊ ဇယားကွက်ထဲမှာ ၂-မျိုးလုံး ထည့်ထား တယ်၊

နောက် (၁၂)က ဇဝန, ဇဝနဆိုတာ ဇောနော်၊ မြန်မာလိုကျတော့ ဇောလို့ ခေါ်တယ်၊ ဇဝနဆိုတာ ဘာအဓိပ္ပါယ်ရှိသလဲဆိုရင် အရှိန်အဟုန်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ် နော်၊ speed, လျှင်မြန်ခြင်း၊ သို့သော် ဒီကျတော့ ဇဝနကို အင်္ဂလိပ်လို ဘယ်လို အဓိပ္ပါယ်ပြန်သလဲဆိုတော့ impulsion လို့ ပြန်တယ်၊ ဒါတော်တော်နားလည်ခဲတဲ့ ဝေါဟာရပဲနော်၊ ပြီးတော့ apperception လို့လည်းပြန်တယ်၊ အဲဒီတော့ သူ့ မူလပုဒ်ရဲ့ အနက်ကတော့ အရှိန်အဟုန်ဆိုတဲ့ အဓိပ္ပါယ်။

အဲဒီတော့ အရှိန်အဟုန်ရှိရှိနဲ့ ဖြစ်တဲ့စိတ်မျိုးကို ဇောစိတ်လို့ ခေါ်တာနော်၊ သူတို့မှာ force ရှိတယ်၊ တစ်ကြိမ်တည်းဖြစ်သည်ဖြစ်စေ, အကြိမ်များစွာ ဖြစ်သည် ဖြစ်စေ, သူတို့မှာ force ရှိတယ်၊ အဲဒီလို အရှိန်အဟုန်နဲ့ဖြစ်တတ်တဲ့ စိတ်မျိုးကို ဇောစိတ်လို့ ခေါ်တယ်၊ အဲဒီအရှိန်အဟုန်နဲ့ ဖြစ်ခြင်းကို သူ့ရဲ့ကိစ္စလို့ဆိုတယ်။

အရှိန်အဟုန်နဲ့ ဖြစ်တယ်ဆိုတော့ အာရုံကို သူက ပိုင်ပိုင်နိုင်နိုင် experience လုပ်တယ်ပေါ့၊ အာရုံကိုပိုင်ပိုင်နိုင်နိုင် ခံစားတယ်ပဲ ပြောကြပါစို့၊ အရှိန် အဟုန်နဲ့ မဖြစ်တဲ့စိတ်တွေ ရှိသေးတယ်နော်၊ ဝိပါက်စိတ်တွေ၊ အဲဒါတွေကတော့ အာရုံကို ဇောတွေခံစားသလောက် မခံစားနိုင်ဘူး၊ ဇောတွေလို သူတို့က ပိုင်ပိုင်နိုင်နိုင် အာရုံကိုသိတာ မဟုတ်ဘူး၊ အဲဒါကြောင့်မို့ ဇောစိတ်ဆိုတာ အရှိန်အဟုန်ရှိတဲ့စိတ် ကို ဇောစိတ်ခေါ်တယ်။

အဲဒီတော့ တချို့ကရေးတာက အကြိမ်များစွာဖြစ်လို့ ဇောစိတ်ခေါ်တယ်ဆိုတာ မဟုတ်ဘူး၊ မဂ်စိတ်ဟာ အကြိမ်တစ်ကြိမ်တည်းဖြစ်တာ၊ ဒါပေမယ်လို့ မဂ်ဟာဇော၊ မဂ်ဟာ ဘယ်လောက်သတ္တိကောင်းသလဲ၊ တစ်ကြိမ်တည်းဖြစ်တာနဲ့ တစ်ခါတည်း ကိလေသာတွေ အကုန်ပယ်နိုင်တယ်၊ အဲဒါကြောင့်မို့ တစ်ကြိမ်တည်းဖြစ်တာ ၂- ကြိမ်ဖြစ်တာ မဆိုလိုဘူး၊ အရှိန်အဟုန်နဲ့ဖြစ်တာကို ဆိုလိုတယ်၊ အဲလိုစိတ်မျိုးကို ဇဝန, ဇောစိတ်နော်၊ အဲဒီကိစ္စကို ဇဝနကိစ္စ, ဇောကိစ္စ။

# ကိစ္စသင်္ဂဟ

| ကိစ္စတပ်စိတ် / ဌာန ၁၀ ပါး / ကိစ္စ ၁၄ ပါး | | အကုသိုလ် ၁၂ | စက္ခုဝိညာဏ် ၂ | သောတဝိညာဏ် ၂ | ဃာနဝိညာဏ် ၂ | ဇိဝှါဝိညာဏ် ၂ | ကာယဝိညာဏ် ၂ | သမ္ပဋိစ္ဆန ၂ | သန္တီရဏ (ဥ) ၂ | သန္တီရဏ (သော) ၁ | ပဉ္စဒွါရာဝဇ္ဇန ၁ | မနောဒွါရ ၁ | ဟသိတုပ္ပါဒ ၁ | ကာ၊ သော၊ ကု ၈ | ကာ၊ သော၊ ဝိ ၈ | ကာ၊ သော၊ ကြိ ၈ | မဟဂ္ဂုတ် ကု ၉ | မဟဂ္ဂုတ် ဝိ ၉ | မဟဂ္ဂုတ် ကြိ ၉ | လောကုတ္တရာ ၈ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပဋိသန္ဓိ၊ဘဝင်၊စုတိ | | | | | | | | | ■ | | | | | | ■ | | | ■ | | | ၁၉ |
| အာဝဇ္ဇန | | | | | | | | | | | ■ | ■ | | | | | | | | | ၂ |
| ဒဿန | ပဉ္စဝိညာဏ် | | ■ | | | | | | | | | | | | | | | | | | ၂ |
| သဝန | | | | ■ | | | | | | | | | | | | | | | | | ၂ |
| ဃာယန | | | | | ■ | | | | | | | | | | | | | | | | ၂ |
| သာယန | | | | | | ■ | | | | | | | | | | | | | | | ၂ |
| ဖုသန | | | | | | | ■ | | | | | | | | | | | | | | ၂ |
| သမ္ပဋိစ္ဆန | | | | | | | | ■ | | | | | | | | | | | | | ၂ |
| သန္တီရဏ | | | | | | | | | ■ | ■ | | | | | | | | | | | ၃ |
| ဝေါဋ္ဌဗ္ဗန(ဝုဋ္ဌော) | | | | | | | | | | | | ■ | | | | | | | | | ၁ |
| ဇဝန (ဇော) | | ■ | | | | | | | | | | | ■ | ■ | | ■ | ■ | | ■ | ■ | ၅၅ |
| တဒါရမ္မဏ(တဒါရုံ) | | | | | | | | | ■ | ■ | | | | | ■ | | | | | | ၁၁ |
| ၁ ကိစ္စ စသည် | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၅ | ၂ | ၁ | ၂ | ၁ | ၁ | ၄ | ၁ | ၁ | ၃ | ၁ | ၁ | |

ကိစ္စ ၁၄ ပါး။ ၁၊ ပဋိသန္ဓေ။ ၂၊ ဘဝင်။ ၃၊ အာဝဇ္ဇန။ ၄၊ ဒဿန။ ၅၊ သဝန။ ၆၊ ဃာယန။ ၇၊ သာယန။ ၈၊ ဖုသန။ ၉၊ သမ္ပဋိစ္ဆန။ ၁၀၊ သန္တီရဏ။ ၁၁၊ ဝေါဋ္ဌဗ္ဗန။ ၁၂၊ ဇဝန။ ၁၃၊ တဒါရမ္မဏ။ ၁၄၊ စုတိ။

ဌာန ၁၀ ပါး။ ၁,၂,၃ ကိစ္စနှင့်တူ။ ၄၊ ပဉ္စဝိညာဏ်။ ၅၊ သမ္ပဋိစ္ဆန။ ၆၊ သန္တီရဏ။ ၇၊ ဝေါဋ္ဌဗ္ဗန။ ၈၊ ဇဝန။ ၉၊ တဒါရမ္မဏ။ ၁၀၊ စုတိ။

တစ်ကိစ္စစိတ် ၆၈။ နှစ်ကိစ္စစိတ်–၂။ သုံးကိစ္စစိတ် ၉။ လေးကိစ္စစိတ် ၈။ ငါးကိစ္စစိတ် ၂။

# အဘိဓမ္မာသင်တန်း (၁၇)
# (ပကိဏ်းပိုင်း)
## ကိစ္စသင်္ဂဟအဆက်

ဒီနေ့ ဒီဇင်ဘာလ ၅–ရက်နေ့ လွန်ခဲ့တဲ့ အပတ်က သင်တန်းမပို့ချဖြစ်ဖူး၊ အဲဒီအပတ် ဟိုဘက်က နောက်ဆုံးအပတ်ဆိုကြပါစို့၊ ကိစ္စသင်္ဂဟရောက်သွားပြီ, ကိစ္စတွေအကြောင်းပြောခဲ့တာ ကိစ္စအားလုံး ဘယ်နှစ်ပါးရှိတုန်း, ၁၄–ပါး မဟုတ်ဘူးလား၊ အဲဒီတော့ စိတ် တစ်ခုယုတ်–၉၀၊ သို့မဟုတ် ၁၂၁–ပါးကို သူ့ကိစ္စတွေ အလိုက် ခွဲခြမ်းကြရမှာ၊ အဲဒီတော့ ဘယ်စိတ်က ဘယ်ကိစ္စတွေ ဆောင်ရွက်တယ် ဆိုတာသိဖို့, အဲဒါမသိခင် ကိစ္စဘယ်နှစ်ပါးရှိတယ်ဆိုကို သိရမယ်။

ကိစ္စအားလုံးပေါင်း ၁၄–ပါးရှိတယ်။

၁။ ပဋိသန္ဓေကိစ္စ

၂။ ဘဝင်ကိစ္စ

၃။ အာဝဇ္ဇနကိစ္စ

၄။ ဒဿနကိစ္စ

၅။ သဝနကိစ္စ

၆။ ဃာယနကိစ္စ

၇။ သာယနကိစ္စ

၈။ ဖုသနကိစ္စ

၉။ သမ္ပဋိစ္ဆနကိစ္စ

၁၀။ သန္တီရဏကိစ္စ

၁၁။ ဝေါဋ္ဌဗ္ဗနကိစ္စ

၁၂။ ဇဝနကိစ္စ

၁၃။ တဒါရမ္မဏကိစ္စ

၁၄။ စုတိ ကိစ္စ

အဲဒီမှာပဋိသန္ဓေဆိုတာက ဘဝဟောင်းနဲ့ ဘဝသစ်ဆက်စပ်ပေးတာ၊ ဘဝင်ဆိုတာကတော့ ဘဝရဲ့အင်္ဂါ, ဘဝရဲ့အစိတ်အပိုင်းဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ဒါက ပဋိသန္ဓေစိတ်နှင့်အတူတူပဲ၊ စိတ်ကတော့ ပဋိသန္ဓေပြီးတဲ့နောက် တစ်ဘဝလုံးမှာ ဖြစ်တာ။

အာဝဇ္ဇန ဆိုတာက ဆင်ခြင်တာ (သို့မဟုတ်)လှည့်ပေးတာ၊ ရိုးရိုးဘဝင်စိတ်ကနေပြီးတော့ဝိထိစိတ်အဖြစ်သို့ လှည့်ပေးတာ(သို့မဟုတ်) အာရုံဘက်သို့ စိတ်ကို လှည့်ပေးတာ။

- ဒဿနဆိုတာက မြင်ခြင်းကိစ္စ
- သဝန ဆိုတာက ကြားခြင်းကိစ္စ
- ဃာယန ဆိုတာက နမ်းရှူခြင်းကိစ္စ
- သာယန ဆိုတာက အရသာသိခြင်းကိစ္စ
- ဖုသန ဆိုတာက တွေ့ထိတဲ့ကိစ္စ
- သမ္ပဋိစ္ဆန ဆိုတာက လက်ခံတဲ့ကိစ္စ
- သန္တီရဏ ဆိုတာက စုံစမ်းတဲ့ကိစ္စ
- ဝေါဋ္ဌဗ္ဗန ဆိုတာက ဆုံးဖြတ်တဲ့ကိစ္စ

အဲဒီတော့ သမ္ပဋိစ္ဆန, သန္တီရဏ, ဝေါဋ္ဌဗ္ဗနအကြောင်းကို စိတ်ပိုင်း အဟိတ်စိတ်တုန်းက ပြောပြခဲ့ပြီ။

အဟိတ်စိတ်တုံးက စိတ်ဝိထိလေးတစ်ခုနှင့် အဲဒါပြောပြခဲ့ပြီ၊ အဲဒီတော့ အာရုံနှင့် ပသာဒ(မျက်စိတို့ နားတို့ကို ပသာဒလို့ခေါ်တယ်) အာရုံနဲ့ ပသာဒတို့ တိုက်ဆိုင်မိတဲ့အခါမှာ ဝိထိစိတ်ဆိုတာတွေ ဖြစ်ပေါ်လာတယ်။

အဲဒီစိတ်တွေ ဖြစ်ပေါ်လာတဲ့အခါကျတော့ အာဝဇ္ဇန်းစိတ်က စပြီးတော့

ဖြစ်လာတယ်၊ အဲဒီ အာဝဇ္ဇန်းစိတ် မတိုင်ခင်ကတော့ ဘဝင်စိတ်တွေ ဖြစ်လာတယ်၊ ဘဝင်စိတ်၃–ချက်ရှိတယ်၊ အဲဒီ ၃–ချက်ပြီးတဲ့နောက် အာဝဇ္ဇန်းကိစ္စတပ်တဲ့ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာတယ်။

အာဝဇ္ဇန်းဆိုတာက အာရုံကိုဆင်ခြင်တာ, သို့မဟုတ် ဝီထိစိတ်ဘက်သို့ လှည့်ပေးတဲ့ အခိုက်အတန့်ဆိုပါတော့၊ အဲသလို အာရုံသို့ လှည့်ပေးပြီးတဲ့နောက် မြင်စရာအာရုံဆိုရင် မြင်လာမယ်၊ ကြားစရာအာရုံဆိုရင် ကြားလာမယ်၊ နံ့စရာ အာရုံဆိုရင်နံ့လာမယ်၊ အရသာသိစရာဆိုရင်လည်း အရသာသိသာမယ်၊ထိစရာ အာရုံဆိုရင်လည်း ထိတဲ့ကိစ္စ ဖြစ်လာမယ်။

ပြီးတဲ့နောက် အဲဒီအာရုံကို လက်ခံတဲ့သမ္ပဋိစ္ဆန, အာရုံကို လက်ခံပြီးတဲ့နောက် သန္တီရဏ၊ အဲဒီအာရုံကို စုံစမ်းစစ်ဆေးတယ်၊ ဒီအာရုံဟာ အလိုရှိအပ်တဲ့ အာရုံလား၊ အလိုမရှိအပ်တဲ့အာရုံလား, အလယ်အလတ်ဖြစ်တဲ့ အာရုံလား၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံလို့ ပါဠိလို ဒီလိုခေါ်တယ်၊ အဲသလို သူက စုံစမ်းတယ်။

သူက စုံစမ်းရုံစုံစမ်းတယ်၊ နောက် ဝုဋ္ဌော အခိုက်အတန့်ကျမှ ဆုံးဖြတ်ချက် ကျသွားတယ်၊ အဲဒီကျတော့ ဝုဋ္ဌောက (ဝုဋ္ဌောအခိုက်အတန့်ကျတော့) ဒီအာရုံဟာ အလိုရှိအပ်တဲ့ အာရုံပဲ, သို့မဟုတ် အလိုမရှိအပ်တဲ့ အာရုံပဲ, သို့မဟုတ် အလယ် အလတ်ဖြစ်တဲ့ အာရုံပဲလို့ ဆုံးဖြတ်လိုက်တယ်။

ဝုဋ္ဌောက ဆုံးဖြတ်ပြီးတဲ့နောက် အာရုံ၏ အရသာကို ကျကျနန ခံစားတဲ့ ဇောဆိုတဲ့စိတ်တွေ သာမန်အားဖြင့်ဆိုရင် ၇–ကြိမ်ဖြစ်တယ်၊ အဲဒီဇောကျတော့ ကုသိုလ်သော်လည်းကောင်း, အကုသိုလ်သော်လည်းကောင်း ဖြစ်လာပြီ။

ခုနက အာဝဇ္ဇန်းကစပြီး ဝုဋ္ဌောတိုင်အောင်သော စိတ်တွေက ဝိပါက်စိတ်တွေ မဟုတ်ဘူးလား၊ ဝိပါက်စိတ်တွေ ကြည့်လိုက်ရင် ကုသလဝိပါက်, အကုသလဝိပါက် ဆိုတဲ့ထဲက ဟာတွေချည်းပဲ။

ဒါပေမယ်လို့ ဇောကျတော့ ကုသိုလ်ဇောဖြစ်ချင်ဖြစ်မယ်, အကုသိုလ်ဇော ဖြစ်ချင်ရင်ဖြစ်မယ်၊ ဇောဆိုတာမြန်မာစကားမဟုတ်ဘူး၊ ပါဠိစကားနော်၊ ဇဝန ဆိုတဲ့ ပါဠိစကားကို ဇောလို့ပြန်ထားတာ၊ ဇောဆိုတာ အရှိန်အဟုန်နဲ့ ဖြစ်တာကို ဇောလို့ခေါ်တယ်၊ ဒီနေရာမှာ အရှိန်အဟုန်နဲ့ဖြစ်တာလို့ ဆိုတဲ့အတွက် ကြောင့်မို့လို့ အကြိမ်များစွာဖြစ်တာ မဖြစ်တာ ပမာနမဟုတ်ဘူး၊ တစ်ကြိမ်တည်းလည်း ဖြစ်ပေ မယ်လို့ သူကတကယ်အရှိန်အဟုန်ရှိတယ်, အစွမ်းသတ္တိရှိတယ်ဆိုရင် သူ့ကိုဇောလို့ ခေါ်ရတယ်။

ဥပမာအားဖြင့် မဂ်ဇောဆိုတာ စတုတ္ထပိုင်းကျတော့တွေ့မယ်၊ မဂ်ဇောဟာ တစ်ကြိမ် တည်းဖြစ်တယ်၊ တစ်ကြိမ်တည်းဖြစ်ပေမယ်လို့ သူက ကိလေသာကို အကုန်သတ်ပစ် နိုင်တယ်၊ ဒီလောက်အစွမ်းထက်တယ်၊ အဘိညာဉ်ဇောဆိုတာ ရှိသေးတယ်၊ တစ်ကြိမ် ပဲဖြစ်တယ်၊ တစ်ကြိမ်ဖြစ်ရုံနဲ့ သူကလည်း တစ်ခါတည်း တန်ခိုးဖန်ဆင်းတာတွေ ဘာတွေ အကုန်လုံးဖြစ်စေနိုင်တယ်နော်၊ သိပ် အရှိန်အဟုန် ရှိတယ်။

ဒါကြောင့်မို့ တစ်ကြိမ်ပဲဖြစ်သည်ဖြစ်စေ, အကြိမ်များများဖြစ်သည်ဖြစ်စေ, အရှိန်အဟုန်နဲ့ ဖြစ်တတ်တဲ့ စိတ်မျိုးကို ဇောစိတ်၊ အဲသလို အရှိန်အဟုန်နဲ့ဖြစ်ခြင်းကို ဇော၊ အရှိန်အဟုန်နဲ့ဖြစ်တယ်ဆိုတဲ့ နေရာမှာလည်းပဲ ဟို definition ပေးရမယ် ဆိုရင် အာရုံကို ကျကျနန ခံစားတာကို ဆိုလိုတယ်နော်၊ တခြားစိတ်တွေထက် သူက အာရုံကို ထိထိမိမိ ခံစားတာ၊ ဒါကြောင့်မို့ သူတို့ကို ဇောစိတ်တွေလို့ ခေါ်ရတယ်၊ အဲဒီစိတ်တွေထဲပဲ ဘယ်လောက်ရှိတယ်ဆိုတာ ဒါပြီးတဲ့အခါကျတော့ တွက်မယ်။

အဲဒီဇောပြီးတဲ့နောက် တဒါရုံတဲ့, တဒါရမ္မဏ, တဒါရုံဆိုတာက မြန်မာလို တိုက်ရိုက်ပြန်ရင် ထိုအာရုံရှိတဲ့စိတ်လို့ အဓိပ္ပါယ်ရတယ်၊ ထိုအာရုံရှိတဲ့စိတ် ဆိုတာ ဇောအာရုံအတိုင်း လိုက်ယူတယ်နော်၊ ဇော၏အာရုံကိုပဲ လိုက်ယူပြီးတော့ ဇောနောက်က ကပ်လိုက်တတ်တဲ့စိတ်မျိုးကို တဒါရုံလို့ခေါ်တယ်။

ဟိုအပတ်တုန်းက လှေဥပမာလေးနဲ့ပြောခဲ့တယ်၊ မှတ်မိသေးလား မသိဘူး၊ လှေဟာ ရေဆန်သွားတဲ့အခါကျတော့ ရေဟာ လှေနောက်က နည်းနည်းလေး ကပ်လိုက်သလိုတဲ့။

ကောင်းပြီ စိတ်ပိုင်းတုန်းက ပြောခဲ့တဲ့ ဒီသရက်ပင်အောက်မှာ လူတစ်ယောက် အိပ်တဲ့ ဥပမာနဲ့ ဝီထိကို ပြောခဲ့တယ်။

အဲဒီမှာတော့ တဒါရုံက ဘာနဲ့တူလဲဆိုရင် စားပြီးတဲ့နောက်ကို ပါးစပ်ထဲ အကပ်အသတ်ကလေးပေါ့လေ၊ အဲဒါလေး မြိုချတာနဲ့တူတယ်တဲ့၊ အဲဒါ တဒါရုံတဲ့။

နောက်ဆုံးကိစ္စ စုတိကိစ္စတဲ့၊ စုတိကိစ္စဆိုတာ သေတာကိုပြောတာ, သူ့ကို မြန်မာတိုက်ရိုက် အနက်ပြန်လိုက်ရင် ရွေ့လျောတာတဲ့, ဘဝတစ်ခုကနေ ရွေ့လျော ကျသွားတယ်၊ ဘဝတစ်ခုရွေ့လျောသွားတယ်၊ ဒါကို စုတိ၊ မြန်မာက ဣကို ဧလေး လုပ်လိုက်ပြီး စုတေဆိုပြီးတော့သုံးတယ်၊ နတ်တွေ ကျတော့ စုတေတယ်၊ လူတွေကျတော့သေတယ်၊ ရှင်ဘုရင်တွေကျတော့ နတ်ရွာ စံတယ်တဲ့ စသည်ဖြင့်

ပြောကြတယ်၊ ဒါကတော့ ဘယ်သူဖြစ်ဖြစ် စုတေ တယ်လို့ သုံးနိုင်တာချည်းပဲ၊ သေတာကို စုတေတယ်ခေါ်တာ။

စုတိဟာ တစ်ဘဝမှာ နောက်ဆုံးစိတ်ပဲနော်၊ အဲဒီ စုတိနောက် ဒီဘဝမှာ ဘာစိတ်မှ မရှိတော့ဘူး၊ တစ်ခါ ဟိုဘဝ ဆက်တိုက် ပဋိသန္ဓေဆိုတာ သွားဖြစ်တယ်၊ ဒါကြောင့်မို့ စုတိနှင့် ပဋိသန္ဓေနှင့်အကြားမှာ ဘာမှမရှိဘူး၊ စိတ်အနေနဲ့ ပြောရမယ်ဆိုရင် ကာလအားဖြင့် မခြားဘူးနော်။

ဒီဘဝ စုတိပြီးတော့နောက် တစ်ခါတည်း တစ်နာရီကြာမှ, နှစ်နာရီကြာမှ, သို့မဟုတ် တစ်ရက်ကြာမှ, နှစ်ရက်ကြာမှ ပဋိသန္ဓေဖြစ်တယ်လို့ ဒီလို မဟုတ်ဘူး၊ ဒီဘဝ စုတိ ပြီးတာနဲ့တစ်ပြိုင်နက် နောက်ဘဝ ပဋိသန္ဓေဆက်တိုက် ဖြစ်တာပဲ။

ဒါပေမယ်လို့ စိတ်အစဉ်အတိုင်းပြောမယ်ဆိုရင်တော့ ခဏတစ်ခုပဲ၊ စုတိနှင့် ပဋိသန္ဓေဘာမှ သိပ်ကွာခြားတာမဟုတ်ဘူး၊ ဒါပေမယ်လို့ ဘဝအနေနဲ့ ပြောရင်တော့ သိပ်ကွာခြားသွားပြီဆိုပါတော့၊ လူဘဝကနေပြီးတော့ နတ်ဘဝ သွားဖြစ်မယ်ဆိုရင် ဒါ အဝေးကြီး သွားဖြစ်မယ်နော်၊ တိရစ္ဆာန်ဘဝ သွားဖြစ်မယ်၊ ငရဲကျသွားမယ်၊ လူ့ပြည်ပြန်ဖြစ်ဦးမယ် စသည်ပေါ့လေ။

အဲဒီလို ခရီးအားဖြင့်ဝေးပေမယ်လို့ စိတ်ခဏအနေနဲ့ကတော့ လုံးဝ မဝေးဘူး, ဆက်တိုက်ဖြစ်တာပဲ၊ အဲဒီဟာကို မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်က ပေးထားတဲ့ ဥပမာတစ်ခုရှိတယ်၊ စိတ်အဖြစ်မြန်တာ, ဌာနနီးတာ ဝေးတာ ပဓာန မဟုတ်တာကို ဥပမာပေးတာ၊ အခုခေတ်အနေနဲ့ ပြောမယ်ဆိုရင်(ဆိုပါတော့) မင်းကြီး, ဆန်ဖရန်စ္စကို မြို့ကို စိတ်ထဲစိတ်ကူးကြည့်လိုက်စမ်းပါ၊ နောက်တစ်ခါ ဝါရှင်တန်ဒီစီ စိတ်ကူးလိုက်စမ်းပါ၊ ဘယ်သူက ပိုကြာလဲနော်၊ အတူတူပဲ၊ ဆန်ဖရန်စ္စကို စိတ်ကူးလိုက်ရင်လည်း ဒီလောက်ကြာတာပဲ၊ ဝါရှင်တန်ဒီစီ စိတ်ကူး လိုက်ရင်လည်း ဒီလောက်ကြာတာပဲ။

ထို့အတူပဲ, ဒီဘဝကနေပြီးတော့ ဟိုဘက်အိမ်သွား လူဖြစ်ရင်လည်း ဒီလောက်ကြာမှာပဲ, နတ်ပြည်သွားပြီး နတ်ဖြစ်ရင်လည်း ဒီလောက်ကြာမှာပဲ၊ ဒီလောက်ကြာမှာပဲဆိုတာ ဆက်တိုက်ဖြစ်တာပဲ၊ အဲဒီရွှေ့လျောတဲ့ကိစ္စ, သေခြင်းကိစ္စကို စုတိကိစ္စလို့ခေါ်တယ်၊ အားလုံးကိစ္စပေါင်း ၁၄–ပါးရှိတယ်။

ဌာန ၁၀–ပါးတဲ့နော်၊ ကိစ္စနှင့် ဌာန၊ ဌာန ၁၀–ပါးရှိတယ်လို့ တစ်ခါပြောပြန်တယ်၊ ဒါကတော့ ကိစ္စနှင့်ဌာနက ဘယ်လိုတူသလဲ၊ ဒါ လူ့လောကမှာ ထင်ရှားပါတယ်။

အရာရှိတစ်ယောက်ဆိုတော့ သူ့ကိစ္စက သူအလုပ်တစ်ခု လုပ်ရတာနော်၊ ညွှန်ကြားရေးဝန်ဆိုရင် ညွှန်ကြားရတာ သူ့ အလုပ်ပေါ့၊ သူထိုင်တဲ့နေရာကို ဘာလို့ ခေါ်မလဲ, ဌာနပေါ့နော်၊ ထို့အတူပဲ ဒီမှာလည်းပဲ ဒီကိစ္စဆိုတာ သူရဲ့ function, သူရဲ့ ပြုလုပ်ခြင်း, သူ့ရဲ့ တစ်ခုခုဆောင်ရွက်တာကို ကိစ္စလို့ခေါ်ပြီးတော့ အဲဒီ ကိစ္စဖြစ်ရာ ခဏကလေးပေါ့၊ ကာလအားဖြင့်တော့ အလွန်တိုတောင်းတဲ့ ခဏကလေး၊ အဲဒီခဏကလေးကို ဘာလို့ခေါ်သလဲဆိုရင် ဌာနလို့ခေါ်တယ်နော်၊ ကိစ္စက function ဌာနက ကာလသဘောမျိုး function ပြုရာကာလကလေးကို ဌာနလို့ခေါ်မယ်နော်။

စိတ်ပိုင်းတုန်းက ဝီထိပုံလေးများ ချပြသေးလား၊ မမှတ်မိဘူးနော်၊ ထားပါတော့၊ အဲသလိုဆိုရင် ဝီထိပုံလေး ချပြတဲ့အခါမှာ ဒီစိတ်ပြီး ဒီစိတ် ဒီစိတ်ပြီး ဒီစိတ်လို့ ပြောတော့ (ဆိုပါတော့) နံပါတ် ၁–စိတ်နှင့် နံပါတ် ၃–စိတ်ကြားမှာ နံပါတ်၂– စိတ်ရှိတယ်၊ အဲဒီစိတ်ရဲ့ ကိစ္စက(ဆိုပါတော့) ဒဿနကိစ္စ, မြင်ခြင်းကိစ္စဆိုရင် မြင်ခြင်းက သူရဲ့ကိစ္စ, အဲဒီစိတ်ကလေး ဉပါဒ်, ဌီ, ဘင် ဆိုတဲ့ ခဏငယ်လို့ခေါ်တဲ့ ခဏငယ်လေး ၃–ချက်ဖြစ်တဲ့ ဖြစ်ရာကာလလေးကို ဌာနလို့ ခေါ်တယ်၊ အဲဒီတော့ များသောအားဖြင့်ကတော့ ကိစ္စနဲ့ပဲ စကားပြောပါလိမ့်မယ်၊ ဌာနကို နောက်ကျတော့ ပြောနေမှာ မဟုတ်ဘူး။

ကောင်းပြီ, ကိစ္စက ၁၄–ပါးရှိတယ်၊ ဌာနက ၁၀–ပါးပဲရှိတယ်၊ ဘာကြောင့် လဲဆိုရင် အဲဒီဝီထိမှာ ကြည့်လိုက်ရင် အာဝဇ္ဇန်းကိစ္စနော်၊ ပြီးရင် ဘာလာလဲ, ဒဿနကိစ္စဆိုတော့ ဒဿန, သဝန, ဃာယန, သာယန, ဖုသန, ဒီ ၅–မျိုး ကနေရာနှင့်ပြောမယ်ဆိုရင် တစ်နေရာတည်းမှာပဲဖြစ်တယ်၊ တစ်ခါတလေ ဒဿန ဖြစ်မယ်, မြင်တဲ့အခါ ဒဿနဖြစ်မယ်, ဒဿနကိစ္စဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်ဖြစ်မယ်။

ကြားတဲ့အခါကျတော့ သဝနကိစ္စနော်၊ သောတဝိညာဏ်စိတ်ဖြစ်မယ်၊ ဒီနေရာမှာပဲ ဖြစ်မှာ၊ ဒီကာလမှာပဲ ဖြစ်မှာပဲ၊ အဲဒါကြောင့်မို့ သူတို့က ကိစ္စ ၅– ခုပေ မယ်လို့ ဌာနကတော့ တစ်ခုတည်းရယ်။

အဲဒီတော့ သူတို့က ဌာနတစ်ခုတည်းဖြစ်တဲ့အတွက်ကြောင့်မိုလို့ကိစ္စ ၁၄– ပါးဟာ ဌာနအားဖြင့်တော့ ၁၀–ပါးပဲ ဖြစ်သွားတယ်နော်။

အဲဒါ အခု ဒီအကွက်တည်းမှာကြည့်လိုက်ရင် ပဉ္စဝိညာဏ်လို့ ပြထားတယ်၊ ဒါ တစ်ဌာနပေါ့နော်၊ ဌာန ၁၀–ပါးလို့ ဒီက ရှိတယ်မို့လား၊ အဲဒီတော့ ပဋိသန္ဓေ ဌာန, ဘဝင်ဌာန,စုတိဌာန, အာဝဇ္ဇနပြီးတော့ ဒဿန, သဝန, ဃာယန,သာယန, ဖုသနကို ဘာလို့ခေါ်မလဲ၊ ပဉ္စဝိညာဏ် ဌာန ပြီးတော့ သမ္ပဋိစ္ဆနဌာန, သန္တီရဏဌာန

စသည်ဖြင့် သွားတယ်။

ဒါကြောင့်မို့ ကိစ္စ ၁၄–ပါး ရှိပေမယ်လို့ ဌာနကျတော့ ၁၀–ပါးသာ ရှိတော့တယ်၊ ဒါပါပဲ, သိပ်မခက်တော့ပါဘူးနော်၊ ကိစ္စ ၁၄–ပါး၊ ဌာန ၁၀–ပါးတဲ့။

ကောင်းပြီ, အခု ကိစ္စ ၁၄–ပါးနှင့် စိတ် ၈၉–ပါးကို ဝေဖန်ရမယ်နော်။

ဝေဖန်ရမယ်ဆိုတော့ ဘယ်စိတ်က ဘယ်ကိစ္စကို ဆောင်ရွက်သလဲ၊ ဒါလိုက်ပြီး တော့ ကြည့်ရမယ်၊ ပေးထားတဲ့ ဇယားကွက်ကိုကြည့်ရင် ရှင်းနေပြီနော်၊ ပြောစရာ တောင် မလိုတော့ဘူးထင်တယ်။

ကောင်းပြီ ဘယ်စိတ်တွေဟာ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သလဲ၊ စာစကား နှင့်သုံးတော့ တပ်တယ်လို့သုံးတယ်၊ ကိစ္စတပ်တယ်နော်၊ ဒါ ဦးဇင်းတို့ စာအုပ်တွေမှာ သုံးတာ။

အဲဒီတော့ ပဋိသန္ဓေကိစ္စတပ်တဲ့စိတ်ပေါင်း ဘယ်လောက်ရှိသလဲ, ဘဝင်ကိစ္စ တပ်တဲ့စိတ်ပေါင်း ဘယ်လောက်ရှိသလဲ, စုတိကိစ္စတပ်တဲ့စိတ်ပေါင်း ဘယ်လောက် ရှိသလဲ၊ ဘာကြောင့်တုံးဆိုတော့ ဒီ၃–ခုက အတူတူပဲ၊ ဒီစိတ်၁–ခုတည်းကပဲပထမ ဖြစ်တော့ ပဋိသန္ဓေ, နောက်တစ်ဘဝလုံးဖြစ်တော့ ဘဝင်, သေတဲ့အချိန်ကျတော့ စုတိ၊ အဲဒီတော့ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်နိုင်တဲ့စိတ် ပေါင်းကြည့်လိုက်စမ်းပါ၊ ဘယ်နှစ်ခုရှိလဲ၊ သန္တီရဏ ဥပေက္ခာ ၂–ခုနော်၊ ဒါဟာ အပြောက်အပြောက်တွေမှာ ထောက်နိုင်ရမယ်နော်၊ သန္တီရဏ ဥပေက္ခာ၂–ခု ပြီးတော့ ကာမာဝစရ သောဘန ဝိပါက်စိတ် ၈–ခုနော်၊

ဒါက ဟိုတုံးက ကာမာဝစရ သောဘန နာမည်နှင့် သုံးခဲ့လို့ အလွယ်ခေါ် မယ်ဆိုရင် မဟာဝိပါက်လို့ ခေါ်လို့ရတယ်နော်၊ မဟာဝိပါက်စိတ် ၈–ခု။

ပြီးတော့ ရှေ့သွားလိုက်စမ်း, မဟဂ္ဂုတ် ဝိပါက်စိတ် ၉–ခု၊ စိတ် အားလုံး ပေါင်းလိုက်ရင်၊ ၁၉–ပါးနော်၊ အဲဒီ ၁၉–ပါးကြည့်လိုက်ရင် ဝိပါက်စိတ်တွေချည်း မဟုတ်ဘူးလား၊ သန္တီရဏ ဥပေက္ခာ ၂–ခုကလည်း ဝိပါက်၊ အကုသလဝိပါက်ရယ်၊ ကုသလဝိပါက်ရယ်၊ ကာမာဝစရ သောဘနဝိပါက်–၈ကလည်း ဝိပါက် မဟဂ္ဂုတ် ဝိပါက်ကလည်း ဝိပါက်, အဲဒီတော့ ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်တဲ့ စိတ်ဆို တာဟာ ဝိပါက်စိတ်တွေပဲ၊ ဒါ ကံရဲ့အကျိုးကြောင့် ဒီဘဝ လာဖြစ်တာမဟုတ်ဘူးလား။

ဒါကြောင့်မို့ အဲဒီစိတ် ၁၉–ပါးသည် ဘာကိစ္စတပ်သလဲလို့ မေးရင် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်တယ်၊ ဒါဖြင့်ရင် ဘဝကစ်ခုမှာ ပဋိသန္ဓေ

နေပြီဆိုရင် ဒီစိတ် ၁၉-ပါးထဲက တစ်ပါးပါးနဲ့ နေခဲ့ကြတာချည်းပဲနော်၊ ဒါတွေဟာ ပဉ္စမပိုင်း ဘုံပိုင်းကျတော့လည်း ဒါတွေဟာ ပြန်ပြီးတော့ လာလိမ့်ဦးမယ်။

တိရစ္ဆာန်ဖြစ်မယ့်ကောင်ဆိုရင် အပါယ် ၄-ပါးဖြစ်တဲ့ သတ္တဝါဆိုရင် အကုသလ သန္တီရဏ ဥပေက္ခာနှင့် ပဋိသန္ဓေနေခဲ့တယ်၊ လူ့ဘုံမှာဖြစ်တဲ့ သတ္တဝါဆိုရင် ကုသလဝိပါက် သန္တီရဏဖြစ်စေ, မဟာဝိပါက်စိတ် ၈-ခုဖြစ်စေ, အဲဒါတွေနဲ့ ပဋိသန္ဓေ နေခဲ့ကြတာ။

ရူပါဝစရ ဗြဟ္မာဘုံမှာ သွားဖြစ်တော့မယ်ဆိုရင် မဟဂ္ဂုတ် ဝိပါက်ထဲက ရူပါဝစရ ဝိပါက် ၅-ခုနှင့် တစ်ခုခုနှင့်သွားပြီးတော့ ပဋိသန္ဓေဖြစ်တယ်၊ နေတယ်၊ အရူပါဝစရဘုံမှာ သွားပြီးတော့ ဖြစ်တော့မယ်ဆိုရင်လည်းပဲ အရူပဝိပါက်၄-ခု၊ တစ်ခုခုနှင့် ပဋိသန္ဓေနေတယ်။

ဒါဖြင့်ရင် အခုလူတွေဆိုပါတော့, ဘာနဲ့ ပဋိသန္ဓေနေခဲ့တယ်လို့ ထင်လဲ၊ ဘယ်သူမှတော့ မပြောနိုင်ဘူးပေါ့လေ၊ သို့သော် ဒါက နောက်မှသိရမှာကို၊ အခုတည်းက နည်းနည်းလေး ကြိုတင်ပြောသလို ဖြစ်နေတယ်နော်။

အမေမွေးကတည်းက ကန်းမွေးလာတဲ့လူမျိုးနော်၊ နားပင်းလာတဲ့လူမျိုးပေါ့လေ၊ အဲဒီလိုလူမျိုးတွေဟာလည်း ကုသလဝိပါက် ဥပေက္ခာသန္တီရဏနှင့်ပဋိသန္ဓေနေတယ်၊ အဲသလိုမဟုတ်ပဲနဲ့ တခြားလူတွေကျတော့ မဟာဝိပါက်စိတ် ၈-ခု၊ တစ်ခုခုနဲ့ ပဋိသန္ဓေနေလာတယ်၊ ဟုတ်လား၊ ဉာဏသမ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေလာတဲ့ပုဂ္ဂိုလ်ရှိမယ်၊ ဉာဏဝိပ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေလာတဲ့ ပုဂ္ဂိုလ်ရှိမယ်၊ သောမနဿနှင့် ပဋိသန္ဓေနေလာတဲ့ ပုဂ္ဂိုလ်ရှိမယ်၊ ဥပေက္ခာနဲ့ ပဋိသန္ဓေနေလာတဲ့ ပုဂ္ဂိုလ်ရှိမယ်၊ အသင်္ခါရိကနဲ့နေလာတဲ့ ပုဂ္ဂိုလ်ရှိမယ်၊ သသင်္ခါရိကနဲ့ နေလာတဲ့ ပုဂ္ဂိုလ်ရှိမယ်၊ အဲဒီလို အမျိုးမျိုးရှိတာ။

ရူပါဝစရ, အရူပါဝစရကျတော့ သူကတော့ ဉာဏသမ္ပယုတ်ချည်းပဲ၊ ဉာဏဝိပ္ပယုတ် မရှိတော့ဘူး၊ ဒါကြောင့်မို့ ဒီစိတ် ၁၉-ပါးက ပဋိသန္ဓေကိစ္စတပ်တယ်၊ ဘဝင်ကိစ္စတပ်တယ်၊ စုတိကိစ္စ တပ်တယ်နော်။

ဆိုကြပါစို့ လူတစ်ယောက်ဟာ ကာမာဝစရ သောဘနဝိပါက်, သို့မဟုတ် မဟာဝိပါက် ပထမစိတ်နဲ့ ပဋိသန္ဓေနေခဲ့ပြီတဲ့၊ ပထမစိတ်ဆိုတာဘာတုန်း သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊ အဲဒီစိတ်နဲ့ပဋိသန္ဓေနေခဲ့ပြီဆိုရင် သူ့တစ်ဘဝလုံးမှာဖြစ်မယ့် ဘဝင်စိတ်တွေဟာလည်း အဲဒီ မဟာဝိပါက် ပထမစိတ်ပဲ၊ နောင် သူသေတဲ့အခါမှာလည်းပဲ အဲဒီစိတ်နဲ့ပဲသေမယ်၊ ဒါကြောင့်မို့ in the

given life ဘဝတစ်ခုမှာ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဟာ indentical ဒီစိတ်ပဲ ပြန်ပြန်ဖြစ်နေတာ၊ နောက်ဘဝက ကံရဲ့အရှိန်ဟာ ဘယ်လောက်မြင့်တယ်ဆိုတာအဲဒါကြည့် ဒီကံကပစ်ချလိုက်လို့ဖြစ်လိုက်ရင် ဒီစိတ်ဟာ ဒီတစ်ကြိမ်တည်းဖြစ်တာ မဟုတ်ဘူး၊ တစ်ဘဝလုံး တစ်ခါတည်းဖြစ်နေတော့တာ၊ အချိန်လိုက်ပြီးတော့ သူ့ပထမဆုံးဖြစ်တော့ ပဋိသန္ဓေလို့ခေါ်တယ်, ကြားမှာဖြစ်တော့ ဘဝင်လို့ခေါ်တယ်, အဆုံးစိတ်ကျတော့ စုတိ, အဲသလို သွားတယ်၊ ဒါက ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်တဲ့စိတ်နော်။

နောက်တစ်ခုက အာဝဇ္ဇနကိစ္စတပ်တဲ့စိတ် ဘယ်နှစ်ပါးရှိတုန်း, ၂–ပါးရှိတယ်၊ ပဥ္စဒွါရာ ဝဇ္ဇနစိတ်ရယ်, မနောဒွါရာဝဇ္ဇနစိတ်ရယ်၊ ပဥ္စဒွါရာဝဇ္ဇနစိတ်က ၅–ဒွါရမှာ သူက ဆင်ခြင်တယ်, လှည့်ပေးမယ်၊ မနောဒွါရာဝဇ္ဇနဆိုတာက မနောဒွါရမှာ လှည့်ပေးမယ်, ဆင်ခြင်မယ်, ဒွါရဆိုတာက ရှေ့အပတ်ကျတော့ ဒွါရတွေလေ့လာတဲ့အခါ သိလိုက်မယ်၊ အခုတည်းက နည်းနည်းကြိုတင်ပြောရမယ်ဆိုရင် မျက်လုံးအကြည်ဓာတ်ကို စက္ခုဒွါရလို့ခေါ်တယ်၊ နားကို သောတဒွါရလို့ ခေါ်တယ်၊ ပြီးတော့ ဘဝင်စိတ်ကို မနောဒွါရလို့ခေါ်မယ်။

အဲဒီတော့ ပစ္စုပ္ပန် ရူပါရုံကို တိုက်ရိုက်မြင်တဲ့အခါမှာ ဟောဒီ မြင်တဲ့ဝီထိဖြစ်တယ်၊ မြင်တဲ့ thought process ဖြစ်တဲ့အခါမှာ ပဥ္စဒွါရာဝဇ္ဇန်းပါတယ်၊ ကြားတဲ့အခါမှာအသံကို အခုလို တိုက်ရိုက် ကြားနေတဲ့အခါမှာ ပဥ္စဒွါရာဝဇ္ဇန်းပါတယ်၊ အဲဒီမြင်တဲ့ အာရုံပဲ အတိတ်တုန်းက မြင်တဲ့ဟာကို ကိုယ်ပြန်ပြီးတော့ အခုတည်းက စိတ်နဲ့ စဉ်းစားလိုက်တယ်, စိတ်နဲ့ မြင်လိုက်တယ်ဆိုပါတော့၊ အဲဒီကျတော့ မနောဒွါရဖြစ်သွားပြီ၊ ပဥ္စဒွါရာဝဇ္ဇန်း မဟုတ်တော့ဘူး, မနောဒွါရာဝဇ္ဇန်း။

ဘာတုန်းဆိုတော့ အခုတိုက်ရိုက်ဖြစ်နေတဲ့ အာရုံမဟုတ်ပဲကိုနော်၊ အတိတ်အာရုံ သို့မဟုတ် အနာဂတ်အာရုံ ဒီကျတော့ ဒွါရ ၅–ပါးနှင့် အဲဒီ အာရုံတွေကိုမယူနိုင်ဘူး၊ မနောစိတ်နှင့်သာ ယူနိုင်တယ်၊ အဲဒါကြောင့်မို့ အဲဒီကျတော့ မနောဒွါရ။

ဒါကြောင့်မို့ အဲဒီလို အာရုံကို ဆင်ခြင်တဲ့စိတ်၊ သို့မဟုတ် လှည့်ပေးတဲ့စိတ်၊ လှည့်ပေးတဲ့ကိစ္စ တပ်တဲ့စိတ် ၂–ခုတည်းရှိတယ်၊ တစ်ခုကပဥ္စဒွါရာဝဇ္ဇန်း တစ်ခုက မနောဒွါရာဝဇ္ဇန်း။

ဒီနောက် ဒဿနကိစ္စ၊ မြင်ခြင်းကိစ္စ၊ မြင်ခြင်းကိစ္စတပ်တဲ့စိတ် ၂–ပါးပဲရှိတယ်၊ ဒီ ၂–ပါးမှာ ၁–ပါးပါးနှင့် မြင်ကြတာချည်းပဲနော်။

ကောင်းတာမြင်ရင် ကုသလဝိပါက်စိတ်နဲ့ မြင်တယ်၊ မကောင်းတာမြင်ရင်

အကုသလဝိပါက်စိတ်နဲ့ မြင်တယ်ဆိုရင် ဒီ၂-ခု တစ်ခုခုပဲ၊ စက္ခုဝိညာဏ်ဒွေးလို့ ခေါ်တယ်နော်၊ စက္ခုဝိညာဏ်စိတ် ၂-ခု။

သဝနကိစ္စတပ်တဲ့စိတ် ဘယ်နှစ်ခုတုန်း ၂-ခုပဲ, ကြားခြင်းကိစ္စတပ်တဲ့စိတ်၊ သောတဝိညာဏ်စိတ် ၂-ခု။

ဃာယနကိစ္စတဲ့နော်, နံခြင်းကိစ္စတပ်တဲ့ စိတ်၂-ခုပဲ, ဃာနဝိညာဏ်စိတ် ၂-ခု။

အရသာသိခြင်းကိစ္စ တပ်တဲ့စိတ်ကကော ၂-ခုပဲနော်၊ ဇိဝှါဝိညာဏ် ၂-ခု။

ပြီးတော့ အထိအတွေ့တပ်တဲ့စိတ်ကကော ၂-ခု၊ ဒါ Physical contect ပေါ့, ထိတွေ့တာ စိတ်နဲ့ထိတွေ့တာမဟုတ်ဘူး၊ သူက ဘာတုန်း၊ ကာယဝိဉာဏ် ၂-ခုနော်၊ တစ်စုံတစ်ခုထိခိုက်လို့ ကိုယ်ကနာသွားတယ်, အဲသလိုဆိုရင် ဒုက္ခသဟဂတ ကာယဝိညာဏ အကုသိုလ်ရဲ့အကျိုး။

ကောင်းတာလေးနဲ့ တွေ့ရထိရတယ်၊ အဝတ် နူးနူးညံ့ညံ့လေးနဲ့ထိရတယ် စသည်ပေါ့၊ အဲဒီကျတော့ကော သုခသဟဂတကာယဝိညာဏ်၊ ဒါကျတော့ ကုသိုလ်ရဲ့ အကျိုးနော်၊ အဲသလို ၂-မျိုးတဲ့။

ဒါဖြင့် ဖုသန ကိစ္စတပ်တဲ့စိတ် ၂-မျိုးပေါ့နော်၊ ကာယဝိညာဏ်စိတ် ၂-ခု။

သမ္ပဋိစ္ဆနကိစ္စတပ်တဲ့စိတ် ဘယ်နှစ်ခုရှိလဲ၊ ၂-ခုပဲရှိတယ်၊ သမ္ပဋိစ္ဆိုင်းစိတ် ၂-ခုပေါ့နော်။

သန္တီရဏကိစ္စတပ်တဲ့စိတ် ၃-ခု ရှိတယ်၊ ဒါကလည်းပဲ စိတ်ပိုင်းတုန်းက သန္တီရဏ ၃-ခုပေါ့၊ အကုသလဝိပါက်စိတ်ထဲက ၁-ခု၊ အဟိတ်ကုသလ ဝိပါက် စိတ်ထဲက ၂-ခုနော်၊ ဝေဒနာနှင့် ပြောမယ်ဆိုရင် ဥပေက္ခာက ၂-ခု၊ သောမနဿ ၁-ခု။

ဝေါဋ္ဌဗ္ဗန မြန်မာလိုခေါ်တော့ ဝုဌ္ဌောလို့ခေါ်တယ်နော်၊ ဝုဌ္ဌောကိစ္စတပ်တဲ့စိတ် ဘယ်နှစ်ခုရှိလဲ, ၁-ခုတည်းပဲ, ဘယ်စိတ်လဲ, မနောဒွါရာဝဇ္ဇန်း။

မနောဒွါရာဝဇ္ဇန်းဟာ ဒီအာရုံကို ဆင်ခြင်ပေးတဲ့အခါမှာ သူက အာဝဇ္ဇန်းကိစ္စ တပ်တယ်နော်၊ အာရုံကို ဆုံးဖြတ်ပေးတဲ့အခါကျတော့ ဝုဌ္ဌောကိစ္စ တပ်တယ်၊ ကိစ္စမတူဘူး၊ အခုဒီမှာ ဝုဌ္ဌောလို့ဆိုတာကျတော့ အာရုံကို ဆုံးဖြတ်ပေးခြင်းကိစ္စ၊ အဲဒီလို အာရုံကို ဆုံးဖြတ်ပေးခြင်း ကိစ္စတပ်တဲ့အခါကျတော့ သူက ၅-ဒွါရ ဖြစ်တယ်နော်၊ မြင်ကြားစသည်မှာ ဖြစ်တယ်၊ အာရုံကို ဆင်ခြင်ပေးတဲ့ အခါကျတော့

သူက မနေဒွါရမှာဖြစ်တယ်။

ဘာတုန်းဆိုတော့ ပဥ္စဒွါရမှာ သူဆင်ခြင်ပေးစရာ မလိုဘူး၊ ပဥ္စဒွါရာဝဇ္ဇန်းက ဆင်ခြင်ပေးနေတယ်။

ဇောတွေကျတော့ အများကြီးပဲ၊ အဲဒါ တွက်ရလိမ့်မယ်နော်၊ ဇောကိစ္စတပ်တဲ့စိတ်တဲ့၊ အဲဒီတော့ဇောကို နားလည်ထားဖို့က အာဝဇ္ဇန်း ၂-ခုမှ တစ်ပါးကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာ, အဲဒါလည်း မှတ်ထားနော်၊ အာဝဇ္ဇန်းစိတ် ၂-ခု မှတပါး ကုသိုလ်, အကုသိုလ်, ဖိုလ် ကြိယာ၊ ဒီစိတ်တွေဟာ ဇောကိစ္စတပ်တဲ့စိတ်၊ ဒါကြောင့်မို့ အကုသိုလ်စိတ် ၁၂-ပါး ဇောကိစ္စ တပ်တယ်၊ အဟိတ်ကြိယာ ၃-ပါးထဲက ဇောကိစ္စတပ်တာ ဘယ်နှစ်ခုပါလဲ, အာဝဇ္ဇန်း ၂-ခု မပါရဘူး ဆိုတော့ ၁-ခုတည်း ကျန်တာပေါ့၊ ဟသိတုပ္ပါဒ်နော်၊

ကောင်းပြီ, ဒါဖြင့် အဟိတ်စိတ်ထဲက ဇောကိစ္စတပ်တာ ဘယ်စိတ်တုန်း၊ ဟသိတုပ္ပါဒ်, နောက်ဆုံးစိတ်။

တစ်ခါ ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ ကာမာဝစရ ကြိယာစိတ် ၈-ပါးနော်၊ ပြီးတော့ ရူပါဝစရကုသိုလ်စိတ် ၅-ပါး၊ ရူပါဝစရကြိယာစိတ် ၅-ပါး၊ အရူပါဝစရ ကုသိုလ်စိတ် ၄-ပါး၊ အရူပါဝစရကြိယာစိတ် ၄-ပါး၊ ပြီးတော့ လောကုတ္တရာ ကုသိုလ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါး၊ အားလုံးပေါင်းလိုက်ရင် ၅၅-ပါး ဖြစ်ရမယ်နော်။

အဲဒီတော့ ပြန်ပြီးတော့မြင်အောင် ကြည့်လိုက်စမ်းပါ၊ ဒီ အစက်ကလေးတွေပဲ ဖြစ်ဖြစ်ပေါ့နော်၊ ကြည့်လိုက်ရင် ဘယ်လိုတွေ့မလဲ၊ ပထမ အတန်းဟာ အကုသိုလ်စိတ် ၁၂-ပါး၊ အကုသိုလ်စိတ် ၁၂-ပါးလုံး ဇောကိစ္စတပ်တယ်။

အဟိတ်စိတ်ထဲက ဇောကိစ္စတပ်တဲ့စိတ်၊ တတိယအတန်းနော်၊ ဒေါင်လိုက်အတန်းပြောတာ၊ တတိယအတန်းမှာ နောက်ဆုံးစိတ်။

ကာမာဝစရသောဘနစိတ် ၂၄-ပါးထဲက ဇောကိစ္စတပ်တဲ့စိတ်တွေ ထုတ်လိုက်စမ်း၊ ပထမအတန်း ၈-ခုရယ်၊ တတိယအတန်း ၈-ခုရယ်။

ရူပါဝစရစိတ်ထဲက ထုတ်လိုက်စမ်း, ပထမအတန်း ၅-ခု, တတိယအတန်း ၅-ခု။

အရူပါဝစရစိတ်တဲက ထုတ်လိုက်စမ်း, ပထမအတန်း ၄-ခု, တတိယအတန်း ၄-ခု။

လောကုတ္တရာကျတော့ အမှန်ကတော့ အကုန်လုံးပဲနော်၊ ၈-ခုလုံးပဲ၊ အဲဒါ

ကြောင့်မိုလို့ အားလုံးပေါင်းလိုက်ရင် ဇောကိစ္စတပ်တဲ့စိတ်ပေါင်း ၅၅–ခု ရှိတယ်။

အဲဒါကြောင့်မိုလို့ ခုန ဝိထိတွေမှာ ဇောဖြစ်ပြီပဲဆိုရင် ဒီ ၅၅–ထဲက တစ်ခုခုဖြစ်တော့မှာပေါ့နော်၊ မြင်စရာ အာရုံတစ်ခုကို မြင်ပြီးတော့ ကိုယ်က အဲဒီ မြင်စရာအာရုံကို နှစ်သက်သွားတယ်, စွဲလမ်းသွားတယ်, တွယ်တာသွားတယ် ဆိုရင် အကုသိုလ်စိတ်ထဲက လောဘမူစိတ် တစ်ခုခု ဇောကိစ္စ တပ်လိမ့်မယ်၊ ၇–ကြိမ် ဖြစ်လိမ့်မယ်နော်၊ ကိုယ်မမြင်ချင်တဲ့ အာရုံ မြင်လိုက်ရလို့ စိတ်ဆိုးသွားပြီတဲ့၊ ဒေါသမူ ၂–ခုထဲက တစ်ခုခု ဖြစ်လိမ့်မယ်နော်။

အဲဒီလို မဟုတ်ပဲနဲ့ တွေဝေမှုတွေဖြစ်လာမယ်, သို့မဟုတ် သံသယဖြစ်မှုတွေ ဖြစ်လာမယ်ဆိုရင် မောဟမူစိတ် ၂–ခု ထဲကတစ်ခုခုက ဇောကိစ္စ တပ်လိမ့်မယ်။

ကိုယ်က တရားသဘော နားလည်ထားလို့ ဘယ်အာရုံမြင်လိုက် မြင်လိုက်, သြော် ဒီအာရုံဟာ ပျက်စီးတတ်တဲ့ သဘောတရားရှိတယ်, ဆင်းရဲတဲ့ သဘောတရား ရှိတယ် စသည်ဖြင့် ဆင်ခြင်နိုင်ရင် ကုသိုလ်ဇော စောမယ်ပေါ့နော်၊ ကြိယာဇောကတော့ ကိုယ်နှင့် မဆိုင်ဘူး။

ကြိယာဇောက ဘယ်သူ့အတွက်တုန်း, ဘုရား, ရဟန္တာအတွက် ဟုတ်လား၊ အကယ်၍ ကိုယ်က ကမ္မဋ္ဌာန်း အားထုတ်လို့ ဈာန်တွေ ရမယ်ဆိုရင် ရူပါဝစရစိတ် ၅–ပါး တစ်ခုခုစောလိမ့်မယ်၊ အရူပါဝစရစိတ် ၄–ပါး တစ်ခုခု စောလိမ့်မယ်။

ဝိပဿနာတရားထိုင်လို့ သောတာပန် ဖြစ်သွားပြီတဲ့, သကဒါဂါမ် ဖြစ်သွား ပြီတဲ့, စသည်ဖြင့်ဆိုရင် လောကုတ္တရာစိတ်တွေ ဇောကိစ္စ တပ်လိမ့်မယ်၊ ဒါကြောင့်မို့ ဇောကိစ္စတပ်တဲ့စိတ်ပေါင်း ၅၅–ပါးရှိသည်။

အဲဒီ ဇောကိစ္စတပ်တဲ့စိတ်တွေဟာ အမှန်ကတော့ စုတိမဖြစ်ခင် ဇောစိတ် ဖြစ်တယ်၊ မရဏာသန္နဇောလို့ခေါ်တယ်၊ သေခါနီးမှာစောတဲ့ ဇောကျတော့ ၅–ကြိမ်ပဲစောတယ်၊ သူက ၇–ကြိမ် မစောနိုင်တော့ဘူး၊ အဲဒီအချိန်အခါမှာ သိပ်ပြီးတော့ အားနည်းနေပြီ၊ ဟဒယဝတ္ထုတို့က ဘာတို့က နှလုံးသိပ်၊ (weak) ဖြစ်နေတဲ့အတွက် ကြောင့်မို့ ၇–ကြိမ် မစောနိုင်ဘူး၊ ၅–ကြိမ်စောတယ်၊ အဲဒီဇောရဲ့ အဆုံးမှာ စုတိ ဖြစ်တယ်၊ သို့မဟုတ် ဇော, နောင်တဒါရုံ ၂–ခုလိုက်ပြီးတော့မှ စုတိဖြစ်မယ်၊ သို့မဟုတ် ဇောနောင်ဘဝင်ဖြစ်ပြီးတော့ တစ်ခါစုတိဖြစ်တယ်၊ အဲသလို ဝိထိအမျိုးမျိုး ရှိတယ်။

အဲဒီ စုတေတာနဲ့ ပတ်သက်တဲ့အကြောင်းကို ပဋ္ဌမပိုင်းကျတော့တွေ့လိမ့် မယ်နော်၊ အဲဒီကျတော့ ဝိထိချပြီးတော့သေချာပြောရမယ်၊ ဘာတုန်းဆိုတော့ စုတိ

ပဋိသန္ဓေ အဆက်မှာ မျက်စိလည်တတ်တယ်၊ အမှားတွေ ပြောမိတတ်တယ်။

အဲဒါကြောင့်မိုလို့ စုတိစိတ်ဟာ ဇောမဟုတ်ဘူး၊ စုတိစိတ်ရှေ့က သေခါနီး ဇောတဲ့ဇော, မရဏာသန္နဇောလိုပေါ့၊ အဲဒီဇောဟာ လူတိုင်းဖြစ်တာ, သတ္တဝါတိုင်း ဖြစ်တာ, အဲဒီဇောက နောက်ဘဝကို ဆုံးဖြတ်သွားမှာ၊ ဒါကြောင့်မို့ သိပ်ကြောက်စရာ ကောင်းတာနော်။

နောက်တုန်းက လုပ်ခဲ့တဲ့ကံတွေက အဲဒီအချိန်ကျတော့ ပြန်လာပေါ်တတ် တယ်၊ ပြန်လာပေါ်တဲ့အခါကျတော့လည်း ကိုယ်က အသစ်လုပ်နေရသလို စိတ်ထဲမှာ ထင်လာပြီးတော့ အဲဒီမှာ ကုသိုလ်ဇောဖြစ်နိုင်တယ်၊ အကုသိုလ်ဇော ဖြစ်နိုင်တယ်။

အကုသိုလ်ဇော ဇောပြီးသေရင်တော့ သွားပြီ၊ အပါယ်သွားတော့မှာပေါ့၊ ဒါကတော့ သေချာတယ်၊ ကုသိုလ်ဇော ဇောပြီးတော့သေရင် လူ့ပြည်, နတ်ပြည် စသည်ပေါ့လေ, အဲသလို ရောက်မယ်။

အဲဒါကြောင့်မိုလို့ ဦးဇင်းတို့ဗုဒ္ဓဘာသာဝင်တွေမှာ သေခါနီးအလွန် အရေးကြီး တယ်ပြောတာ၊ မိတ်ဆွေကောင်း သိပ်လိုတယ် ၊ ဆိုပါတော့, လူတစ်ယောက်ဟာ ရောဂါဖြစ်လို့ သေတော့မယ်လို့ဘေးကလည်း သင်နေကြပြီဆိုရင် သူ့ စိတ်အနှောင့် အယှက် မဖြစ်အောင် အလွန်ဂရုစိုက်ရမယ်၊ သူ့ ကုသိုလ်ရဖို့ ကြံဖန်ပြီးတော့ ဖန်တီးပေးရမယ်၊ ပရိတ်ရွတ်ပေးမယ်၊ ဘုရားကားတွေ ဘာတွေ သူမြင်အောင်ထား ပေးမယ် စသည်ပေါ့လေ၊ အဲဒီလိုနဲ့ သူသေသွားရရင် သူ့ နောက်ဘဝတော့ ကောင်းရာမွန်ရာ ရောက်မယ်။

သားရေးပူ, သမီးရေးပူ, ပစ္စည်းရေးပူ, ဘာပူနဲ့ အဲဒီလို ဟာတွေနဲ့သာ သေရမယ်ဆိုရင် မလွယ်ဘူးနော်၊ ဒါကတော့ အပါယ်သွားမှာပဲ၊ အဲဒါကြောင့်မို့ အဲဒီဇောဟာ အရေးကြီးတယ်၊ ဒါကြောင့်မို့ ဦးဇင်းတို့ ဗုဒ္ဓဘာသာဝင်တွေဟာ သေခါနီးဟာ အရေးကြီးတာ၊ အဲဒါကြောင့်မို့ အဲသလိုပုဂ္ဂိုလ်မျိုးနား ကိုယ်နေရ တယ်ဆိုရင် ပြုစုနေရတယ်ဆိုရင် အလွန် သတိထားရတယ်။

တစ်ခါတလေ ကိုယ်က စကားလေး တစ်ခွန်းနှင့်နှစ်ခွန်း ပြောလိုက်မိတတ် တယ်၊ သူလည်းသေတော့မှာပါ, သိလည်းသိတော့မှာမဟုတ်ပါဘူးဆိုပြီး ပြောမိတယ်၊ ဟိုလူကကြားတယ်, သိတယ်၊ အဲဒါမျိုးတွေ သိနိုင်တဲ့ပုဂ္ဂိုလ်တွေက ပြန်ပြောထား ဖူးတယ်။

ဦးဇင်းတို့ အဲဒါမျိုး ပုဂ္ဂိုလ်ကျတော့ ဇောကတော့ကျမယ်၊ အဲဒါတော့ မောဟမူဇော သွားလိမ့်မယ်၊ မောဟမူဇောနဲ့ သေရင်တော့ ဒါလည်းမကောင်းဘူး၊

အဲဒါကြောင့်မို့ တွေဝေပြီးတော့ သေရရင် မကောင်းဘူး၊ ဒါကြောင့်မို့ တချို့ ဆုတောင်းတဲ့အခါတို့မှာ မတွေမဝေ သေရပါလို၏, အဲဒါ အရေးကြီးတယ်။

ဒါဘာလဲဆို အသက်ရှင်နေတုန်းက, ကျန်းမာနေတုန်းက, တရားလေး ဘာလေးကို လေ့လာထားရတယ်, အားထုတ်ထားရတယ်, နှလုံးသွင်းထားရတယ်, ရောဂါဖြစ်လာတဲ့အခါကျတော့ နှလုံးသွင်းတတ်တယ်၊ သတိရှိသွားတတ်တယ်၊ တချို့ဆို သေခါနီးထိအောင်သတိရှိသွားတာတွေလည်းရှိတယ်၊ တချို့ကျတော့လည်း အစောကြီးထဲက ခုနလိုသတိမေ့နေတာတွေလည်းရှိတယ်။

အဲဒါကြောင့်မိုလို့ ဇောဟာဦးဇင်းတို့ အပေါ်မှာ အရေးအကြီးဆုံးပဲ၊ ကုသိုလ်ဇော များများ စောအောင်လုပ်မလား၊ အကုသိုလ်ဇောများများစောအောင်လုပ်မလား၊ နောက်ဘဝ ကောင်းချင်တယ်ဆိုရင် ကုသိုလ်ဇောများများစောအောင် လုပ်ရမယ်၊ နောက်ဘဝဂရုမစိုက်ဘူးဆိုရင်တော့ ကြိုက်သလိုလုပ်ရုံပေါ့၊ ဇောကိစ္စတဲ့, ဇောကိစ္စ ၅၅-ပါး။

နောက် တဒါရုံ ကိစ္စတပ်တပ်တဲ့စိတ် ဘယ်နှစ်ပါးရှိသလဲ၊ ၁၁-ပါးနော်၊ ဘာတုန်း ကြည့်လိုက်, သန္တီရဏ ဥပေက္ခာ ၂-ခု၊ သန္တီရဏ သောမနဿ ၁-ခု၊ ကာမာဝစရသောဘန ဝိပါက် (သို့မဟုတ်) မဟာဝိပါက်စိတ် ၈-ခု၊ အဲဒီ ၁၁-ခုက တဒါရုံ ကိစ္စတပ်တယ်တဲ့။

ပဋိသန္ဓေကိစ္စတပ်တဲ့စိတ် ၁၉-ပါးက ဘာတွေလဲ၊ သန္တီရဏ ဥပေက္ခာ ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး၊ (မဟဂ္ဂုတ် ဝိပါက် ၉-ပါး၊ ဆိုတာ သိတယ်မို့လား၊ ရူပါဝစရ ဝိပါက်-၅ပါး၊ အရူပါဝစရဝိပါက် ၄-ပါး) ကောင်းပြီ, ဘဝင်ကိစ္စ စုတိကိစ္စတပ်တဲ့စိတ်တွေလဲ ဒီစိတ်တွေပဲနော်၊

အာဝဇ္ဇန်းကိစ္စတပ်တဲ့စိတ် ၂-ပါး၊ ပဉ္စဒွါရာဝဇ္ဇနစိတ် ၁-ပါး၊ မနောဒွါရာ ဝဇ္ဇနစိတ် ၁-ပါး။

ဒဿနကိစ္စတပ်တဲ့စိတ် ၂-ပါး, စက္ခုဝိညာဏ်စိတ် ၂-ပါး။
သဝနကိစ္စတပ်တဲ့စိတ် သောတဝိညာဏ်စိတ် ၂-ပါး။
ဃာယနကိစ္စတပ်တဲ့စိတ် ၂-ပါး၊ ဃာနဝိညာဏ်စိတ် ၂-ပါး။
သာယနကိစ္စတပ်တဲ့စိတ် ၂-ပါး၊ ဇိဝှါ ဝိညာဏ်စိတ် ၂-ပါး၊
ပြီးတော့ ဖုသနကိစ္စတပ်တဲ့စိတ် ၂-ပါး၊ ကာယဝိညာဏ်စိတ် ၂-ပါး။
သမ္ပဋိစ္ဆနကိစ္စတပ်တဲ့စိတ် ၂-ပါး၊ သမ္ပဋိစ္ဆိုင်းစိတ် ၂-ပါးပေါ့။
သန္တီရဏ ကိစ္စတပ်တဲ့စိတ် ၃-ပါး၊ သန္တီရဏ ဥပေက္ခာ၂-ပါးနဲ့ သန္တီရဏ

သောမနဿ ၁–ပါး၊ ဘုန်းကြီးသုံးကျတော့ ဥပေက္ခာသန္တီရဏ, သောမနဿ သန္တီရဏ, အဲသလိုခေါ်တယ်နော်၊ သန္တီရဏ ဥပေက္ခာလို့ မခေါ်ဘူး။

ဝုဋ္ဌောကိစ္စတပ်တဲ့စိတ် ၁–ပါးတည်းရယ်၊ မနောဒွါရာဝဇ္ဇန်းစိတ်၊

ဇောကိစ္စတပ်တဲ့စိတ် ၅၅–ပါး ပြောစမ်း, အကုသိုလ်စိတ် ၁၂–ပါး၊ ဟသိတုပ္ပါဒ်စိတ် ၁–ပါး၊ ကာမာဝစရသောဘန ကုသိုလ်စိတ် ၈–ပါး၊ ကာမာဝစရ သောဘန ကြိယာစိတ် ၈–ပါး၊ မဟဂ္ဂုတ် ကုသိုလ်စိတ် ၉–ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉–ပါး၊ လောကုတ္တရာစိတ် ၈–ပါး၊

တဒါရုံ ကိစ္စတပ်တဲ့စိတ် ၁၁–ပါး၊ ဥပေက္ခာသန္တီရဏ ၃–ပါး၊ ကာမာဝစရသောဘန ဝိပါက်စိတ် ၈–ပါး၊ ၁၁–ပါး ရမယ်နော်။

ကိုင်း, ဒီတစ်ခါ ဒေါင်လိုက် သွားကြမယ်၊ အကုသိုလ်စိတ် ၁၂–ပါးသည် ဇောကိစ္စတပ်တယ်၊ ဇောကိစ္စ တစ်ခုတည်းပဲတပ်တယ်၊

– စက္ခုဝိညာဏ်စိတ် ဒဿနကိစ္စ

– သောတဝိညာဏ်စိတ် သဝနကိစ္စ

– ဃာနဝိညာဏ်စိတ် ဃာယနကိစ္စ

– ဇိဝှါဝိညာဏ်စိတ် သာယနကိစ္စ

– ကာယဝိညာဏ်စိတ် ဖုသနကိစ္စ

– သမ္ပဋိစ္ဆိုင်းစိတ် ၂–ပါး၊ သမ္ပဋိစ္ဆိုင်းကိစ္စပဲ

– သန္တီရဏဥပေက္ခာ ၂–ပါး၊ သန္တီရဏကိစ္စ

– သန္တီရဏ သောမနဿ ၁–ပါး၊ သန္တီရဏကိစ္စ၊ သန္တီရဏဥပေက္ခာ ၂–ပါးက ၅–ကိစ္စ တပ်တာ၊ ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ, တဒါရုံ, သူက အများဆုံးတပ်တယ်။

– သန္တီရဏသောမနဿ ၂–ကိစ္စတပ်တယ်၊ သန္တီရဏနှင့် တဒါရုံကိစ္စ

– ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ဘာကိစ္စတပ်တုန်း၊ အာဝဇ္ဇနကိစ္စပဲတပ်တယ်။

– မနောဒွါရာဝဇ္ဇန်းစိတ် အာဝဇ္ဇန်းနှင့် ဝုဋ္ဌော ၂–ကိစ္စတပ်တယ်။

– ကာမာဝစရသောဘန ကုသိုလ်စိတ် ၈–ပါး၊ ဇောကိစ္စပဲတပ်တယ်။

– ကာမာဝစရ ဝိပါက်စိတ် ၈–ပါး၊ ၄–ကိစ္စတပ်တယ်၊ ပဋိသန္ဓေ, ဘဝင်, စုတိ, တဒါရုံ၊

– ကာမာဝစရ သောဘန ကြိယာစိတ် ၈–ပါး၊ ဇောကိစ္စ ၁–ကိစ္စပဲ။

– မဟဂ္ဂုတ် ကုသိုလ်စိတ် ၉–ပါး၊ ဇောကိစ္စ ၁–ပါးပဲ၊

– မဟဂ္ဂုတ် ကြိယာစိတ် ၉–ပါး၊ ဈာန်ကိစ္စ ၁–ကိစ္စပဲ၊

– လောကုတ္တရာစိတ် ၈–ပါး၊ ဈာန်ကိစ္စပဲတပ်တယ်။

အဲဒီတော့ ဘာရှာရမှာတုန်းဆိုတော့ ၁–ကိစ္စတပ်တဲ့စိတ်၊ ၂–ကိစ္စတပ်တဲ့စိတ်၊ ၃–ကိစ္စ တပ်တဲ့စိတ်၊ ၄–ကိစ္စတပ်တဲ့စိတ်၊ ၅–ကိစ္စတပ်တဲ့စိတ်၊ ၁–ကိစ္စတပ်တဲ့စိတ် ဘယ်နှစ်ပါးရှိတုန်း၊ အောက်ကြည့်ပြောလိုက်ရင် လွယ်လွယ်လေးပဲ၊ ဟုတ်လား ၆၂–ရှိတယ်နော်။

ဘာတုန်းဆိုတော့ ဟိုအောက်က ၁–တွေကြည့်ပြီးတော့ အထက်ကဟာနဲ့ ပြန်ပေါင်းကြည့်လိုက်ပေါ့၊ ဘာကြောင့်တုန်း, ဈာန ၅၅–ပါး မရှိဘူးလား၊ ဒဿန, သဝန, ဃာယန, သာယန, ဖုသန ၅ ဆိုတော့ ၆၅–ဖြစ်နေပြီ။

၁–ကိစ္စတပ်တဲ့စိတ် ၆၈၊ ဒါကြောင့်မို့ တွက်မရတာ။

၂–ကိစ္စတပ်တဲ့စိတ် ၂–ပါးပဲရှိတယ်, သန္တီရဏ သောမနဿစိတ် ရယ်၊ မနောဒွါရာဝဇ္ဇန်းစိတ်ရယ်၊

၃–ကိစ္စတပ်တဲ့စိတ် ၃–ပါးရှိတယ်၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉–ပါး။

၄–ကိစ္စတပ်တဲ့စိတ် ၈–ပါးရှိတယ်၊ ကာမာဝစရသောဘန ဝိပါက်စိတ် ၈–ပါး။

၅–ကိစ္စတပ်တဲ့စိတ် သန္တီရဏ ဥပေက္ခာ ၂–ပါး ကိစ္စတပ်တဲ့စိတ်ကို ၆၂–ဖြစ်နေတာ ၆၈ လို့ ပြင်လိုက်ကြ။

၁–ကိစ္စတပ်တဲ့စိတ်–၆၈, ၂–ကိစ္စတပ်တဲ့စိတ်–၂၊ ၃–ကိစ္စတပ်တဲ့စိတ်–၉၊ ၄ –ကိစ္စတပ်တဲ့စိတ်–၈၊ ၅ ကိစ္စတပ်တဲ့စိတ် ၂၊ ဟုတ်ပြီ အားလုံးပေါင်းလိုက်ရင် စိတ် ၈၉–ပါးရမှာပေါ့၊ ကိုင်း ဒါဟာ စိတ် ၈၉–ပါးကို ကိစ္စအားဖြင့် ဝေဖန်ပုံတဲ့နော်၊

ဒါကြောင့်မို့ လူတွေမှာလည်း ကိုယ့်ကိစ္စလေးကိုယ် ရှိသလိုပေါ့၊ ကိုယ်ဆောင်ရွက်တဲ့ အခုခေတ်နဲ့ ပြောရင် ရာထူးသဘောမျိုးပေါ့။

တာဝန်ဝတ္တရား ရာထူးလေးတွေက သူ့ဟာနဲ့သူ ရှိသလိုပဲ စိတ်မှာလည်းပဲ သူ့ကိစ္စလေးနဲ့သူရှိတယ်၊ သူ (function) နဲ့သူရှိတယ်၊ ဒါဟာ တစ်ခုနှင့်တစ်ခု မရောဘူးပေါ့၊ လူတွေမှာလည်း တချို့တာဝန် ၂–ခု၊ ၃–ခု ဆောင်ရွက်တာရှိသလိုပဲ စိတ်မှာလည်းပဲ၂–ကိစ္စ ဆောင်ရွက်တာရှိတယ်၊ ၃–ကိစ္စ ဆောင်ရွက်တာစသည်ဖြင့် ရှိတယ်။

အဲဒီတော့ ကိစ္စအများဆုံး ဆောင်ရွက်နိုင်တာကတော့ သန္တီရဏ ဥပေက္ခာ

စိတ်ပဲ၊ သူက တစ်ခါတလေ ပဋိသန္ဓေ, ဘဝင်စုတိ, တစ်ခါတလေ သန္တီရဏကိစ္စ, တစ်ခါတလေ တဒါရုံကိစ္စ၊ သူက အများဆုံးကိစ္စ ဆောင်ရွက်တယ်၊အနည်းဆုံးဆိုရင် တစ်ကိစ္စ တပ်တဲ့စိတ်တွေပဲပေါ့။

အဲဒီတော့ ကုသိုလ်တို့ အကုသိုလ်တို့ ကြိယာတို့က ကြီးကျယ်ပြီးတော့ ကိစ္စကျတော့ တစ်ကိစ္စတည်း, ဒါပေမယ့် သူတို့ကိစ္စက တကယ့်အရေးကြီးတဲ့ (determine) မှာ ဘဝတစ်ခုအတွက် ဆုံးဖြတ်ပေးနိုင်တဲ့ကိစ္စ၊ ဒီကိစ္စ သူတို့ကတပ်တယ်၊ ဒါကြောင့်မို့ အားလုံးပေါင်းလိုက်ရင် စိတ် ၈၉–ပါးနော်၊ ကိစ္စ ၁၄–ပါး၊ ဌာန ၁၀–ပါး။

အဲဒီကိစ္စတွေကို ဆောင်ရွက်ပြီး ဝီထိကျတော့ ဒါတွေပြန်ပြီးတော့ ဟပ်ယူရဦးမှာနော်၊ အဲဒီကျတော့ သာပြီးတော့ ဆောင်ရွက်တဲ့ကိစ္စတွေ ပိုပြီး ရှင်းသွားလိမ့်မယ်၊ အဲသလို ကိစ္စတွေ ဆောင်ရွက်ပြီးတော့ သွားတာတဲ့၊ ဒီကိစ္စတွေ ဆောင်ရွက်တာက လည်း ဘယ်သူကမှ ခိုင်းရတာ မဟုတ်ဘူးနော်၊ ဒါ စိတ္တနိယာမတရား ပဲနော် (natural order) ပေါ့၊ စိတ်ရဲ့သဘောတရားလေးက ဒီစိတ်ပြီး ဟိုစိတ် ဟိုစိတ်ပြီးနောက်စိတ်, နောက်စိတ်ပြီး နောက်စိတ်ဖြစ်နေကြတာပဲ၊ ဒါ ဘယ်သူကမှ အဖြစ်ခိုင်းရတာလည်း မဟုတ်ဘူး။

အဲသလို ဖြစ်တဲ့အခါမှာ မိမိဆိုင်ရာကိစ္စကို ဆောင်ရွက်ပြီးတော့ ဒီစိတ်တွေဟာ ဖြစ်တာနော်, ဖြစ်ပြီးရင် တစ်ခါချုပ် နောက်စိတ်တစ်ခုက သူ့နေရာမှာဖြစ် ချုပ်လိုက်,နောက်စိတ်တစ်ခုကဖြစ်လိုက်–ချုပ်လိုက်၊ နောက်စိတ် ၁–ခုက ဖြစ်လိုက် အဲသလိုချည်း သွားနေတာပဲ၊ အဲဒါ ဘယ်ထိအောင် သွားနေမှာလဲဆိုရင် ရဟန္တာဖြစ်ပြီး တော့ ပရိနိဗ္ဗာန်ပြုသည့်တိုင်အောင် တစ်သံသရာလုံးမှာ သွားနေမှာ၊ ဘဝတွေသာ ပြောင်း,ပြောင်းသွားမယ်၊ ဒီစိတ်တွေဖြစ်တာကတော့ တစ်ခုပြီး တစ်ခု ဆက်နေမှာပဲ၊ ဒီဘဝပြီး နောက်ဘဝကြားမှာ ခြားနေဦးမယ်လို့ ဘာမှ မရှိဘူး၊ တစ်ဘဝပြီးတစ်ဘဝ, တစ်ဘဝပြီး တစ်ဘဝ, သူ့ဟာသူဆက်သွားမှာပဲ။

ဒါ ဒီဘက်အပိုင်းလေးကို ဒီဘဝလို့ခေါ်လိုက်တယ်၊ ဟိုဘက်အပိုင်းရောက်သွားတော့ နောက်ဘဝလို့ ခေါ်လိမ့်တယ်၊ နောက်တစ်ခါ ဟိုဘက်ကျတော့ နောက်ဘဝလို့ တစ်ခါခေါ်ဦးမယ်၊ ဒီလိုခေါ်သွားတာပဲ၊ အမှန်ကတော့ (diffrence) စားရတာပေါ့၊ ဘာမှ မရှိဘူး၊ စိတ္တက္ခဏ တစ်ချက်ကလေးပဲ ကွဲခြားမှုရှိတာ။

ဒါကြောင့်မို့ ဦးဇင်းက ဘာနဲ့ဥပမာပေးပြီး ပြောလေ့ရှိသလဲဆိုရင် ဟို (Midnight December 31st) အဲဒါနဲ့ ဥပမာပေးပြီး ပြောလေ့ရှိတယ်။ (one

minute after mid-night December 31[st]) ကျတော့ နှစ်သစ်, လသစ်, ရက်သစ်, ဖြစ်သွားပြီ၊ ဘာထူးလဲ၊ တစ်စက္ကန့်လေး ၁-မိနစ်ကလေးထူးတာနော်၊ ဘာမှထူးတာ မဟုတ်ဘူး၊ အမှန်ကတော့ ဟိုဘက်ကျတော့ ဦးဇင်းတို့က လူတွေက သမုတ်ထားတာဟော့ နှစ်သစ်ဟော့, မကြာခင် ဒါက ဒီဇင်ဘာလကနေ ဇန်နဝါရီ ကူးသွားပြီဟော့နော်၊ ဘာရက်ကနေ ဘာရက်ရောက်သွားပြီ ပြောနေကြတာ အမှန် ကတော့ တကယ်ကြည့်လိုက်ရင် ဘာမှမဟုတ်ဘူး။

ဒီ (one moments different) ပဲ၊ ဒါကြောင့်မို့ ဘဝတစ်ခုဆိုတာလည်း ဒီအတိုင်းသွားတာပဲ၊ လူတွေက သမုတ်ထားတယ်၊ ဒါက ဘဝတစ်ခု ဟိုဘက်ကျတော့ ဘဝတစ်ခု၊ အဲသလို သမုတ်ထားတော့ အဲဒီအတိုင်းပဲ နားလည်နေကြတယ်၊ အမှန်ကတော့ ဒီအစဉ်အတန်းကြီးဟာ သွားနေတာပဲ၊ တစ်ခုပြီးတစ်ခု တစ်ခုပြီး တစ်ခုပဲ။

အဲဒီသွားနေတဲ့ဟာကို ဖြတ်ဖို့ ဗုဒ္ဓဘာသာက ကြိုးစားတာ, ရပ်အောင်လုပ်ဖို့, ပျောက်သွားအောင်လုပ်ဖို့ ကြိုးစားတာ၊ အခုခေတ် လူတွေက အဲဒါကို ကြောက်နေတာ၊ အဲဒါပျောက်သွားမှာကြောက်နေတာ၊ ပြောင်းပြန်ဖြစ်နေတာနော်။

**မေး** – သူတို့ ကြောက်တာကလူ့ဘဝကနေ နောက်ဘဝကျရင် လူဖြစ်မယ်ထင်လို့ ကြောက်တာ၊ ဗုဒ္ဓဘာသာကကြောက်တာက နောက်ဘဝကျရင် ဘာဖြစ်မယ်မှန်းကို မသိတဲ့အတွက်ကြောင့်လား။

**ဖြေ** – သူတို့ကတော့ နောက်ဘဝမရှိဘူးလေ၊ နောက်ဘဝဆိုတာ တစ်ဘဝပဲရှိတယ်၊ ခရစ်ယာန်မှာက သေပြီးရင် ငရဲလည်းသွားမယ်၊ Heaven နတ်ပြည်လည်း သွားမယ်ဆိုပါတော့ ဒီနှစ်ခုတစ်ခုခုပဲ, အဲဒီတစ်ဘဝပဲရှိတယ်၊ အဲဒီ ဟိုဘက် မရှိတော့ဘူး၊ အတိတ်တုံးကလည်း ဘဝမရှိခဲ့ဘူး၊ ဒီဘဝဟာ သင့်ရဲ့ပထမဆုံး ဘဝပဲဟုတ်လား၊ ဘုရားဖန်ဆင်းတဲ့ တစ်ဘဝပဲ၊ အဲဒီဘဝမှာ ကောင်းကောင်း မွန်မွန်လုပ်မယ်၊ ဘုရားကြည်ညို ယုံကြည်မယ်ဆိုရင် (ဆိုပါတော့) ဘုရားက (Heaven) ကို ခေါ်သွားမယ်၊ ငရဲပို့မယ်၊ ဒီဟာပဲရှိတယ်၊ ဗုဒ္ဓဘာသာကတော့ ဒီလိုမဟုတ်ဘူး၊ အမျိုးမျိုးဖြစ်နိုင်တယ်ဟုတ်လား၊ ပြီးတော့ ဒါက ကိုယ့်ကို မြှင့်တင်ပေးတာ မဟုတ်ဘူး၊ ကိုယ့်ကံကကိုယ့်ကို ဘယ်သူကမှ ပစ်ချပေးတာ မဟုတ်ဘူး၊ ကိုယ့်ကို အကျိုးပေးသွားတာ၊ ဗုဒ္ဓဘုရားက မင်းတော့ ငါ သနားတယ်ဆိုပြီးတော့ နတ်ပြည်ဆွဲတင်သွားလို့လည်း မရဘူး၊ မင်း ငါ ကိုးရိုးကားယားလုပ်တဲ့ကောင်, ငရဲပြည်ကန်ချလိမ့်မယ် ဆိုပြီးတော့လည်း

လုပ်လို့မရဘူး၊ ဒါ သူ့ကံနဲ့ သူသွားမှာပဲ၊ ကိုယ့်ရဲ့ ကုသိုလ် အကုသိုလ်ပေါ့လေ၊ နောက်ဆုံးတော့ ကိုယ့်ရဲ့ လုပ်ငန်းပေါ့လေ၊ အဲဒီလို ကွာခြားတယ်၊ဇောပေါ့၊ ခုနကပြောတဲ့ ဇောတွေပဲ၊ ဒါကြောင့်မို့ ကုသိုလ်ဇောများများ ဖြစ်အောင် ကြိုးစားကြရတာပေါ့လေ၊

ကိုင်း, ဒါက ကိစ္စသင်္ဂဟတဲ့။

အဲဒီတော့ ဟိုအပြောက်အပြောက် ကလေးတွေနဲ့ စိတ်ထဲမှာ ကွဲအောင် လေ့လာရင် ပိုပြီးတော့ ရှင်းတယ်၊ ဒီဇယားကွက် အကူအညီနဲ့ပေါ့၊ ဒီဇယားကွက် အကူအညီနဲ့ ဟို အပြောက်အပြောက်ကလေးတွေမှာ ကိုယ်က တစ်ခုစီ ထိုးပြ သွားနိုင်ရင် ပိုကောင်းတယ်။

ဆိုပါတော့, ပထမအတန်းဆိုရင်ဘာလဲ၊ ဇောကိစ္စတပ်ပြီနော်၊ ဒုတိယအတန်း ပထမဆိုရင် ဒဿနကိစ္စ၊ နောက် သဝနကိစ္စ စသည်ဖြင့် သွား၊ ဃာယန, သာယန, ဖုသနကိစ္စ, သမ္ပဋိစ္ဆနကိစ္စ, သန္တီရဏကိစ္စ ဟုတ်ပြီလား၊ ဒုတိယအတန်း ဒီအတိုင်းသွား၊ သန္တီရဏကျတော့ ၂–ခုရမယ်၊ တတိယအတန်း ပထမ ၂–ခုက အာဝဇ္ဇန်းကိစ္စ၊ တတိယ ၁–ခုက ဇောကိစ္စ။

ကာမာဝစရ သောဘနဆိုရင် ပထမအတန်းက ဇောကိစ္စ၊ ဒုတိယအတန်းက ၄–ကိစ္စတပ်တယ်၊ တတိယအတန်းက–ဇောကိစ္စ၊

ရူပါဝစရ ၁၅–ခု ပထမအတန်းက ဇောကိစ္စ၊ ဒုတိယအတန်းက ပဋိသန္ဓေ, ဘဝင်, စုတိ၊ တတိယအတန်းက ဇောကိစ္စ။

အရူပါဝစရ ၁၂–ခုမှာ ပထမ ၄–ခုက ဇောကိစ္စ၊ ဒုတိယ ၄–ခုက ပဋိသန္ဓေ ဘဝင်, စုတိ၊ တတိယ ၄–ခုက ဇောကိစ္စ၊ အဲသလိုဆို ဘာခက်လဲ၊ မခက်ပါဘူး၊ အဲသလိုကျေအောင် လုပ်သွားမယ်၊ ဒါ ကိုယ့်ဟာကို ပြန်ကြည့်ရင် လွယ်တယ်၊ ကိစ္စတပ်တဲ့ စိတ်တွေတင် အရောင်ခြယ်ပေးလိုက်၊ ဒါဆိုရင် ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်တဲ့စိတ် ၁၉–ပါး၊ အဲလို ဒါမျိုးလေးတွေ အများကြီးတော့ ထားရမှာ၊ ဒါက ကောင်းတယ်၊ အမြင်သန့်ရှင်းတယ်။

ပြီးတော့ ဒီနေ့နဲ့တော့မဆိုင်ဘူး၊ ဒီဟာတစ်ခုရှိတယ်၊ ဒါက ဗီယက်နမ် မလေးက ထွင်ပြန်တာပေါ့လေ၊ ကိုယ့် (chart) ပေါ်မှာ သူကထွင်တယ်၊ ကြည့်လိုက်ရင် ကုသိုလ်, ဝိပါက်, ကြိယာ, အကုသိုလ်, ကွဲသွားအောင်ဆိုပြီးတော့ အကုသိုလ်ကို သူက Triangle လုပ်တယ်၊ ဝိပါက်ကို circle, ပြီးတော့ ကြိယာကို square ၊ ပြီးတော့ ကုသိုလ်ကို Diamond အဲလို လုပ်ပေးထားတယ်၊

သူက ကြည့်လိုက်ရင် ကွဲသွားမှာပေါ့၊ သူ့နည်းလည်း မဆိုးပါဘူး။

ပြီးတော့ ဟိုထဲမှာ ဂဏန်းလေးတွေ ထည့်ထားတာက ယှဉ်တဲ့ စေတသိက်ရဲ့ အရေအတွက် ထည့်ထားတယ်၊ ၁၉-၂၁ ၁၉-၂၁ နဲ့ တွေ့တယ်မို့လား၊ အဲ သူကလဲ ဟိုလိုဂျပ်ပေါ်မှာ အကြီးကြီးလုပ်ထားတာ၊ အဲဒါလည်းလိုချင်ရင် ကူးယူကြ၊ ဒါဖြင့် ဒီနေ့ ကိစ္စ သင်္ဂဟပြီးပြီ။

**မေး** – အိပ်မက်မက်တဲ့အခါ ဘာစိတ်လဲ။

**ဖြေ** – အိပ်မက်ကလည်း အလွန်အားနည်းတဲ့ ဝိထိစိတ်ပဲ၊ အိပ်မက်ဝိထိ ဆိုတာ ရှိတယ်၊ ဝိထိပိုင်းကျတော့ လာလိမ့်မယ်နော်၊ အဲဒီကျတော့ ထည့်ပြောမယ်၊ အိပ်မက်ကို ဦးဇင်းတို့ အဘိဓမ္မာမှာကတော့သိပ်ပြီးတော့ များများစားစား ပြောထားတာ မရှိဘူး၊ အစုခေတ်မှာကတော့ အိပ်မက်နှင့် ပတ်သက်ပြီး သိပ်ပြီးတော့ အလေးပေးပြီး လေ့လာကြတယ်၊ တကယ့် အိပ်မက်ထဲမှာ ဖြစ်တဲ့ဇောဟာ အကျိုးမပေးပါဘူးတဲ့၊ ဘာလို့တုန်းဆို သူက အားနည်းလို့, အဲဒီတော့ အိပ်မက်ဆိုတာ မြင်လိုက်သလိုလို ကြားလိုက်သလိုလို, အဲဒီလို ဖြစ်တာကို မရေမရာသဘောတွေ များတာပေါ့လေ၊ အဲဒီလိုဆိုကတယ်။

**မေး** – အိပ်မက်ဖြစ်တဲ့ reason ကကော ဘုရား။

**ဖြေ** – အိပ်မက်ဖြစ်တဲ့ reason တွေ အမျိုးမျိုးရှိတယ်၊ ခန္ဓာကိုယ်သွေးလေ ချောက်ခြားလို့မက်တာရှိတယ်၊ နတ်တွေက မက်ခိုင်းလို့မက်တာရှိတယ်၊ အတိတ်တုန်းက ခံစားခဲ့ဖူးလို့ မက်တာရှိတယ်၊ ပြီးတော့ တစ်စုံတစ်ခု ဖြစ်မှာမို့လို့ ပုဗ္ဗနိမိတ်အနေနဲ့ မက်တာလည်းရှိတယ်၊ အဲသလောက်ကတော့ရှိတယ်။

**မေး** – အရင်ဘဝက အဖြစ်များခဲ့တာကို ပြန်မက်တာကော၊

**ဖြေ** – အရင်ဘဝကဟာလည်းဖြစ်တော့ ဖြစ်နိုင်တယ်၊ အနုဘူတပုဗ္ဗလို့ ခေါ်တယ်၊ ဟိုရှေးတုန်းက တွေ့ကြုံခံစားခဲ့ရဖူးလို့ ဒါကို ပြန်ပြီးတော့ memory သဘောပေါ့လေ၊ အဲသလိုလည်းဖြစ်တယ်၊ တချို့ကျတော့ နတ်တွေက အိပ်မက် ပေးတာရှိတယ်၊ တချို့ကျတော့လည်း နက်ဖြန်ဘာဖြစ်တော့မယ်ဆို ဒီည မက်တာတွေ ရှိတယ်၊ အဲဒါမျိုး အမျိုးမျိုးရှိတယ်ပေါ့လေ၊ ဟိုရောက် ဒီရောက် မက်တာတွေ ရှိသေးတယ်၊ ချောက်ထဲကျတာတို့ ဘာတို့ သွေးလေချောက်ခြားတဲ့အခါ မက်တယ်၊ ဦးဇင်းတို့ ဘာဖြစ်တတ်လည်း ဆိုရင် အေးရင် ဖြစ်တတ်တယ်၊ အဲသလို မက်လို့ လန့်နိုးလာရင် ကြည့်လိုက်ရင် စောင်တွေဘာတွေ လပ်နေတာ၊ အေးလာပြီကိုး၊ ခန္ဓာကိုယ်က အေးလာတော့ ချောက်ခြားလာတာ၊ ချောက်ခြားတယ်ဆိုတာ

ဘာခေါ်လဲ၊ disturbance ဖြစ်လာတာပေါ့၊ အဲဒီအခါကျတော့ အိပ်မက်က ကိုးရိုးကားယားချည်းပဲ၊ အဆင်ပြေတာ ဘယ်တော့မှ မမက်ဘူး။

**မေး – တိရစ္ဆာန်လေးတွေ သတ်လို့ သေသွားရင် ဝီထိဖြစ်တာပါပဲလား။**

ဖြေ – နောက်ဆုံး ယင်ကောင်လေးကို တူနဲ့ထုသတ်လိုက်လို့ သေလည်းပဲတဲ့ အဲဒီဝီထိကတော့ ဖြစ်တာပဲ၊ မဖြစ်ပဲမနေဘူး၊

**မေး – စိတ်ရဲ့ မြန်ဆန်မှု ခဏလေးမှာ အကျယ်ကြီးလို ဖြစ်သွားတာပါလား။**

ဖြေ – မဟုတ်ဘူး၊ ဘာကြောင့်တုန်းဆိုတော့ စိတ်အဖြစ်က မြန်လွန်းတယ်၊ စိတ်အဖြစ်က မြန်လွန်းတော့ ဘယ်နည်းနှင့်မှ မဖြစ်ပဲမနေဘူး၊ စိတ်က ဒီလို လက်ဖျစ်တစ်တီးမှာ ကုဋေနှင့်ချီပြီးတော့ ဖြစ်နိုင်တယ်၊ စိတ္တက္ခဏ လေးတွေ၊ ဦးဇင်းတို့ အခုပြောနေတဲ့ သမ္ပဋိစ္ဆိုင်းခဏ, သန္တီရဏခဏဆိုတာ အခုပြောတဲ့ အကျယ်ကြီးလို ဖြစ်နေတာ၊ တကယ်ကျတော့, ဟိုမှာဖြစ်သွားတာဟာ ဘယ်လိုမှကို စဉ်းစားလို့ မရနိုင်လောက်အောင်။

ဒါကြောင့်မို့ ဝီထိအကြောင်းပြောရင် ဦးဇင်းကတော့ပြောတယ်၊ အများကြီး တို့က ပုံကြီးချဲ့ပြီး ပြောရတယ်လို့၊ မင်းတို့ နျူကလီးယား (Structure of atom) ကို ပြောတဲ့အခါကျတော့ ဒီအတိုင်းပဲ မဟုတ်လား၊ အကြီးကြီးချဲ့မှရတာ၊ ဒါက ဘာတုန်း၊ တကယ့်တကယ်ကျတော့ မျက်စိနဲ့မြင်ရတာ မဟုတ်ပဲ၊ အဲဒီအတိုင်းပဲလို့ တို့ကလည်း စိတ်တွေကို ပုံကြီးချဲ့လိုက်ရတာလို့ Million Times လို ချဲ့ပြီး ပြောမှရတယ်လို့, အဲဒီကျမှ နားလည်နိုင်တယ်၊ သို့မဟုတ်ရင် မလွယ်ဘူးပေါ့။

အဲဒီတော့ တရားထိုင်တဲ့အခါမှာ နည်းနည်းတော့ဖြစ်မယ်၊ ဒါတွေနည်းနည်း (detect) လုပ်နိုင်တယ်၊ အကုန်လုံး တစ်ခုစီ မြင်ဖို့ကတော့ မြတ်စွာဘုရားမှ မြင်နိုင်တယ်၊ သို့သော် အသင့်အတင့်ကတော့ရတယ်။

ဒါကြောင့်မို့လို့ တရားထိုင်တဲ့အခါကျတော့ ဒိဋ္ဌေ ဒိဋ္ဌမတ္တံဆိုတာ ရှိတယ်မို့လား၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဆိုတာ တကယ် လုပ်လာပြီဆိုတော့ ရပ်နိုင်တယ်၊ ရပ်နိုင်တယ်ဆိုတာ စိတ်ရပ်သွားတာ မဟုတ်ဘူး၊ ရှေ့ဆက်ပြီးတော့ ဒါနဲ့ပတ်သက်ပြီး တော့ ဇော စောမသွားအောင် ဒါနဲ့ပတ်သက်ပြီးတော့ နောက်ထပ် ဝီထိမဖြစ်အောင် ဒိဋ္ဌေ ဒိဋ္ဌမတ္တံဆိုတာ အဲဒါကို ပြောတာ၊ လွယ်လွယ်ကူကူလေးနဲ့တော့ မရဘူး၊။

**မေး** – ဝိပဿနာက ဇောကို ရပ်စေနိုင်လား။

**ဖြေ** – ဇောရပ်တာ မဟုတ်ဘူး၊ ဇော မဖြစ်အောင် မြင်တာကြားတာ မှန်သမျှမှာ,

သို့သော် ဈာနမဖြစ်အောင်ဆိုတာ ဝိပဿနာဈာနကတော့စောမှာပဲ၊ မနော္ဒါရ ဈာနကတော့ စောမှာ, မြင်လိုက်တယ်ဆိုရင် အဲဒီမြင်တဲ့ ဝီထိ တစ်ခုမှာ ဈာဝီထိကျအောင်မသွားစေပဲနဲ့ ဝုဋ္ဌာနဲ့တင်ရပ်အောင်၊ တကယ်ရဟန္တာတွေ ကျတော့ဖြစ်တယ်၊ တော်တော် ဝိပဿနာအဆင့်မြင့် သွားတဲ့အခါကျတော့ ဖြစ်နိုင်တယ်၊ အဲသလို ဈာမစောအောင် ထိန်းတာ၊

**မေး –** လောကုတ္တရာစိတ်ရောက်နေတာတောင် ဈာစိတ်က အမြဲတမ်းရှိနေတာပါ ပဲလား။

**ဖြေ –** လောကုတ္တရာမှာ ပထမဆုံး သောတာပန်ဖြစ်တယ် ပြောကြပါစို့၊ သောတာပန် ဖြစ်တဲ့အခိုက်အတန့်မှာ သောတာပတ္တိ မဂ်စိတ်ဖြစ်လိမ့်မယ်၊ ဒါလည်းဈာပဲ၊ အဲဒီနောက်မှာ ဖိုလ်စိတ်ဆိုတာ ဆက်ဖြစ်တယ်၊ ဆက်တိုက် ၂–ခါ ၃–ခါ ဖြစ်တယ်၊ ပြီးသွားတဲ့နောက်တစ်ခါ ဖိုလ်ဝင်စားတယ်ဆိုပြီးတော့ ဖိုလ်စိတ် ချည်း ပြန်ဖြစ်အောင် သူကြိုးစားလို့ရတယ်၊ အဲဒီ အခါကျတော့ မဂ်စိတ် မပါတော့ဘူး ဖိုလ်စိတ်ချည်း ဖြစ်နေတာ၊ ဈာန်ဝင်စားသလိုပေါ့၊ ဖိုလ်စိတ်က ဈာပဲ။

ကုသိုလ် အကုသိုလ် ဖိုလ်ကြိယာ အဲဒါတွေ နှုတ်တိုက်ရအောင်လုပ်ထား၊ ဈာတပ်တဲ့ခါ ဖိုလ်ထဲက ဘာနုတ်ရမလဲ၊ အာဝဇ္ဇန်း ၂–ခု နုတ်ရမယ်၊ အဲဒါလေး မှတ်ထား၊ ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာ ဆိုတာလေးရအောင် ကျက်ထား၊ ဈာကိစ္စတပ်တဲ့စိတ်တွေ၊ ဒါကြောင့် လောကုတ္တရာ စိတ်ဖြစ်တယ်ဆိုရင် ဈာချည်းပဲ, ဈာမဟုတ်တာကို မပါတော့ဘူး။

အဲဒီတော့ ဖိုလ်စိတ်ကို ဝိပါက်စိတ်လို့လည်းခေါ်တယ်၊သူက ဝိပါက်ပေမယ်လို့ ဒီကျတော့ လောကုတ္တရာစိတ် ဈာကိစ္စတပ်တယ်၊ ထူးခြားတာ၊ လောကီဝိပါက်စိတ် ဘယ်တော့မှ ဈာကိစ္စမတပ်ဘူး။

စက္ခုဝိညာဏ်စိတ်, ဘယ်တော့မှ ဈာကိစ္စ မတပ်ဘူး၊ မဟာဝိပါက်စိတ် ဘယ်တော့မှ ဈာကိစ္စမတပ်ဘူး၊ လောကုတ္တရာစိတ်ကျတော့ ဖိုလ်စိတ်လို့လည်း ခေါ်တယ်၊ ဝိပါက်စိတ်လို့လည်း ခေါ်တယ်၊ သူ့ကျဈာကိစ္စတပ်တယ်။

**မေး – သေပြီးသူကို ရည်ရွယ်ပြီး လှူဒါန်းတဲ့အခါ သူရပါသလား။**

**ဖြေ –** အဲဒါကရတယ်၊ အဲဒါက ဘာလဲဆိုတော့ သေသူကို ရည်ရွယ်ပြီးတော့ ဒီဘဝက ကျန်ရစ်တဲ့ ပုဂ္ဂိုလ်တွေက သူ့ကို အမျှပေးတာ၊ အဲဒီအမျှပေးတဲ့အခါမှာ သူက သာဓုခေါ်ရမှာ၊ သူ သာဓုမခေါ်နိုင်ရင် ဒီကုသိုလ်ရဲ့ အကျိုး သူမရဘူး၊

ဒါကြောင့်မို့ ဦးဇင်း ရက်လည်တွေကျတော့ ပြောလေ့ရှိတယ်၊ ခဏခဏ အမျှပေးပါ၊ ဒီတစ်ခါလေး အမျှပေးရုံမျှနဲ့ မတော်လိုက်နဲ့၊ ဘာကြောင့်လည်းဆိုရင် တစ်ခါတလေ မတိုက်ဆိုင်ဘူး ဖြစ်တတ်တယ်။

## ဒွါရသင်္ဂဟ

| | ပဉ္စဒွါရာဝဇ္ဇန်း ၁ | စက္ခုဝိညာဏ် ၂ | သောတဝိညာဏ် ၂ | ဃာနဝိညာဏ် ၂ | ဇိဝှါဝိညာဏ် ၂ | ကာယဝိညာဏ် ၂ | သမ္ပဋိစ္ဆန်း ၂ | သန္တီရဏ (ဥ) ၂ | သန္တီရဏ (သော) ၁ | ဝေါဋ္ဌပ်/ မနောဒွါရာဝဇ္ဇန်း ၁ | ကာမဝစရဇော ၂၉ | အပ္ပနာဇော ၂၆ | ကာမာဝစရဝိပါက် ၈ | မဟဂ္ဂုတ်ဝိပါက် ၉ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စက္ခုဒွါရ | ■ | ■ | | | | | ■ | ■ | ■ | ■ | ■ | | ■ | | ၄၆ |
| သောတဒွါရ | ■ | | ■ | | | | ■ | ■ | ■ | ■ | ■ | | ■ | | ၄၆ |
| ဃာနဒွါရ | ■ | | | ■ | | | ■ | ■ | ■ | ■ | ■ | | ■ | | ၄၆ |
| ဇိဝှါဒွါရ | ■ | | | | ■ | | ■ | ■ | ■ | ■ | ■ | | ■ | | ၄၆ |
| ကာယဒွါရ | ■ | | | | | ■ | ■ | ■ | ■ | ■ | ■ | | ■ | | ၄၆ |
| မနောဒွါရ | | | | | | | | ■ | ■ | ■ | ■ | ■ | ■ | | ၆၇ |
| ဒွါရဝိမုတ္တ | | | | | | | | ■ | | | | | ■ | ■ | ၁၉ |
| ဒွါရပေါင်း | ၅ | ၁ | ၁ | ၁ | ၁ | ၁ | ၅ | ၆ | ၆ | ၆ | ၆ | ၁ | ၆ | ၀ | |
| စိတ်ပေါင်း | ၁ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၂ | ၁ | ၁ | ၂၉ | ၂၆ | ၈ | ၉ | |


မနောဒွါရာ ဝဇ္ဇနသည် စက္ခုစသော ၅ ဒွါရ၌ဖြစ်ခိုက် ဝုဋ္ဌောကိစ္စတပ်၍ မနောဒွါရ၌ ဖြစ်ခိုက် အာဝဇ္ဇနကိစ္စ တပ်သည်။

| | | | |
|---|---|---|---|
| **ကာမဝစရဇော** | ၂၉ | **အပ္ပနာဇော** | ၂၆ |
| အကုသိုလ် | ၁၂ | မဟဂ္ဂတကုသိုလ် | ၉ |
| ဟသိတုပ္ပါဒ် | ၁ | မဟဂ္ဂတကြိယာ | ၉ |
| ကာမ ကုသိုလ် | ၈ | လောကုတ္တရာ | ၈ |
| ကာမ ကြိယာ | ၈ | | ၂၆ |
| | ၂၉ | | |

၁ဒွါရဖြစ်စိတ် ၃၆ — ၆ ဒွါရ (မြဲ) ၃၁ — ၆ ဒွါရလွတ်(ရံခါ) ၁၀

၅ ဒွါရဖြစ်စိတ် ၃ — ၆ ဒွါရ(ရံခါ) ၁၀ — ၆ ဒွါရလွတ်(မြဲ) ၉

# ဒွါရဝိမုတ်စိတ်တို့၏အာရုံ
# မရဏာသန္နနှင့် ပဋိသန္ဓေ ဝီထိ




| | | | |
|---|---|---|---|
| ကံ | အတိတ် | မနောဒွါရ | ဓမ္မာရုံ |
| ကမ္မနိမိတ္တ | အတိတ်၊ ပစ္စုပ္ပန် | ၆–ဒွါရ | အာရုံ ၆–ပါး |
| ဂတိနိမိတ္တ | ပစ္စုပ္ပန် | မနောဒွါရ | ရူပါရုံ |

ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉–ပါးသည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီးသော ဘဝဟောင်းက ဆဋ္ဌဒွါရိကမရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်/အတိတ်/ပညတ်ဖြစ်သော ကံကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆–ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုကြသည်။

# အဘိဓမ္မာသင်တန်း ၁၈

## ပကိဏ်းပိုင်း

### ဒွါရသင်္ဂဟ

ဒီနေ့ ဒီဇင်ဘာလ ၁၂ ရက်နေ့၊ လွန်ခဲ့တဲ့အပတ်က ကိစ္စသင်္ဂဟ အဆုံး သတ်ခဲ့ကြပြီ၊ ဒီနေ့ ဒွါရသင်္ဂဟကို သင်ကြရမယ်၊ လေ့လာကြရမယ်၊ အဲဒီတော့ ဒွါရဆိုတာ ဘာလဲ၊ ပထမ ဒါ သိဖို့ အရေးကြီးတယ်ပေါ့။

ဒွါရဆိုတာတံခါး တံခါးကို ဒွါရလို့ခေါ်တယ်၊ တံခါးဆိုတာ လူတွေဝင်တဲ့ ထွက်တဲ့ အပေါက်ကြီးပေါ့၊ အဲဒါကို ဒွါရလို့ခေါ်တယ်၊ ပြီးတော့လည်း အပေါက်ကို ဒွါရလို့ ခေါ်တယ်၊ လူတွေအနေနဲ့ ကြားဖူးတာ ရှိလိမ့်မယ်၊ ဒွါရ ၉–ပါး၊ ဒွါရ ၉–ပေါက် ဆိုပြီးတော့ လူမှာ ဒီအညစ်အကြေးတွေ ထွက်တဲ့အပေါက် ၉–မျိုး ရှိတယ်ဆိုတာ အဲဒါလည်း ဒွါရပဲ၊ အခု ဒီမှာ ဒွါရကတော့ အဲသလို လူတွေထွက်ရာ ဝင်ရာဖြစ်တဲ့ တံခါးလိုနေတဲ့ ပစ္စည်းတွေဆိုကြပါစို့, အဲဒါတွေကိုဒွါရလို့ ခေါ်လိမ့်မယ်။

အဲဒါဘာလဲဆိုတော့ မျက်စိတို့ နားတို့ကို ဒွါရလို့ခေါ်မှာ၊ အဲဒီတော့ မျက်စိတို့ နားတို့ကို တံခါးပေါက်လို့ ဘာလို့ ခေါ်သလဲဆိုတော့ မြင်တဲ့စိတ် ကြားတဲ့စိတ် စသည်ဖြစ်တဲ့အခါမှာ ဒီအပေါက်တွေကနေပြီးတော့ ဝင်ထွက်ပြီး တော့ဖြစ်တယ်လို့ ဒီလို ယူဆပြီးတော့ သူတို့ကို ဒွါရလို့ခေါ်တာ။

မျက်လုံး မရှိရင် မြင်တဲ့စိတ် မဖြစ်ဘူး၊ အဲဒီတော့ မျက်လုံးနှင့် မြင်စရာ ရူပါရုံနှင့် တိုက်ဆိုင်လာတဲ့အခါမှာ မြင်တဲ့စိတ်ကဖြစ်လာတာ၊ အဲဒီတော့ အဲဒီမြင်တဲ့ စိတ်က စက္ခုဒွါရကို အမှီပြုပြီးတော့ ဖြစ်ရတာ၊ မျက်လုံးကို စက္ခုပသာဒခေါ်တယ်၊ နောက်တော့လာလိမ့်မယ်၊ မျက်လုံးကိုအမှီပြုပြီးတော့ ဖြစ်ရတာဖြစ်တော့ မျက်လုံး တည်းဟူသော တံခါးကနေပြီးတော့ ဝင်လာတယ်, ထွက်သွားတယ်ပေါ့လေ၊ ဒီလို အဓိပ္ပါယ်ယူပြီးတော့ မျက်စိစသည်ကို ဒွါရလို့ ဒီလိုခေါ်တယ်။

အဲဒီဒွါရပေါင်း ဘယ်လောက်ရှိသလဲ လေ့လာမယ်ဆိုရင် ၆–ခုရှိတယ်၊ ဒွါရ ၆–ပါးရှိတယ်။။

ဒွါရ ၆–ပါးမှာ ပထမဆုံးဒွါရက စက္ခုဒွါရနော်၊ စက္ခုဒွါရဆိုတာ မျက်စိတံခါး ပေါ့၊ သောတဒွါရဆိုရင် နားတံခါး၊ ဃာနဒွါရဆိုရင် နှာခေါင်းတံခါး, ဇိဝှါဒွါရဆိုရင် လျှာတံခါး, ကာယဒွါရဆိုရင် ကိုယ်တံခါး၊ မနောဒွါရဆိုတာကျတော စိတ်တံခါး, အားလုံး ဒီလိုပဲ မှတ်ထားလိုက်ကြရအောင်။

အဲဒီတော့ ဒွါရ ၆–ပါးရှိတယ်၊ ဒွါရ ၆–ပါးမှာ အခု ပထမဆုံး စက္ခုဒွါရ ဆိုတာ ဘယ်ဟာကို ခေါ်တာလဲ၊ အဲဒီတော့ မျက်လုံးကြီးတစ်ခုလုံးကို စက္ခုဒွါရလို့ ခေါ်တာလား၊ နားကြီးတစ်ခုလုံး, နှာခေါင်းကြီးတစ်ခုလုံးကို သောတ, ဒွါရ, ဃာနဒွါရ, ခေါ်တာလား ဆိုတော့ မဟုတ်ဘူး၊ ပါဠိလိုပြောရင် စက္ခုပသာဒလို့ ခေါ်တာပေါ့၊ အဲဒီ စက္ခုပသာဒဆိုတဲ့ မျက်လုံးအကြည်ဓာတ်ကို စက္ခုဒွါရလို့ခေါ်တယ်၊ မျက်လုံးကြီး တစ်လုံးလုံးကို ခေါ်တာမဟုတ်ဘူး။

အဲဒီ မျက်လုံးထဲမှာ အရိပ်ထင်ရာ image ထင်ရာဖြစ်တဲ့ ဒီ အခုခေတ်စကားနဲ့ ပြောရင်တော့ retina ဖြစ်လိမ့်မယ်ထင်တယ်၊ အဲဒီအကြည်ဓာတ်ကို စက္ခုဒွါရ ခေါ်တယ်၊ အဲဒီ အကြည်ဓာတ်က သူငယ်အိမ်လို့ခေါ်တဲ့ မျက်လုံးမှာပေါ့လေ၊ မျက်လုံးအနက်ထဲက အလယ်နားမှာ တည်တယ်လို့ ဒီလိုစာမှာတော့ဆိုတယ်။

ဒါပေမယ့် အခုခေတ် ဆေးပညာ သိပ္ပံ ပညာနဲ့ ကြည့်ပြောမယ်ဆိုရင်တော့ကို retina လို့ပဲဆိုရမှာ၊ retina ဆိုတာ eye ball, မျက်လုံးဘောလ် နောက်ဘက်မှာ ရှိတယ်၊ အဲဒီမှာသွားပြီး အရိပ်ထင်ပြီးတော့မှ အဲဒီကနေပြီးတော့မှ အခုခေတ်စကားနဲ့ ပြောရင် ဦးနှောက်ကို သတင်းပို့တာပေါ့လေ၊ အဲဒီ နေရာကို စက္ခုဒွါရ မျက်စိ အကြည်ဓာတ်။

သောတဒွါရ ဆိုတော့လည်းပဲ ဒီနားထဲမှာ အကြည်ဓာတ်ကလေးရှိတယ်ပေါ့၊ အသံလာပြီးတော့ ရိုက်လိုက်တဲ့အခါမှာ အဲဒီသောတဒွါရကို အမှီပြုပြီးတော့

ကြားတဲ့စိတ်ဖြစ်တယ်၊ ဒါကြောင့်မို့ သူ့ကို သောတပသာဒ နားအကြည်လို့ခေါ်တယ်၊ စာမှာဆိုတာကတော့ လက်စွပ်ကွင်းလေးနဲ့ တူတယ်တဲ့၊ အဲဒါတော့ တော်တော်မှန်တယ်နော်၊ နား inner ear ပုံကြည့်ဖူးသလား မသိဘူး၊ အဲသလိုပဲ အကွင်းလေးနော်၊ အဲဒီမှာရှိတယ်၊ ear drum မှာရှိတယ်။

ပြီးတော့ ဃာနပသာဒဆိုတာကတော့ နှာခေါင်းထဲမှာရှိတယ်ပေါ့၊ နှာခေါင်းထဲမှာရှိတဲ့ အကြည်ဓာတ်အနံ့က အဲဒီကိုထိတွေ့တဲ့အခါမှာ အနံ့ကိုသိတဲ့ စိတ်ဖြစ်တယ်၊ အဲဒါ ဃာနပသာဒလို့ခေါ်တယ်၊ ကျမ်းဂန်မှာတော့ ဘာနဲ့ဥပမာတူလဲလို့ ပြောသလည်းဆိုတော့ ဆိတ်ခွာနဲ့ တူတယ်လို့ ဆိုတာပဲ၊ ဘာကြောင့်တုန်း ဆိုတော့ နှစ်ခေါင်းဟာ နှာပေါက်မို့လို့ ထင်ပါတယ်၊ နှာခေါင်းအရင်းနားကျတော့ ဆိတ်ခွာလို့ နေမှာပေါ့၊ အဲဒီမှာ အနံ့နှင့်တွေ့ထိလာတဲ့ အခါမှာ အနံ့ကို သိတဲ့စိတ်ဖြစ်မယ်တဲ့၊ အဲဒါ၊ ဃာနဒွါရ။

ဇိဝှါ ဒွါရဆိုတာက လျှာပေါ့, အခုခေတ် စကားနဲ့ပြောရင်တော့ လွယ်ပါတယ်၊ taste bud အရသာသိတဲ့ဟာပေါ့၊ ဟိုကျမ်းဂန်မှာဆိုထားတာကတော့ ကြာဖတ်ဖျားလေးလိုပဲတဲ့၊ နေရာလေးတွေ ရှိပါလိမ့်မယ်၊ အရသာသိတဲ့ နေရာလေးတွေ၊ အဲဒီဟာကို ဇိဝှါပသာဒလို့ခေါ်တယ်၊ ဇိဝှါ ဒွါရပေါ့လေ။

နောက်ဆုံးက ကာယဒွါရဆိုတာက ကာယပသာဒကိုခေါ်တယ်၊ ကာယပသာဒ ဆိုတာကတော့ တစ်ကိုယ်လုံးမှာ ပျံ့နှံ့ပြီးတော့ တည်တယ်တဲ့၊ ဘယ်မှာသာ မရှိလဲ၊ လက်သည်းဖျားလေးတွေမှာ မရှိဘူး၊ ဆံပင်ဖျားတွေမှာမရှိဘူး၊ ဒါကြောင့်မို့ ဆံပင်ကို ကတ်ကြေးနဲ့ညှပ်တဲ့အခါတို့ လက်သည်းကိုက်တဲ့အခါတို့မှာ မနာတာပေါ့၊ အဲဒီကလွဲရင်တော့ ကာယပသာဒက တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတော့တည်တယ်တဲ့၊ ဒါကြောင့်မို့ ထိတာကိုသိတဲ့စိတ်ကျတော့ တစ်ကိုယ်လုံးနဲ့ ဆိုင်နေတော့တာ။

ခြေထောက်နဲ့ တစ်ခုထိလိုက်ရင်လည်း ခြေထောက်ကိုမှီပြီးတော့ ထိသိစိတ်ဖြစ်မှာပေါ့၊ လက်နှင့်ထိရင်လည်း လက်အမှီပြုပြီးတော့ ထိသိစိတ်ဖြစ်မယ်၊ အဲဒါကတော့ ရုပ်ဒွါရ ၅-ခုပေါ့နော်၊ မျက်စိရယ်, နားရယ်, နှာခေါင်းရယ်, လျှာရယ် ကိုယ်ရယ်၊ ရုပ်ဒွါရ ၅-ခု။

နောက်ဆုံးတစ်ခုကတော့ နာမ်ဒွါရ, မနောဒွါရလို့ ခေါ်တယ်၊ အဲဒီတော့ ဘာကို မနောဒွါရလို့ ခေါ်သလဲဆိုတော့ ဘဝင်စိတ်ကို မနောဒွါရလို့ခေါ်တယ်တဲ့နော်၊ ဝီထိကို မရောက်သေးတော့ နည်းနည်းပြောရတာက သိပ်မလွယ်ဘူး၊ ဝီထိတွေနဲ့ လာတဲ့အခါကျတော့ ဘဝင်စိတ်ကနေပြီးတော့မှ ထပြီးတော့ ဝီထိစိတ်တွေ ဖြစ်တာကို

ဝိထိက စက္ခုဒွါရစသော ၅–ပါးကို အမှီပြုပြီးဖြစ်တဲ့ ဝီထိရှိတယ်၊ အဲဒီစက္ခုဒွါရစသည် ဘာမှ အမှီမပြုပဲနဲ့ စိတ်ထဲတင် ဖြစ်တဲ့ဝီထိရှိတယ်။

အခု တစ်စုံတစ်ခုကို စဉ်းစားလိုက်တယ်၊ အတိတ်တုန်းက တွေ့ဖူးတဲ့ အာရုံတစ်ခုခုကို စဉ်းစားလိုက်တယ်၊ အဲဒီအခါမှာ ဖြစ်လာတဲ့စိတ်ဟာ စက္ခုဒွါရက ဖြစ်တာလည်းမဟုတ်ဘူး၊ သောတဒွါရကဖြစ်တာလည်းမဟုတ်ဘူး၊ နဂိုတုန်းက မြင်ဖူးတာလေး စိတ်ထဲက ပြန်မြင်လိုက်တယ်၊ ဒါဟာ မျက်လုံးမြင်တာမဟုတ်ဘူး, စိတ်နဲ့မြင်တာ၊ အဲဒီလို သိတဲ့စိတ်ပေါ့၊ သိတဲ့ဝီထိက မနောဒွါရကနေ ထပြီးတော့ ဘဝင်စိတ်ကနေထပြီးတော့ ဖြစ်တယ်၊ ဘဝင်ပြီးရင် အာဝဇ္ဇန်းဆိုတာပေါ်လာတယ်၊ အာဝဇ္ဇန်းပြီးရင် ဇောပေါ်လာမယ်၊ အဲဒါကြောင့်မို့ ဘဝင်စိတ်ကို မနောဒွါရ။

စိတ်တွေရဲ့ ဖြစ်ရာတံခါးဝဆိုတော့ တခြားစိတ်တွေပေါ့လေ၊ ဒွေးပဉ္စဝိညာဉ် ၁၀–ဆိုတဲ့ စိတ်တွေကတော့ သူ့ ပဉ္စဒွါရမှာ ဖြစ်ကြလိမ့်မယ်နော်၊ သမ္ပဋိစ္ဆိုင်းကလည်း ပဉ္စဒွါရမှာ ဖြစ်လိမ့်မယ်၊ ပဉ္စဒွါရာဝဇ္ဇန်းကလည်း ပဉ္စဒွါရမှာ ဖြစ်လိမ့်မယ်၊ ၅–ဒွါရမှာပဲ ဖြစ်လိမ့်မယ်၊ ကျန်တဲ့စိတ်တွေကျတော့ မနောဒွါရမှာတင်ဖြစ်တဲ့စိတ်တွေ ရှိမယ်၊ ဒွါရ ၆–ပါးလုံးမှာဖြစ်တဲ့စိတ်ရှိမယ်၊ အဲဒါကတော့ ဇယားကွက်မှာ ပေါ်လိမ့်မယ်၊ ဒါကြောင့်မို့ မနောဒွါရဆိုတာ ဘာကိုခေါ်သလဲလို့မေးရင် ဘဝင်စိတ်ကိုပဲ မနောဒွါရလို့ခေါ်တယ်။

အဲဒီစက္ခုစတဲ့ ဒွါရ ၅–ပါးကို အခုခေတ်မှာ ဘာလို့ခေါ်လဲ၊ sence လို့ခေါ်တယ်၊ five sence, သူတို့က six sence ၆–ခုမရှိဘူး၊ ၅–ခုပဲနော်၊ ဒါကြောင့်မို့ စကားပြောတဲ့အခါကျတော့ six sence ဆိုတဲ့ဟာကို အထူးပြောနေရတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ six sence က တစ်စုံတစ်ခုကို သိနေတာကို ဘယ်သူကမှ မပြောရပဲ ကြိုတင်ပြီးတော့ သိနေတာမျိုးကို six sence လို့ ခေါ်တယ်ပေါ့။

ဦးဇင်းတို့ အဘိဓမ္မာမှာလာမယ့် six sence က စိတ်ကို မယူဘူး၊ အဲဒါ မနောဒွါရ၊ အဲဒီတော့ မနောဒွါရဆိုတာ စိတ်အားလုံးကိုတော့ မယူရဘူး၊ ဘဝင်စိတ်က တခြားစိတ်တွေ ဝင်ရာ, ထွက်ရာ, ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘဝင်စိတ်ကိုပဲ မနောဒွါရလို့ခေါ်တယ်၊ မနော၏ဒွါရ, တခြားစိတ်တွေရဲ့ တံခါးဝ, အဲသလို သဘော၊ အဲဒီလို ဒွါရ ၆–ပါးရှိတယ်၊ အဲဒီ ဒွါရ ၆–ပါးနဲ့ စိတ်တစ်ခုယုတ်–၉၀၊ အကျယ် ၁၂၁–ပါးကို ဝေဖန်ကြရမှာနော်၊ ဇယားကွက်ကြည့်လိုက်ရင်တော့ အကုန်ရှင်းနေတာပါပဲ၊ ဇယားကွက်ကလေးတွေက အလွန်အသိဉာဏ်ကို ရှင်းအောင်

လုပ်ပေးတတ်တယ်၊ ဒါလေးမြင်ထားလိုက်ရင် အလွယ်နဲ့သိတယ်။

အခု ဇယားကွက်ကြည့်လိုက်ရင် အလျားလိုက်မျဉ်းကြောင်းတွေကို တစ်ခုစီ ဖတ်မယ်ဆိုရင် စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရ၊ မနောဒွါရ၊ ပြီးတော့ ဒွါရဝိမုတ္တ၊ ဒွါရဝိမုတ္တကပြီးတော့မှ ပြောပြမယ်၊ ပြီးတော့မှ တစ်ဒွါရ၊ နှစ်ဒွါရ၊ သုံးဒွါရစသည်ပြီးတော့မှ အပေါင်း။

ကောင်းပြီ စက္ခုဒွါရမှာဘယ်စိတ်တွေဖြစ်သလဲ သိချင်တယ်၊ သိချင်ရင် ဒီဇယားကွက်ကို ဘယ်ဘက်ကနေ ညာဘက်ကို တန်းဖတ်ရုံပဲ၊ စက္ခုဒွါရမှာဖြစ်တဲ့ စိတ်ပေါင်း အားလုံးဘယ်လောက်ရှိသလဲ၊ ဟိုး နောက်ဆုံး သွားကြည့်လိုက်စမ်း၊ ၄၆ မတွေ့ဘူးလား၊ ဒါဖြင့် စက္ခုဒွါရမှာ စိတ်ပေါင်း ၄၆–ပါး ဖြစ်နိုင်တယ်၊ တစ်ကြိမ်တည်းမှာ ၄၆–ပါး အကုန်စုပြုံဖြစ်နေတာလို့ မဆိုလိုဘူး၊ သို့သော် တစ်ဘုံတည်းမှာ စုပြုံဖြစ်နေတယ်လို့ မဆိုလိုဘူး။

သို့သော် possiblity ပေါ့နော်၊ စက္ခုဒွါရမှာ စိတ်ပေါင်း ဘယ်လောက် ဖြစ်နိုင်လဲ၊ ၄၆–ပါး ဖြစ်နိုင်တယ်၊ အဲဒီ ၄၆–ပါး ဘယ်စိတ်တွေတုန်းတဲ့, ပဉ္စဒွါရာ ဝဇ္ဇန်း–၁၊ စက္ခုဝိညာဏ် ၂–ခု၊ စက္ခုဒွါရဆိုတော့ စက္ခုဝိညာဏ် ဖြစ်တော့မှာပေါ့၊ သောတဝိဘာဉ်ဆိုရင် မဖြစ်ဘူး၊ ဃာနဝိညာဏ် မဖြစ်ဘူး၊ ဇိဝှါဝိညာဏ်မဖြစ်ဘူး၊ ကာယဝိညာဏ် မဖြစ်ဘူး၊ သမ္ပဋိစ္ဆန ၂–ခုဖြစ်တယ်၊ သန္တီရဏဥပေက္ခာ ဖြစ်တယ်၊ သန္တီရဏသောမနဿဖြစ်တယ်၊ နောက်တစ်ခုက ဝုဋ္ဌော(သို့မဟုတ်) မနောဒွါရာ ဝဇ္ဇန်း။

မနောဒွါရာဝဇ္ဇန်းကို ဝုဋ္ဌောလို့လည်းခေါ်တယ်၊ မနောဒွါရာဝဇ္ဇန်းလို့လည်း ခေါ်တယ် နော်၊ နာမည် ၂–မျိုးနှင့်ခေါ်တယ်၊ အဲဒီနာမည် ၂–မျိုးနှင့် ခေါ်ရာမှာ စက္ခု သောတ, ဃာန, ဇိဝှါ, ကာယ ဆိုတဲ့ ဒွါရ ၅–ပါးမှာ ဖြစ်ခိုက် သူ့ကို ဝုဋ္ဌောလို့ ခေါ်လိမ့်မယ်၊

မနောဒွါရမှာဖြစ်တဲ့ အခါကျတော့ မနောဒွါရာဝဇ္ဇန်းလို့ခေါ်တယ်၊ အဲဒီလို နာမည်ကွာသွားတယ်၊ ဒါကြောင့်မို့ အခု စက္ခုဒွါရမှာ ဖြစ်တဲ့စိတ်အနေနဲ့ဆိုရင် ဝုဋ္ဌောလို့ပဲ စကားသုံးလိုက်ကြစို့၊ ဝုဋ္ဌောစိတ် ၁–ခု၊

ပြီးတော့ ကာမာဝစရ ဇော ၂၉–ခု၊ ဒါကို ဦးဇင်းတို့ သာသနာတော်အသုံး အားဖြင့် ကာမဇောတစ်ခုယုတ်–၃၀၊ ဒီလိုခေါ်တယ်။

ကာမဇောဆိုတာ ဘယ်ဟာတွေတုန်း ပြန်ကြည့်စမ်း, ကာမာဝစရစိတ်ထဲက အကုသိုလ်ရယ်, ကုသိုလ်ရယ်, ကြိယာရယ်, ဒါ ရှာရမယ်။

- အကုသိုလ်စိတ် ၁၂
- ဟသိတုပ္ပါဒ်စိတ် ၁
- ကာမဝစရကုသိုလ် ၈
- ကာမာဝစရကြိယာ ၈
- အားလုံးပေါင်းလိုက်တော့ ၂၉

အဲဒါကို ကာမဇော ၂၉–သို့မဟုတ် ဘုန်းကြီးသုံးသုံး ကာမဇော တစ်ခုယုတ် ၃၀၊ အဲဒီ ကာမဇောတွေလည်း စက္ခုဒွါရမှာဖြစ်တယ်တဲ့၊ ပြီးတော့ကာမဇောရဲ့ ညာဘက်မှာ အပ္ပနာဇောလို့ရှိတယ်။

အပ္ပနာဇောဆိုတာက မဟဂ္ဂုတ် လောကုတ္တရာဇောကို ခေါ်တာ၊ ဒီအသုံးနှုန်း လေးတွေကလည်း နားလည်သွားရမယ်၊ ဝိထိပိုင်းကျတော့ ပိုပြီးတော့ နားလည်မယ်။

အပ္ပနာဇော ၂၆–ခုရှိတယ်၊ ဒါက လောကုတ္တရာစိတ် ၈–ခု အနေနဲ့တွက်တာ၊ အဲဒီတော့ အပ္ပနာဇောဆိုတော့ မဟဂ္ဂုတ် လောကုတ္တရာဆိုတော့, မဟဂ္ဂုတ်ဆိုတာ ဘာလဲ၊ ရူပါဝစရ, အရူပါဝစရ၊ ဒါဖြင့် ရူပါ၁စရ ကုသိုလ်, ကြိယာ, အရူပါဝစရ ကုသိုလ်, ကြိယာ, လောကုတ္တရာစိတ် မဂ်ဖိုလ်၊ ဒါတွေပေါင်းလိုက်ရင် အပ္ပနာဇော– ၂၆ ဖြစ်လာမယ်နော်၊ ပေါင်းကြည့်စမ်းပါ။

- ရူပါဝစရ ကုသိုလ် ၅
- ရူပါဝစရ ကြိယာ ၅
- အရူပါဝစရ ကုသိုလ် ၄
- အရူပါဝစရ ကြိယာ ၄
- လောကုတ္တရာ ၈

ဒါကြောင့်မို့ အပ္ပနာဇော ၂၆–ကို ရေတွက်ပြထားတဲ့နေရာမှာ သေချာကြည့် လိုက်၊

- မဟဂ္ဂုတ် ကုသိုလ် ၉

[မဟဂ္ဂုတ် ကုသိုလ်ဆိုတာ ရူပါဝစရကုသိုလ်–၅၊ အရူပါဝစရကုသိုလ်–၄]

- ပြီးတော့ မဟဂ္ဂုတ်ကြိယာ ၉
- လောကုတ္တရာစိတ် ၈–ခု အားလုံး ပေါင်းလိုက်တော့ အပ္ပနာဇော ၂၆။

အဲဒီ အပ္ပနာဇောတွေကတော့ စက္ခုဒွါရမှာလည်း မဖြစ်ဘူး၊ သောတဒွါရမှာလည်း မဖြစ်ဘူး၊ သူက မနောဒွါရမှာသာ ဖြစ်လိမ့်မယ်၊ စိတ်ထဲမှာ ဖြစ်တာကို။

မျက်လုံးနှင့် မြင်ပြီးတော့ ဈာန်ရတာ မဟုတ်ဘူးနော်၊ ဈာန်ကျတော့

မနောဒွါရကနေ ထဖြစ်တာ၊ ဒါကြောင့်မို့ သူတို့က မပါဘူး။

အဲဒီနောက်မှာ ကာမာဝစရ ဝိပါက်စိတ် ၈–ပါး, ကာမာဝစရ ဝိပါက်စိတ် ၈–ပါးကလည်း စက္ခုဒွါရမှာဖြစ်တယ်၊ ဒါကြောင့်မို့အားလုံးပေါင်းလိုက်ရင် စိတ်ပေါင်း ၄၆–ပါးရတယ်၊ ဒီ ၄၆–ပါးသည် စက္ခုဒွါရ၌ဖြစ်တဲ့စိတ်။

စက္ခုဒွါရ၌ဖြစ်တဲ့စိတ် ၄၆–ပါးရှိသလို သောတ, ဃာန, ဇိဝှါ, ကာယဒွါရမှာ ဖြစ်တဲ့ စိတ်တွေကလဲ ၄၆–ပါးပဲ၊ ဘာလေးအပြောင်းအလဲ လုပ်သွားရမလဲ၊ စက္ခုဝိညာဏ် ၂–ခု နေရာမှာ၊ သောတဝိညာဏ် ၂–ခု၊ ဃာနဝိညာဏ် ၂–ခု၊ ဇိဝှါဝိညာဏ် ၂–ခု၊ ကာယဝိညာဏ် ၂–ခု၊ ဒါပဲသွားရမယ်။

ဒါကြောင့်မို့ သောတဒွါရမှာဖြစ်တဲ့စိတ် ၄၆–ရေတွက်လိုက်စမ်းပါဆိုရင်၊

- ပဉ္စဒွါရာဝဇ္ဇန်း ၁
- သောတဝိညာဏ် ၂
- သမ္ပဋိစ္ဆိုင်း ၂
- သန္တီရဏ ဥပေက္ခာ ၂
- သန္တီရဏ သောမနဿ ၁
- ပြီးတော့ ဝုဋ္ဌော ၁
- ကာမာဝစရ ဇော ၂၉
- ကာမာဝစရ ဝိပါက် ၈

အားလုံးပေါင်းလိုက်ရင် ၄၆ နော်

ဃာနဒွါရမှာဖြစ်တဲ့စိတ် ဆိုလိုက်ပါဦး

- ပဉ္စဒွါရာဝဇ္ဇန်း ၁
- ဃာနဝိညာဏ် ၂
- သမ္ပဋိစ္ဆိုင်း ၂
- သန္တီရဏ ဥပေက္ခာ ၂
- သန္တီရဏ သောမနဿ ၁
- ဝုဋ္ဌော ၁
- ကာမာဇော ၂၉
- ကာမာဝစရ ဝိပါက်စိတ် ၈

အားလုံးပေါင်း ၄၆–ကာယလည်း အတူတူပဲ၊

ပြီးတော့ နောက်ဆုံးဘာလာလဲ, မနောဒွါရ၊ မနောဒွါရမှာဖြစ်တဲ့စိတ်တွေ

ဘယ်လောက်ရှိသလဲကြည့်လိုက်မယ်၊ ၆၇–တောင် ရှိတယ်တဲ့။

ပဋ္ဌဒွါရာဝဇ္ဇန်း မနောဒွါရမှာ မဖြစ်ဘူး၊ ပဋ္ဌဒွါရမှာပဲဖြစ်မှာပေါ့၊ သူက နာမည်ကိုက ပဋ္ဌဒွါရလို့ ပါနေပြီနော်၊ စက္ခုဝိညာဏ်ကလည်း စက္ခုဒွါရမှာသာဖြစ်တာ ဆိုတော့မနောဒွါရမှာမဖြစ်ဘူး၊ သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ် မဖြစ်ဘူး၊သမ္ပဋိစ္ဆိုင်း ၂–ခုကလည်း၊ မနောဒွါရမှာ မဖြစ်ဘူး။

သန္တီရဏ ဥပေက္ခာကျတော့ မနောဒွါရမှာ ဖြစ်တယ်၊ သန္တီရဏ သောမနဿ လည်း မနောဒွါရမှာဖြစ်တယ်၊ ပြီးတော့ ဝုဋ္ဌော၊ ဒီကျတော့ ဝုဋ္ဌောလို့ မခေါ်ကြတော့နဲ့၊ မနောဒွါရာဝဇ္ဇန်းလို့ ခေါ်ကြစို့၊ ဟုတ်ပြီလား။

မျက်စိနဲ့ တိုက်ရိုက်မြင်နေရင် စက္ခုဝိညာဏ်ဖြစ်လိမ့်မယ်နော်၊ နားနှင့်တိုက် ရိုက်ကြားနေရင် သောတဝိညာဏ် ဖြစ်လိမ့်မယ်၊ နောက်တုန်းက မြင်ဘူးတာလေး၊ စိတ်ကူးနဲ့မြင်လိုက်တယ်၊ မနောဒွါရနှင့် မြင်လိမ့်မယ်၊ ဒါကြောင့်မို့ မနောဒွါရမှာ ဖြစ်တဲ့စိတ်ပေါင်း ၆၇–ခု ရှိတယ်၊ ဘာတွေလဲဆိုရင်

| | | |
|---|---|---|
| – သန္တီရဏ ဥပေက္ခာ | ၂ | |
| – သန္တီရဏ သောမနဿ | ၁ | |
| – မနောဒွါရာဝဇ္ဇန်း | ၁ | |
| – ကာမဇောတစ်ခုယုတ် သုံးဆယ် | ၂၉ | |
| – အပ္ပနာဇော | ၂၆ | |
| ကာမာဝစရဝိပါက်စိတ် | ၈ | ခုနော် |

ပြီးတော့ ဒွါရဝိမုတ္တ။

ဒွါရဝိမုတ္တ ဆိုတာက ဒွါရမှလွတ်တာ, ဝိမုတ္တဆိုတာလွတ်တာ၊ လွတ်တယ် ဆိုတာ ဘယ်ဒွါရမှာမှ မဖြစ်တာ၊ ဘယ်ဒွါရမှာမှ မဖြစ်ပဲနဲ့ ဒွါရကို အမှီမပြုရပဲနဲ့ ဖြစ်တဲ့စိတ်၊ ဒွါရမလိုပဲနဲ့ ဖြစ်တဲ့စိတ်၊ အမှန်ကတော့ အဲဒီဒွါရ မလိုပဲနဲ့ ဖြစ်တဲ့ စိတ်ဆိုတာဟာဘာစိတ်တွေလဲ ရိပ်မိလား,ကြည့်လိုက်၊ ဘာစိတ်တွေတုန်း၊ သန္တီရဏ ဥပေက္ခာရယ်၊ ကာမာဝစရ ဝိပါက်စိတ် ၈–ပါးရယ်, မဟဂ္ဂုတ် ဝိပါက်စိတ် ၉–ပါးရယ်, အားလုံး ၁၉ပါး, အဲဒီ ၁၉ ပါးဟာ ဘာစိတ်တွေတုန်း ကိစ္စသင်္ဂဟ ပြန်ကြည့်လိုက်။

သန္တီရဏ ဥပေက္ခာ ၂–ခုရယ်၊ မဟာဝိပါက်စိတ် ၈–ခုရယ် (သို့မဟုတ်) ဒီ ၁၁–ခုကို တဒါရုံ ၁၁–ခု ခေါ်တယ်၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ခုရယ်၊ ပေါင်းလိုက်ရင် အဲဒီ ၁၉–ခုဟာ ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်တဲ့စိတ်တွေပဲ

မဟုတ်ဘူးလား၊ သူတို့ ကိုယ်တိုင်က မနောဒွါရဖြစ်နေတာ။

မနောဒွါရဆိုတာ ဘဝင်စိတ်ကို ခေါ်တယ်လို့ စောစောတုန်းက ပြောခဲ့ပြီ၊ အဲဒါကြောင့်မို့လို့ သူတို့ကတော့ ဒွါရက အလွတ်တွေပေါ့၊ သူကိုယ်တိုင်က ဒွါရဖြစ်နေပြီ၊ အဲဒီတော့ တခြားဒွါရက ဖြစ်စရာမလိုတော့ဘူး။

ဒါကြောင့်မို့ အဲဒီ ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်တဲ့ ၁၉-ပါးကိုပဲ ဒွါရဝိမုတ်စိတ်၊ အဲဒီတော့ သူတို့က ဘယ်ဒွါရကိုမှာ အမှီပြုပြီးတော့ဖြစ်တာ မဟုတ်ဘူး၊ သူတို့ကိုယ်တိုင်က ဒွါရဖြစ်နေလို့၊ ဒါကြောင့်မို့ ဒွါရမှ လွတ်တဲ့စိတ်ဆိုရင် ၁၉-ပါးရှိတယ်၊ ဒါဆိုရင် ကုန်သွားပြီနော်။

တစ်ခေါက်ပြန်လိုက်ကြဦးစို့, ဒွါရ ၆-ပါးရှိတယ်နော်၊ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ,စက္ခုဒွါရဆိုတာ မျက်စိအကြည်ဓာတ်။

– သောတဒွါရဆိုတာ နားအကြည်ဓာတ်။

– ဃာနဒွါရဆိုတာ နှာခေါင်းအကြည်ဓာတ်။

– ဇိဝှါဒွါရဆိုတာ လျှာအကြည်ဓာတ်။

– ကာယဒွါရဆိုတာ တစ်ကိုယ်လုံးပေါ့ ကိုယ်အကြည်ဓာတ်ပေါ့၊ သူကတော့ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးတော့ တည်တယ်နော်၊ သို့သော် လက်သည်းဖျားတို့ကတော့ မတည်ဘူးပေါ့။

ပြီးတော့ မနောဒွါရ, မနောဒွါရဆိုတာ ဘဝင်စိတ်တွေကိုပဲ ခေါ်တာတဲ့နော်၊ ဘဝင်စိတ်ပေါင်း ဘယ်လောက်ရှိလဲ၊ ဘဝင်ကိစ္စတပ်တဲ့စိတ်ပေါင်း ပဋိသန္ဓေ,ဘဝင်, စုတိ အတူတူပေါ့, ၁၉-ပေါ့၊ အဲဒီ ၁၉-ကို မနောဒွါရလို့ခေါ်တယ်ပေါ့။

အဲဒီလို သိပြီးတဲ့နောက်မှာ စက္ခုဒွါရမှာဖြစ်တဲ့စိတ်ပေါင်း ဘယ်လောက်ရှိသလဲ ဇယားကွက်ကြည့်ပြီးတော့ ပြောရရင်-၄၆၊ ကဲပြောလိုက်ပါအုံး ပဉ္စဒွါရာဝဇ္ဇန်း-၁၊ စက္ခုဝိညာဏ်-၂၊ သမ္ပဋိစ္ဆိုင်း-၂၊ သန္တီရဏဥပေက္ခာ-၂၊ သန္တီရဏသောမနဿ-၁၊ ဝုဋ္ဌော-၁၊ ကာမာဝစရဇော-၂၉၊ ကာမာဝစရဝိပါက်စိတ်-၈၊ ပေါင်း ၄၆-ပါး။

– သောဒွါရဖြစ်တဲ့စိတ်-၄၆ (Subsitute) လုပ်ရုံပဲနော်။

– ဃာနဒွါရမှာဖြစ်တဲ့စိတ် ၄၆

– ဇိဝှါဒွါရမှာဖြစ်တဲ့စိတ် ၄၆

– ကာယဒွါရမှာဖြစ်တဲ့စိတ် ၄၆

– ကောင်းပြီ မနောဒွါရမှာဖြစ်တဲ့စိတ် ၆၇၊ ဘာတွေတုန်း

– သန္တီရဏ ဥပေက္ခာ ၂

- သန္တီရဏ သောမနဿ ၁
- မနောဒွါရာဝဇ္ဇန်း ၁
- ကာမာဝစရဇော ၂၉
- အပ္ပနာဇော ၂၆

ကာမာဝစရဝိပါက်စိတ် ၈

အပ္ပနာဇောဆိုတာ မဟဂ္ဂုတ်လောကုတ္တရာဇော၊ မဟဂ္ဂုတ်လောကုတ္တရာဇော ဆိုတာ မဟဂ္ဂုတ်ကုသိုလ်–၉၊ မဟဂ္ဂုတ်ကြိယာ–၉၊ လောကုတ္တရာ–၈၊ အဲဒါကို အပ္ပနာဇောလို့ခေါ်တယ်။

ကာမာဝစရဇောဆိုတာ ကာမာဝစရစိတ်ထဲက ရှာရမယ်၊ အကုသိုလ်စိတ် ၁၂–ခု၊ ဟသိတုပ္ပါဒ်စိတ်, ကာမာဝစရကုသိုလ်စိတ်–၈၊ ကာမာဝစရကြိယာစိတ် ၈၊ အောက်မှာရှိတယ်၊ ကောင်းပြီ မနောဒွါရစိတ်–၆၇။

ဘယ်ဒွါရမဖြစ်ဖူးတဲ့, ဒွါရမှ အလွတ်ဖြစ်တဲ့စိတ် ၁၉–ခုရှိတယ်၊ ဥပေက္ခာသန္တီရဏ ၂–ခု၊ မဟာဝိပါက်စိတ် ၈–ခု၊ မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ခု၊ သူတို့က ဘယ်ဒွါရမှ အမှီပြုပြီးတော့ မဖြစ်ဘူး၊ ဒွါရမှာ အလွတ်နော်၊ ဒွါရဝိမုတ်စိတ်တဲ့။

ကောင်းပြီ, စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, အဲဒီဒွါရ ၅–ပါးမှာ ဖြစ်နိုင်တဲ့စိတ်တွေ အားလုံးဆိုရင် ဘယ်လောက်ရမလဲ၊ ယူပြီးသားကို ထပ်မယူနဲ့၊ ဘယ်လောက်ရမယ် ထင်သလဲ၊ ၄၆–ထဲကို ဘာထပ်ထည့်မလဲ၊ ပထမ ၄၆–ထဲကို သောတဝိညာဏ်–၂၊ ဃာနဝိညာဏ်–၂၊ ဇိဝှါဝိညာဏ် –၂၊ ကာယဝိညာဏ်–၂၊ ၈ –ခု ထပ်ထည့်ရမယ်၊ အခုပြောတာ နားလည်လား၊ ၅–ဒွါရလုံးမှာ ဖြစ်တဲ့စိတ်ကိုပြောတာ၊ ဟို ပထမဟာက စက္ခုဒွါရမှာ ၄၆ဖြစ်တယ်၊ သောတဒွါရမှာ ၄၆ ဖြစ်တယ်၊ ကောင်းပြီ ဒွါရ ၅–ပါးလုံးမှာဖြစ်တဲ့စိတ်ကို ပေါင်းစမ်း၊ သို့သော် ယူပြီးသား ထပ်မယူနဲ့။

အဲသလိုယူပြီးသား ထပ်မယူနဲ့ဆိုတော့ စက္ခုဒွါရမှာဖြစ်တဲ့ ၄၆၊ ပထမ ကြည့်ထားလိုက်၊ ပြီးတော့မှ အဲဒီထဲကို ဘာထပ်တိုးမလဲ, သောတဝိညာဏ် ၂–ခု ထပ်တိုးမယ်၊ ပြီးတော့မှ ဃာနဝိညာဏ် ၂–ခု ထပ်တိုးမယ်၊ ဇိဝှါဝိညာဏ် ၂–ခု ထပ်တိုးမယ်၊ ကာယဝိညာဏ် ၂–ခု ထပ်တိုးမယ်၊ တခြားဟာ တိုးစရာ ရှိသေးလား၊ မရှိတော့ဘူး၊ ဒါဖြင့်ရင် ၄၆–ထဲကို ၈–ထည့်, ၅၄–ရမယ်၊ အဲဒီ ၅၄–ဟာ ဘာလဲဆိုရင် ကာမစိတ်–၅၄ ပဲ၊ ကာမာဝစရစိတ် ၅၄–ဟာ ၅–ဒွါရမှာ ဖြစ်နိုင်တယ်နော်၊ ၅–ဒွါရတင် မကဘူးပေါ့၊ တချို့စိတ်တွေက ၆–ဒွါရဖြစ်တာလည်း

ပါလိမ့်ဦးမယ်။

သို့သော် ၅–ဒွါရလုံးမှာဖြစ်တဲ့စိတ်တွေကို ရေတွက်ပြစမ်းပါ၊ ယူပြီးသား ထပ်မယူနဲ့ဆိုရင် ကာမာဝစရစိတ် ၅၄–ခုနော်၊ ပြီးတော့မှ တစ်ခုစီမေးတဲ့အခါ ကျတော့မှ စက္ခုဒွါရမှာကျတော့ ဘယ်လောက်လဲ–၄၆၊ သောတဒွါရ–၄၆၊ ကာယ ဒွါရမှာ –၄၆၊ အဲသလိုဖြေရမယ်၊ ကောင်းပြီ, ဒါက ဒွါရမှာဖြစ်တဲ့စိတ်၊ ဒွါရကနေ ကိုင်ပြီးတော့ စိတ်ကိုမေးတာ။

နောက်တစ်ခါကျတော့ သမ္ပယောဂနည်း, သင်္ဂဟနည်း, လုပ်သလိုပဲ စေတသိက်ကနေစိတ်မေး, စိတ်ကနေ စေတသိက်မေးသလို ဒီမှာအခုဒွါရ ကိုင်ပြီးတော့ စိတ်မေးပြီးပြီ၊ စိတ်ကကိုင်ပြီးတော့ ဒွါရပြန်ရှာကြမယ်။

အမှန်ကတော့ ဦးဇင်းတို့ စိတ်တစ်ခုယုတ်–၉၀ ကို အစဉ်အတိုင်း လုပ်ရင် လည်း ရတယ်၊ အဲသလို မလုပ်ခင် ဒီဇယားကွက်နဲ့ပဲ အရင်လုပ်ကြဦးစို့။

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဘယ်နှစ်ဒွါရမှာဖြစ်သလဲ၊ ၅–ဒွါရမှာဖြစ်တယ်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ၊ စက္ခုဝိညာဏ် ၂–ခု ဘယ်ဒွါရမှာဖြစ်သလဲ၊ စက္ခုဒွါရတစ်ခုတည်းမှာဖြစ်တယ်၊ သောတဝိညာဏ်ခွေး၊ သောတဒွါရ တစ်ခုတည်းမှာ ဃာနဝိညာဏ်ခွေး, ဃာနဒွါရတစ်ခုတည်းမှာ၊ ဇိဝှါဝိညာဏ်ခွေး, ဇိဝှါဒွါရတစ်ခု တည်းမှာ၊ ကာယဝိညာဏ်ခွေး, ကာယဒွါရတစ်ခုတည်းမှာ၊ သမ္ပဋိစ္ဆိုင်းခွေး၊ ဘယ် ဒွါရမှာဖြစ်လဲ၊ စက္ခု,သောတ, ဃာန, ဇိဝှါ ကာယ ၅–ဒွါရမှာဖြစ်တယ်၊ သမ္ပဋိစ္ဆိုင်းခွေးက ၅–ဒွါရမှာ ဖြစ်တယ်။

သန္တီရဏဥပေက္ခာ ၂–ခု၊ ၆–ဒွါရမှာလည်းဖြစ်တယ်၊ ဒွါရဝိမုတ်လည်း ဖြစ်တယ်၊ သူ့ကျတော့ ရုံခါ ၆–ဒွါရမှာ ဖြစ်တယ်၊ ရုံခါ ဒွါရ ဝိမုတ်ဖြစ်တယ်၊ ဒီလိုဆိုလိုတယ်၊ အခု အသာထားဦးနော်၊ သန္တီရဏ ဥပေက္ခာ၂–ခုသည် ၆–ဒွါရ မှာဖြစ်တယ်၊ ရုံခါ ၆–ဒွါရမှာလွတ်တယ်။

သန္တီရဏ သောမနဿ ဘယ်ဒွါရတွေမှာဖြစ်သလဲ၊ ဒါဖြင့် သူလည်းပဲ ဒွါရ–၆–ပါးမှာဖြစ်တယ်နော်၊ ဒါကြောင့်မို့ အောက်မှာ ၆–ဂဏန်းရှိတာ ဟုတ်လား၊ ပြီးတော့ ဝုဋ္ဌော သို့မဟုတ် မနောဒွါရာဝဇ္ဇန်း ဘယ်နှစ်ဒွါရမှာဖြစ်သလဲ, ၆– ဒွါရမှာ ဖြစ်တယ်၊ ကာမာဝစရဇော ၂၉–ခု, ဘယ်နှစ်ဒွါရမှာဖြစ်သလဲ, ၆–ဒွါရမှာ ဖြစ်တယ်၊ အပ္ပနာဇော ၂၆, မနောဒွါရမှာသာဖြစ်တယ်၊ စက္ခုဒွါရမှာ မဖြစ်ဘူး, သောတဒွါရမှာ မဖြစ်ဘူး စသည်ဖြင့်သွားနော်၊

ကာမာဝစရဝိပါက်စိတ် ၈–ခု၊ ၆–ဒွါရမှာဖြစ်တယ်၊ ရုံခါ ၆–ဒွါရမှာ

လွတ်တယ်နော်၊ တစ်ခါတလေ ဇ–ဒွါရမှာဖြစ်တယ်၊ တစ်ခါတလေ ဇ–ဒွါရမှ လွတ်တယ်။

မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ခု၊ ဇ–ဒွါရမှ အမြဲလွတ်တယ်၊ ဘယ်သောအခါမှ သူက ဒွါရမှာ မဖြစ်ဘူး၊ အဲဒီတော့ ဒွါရဝိမုတ်စိတ် ၁၉–ပါးထဲက ကြည့်လိုက်ရင် သန္တီရဏဥပက္ခောက တစ်ခါတလေ ဇ–ဒွါရမှာဖြစ်တယ်၊ တစ်ခါတလေ ဇ–ဒွါရမှလွတ်တယ် ဟုတ်လား၊ မဟာဝိပါက်စိတ် ၈–ခုလည်း တစ်ခါတလေ ဇ–ဒွါရမှာဖြစ်တယ်၊ တစ်ခါတလေ ဇ–ဒွါရမှ လွတ်တယ်၊ ရံခါဖြစ်တယ်၊ ရံခါလွတ်တယ်၊

မဟဂ္ဂုတ်ဝိပါက် ၉–ခု (သို့မဟုတ်) ရူပါဝစရဝိပါက်စိတ် ၅–ခုနှင့်အရူပါဝစရ ဝိပါက်စိတ် ၄–ခု၊ သူတို့ကျတော့ အမြဲတမ်း ဇ–ဒွါရမှလွတ်တယ်၊ ဘယ်သောအခါမှ ဒွါရမှာ မဖြစ်ဘူး၊ အဲဒီလို မှတ်ထားရမယ်။

အဲဒါကြောင့်မို့အောက်မှာ ၅–၁–၁ စသည်ပေးထားတယ်၊ ကောင်းပြီ, အဲဒီတော့၊ သန္တီရဏဥပေက္ခာ ပြန်သွားလိုက်စမ်း၊ သန္တီရဏဥပေက္ခာ ကိစ္စသွား ကြည့်လိုက်၊ ကိစ္စသင်္ဂဟမှာကြည့်စမ်း၊ သန္တီရဏဥပေက္ခာ ဘယ်နှစ်ကိစ္စ တပ်သလဲ၊ ၅–ကိစ္စတပ်တယ်၊ ဘာကိစ္စတွေလဲ၊ ပဋိသန္ဓေ, ဘဝင်, စုတိ, သန္တီရဏ, တဒါရုံ၊ အဲဒီတော့ ဒီ ဇ–ဒွါရဖြစ်တာနဲ့ ဒွါရဝိမုတ်ဖြစ်တာကို အဲဒီကိစ္စနဲ့ လိုက်ပြီးတော့ ခွဲယူရမယ်။

သန္တီရဏကိစ္စတပ်ခိုက် တဒါရုံကိစ္စတပ်ခိုက် ဇ–ဒွါရမှာဖြစ်တယ်၊ ပဋိသန္ဓေ ဘဝင်, စုတိ, ကိစ္စတပ်ခိုက် ဇ–ဒွါရမှလွတ်တယ်၊ အဲဒီလို သွားရမယ်, ဟုတ်ပြီး လား၊ ပြန်ပြောမယ်၊ သန္တီရဏ ဥပေက္ခာ ၂–ခုဟာ ဘယ်နှစ်ကိစ္စတပ်သလဲ၊ ၅ ကိစ္စ တပ်တယ်၊ အဲဒီ ၅–ကိစ္စအနက်မှာ အစဉ်အတိုင်း ပြောမယ်ဆိုရင် ပဋိသန္ဓေ, ဘဝင်ကိစ္စတပ်ခိုက် ဇ–ဒွါရမှလွတ်တယ်၊ သန္တီရဏကိစ္စတပ်ခိုက် ဇ–ဒွါရမှာ ဖြစ်တယ်၊ တဒါရုံ ကိစ္စတပ်ခိုက် ဇ–ဒွါရမှာဖြစ်တယ်၊ ဟုတ်ပြီလား၊

မဟာဝိပါက်ကိစ္စ ကြည့်လိုက်၊ ပဋိသန္ဓေ, စုတိ, ဘဝင်, ကိစ္စတပ်ခိုက် ဇ–ဒွါရမှလွတ်တယ်၊ တဒါရုံကိစ္စတပ်ခိုက်၊ ဇ–ဒွါရမှာဖြစ်တယ်၊ အဲဒီလို ခွဲပြီးတော့ နားလည်ရမယ်၊ ရံခါ ဇ–ဒွါရမှာဖြစ်တယ်၊ ရံခါ ဇ–ဒွါရမှလွတ်တယ်လို့ ပြောတာဟာ ဒီ ဇ–ဒွါရမှာဖြစ်တယ်ဆိုရင် သန္တီရဏ ကိစ္စတို့ တဒါရုံကိစ္စတို့ တပ်တဲ့အခိုက်မှာ ဇ–ဒွါရမှ လွတ်တယ်လို့ပြောတာက ပဋိသန္ဓေ, ဘဝင်,စုတိကိစ္စ တစ်ခုခုတပ်တဲ့ အခိုက်မှာပြောတာ။

မဟဂ္ဂုတ်ဝိပါက်ကျတော့ အဲသလိုက မရှိတော့ဘူး၊ ဟိုမှာကြည့်လိုက်ဦး၊

ဘယ်နှစ်ကိစ္စတပ်သလဲ၊ ၃-ကိစ္စတပ်တယ်၊ ပဋိသန္ဓေ, ဘဝင်, စုတိ၊ သူက ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စသာတပ်တဲ့အတွက်ကြောင့်မို့လို့ ဒွါရ ဝိမုတ်ပဲ ဖြစ်ရတော့တယ်၊ ဒွါရမှာ မဖြစ်တော့ဘူး၊ အဲဒီလို ရုံခါ ၆-ဒွါရမှာဖြစ်တယ်၊ ရုံခါ ၆-ဒွါရမှာလွတ်တဲ့နေရာမှာ ကိစ္စနဲ့လိုက်ပြီးတော့ ခွဲခြားပြီးတော့ ယူပါနော်၊ ပဋိသန္ဓေ ဘဝင်, စုတိ, ကိစ္စတပ်ခိုက် ၆-ဒွါရမှလွတ်သည်၊ တခြားကိစ္စတပ်ခိုက် ၆-ဒွါရဖြစ်သည်၊ အဲလို မှတ်သားလိုက်ရင် ရှင်းသွားပြီပေါ့နော်။

အဲဒီတော့ ဝုဋ္ဌောနှင့် မနောဒွါရာဝဇ္ဇန်း, ဒီစိတ် ၁-ခုတည်းကိုပဲ နာမည် ၂-မျိုးပေးထားတာ၊ ဝုဋ္ဌောလို့ခေါ်တဲ့အခါ ခေါ်တယ်, မနောဒွါရဝဇ္ဇန်းလို့ ခေါ်တဲ့ အခါခေါ်တယ်၊ ဘယ်အခါမှာ ဝုဋ္ဌောလို့ခေါ်သလဲ၊ ၅-ဒွါရမှာ ဖြစ်ခိုက် ဝုဋ္ဌောလို့ ခေါ်တယ်၊ မနောဒွါရမှာ ဖြစ်တဲ့အခါကျတော့ မနောဒွါရာဝဇ္ဇန်းလို့ ခေါ်တယ်၊ ဝီထိပိုင်းကျတော့ ဝီထိတွေ ချလိမ့်မယ်နော်၊ အတီတဘဝင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော၊ အဲဒီကျ တော့ ဝုဋ္ဌောလို့ ခေါ်လိုက်မယ်၊ မနောဒွါရာဝဇ္ဇန်းလို့မခေါ်ဘူး၊ အမှန်တော့ဒီစိတ်ပဲ၊ စိတ်ကတော့ မနောဒွါရာဝဇ္ဇန်းစိတ်ပဲ၊ သူ့ကို ဝုဋ္ဌောလို့ခေါ်တယ်၊ ဝုဋ္ဌောပြီးတော့ ဇော, တဒါရုံ သွားရောဟုတ်လား။

မနောဒွါရဝီထိ ချလိုက်တဲ့အခါကျတော့ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ မနော ဒွါရာဝဇ္ဇန်းဇော၇-ကြိမ်၊ အဲဒီကျတော့ မနောဒွါရာဝဇ္ဇန်းလို့ခေါ်တယ်၊ ဒါကြောင့်မို့ မနောဒွါရာဝဇ္ဇန်းဟာ စိတ်တစ်ခုတည်းဖြစ်သော်လည်းပဲ ၅-ဒွါရမှာဖြစ်တဲ့အခါမှာ သူ့ကို ဝုဋ္ဌောလို့ခေါ်တယ်၊ မနောဒွါရမှာဖြစ်တဲ့အခါမှာ သူ့ကို မနောဒွါရာဝဇ္ဇန်းလို့ ခေါ်တယ်၊ သူက ၆-ဒွါရမှာဖြစ်တဲ့စိတ်ပေါ့။

ကောင်းပြီ ၁-ဒွါရမှာဖြစ်တဲ့စိတ်, ၂-ဒွါရမှာဖြစ်တဲ့စိတ် စသည် အဲဒီလို ကလည်းပဲ ခွဲခြားချင်သေးတယ်နော်၊ ၁-ဒွါရမှာဖြစ်တဲ့စိတ်ပေါင်း ဘယ်လောက် ရှိသလဲ၊၂-ဒွါရမှာ ဖြစ်တဲ့စိတ် ရှိရင်လည်းရှိပေါ့၊ ၃-ဒွါရမှာဖြစ်တဲ့စိတ်, ၄-ဒွါရမှာ ဖြစ်တဲ့စိတ်၊ ၅-ဒွါရမှာဖြစ်တဲ့စိတ် ၆-ဒွါရမှာဖြစ်တဲ့စိတ်, ၆-ဒွါရမှ ရုံခါလွတ်တဲ့စိတ်၊ ၆-ဒွါရမှာ အမြဲလွတ်တဲ့စိတ် ရှာရလိမ့်မယ်။

အဲဒီတော့ ၁-ဒွါရမှာဖြစ်တဲ့စိတ် ဘယ်လောက်ရှိသလဲ ၃၆-ရှိတယ်တဲ့၊

ဟိုအောက်က ၁-တွေရှိပါလား၊ အဲဒီ ၁-တွေ အောက်က ဂဏန်းတွေပေါင်း ပေါ့၊ အဲဒါဖြင့် ၁-ဒွါရမှာဖြစ်တဲ့စိတ် ဘယ်လောက်ရှိသလဲ-၃၆၊ သူ့ဒွါရ ကတော့ သူ့စိတ်အလိုက် ဖြစ်မှာပေါ့၊ စက္ခုဝိညာဏ်ဒွေးဆိုရင် စက္ခုဒွါရမှာဖြစ်မယ်၊

သောတဝိညာဏ်ဒွေးဆိုရင် သောတဒွါရမှာဖြစ်မယ်။

၂–ဒွါရမှာဖြစ်တဲ့စိတ် မရှိဘူးနော်၊ ၂–ဂဏန်းမတွေ့ဘူးမို့လား။

၃–ဒွါရမှာဖြစ်တဲ့စိတ် မရှိဘူး၊ ၄–ဒွါရမှာဖြစ်တဲ့စိတ် မရှိဘူး၊ ၅–ဒွါရမှာဖြစ်တဲ့စိတ် ရှိတယ်၊ ဘာတွေတဲ့လဲ၊ ပဉ္စဒွါရာဝဇ္ဇန်းရယ်, သမ္ပဋိစ္ဆန ၂–ခုရယ်နော်၊ အားလုံးပေါင်းလိုက်ရင် ၃–ခု၊ ဒီစိတ် ၃–ပါးက ၅–ဒွါရမှာဖြစ်တယ်၊ စက္ခုဒွါရမှာလည်းဖြစ်တယ်၊ သောတဒွါရမှာလဲဖြစ်တယ် စသည်ဖြင့်သွား၊ ကာယ ဒွါရမှာလည်းဖြစ်တယ်၊ ဒါကြောင့်မို့ ၅–ဒွါရမှာဖြစ်တဲ့စိတ်ဆိုရင် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးနော်။

၆–ဒွါရမှာဖြစ်တဲ့စိတ် ဘယ်လောက်ရှိသလဲ၊ ၆–အောက်ကဟာတွေပေါင်းရမှာ ၆–ဒွါရမှာ ဖြစ်တဲ့စိတ်ဆိုတာ ပြန်နုတ်ယူရဦးမယ်၊ အမြဲဖြစ်တဲ့စိတ်နဲ့ ရံခါဖြစ်တဲ့စိတ်လို့ အဲသလို ၂–မျိုးခွဲရမယ်၊ ၆ ဒွါရမှာ အမြဲဖြစ်တဲ့စိတ် ပထမကြည့်လိုက်၊ အဲသလိုဆိုရင် ဝိမုတ်ပါတာကို မကောက်နဲ့, ပထမ ၆–အောက်ကဟာကို မကောက်နဲ့, အဲဒီတော့ ဒုတိယ ၆–အောက်က ဘယ်လောက်ရှိသလဲ၊ ၁–ရှိတယ်၊ တတိယ ၆–အောက်က ၁–ရှိတယ်၊ နောက် ၆–အောက်က ၂၉–ရှိတယ်။ ကာမာဝစရ ဝိပါက်မယူနဲ့၊ သူက ဒွါရ ဝိမုတ်လည်းဖြစ်နေသေးတယ်၊ ၆–ဒွါရမှာ အမြဲဖြစ်တဲ့စိတ် ဘယ်လောက်ရှိသလဲ, ၃၁–ပဲရှိမယ်။

၆–ဒွါရမှာ ရံခါဖြစ်တဲ့စိတ်ဆိုတော့, ရံခါဖြစ်တယ်ဆိုတာ ရံခါလွတ်တာနဲ့ အတူတူပဲ၊ ရံခါဖြစ်တယ်, ရံခါလွတ်တယ်, ဘယ်လောက်ရှိသလဲ၊ ပထမ ၆ အောက်က ၂–ရယ်၊ ဟိုး နောက်ဆုံး ၆–အောက်က ၈–ရယ်၊ ၁၀–ခု၊ အဲဒီ ၁၀–ခုက ရံခါ ၆–ဒွါရမှာဖြစ်တယ်၊ ရံခါ ၆–ဒွါရမှာလွတ်တယ်၊ ၁၀–ခု ရတယ်နော်၊ ၆–ဒွါရမှ ရံခါလွတ်တဲ့စိတ် ဆိုရင် ခုနဟာပဲ ၁၀–ပဲ။

၆–ဒွါရမှ အမြဲလွတ်တဲ့စိတ် ၉–ခုပေါ့၊ ဘာလဲ, နောက်ဆုံး မဟဂ္ဂုတ်ဝိပါက် ၉–ခု၊ ဒါကြောင့်မို့ ပြန်ပြီးတော့ မှတ်လိုက်စမ်း၊

– ၁ ဒွါရမှာဖြစ်တဲ့စိတ် ဘယ်လောက်ရှိသလဲ–၃၆၊

– ၂–၃–၄ ဒွါရမှာ ဖြစ်တဲ့စိတ် မရှိ။

– ၅–ဒွါရမှာဖြစ်တဲ့စိတ် ၃–ခု ပဉ္စဒွါရဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း ၂–ခုနော်၊ ၆–ဒွါရမှာ အမြဲဖြစ်တဲ့စိတ် ၃၁–ခု၊ ခုနကဟာ ပြန်တွက်ပေါ့၊ သန္တီရဏသောမနဿ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တစ်ခုယုတ်–၃၀၊

– ၆–ဒွါရမှ ရံခါဖြစ်တဲ့စိတ်–၁၀၊

– ဖ–ဒွါရမှ ရုံခါလွတ်တဲ့စိတ်, အဲဒီ ၁၀–ပဲ၊
– ဖ ဒွါရမှ အမြဲလွတ်တဲ့စိတ် ၉–ခု ဘာလဲ၊
မဟဂ္ဂုတ်ဝိပါက် ၉–ခု ဟုတ်ပြီလား၊

ဘာလေးတစ်ခု မှတ်စရာရှိသလဲဆိုတော့ ပဉ္စဒွါရာဝဇ္ဇန်း ၁–ခုနှင့် သမ္ပဋိစ္ဆိုင်း ၂–ခု, ဒီ ၃–ခုကို မနောဓာတ်လို့လည်းခေါ်တယ်၊ မမှတ်မိသေးရင် ထပ်မှတ်ထား, မနောဓာတ်လို့ခေါ်တယ်၊ မနောဓာတ်လို့ ပြောလိုက်ရင် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း ၂–ခုကို ဆိုလိုတယ်၊ ဒါကြောင့်မို့ မနောဓာတ် ၃–ခုဟာ ဘယ်ဒွါရမှာ ဖြစ်သလဲဆိုရင် ၅–ဒွါရမှာဖြစ်တယ်နော်၊ ၅–ဒွါရမှာဖြစ်တဲ့စိတ် ပြောပါဆိုရင် တိုတိုပြောချင်ရင် မနောဓာတ် ၃–ခုလို့ပဲပြောလိုက်, ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်းတွေလို့ ပြောမနေနဲ့တော့၊ မနောဓာတ် ၃–ခုလို့ ပြောလိုက်ရင် ကိစ္စပြီးတယ်။

စိတ်ပိုင်းအပြောက်တွေထုတ်၊ အဲဒီကနေ တစ်ခုချင်း ပြန်ချမယ်နော်၊ ကိုင်း အကုသိုလ်စိတ် ၁၂–ခု ဘယ်ဒွါရမှာ ဖြစ်သလဲ၊ အဲသလိုလာရမှာကို ရှာနိုင်လား၊ ဒီထဲမှာ အကုသိုလ်စိတ် ၁၂–ခု ရှာနိုင်လား၊ ပါတယ်လေ၊ ပါတော့ ပါရမယ်၊ အကုသိုလ်စိတ် ၁၂–ခု ဘယ်မှာပါလဲ၊ လျှောက်ကြည့်၊ ကာမာဝစရဇဝန မဟုတ်ဘူးလား၊ ကာမာဝစရဇဝန ၂၉–အဲဒီထဲမှာ မပါဘူးလား၊ ကာမဇောဆိုတာ ဘာတုန်း အကုသိုလ်ရယ်, ဟသိတုပ္ပါဒ်ရယ်, ကာမာဝစရ ကုသိုလ်ရယ်, ကာမာဝစရကြိယာရယ်, ဟုတ်တယ်မို့လား၊ အဲဒီတော့ အကုသိုလ်စိတ် ၁၂–ပါး ဟာ ဒီဇယားကွက်ထဲမှာ ဘယ်ထဲဝင်သွားလဲ, ကာမာဝစရ ဇဝန ၁၉–ဆိုတဲ့ အထဲမှာ ပါသွားတယ်၊

ဒါကြောင့်မို့ အဲဒီစိတ်ပိုင်း chart ကို ကြည့်ပြီးတော့ ပထမဆုံး အတန်းဖြစ်တဲ့ အကုသိုလ်စိတ်ဟာ ဘယ်နှစ်ဒွါရမှာဖြစ်သလဲ၊ ဖ–ဒွါရမှာဖြစ်တယ်၊ ကိုင်း,အဟိတ်စိတ် သွားမယ်၊ ၂–ခု ၂–ခုကိုင်ရအောင် စက္ခုဝိညာဏ်ဒွေး ဘယ်ဒွါရမှာဖြစ်သလဲ၊ မျက်စိမှိတ်ချပေါ့၊ စက္ခုဒွါရပေါ့။

– စက္ခုဝိညာဏ်ဒွေး စက္ခုဒွါရ
– သောတဝိညာဏ်ဒွေး သောတဒွါရ
– ဃာနဝိညာဏ်ဒွေး ဃာနဒွါရ
– ဇိဝှါဝိညာဏ်ဒွေး ဇိဝှါဒွါရ
– ကာယာဝိညာဏ်ဒွေး ကာယဒွါရပေါ့

သမ္ပဋိစ္ဆိုင်းဒွေး သမ္ပဋိစ္ဆန ၂–ခု ဘယ်ဒွါရမှာဖြစ်သလဲ၊ ၅–ဒွါရမှာဖြစ်တယ်၊

သန္တီရဏ ၃–ခုကျတော့ ၂–ခု ခွဲရလိမ့်မယ်နော်၊ ဥပေက္ခာ သန္တီရဏက ၂–ခု ဘယ်ဒွါရမှာဖြစ်သလဲဆိုရင် ရံခါ ၆–ဒွါရမှာဖြစ်တယ်၊ ရံခါ ၆–ဒွါရမှ လွတ်လိုက်သေးတယ်။

သောမနဿ သန္တီရဏ ဘယ်မှာဖြစ်လဲ၊ ၆–ဒွါရမှာဖြစ်တယ်နော်၊ ပြီးရင် ဘာသွားမလဲ၊ ပဉ္စဒွါရာဝဇ္ဇန်း သွားကြစို့၊ စိတ်ပိုင်းမှာ ပဉ္စဒွါရာဝဇ္ဇန်း ဘယ်ဒွါရမှာ ဖြစ်သလဲ၊ ပဉ္စဒွါရဆိုတာသာကြည့်တော့၊ ၅–ဒွါရပေါ့၊ စက္ခု သောတ, ဃာန, ဇိဝှါ, ကာယ၊ မနောဒွါရာဝဇ္ဇန်း ဘယ်ဒွါရမှာဖြစ်သလဲ၊ ၆–ဒွါရမှာ မဖြစ်ဘူးလား၊ မတွေ့ဘူးလား၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း၊ နောက်ဆုံး ဟသိတုပ္ပါဒ် ဘယ်နှစ်ဒွါရမှာ ဖြစ်သလဲ၊ ဟသိတုပ္ပါဒ် ဘယ်ထဲမှာရှာရမလဲ၊ ကာမဇောဆိုတဲ့ထဲမှာ ရှာရမယ်၊ ဟုတ်လား၊ ကာမဇော ၂၉–ထဲမှာ ဟသိတုပ္ပါဒ်ပါတယ်၊ ဒါကြောင့်မို့ ဟသိတုပ္ပါဒ် ဘယ်နှစ်ဒွါရမှာဖြစ်သလဲဆိုရင် ၆–ဒွါရမှာ ဖြစ်တယ်။

ကိုင်း, ကာမာဝစရ ကုသိုလ်စိတ် ၈–ပါး ဘယ်နှစ်ဒွါရမှာဖြစ် သလဲ၊ ၆–ဒွါရ ဘယ်ထဲမှာကြည့်မလဲ၊ ကာမဝစရဇောနော်။

ကာမာဝစရဝိပါက်စိတ် ၈–ပါး ဘယ်နှစ်ဒွါရမှာဖြစ်သလဲ၊ ရံခါ ၆–ဒွါရမှာဖြစ်တယ်၊ ရံခါ ၆–ဒွါရမှ လွတ်တယ်။

ကာမာဝစရ ကြိယာစိတ် ၈–ပါး, ကာမာဝစရဇောထဲမှာကြည့်, ၆–ဒွါရဖြစ်တယ်၊ ဟုတ်ပြီလား။

ရူပါဝစရကုသိုလ်စိတ် ၅–ပါး၊ အခု ဒွါရသင်္ဂဟ ဇယားထဲကျတော့ ဘယ်ထဲရောက်သွားလဲ, အပ္ပနာဇော ၂၆ ဆိုတဲ့ထဲမှာ သူပါသွားပြီ၊ ဒါကြောင့်မို့ ရူပါဝစရကုသိုလ်စိတ် ၅–ပါးသည် ဘယ်နှစ်ဒွါရမှာဖြစ်သလဲ၊ ၁–ဒွါရ၊ ဘာဒွါရလဲဆိုရင် မနောဒွါရ၊

ရူပါဝစရ ဝိပါက်စိတ် ၅–ပါး ဘယ်ထဲပါသွားတုန်း၊ မဟဂ္ဂုတ်ဝိပါက် ၉–ပါးထဲပါမသွားဘူးလား၊ နောက်ဆုံးအတန်းနော်၊ ဒါကြောင့်မို့ ရူပါဝစရဝိပါက်စိတ် ၅–ပါးသည် ဒွါရမှ အမြဲလွတ်တယ်။

ရူပါဝစရ ကြိယာစိတ် ၅–ပါး၊ အပ္ပနာဇောထဲမှာကြည့်မနောဒွါရမှာဖြစ်တယ်။

အရူပါဝစရ ကုသိုလ်–၄၊ မနောဒွါရပေါ့ အပ္ပနာဇောထဲမှာ၊

အရူပါဝစရဝိပါက်–၄၊ မဟဂ္ဂုတ်ဝိပါက်–၉ ထဲမှာ ပါသွားပြီ၊ အဲဒီတော့ ဒွါရမှ လွတ်တယ်။

အရူပါဝစရကြိယာ–၄၊ အပ္ပနာဇောထဲမှာ ပါသွားပြီ။

လောကုတ္တရာစိတ် ၈–ခု ဘယ်ထဲပါသွားတုန်း, အပ္ပနာဇောထဲပါသွားပြီ၊ ဒါကြောင့်မို့ လောကုတ္တရာစိတ် ၈–ခုဟာ ဘယ်နှစ်ဒွါရမှာဖြစ်သလဲ၊ မနောဒွါရ ၁–ဒွါရမှာပဲဖြစ်တယ်၊ အဲသလို သွားရမယ်။

ဒါကြောင့်မို့ အခု ဒွါရသင်္ဂဟဇယားမှာ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဏ် သမ္ပဋိစ္ဆိုင်းဆိုတဲ့ လုပ်ထားတာတွေထဲမှာ ခုန chart အကြီးကြီးနဲ့ identify လုပ်တတ်ရမယ်နော်၊ ပြန်ပြီးတော့ အစဉ်အတိုင်း ဖတ်လိုက်ရင် ပဉ္စဒွါရာဝဇ္ဇန်းဆိုရင် ဟို အပြောက်တွေမှာ ထောက်ပြနိုင်ရမယ်။

ပဉ္စဒွါရာဝဇ္ဇန်းဆိုရင် (chart) ထဲမှာ ထောက်စမ်းပါ၊ စက္ခုဝိညာဏ်ဒွေးဆိုရင် ထောက်စမ်းပါရတယ်၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေး။

သမ္ပဋိစ္ဆိုင်းဒွေး၊ ထောက်လိုက်စမ်းပါ၊ ၂–ခုပေါ့နော်။

သန္တီရဏ ဥပေက္ခာ ၂–ခု ထောက်လိုက်စမ်းပါ၊ အပြာ ၂–ခုပေါ့၊ ဟုတ်ပြီ အောက်ဆုံးက၊

သန္တီရဏ သောမနဿ ထောက်လိုက်စမ်းပါ၊ အနီလေး။

ပြီးတော့ ဒီက အစဉ်အတိုင်းသွားအောင် ဝုဋ္ဌောထောက်လိုက်စမ်းပါ၊ ၃–လုံးထဲက ဒုတိယဟာ မနောဒွါရာဝဇ္ဇန်းလေ၊

ပြီးတော့ ကာမာဝစရ ၂၉–ထောက်လိုက်စမ်းပါ၊ အကုသိုလ်စိတ် ၁၂–ခု၊ ဟသိတုပ္ပါဒ် အနီလေး၊ ပြီးတော့ ကာမာဝစရ ကုသိုလ်စိတ် ၈–ခု၊ ကာမာဝစရကြိယာ စိတ် ၈–ခု၊ ဟုတ်ပြီလား၊ ဒါ ကာမာဝစရဇော–၂၉။

အပ္ပနာဇော ၂၆–ထောက်လိုက်စမ်းပါ၊ ရူပါဝစရကုသိုလ်–၅၊ ရူပဝစရ ကြိယာ–၅၊ အရူပါဝစရ ကုသိုလ်–၄၊ အရူပါဝစရကြိယာ–၄၊ တစ်ကြောင်းကျော်ပေါ့ လောကုတ္တရာစိတ် ၈–ခု အပ္ပနာဇော–၂၆။

ကာမာဝစရ ဝိပါက်စိတ် ၈–ခုတဲ့၊အလယ်တန်းပေါ့နော်၊ ရှစ်လုံး အလယ်တန်း။

မဟဂ္ဂုတ် ဝိပါက် ၉– ခုတဲ့, ရူပါဝစရအလယ်တန်းနဲ့အရူပါဝစရအလယ်တန်း၊

အဲသလို လုပ်တတ်သွားရင် ဒီစိတ်ပိုင်း (chart) ကြီးကို ကြည့်ပြီးတော့ ဒွါရကို ပြောနိုင်သွားရင် ကျေပြီလို့ ဆိုရမယ်၊ ဒွါရသင်္ဂဟ အကွက်ကြည့်ရုံနှင့် မဟုတ်သေးဘူး၊ ဟိုမှာကို မြင်သွားမှ ဒါမှတကယ်ကျေတာ။

ဆိုပါတော့, အကုသိုလ်စိတ် ဒေါင်လိုက်ကြည့်လိုက်၊ မနောဒွါရလား၊ ၆–ဒွါရလား၊ စက္ခုဝိညာဏ်ဒွေး သောတဝိညာဏ်ဒွေး စသည်ပေါ့လေ၊ အဲသလို

တစ်ခါတည်း မြင်သွားအောင် လေ့လာရမယ်၊ အဲဒီလိုလုပ်မှ တကယ်ကျေမှာ၊ ဒွါရသင်္ဂဟ ဇယားကွက်တင်ကြည့်ပြီးတော့ အစဉ်အတိုင်း ပြောနေရင် ဟိုမှာကျတော့ ရုတ်တရက် မပြောနိုင်ပဲရှိတတ်တယ်၊ အဲဒီတော့ အမှန်ကတော့ ဟိုကို ပြန်ပြန်ပြီး တော့မူလ (chart)ကြီးပြန်ပြန်ပြီးတော့ ပြောနိုင်မှ ထောက်နိုင်မှ တကယ်ကျေမှာနော်၊ ကာမာဝစရ ဇော ၂၉–ဆိုရင် ဘာတွေဘာတွေဆိုတာ တစ်ခါတည်းမြင်သွားရမယ်။

ဇောကို တစ်နေ့က ဦးဇင်းပြောခဲ့ပြီနော်၊ ဘယ်လို မှတ်ရမလဲ၊ အတိုကောက် ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာ အဲဒါလေး၊ နုတ်တက်ရပါစေ၊ အဲဒါ ဇောပဲ၊ အဲဒီထဲမှာ ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်း ဒီ ၂–ခု ထုတ်လိုက်ရုံပဲ, ကျန်တာ အကုန်ဇောပဲ၊ အဲဒီတော့ ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာ အဲဒါလေး နုတ်တက်နေ ပေစေ၊ အဲဒါလေး နုတ်တက်နေရင် ဇော ၅၅,ရှာလို့ရပြီ။

အဲဒီတော့ ကာမာဝစရဇော–၂၉၊ အပ္ပနာဇော–၂၆၊ အပ္ပနာဇော–၂၆ က မဟဂ္ဂုတ်ကုသိုလ်–၉၊ မဟဂ္ဂုတ်ကြိယာ–၉၊ လောကုတ္တရာ–၈ နော်။

အဲဒီလို မူလအပြောက်အပြောက်တွေ (chart)ကို ကြည့်ပြီးတော့ ပြောနိုင်မှ တကယ်ကျေတယ်လို့ ဆိုရမယ်၊ အဲဒီတော့ ဟို အကွက်အကွက် အပြောက်ကလေးတွေ ကိုလည်း ဆိုပါတော့, စက္ခုဒွါရမှာဖြစ်တဲ့စိတ်၊ ဒါ တစ်ခုတစ်ရွက်၊ သောတဒွါရမှာ ဖြစ်တဲ့စိတ်တစ်ရွက်, ဃာနဒွါရမှာဖြစ်တဲ့စိတ် စသည်ဖြင့် သွားရမယ်နော်၊ ပြီးတော့မှ မနောဒွါရမှာ ဖြစ်တဲ့စိတ်ဆိုပြီးတော့ စိတ်တွေကို ခြယ်ပေါ့လေ၊ အဲဒီလို လုပ်ထား ရင်သာပြီး ရှင်းတယ်ပေါ့၊ တစ်ခုစီ ကြည့်သွားရမယ်။

ဆိုပါတော့, ဒွါရသင်္ဂဟမှာတင် ဘယ်နှစ်ခုလောက် သုံးရမယ်၊ စက္ခုဒွါရ၊ သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရ, မနောဒွါရ, ၆–ဒွါရ ပြီးတော့ ဒွါရ လွတ်၊ အဲဒီတော, ၈–ခုလောက် လုပ်ရမယ်၊ အဲလို အချိန်ရလို့ လုပ်ထားနိုင်ရင် သူကတော့ အရှင်းဆုံးပဲ၊ အဲသလို လုပ်တာက ကိုယ်လည်း ပိုပြီးတော့ မှတ်မိတယ်၊ ဒါလေးတွေ ထည့်နေရတော့ ဒါလေးဟာ ဘာစိတ်လဲဆိုတာ အလိုလို သိသွားတယ်၊ ကြာရင် ကျေသွားတာပေါ့၊ အဲဒါ ဒွါရသင်္ဂဟတဲ့။

အဲဒီတော့ အဘိဓမ္မာမှာက တရားတွေကို နာမည်အမျိုးမျိုးနဲ့ ခေါ်ပြီးတော့ ဟောတာနော်၊ အခု ဆိုပါတော့ စက္ခုပသာဒ၊ သောတပသာဒ စသည်ကို ရုပ်ပိုင်း ကျတော ဒီလိုပဲ စက္ခုပသာဒ သောတပသာဒလို့ခေါ်မှာပဲ၊ အခု ဒီကျတော့မြင်လား၊ ဒွါရ သင်္ဂဟကျတော့ ဒွါရလို့ သုံးထားပြန်တယ်၊ ဒါ ဒီဟာပဲနော်၊ ဒီမှာတော့ သူ့ရဲ့သဘောကို ကြည့်လိုက်တဲ့အခါကျတော့ တံခါးပေါက်လိုပဲ စိတ်တွေရဲ့

ဝင်ရာထွက်ရာဆိုပြီးတော့ စက္ခုအကြည်ဓာတ်စသည်ကို စက္ခုဒွါရ စသည် ခေါ်ထားတာ။

ဝတ္ထုသင်္ဂဟကျတော့ သူတို့ကို ဝတ္ထုလို့ခေါ်လိမ့်ဦးမယ်၊ စက္ခုဝတ္ထုဆိုတာလည်း ဒါပဲနော်၊ အဲဒီကျတော့လည်း မှီရာဆိုတဲ့ အမည်နဲ့ခေါ်လိမ့်မယ်၊ အဲဒီလို အမျိုးမျိုး ခေါ်ထားတယ်၊ အမျိုးမျိုးသုံးထားတယ်၊ အဲဒါတွေကို ကိုယ်က ဘယ်လိုပဲတွေ့တွေ့ နားလည်တဲ့အခါကျတော့ တကယ့်အဓိပ္ပါယ်ကို နားလည်တယ်၊ သို့မဟုတ်ရင် ဒီလို အခေါ်အဝေါ်လေးမသိလိုက်ပဲနဲ့ စက္ခုဝတ္ထုဆိုတာလည်း စက္ခုပသာဒပဲ၊ စက္ခုဒွါရ ဆိုတာလည်း စက္ခုပသာဒဆိုတာ မသိလိုက်ရင် ဟိုကျတော့ အသိဉာဏ် မရှင်းတော့ဘူး၊ စက္ခုဝတ္ထုဆိုတာဘာပါလိမ့်, တခြားဟာတစ်ခုခုလေလား၊ စက္ခုဒွါရ ဆိုတာ ဘာပါလိမ့်ဆိုတာ, အဲဒီလို ဖြစ်တတ်တယ်၊ ဒါကြောင့်မို့ ဝေါဟာရလေးတွေကို သိထားရမယ်၊ စက္ခုပသာဒ တစ်ခုတည်းကိုပဲ aspect အမျိုးမျိုးနဲ့ ကြည့်ပြီးတော့ ဟောသလိုပေါ့၊ ဟို စိတ်တွေရဲ့ ဝင်ရာ ထွက်ရာဆိုတဲ့ အနေမျိုးကြည့်ပြီး တော့ သူ့ကို ဒွါရလို့ ခေါ်လိုက်တယ်၊

လူဟာ အိမ်ရှိမှ နေလို့ဖြစ်တယ်, လူဟာ အိမ်မှာ အမှီပြု နေရတာမျိုးလို, မြင်တဲ့စိတ်ကလည်း ဒီမျက်လုံးပေါ်မှာ အမှီပြုနေရတယ်, အမှီပြုပြီး ဖြစ်ရတယ်၊ ဒါကြောင့်မို့ သူ့ကို ဝတ္ထု, ဝတ္ထုဆိုတာ မှီရာလို့ ဆိုလိုတယ်, အင်္ဂလိပ်လို အဲဒါ မျိုးကို base လို့ သုံးတယ်၊ အဲဒါကြောင့်မိုလို့ အမျိုးမျိုးသွားမှာ၊ ဒါလေးတွေဟာ အကုန်လုံး နားလည်ထားမှ နောင်အခါမှာ စာဖတ်တဲ့အခါကျတော့ နားလည်မှာ၊ သို့မဟုတ်ရင် ဝေါဟာရလေးတစ်လုံး နားမလည်လိုက်ရင် လုပ်လို့ မရဘူးနော်၊ ဒါ ဘယ်စာဖတ်ဖတ် ဒီအတိုင်းပဲ၊ သူပြောထားတဲ့ ဝေါဟာရလေးတစ်လုံး နားမလည်ဘူးဆိုရင် ဘာလုပ်ရမှန်း မသိဘူး၊ ဘာဆိုလိုမှန်း မသိဘူး၊

ဒါကြောင့်မို့ ဒီဝေါဟာရလေးတွေကို နားလည်အောင် ကြိုးစားပြီးတော့ သွားရမယ်၊ ပြီးတော့တတ်နိုင်ရင် ကိုယ့်ဟာကိုယ် glossary လေးတွေ လုပ်ထားဖို့ ကောင်းတယ်။

စက္ခုဝိညာဏ်ဆိုပါတော့၊ ဒါ မြင်သိစိတ်မဟုတ်ဘူးလား၊ ပြီးတော့ ကိုယ့်ဟာကို reference ပေးချင်ရင်လည်းပေးပေါ့၊ (chart)ရဲ့ ဘယ်နားမှာစသည် သို့မဟုတ် အဲဒါမျိုးလေးတွေ မှတ်သွားရင် ပထမ ဒီဘက်က ပါဠိထားပြီးတော့ မြန်မာလို အဓိပ္ပါယ်လေးတွေ အဲဒီလို စုသွားရင် နောင်ခါကျတော့ ကိုယ်ဟာကို glossary လေး ဖြစ်သွားပြီ၊ ကိုယ်ပိုင် အဘိဓာန်လေး ဖြစ်သွားပြီ၊ ပြီးတော့ ပြန်ရှာချင်တဲ့အခါ

ကျတော့လည်း အလွယ်တကူတွေ့မယ်၊ ဟို ကဒ်လေးတွေနဲ့ ရေးထားရင်လေ၊ (index)ကဒ်ကလေးတွေနဲ့ အဲသလို လုပ်သွားရင် ကောင်းတယ်၊ နောင် တဖြည်းဖြည်း များလာလိမ့်မယ်။

အခုကို ပကိဏ်းပိုင်းဆိုတော့ အတော်များနေပြီ၊ ဝေဒနာတို့, သောမနဿတို့, ဒေါမနဿတို့ စသည်ပေါ့လေ၊ အဲဒါလေးတွေ လုပ်ထားရင် ကိုယ့်အတွက်လည်း ဖြစ်မယ်၊ သူများအတွက်လည်းဖြစ်မယ်၊ အဲသလို လုပ်သွားရင် ကောင်းတယ်။

စက္ခုဒွါရ ဆိုပါတော့, မျက်စိတံခါးပေါက်ပေါ့ဟုတ်လား၊ မြန်မာလိုရေးမယ် ဆိုရင် သူ့ရဲ့အတိအကျ တရားကိုယ်ကတော့ ဘာလဲဆိုရင် စက္ခုပသာဒ, စက္ခု အကြည်ဓာတ်, မျက်စိအကြည်ဓာတ်, တော်ကြာနေရင် စက္ခုဝတ္ထုဆိုတာလာလိမ့် ဦးမယ်၊ စက္ခုဝတ္ထုဆိုတာလဲ ဒါပဲ၊ စက္ခုတည်းဟူသော မှီရာ, မြန်မာလိုကျတော့ သူ့အရကောက်ကျတော့ စက္ခုပသာဒပဲ မျက်စိအကြည်ဓာတ်ပဲ စသည်ဖြင့် သွားမယ်၊ အဲလို Notes ကလေးတွေ လုပ်သွားရင် နောင်အခါမှာ လွယ်လွယ်ကူကူနဲ့ သိတာပေါ့၊ ဒါ ဒွါရသင်္ဂဟတဲ့နော်။

ရှေ့ အခုလာမယ့် အာရမ္မဏသင်္ဂဟ(၂)တော့ ခက်တယ်နော်၊ နည်းနည်း ရှုပ်တယ်၊ သို့သော် အရှုပ်တွေ အကုန်မသွားပါဘူးဟုတ်လား၊ အကုန်လုံးလုပ် လိုက်ရင် အူချာပေါက်သွားမှာ, အဲဒီတော့ သင်္ဂြိုဟ်ကျမ်းမှာ သူ့ပါသလောက်လေး အကုန်လုပ်သွားမယ်၊ သူကအာရုံလိုက်ရတာကျတော့ ဒွါရလောက် မလွယ်ဘူး၊ ကိစ္စသင်္ဂဟလောက် မလွယ်ဘူး၊ ဒါတွေကို တကယ်ကျေ သွားမှ အဘိဓမ္မာကျမ်း တွေကို ဖတ်တဲ့အခါမျိုး, ပဋ္ဌာန်းကျမ်းကို လေ့လာတဲ့ အခါမျိုးကျတော့ ရတာ၊ ဒါတွေ မကျေပဲနဲ့ ပဋ္ဌာန်းလုပ်လို့ မရဘူး။

ဘာလို့တုန်းဆိုရင် ဒီအပေါ် အကုန်အခြေတည်ထားတာကို၊ ဟေတုပစ္စည်း အာရမ္မဏပစ္စည်း စသည်ဖြင့် ရှိနေတာကို။

ဟေတုပစ္စည်းဆိုတာ ဟိတ် ၆–ပါး၊ ဟိတ် ၆–ပါး ကိုယ်က မသိရင် ဘယ့်နှယ်လုပ်မလဲ၊ အာရမ္မဏပစ္စည်း အာရုံဆိုတာ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်အားလုံးမှ အာရုံခေါ်တယ်၊ ပြီးတော့ ရူပါရုံ, သဒ္ဒါရုံ စသည်ဖြင့် လာလိမ့်မယ်၊ ကိုယ်က ဒီကကိုင်ထားရင် မိထားရင် မပြေးနိုင်တော့ဘူး။

ဒါကြောင့်မို့ ပဋ္ဌာန်းဟာ အောက်ပိုင်းတွေ မကျေပဲနဲ့ ပဋ္ဌာန်းသွားလို့မရဘူး၊ အကုန်လုံး ပြန်မွှေထားတာ၊ ပဋ္ဌာန်းဟာ ဆက်သွယ်မှုကိုပြတာ၊ တစ်ခုနှင့် တစ်ခု ဘယ်လိုဆက်သွယ်တယ်၊ ဘယ်လိုကျေးဇူးပြုတယ်ဆိုတာကို ပြောပြတဲ့ကျမ်း

relation ပေါ့၊ condition လို့လည်းသုံးတယ်၊ အဲဒီ relation အကြောင်း ပြောတဲ့ကျမ်းကို ပဋ္ဌာန်းကျမ်းလို့ခေါ်တာ။

ဒီစိတ်နဲ့ ဒီစေတသိက်နဲ့ဟာ ဘယ်လိုနည်းနဲ့ တစ်ဦး တစ်ဦး (support) လုပ်နေကြတယ်၊ သို့မဟုတ် (produce) လုပ်တာလား၊ သို့မဟုတ် (support) အတွက် လုပ်တာလား၊ (support) လုပ်ရင်လည်း ဘယ်နည်းတုန်း၊ (produce) လုပ်ရင်လည်း ဘယ်နည်းနဲ့ (produce)လုပ်သလဲ၊ အဲဒီဆက်သွယ်မှုကို ပဋ္ဌာန်းက ပြောတာ၊

အာရုံရှိတယ်၊ ဒီက စိတ်ရှိတယ်၊ ဒီအာရုံနှင့် စိတ်နှစ်ခု တွေ့ဆုံတယ်ဆိုရင် ဒီအာရုံကစိတ်ကို ဘယ်လိုနည်းနဲ့ ကျေးဇူးပြုနေသလဲ၊ အဲဒါမျိုးတွေ အဲဒီကျမှ (အမှန်ကတော့) သဘောတရားကုန်တာ၊ နားလည်မှု ကုန်တာပေါ့၊ ဒါကြောင့်မို့ ပဋ္ဌာန်းဟာ ကျယ်လည်းကျယ်တယ်၊ သိဖို့လည်းခက်တယ်၊ သိဖို့လည်း ခက်တယ် ဆိုတာက အမှန်ကတော့ အဲဒါကြောင့်၊ ဒီအောက်ပိုင်း မကျေပဲနဲ့ ပဋ္ဌာန်းသွားလုပ်ရင် ဘာမှ နားမလည်ဘူး၊ စိတ်, စေတသိက်, ရုပ် ဆိုတာတွေ ပြန်မွှေနေတာ၊ အဲဒါကြောင့်မို့ မှတ်မိအောင်တော့ အဲဒါလုပ်လုပ်သွားကြ၊ မှတ်မိလာရင် စာဖတ်ရတာလည်း အရသာပေါ်လာတာပဲ၊ မမှတ်မိဘူးဆိုရင် ခုနက ပြောသလိုပဲ, တစ်လုံးလေး နားမလည်လိုက်တာနဲ့ လယ်ချာလယ်ချာနဲ့ ဖြစ်နေတာပဲ၊ စိတ်ထဲကလည်း ဘဝင်က မကျနိုင်ဘူး။

ကိုင်း ဒီနေ့ ဒါပါပဲ, ဒွါရသင်္ဂဟတဲ့။

**မေး** – ဘုရားဖြစ်စက ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူတယ်ဆိုတာ ဘုရားရဲ့ ဉာဏ်ထဲမှာ ပေါ်လာပြီး ရောင်ခြည်တော်တွေ ထွက်တယ်ဆိုတာ ရှင်းပြပါ ဘုရား။

**ဖြေ** – မြတ်စွာဘုရား ဉာဏ်ထဲမှာ ပေါ်တာပေါ့၊ နောက်မှ ထုတ်ဟောတာပေါ့၊ အခုလို ဆက်သွယ်ပုံတွေ အမျိုးမျိုးကို ပဋ္ဌာန်းကျမ်းမှာ ပြောထားတာ၊ ဉာဏ်ကွန့်မြူးတာပေါ့၊ ဒါတွေ စဉ်းစားလိုက်ရင် ဒါတွေဟာ ပေါ်လာတာပေါ့၊ စိတ်ထဲမှာ အဲဒီတော့ ဉာဏ်ကသိပ်ပြီး ကစားလို့ ကောင်းသွားတာပေါ့၊ အဲဒါကြောင့်မို့ စိတ်က ကြည်လာတဲ့အခါကျတော့ စိတ်ရဲ့ မှီရာဖြစ်တဲ့ ဟဒယဝတ္ထု နှလုံးဆိုတာ ကြည်၊ နှလုံးကြည်တော့ တခြားရုပ်တွေကလည်း ကြည်တော့, အဲဒီလို ကြည်တဲ့အတွက်ကြောင့်မိုလို့ ရောင်ခြည်တော်တွေ ထွက်တာ၊ ကိုယ် မကျက်စားလောက်တဲ့ဟာကျတော့ ကျဉ်းကျပ်နေတယ်ပေါ့၊

ဟုတ်တယ်မို့လား။

အလွန်လွယ်တာလေးကျတော့ ကိုယ့်အဖို့ဟာ အလကားပဲ၊ ကိုယ်ကလည်း တကယ်နားလည်တယ်၊ ကျယ်လည်းကျယ်ဝန်းတယ်၊ ဒါကိုလေ့လာစဉ်းစားရ တယ်ဆိုတဲ့အခါကျတော့ စိတ်က လိုက်လာတယ်၊ စိတ်ဝင်စားမှု များလာတာ ပေါ့လေ၊ အမှန်ကတော့ အဲဒါပေါ့။

မြတ်စွာဘုရားအဖို့ တခြားကျမ်းတွေက သေးနေသေးတယ်ပေါ့၊ သဗ္ဗညုတဉာဏ်တော်ကြီးက သိပ်ကြီးနေတာကို၊ ပဋ္ဌာန်းကျမ်း ကျတော့ ပဋ္ဌာန်းကျမ်း ရှိသလောက် ဉာဏ်တော်က လိုက်နိုင်တယ်၊ ပဋ္ဌာန်းကျမ်းဆိုတာ ပဋ္ဌာန်းသဘောရှိသလောက် ဉာဏ်တော်က လိုက်နိုင်တယ်၊ ဉာဏ်တော်ရှိသလောက် သဘောတရားက လိုက်နိုင်တယ် ဆိုတော့ အဲဒီမှာ အခုခေတ်စကားနဲ့ ပြောရရင် ဝေလငါးကြီးတွေ ပင်လယ်ထဲမှာ ကွန့်မြူးသလိုပေါ့၊ မြတ်စွာဘုရား ဉာဏ်တော်ကွန့်မြူးတာ, အဲဒါကြောင့်မိုလို့ ရောင်ခြည်တော်တွေက ထွက်တာ။

ရှေ့အပိုင်းတွေကျတုန်းကတော့ ဟိုဝေလငါးကြီးကို စည်ပိုင်းလိုဟာထဲထည့်ထားတော့ သိပ်မလွန့်သာဘူး၊ ရေကန်ထဲထည့်ထားတာ။

**မေး** – ပဋ္ဌာန်းကို ဆင်ခြင်တာ ဘယ်နှရက်ကြာပါသလဲ။

**ဖြေ** – ၇–ရက်, အမှန်ကတော့ အစအဆုံး ၇–ရက်ကြာမှာ မဟုတ်ပါဘူး၊ ထပ်ထပ်သုံးသပ်နေတာဖြစ်မှာပါပဲ၊ အတိအကျတော့ရှိတယ်နော်၊ အဲဒါက တာဝတိံသာမှာ အဘိဓမ္မာကို ဟောတာ ဓမ္မသင်္ဂဏီကျမ်း ဘယ်နှစ်ရက်ဘာနဲ့ ကျမ်းကြီးကျမ်းငယ်တွေမှာတော့ မရှိပါဘူး၊ ကျမ်းသေး လေးတွေမှာရှိတယ် ဦးဇင်းတော့ မမှတ်မိဘူး။

**မေး** – အခုခေတ်တွေ့နေရတာက ဘုရားပုံတော်တွေကို လည်ပင်းမှာ ဆွဲကြတယ်၊ အဲဒါဟာ သင့်တော်ပါသလား။

**ဖြေ** – အမှန်ကတော့ ဘုရားလည်ပင်းဆွဲတာသိပ်မကြိုက်ဘူး၊ ဦးဇင်းတို့လည်း ယိုးဒယား ဘုရားလေးတွေ သူများပေးနေတာပဲ၊ ဒါပေမယ်လို့ ကောင်းတာကတော့ ဘုရားခန်းမှာထားတာ ကောင်းတာပေါ့၊ ကိုယ့်ခန္ဓာကိုယ်နဲ့ ဘုရားနဲ့တွဲ နေတာဆိုတော့ သိပ်မကောင်းလှဘူး၊ သို့သော် အခုခေတ်ကတော့ တချို့ လက်စွပ်မှာတောင် ဘုရားပုံလေးတွေ ယိုးဒယားမှာ လုပ်တာရှိတယ်၊ အဲဒါမျိုးတွေကတော့ သိပ်မကောင်းဘူးထင်တယ်၊ ဦးဇင်းတို့အနေနဲ့က

ဘုရားဟာကြည်ညိုရမယ်, လေးစားရမယ်, ဘုရားဆင်းတုဟာ လေးစားရမယ့် ပစ္စည်း အလှထားတာမဟုတ်ဘူး၊ အဲဒီတော့ လေးစားထိုက်တဲ့ ပစ္စည်းဟာ လေးစားရတဲ့ နေရာမှာထားမှတော်တာ၊ ဆိုပါတော့, ဘုရားဆင်းတုကို လှေခါးအောက်ထားမယ်, ခြေရင်းသွားထားမယ်, ဒါမျိုးဟာ မြန်မာကတော့ စဉ်းစားလို့ကိုမရဘူး၊ သူတို့နိုင်ငံ ယိုးဒယားတို့ ဘာတို့တော့ မပြောတတ်ဘူးလေ၊ သူတို့ကတော့ အယူအဆတစ်မျိုးရှိမှာကို၊ အန္တရာယ်ကတော့ ကင်းချင်တာ။

# အဘိဓမ္မာသင်တန်း (၁၉)

## ပကိဏ်းပိုင်း

### အာရမ္မဏသင်္ဂဟအစ

ဒီနေ့ ဒီဇင်ဘာလ ၁၉ ရက်နေ့၊ လွန်ခဲ့တဲ့အပတ်က ဒွါရသင်္ဂဟလေ့လာခဲ့ပြီ၊ ဒွါရ ၆–ပါးတဲ့, စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရဆိုပြီးတော့ ဒွါရ ၆–ပါးမှာဖြစ်တဲ့စိတ်တွေ, ပြီးတော့ ဒွါရမှ လွတ်တဲ့စိတ်တွေ စသည်ဖြင့် လေ့လာခဲ့ပြီးပြီ။

ဒီနေ့ နောက် သင်္ဂဟတစ်ခုပေါ့၊ အာရမ္မဏသင်္ဂဟဆိုတာကို လေ့လာကြရမယ်။

အာရမ္မဏဆိုတာ မြန်မာလိုပြန်လိုက်တော့ အာရုံပေါ့၊ ပါဠိစကား, အာရုံဆိုတာ ဘာလဲ?၊ တစ်ခါတစ်ခါကျတော့လည်း အင်္ဂလိပ်လိုလေး ပြန်ပေးတာက ရှင်းတယ်၊ အာရုံကို (object)။

အဲဒီတော့ မျက်စိနဲ့တစ်စုံတစ်ခုကိုမြင်တယ်ဆိုရင် အဲဒီအမြင်ခံရတဲ့ ပစ္စည်းကို အာရုံလို့ခေါ်တယ်၊ နားနဲ့ကြားတယ်,အကြားခံရတဲ့ပစ္စည်း (အသံပေါ့လေ) သူ့ကို အာရုံလို့ခေါ်တယ် စသည်ဖြင့် စိတ်နဲ့ကြံလိုက်တယ်၊ စိတ်ထဲကတင် ကြံလိုက်တယ်၊ အဲဒီအကြံခံရတဲ့ တခြားပစ္စည်းတစ်ခုခု, အဲဒါကို အာရုံလို့ခေါ်တယ်။

အာရမ္မဏဆိုတဲ့ ပါဠိစကားရဲ့ အဓိပ္ပါယ်က ဘာလဲဆိုတော့ နှစ်မျိုးရှိတယ်၊

ပထမ တစ်ခုကတော့ ဘာလဲဆိုတော့ စိတ်လာပြီးတော့ မွေ့လျော်ရာဌာနလို့ ဒီလို အဓိပ္ပါယ်ရှိတယ်၊ အခုခေတ် amusement park ဆိုတာမျိုးလိုပေါ့၊ အဲဒီ park ဆီ သွားတာဟာ အပန်းဖြေဖို့သွားတာ၊ မွေ့လျော်ဖို့သွားတာ၊ ပျော်မွေ့ဖို့သွားတာ။

ထို့အတူပဲ, အာရုံဆိုတာစိတ်ရဲ့ပျော်မွေ့ရာဖြစ်တယ်တဲ့၊ ဒီအဆင်းပဲ ကြည့်လေနော်၊ အဆင်းကြည့်လိုက်ရင် ဟိုဟာလေးကြည့်ချင်, ဒီဟာလေးကြည့်ချင်တယ်မို့လား၊ ကိုယ်ကြည့်ချင်တဲ့ အဆင်းလေးမှာဆိုရင် မွေ့လျော်နေတာပဲ၊ ဒါကြောင့် စိတ်တို့လာပြီးတော့ ပျော်မွေ့ရာဖြစ်တဲ့ ဝတ္ထုပစ္စည်းကို အာရုံလို့ခေါ်တယ်။

နောက်တစ်နည်းကတော့ မှီတွယ်ရာလို့ အဓိပ္ပါယ်ရှိတယ်နော်၊ အကယ်၍ မသန်မစွမ်းတဲ့သူတစ်ယောက် ရှိမယ်ဆိုရင် သူဟာ တောင်ဝှေးထောက်ပြီးတော့ရင် လည်းသွားရမယ်နော်၊ ကြိုးတန်းထားပြီးတော့ ကြိုးကိုကိုင်ပြီးတော့ရင်လည်း လမ်းလျှောက်ရမယ်၊ အဲဒီလို တောင်ဝှေးတို့ ကြိုးတန်းတို့ဟာ ဒီမစွမ်းတဲ့ပုဂ္ဂိုလ်ကို ကူညီထောက်ပံ့သလိုပဲ ဒီအာရုံတွေက စိတ်ကို ကူညီထောက်ပံ့တယ်တဲ့။

ဆိုလိုတာကတော့ ဒီအာရုံတွေရှိနေလို့ စိတ်ကဖြစ်တာ၊ အာရုံမရှိဘူးဆိုရင် စိတ်ပေါ်နိုင်ပါ့မလား,မပေါ်ဘူး၊ ဒါကြောင့်မို့ စိတ်ဟာအမြဲတမ်း အာရုံရှိတယ်၊ အာရုံနဲ့ကင်းပြီး ဘယ်တော့မှ မဖြစ်ဘူး၊ ဒါကြောင့် စိတ်၏ မှီတွယ်ရာဖြစ်သော ကြောင့်လည်းပဲ ဒီပစ္စည်းတွေကို အာရုံလို့ခေါ်တယ်။

ဒါကြောင့်မို့ ဒီအာရုံဆိုတာနဲ့ မနက် နေထွက် အရုဏ်တက်တယ်ဆိုတာနဲ့ မရောကြနဲ့နော်၊ အဲဒါကတစ်မျိုး, အဲဒါက အာရုံမဟုတ်ဘူး၊ လူတွေက အာရုံလို့ ခေါ်နေလို့၊ အရုဏ်နော်၊ ဒါပေမယ်လို့ မြန်မာစကားကျတော့ အာရုဏ်တက်တယ်၊ အာရုဏ်တက်တယ်နဲ့ပဲ ခေါ်နေကြတယ်၊ အမှန်က ပါဠိစကားမှာ အမှာရေးချ မပါဘူး "အရုဏ်"။

အဲဒီတော့ အခုဟာက အာရုံ၊ ဒါကြောင့် အာရုံဆိုတာ စိတ်၏မွေ့လျော်ရာဖြစ်တဲ့ပစ္စည်းနော်၊ သို့မဟုတ် စိတ်၏မှီတွယ်ရာဖြစ်တဲ့ပစ္စည်းလို့ ဒီလို အဓိပ္ပါယ်ရှိတယ်။

အဲဒီအာရုံပေါင်း ဘယ်လောက်ရှိသလဲတဲ့၊ အာရုံတွေကတော့ အများကြီးပေါ့နော်၊ ဒါပေမယ်လို့ အမျိုးအစားအားဖြင့် အာရုံတွေကို ခွဲလိုက်တဲ့အခါကျတော့ အာရုံ ၆-ပါးရှိတယ်တဲ့နော်၊ ဒီနေ့ပေးထားတဲ့ စာရွက်မှာ ဇယားကွက်ရဲ့အောက်မှာ ကြည့်လိုက်, အာရုံ ၆-ပါးဆိုတာ တွေ့လိမ့်မယ်။

ပထမ ရူပါရုံ, ရူပါရုံဆိုတာ အဆင်းကိုခေါ်တယ်တဲ့, မျက်စိနဲ့ မြင်နိုင်တဲ့

ဝတ္ထုကို အဆင်းလို့ခေါ်တယ်နော်။

အဆင်းဆိုတာ မြင်နိုင်တဲ့ ရုပ်တရားတစ်မျိုး၊ အင်္ဂလိပ်လိုပြန်တော့ ဒါကို (color) လို့လည်း ပြန်တယ်၊ အမှန်ကတော့ အရောင်ကိုမြင်တာ၊ မြင်တာက အေပုံသဏ္ဌာန်တို့ ဘာတို့က အမှန်က မြင်တာမဟုတ်ဘူး၊ စိတ်နဲ့ကြံယူတာနော်၊ အခုနေ လူတစ်ယောက်မြင်တယ်လို့ပြောတော့ လူကိုမြင်တာမဟုတ်ဘူး၊ အမှန်ကတော့ လူမှာရှိတဲ့ အဆင်းကိုမြင်တာ၊ အဆင်းမြင်ပြီးတဲ့နောက် ဒီလူက ကိုယ်ကောင်ကြီးကို စိတ်ကပေါင်းစုပြီးတော့ "ဟာ ဒါဟာ လူပဲဟေ့, ဒါ မိန်းမပဲ, ဒါ ယောကျာ်းပဲ" စသည်ဖြင့် အဲဒီလို သိရတာ၊ အမှန်ကတော့ အဲဒီလူ ပေါ်မှာရှိတဲ့ အဆင်းကို ပထမဆုံးစမြင်တာ၊ အဲလို မြင်အပ်တဲ့ ဝတ္ထုပစ္စည်းကို အဆင်းလို့ ခေါ်တယ်နော်၊ ရူပါရုံလို့လည်း ခေါ်တယ်။

လူတစ်ယောက်ကို မြင်လိုက်ပြီဆိုတော့ လူတစ်ယောက်ရဲ့ တည်ရာဖြစ်တဲ့ ခန္ဓာကိုယ်ကြီးလည်း မြင်တယ်လို့ဆိုရတာပေါ့နော်၊ အမှန်ကတော့ အဲဒါက ပညတ်ဖြစ်သွားပြီ၊ အဆင်းသက်သက်လေးတင်ဆိုရင် ပရမတ်။

နောက်တစ်ခုက သဒ္ဒါရုံတဲ့၊ သဒ္ဒါရုံဆိုတာ အသံ၊ နားနဲ့ ကြားနိုင်တဲ့အာရုံ နားနဲ့ကြားနိုင်တဲ့ဝတ္ထုပစ္စည်းကို သဒ္ဒါရုံလို့ခေါ်တယ်နော်၊ မြန်မာတွေကတော့ သဒါရုံလို့ပဲ အသံထွက်တယ်၊ ဦးဇင်းတို့ မြန်မာက အလွန်ပေါ့တယ်၊ လုံးဆင့်ကို လုံးဆင့်လို မဖတ်ချင်ကြဘူး၊ သဒ္ဒါရုံတဲ့,အသံကို သဒ္ဒါရုံလို့ ခေါ်တယ်။

အသံအမျိုးမျိုးပဲရှိတယ်၊ ဗဟိဒ္ဓ အပြင်ပအသံရှိတယ်၊ မိမိ အခုစကားပြောတဲ့ ဝစီဘေဒဆိုတဲ့ အသံရှိတယ်၊ ဘယ်လိုအသံပဲဖြစ်ဖြစ် နားနဲ့ ကြားနိုင်တဲ့အသံမှန်ရင် သဒ္ဒါရုံပဲနော်။။

မိုးခြိမ်းသံကြားတယ်၊ သဒ္ဒါရုံပဲ၊ လူစကားပြောသံကြားလည်း သဒ္ဒါရုံပဲ၊ မော်တော်ကားသံကြားလည်း သဒ္ဒါရုံပဲ, လေယာဉ်ပျံသံကြားလည်း သဒ္ဒါရုံပဲ။

နောက်တစ်ခုကတော ဂန္ဓာရုံတဲ့နော်၊ ဂန္ဓဆိုတာအနံ့၊ ဂန္ဓာရုံဆိုတာ နှာခေါင်းနဲ့ သိနိုင်တဲ့ ဝတ္ထုပစ္စည်းပေါ့နော်၊

အဲဒီတော့ အနံ့ပေါ့, ကောင်းတဲ့အနံ့, ဆိုးတဲ့အနံ့, အဆင်းလည်းကောင်းတဲ့ အဆင်း၊ ဆိုးတဲ့အဆင်း၊ အသံလည်းအတူတူပဲရှိတာပေါ့၊ အနံ့ကို ဂန္ဓာရုံလို့ခေါ်တယ်။

နောက်တစ်ခုက ရသာရုံတဲ့၊ မြန်မာလို အရသာလို့ခေါ်တဲ့ဟာပေါ့၊ ချိုတယ် ချဉ်တယ်, ခါးတယ်, ဖန်တယ်, စပ်တယ်, ဒီလို အရသာမျိုးကို ရသာရုံတဲ့။

နောက်တစ်ခုကတော့ ဖောဋ္ဌဗ္ဗာရုံတဲ့, ဖောဋ္ဌဗ္ဗဆိုတာ အတွေ့အထိကိုခေါ်တာ၊

အဲဒီတော့ ခန္ဓာကိုယ်နှင့် တွေ့ထိလို့ရတဲ့ပစ္စည်းမျိုးကို ဖောဋ္ဌဗ္ဗာရုံ။

အခု မိမိကိုယ်နှင့်ကြမ်းနဲ့ ထိနေတယ်၊ ကော်ဇောနှင့်ထိနေတယ်၊ အဲဒီအထိအတွေ့ဟာ ဖောဋ္ဌဗ္ဗာရုံနော်၊ အင်္ကျီနှင့်ကိုယ်နှင့် ထိနေတယ်၊ အဲဒီအင်္ကျီမှာ ရှိတဲ့ ဒီရုပ်တရားဟာ ဘာလဲ၊ ဖောဋ္ဌဗ္ဗာရုံပေါ့၊ အဲဒီဖောဋ္ဌဗ္ဗာရုံနှင့် ခန္ဓာကိုယ်နဲ့ တွဲလိုက်မယ်၊ အဲလို အတွေ့အထိကို ဖောဋ္ဌဗ္ဗာရုံလို့ခေါ်တယ်၊ ဒါက မခဲယဉ်းသေးဘူး။

ဓမ္မာရုံကျတော့ ခက်တယ်၊ ဦးဇင်းတို့ မြန်မာကတော့ အရေးမကြီးဘူး၊ မြန်မာကတော့ ပါဠိကို နောက်လိုက်ပြီးတော့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံနှင့် လုပ်ထားလိုက်တော့ အရေးမကြီးဘူး၊ အင်္ဂလိပ်လိုပြန်တဲ့အခါကျတော့ ဓမ္မာရုံဟာ အလွန်ခက်တယ်၊ ဦးဇင်းတို့ မပြန်ဘူးနော်။

အင်္ဂလိပ်လို ပြန်လိုက်ရင် ဘာဖြစ်သွားလဲဆိုတော့ အသိလွဲမှားသွားနိုင်တယ်၊ သူတို့က (mental object) ဆိုတော့ စိတ်ရဲ့အာရုံလား (သို့မဟုတ်) စိတ်ဖြစ်သော အာရုံလားနော်၊ စိတ်ရဲ့အာရုံလို့ပြောရင် တခြားရူပါရုံတွေလည်း စိတ်ရဲ့အာရုံပဲ၊ အဲဒါကျတော့လည်း ကျယ်လွန်းသွားပြန်တယ်၊ စိတ်ဖြစ်တဲ့ အာရုံဆိုပြန်တော့လည်း စိတ်တင်မကဘူး, ဓမ္မာရုံထဲမှာ တခြားဟာတွေရော ပါသေးတယ်နော်။

အဲဒါကြောင့်မို့ ဒီဓမ္မာရမ္မဏဆိုတဲ့ ပါဠိပုဒ်ကို အင်္ဂလိပ်လို ပြန်နိုင်ဖို့ မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့ (Dhamma Object) ဒီလိုပဲပြန်တော့တယ်နော်၊ ရှေ့ကဟာတွေကတော့ visible object, audible object, adorous object, sapid object, tangible object အဲသလို ပြန်လို့ရတယ်၊ ဓမ္မာရုံကတော့ မတတ်နိုင်ဘူး။

ကောင်းပြီ ဓမ္မာရုံဆိုတာ ဘာတွေလဲ၊ ဒါနားလည်ထားဖို့ အရေးကြီးတယ်။

ဓမ္မာရုံဆိုတာ ညာဘက်က ဖတ်လိုက်စမ်း၊ ပသာဒရုပ် ၅–ခုတဲ့, ဒါတွေ အခု နားမလည်သေးပေမယ်လို့ အသာမှတ်ထားနော်၊ နောင်ရုပ်ပိုင်းလေ့လာပြီးတဲ့ အခါကျတော့ နားလည်လိမ့်မယ်နော်။

ပသာဒရုပ် ၅–ပါးဆိုတာ အမှန်ကတော့ မျက်စိ အကြည်ဓာတ်, နားအကြည်ဓာတ်, နှာခေါင်းအကြည်ဓာတ်, လျှာအကြည်ဓာတ်, ကိုယ်အကြည်ဓာတ်, အဲဒါကို ပသာဒရုပ် ၅–ပါးလို့ ခေါ်တယ်၊ အဲဒီ ပသာဒရုပ် ၅–ပါးကိုလည်းပဲ ဓမ္မာရုံလို့ ခေါ်တယ်။

ဒါတင် မကသေးဘူး၊ သုခုမရုပ် ၁၆–ပါး၊ ဒါတွေဟာ နောက်မှ နားလည် လိမ့်မယ်၊ ဒါ အခုနားမလည်နိုင်ဘူး၊ ရုပ်ထဲမှာ သိမ်မွေ့တဲ့ရုပ်ရှိတယ်၊ ကြမ်းတမ်းတဲ့ရုပ်

ရှိတယ်နော်၊ အဲဒီသိမ်မွေ့တဲ့ရုပ်တွေကို သုခုမရုပ်လို့ခေါ်တယ်၊ သုခုမဆိုတာ သိမ်မွေ့တာကို ဆိုလိုတယ်နော်၊ သိမ်မွေ့တဲ့အတတ်ပညာလို့ ဆိုလိုတာပေါ့လေ။

အဲဒီသုခုမရုပ်က ၁၆–ပါးရှိတယ်တဲ့၊ အဲဒီ သုခုမ ရုပ်ကိုလည်းပဲ ဓမ္မာရုံလို့ခေါ်ရတယ်၊ ပြီးတော့ စိတ် ၈၉–ကိုလည်း ဓမ္မာရုံလို့ ခေါ်ရတယ်, စေတသိက် ၅၂–ကိုလည်းပဲ ဓမ္မာရုံလို့ခေါ်ရတယ်, နိဗ္ဗာန်ကိုလည်းပဲ ဓမ္မာရုံလို့ခေါ်ရတယ်၊ ပညတ်ကိုလည်းပဲ ဓမ္မာရုံလို့ ခေါ်ရတယ်။

ပညတ်ဆိုတာကတော့ ဒီအပေါင်းအစု ဖြစ်သွားတဲ့အခါမှာ ပညတ်ဖြစ်သွားတာပဲ၊ ပြီးတော့ အခေါ်အဝေါ်ကိုလည်း ပညတ်လို့ခေါ်တယ်၊ လူလို့ ပြောလိုက်ရင် ပညတ်နော်၊ ရုပ်+နာမ်လို့ ပြောလိုက်ရင် ပရမတ်ဟုတ်လား၊ ပညတ်ဆိုတာလောကမှာ အလွန်ကိုများတယ်၊ ရှိရှိသမျှ မြင်ရသမျှ ပညတ်တွေချည်းပဲ၊ စကားနဲ့ပြောနေသမျှ စကားလုံးတွေဟာပညတ်၊ ဒီမှာကျတော့ ကသိုဏ်းပညတ် စသည်ဖြင့်လာလိမ့်မယ်နော်၊ ထားပါတော့၊ အဲဒီဟာ အားလုံးကို ဓမ္မာရုံလို့ခေါ်တယ်။

ဒါကြောင့်မို့ အာရုံ ၆–ပါး (သို့မဟုတ်) အာရုံ ၆–မျိုးရှိတယ်၊ ပြန်ပြီးတော့ ဆိုလိုက်စမ်းပါ၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ၊ ဓမ္မာရုံ ကျတော့ အကျယ်များသွားတယ်နော်။

အဲဒီလို ရူပါရုံ, သဒ္ဒါရုံ စသည်ဖြင့် ခွဲခြားသည့် အပြင် အခု အာရမ္မဏ သင်္ဂဟမှာ ဘယ်လို ခွဲခြားအုန်းမလဲဆို အောက်မှာဖတ်လိုက်၊ ကာမ အာရုံနော်။

ကာမအာရုံလို့ ပြောလိုက်ရင် ဘာလို့ နားလည်ရမလဲ၊ ကာမစိတ် ၅၄, စေတသိက်–၅၂, ရုပ်–၂၈၊ အဲဒီ ၃–မျိုးကို ကာမအာရုံလို့ ပြောလိမ့်မယ်, ခေါ်လိမ့်မယ်။

နောက်တစ်ခုကတော့ မဟဂ္ဂုတ်အာရုံတဲ့၊ မဟဂ္ဂုတ် အာရုံဆိုတာ မဟဂ္ဂုတ် စိတ်–၂၇ ပါးနှင့် စေတသိက်–၃၅ ပါး၊ ပညတ်အာရုံ ဆိုတာကတော့ ပညတ် ၂၈ ပါးရှိတယ်၊ ဒါကတော့ နောက်မှ နားလည်လိမ့်မယ်၊ ထားခဲ့အုန်းတော့။

လောကုတ္တရာအာရုံဆိုတာက လောကုတ္တရာစိတ် ၈–ခုရယ်၊ စေတသိက် ၃၆–ခုရယ်၊ နိဗ္ဗာန်ရယ်။

နောက်တစ်ခုက ကာလဝိမုတ်တဲ့၊ ကာလဝိမုတ်ဆိုတာ ကာလ ၃–ပါးမှ လွတ်တယ်လို့ဆိုတယ်၊ ဒွါရဝိမုတ်ဆိုတာ ဒွါရမှလွတ်တာ။

ကာလ ၃–ပါးမှ လွတ်တယ်ဆိုရင် ပစ္စုပ္ပန်လည်းမဟုတ်ဘူး, အတိတ်လည်း မဟုတ်ဘူး, အနာဂတ်လည်းမဟုတ်ဘူး, အဲဒီပစ္စုပ္ပန်, အတိတ်, အနာဂတ်

မဟုတ်တဲ့ တရားတွေကို ကာလဝိမုတ်တရားလို့ခေါ်တယ်။

နိဗ္ဗာန်ဟာ ရှိတော့ရှိတယ်နော်၊ ပရမတ္ထအားဖြင့် ရှိတယ်၊ ဒါပေမယ်လို့ ဖြစ်, တည်, ပျက် ဆိုတဲ့ ၃–ချက်မရှိဘူး၊ သိပ်ဆန်းတယ်၊ နိဗ္ဗာန်ဟာ သတ္တဝါတွေအနေနဲ့က ရှိတယ်လို့ ပြောလိုက်ရင် အဲဒီ ဖြစ်တည်ပျက်နဲ့ချည်းပဲ သွားသွားပြီးတော့ မြင်တတ်တယ်၊ ဒါနဲ့ သွားသွားကြည့်တတ်တယ်၊ အဖြစ်ရှိရင် အပျက်ရှိရမယ်၊ ဒါရှောင်လို့ကို မရဘူး၊ လောကသဘာဝဟုတ်လား။

ဒါကြောင့်မို့ နိဗ္ဗာန်ဟာ အဖြစ်ရှိရာ မဟုတ်ဘူး၊ သို့သော် သူ့သဘာဝအလိုက် အမြဲ တည်ရှိတယ်နော်၊ အဲဒါကြောင့် နိဗ္ဗာန်ဟာ အတိတ်က နိဗ္ဗာန်ပဲ,ပစ္စုပ္ပန်နိဗ္ဗာန်ပဲ, အနာဂတ် နိဗ္ဗာန်ပဲလို့ ပြောလို့မရဘူး၊ ဘယ်တုန်းကရှိတယ်, အခု မရှိဘူး၊ နောင်ကော့ရှိလိမ့်မယ် စသည်ဖြင့် ပြောလို့မရဘူး၊ ကာလနဲ့ သုံးသပ်ပြီးတော့ ပြောလို့ မရဘူး၊ ဒါကြောင့်မို့ နိဗ္ဗာန်ကို ကာလဝိမုတ်လို့ ခေါ်တယ်။

ပညတ်ဆိုတာကလည်း ဒီအတိုင်းပဲ၊ အမှန်ကတော့ ပညတ်ဆိုတာဟာ ဥပါဒ်, ဌီ, ဘင်အားဖြင့် ဖြစ်, တည်, ပျက်အားဖြင့် အထင်အရှားရှိတာ မဟုတ်ဘူး လူတွေက ခေါ်ဝေါ်သုံးစွဲနေတုန်းမှာ သူရှိသလို ထင်ရတာ၊ လူတွေက မခေါ်ဝေါ်တော့ဘူး, မသုံးစွဲတော့ဘူးဆိုရင် သူပျောက်သလို ဖြစ်သွားတာ၊ အနှစ်တစ်ရာလောက် မြုပ်နေပြီးတော့ လူတွေက ပြန်သုံးလိုက်ပြီဆိုရင် ဝေါဟာရဆိုတာ ပြန်ပေါ်သလို ဖြစ်ပြန်ရော။

ဒါကြောင့်မို့ ပညတ်ဆိုတာဟာလည်းပဲ ရှိတယ်လို့ မဆိုရဘူးနော်၊ ဥပါဒ် ဌီဘင်အားဖြင့် ရှိတယ်လို့ မဆိုရဘူး၊ အဲသလို မဆိုရတဲ့အတွက်ကြောင့်မို့ ပညတ်ကိုလည်းအတိတ်ပဲ, ပစ္စုပ္ပန်ပဲ, အနာဂတ်ပဲလို့ မဆိုရဘူး၊ ဒါကြောင့်မို့ ပညတ်ကိုလည်းပဲ ကာလဝိမုတ်တဲ့နော်၊ ကာလ ၃–ပါးမှ အလွတ်၊ ဒါဖြင့် သူတို့က ကာလဝိမုတ်ဖြစ်ရင် ရှေ့က ကာမအာရုံ, မဟဂ္ဂုတ်အာရုံ ဆိုရင်တော့ ပစ္စုပ္ပန်အတိတ် အနာဂတ် ရှိလိမ့်မယ်နော်။

တစ်ခါတလေ စိတ်က ပစ္စုပ္ပန်အာရုံကို အာရုံပြုတယ်၊ တစ်ခါတလေအတိတ်ကို အာရုံပြုတယ်၊ တစ်ခါတလေ အနာဂတ်ကို အာရုံပြုတယ်၊ ကောင်းပြီ, ဒါက အာရုံ အမျိုးမျိုးခွဲလိုက်တာ၊ နောက်ထပ် အများကြီး ခွဲတာတွေရှိသေးတယ်၊ သို့သော် တော်လောက်ပြီ ဒီလောက်ဆိုရင် အစတစ်ခေါက်မှာ အကုန်လုံး လျှောက်လုပ်နေရင် ရှုပ်ကုန်လိမ့်မယ်နော်၊ အဲဒါပြီးတော့မှ အာရုံနှင့် အာရမ္မဏိကဆိုတာကို လေ့လာရမယ်။

အာရုံနှင့် အာရမ္မဏိကဆိုတာ ဘာလဲဆိုတော့ အာရုံပြုတတ်တဲ့ တရားကို

အာရမ္မဏိကလို့ခေါ်တယ်၊ အာရုံအပြုခံရတဲ့တရားကို အာရုံလို့ခေါ်တယ်၊ ဘယ်ဘက်က အာရမ္မဏိက, ညာဘက်ကအာရုံ၊ အာရမ္မဏိကဆိုတာ အာရမ္မဏရှိတယ်၊ အာရုံရှိတယ်(ဝါ) အာရုံကို ယူတယ်၊ ဘယ်စိတ်က ဘယ်ကို အာရုံပြုတယ်ဆိုတာကို ခွဲခြားရလိမ့်မယ်နော်။

နောက်တုန်းကဝေဒနာဆိုရင်လည်း ဝေဒနာ ၅–ပါးကို သိပြီးတဲ့နောက်စိတ်နဲ့သွားပြီးတော့ ဟပ်တယ်နော်၊ ဟိတ် ၆–ပါးသိပြီးတဲ့နောက်စိတ်နဲ့ သွားပြီးတော့ ဟပ်ရတယ်နော်၊ ထို့အတူပဲ ဒီမှာလည်း အာရုံ ၆–ပါးကို သိပြီးတဲ့နောက် စိတ်နဲ့ ဟပ်ရလိမ့်မယ်၊ စိတ်နဲ့ဟပ်တော့ ဒါက သင်္ဂြိုဟ်ကျမ်းမှာလာတဲ့အတိုင်း ရေးထားတယ်နော်၊ ပြီးတော့မှ စိတ်တစ်ခုယုတ် ၉၀ဇယားကွက်နဲ့ ပြန်ပြီးတော့ သွားဦးမယ်။

အခုဖတ်လိုက်စမ်း, ဘာတဲ့တုန်း၊ စက္ခုဝိညာဏ်ဒွေး စက္ခုဝိညာဏ်စိတ် ၂–ခု သည် ဘယ်ကို အာရုံပြုသလဲ, ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်၊ စက္ခုဝိညာဏ်က အတိတ်ရူပါရုံကို အာရုံမပြုဘူး၊ အနာဂတ်ရူပါရုံကို အာရုံမပြုဘူး၊ ဘာကြောင့်လဲဆိုတော့ လက်တွေ့မြင်နေရတဲ့ဟာကို စက္ခုဝိညာဏ်က မြင်တာကိုး၊လက်တွေ့ရှိနေတဲ့ မျက်မှောက်မှာရှိနေတဲ့ အာရုံကို စက္ခုဝိညာဏ်က မြင်တာ။

လွန်သွားတဲ့ အတိတ်ကျတော့ စိတ်နဲ့မနောဝိညာဏ်နဲ့သိတယ်၊ အနာဂတ်ဟိုမရှိသေးတဲ့ဟာကိုလည်း မနောဝိညာဏ်နဲ့သိတယ်၊ စက္ခုဝိညာဏ်နဲ့သိတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ စက္ခုဝိညာဏ်စိတ် ၂–ပါးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု သည်။

သောကဝိညာဏ်စိတ် ၂–ပါးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသည်၊ အခု ဦးဇင်း ပြောတဲ့စကားကြားနေတယ်၊ ကြားတဲ့စိတ်တွေဟာ သောတဝိညာဏ်စိတ်၊ တကယ့် ပစ္စုပ္ပန်ပြောနေတဲ့ အသံကိုကြားနေတာ၊ ဟိုအပတ်က ပြောခဲ့တဲ့အသံကို စိတ်ထဲကကြားတယ်၊ ဒါကျတော့ သောတဝိညာဏ် မဟုတ်တော့ဘူးနော်၊ မနောဓာတ်မဟုတ်ဘူး၊ တခြားကုသိုလ်စိတ် ဖြစ်လိမ့်မယ်၊

ပြီးတော့ ဃာနဝိညာဏ် ၂–ပါးတဲ့, ဃာနဝိညာဏ်၂–ပါးက ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုတယ်၊ အနံ့ပေါ့၊ ရေမွှေးနံ့လေးမွှေးတယ်၊ ပန်းနံ့မွှေးတယ်၊ သို့မဟုတ် မကောင်းတဲ့အနံ့နံတယ်၊ အဲဒီလို အနံ့ထင်ရှားရှိနေတုန်းမှာ တွေ့သိရတဲ့စိတ် ကို ဃာနဝိညာဏ်၊ ဒါကြောင့်မို့ ဃာနဝိညာဏ်စိတ်က ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုတယ်။

နောက် ၂–ခုက ဇိဝှါဝိညာဏ် ၂–ခု, ဘယ်ကို အာရုံပြုလဲ, ပစ္စုပ္ပန်ရသာရုံကို အာရုံပြုတယ်နော်၊ တစ်စုံတစ်ခု စားကြည့်လိုက်စမ်းနော်၊ ကောင်းရင်လည်း ကောင်းတယ်, မကောင်းရင်လည်း မကောင်းဘူး, ချိုရင်ချိုတယ်၊ ချဉ်ရင်ချဉ်တယ်

စပ်ရင် စပ်တယ်ပေါ့၊ လက်တွေ့သိသွားတာ၊ အဲဒီလက်တွေ့ရှိနေတုန်းကို သိတဲ့ စိတ်သည် ဇိဝှါဝိညာဏ်စိတ်၊ ဒါကြောင့်မို့ ဇိဝှါဝိညာဏ်စိတ်က လက်တွေ့ရှိနေတဲ့ ပစ္စုပ္ပန်ရသာရုံကို အာရုံပြုတယ်၊ မနက်က စပ်ခဲ့တာပြန်ပြီး အာရုံပြုရင် ဒီစိတ် မဟုတ်ဘူး။

နောက် ကာယဝိညာဏ်စိတ် ၂–ခုနော်၊ ကာယဝိညာဏ်စိတ် ၂–ခုက ဘယ်ကို အာရုံပြုတုန်း၊ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုတယ်၊ အခုလက်ရှိတွေ့ထိနေတဲ့ အာရုံကို အာရုံပြုတယ်ပေါ့နော်။

လက်နဲ့ စက္ကူနဲ့ ထိနေတယ်နော်၊ လက်နဲ့ခဲတံနဲ့ ထိနေတယ်, ခန္ဓာကိုယ် တစ်ခုနှင့်တစ်ခု ထိနေတယ်, အဲဒီလို လက်ရှိအတွေ့အထိကို အာရုံပြုတဲ့စိတ်, ကာယဝိညာဏ်စိတ်။

ဒါကြောင့်မို့ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဉ်၊ ဤဝိညာဏ် ၅–ပါး သို့မဟုတ် ၁၀–ပါးက ပစ္စုပ္ပန်ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံနော်၊ ဒါကို အကျဉ်းခေါ်လိုက် တော့ ပဉ္စာရုံလို့ ခေါ်တယ်နော်၊ ပဉ္စက ၅၊ အာရုံက အာရုံဆိုတော့ အာရုံ ၅–ပါးပေါ့၊ ပစ္စုပ္ပန်အာရုံ ၅–ပါးကို အာရုံပြုတယ်။

မနောဓာတ် ၃–ခု၊ မနောဓာတ်ဆိုတဲ့အသုံး သုံးလာပြီ၊နောက် ဟိုအပတ်တုန်း ကပြောခဲ့တယ်၊ မနောဓာတ်ဆိုတာ နားလည် အောင်လုပ်ထားကြဆိုတာ မှတ်မိ သေးရဲ့လား။

ပဉ္စဒ္ဒါရာဝဇ္ဇန်းရယ်, သမ္ပဋိစ္ဆိုင်းဒွေးရယ်, အဲဒီ ၃–ခုကို မနောဓာတ်၊ အဲဒီ မနောဓာတ် ၃–ခုကလဲပဲ, ပစ္စုပ္ပန် အာရုံ ၅–ပါး, ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြုတယ်၊ ရံခါက ရူပါရုံကို အာရုံပြုမယ်၊ ရံခါက သဒ္ဒါရုံကို အာရုံပြုမယ်လို့ ဒီလိုသွားရမယ်၊ ဒီအာရုံ ၅–ပါးကို တစ်ပြိုင်နက်ပြုတာ မဟုတ်ဘူးနော်၊ နောင် ဝီထိနှင့်ယှဉ်ပြီးပြောလာတဲ့ အခါကျတော့ ပိုပြီးတော့ ထင်ရှားလိမ့်မယ်၊ ဒီသင်္ဂြိုဟ်ကဒီလိုပဲ၊ ကုန်ပြီးမှ နောက်တစ်ခေါက်မှ ကောင်းကောင်းနားလည်တာ။

ပထမတစ်ခေါက်ကတော့ ဒီလိုပဲ နားလည်သလိုလို မလည်သလိုလိုနဲ့ သွားတာပေါ့၊ ဘာကြောင့်လဲဆိုတော့ မရောက်သေးတဲ့ဟာကို လှမ်းလှမ်းပြီးတော့ ပြောပြောနေရတာကို သင်နေရတာကို, အဲဒါတွေ ဝီထိနဲ့ သွားတဲ့အခါကျတော့ ပိုပြီးတော့ ထင်ရှားလိမ့်မယ်။

ကောင်းပြီ, အဲဒီတော့ မနောဓာတ် ၃–ခုသည် ပစ္စုပ္ပန်အာရုံ ၅–ပါးကို

အာရုံပြုတယ်၊ မနောဓာတ် ၃-ပါး ဘယ်ဒွါရတွေမှာဖြစ်လဲ မှတ်မိသေးလား၊ လွန်ခဲ့တဲ့အပတ်က ဒွါရသင်္ဂဟ ဇယားကွက်ပြန်ကြည့်စမ်း၊ ပဉ္စဒွါရာဝဇ္ဇန်းက စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရမှာ မဖြစ်ဘူးလား၊ သမ္ပဋိစ္ဆိုင်းဒွေးကလည်း အဲဒါပဲ၊ ဒီ ၅-ဒွါရမှာဖြစ်တယ်။

ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေးကို မနောဓာတ် ၃-ခုလို့ခေါ်တယ်၊ ဒီမနောဓာတ် ၃-ခုသည် ဘယ်ဒွါရတွေမှာဖြစ်သလဲဆိုရင် ၅-ဒွါရမှာဖြစ်တယ်၊ ၅-ဒွါရမှာဖြစ်တယ်ဆိုရင်ဖြင့် ၅-အာရုံကို အာရုံပြုတယ်ပေါ့၊ တစ်ဒွါရ အာရုံတစ်ခု, စက္ခုဒွါရဆိုရင်ရူပါရုံ၊ သောတဒွါရဆိုရင် သဒ္ဒါရုံ စသည်ဖြင့် သွားရော။

ဒါကြောင့်မို့ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ၂-ခုဆိုတဲ့ မနောဓာတ် ၃-ခုသည် ဘယ်အာရုံကို အာရုံပြုသလဲဆိုရင် ပစ္စုပ္ပန်အာရုံ ၅-ပါးကို အာရုံပြုတယ်နော်၊ ဒါကြောင့်မို့ ၅-ဒွါရမှာဖြစ်တယ်လို့ဆိုရတယ်၊ သူတို့ကို စက္ခုဒွါရမှာလည်းဖြစ်တယ်၊ သောတဒွါရမှာလည်းဖြစ်တယ် စသည်ဖြင့်သွားရမယ်၊ စက္ခုဝိညာဏ်ဒွေးကတော့ စက္ခုဒွါရမှာသာဖြစ်တယ်၊ သောတဒွါရမှာ မဖြစ်ဘူး။

ရှေ့ဆက်သွားလိုက်, မနောဓာတ်ပြီးတော့ သန္တီရဏစိတ် ၃-ခု, ဟသိတုပ္ပါဒ် စိတ် ၁-ခုတဲ့နော်၊ ပြီးတော့ ကာမာဝစရဝိပါက်စိတ် ၈-ခု၊ အားလုံးပေါင်းလိုက်တော့ ၁၂-ခု၊ ဒီ ၁၂-ပါးသော စိတ်တို့က ဘယ်ကို အာရုံပြုသတဲ့တုန်း, ကာမစိတ် ၅၄, စေတသိက်-၅၂, ရုပ်-၂၈, ကာမတရားကို အာရုံပြုတယ်၊ အတိုကောက်ပြောချင်ရင် ကာမတရားကို အာရုံပြုတယ်၊ ကာမတရားကို အာရုံပြုတဲ့စိတ် ဘယ်လောက်ရှိသလဲ ၁၂-လို့ ပြောရမယ်နော်၊ အားလုံပေါင်းရင် မကသေးဘူး၊ အဲဒီတော့ သန္တီရဏစိတ် ၃-ခုရယ်၊ ဟသိတုပ္ပါဒ်စိတ် ၁-ခုရယ်၊ မဟာဝိပါက်စိတ် ၈-ခုရယ်၊ ဒီ ၁၂ ခုသောစိတ်တို့က ကာမစိတ် ၅၄, စေတသိက် ၅၂, ရုပ်-၂၈ တို့ကို အာရုံပြုတယ်။

နောက်တစ်ခုက အကုသိုလ်စိတ်-၁၂၊ ဉာဏဝိပ္ပယုတ် ကာမာဝစရကုသိုလ် ၄-ခု၊ ဉာဏဝိပ္ပယုတ် ကာမာဝစရ ကြိယာ ၄-ခု၊ ကာမာဝစရ ကုသိုလ်ထဲက ဉာဏ်နှင့် မယှဉ်တဲ့ ကုသိုလ် ၄-ခု၊ ကာမာဝစရကြိယာထဲက ဉာဏ်နဲ့မယှဉ်တဲ့ ကြိယာ ၄-ခု၊ အဲဒီတော့ အားလုံးပေါင်းလိုက်ရင် ၄+ ၄+၁၂=၂၀

အဲဒီ ၂၀-သောစိတ်တို့က ဘယ်အာရုံတွေကို အာရုံပြုနိုင်သတဲ့တုန်း လောကီစိတ်-၈၁, စေတသိက်-၅၂, ရုပ်-၂၈, ပညတ်, လောကုတ္တရာချန်ပြီး အကုန်အာရုံပြုတယ်ပေါ့၊ လောကုတ္တရာကိုတော့ သူတို့ အာရုံမပြုနိုင်ဘူး၊ လောကီတော့ဖြင့် နယ်ကုန်အောင် အာရုံပြုနိုင်တယ်။

ဒါကြောင့်မို့လို့ အကုသိုလ်စိတ်ဟာ ဘယ်ကိုအာရုံပြုသလဲလို့မေးရင် ဘယ့်နှယ်လဲ၊ လောကီတရားတွေ အားလုံးအာရုံပြုတယ်နော်၊ ဒါကြောင့်မို့ အကုသိုလ်ရဲ့ နယ်ပယ်က လောကီမှ မလွတ်နိုင်ဘူး။

ဒါကြောင့်မို့လဲ လောကုတ္တရာလို့ခေါ်တာ၊ လောကုတ္တရာဆိုတာ လောကထဲက ထွက်သွားပြီ၊ အကုသိုလ်ရဲ့နယ်ကနေပြီးတော့ လွန်သွားပြီလို့ ဆိုလိုတယ်၊ အကုသိုလ်ဟာ ဘယ်လောက်နယ်ကျယ်သလဲဆိုတာ ခန့်မှန်းနိုင်တယ်။

အဲဒါက လောကီစိတ်–၈၁၊ စေတသိက်–၅၂၊ ရုပ်–၂၈ ပညတ်။

နောက်တစ်ခုက ဉာဏသမ္ပယုတ်၊ ကာမာဝစရ ကုသိုလ်–၄၊ ခုန ဉာဏဝိပ္ပယုတ်ယူပြီးပြီ၊ အခု ဉာဏသမ္ပယုတ်ယူတယ်၊ ဉာဏသမ္ပယုတ် ကာမာဝစရ ကုသိုလ်–၄, ကုသိုလ် အဘိဉာဉ် ၁၊ အဘိဉာဉ်ဆိုတာလဲ နားမလည် သေးဘူးနော်။

အဘိညာဏ်ဆိုတာဘာလဲဆိုရင် ပဉ္စမဈာန်နော်၊ ပဉ္စဈာန် ရိုးရိုးမဟုတ်ပဲနဲ့ အထူးပွားများအပ်တဲ့ ပဉ္စမဈာန်ကို အဘိညာဏ်လို့ ခေါ်တယ်၊ အဲဒီ အဘိညာဏ်က ကုသိုလ် အဘိညာဏ်ရှိတယ်, ကြိယာအဘိညာဏ်ရှိတယ်, ရူပါဝစရကုသိုလ် ပဉ္စမဈာန်, ရူပါဝစရကြိယာ၊ ပဉ္စမဈာန်, ကုသိုလ်အဘိညာဏ်။

ဈာန်နဲ့ အဘိညာဏ် နည်းနည်းကွာတယ်၊ ဈာန်ဆိုတာက ရိုးရိုး၊ အဘိညာဏ်ဆိုတာက အဲဒီပဉ္စမဈာန်ပဲ၊ သို့သော် အဲဒီပဉ္စမဈာန်ကို အထူးတလည် အားထုတ်ရတာ၊ အထူးတလည် အားထုတ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီအဘိညာဏ် ပေါက်သွားပြီ, အဘိညာဏ် ရသွားပြီဆိုရင် နောက်ဘဝတွေ အများကြီး ပြန်မြင်နိုင်တာတို့, သူတစ်ပါးစိတ်သိတာတို့၊ ဟို အဝေးကြီး ကွယ်နေတာတွေ ဘာတွေပါ လှမ်းမြင်နိုင်တာတို့, အဝေးကြီး လှမ်းကြားနိုင်တာတို့ဆိုတဲ့ ဒီလို အစွမ်းသတ္တိတွေရတယ်၊ အဲဒီလို ကောင်းကင်ပျံနိုင်တာတို့, မြေလျှိုးနိုင်တာတို့ဟာ အဘိညာဏ်ရမှ လုပ်နိုင်တာ၊ ဈာန်ရရုံနှင့် မလုပ်နိုင်ဘူး။

အခုတော့ လူတွေက ဈာန်ပျံတယ်, ဈာန်ပျံတယ်နဲ့ သုံးသုံးနေတော့ ဈာန်ရရုံနှင့် ကောင်းကင်ပျံနိုင်တယ်ထင်နေတာ၊ ရေပေါ်လမ်းလျှောက်နိုင်တယ်ထင်နေတာ, မဟုတ်ဘူး၊ အဲဒီအဘိညာဏ်ကိုရမှနော်၊ အဘိညာဏ်ဆိုတာ ပဉ္စမဈာန်ပဲ။

အဲဒီတော့ ဉာဏသမ္ပယုတ် ကုသိုလ် ၄–ခု၊ ကုသိုလ်အဘိညာဏ် ၁–ခု၊ ပေါင်း ၅–ခု၊ သူတို့က ဘယ်တရားတွေကို အာရုံပြုနိုင်သလဲ၊ စိတ်–၈၇၊ စိတ် ၈၉ ထဲက ဘာနုတ်ရမလဲ အရဟတ္တမဂ်ရယ်, အရဟတ္တဖိုလ်ရယ်, ရဟန္တာနှင့်ဆိုင်တဲ့ စိတ်နုတ်လိုက်တာ။

အရဟတ္တမဂ်, အရဟတ္တဖိုလ် ကြဉ်စိတ် ၈၇–ခု၊ စေတသိက်–၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန်,ပညတ်, သူတို့က နိဗ္ဗာန်ရော ပညတ်ရော အကုန် အာရုံပြုနိုင်တယ်နော်၊ ဆိုးတော့ မဆိုးဘူး၊ နောက်တစ်ခုကကော ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာ ၄–ခု၊ ဒီကျတော့ ရဟန္တာနှင့်ဆိုင်လာပြီ, ကြိယာ အဘိညာဏ် ၁–ခုနော်။

ကြိယာအဘိညာဏ်ဆိုတာ ဘာလဲ, ရူပါဝစရ ပဉ္စမဈာန်ကြိယာ၊ ပြီးတော့ ဝုဋ္ဌော ၁, ဝုဋ္ဌောဆိုတာ မနောဒွါရာဝဇ္ဇန်းနော်၊ ဒီစိတ် ၆–ပါးက စိတ် ၈၉, စေတသိက်–၅၂, ရုပ်–၂၈ နိဗ္ဗာန်ပညတ် အာရုံအားလုံးလို့ ဆိုလိုတယ် နော်၊ သူတို့မပြုနိုင်တဲ့ အာရုံရယ်လို့ မရှိဘူး။

ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာဆိုတော့ ဘုရားရဟန္တာ သန္တာန်မှာ ဖြစ်တဲ့စိတ်နော်၊ ကြိယာအဘိညာဏ်ဆိုတာလည်း ဘုရားရဟန္တာ သန္တာန်မှာဖြစ်တယ်။

ဝုဋ္ဌောဆိုရာမှာလည်းပဲ ဒီနေရာမှာ မြတ်စွာဘုရား သန္တာန်မှာဖြစ်တဲ့ ဝုဋ္ဌော စိတ်ကို ယူရမယ်နော်၊ မြတ်စွာဘုရား သန္တာန်မှာဖြစ်တဲ့ ဝုဋ္ဌောစိတ်ကမှ ရှိရှိသမျှ အာရုံ အားလုံးကို အာရုံပြုနိုင်တာ။

ရဟန္တာတို့ ပစ္စေကဗုဒ္ဓါတို့ဆိုရင် အာရုံ အကုန်လုံးကို အာရုံမပြုနိုင်သေးဘူးနော်၊ ဘာကြောင့်တုန်းဆိုတော့ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်ကို ရတော်မူတယ်၊ သဗ္ဗညုတဉာဏ်ဆိုတာ အကုန်လုံးကို သိတဲ့ဉာဏ်၊ အဲဒီလို အကုန်လုံးကိုသိတဲ့ ဉာဏ်ကိုရတာဟာ မြတ်စွာဘုရားသာရှိတယ်၊ ဒါကြောင့်မို့ ဒီမြတ်စွာဘုရား သန္တာန်မှာဖြစ်တဲ့ ဝုဋ္ဌောစိတ်ကသာ အမှန်ကတော့ အာရုံအားလုံးကို အာရုံပြုနိုင်တာ။

ရဟန္တာတို့ ပစ္စေကဗုဒ္ဓါတို့ သန္တာန်မှာဖြစ်ရင် အားလုံးကို အာရုံမပြုနိုင်သေးဘူး၊ နည်းနည်းကျန်နေတာရှိလိမ့်ဦးမယ်။

ဒီနေရာမှာတော့ တရားသဘောပြောတာဆိုတော့ အဲသလို မခွဲခြားတော့ပဲနဲ့ ဉာဏသမ္ပယုတ် ကာမာဝစရကြိယာစိတ် ၄–ခု၊ ကြိယာ အဘိညာဏ်–၁၊ ဝုဋ္ဌော–၁၊ ဒီ ၆–ပါးသည် စိတ်အားလုံး, စေတသိက်အားလုံး, ရုပ်အားလုံး, နိဗ္ဗာန်, ပညတ် ရှိသမျှ အာရုံတွေကို အာရုံပြုနိုင်တယ်၊ အစွမ်းအထက်ဆုံးစိတ်တွေပေါ့။

နောက်ဘာတဲ့တုန်း, ဒုတိယနှင့်စတုတ္ထအရူပစိတ် ဒုတိယဆိုတော့ ဝိညာဏဉ္စာယတနစိတ်၊ စတုတ္ထဆိုတော့ နေဝသညာနာသညာယတနစိတ်၊ အဲဒီ စိတ်တွေက မဟဂ္ဂုတ်တရားကို အာရုံပြုတယ်တဲ့။

ဒီနေရာမှာ မဟဂ္ဂုတ်တရားအရ ဘာကို ယူရမလဲ၊ ပထမနှင့် တတိယ အရူပစိတ်နော်၊ ဒီစိတ်ပိုင်းပြန်ပြီးတော့ သတိရရင် ရှင်းတယ် ပထမ အရူပါဝစရစိတ်က

ကောင်းကင်ပညတ်ကိုအာရုံပြုတယ်၊ ဒုတိယအရူပါဝစရ စိတ်က ပထမ အရူပါဝစရ စိတ်ကို အာရုံပြုတယ်၊ တတိယအရူပါဝစရစိတ်က နတ္ထိဘောပညတ်ကို အာရုံပြုတယ်၊ စတုတ္ထ အရူပါဝစရစိတ်က တတိယ အရူပါဝစရ စိတ်ကို အာရုံပြုတယ်။

ဒါကြောင့်မို့ ဒုတိယအရူပါဝစရစိတ်နဲ့ စတုတ္ထအရူပါဝစရစိတ်က ဘယ်ကို အာရုံပြုသလဲမေးရင် မဟဂ္ဂုတ်တရားကို အာရုံပြုတယ်၊ ဘာကြောင့်တုန်း အာကာသာနဉ္စာယတနစိတ်နှင့် အာကိဉ္စညာယတနစိတ်ဆိုတာ မဟဂ္ဂုတ်တရားတွေ နော်၊ ဒါကြောင့်မို့ မဟဂ္ဂုတ်တရားကို အာရုံပြုတယ်၊ ဒါဖြင့် မဟဂ္ဂုတ်တရားကို အာရုံပြုတဲ့စိတ် ၆–ပါးရှိတယ်ပေါ့။

နောက်တစ်တန်းက ရူပါဝစရစိတ် ၁၅–ခု၊ ပထမနှင့် တတိယ အရူပါဝစရ စိတ်က ၆–ခု အားလုံးပေါင်းလိုက်ရင်။

ပြန်ပြောကြဦးစို့၊ ရူပါဝစရစိတ် ၁၅–ခု၊ ပထမနှင့် တတိယ အရူပါဝစရစိတ် ၆–ခု၊ အားလုံးပေါင်း ၂၁ ပါး၊ ဒီ ၂၁–ပါးက ပညတ်တရားကို အာရုံပြုတယ်။

ပညတ်ဆိုရာမှာ ပညတ်ပေါင်း ၂၈–မျိုး ရှိတယ်၊ နောင် ကမ္မဋ္ဌာန်းပိုင်းကျမှ နားလည်လိမ့်မယ်၊ အခုတည်းက လျှောက်ပြောနေရင် ရှုပ်နေမှာစိုးလို့။

အဲဒီတော့ နည်းနည်းလေးတော့ ပြောပြမယ်, ဈာန်ရအောင် အားထုတ်တဲ့ အခါမှာ စိတ်ပိုင်းတုန်းကလည်း ပြောခဲ့ဖူးတယ်၊ ကမ္မဋ္ဌာန်းအမျိုးမျိုး ကိုယ်ကြိုက်တဲ့ ကမ္မာန်းကို အားထုတ်လို့ရတယ်၊ အထူးဖြင့်တော့ ဈာန်ကိုရစေနိုင်တဲ့ ကမ္မဋ္ဌာန်းမျိုးပေါ့၊ ကမ္မဋ္ဌာန်း ၄၀–ရှိပေမယ်လို့ ၄၀–လုံးက ဈာန်ကို ရစေနိုင်တာမဟုတ်ဘူး၊ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိတို့က ဈာန်ကို မရစေနိုင်ဘူး။

အဲဒီတော့ ဈာန်ရချင်တယ်ဆိုရင် ဈာန်ကိုရစေနိုင်တဲ့ ကမ္မဋ္ဌာန်းကို အားထုတ် ရမယ်၊ ကသိဏ်းရှုတယ်, ကသိဏ်း အားထုတ်တယ်ဆိုပါတော့၊ ကသိဏ်း အား ထုတ်တယ်ဆိုတော့ မြေကြီးကသိဏ်းလုပ်ပြီးတော့ အဲဒီကသိဏ်းကို ကြည့်ပြီးတော့ မြေကြီး မြေကြီးနဲ့ ဒီလိုပွားများရင်းကနေပြီးတော့ အဲဒီကသိဏ်း နိမိတ်ဟာ စိတ်ထဲမှာ ထင်လာမယ်၊ မျက်စိမှိတ်ကြည့်လိုက်ပေမယ်လို့ စိတ်ထဲမှာ ထင်လာ မယ်နော်၊ အဲဒီနိမိတ်ပေါ်မှာပဲ တစ်ခါထပ်ပြီးတော့ ပထဝီ, ပထဝီပေါ့လေ၊ မြေကြီး, မြေကြီး မြေကြီးနဲ့ ထပ်ပြီးတော့ ပွားများလိုက်တဲ့အခါကျတော့ အဲဒီ နိမိတ်ဟာ ပိုပြီးတော့ ကြည်လင်သန့်ရှင်းပြီးတော့ လာတယ်၊ အရောင်ရှိလာတယ်၊ အဲဒီနေရာက နေပြီးတော့ စိတ်ဟာ ငြိမ်ပြီးတော့ နီဝရဏဆိုတဲ့ တရားတွေ ကင်းသွားတဲ့အချိန်မှာ ပထမဈာန်စိတ်ဆိုတာဖြစ်တာ။

အဲဒီလိုဖြစ်တဲ့အခါကျတော့ အဲဒီဈာန်စိတ်က ဘယ်လို အာရုံပြုသလဲဆိုရင် ခုနက ကသိုဏ်းပညတ်ကို အာရုံပြုတယ်၊ အဲဒီဟာက ပညတ်ဖြစ်သွားပြီ၊ ပရမတ် မဟုတ်တော့ဘူး၊ စိတ်ထဲမှာဟို conjure လုပ်ပြီးတော့ ပေါ်လာတဲ့ဟာမျိုးပေါ့လေ၊ စိတ်ထဲမှာ ပေါ်လာတဲ့ အခြင်းအရာသဏ္ဍာန်ဆိုတော့ ပညတ်, အဲဒီ ကသိုဏ်းပညတ်ကို အာရုံပြုမယ်။

အဲဒီတော့ ရူပါဝစရကုသိုလ်စိတ်ဟာ ကုသိုလ်ဖြစ်ဖြစ်, ဝိပါက်ဖြစ်ဖြစ်, ကြိယာဖြစ်ဖြစ်ပေါ့လေနော်၊ ရူပါဝစရစိတ်ဟာ အဲဒီလို ကသိုဏ်း ပညတ်ရင်လည်း အာရုံပြုတယ်၊ သို့မဟုတ် အသုဘကမ္မဋ္ဌာန်း ပွားများလို့ ပထမဈာန်ရတယ်ဆိုရင် လည်းပဲ ဒီအသုဘကောင်ကြီးကို အာရုံပြုတယ်ပေါ့နော်၊ သို့မဟုတ်လို့ ၃၂-ကောဋ္ဌာသ ကေသာလောမာ ပွားများပြီးတော့ ပထမဈာန်ရတယ် ဆိုရင်လည်းပဲ ဒီ ကေသာလောမာ စတဲ့ဟာကို အာရုံပြုတယ်ပေါ့ စသည်ဖြင့် ဒီလိုသွားတယ်။

ဒါကြောင့်မို့ အဲဒီလို ပညတ်အမျိုးမျိုးကို အာရုံပြုတာ, သူတို့က ပရမတ်ကို အာရုံမပြုဘူး၊ (ဈာန်စိတ်တွေဟာ)။

ထို့အတူပဲ, ပထမ အရူပါဝစရစိတ်က ကောင်းကင်ပညတ်ကို အာရုံပြုတယ်၊ တတိယအရူပါဝစရစိတ်က နတ္ထိဘောပညတ်ကို အာရုံပြုတယ်၊ မရှိခြင်း, နတ္ထိဘော ဆိုတာလည်း ပညတ်ပဲ၊ ဒါကြောင့်မို့ ရူပါဝစရစိတ် ၁၅-ခုစလုံးနှင့် ပထမ အရူပါ ဝစရ စိတ် ၃-ခု၊ တတိယ အရူပါဝစရစိတ်၊ ၃-ခုပေါင်း ၂၁ ခုက ပညတ်ကို အာရုံပြုတယ်၊ ဒီလောက်ပဲ မှတ်ထားဦး။

ပညတ်တွေရဲ့ အကျယ်က ကမ္မဋ္ဌာန်းပိုင်းရောက်သွားမှ ပိုပြီးတော့ ရှင်းလိမ့်မယ် နော်၊ အခုတော့ ပညတ်ကို အာရုံပြုတယ်၊ ဒီလောက်ပဲမှတ်ထား၊

နောက်တစ်ခါ လောကုတ္တရာစိတ် ၈-ခု, သူက နိဗ္ဗာန်ကိုအာရုံပြုတယ်၊ နိဗ္ဗာန်ကို တကယ်တိုက်ရိုက် အာရုံပြုနိုင်တာက ဒီလောကုတ္တရာစိတ် ၈-ပါးပဲ၊ ဒီကာမာဝစရ ကုသိုလ်စိတ်နဲ့ အာရုံပြုတယ်ဆိုတာက မှန်းဆပြီးတော့ အာရုံပြုတာ။

ကောင်းပြီ အဲဒီတော့ ဒါဟာ အာရုံနှင့် စိတ်နဲ့တွဲတာပေါ့နော်၊ အခု အာရုံနဲ့ စိတ်နဲ့ ဟပ်လိုက်ပြီ၊ အဲဒီတော့ အာရုံတွေကို တစ်ခေါက်ပြန်ကြည့်လိုက်စမ်း၊

ပစ္စုပ္ပန် ရူပါရုံ, ပစ္စုပ္ပန် သဒ္ဒါရုံ, ပစ္စုပ္ပန် ဂန္ဓာရုံ, ပစ္စုပ္ပန် ရသာရုံ, ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ၊ ပစ္စုပ္ပန်အာရုံ ၅-ပါး၊ အဲဒီလိုရှိတော့ ရူပါရုံဆိုတာ ရုပ်ပဲ မဟုတ်ဘူးလား၊ သဒ္ဒါရုံဆိုတာကောရုပ်ပဲနော်၊ ရုပ်ဆိုတာ Matter ပြောတာ ဂန္ဓာရုံဆိုတာလည်း ရုပ်ပဲ, ရသာရုံဆိုတာလည်း ရုပ်ပဲ, ဖောဋ္ဌဗ္ဗာရုံဆိုတာလည်း ရုပ်ပဲ။

အဲဒီတော့ ရုပ်တရားဖြစ်ရင် ကာမအာရုံလား?၊ မဟဂ္ဂုတ်အာရုံလား?၊ နိဗ္ဗာန်လား?၊ ရုပ်တရားဟာ ဘယ်ထဲပါလဲ, ကာမထဲပါတယ်၊ သေသေချာချာ မှတ်ထားနော်၊ အဲဒီတော့ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် စက္ခုဝိညာဏ်ဒွေး သည် ကာမတရားကို အာရုံပြုတယ်လို့ ပြောလို့ရတယ်၊ သောတ ဝိညာဏ်ဒွေး၊ ဃာနဝိညာဏ် ဒွေး, ဇိဝှါဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေး, မနောဓာတ် ၃–ခု၊ ကာမတရားကို အာရုံပြုတယ်လို့ပြောရင် ရတယ်နော်။

ကောင်းပြီ၊ တစ်ခါ သန္တီရဏစိတ် ၃–ခုရယ်, ဟသိတုပ္ပါဒ်စိတ်, ၁– ခုရယ်, ကာမဝိပါက်စိတ် ၈–ခုရယ်, ၁၁–ခု သူကလည်း ကာမစိတ် စေတသိက်ရုပ် ဆိုတော့ ကာမတရားကို အာရုံပြုတယ်ပေါ့။

ကောင်းပြီ၊ နောက်တစ်ခုကြည့်လိုက်စမ်း၊ အကုသိုလ်စိတ် ၁၂–ခု၊ ဉာဏ ဝိပ္ပယုတ် ကာမာဝစရဝိပါက်စိတ် ၄–ခု၊ ဉာဏဝိပ္ပယုတ် ကာမာဝစရဝိပါက်စိတ် ၄–ခု၊ ဉာဏဝိပ္ပယုတ် ကာမာဝစရကြိယာစိတ် ၄–ခု၊ ပေါင်း–၂၀, သူတို့က လောကီစိတ်, စေတသိက်, ရုပ်ပညတ်, ဆိုတော့ကို ကာမတရားထဲ ပါတယ်, မဟဂ္ဂုတ်တရားရော ပါတယ်နော်၊ လောကုတ္တရာမပါဘူး၊ အဲဒီတော့ ကာမတရား ပါတယ်၊ မဟဂ္ဂုတ်တရားပါတယ်။

ကိုင်း– နောက်တစ်ခုကြည့်လိုက် ဉာဏသမ္ပယုတ်ကာမာဝစရ ကုသိုလ်စိတ် ၄–ခု၊ ကုသိုလ်အဘိညာဏ် ၁–ခု၊ ကုသိုလ်အဘိညာဏ်ဆိုတာ ကုသိုလ်ပဉ္စမဈာန်ကို ခေါ်တာ၊

အဲဒီ ၅–ခုက အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်တဲ့စိတ်–၈၇, စေတသိက် ရုပ်, နိဗ္ဗာန်, ပညတ်ဆိုတော့ ကာမတရားကိုလည်း အာရုံပြုတယ်၊ မဟဂ္ဂုတ်တရား ကိုလည်း အာရုံပြုတယ်၊ လောကုတ္တရာ နိဗ္ဗာန်ကိုလည်း အာရုံပြုတယ်၊ ပညတ်ကိုလည်း အာရုံပြုတယ်။

နောက် အစုကို ကြည့်လိုက်စမ်း၊ ဉာဏသမ္ပယုတ် ကြိယာစိတ် ၄–ခု၊ ကြိယာအဘိညာဏ်–၁၊ ဝုဋ္ဌော–၁၊ အားလုံး ၆၊ သူတို့ကတော့ ရှိသမျှ အာရုံပြုတယ်၊ ရှိသမျှ အာရုံပြုတယ်ဆိုသဖြင့် ကာမ, မဟဂ္ဂုတ်, နိဗ္ဗာန်, ပညတ်, အားလုံး အာရုံပြုတာ။

ကောင်းပြီ, ဒုတိယနှင့် စတုတ္ထအရူပစိတ် ၃–ခုစီ ဆိုတော့ ၆–ခု၊ ဘယ်ကို အာရုံပြုလဲ၊ မဟဂ္ဂုတ်တရားကိုပဲ အာရုံပြုတယ်။

ရူပစိတ် ၁၅–ခု ပဌမ တတိယ အရူပါဝစရစိတ် အားလုံး ၂၁–က ပညတ်

ကို အာရုံပြုတယ်နော်၊ လောကုတ္တရာစိတ် ၈–ခုက နိဗ္ဗာန်အာရုံပြုတယ်၊ ဟုတ်ပြီလား၊ ကောင်းပြီ နည်းနည်းလေး exercise လုပ်လိုက်ကြအောင်။

အဲဒီတော့ အခု အာရုံ ကြည့်လိုက်ရင် ကာမတရားသက်သက် အာရုံရှိတယ်၊ ကာမနှင့် မဟဂ္ဂုတ်ရော နေတာရှိတယ်၊ ကာမ,မဟဂ္ဂုတ်,လောကုတ္တရာ နိဗ္ဗာန် ရောနေတာတွေရှိတယ်။

အဲဒီတော့ မေးမယ်, ကာမတရားကိုသာ အာရုံပြုတဲ့စိတ် မဟဂ္ဂုတ်ပါနေရင် မလိုချင်ဘူး၊ လောကုတ္တရာပါနေရင် မလိုချင်ဘူး၊ ပညတ်ပါနေရင် မလိုချင်ဘူး၊ အဲဒီတော့ ဘယ်လောက်လဲ, ကာမတရားကိုသာ အာရုံပြုတဲ့စိတ်၊ ၁၀–ရယ်၊ ၃–ရယ်၊ ၁၂–ရယ်၊ အားလုံးဘယ်လောက်လဲ,၂၅–နော်၊ ကာမတရားကိုသာ အာရုံပြုတဲ့စိတ်, တခြားဟာ မပါဘူး။

ကောင်းပြီ, မဟဂ္ဂုတ်တရားသက်သက်ကိုသာ အာရုံပြုတဲ့စိတ် ၆–ခုပဲရှိတယ်။

နိဗ္ဗာန် သက်သက်ကိုသာ အာရုံပြုတဲ့စိတ် ၈–ခုပဲရှိတယ်။

ပညတ်သက်သက်ကိုသာ အာရုံပြုတဲ့စိတ် ၂၁–ပါးရှိတယ်၊

ဒါဖြင့်ရင် ၂၀–ရယ်၊ ၅–ရယ်၊ ၆–ရယ်၊ ဒီ ၃–ခုကနော်, သူက အရောရော အနှောနှောဖြစ်မှာပေါ့၊ ကာမကို ရံခါ အာရုံပြုတယ်လို့ ဆိုနိုင်တာပေါ့၊

မဟဂ္ဂုတ်ကို ရံခါအာရုံပြုတယ်နော်၊ ပြီးတော့ အဲဒီထဲမှာ ၅–နှင့် ၆–က နိဗ္ဗာန်ကို ရံခါအာရုံပြုတယ်၊ ကောင်းပြီ၊ အဲဒီတော့ ပြန်လုပ်ကြရအောင်၊ ကာမတရားကို ရံခါ အာရုံပြုတဲ့စိတ်၊ ကာမတရားကို ရံခါဆိုတော့ ကာမတရား သက်သက် မဟုတ်ဘူးလို့ ဆိုလိုတယ်နော်၊ ကာမတရားလည်းပါတယ်၊ တခြားဟာတွေလည်း အာရုံပြုတယ်ဆိုရင် ၂၀–ရယ်၊ ၅–ရယ်၊ ၆–ရယ်၊ ၃၁–ကောင်းပြီ၊ ကာမသက်သက် ကိုသာ အာရုံပြုတယ်ဆိုရင်–၂၅။

မဟဂ္ဂုတ်တရား သက်သက်ကို အာရုံပြုတဲ့စိတ် ၆–ခု၊ မဟဂ္ဂုတ်တရားကိုပါ အာရုံပြုတဲ့စိတ် မထူးဘူး၊ ၂–ရယ်၊ ၅–ရယ်၊ ၆–ရယ်, ၂၀–ထဲမှာ မဟဂ္ဂုတ်တရား မပါဘူးလား၊ လောကီစိတ် ၈၁–ထဲလည်းပါတာပဲ၊ စိတ် ၈၇–ထဲလည်းပါတာပဲ၊ စိတ် ၈၉–ထဲလည်းပါတာပဲ၊ ဒါဖြင့်ရင် မဟဂ္ဂုတ်တရားကိုသာ အာရုံပြုစိတ်ဆိုရင် ၂၀–၅–၆ ဟုတ်ပြီ၊ ကာမမဟဂ္ဂုတ်။

ပညတ်ကိုသာ အာရုံပြုတဲ့စိတ်, ဒါပဲ၊ ၂၀+၅+၆ ပဲ။

နိဗ္ဗာန်သက်သက်ကိုသာ အာရုံပြုတဲ့စိတ် ၈–ပါး၊ နိဗ္ဗာန်ကိုပါ အာရုံပြုတဲ့စိတ် ၁၁–ပါး၊ ၂၀–ပါနိုင်သေးရဲ့လား၊ မပါနိုင်ဘူး၊ အဲဒီတော့ ၅+၆ ရယ် ၁၁–ပါး၊

**မေး** – ဝုဋ္ဌောက ဘုရားမှာသာဖြစ်တယ်ဆိုတာ ထပ်ရှင်းပြပေးပါဘုရား။

**ဖြေ** – ဝုဋ္ဌောက ဘုရားမှာဖြစ်တယ် ဆိုတာက ဒီလို အာရုံအားလုံးကို အာရုံပြုတယ် ဆိုရင်တော့ ဘုရားမှာဖြစ်တာပဲ ဖြစ်ရမယ်၊ ဉာဏသမ္ပယုတ် ကာမာဝစရ ကြိယာကလည်း ဘုရားမှာဖြစ်တာပဲ၊ ကြိယာအဘိညာဏ်ကလည်း မြတ်စွာ ဘုရားမှာ ဖြစ်တာပဲ၊ အဲဒါမှသာ အာရုံအားလုံးကို အာရုံပြုနိုင်မှာ။

**မေး** – မြတ်စွာဘုရားမှာ လောကီစိတ် လုံးဝ ကင်းစင်သွားပါပြီလား။

**ဖြေ** – မြတ်စွာဘုရားရဲ့ သန္တာန်မှာလည်း လောကီစိတ်တွေ ဖြစ်သေးတာပဲ၊ တရား ဟောနေတာတို့ ဘာတို့ဆိုတာ လောကီစိတ်ပဲ၊ လောကီစိတ်နဲ့ဟောတာ, လောကုတ္တရာစိတ်နဲ့ဟောတာ မဟုတ်ဘူး၊ မြတ်စွာဘုရားက အာရုံပြုတဲ့အခါ ကျတော့ အကုန်လုံးပေါ့လေ၊ ဘာမှ မကျန်အောင် ရှိရှိသမျှ အာရုံပြုနိုင်တယ်၊ ပြီးတော့ အဲဒီမှာလည်းပဲ ဒီလိုရှိသေးတယ်၊ အာရုံပြုတဲ့အခါမှာ သိတာကို ဆိုလိုတာ, အမြဲတမ်းသိနေတယ်လို့လည်း မဆိုလိုဘူး၊ အာရုံတွေ အကုန်လုံး ချည်းကို တစ်ခါတည်း တစ်ပြိုင်နက်တည်းသိတယ်လို့လည်း မဆိုလိုဘူး၊ ပရမတ္ထသဘောတရားအရက စိတ်တစ်ခု အာရုံတစ်ခုပဲရှိရမှာ၊

ကာမရော, မဟဂ္ဂုတ်ရော, လောကုတ္တရာရော အကုန်လုံးပြုပြီးတော့ ဒီစိတ် ၁–ခုထဲက အားလုံးအာရုံပြုတဲ့စိတ်ထဲက ဉာဏသမ္ပယုတ် ကာမာဝစရကြိယာစိတ် ၄–ခုရှိတယ်၊ အဲဒီထဲက စိတ် ၁–ခုက ခုနက ကာမမဟဂ္ဂုတ်, လောကုတ္တရာ အကုန်လုံးကို တစ်ပြိုင်နက် အာရုံပြုတာမဟုတ်ဘူး၊ တစ်ခုစီပေါ့၊ သဗ္ဗညုတဉာဏ် ဆိုတာလည်း အဲဒါပဲ၊ အကုန်လုံးကို သိနိုင်တယ်ဆိုတာ အကုန်လုံးကို အခု တစ်ခု တည်းမှာ သိနေတာကို ဆိုလိုတာမဟုတ်ဘူး၊ သိချင်တဲ့အခါမှာသိတာ၊ အဲသလို သိတဲ့အခါကျတော့ အကုန်သိတာ, သိနိုင်တာ၊ ဘယ်လိုဟာမှ မကျန်ဘူးဆိုပါ တော့လေ၊ အဲဒီလို တစ်ပြိုင်နက်သော ခဏမှာ အားလုံးသိတယ်ဆိုတာ မဟုတ်နိုင်ဘူး။

အဲဒီတော့ ကာမကိုသာ အာရုံပြုတာကို ဦးဇင်းတို့ ဘုန်းကြီးအသုံးအနှုန်းဖြင့် ကေန်အာရုံပြုတယ်လို့ ဆိုလိုတယ်။

ကာမလည်းပါတယ်၊ တခြားဟာလည်းပါတယ်၊ အာရုံပြုတာမျိုးကျတော့ အနေကန် အာရုံပြုတယ်လို့ခေါ်တယ်၊ အဲဒါကြောင့်မို့လို့ ကာမကေန်, ကာမအနေကန် အဲဒီလို ဦးဇင်းတို့ သုံးလိမ့်မယ်၊ နောက်တစ်ခေါက်ဆိုရင်တော့ အဲဒါ အကျယ် အများကြီး သွားမယ်, ဒီတစ်ခေါက်တော့ မသွားသေးဘူး။

ကာမကို ကေန် အာရုံပြုတဲ့စိတ် ဘယ်လောက်ရှိသလဲ–၂၅။

အနေကန် အာရုံပြုတဲ့စိတ် –၃၁
– မဟာဂ္ဂုတ်ကေန် – ၆, မဟာဂ္ဂုတ်အနေကန် –၃၁
– ပညတ်ကေန် –၂၁, ပညတ်အနေကန် –၃၁
– နိဗ္ဗာန် ကေန် –၈, နိဗ္ဗာန် အနေကန် –၁၁
အဲသလိုသွားရမယ်။

ဒါက ကာမမဟာဂ္ဂုတ်, နိဗ္ဗာန်,ပညတ်ခွဲရုံရှိသေးတာနော်၊ ပစ္စုပ္ပန်အတိတ် အနာဂတ်ခွဲတာ ရုပ်နာမ်ခွဲတာနဲ့အများကြီးရှိသေးတယ်၊ နေပေစေဦး၊ အဲဒါရှုပ်ကုန် လိမ့်မယ်။

ဒီလောက်ဆိုရင် အာရုံ အာရမ္မဏိက တော်တော်လေး ခေါက်မိလောက်ပြီ၊ ဒါက အခု သင်္ဂြိုဟ်ကျမ်းမှာ ပြထားတဲ့ အစဉ်အတိုင်း ဇယားကွက်ကို ပြထားတာ အဲဒီ(chart)ကိုကြည့်ပြီး စိတ်တစ်ခုစီ တစ်ခုစီရဲ့ အာရုံကို ပြောကြစမ်း၊ အဲဒီတော့ ပထမအတန်း အကုသိုလ်စိတ်။

အကုသိုလ်စိတ် ဘယ်ကို အာရုံပြုသလဲ၊ လောကီစိတ် ၈၁, စေတသိက် ၅၂, ရုပ်, ပညတ်, လောကုတ္တရာမှတပါး အားလုံးပေါ့။

ဟုတ်ပြီ အဟိတ်စိတ်ထဲ သွားလိုက်စမ်း၊ စက္ခုဝိညာဏ်ဒွေး၊ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်။

– သောတဝိညာဏ်ဒွေး ပစ္စုပ္ပန် သဒ္ဒါရုံ
– ဃာနဝိညာဏ်ဒွေး ပစ္စုပ္ပန် ဂန္ဓာရုံ
– ဇိဝှါဝိညာဏ်ဒွေး ပစ္စုပ္ပန် ရသာရုံ
– ကာယဝိညာဏ်ဒွေး ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ
– သမ္ပဋိစ္ဆိုင်းဒွေး ပစ္စုပ္ပန်အာရုံ ၅–ပါး
– သန္တီရဏ ၃–ခု ကာမစိတ်–၅၄ စေတသိက်–၅၂, ရုပ်–၂၈၊
– ပဉ္စဒွါရာဝဇ္ဇန်း ဘယ်ကို အာရုံပြုသလဲ, ပစ္စုပ္ပန် အာရုံ ၅–ပါး
– မနောဒွါရာဝဇ္ဇန်း ဘယ်ကိုအာရုံပြုသလဲ, အာရုံအားလုံးပေါ့ မနောဒွါရာ ဝဇ္ဇန်းဆိုတာနဲ့ ဝုဋ္ဌောဆိုတာနဲ့ အတူတူပဲ၊
– ဟသိတုပ္ပါဒ် ဘယ်အာရုံပြုသလဲ၊ ကာမတရားကို အာရုံပြုတယ်နော်၊

ကာမာဝစရ သောဘန ၂၄–ထဲက ကုသိုလ်စိတ် ၈–ပါး၊ အဲဒီ ကုသိုလ်စိတ် ၈–ပါးထဲက ဉာဏသမ္ပယုတ် ၄–ပါး၊ ဉာဏဝိပ္ပယုတ် ၄–ပါး ခွဲကြစို့၊ ဉာဏ သမ္ပယုတ် ၄–ပါး ဘယ်ကို အာရုံပြုသလဲ, စိတ် ၈၇, စေတသိက် ၅၂, ရုပ် ၂၈

နိဗ္ဗာန်, ပညတ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်, ကြဉ်တာ၊

– ကာမာဝစရ ကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် ၄–ပါး၊ လောကီစိတ် ၈၁, စေတသိက် ၅၂, ရုပ်–၂၈ ပညတ်၊

– ကာမာဝစရဝိပါက်စိတ် ၈–ပါး ဘယ်ကို အာရုံပြုတုန်း၊ ဘယ်ထဲပါတုန်း၊ ၁၂–ထဲမပါဘူးလား၊ ကာမစိတ်, စေတသိက်, ရုပ်။

ကာမာဝစရ ကြိယာစိတ်သွားမယ်, ဉာဏသမ္ပယုတ်စိတ် ၄–ပါး၊ ဘယ်ကို အာရုံပြုသလဲ၊ အာရုံ အားလုံး အာရုံပြုတယ်နော်၊

– ကာမကြိယာ ဉာဏဝိပ္ပယုတ်စိတ် ၄–ပါး၊ ဘယ်ကို အာရုံပြုတုန်း, လောကီစိတ်, စေတသိက်, ရုပ်, ပညတ်၊

– ရူပါဝစရ ကုသိုလ်စိတ် ၅–ပါး, ပညတ်, ဝိပါက်စိတ် ၅–ပါး, ပညတ်, ကြိယာစိတ် ၅ပါး, ပညတ်၊

အရူပါဝစရစိတ် ပဌမစိတ် ၃–ပါး၊ အာကာသာနဉ္စာ ယတနစိတ် ၃–ပါး ပညတ်အာရုံပြုတယ်၊ ဒုတိယစိတ် ၃–ပါး, မဟဂ္ဂုတ် အာရုံပြုတယ်၊ တတိယစိတ် ၃–ပါး, ပညတ်အာရုံပြုတယ်၊ စတုတ္ထစိတ် ၃–ပါး, မဟဂ္ဂုတ်အာရုံပြုတယ်၊ လောကုတ္တရာစိတ် ၈–ပါး ပြောပြော ၄၀–ပြောပြော နိဗ္ဗာန်အာရုံပြုတယ်၊ အဲဒါကို အစက်အပြောက်တွေ ကြည့်ပြီးတော့ ပြောနိုင်အောင် ကြိုးစားရမယ်နော်၊

အဲဒါက ဒွါရမှာဖြစ်တဲ့စိတ်နဲ့ ပတ်သက်ပြီးတော့ ပြောနေတာနော်၊ အခု ဒီ စိတ်တွေဟာ စက္ခုဝိညာဏ်ဒွေးဆိုရင် စက္ခုဒွါရမှာဖြစ်တယ်၊ သောတဝိညာဏ်ဒွေး ဆိုရင် သောကတဒွါရမှာဖြစ်တယ် စသည်ဖြင့် သွားလိုက်တဲ့အခါမှာ ဒွါရမှာဖြစ်တဲ့ စိတ်တွေရဲ့ အာရုံကို သူပြောနေတာ။

ဒါပေမယ်လို့ တချို့စိတ်တွေက ဒွါရမှ လွတ်တဲ့အခါ လွတ်သေးတယ်၊ အမြဲတမ်း လွတ်တဲ့စိတ်လည်းရှိတယ်၊ ရံခါလွတ်တဲ့စိတ်လည်းရှိတယ်၊ ဒွါရသင်္ဂဟ တုန်းက ပြောခဲ့ပြီနော်၊ ရံခါလွတ်တဲ့စိတ်က ဘာစိတ်တဲ့တုန်း ၁၀–ခုရှိတယ်နော်၊ အမြဲတမ်း လွတ်တဲ့စိတ်က ၉–ခုရှိတယ်။

အဲဒီတော့ ရံခါလွတ်ပြီးတော့ ရံခါဖြစ်တဲ့စိတ်တွေနဲ့ ပြောမယ်ဆိုရင် အကုန် ရံခါလွတ်တာလည်းပါတယ်၊ အမြဲတမ်း လွတ်တာလည်းပါတယ်၊ ဒွါရဝိမုတ် စိတ်အားလုံး ဘယ်လောက်ရှိလဲ၊ ၁၉–ခု ရှိတယ်နော်၊ ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်တဲ့စိတ်မှန်ရင် ဒွါရဝိမုတ်စိတ်တဲ့၊ အဲဒီတော့ ဒွါရမှာဖြစ်တဲ့အခါမှာ သူတို့က အာရုံတစ်မျိုးပြုတယ်၊ ဒွါရမှလွတ်တဲ့အခါမှာ သူတို့က အာရုံတစ်မျိုးပြုတယ်၊

အာရုံတစ်မျိုးဆိုတာ အခေါ်အဝေါ် တစ်မျိုးဖြစ်သွားတယ်၊ ဒွါရမှ လွတ်တဲ့အခါ (သို့မဟုတ်) ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်တဲ့အခါကျတော့ သူတို့ရဲ့ အာရုံကို တစ်မျိုးခေါ်တယ်နော်၊ အမှန်ကတော့ ဒီအာရုံ ၆-ပါးထဲကတော့ ၆-ပါးထဲကပဲ။

ဒါပေမယ်လို့ သူတို့ကို (technical) တစ်မျိုးနဲ့ခေါ်တယ်၊ ကံတဲ့, သို့မဟုတ် ကမ္မနိမိတ်တဲ့, သို့မဟုတ် ဂတိနိမိတ်တဲ့, အဲဒီလိုခေါ်ပြီးတော့ ပဋိသန္ဓေ ဘဝင်တွေနဲ့ လုပ်ရလိမ့်ဦးမယ်နော်၊ အဲဒါကတော့ နည်းနည်းရှုပ်တယ်၊ ရှုပ်တာက ဘာကြောင့်လဲ ဆိုတော့ ဝီထိကိုလည်း နားလည်ဦးမှဖြစ်မှာနော်၊ ဒီဘဝနဲ့ ဟိုဘဝ နားလည်ဦးမှဖြစ်မှာ အဲဒီတော့ နည်းနည်းရှုပ်တယ်၊ သို့သော် ဒါလုပ်လိုက်ဦးမယ်ဆိုတာ ဒီအပတ်တုန်းက သိထားရင် နည်းနည်းလေး နွေးပြီးသား ဖြစ်သွားမယ်နော်။

အဲဒီတော့အခုပြောခဲ့တာတွေက ဒွါရမှာဖြစ်တဲ့အခိုက်မှာ သူတို့ပြုတဲ့ အာရုံကို ပြောခဲ့တယ်၊ ဒီစိတ်တွေထဲမှာ သန္တီရဏစိတ် ၃-ခု ဆိုပါတော့၊ သန္တီရဏစိတ် ၃-ခုထဲက ဥပေက္ခာသန္တီရဏ ၂-ခုဟာ ပဋိသန္ဓေဘဝင်စုတိ ကိစ္စတပ်တယ် မဟုတ်ဘူးလား၊ အဲဒီလို ပဋိသန္ဓေဘဝင်စုတိကိစ္စတင်ရင် သူတို့က ဒွါမှ လွတ်သွားပြီ။

မဟာဝိပါက်စိတ် ၈-ဟုတ်လား၊ ပဋိသန္ဓေဘဝင် စုတိ ကိစ္စတပ်ရင် ဒွါရမှ လွတ်သွားပြီ။

မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ခု အမြဲတမ်းကို ဒွါရမှ လွတ်နေပြီ၊ အဲဒီလို လွတ်တဲ့အချိန်အခါမှာ သူတို့ ဘာတွေကို အာရုံပြုသလဲ, အာရုံကတော့ ရှိကိုရှိရတယ်၊ ဒွါရဝိမုတ် ပြောလိုက်တာနဲ့ သူတို့မှာ အာရုံမရှိဘူးလို့ ဒီလိုမမှတ်ရဘူး၊ အာရုံရှိတယ်၊ အဲဒီ အာရုံကျတော့ ဘာလို့ ခေါ်သလဲ၊ ကံ သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်လို့ အဲသလို ခေါ်တယ်၊ ဒါ နောက်စာရွက်က အဲဒါပြတာ။

ဒါကြောင့်မို့ ဒွါရဝိမုတ်စိတ်တို့ရဲ့ အာရုံကို တကယ်နားလည်ချင်ရင် မရဏာသန္နနှင့် ပဋိသန္ဓေဝီထိကို နားလည်ရမယ်၊ ဝီထိပိုင်းမှ မရောက်သေးဘူး ဘုံပိုင်းမှ မရောက်သေးပဲ၊ ဒါကြီး လေ့လာနေမယ်ဆိုရင်တော့ အတော်တော့ခက်တယ်၊ ဒါပေမယ်လို့ ဒါနားလည်ရင် ဒီဘဝတစ်ခုနဲ့ တစ်ခုကူးတာတွေကိုလည်း နားလည် သွားမယ်၊ အယူအဆမမှားတော့ဘူး၊ သို့မဟုတ်ရင် ဒီနေရာမှာ အလွဲအမှားတွေ အလွန်ပြောမိတတ်တယ်။

ဒွါရမှ လွတ်နေတဲ့အခါမှာ ကျဉ်းကျဉ်းလေး မှတ်ထားဖို့ကတော့ အဲဒီစိတ် တွေသည် ကံဖြစ်စေ, ကမ္မနိမိတ်ဖြစ်စေ, ဂတိနိမိတ်ဖြစ်စေ, ဒီ ၃-မျိုးထဲက တစ်မျိုးမျိုးကို အာရုံပြုတယ်လို့ ဒီလို မှတ်ရမယ်။

အဲဒီတော့ ဟို အောက်မှာ ရေးထားတဲ့ဟာလေး ပထမဖတ်လိုက်စမ်းပါ၊ ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉–ပါးသည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီးသော ဘဝဟောင်းက (ဒီဘဝမရောက်ခင် ရှေ့နားက immediate first ပေါ့နော်၊ အဲဒီဘဝဟောင်းက) ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော (ဆဒွါရိက ဆိုတာ ဒွါရ ၆–ပါးမှာဖြစ်တဲ့ မရဏာသန္နဇောဆိုတာ ရှိတယ်၊ သေခါနီးမှာစောတဲ့ဇောကို မရဏာသန္နဇောလို့ ခေါ်တယ်) အဲဒီ မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်သော်လည်းကောင်း၊ အတိတ်သော်လည်းကောင်းဖြစ်သော ပညတ်ဖြစ်သော ကံ သို့မဟုတ် ကမ္မနိမိတ် သို့မဟုတ် ဂတိနိမိတ်။

# အာရမ္မဏသင်္ဂဟ

| အာရုံပြုတတ်သောတရား | | | အာရုံအပြုခံတရား |
|---|---|---|---|
| စက္ခုဝိညာဏ် ) | ၂ | | ပစ္စုပ္ပန် ရူပါရုံ |
| သောတဝိညာဏ် ) | ၂ | | ပစ္စုပ္ပန် သဒ္ဒါရုံ |
| ဃာနဝိညာဏ် ) | ၂ | ၁၀ | ပစ္စုပ္ပန် ဂန္ဓာရုံ |
| ဇိဝှါဝိညာဏ် ) | ၂ | | ပစ္စုပ္ပန် ရသာရုံ |
| ကာယဝိညာဏ် ) | ၂ | | ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ |
| မနောဓာတ် | | ၃ | ပစ္စုပ္ပန် အာရုံငါးပါး (ပဉ္စာရုံ) |
| သန္တီရဏ ၃၊ ဟသိတုပ္ပါဒ် ၁<br>ကာမဝိပါက် ၈ | | ၁၂ | ကာမစိတ် ၅၄၊ စေ ၅၂၊ ရုပ် ၂၈၊ |
| အကုသိုလ်၁၂၊ဉာဏဝိပ်ကာမကု ၄<br>ဉာဏဝိပ်ကာမကြိ ၄ | | ၂၀ | လောကီစိတ် ၈၁၊ စေ ၅၂၊ ရုပ် ၂၈၊<br>ပညတ် |
| ဉာဏသံ ကာမကု ၄<br>ကုသိုလ် အဘိညာဏ် ၁ | | ၅ | စိတ် ၈၇(အရဟတ္တမဂ်ဖိုလ်ကြဉ်)၊<br>စေ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ် |
| ဉာဏသံ ကာမကြိ ၄<br>ကြိယာအဘိညာဏ် ၁၊ ဝုဋ္ဌော ၁ | | ၆ | စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊<br>ပညတ် (အာရုံအားလုံး) |
| ဒုတိယနှင့် စတုတ္ထ အရူပစိတ် | | ၆ | မဟဂ္ဂုတ(ပထမနှင့်တတိယအရူပစိတ်) |
| ရူပစိတ် ၁၅<br>ပထမနှင့် တတိယ အရူပ ၆ | | ၂၁ | ပညတ် |
| လောကုတ္တရာစိတ် | | ၈ | နိဗ္ဗာန် |

**အာရုံ ၆ ပါး –**

| | | | |
|---|---|---|---|
| ရူပါရုံ | အဆင်း၊ | ရသာရုံ | အရသာ၊ |
| သဒ္ဒါရုံ | အသံ၊ | ဖောဋ္ဌဗ္ဗာရုံ | အတွေ့အထိ |
| ဂန္ဓာရုံ | အနံ့ | ဓမ္မာရုံ | |

| | | | |
|---|---|---|---|
| ကာမအာရုံ | – ကာမစိတ် ၅၄၊ စေ ၅၂၊ ရုပ် ၂၈။ | ပသာဒရုပ် | ၅ |
| မဟဂ္ဂုတ်အာရုံ | – မဟဂ္ဂုတ်စိတ် ၂၇၊ စေ ၃၅။ | သုခုမရုပ် | ၁၆ |
| ပညတ် | – ပညတ် ၂၈။ | စိတ် | ၈၉ |
| လောကုတ္တရာ | – လောကုတ္တရာစိတ် ၈၊ စေ ၃၆၊ နိဗ္ဗာန် | စေတသိက် | ၅၂ |
| ကာလဝိမုတ် | – နိဗ္ဗာန်၊ ပညတ် | နိဗ္ဗာန် | ၁ |
| | | ပညတ် | ၂၈ |

# အဘိဓမ္မာသင်တန်း [၂၀]

## ပကိဏ်းပိုင်း

### အာရမ္မဏသင်္ဂဟအဆက်

ဒီနေ့ ၁၉၈၇–ခု ဖေဖော်ဝါရီလ ၂၇–ရက်နေ့ လွန်ခဲ့တဲ့အပတ်ကပြန်တော့ စပါရဲ့၊ ဒါပေမယ်လို့ နောက်ဟာပြန်ချေတာနဲ့ တိတ်ခွေမသွင်းတော့ဘူး။

နောက်ဆုံးအပတ်တုန်းက ဘာလေ့လာခဲ့သလဲဆိုတော့ အာရမ္မဏ သင်္ဂဟ, အာရုံတွေအကြောင်းကို လေ့လာခဲ့တာ, အာရုံ ၆–ပါးရယ်၊ ဘယ်စိတ်က ဘယ်ကို အာရုံပြုတယ်ဆိုတာတွေရယ်, ဒါ ဇယားကွက်နဲ့လုပ်ခဲ့ပြီ၊ အခု ဒီနေ့ ဘာလေ့လာမှာလဲ ဆိုတော့ ဒွါရဝိမုတ်စိတ်တို့၏ အာရုံတဲ့၊ ဒီနေ့ အရေးကြီးတယ်နော်၊ ခက်လည်း ခက်လိမ့်မယ်။

နောက်ဆုံးအပတ်တုန်းက လေ့လာခဲ့တာက (ဆိုပါတော့) စက္ခုဝိညာဏ်က ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်၊ သောတဝိညာဏ်က ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြုတယ် စသည်ဖြင့် လေ့လာခဲ့တယ်၊ အဲဒီလေ့လာခဲ့တာတွေက ဒွါရမှာဖြစ်တဲ့စိတ်တွေ၊ အဲဒီ ဒွါရမှာဖြစ်တဲ့စိတ်တွေရဲ့ အာရုံကို လေ့လာခဲ့တာ၊ ဒီနေ့ လေ့လာမှာက ဒွါရဝိမုတ်ဖြစ်တဲ့စိတ်တွေရဲ့ အာရုံကို လေ့လာမှာ။

ဒွါရဝိမုတ်စိတ်ဆိုတာ ဘယ်စိတ်တွေတုန်း၊ ဒွါရသင်္ဂဟ ပြန်ကြည့်လိုက်စမ်း၊ ဒွါရဝိမုတ်စိတ်ဆိုတာ ၆–ဒွါရမှ လွတ်တဲ့စိတ်တွေ ၁၉–ခုရှိတယ်။

သန္တီရဏဥပေက္ခာ ၂–ခုရယ်၊ ကာမာဝစရဝိပါက်စိတ် ၈–ခုရယ်၊ မဟဂ္ဂုတ် ဝိပါက်စိတ် ၉–ခုရယ်၊ အဲဒါတွေဟာ ကိစ္စသင်္ဂဟ ပြန်ကြည့်လိုက်စမ်း၊ ဘာကိစ္စ တပ်တုန်း၊ အဲဒီစိတ် ၁၉–ခုဟာ ပဋိသန္ဓိ, ဘဝင်, စုတိ၊ ဒီ ၃–ကိစ္စ မတပ်ဘူး လားနော်။

အဲဒီတော့ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ, ၃ –ကိစ္စတပ်တဲ့စိတ်တွေဟာ ဒွါရမှ လွတ်တယ်, ဒွါရဝိမုတ်စိတ်တွေ၊ အခု ဒီဒွါရဝိမုတ်စိတ်တွေရဲ့ အာရုံကို လေ့လာရမယ်။

ဒီတော့ အခု ဒွါရဝိမုတ်စိတ်တို့ရဲ့ အာရုံဆိုတဲ့ စာရွက်ကိုကြည့်၊ အောက်ဆုံးက စာပိုဒ်ကို ဖတ်လိုက်စမ်းပါ၊ ဘာတဲ့တုန်း။

**ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉–ပါးသည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီးသော ဘဝဟောင်းက ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆–ပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြု ကြသည်**တဲ့။

အဲဒီအပိုဒ်ကလေးကို နားလည်အောင်လေ့လာရမှာ၊ ဒွါရဝိမုတ်ဆိုတာ ဘာတွေလဲဆိုရင် ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်တဲ့ ၁၉–ပါး၊ အဲဒီ ၁၉ ပါးဟာ ဘယ်ကို အာရုံပြုသလဲဆိုရင် ဟို ကျော်ဖတ်လိုက်ရင်၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ် အပ်သော အာရုံ ၆–ပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြုတယ်တဲ့။

အာရုံ ၆–ပါးထိုက်သည့်အားလျော်စွာဆိုတော့ ရူပါရုံ အာရုံပြုချင်ပြုမယ်၊ သဒ္ဒါရုံ အာရုံပြုချင်ပြုမယ်ပေါ့လေ။

ကံ ကမ္မ နိမိတ် ဂတိနိမိတ်တဲ့ အဲဒီ ကံ ,ကမ္မနိမိတ်, ဂတိနိမိတ် လို့ခေါ်တဲ့ အာရုံကို အာရုံပြုတယ်တဲ့။

အဲဒီ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်က ဘယ်လိုဟာလဲ, သူက ပစ္စုပ္ပန်, အတိတ်, အနာဂတ် စသည်တို့တွင် ဘာလဲလို့ မေးလိုက်တော့ ပစ္စုပ္ပန်ရယ်, အတိတ်ရယ်, အနာဂတ် မရှိဘူးနော်၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်မှာ အနာဂတ် မရှိဘူး၊ ပစ္စုပ္ပန်ရှိမယ်, အတိတ်ရှိမယ်၊ တစ်ခါတစ်လေလည်းပဲ ပညတ်ရှိမယ်၊ ပညတ်က ကာလ ၃–ပါးမှ လွတ်တယ်နော်၊ ကာလဝိမုတ်လို့ခေါ်တယ်။

အဲဒီ ကံ ကမ္မနိမိတ် ဂတိနိမိတ်က ဘယ်က လာတာလဲဆိုတော့ (အခြားမဲ့ လွန်ခဲ့ပြီးသော ဘဝဟောင်းက ဆဒွါရိက မရဏာသန္နဇောသည် ယူပေးအပ်သော)တဲ့။

ဆဒ္ဒါရိက မရဏာသန္နဇောဆိုတာ ၆–ဒွါရမှာဖြစ်တဲ့ မရဏာသန္နဇော။

ဇောကိစ္စတပ်တဲ့ စိတ်တွေရော မှတ်မိသေးလား၊ ကုသိုလ်စိတ်တွေ, အကုသိုလ်စိတ်တွေ, ဖိုလ်စိတ်တွေ, ကြိယာစိတ်တွေ၊ ဒီမှာ ကုသိုလ် အကုသိုလ်ပဲ ဆိုကြပါစို့၊ အဲဒီ ဘဝဟောင်းက ၆–ဒွါရမှာဖြစ်တဲ့ မရဏာသန္နဇောသည် ယူပေးအပ်တဲ့ သို့မဟုတ် ယူအပ်တဲ့ ပစ္စုပ္ပန် အတိတ် အနာဂတ်ဖြစ်တဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်လို့ခေါ်တဲ့ အာရုံ ၆–ပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြုတယ်တဲ့။

အဲဒီတော့ ဒီဟာကို နားလည်ဖို့ရာ မရဏာသန္နဝီထိကို နားလည်မှဖြစ်မယ်၊ ဒါကြောင့်မို့ အထက်ကပုံက မရဏာသန္နဝီထိရဲ့ပုံလုပ်ထားတယ်၊ ဒါဟာ မရဏာသန္နဝီထိတွေအများကြီးထဲက (အလွယ်ဆုံးဆိုပါတော့) အလွယ်ဆုံးတစ်ခု ထုတ်ထားတယ်။

အဲဒီ အလွယ်ဆုံး တစ်ခုမှာ သေသေချာချာ ကြည့်လိုက်ရင် ဘာတွေလဲ ပထမဆုံး ဝလုံးလေး ၃–လုံးဘာမှ မပါဘူးနော်၊ ပြီးတော့ပဋိသန္ဓေတဲ့, ဝလုံးဘာမှ မပါတာကထားတော့၊ ဋိ ဆိုတာက ပဋိသန္ဓေ၊ ဘ ဆိုတာ ဘဝင်၊ အစက်ကလေး ၃–ခု ပြထားတာက ဒီကြားမှာ ဘဝင်တွေများစွာပေါ့လေ၊ မရေ မတွက်နိုင်အောင် ဘဝင်တွေရှိခဲ့မယ်၊ ဘာလို့တုန်းဆိုရင် ပဋိသန္ဓေဆိုတာ ဘဝတစ်ခုရဲ့ အစမို့လား၊ ဘဝတစ်ခုအစကနေပြီးတော့လာခဲ့တာ အခု ဟိုဘက်မှာ ဘဝအဆုံးရဲ့ ဝီထိကိုပြတာ။

ဒါကြောင့်မို့ ဒီအစက်ကလေး ၃–စက်ဟာ တစ်ဘဝလုံးကို ဆိုလိုတယ်၊ ပဋိသန္ဓေတည်ပြီးတဲ့နောက် ဘဝင်၊ ဘဝင်တွေ အများကြီးဖြစ်၊ အဲဒီကြားမှာ ရိုးရိုးဝီထိတွေဖြစ်၊ ဝီထိဆိုတာ နောက်တော့နားလည်လိမ့်မယ်၊ အခုတော့ နားလည်ချင်မှလည်ဦးမှာ ဟုတ်လား၊ စတုတ္ထပိုင်းကျတော့ ဝီထိနားလည်လိမ့်မယ်။

နောက်ဆုံး သေတော့မယ်ဆိုတဲ့ အခါကျတော့ ဟောဒီ မရဏာသန္နဝီထိဆိုတာ ဖြစ်တယ်၊ အဲဒီ မရဏာသန္နဝီထိ အမျိုးမျိုးရှိရာတို့တွင် ဒီမှာ နားလည်လွယ်ရုံ လုပ်ထားတယ်။

ဘာတဲ့တုန်း, မရဏာသန္နဝီထိဖတ်လိုက်စမ်း၊ ဘဝင်, ဘဝင်ပြီးတော့တီတဲ့၊ ဒါက အတီတဘဝင်လို့ ဆိုလိုတယ်၊ အတီတ ဆိုတာ လွန်သွားတဲ့ဘဝင်။

န ငယ်ကျတော့ကို ဘဝင်္ဂစလန နော်၊ လှုပ်တဲ့ဘဝင်တဲ့၊ လွန်တဲ့ဘဝင်ရယ်၊ လှုပ်တဲ့ဘဝင်ရယ်။

ဒ ဒွေးကျတော့ကို ဘဝင်္ဂုပစ္ဆေဒလို့ခေါ်တယ်နော်၊ ပြတ်တဲ့ဘဝင်။

ပြီးတော့ ပစောက်က ပဉ္စဒွါရာဝဇ္ဇန်း၊

စ လုံးက စက္ခုဝိညာဏ်၊

သမ်မသတ်က သမ္ပဋိစ္ဆိုင်း သမ္ပဋိစ္ဆန

သ သေးသေးတင်က သန္တီရဏ

ဝ တချောင်းငင်က ဝုဋ္ဌော

ဇကွဲ ၅–ခုက ဇော၅–ချက်နော်၊ မရဏာသန္နဝီထိမှာ ဇော ၇–ကြိမ် မစောဘူး, ၅ ကြိမ်ပဲ စောတယ်၊ ရိုးရိုးအခါမှာဆိုတော့ ဇော ၇–ကြိမ်စောတယ်။

ဇောပြီးတော့ဘာလာလဲ, စုတဲ့၊ စုတိဆိုတာသေတာပဲ၊ ဒီစိတ်ဟာ ဒီဘဝမှာ နောက်ဆုံးစိတ်ပဲ၊ ဒီဝီထိကို ဘာလို့ခေါ်လဲ, မရဏာသန္နဝီထိလို့ခေါ်တယ်၊ အဲဒီတော့ မရဏာသန္နဝီထိကို ပြတဲ့အခါမှာ နောက်ဘဝဆက်တဲ့ ပဋိသန္ဓေ ဝီထိပါပြမှ, ဒါမှ ပြည့်စုံတယ်။

ဒါကြောင့်မို့ ဆက်လိုက်ရင် နောက်တစ်ဘဝရောက်သွားပြီ၊ ဋိ ပဋိသန္ဓေ ပဋိသန္ဓေဖြစ်ပြီးရင် ဘဝင်ပေါင်း ဘယ်နှစ်ကြိမ်ဖြစ်ရမလဲ၊ ၁, ၂, ၃, ၄ ၅၊ တစ်ခါ အစက်ကလေးတွေပြထားတာက ၆, ၇, ၈, ၉, ၁၀, ၁၁, ၁၂, ၁၃, ၁၄, ၁၅ လို့ဆိုလိုတယ်၊ ၁၆–အဲဒါဖြင့်ရင် ဘဝင် ၁၆–ကြိမ်ဖြစ်တယ်နော်၊ ပဋိသန္ဓေဖြစ်ပြီး တဲ့နောက် ဘဝင် ဘယ်နှစ်ကြိမ်ဖြစ်လဲ ၁၆–ကြိမ်၊ တစ်ခါတစ်လေလည်း ၁၅– ကြိမ်ဖြစ် နိုင်တယ်လို့ ဆိုတယ်နော်၊ အများဆုံး ဒီမှာယူလိုက်တယ် ၁၆–ကြိမ်။

အဲဒီဘဝင်စိတ်ဖြစ်ပြီးတဲ့နောက် မ၊ မဆိုတာ မနောဒွါရာဝဇ္ဇန်း၊ အဲဒီ မနောဒွါရာဝဇ္ဇန်းပြီးတဲ့နောက် ဇကွဲဘယ်နှစ်လုံးရှိသလဲ ကြည့်လိုက်စမ်း၊ ၇–လုံး ရှိတယ်၊ ဇော ၇–ကြိမ် စောတယ်တဲ့၊ အဲဒီ ဇော ၇–ကြိမ်စောပြီးတဲ့နောက် ဘဝင်ဖြစ်သွားတယ်နော်၊ အဲဒီဘဝင်တွေကလည်း မရေမတွက် နိုင်အောင် ဖြစ်ပေ့လေ။

ဒါဟာ ပဋိသန္ဓေဝီထိ၊ ဘဝတစ်ခုမှာ ပဋိသန္ဓေနေရင် ဒီဝီထိအတိုင်း သွားလိမ့်မယ်၊ ပထမဆုံး ပဋိသန္ဓေစိတ်ဆိုတာဖြစ်မယ်၊ အဲဒီနောက် ဘဝင် ၁၅– ကြိမ်, ၁၆–ကြိမ်ဖြစ်မယ်၊ ပြီးရင် မနောဒွါရာဝဇ္ဇန်းဖြစ်တယ်၊ ပြီးရင် ဇော ၇–ကြိမ် နော်၊ ပြီးတော့မှ ဘဝင်ကျသွားတယ်၊ ပြီးတော့မှ တခြားစိတ်တွေဖြစ်မယ်ပေ့လေ။

ကောင်းပြီ, ဒါက မရဏာသန္နဝီထိနှင့် ပဋိသန္ဓေဝီထိ တစ်ဆက်ထဲလုပ်ထား တာ၊ ဒါကိုလည်း ကျမ်းဂန်မှာတော့ မရဏာသန္နဝီထိလို့ပဲ ခေါ်လိုက်တော့တယ်၊ ပဋိသန္ဓေ ဝီထိ ဒီထဲပါသွားတာပေ့လေ။

ကောင်းပြီ, အဲဒီတော့ ဝီထိဆိုတာနည်းနည်းလေးတော့ သိအောင် လုပ်ဦးမှ ဖြစ်မယ်၊ ဝီထိဆိုတာ စိတ်အစဉ်လို့ ဆိုလိုတယ်၊စိတ်အစဉ်အတန်းကို ဝီထိ၊

လမ်းကို ဝီထိလို့ခေါ်တယ်၊ အစဉ်အတန်းကို ဝီထိလို့ခေါ်တယ်။

အဲဒီတော့ စိတ်တွေဟာ ဖြစ်တဲ့အခါမှာ အမှန်ကတော့ ခဏ ၁–ခုမှာ စိတ်၁–ခုပဲ ဖြစ်တာပဲ၊ ဒီခဏ ၁–ခုထဲမှာ စိတ်တွေအများကြီး တန်းနေ တယ်လို့ မဆိုလိုဘူး၊ ဒါပေမယ်လို့ ဦးဇင်းတို့က လေ့လာတဲ့အခါမှာ နားလည် ရမှာကတော့ အစဉ်အတန်းသဘောမျိုးနဲ့ နားလည်ရမှာ။

ဆိုလိုတာကတော့ အပေါက်ကလေးဖေါက်ထားပေ့ါ၊ အဲဒီအပေါက် ကလေး ဖောက်ထားပြီးတော့ စိတ်တစ်ခုစီ ပြပြ,ပြပြသွားရင် တစ်ကြိမ်မှာ စိတ်တစ်ခုပဲ ဖြစ်တယ်၊ ဒါပေမယ်လို့ မြင်တဲ့ကိစ္စအတွက် စိတ်အစဉ်အတန်း တစ်ခုလို့ ဒီလိုပဲ အစဉ်အတန်းလို့ပဲ ဆိုရတယ်၊ တကယ်ကတော့ အစဉ်အတန်းကြီးတိုင်း ဖြစ်နေတာ မဟုတ်ဘူး၊ တစ်ခုပြီးတစ်ခု ဖြစ်နေတာ။

အဲဒီမှာ အခု ဒီ မရဏာသန္နဝီထိဆိုတာ သေတဲ့အခါမှာ ဖြစ်တဲ့စိတ်အစဉ် ပေ့ါလေ၊ နောက်ဆုံး သေပြီဆိုရင် ပထမဆုံး ဘဝင်တွေဖြစ်လာပြီးတဲ့နောက် အတီတ ဘဝင်ဆိုတာက အာရုံတစ်ခုခုက ဒွါရမှာ လာပြီးတော့ ထိခိုက်လိုက်တဲ့ အခါမှာ နဂိုက အရှိန်နဲ့လာနေတဲ့ဘဝင်က တစ်ချက်လွန်သွားတယ်တဲ့၊ ဒါက ဘာနဲ့တူသလဲဆိုတော့ တအားပြေးလာတဲ့ လူဟာ ရပ်ချင်တဲ့နေရာမှာ မရပ်နိုင်ပဲနဲ့ ရှေ့လွန်သွားတာမျိုးလို ဘဝင်အရှိန်က သူ့အရှိန်နဲ့ လာနေတဲ့အခါကျတော့ အာရုံကဒွါရကို ထိခိုက်လိုက်တဲ့အခါမှာ ဘဝင်က ချက်ချင်းမရပ်နိုင်ဘူး, တစ်ချက် လွန်သွားတယ်။

တစ်ချက်လွန်သွားပြီးတော့ တစ်ခါမပြတ်သေးဘူးနော်၊ လွန်သွားပြီးတော့ ဒုတိယအကြိမ်ကျတော့ ဘဝင်လှုပ်သွားပြီတဲ့၊ လှုပ်ရှားသွားပြီး တတိယခဏကျမှ ဘဝင်ပြတ်သွားတယ်။

အဲဒီတော့ အတီတဘဝင်ဆိုတာလည်း ဘဝင်ပဲ၊ ဘဝင်္ဂစလနဆိုတာလည်း ဘဝင်ပဲ၊ ဘဝင်္ဂုပစ္ဆေဒဆိုတာလည်းဘဝင်ပဲ၊ အဲဒီလို ဘဝင်စိတ် ၃–ခုပေါ့၊ လွန်သွား တာက တစ်ခု, လှုပ်ခါသွားတာကတစ်ခု ပြတ်သွားတာက တစ်ခုပေါ့၊ ဒါ သူ့တစ်ခဏ တစ်ခဏသွားတာပေါ့။

အဲဒီနောက်မှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်တယ်၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီး တဲ့နောက် စက္ခုဝိညာဏ်တဲ့နော်၊ ရူပါရုံကိုမြင်တဲ့ စက္ခုဝိညာဏ်၊ နောက် သမ္ပဋိစ္ဆိုင်း လက်ခံတယ်၊ သန္တီရဏစုံစမ်းတယ်နော်၊ ဝုဋ္ဌောဆုံးဖြတ်တယ်၊ ပြီးတော့ ဇောကျတယ်၊ စုတိဖြစ်တယ်၊ စုတိဆိုတာ သေတာ၊ အဲဒီလိုသွားတယ်။

အဲဒီလိုသွားတဲ့အခါကျတော့ ဘာအာရုံတွေကိုယူသလဲ၊ အဲဒီအချိန်အခါမှာ ဘာအာရုံတွေဖြစ်သလဲ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် ၁-ပါးပါး, အဲသလို လာတယ်နော်။

ကံ ဆိုတာဘာတဲ့တုန်း, ကံဆိုတာ ကံပဲပေါ့နော်၊ ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုတာ ကံပဲ၊ ဒီလူဟာ သေခါနီးတဲ့ အခါကျတော့ကို ဟိုအတိတ်က ပြုခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေက အခုချက်ချင်း အသစ်လုပ်နေရသလို ပြန်ပြီးတော့ ပေါ်တတ်တယ်၊ နောက်တုန်းက ကုသိုလ်များများလုပ်လာရင်လည်း ဒီကုသိုလ်ကံ ပေါ်တတ်တယ်၊ အကုသိုလ်တွေ များများလုပ်လာရင်လည်း များသောအားဖြင့် အကုသိုလ်တွေ ပေါ်တတ်တယ်။

အဲဒီအတိတ်ကံဆိုတာ ဒီဘဝတင်မဆိုလိုဘူး၊ ဟိုးနောက်ဘဝတွေက ကံ ကလည်း ပေါ်ရင်ပေါ်တတ်တယ်၊ အဲဒီလို ပေါ်လာပြီးတော့ အဲဒီကံကို အာရုံပြုပြီး တော့လည်းပဲ ဒီလို ဝီထိမျိုးဖြစ်တတ်တယ်၊ ဒီဝီထိ အတိအကျ မဟုတ်ဘူး၊ ဒီလို ဝီထိပေါ့လေ၊ မရဏာသန္နဝီထိ ဖြစ်တတ်တယ်၊ ကံကို အာရုံပြုပြီးတော့လည်းပဲ ဖြစ်တတ်တယ်။

အဲဒီ ကံပြုတဲ့အခါမှာ အဆောက်အဦးလို့ခေါ်တဲ့ instrument ပေါ့။ ကံပြီးမြောက်အောင် အခြံအရံဖြစ်တဲ့ဟာတွေလည်းပဲ တစ်ခါတစ်လေ မြင်တတ်တယ်၊ ဘာလည်းဆိုတော့ ဆိုပါတော့ ပါဏာတိပါတပြုတဲ့ မုဆိုးဆိုရင်လေးတွေ, မြှားတွေ အခုခေတ်ဆိုရင် သေနတ်တွေ, ဒါမျိုးတွေပေါ့နော်၊ တိရစ္ဆာန်တွေ သေတာတွေ ပေါ့လေ၊ အဲဒီလို အာရုံတွေလည်း ပေါ်တတ်တယ်၊ အဲဒါမျိုးကိုကျတော့ ကမ္မနိမိတ်လို့ ခေါ်တယ်၊ ကံရဲ့ အမှတ်အသား ကမ္မနိမိတ်လို့ခေါ်တယ်။

ကုသိုလ်ပြုတယ်ဆိုပါတော့၊ဒါနပြုတယ်ဆိုရင် လှူတဲ့ဝတ္ထုပစ္စည်း အလှူခံတဲ့ ပုဂ္ဂိုလ် စသည်ဖြင့် ဒါတွေပေါ်တတ်တယ်၊ ဒါတွေကို ကမ္မနိမိတ်လို့ခေါ်တယ်။

အဲဒီကမ္မနိမိတ်သော်လည်းပဲ ပေါ်တတ်တယ်၊ အဲဒီကမ္မနိမိတ် မပေါ်ရင်လည်းပဲ ဂတိနိမိတ်မြင်တတ်တယ်။

ဂတိနိမိတ်ဆိုတာက ဟိုရှေ့ဖြစ်မယ့်ဘဝရဲ့ အမှတ်အသားနိမိတ် အဲဒါတွေ လည်းပဲ မြင်တတ်တယ်။

ဆိုပါတော့, လူဖြစ်မယ်၊ အမိဝမ်းမှာဖြစ်မယ့် သတ္တဝါမျိုးဆိုရင် အမိဝမ်းရေကို မြင်တတ်တယ်၊ ဟို အမိ သားအိမ်ရဲ့အတွင်းဘက်ပေါ့ ဟုတ်လား၊ နတ်ပြည်မှာ ဖြစ်မယ်ဆိုရင်လည်း နတ်သမီးတို့, နတ်ဗိမာန်တို့, ပဒေသာပင်တို့ ဥယျာဉ်တို့

အဲဒါမျိုးတွေ မြင်တတ်တယ်။

ငရဲကျမယ့်သူဆိုရင်လည်း ငရဲသားကြီးတွေ, ငရဲမီးလျှံတွေ, အဲဒါမျိုးတွေ မြင်တယ်တယ်နော်၊ အဲဒီလို ဒါကြောင့်မို့ သေခါနီးပုဂ္ဂိုလ်မှာ ကံသော်လည်းကောင်း, ကမ္မနိမိတ်သော်လည်းကောင်း, ဂတိနိမိတ်သော်လည်းကောင်း, တစ်ခုခုဟာ ထင်လာစမြဲပဲ၊ ဒီ ၃–ခု တစ်ခုခုထင်ပြီးတော့ ဒီ ၃–ခုထဲက တစ်ခုခုကိုပဲ အာရုံ ပြုပြီးတော့ စုတိစိတ်ကျသွားတာနော်။

ကောင်းပြီ, အဲဒီတော့ ကံဆိုတာ ပစ္စုပ္ပန်လား, အတိတ်လား, အနာဂတ် လားတဲ့၊ စာရွက်ထဲမှာကြည့်, အတိတ်နော်၊ အဲဒီအတိတ်ကလည်းပဲ ဘယ်ဒွါရမှာ ထင်တာတုန်း၊ မနောဒွါရမှာထင်တာ၊ မျက်လုံးနဲ့မြင်တာမဟုတ်ဘူး,နားနဲ့ကြားတာ မဟုတ်ဘူး, စိတ်ထဲမှာပေါ်တာ၊ မနောဒွါရမှာ၊ ဒါကြောင့်မို့ အာရုံအားဖြင့် ပြောမယ်ဆိုရင် ဓမ္မာရုံလို့ခေါ်တယ်၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ မဟုတ်ဘူး၊ ဓမ္မာရုံ။

ကမ္မနိမိတ်ကျတော့ ကြည့်စမ်း၊ အတိတ်သော်လည်းကောင်း၊ ပစ္စုပ္ပန်သော် လည်းကောင်း ၂–မျိုးဖြစ်နိုင်တယ်တဲ့၊ အတိတ်တုန်းက ပြုခဲ့တဲ့ ကံရဲ့ အခြံအရံတွေ အခုပြန်ပေါ်နိုင်တယ်၊ အခုလောလောဆယ်ပြုတာတွေလည်း ရှိတယ်၊ အဲဒီလို ကမ္မနိမိတ်ကျတော့ အတိတ်ပစ္စုပ္ပန် ၂–မျိုးတဲ့။

ဒွါရအားဖြင့်လည်း ၆–ဒွါရမှာ တစ်ခုခုလာထင်နိုင်တယ်တဲ့ မျက်စိနဲ့ မြင်နိုင်တယ်၊ နားနဲ့ကြားနိုင်တယ်နော်၊ ၆–ဒွါရမှာ ထင်နိုင်တဲ့အတွက်ကြောင့်မို့လို့ အာရုံ အမျိုးအစား ၆–ပါးရှိမယ်ပေါ့နော်၊

ဝတ္ထုကြောင်းတော့ ပြောရအုံးတော့မှာပဲ၊ အချိန်ကုန်ချင်လည်းကုန်, မတတ် နိုင်ဘူး၊ ရှေးတုန်းက သောဏဆိုတဲ့ လူကြီးတစ်ယောက်ရှိတယ်ပေါ့လေ၊ မုဆိုးကြီး တဲ့နော်၊ သူက တစ်သက်ပတ်လုံး မုဆိုးလုပ်လာတာ၊ သူ့မှာ သားတစ်ယောက်ရှိတယ်၊ အဲဒီသားက ရဟန္တာဖြစ်နေတယ်။

ရဟန္တာဖြစ်နေတော့ အဖေကို ကယ်တင်တဲ့အနေနဲ့ပေါ့လေ၊ အသက်ကြီး လာတဲ့အခါကျတော့ ရဟန်းဝတ်ပေးထားတာ၊ ရဟန်းဝတ်နဲ့ပဲ သူနေတယ်၊

ရောဂါဖြစ်ပြီးတော့ သေခါနီးကျတော့ ငရဲနိမိတ်တွေ ထင်လာတယ်၊ ဟဲ့ သားရဲ့ လုပ်ပါဦးဟဲ့ ခွေးနက်ကြီး လိုက်လာပြီပေါ့လေ၊ ငရဲထိန်းတွေ လိုက်လာတယ်၊ သူ အဲဒီလို နိမိတ်တွေ ထင်လာတယ်၊ အဲဒါဘာလဲဆိုရင် အမှန်ကတော့ ဂတိနိမိတ်ပေါ့နော်၊ အဲသလို နိမိတ် ထင်လာတယ်။

အဲဒီလို နိမိတ်ထင်တဲ့အခါကျတော့ ရဟန္တာဖြစ်နေတဲ့သားဖြစ်သူ ရှင်သောဏက သိပြီး ငါ့ဦးဇင်းကြီးတော့ ငရဲနိမိတ်တွေထင်ပြီဆိုပြီး ဘယ်လိုလုပ်သလဲ ဆိုတော့ သူ့ကို သူ့တပည့်တွေကို ထမ်းခေါ်ခိုင်း စေတီဆီကိုယူသွားပြီးတော့ တချို့ ရဟန်းတွေကိုလည်း ပန်းရှာခိုင်းပေါ့၊ ဒါနဲ့ ပန်းတွေဘာတွေသွားရှာ ကိုရင်တွေ ဘာတွေက ခူးပေးနေမှာ ပေါ့လေ၊ ပြီးတော့မှ အဲဒီပန်းကို ဦးဇင်းကြီးကိုပေးပြီးတော့ ကိုင်း ဦးဇင်းကြီး ဘုရားကို ပန်းလှူ ဦးဇင်းကြီး ကုသိုလ်ဆိုပြီးတော့ သူကပန်းလှူတာ။

အဲဒီလို ပန်းလှူလိုက်တဲ့အခါကျတော့ ခုန နိမိတ်ပြောင်းသွားရော, ဂတိ နိမိတ်ဟာ နဂိုက ငရဲနိမိတ် ပေါ်ရာကနေပြီးတော့ အခု နတ်သမီးနိမိတ်တွေပေါ်လာ တယ်၊ အဲဒီအခါကျတော့ ဦးဇင်းကြီးက ပြောတယ်တဲ့၊ ငါ့သား, မင်းမိထွေးတွေလာ ပြီတဲ့၊ အဲဒီလို နိမိတ်ထင်ရင်းနဲ့ သူ စုတိစိတ်ကျသွားတာနော်။

ဒီနတ်ပြည်နိမိတ် ထင်နေတုန်းမှာ သူ စုတိစိတ်ကျသွားတဲ့အတွက်ကြောင့်မို့ နတ်ပြည်မှာ သွားဖြစ်တယ်၊ နတ်ပြည်မှာ သွားဖြစ်တော့ သူက တစ်သက်လုံးက အကုသိုလ်တွေ လုပ်လာခဲ့တာ မဟုတ်လား၊ အဲဒီတော့ သားဖြစ်တဲ့ပုဂ္ဂိုလ်က စိတ်မချဘူး၊ ဟိုမှာနေလို့ ကြာကြာခံမှာမဟုတ်ဘူးပေါ့၊ အခုနေချက်ချင်း လုပ်လိုက်တဲ့ ကုသိုလ်လေးအရှိန်ကြောင့်သာ ကောင်းတဲ့ဘဝ ရောက်သွားတာကို၊ ဒီကုသိုလ်က အားကောင်းတာမဟုတ်တော့ ကြာကြာခံမှာ မဟုတ်ဘူးဆိုပြီးတော့ သူက နတ်ပြည် လိုက်သွားပြီးတော့ တရားဆက်ဟောတာ, တရားဆက်ဟောတော့ သူ သောတာပန် လား ဘာလဲမသိဘူး ဖြစ်သွားတယ်၊ အဲသလို ဖြစ်သွားမှ စိတ်အေး လက်အေးပေါ့လေ၊ စိတ်ချပြီးတော့ ပြန်လာတယ်။

ဒီလို သေခါနီးမှာ ကံသော်လည်းကောင်း, ကမ္မနိမိတ်သော်လည်းကောင်း, ဂတိနိမိတ်သော်လည်းကောင်း, ထင်လာတတ်တယ်နော်၊ ဒါကြောင့်မို့ အခုဒီဝီထိမှာ ပစ္စုပ္ပန်ရူပါရုံလို့ပြထားတယ်၊ ဒါကြောင့်မို့ ရူပါရုံလို့ဆိုသဖြင့် ဒီဝီထိမှာ ကံဟာ အာရုံမဟုတ်ဘူးနော်၊ ဒီ ဝီထိအတွက်မှာ ဘာသာဖြစ်မလဲ, ကမ္မနိမိတ်သော်လည်း ကောင်း, ဂတိနိမိတ်သော်လည်းကောင်းဖြစ်မယ်၊ ဘာကြောင့်တုန်း, ကံဆိုရင် ပစ္စုပ္ပန်ရူပါရုံမဖြစ်နိုင်ဘူး၊ ပစ္စုပ္ပန်ရူပါရုံဆိုရင် ဘာဖြစ်မလဲ, ကမ္မနိမိတ် မဖြစ်နိုင် ဘူးလား၊ ကမ္မနိမိတ်အတန်းမှာကြည့်လိုက် အတိတ်ပစ္စုပ္ပန်တွေ့လား၊ ပစ္စုပ္ပန် အာရုံ ၆–ပါးဆိုတော့ ရူပါရုံ မပါဘူးလား ပါတယ်။

အဲဒီတော့ ပစ္စုပ္ပန် ရူပါရုံလို့ပြောလိုက်ရင် ကမ္မနိမိတ်ဖြစ်နိုင်တယ်၊ ပြီးတော့ ဂတိနိမိတ် ဖြစ်နိုင်တယ် ဟုတ်လား၊ ဒီ ၂–ခု ၁–ခုခုထင်တယ်လို့ပဲ ယူဆကြစို့၊

ကောင်းပြီ, အဲဒီ ကမ္မနိမိတ်နှင့် ဂတိနိမိတ်။

ပစ္စုပ္ပန် ရုပါရုံဟာ ဘယ်အချိန်ကစပြီးတော့ ဖြစ်ပေါ်သလဲ, ဥပါဒ်သလဲဆိုရင် အတိတဘဝင် တီ ဆိုတဲ့ဟာနဲ့ ပြိုင်ပြီးတော့ ဖြစ်တယ်၊ အဲဒီ ပစ္စုပ္ပန် ရုပါရုံ အဲဒီ အချိန်မှာ ဖြစ်ပေါ်ပြီးတော့ ဒီစိတ်အစဉ်ကို လာပြီးတော့ ထိခိုက်တယ် ဆိုပါတော့၊ ထိခိုက်လိုက်တဲ့အခါမှာ ဘဝင်တစ်ချက် လွန်သွားတယ်၊ နောက် န ဆိုတာကဘာလဲ ဘဝင်လှုပ်ရှားသွားတယ်, ခါသွားတယ်၊ နောက် ဒ ဆိုတာက ဘဝင်ပြတ်သွားတယ်၊ ဒီ ၃–ချက်ရှိတယ်နော်။

အဲဒီတော့ ပစ္စုပ္ပန်ရုပါရုံဟာ အတီတဘဝင်နဲ့ ပြိုင်ပြီးတော့ ဖြစ်တယ်၊ ဖြစ်ပေမယ်လို့ အတီတဘဝင်, ဘဝင်္ဂစလေန ဘဝင်္ဂုပစ္ဆေဒဆိုတဲ့ ၃–ခုက အဲဒီ ပစ္စုပ္ပန်အာရုံကို အာရုံမပြုဘူး၊ ဟို နောက်တုန်းက ယူလာခဲ့တဲ့ ကံ ကမ္မနိမိတ်, ဂတိနိမိတ်, ဒီဘဝ ပဋိသန္ဓေနှင့်တူတဲ့ဟာကိုပဲ အာရုံပြုတယ်။

အဲဒီတော့ အခု သေခါနီးတွေ့လာတဲ့ ပစ္စုပ္ပန်ရုပါရုံကို ဘယ်သူကအာရုံပြုမလဲ၊ ပဉ္စဒွါရာဝဇ္ဇန်းကစပြီးတော့ စိတ်တွေက အာရုံပြုလိမ့်မယ်၊ ဟုတ်ပြီလား အဲဒီတော့ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်းနဲ့သွားတယ်။

အဲဒီ ပစ္စုပ္ပန် ရုပါရုံဟာ စုတေပြီးတဲ့နောက်လည်း ရှိနေသေးတယ်၊ ဘယ်လောက်ထိအောင် ရှိနေလဲ၊ ပဋိသန္ဓေ ဘဝင်တစ်ကြိမ်, ဘဝင် ၂ ကြိမ်ထိအောင် ရှိနေတယ်၊ ဘာလို့တုန်းဆိုတော့ ပစ္စုပ္ပန်ရုပါရုံဆိုတာက စိတ္တက္ခဏ ၁၇–ချက် အသက် ရှိတယ်နော်၊ အတီတဘဝင်ကနေပြီး စရေကြည့် လိုက်စမ်း၊ ၁၇–ခု၊ ဘယ်မှာစေ့လဲ၊ ၁–၂–၃–၄–၅–၆–၇–၈–၉–၁၀–၁၁–၁၂–၁၃–၁၄– စုတိမှာ၁၄ ရှိတယ်ဟုတ်လား၊ ၁၅–၁၆–၁၇– ဆိုတော့ ပဋိသန္ဓေနောင် နံပါတ်–၂ ဘဝင်နဲ့ အတူတူပြိုင်ပြီးတော့ သူချုပ်လိမ့်မယ်၊ အဲဒီတော့ ဘဝသစ် ရောက်သွားပေမယ်လို့ ရုပါရုံလေးက ဒီဘက်မှာရှိသေးတယ်၊ ကျန်ရစ်သေး တယ်နော်။

အဲဒီတော့ ဘဝသစ်မှာဖြစ်တဲ့ ပဋိသန္ဓေကလည်းပဲ အဲဒီရုပါရုံကိုပဲ အာရုံပြုတယ်၊ သူက မကုန်သေးလို့အကယ်၍ ချုပ်သွားပြီးရင်လည်း အဲဒီ အတိတ်ကိုပဲ အာရုံပြုမှာပဲ။

အကယ်၍ စုတိနှင့် ပြိုင်ပြီးတော့ အဲဒီရုပါရုံက ချုပ်သွားတယ်ဆိုရင် ပဋိသန္ဓေက အဲဒီအတိတ်ရုပါရုံကို အာရုံပြုတယ်၊ အခုဟာကတော့ ရှိတုန်းဖြစ်နေတဲ့ အတွက်ကြောင့်မို့လို့ ပဋိသန္ဓေက ပစ္စုပ္ပန် ရုပါရုံကို အာရုံပြုတယ်၊ ဒီလိုဆိုရတယ်၊ ပဋိသန္ဓေတင် မကဘူး၊ ပထမဘဝင်, ဒုတိယဘဝင် ဒီဘဝင် ၂–ချက်ကလည်းပဲ ဒီပစ္စုပ္ပန်ရုပါရုံကို အာရုံပြုတယ်။

အဲဒီလို ပြီးတဲ့နောက် ဟိုဘက်ကျတော့ အဲဒီရူပါရုံက ချုပ်သွားတော့ အတိတ်ဖြစ်မသွားဘူးလား၊ ဒါကြောင့်မို့ နံပါတ် ၃-ဘဝင်က စပြီးတော့ ဒီဘက် ဘဝမှာပေါ့လေနော်၊ ဘဝင်ဟူသမျှက အဲဒီ အတိတ်ရူပါရုံကိုပဲ အာရုံပြုလိမ့်မယ်၊ အဲသလို သွားမယ်။

**မေး**– အတိတ်က ခုနပြောခဲ့တဲ့ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်ဆိုတာ ရှင်းပြပါဘုရား။

**ဖြေ** – အဲဒီ ပစ္စုပ္ပန်ရူပါရုံက အတိတ်ဖြစ်သွားပြီ၊ ဟိုဘက်ကျတော့ သူရှိနေတုန်း ပစ္စုပ္ပန်ပေါ့၊ သူချုပ်သွားပြီးတဲ့နောက်ကျတော့ သူပါအတိတ်ဖြစ် သွားပြီ၊ အဲဒီအတိတ်ကို အာရုံပြုလိမ့်မယ်, ဟုတ်ပြီလား။

အဲဒီတော့ အခုလေ့လာမှာက ဒွါရဝိမုတ်စိတ် ၁၉-ပါးကို လေ့လာမယ်၊ ဆိုတော့ ဘဝသစ်ထဲမှာပဲကြည့်လိုက်၊ ဘဝသစ်ဆိုတာ ဘယ်မှာတုန်းသိလား၊ ဘယ်ဘက်က ပဋိသန္ဓေမဟုတ်ဘူး၊ ညာဘက်က ပဋိသန္ဓေ၊ အဲဒီဘဝသစ်မှာဖြစ်တဲ့ ပဋိသန္ဓေတို့ ဘဝင်တို့နောက် ဒီဘဝမှာလည်းပဲ အဆုံးကျရင် စုတေဦးမှာပဲ မဟုတ်လားနော်။

အဲဒီပဋိသန္ဓေရယ်, သူ့နောက်က ကပ်လိုက်တဲ့ဘဝင်ရယ်၊ နောက်ပြီးတော့ တစ်ဘဝလုံးမှာဖြစ်မယ့်ဘဝင် စိတ်တွေရယ်, တစ်ခါဘဝဆုံးတဲ့အခါကျတော့ဖြစ်မယ့် စုတိစိတ်ရယ်, အဲဒီစိတ်တွေဟာနော် အခြားမဲ့လွန်ခဲ့ပြီးသော ဘဝဟောင်းကဆိုတော့ ဟော ဘယ်ဘက်က ဘဝပေါ့ဟုတ်လား၊ အခြားမဲ့ဆိုတော့ ဘာမှကြားမှာအခြားမရှိဘူး, ကပ်လျက်လို့ ဆိုလိုတာပေါ့နော်၊ အခြားမဲ့ လွန်ခဲ့ပြီးသော ဘဝဟောင်းက ဆဒွါရိက မရဏာသန္နဇောဆိုတာ ဇဇဇဇ လို့ဆိုတဲ့ဟာကို ဆိုလိုတာ, အဲဒီဇောယူတဲ့ အာရုံပဲတဲ့၊ အဲဒီဇောယူတဲ့ အာရုံကိုပဲ ပဋိသန္ဓေနှင့်ဘဝင် စသည်က ယူတယ်တဲ့ ဟုတ်ပြီလားနော်။

အဲဒီလို ယူတဲ့အခါမှာ ပစ္စုပ္ပန်လည်းဖြစ်ချင်ဖြစ်နိုင်တယ်, အတိတ်ဖြစ်ချင်လည်း ဖြစ်နိုင်တယ်တဲ့၊ ပညတ်ဆိုတာကတော့ ရူပါဝစရဘုံမှာဖြစ်တဲ့အခါတို့ ဘာတို့ကျတော့ ပညတ်ရှိတယ်၊ အဲဒါကျတော့နော် ပညတ်ဖြစ်ချင်ဖြစ်မယ်တဲ့၊ အဲဒီအာရုံကိုပဲ technically ဘယ်လိုခေါ်မလဲ၊ ကံဟူ၍လည်းကောင်း, ကမ္မနိမိတ် ဟူ၍လည်း ကောင်း, ဂတိနိမိတ်ဟူ၍လည်းကောင်း ခေါ်မယ်။

အဲဒီတော့ ဒီ (chart) မှာ ဒီဝီထိပုံမှာ ညာဘက်ပဋိသန္ဓေမရောက်ခင် စုတိ တိုင်အောင်က ဒါ တစ်ဘဝနော်၊ နောက်ညာဘက်ပဋိသန္ဓေကနေ သွားတာ၊ ဒါက တစ်ဘဝပေါ့၊ ၂-ဘဝ, အဲဒီမှာ စုတိနှင့် ပဋိသန္ဓေကြားမှာ ဘာမှ မခြား ဘူးနော်၊

စုတိပြီးရင် ပဋိသန္ဓေဟာ ဆက်တိုက်ဖြစ်တာ၊ စုတိပြီးရင် တစ်ရက်နှစ်ရက် နေပြီးမှ ပဋိသန္ဓေဖြစ်တာ မဟုတ်ဘူး၊ တစ်နာရီ နှစ်နာရီနေပြီးမှ ပဋိသန္ဓေဖြစ်တာ မဟုတ်ဘူး၊ စုတိပြီးတယ်ဟော့ဆိုရင် ပဋိသန္ဓေဆက်ပြီးတော့ ဖြစ်တယ်။

ဒါကြောင့်မို့ ဒီဘဝနဲ့ နောက်လာမည့်ဘဝဟာ အမှန်က ကာလအားဖြင့် ပြောမယ်ဆိုရင် ဘာမှမခြားဘူးတဲ့၊ ဌာနအားဖြင့်တော့ အများကြီးခြားနိုင်တယ်၊ နတ်ဖြစ်မယ်ဆိုရင် (ဆိုပါတော့) မိုင်ပေါင်းများစွာ ယူဇနာပေါင်းများစွာ ခြားသွားနိုင်တယ်၊ ဘယ်လောက်ခြားခြား စိတ်ခဏအနေနဲ့ကတော့ ဆက်တိုက်ပဲနော်။

အဲဒီမှာ ရှင်နာဂသိန်က အဖြေပေးထားတာရှိတယ်၊ သိပ်ကောင်းတယ်၊ အဲသလိုအဝေးကြီးသွားဖြစ်တာ ဘယ်လိုလုပ်ပြီးတော့ ဒီခဏမခြားပဲ ဖြစ်နိုင်မလဲ, ဌာနအဝေးကြီးမဟုတ်ဘူးလား၊ အဝေးကြီးဆိုတော့ ရှင်နာဂသိန်က ဘယ်နှယ်ပြော သလဲဆိုတော့ "မင်းကြီး (မြို့တစ်မြို့နာမည်ကို ပြောလိုက်တယ်) အဲဒီ မြို့စိတ်ထဲ စဉ်းစားလိုက်စမ်းပါ၊

"တင်ပါ၊ တပည့်တော်စဉ်းစားပြီးပြီ"

"နောက်တစ်ခါ ဒီထက်ဝေးတဲ့မြို့တစ်မြို့၊ (အဲဒီ မြို့နာမည်ပြောလိုက်ပြီး) အဲဒီ မြို့စဉ်းစားလိုက်စမ်းပါ၊

စဉ်းစားပြီးပြီ။

"ဘယ်မြို့စဉ်းစားရတာ ပိုပြီးတော့ ကြာသလဲ"

အတူတူပဲပေါ့လေ၊ အခုနေဆိုပါတော့, Oakland စဉ်းစားလိုက်စမ်းနော်၊ Washingt on ဝါရှင်တန် စဉ်းစားလိုက်စမ်း၊ အတူတူပဲပေါ့၊ အဲဒါကြောင့် စိတ် အဖြစ်ကမြန်တော့ အတူတူပဲတဲ့၊ ဟို distant အနေနဲ့ ဝေးနေပေမယ်လို့ ကာလ အနေနဲ့ကတော့ တစ်ခါတည်း immediately follow ပေါ့လေနော်။

အဲဒါကြောင့်မိုလို့ ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်တဲ့၊ ဒွါရဝိမုတ်စိတ်တွေရဲ့ အာရုံဟာ ဘာလဲဆိုရင် ပထမဆုံး ကံ,ကမ္မနိမိတ်, ဂတိနိမိတ်, ၃-ပါးတို့တွင် ၁- ပါးပါးလို့ ပြောရမယ်၊ အဲဒီ ကံ ကမ္မနိမိတ် ဂတိနိမိတ် ၃-ပါးတို့တွင် တစ်ပါးပါး ဆိုတာ အာရုံ အမျိုးစားအားဖြင့်ဆိုရင် အာရုံ ၆-ပါးပေါ့နော်၊ ဘာကြောင့်တုန်း, ကမ္မနိမိတ်က အာရုံ ၆-ပါးဖြစ်တာကိုနော်၊ ကံက ဓမ္မာရုံ, ဂတိနိမိတ်က ရူပါရုံ, အားလုံးပေါင်းလိုက်တော့ အာရုံ ၆-ပါးလုံးဖြစ်တာပေါ့။

အဲဒီ ကံ, ကမ္မနိမိတ်,ဂတိနိမိတ်ဟာပစ္စုပ္ပန်လား, အတိတ်လား, အနာဂတ် လား, ကာလဝိမုတ်လား မေးရင် ဘယ်လိုပြောမလဲ၊ ပစ္စုပ္ပန်လည်းဖြစ်နိုင်တယ်၊

အတိတ်လည်း ဖြစ်နိုင်တယ်၊ ကာလဝိမုတ်ပညတ်လည်းဖြစ်နိုင်တယ်၊ အနာဂတ်ဆိုတာတော့ မရှိဘူး။

အဲဒီ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်က ဘယ်သူက ယူထားတဲ့ အာရုံတုန်းဆိုရင်ဒီဘဝပဋိသန္ဓေက ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးယူတယ်လို့ ဆိုတယ်၊ အဲဒီအာရုံက အဲဒီအခါကျမှ ပေါ်လာတဲ့ အာရုံလားဆိုတော့ (အခြားမဲ့ လွန်ခဲ့ပြီးသောဘဝဟောင်းက ဆဋ္ဌါရိက မရဏာသန္နဇောသည် ယူပေးအပ်သော) ရှေ့ကကပ်လျက်ဘဝမှာတုန်းက သေတဲ့အခါမှာ မရဏာသန္နဝီထိဆိုတာ ဖြစ်တယ်၊ ဖြစ်တဲ့အခါမှာ အဲဒီမှာ မရဏာသန္နဝီထိဇောရှိတယ်၊ အဲဒီဇောယူတဲ့ အာရုံကိုပဲ ပဋိသန္ဓေဘဝင်က ဆက်ပြီးတော့ ယူတယ်၊ အဲဒီယူတဲ့အခါမှာ ဟိုဇောယူတဲ့ အာရုံ ရှိတုန်းမှာ ပဋိသန္ဓေဖြစ်ရင် ဒါ ပစ္စုပ္ပန်အာရုံကိုပဲ ဆက်ယူတယ်ပေါ့နော်၊ ဇောယူတဲ့ အာရုံက စုတိနှင့်ပြန်ပြီးတော့ ချုပ်သွားမယ်ဆိုရင်တော့ အတိတ်ကို ယူတယ်ပေါ့၊ ဒါဖြစ်နိုင်တယ်၊ ပစ္စုပ္ပန်သော်လည်းကောင်း အတိတ်သော်လည်းကောင်း ဖြစ်နိုင်တယ်။

ဒါကြောင့်မို့ တစ်ဘဝနှင့် တစ်ဘဝမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟာ မတူဘူးနော်၊ အဲဒါ သတိထား၊ အဲဒါမှာ မျက်စိလည်တတ်တယ်၊ ဘာကြောင့်လဲ ဆိုတော့ အခုဆိုပါတော့ ဘယ်ဘက်မှာရှိတဲ့ဘဝမှာ ကံစသည်ဆိုတာ ကံ ကမ္မနိမိတ် ဂတိနိမိတ်၊ ပဋိသန္ဓေကလည်း အဲဒီအာရုံကိုယူတယ်၊ ဘဝင်တွေကလည်း အဲဒီအာရုံကို ယူတယ်။

သို့သော် အဲဒီကံစသည်ကို ဇောကယူရဲ့လား၊ မယူဘူး၊ ဇောက ပစ္စုပ္ပန်ရူပါရုံကို ယူတာ၊ ကောင်းပြီ အဲဒီဘဝရဲ့ စုတိကတော့ ဘာကို ယူသလဲ, ကံစသည်ကိုပဲ ယူတယ်၊ ဘာလို့တုန်း တစ်ဘဝမှာ ပဋိသန္ဓေဘဝင်စုတိဟာ အာရုံတူရတယ်နော်၊ ဒါကြောင့်မို့ စုတိယူတဲ့ကံစသည်နှင့် ဒီဘယ်ဘက်ဘဝမှာ၊ ဘဝင်, ပဋိသန္ဓေ, ယူတဲ့ကံ စသည် အတူတူပဲ။

သို့သော် ဒီဘဝမှာသေတဲ့အခါမှာ အဲဒီကံစသည်ကို မယူဘူးနော်၊ တခြားကံစသည်ကိုယူတယ်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်လို့တော့ နာမည်တော့ ခေါ်ရတယ်၊ ဆိုပါတော့, ဒီဘက်ဘဝတုန်းကပဋိသန္ဓေက ကုသိုလ်ကံကို အာရုံပြုခဲ့မယ် ဆိုပါတော့၊ ဖြစ်နိုင်တယ်ဟုတ်လား၊ ဒါပေမယ်လို့ ဇောကကျတော့ သေခါနီးမှာ အကုသိုလ် သတိရပြီးတော့ သေသွားရင် သူက အကုသိုလ်ကို အာရုံပြုလိမ့်မယ်၊ ကံတော့ကံပဲ, အဲဒီတော့ နာမည်အနေ အားဖြင့်တော့ ကံကမ္မနိမိတ်, ဂတိနိမိတ်ကိုပဲ အာရုံပြုတယ်လို့ ပြောရတယ်၊ သို့သော် ဒီကံမဟုတ်ဘူး identical မဟုတ်ဘူး၊

အဲဒါ အရေးကြီးတယ်နော်၊ အဲသလိုမဟုတ်ရင် မျက်စိလည်သွားမယ်၊ မျက်စိလည်သွားရင် တစ်သံသရာလုံးမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟာ တစ်ခုတည်းလို့ စိတ်ဟာ ထင်သွားလိမ့်မယ်၊ ဒီဘဝမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ယူတာကိုပဲ နောက်ဘဝကလည်းယူ နောက်ဘဝကလည်းယူ, နောက်ဘဝကလည်းယူဆိုရင် အဲသလိုသာ ဖြစ်နေမယ်ဆိုရင် လူတွေ ဟိုဘဝ ဒီဘဝလည်းဖြစ်။

**မေး** – မိန်းမောတဲ့အခါကျတော့ တစ်ခုခုကနေကြားဝင်လာတဲ့ ဇောပြင်းထန်ပြီး ရောက်သွားတဲ့ အာရုံကို ပစ္စုပ္ပန်ရူပါရုံလို့ခေါ်ရသလား။

**ဖြေ** – ပစ္စုပ္ပန်ရူပါရုံဆိုတာက ခုနကဝတ္ထုမှာမျိုးဆိုရင် ဒါ ပစ္စုပ္ပန်ရူပါရုံပြောလို့ရတယ်၊ ဘာလို့တုန်းဆို သူ နတ်သမီးတွေ မြင်လာပြီကိုး၊ နတ်သမီးတွေမြင်လာတဲ့ အခါကျတော့ သူ ဂတိနိမိတ်တွေ ထင်လာပြီ၊ အဲဒီနတ်သမီးအာရုံတွေ ထင်နေတုန်း, ရှိနေတုန်းမှာပဲ သူက သေသွားတာ။

အဲဒီတော့ သူ့ရဲ့ပဋိသန္ဓေက အဲဒီနတ်သမီးနိမိတ်ကိုပဲ အာရုံပြုပြီးတော့ သူက နတ်သွားဖြစ်တာ၊ အဲဒါကြောင့်မို့နော်, ဒီဘဝမှာ ပဋိသန္ဓေ ဘဝင် စုတိရဲ့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်နဲ့ နောက်ဘဝ ပဋိသန္ဓေ ဘဝင်စုတိရဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟာ မတူဘူး၊ ဟုတ်ပြီလား၊ ဒီဘဝက ကုသိုလ်ကံဖြစ်ချင်ဖြစ်မယ်၊ နောက်ဘဝက အကုသိုလ်ကံ ဖြစ်ချင်ဖြစ်မယ်နော်၊ သို့မဟုတ် ဒီဘဝက ကုသိုလ်ကံဖြစ်မယ်၊ နောက်ဘဝက ကမ္မနိမိတ်ဖြစ်ချင်ဖြစ်မယ်၊ ဂတိနိမိတ်ဖြစ်ချင်ဖြစ်မယ်၊ အဲသလိုကွဲသွားနိုင်တယ်။

ဒါကြောင့်မို့ ဘယ်ဘက်ဘဝမှာ ပဋိသန္ဓေဘဝင်နောက်ဆုံးသွားလိုက် စုတိ အဲဒီ ၃–ခုရဲ့ အာရုံသည် identical ကံစသည် ကံဆိုလည်း ကံပဲ, ကမ္မနိမိတ်ဆိုလည်း ကမ္မနိမိတ်ပဲ၊ ဂတိနိမိတ်ဆိုလည်း ဂတိနိမိတ်ပဲ၊ စသည်ဆိုတာ ကမ္မနိမိတ်နှင့် ဂတိနိမိတ်ကိုပြောတာ၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်လို့ မရေးချင်လို့ ကံစသည်လို့ ပြောတာ (etc.) ဟုတ်လား၊

**မေး** – ပဋိသန္ဓေစဖြစ်တဲ့အချိန်နဲ့ စုတိဖြစ်တဲ့အချိန်မှာ ကံစသည်ချင်းကတော့ တူပါသလား။

**ဖြေ** – တူတယ်၊ တစ်ဘဝမှာ ပဋိသန္ဓေစိတ်ရှိတယ်၊ ဘဝင်စိတ်ရှိတယ်၊ စုတိစိတ်ရှိတယ်၊ သေတဲ့အခါမှာ အဲဒီ ၃–ခုဟာ အာရုံအတူတူပဲယူတယ်၊ ပဋိသန္ဓေယူတဲ့အာရုံကိုပဲ ဘဝင်ကယူတယ်၊ ပဋိသန္ဓေဘဝင်ယူတဲ့ အာရုံကိုပဲစုတိက ယူတယ်၊ အဲဒါကြောင့်မို့ တစ်ဘဝမှာဖြင့်ရင် ကံ ကမ္မနိမိတ် ဂတိနိမိတ်က

ဒါပဲ၊ ဒီ ပဋိသန္ဓေဘဝင် စုတိအတွက်ဟာ အာရုံအတူတူပဲ။

**မေး** – စုတိမတိုင်မီ ဇောတွေကျတော့ကော

**ဖြေ** – ဇောကျတော့ယူချင်တာ ယူလိမ့်မယ်၊ ဒါကြောင့်မို့ အခု ဝီထိကျတော့ ပစ္စုပ္ပန်ရူပါရုံကိုပြထားတာ၊

**မေး** – ဇောသွားနေတဲ့အခါမှာ စုတိဟာ ၁၆–မဟုတ်လား၊ ၁၆–ပြီးတော့ သူ့ရဲ့အဟောင်းကို ပြန်ကျပါသလား၊

**ဖြေ** – ဇောကလဲ ဒီဟာမှာ ၇–ကြိမ် မဇောနိုင်ဘူးတဲ့နော်၊ ဇောဟာ သာမန်အားဖြင့် average အားဖြင့်ဆိုရင် ၇–ကြိမ်ဇောတယ်၊ ဇောကလည်း ၅–ကြိမ်ပဲ ဇောတယ်၊ ဇောဇောပြီးတဲ့နောက် တစ်ခါတစ်လေလည်း ဘဝင်ကျနိုင်တယ်နော်၊ တဒါရုံဖြစ်ချင် ဖြစ်သေးတယ်၊ ပြီးတော့ စုတိလာတယ်၊ ဒါတော့ အမျိုးမျိုးရှိတယ်၊ ဒီမှာတော့ ဒါ အသာမြုပ်ထားတယ်၊ နောင်ပဉ္စမပိုင်းကျတော့ ဒီဝီထိတွေ ပြန်လေ့လာမယ်။

အဲဒီတော့ ဇောပြီးရင် စုတိကျတယ်ပဲဆိုကြပါစို့၊ ဒီဝီထိအရ ဆိုတော့ တစ်ခါတည်း စုတိဆိုရင် ဒီဘဝပြတ်သွားပြီ။

ဒီအလုံးလေး ၃–လုံးပြထားတာက အဓိပ္ပါယ်ရှိတယ်နော်၊ ဟုတ်လား၊ ဒီခဏတစ်ခုမှာ ခဏငယ် ၃–ခုရှိတယ်နော်၊ one moment မှာ three sub-moments, အဲဒီတော့ ဟို exist လို့ ဦးဇင်းတို့ ပြောတဲ့အခါမှာ အဲဒီ existance ရဲ့ ၃–ပိုင်းရှိတယ်၊ ဖြစ်တဲ့အပိုင်းရယ် ဖြစ်လာပြီးတော့ ခဏလေးတည်တဲ့အပိုင်း (still) ပြီးတော့ ပျက်စီးတဲ့အပိုင်း, ချုပ်တဲ့အပိုင်း အဲဒါကို ပါဠိလိုခေါ်တော့ ဥပါဒ်, ဋ္ဌီ, ဘင်လို့ခေါ်တယ်၊ ဒါ စတုတ္ထပိုင်းကျတော့ လေ့လာရမယ်၊ အဲဒီ ဥပါဒ်, ဋ္ဌီ, ဘင် ၃–ခုကို ခဏကြီး တစ်ခုလို့ ခေါ်တယ်၊ စိတ္တက္ခဏလို့ခေါ်တယ်၊ အမှန်ကတော့ အဲဒီဟာလေးတွေကျတော့ ခဏငယ်လို့ ခေါ်တယ်၊ small moment ၊ ဒါကြောင့်မို့ အဲသလို သုံးနှုန်းတာ။

အဲဒီ စုတိမှာ အဲဒီ ၃–ခုရှိတဲ့အနက်က နောက်ဆုံးဟာကို စုတိရဲ့ ဘင်ပေါ့၊ အဲဒီစုတိရဲ့ ဘင်ရောက်တာနဲ့ တစ်ပြိုင်တည်း ဒီဘဝပြီးပြီ၊ ပြီးရင် အဲဒီနောက် ဆက်တိုက် ပဋိသန္ဓေရဲ့ အစ ဥပါဒ်လာတယ်၊ ကြားမှာ အမှန်က ဘာမှ မခြားဘူး၊ အဲဒီတော့ ဒီဘဝနဲ့ ဟိုဘဝဟာ အမှန်အတိုင်းပြောရင် ဒီစိတ်အစဉ်အတိုင်း ပြောရမယ်ဆိုရင် ဘာမှ မခြားဘူး၊ ဘဝကြီးကတော့ သိပ်ထူးခြားသွားတာပေါ့လေ။

**မေး** – ဘဝအသစ်ရောက်သွားလို့ ပဋိသန္ဓေရှိတဲ့အချိန်မှာ အခုလောလော

ဆယ်ရှိနေတဲ့အာရုံကို ပစ္စုပ္ပန်ရူပါရုံကို ဘယ်လိုဖြစ်စေပါသလဲ။

**ဖြေ** – ပစ္စုပ္ပန်ရူပါရုံမကဘူး, အမျိုးမျိုးဖြစ်နိုင်တယ်၊ ဒါက (just as a sample) ၊ ဒီဝီထိပြတာက အဲဒီနေရာမှာ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ပဲ ဖြစ်နိုင်တယ်ဆိုတဲ့ အတွက်ကြောင့်မို့လို့ အာရုံ ၆–ပါးပဲ ဖြစ်နိုင်တယ်၊ အကယ်၍ ကံထင်တဲ့ ဝီထိချမယ်ဆိုပါတော့၊ ကံထင်တဲ့ ဝီထိချမယ်ဆိုရင် ပဉ္စဒွါရာဝဇ္ဇန်း, စက္ခု ဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏချလို့ မရတော့ဘူး၊ ဘာလို့တုန်းဆို သူက အတိတ်ဖြစ်သွားပြီ၊ မနောဒွါရမှာ ထင်မှာဟုတ်လား၊ အဲဒီတော့ အဲဒါတွေ ချန်ပြီးတော့ ပဉ္စဒွါရာဝဇ္ဇန်းအစား မနောဒွါရာဝဇ္ဇန်းလာခဲ့ ပြီးရင် ဇောလာခဲ့, အဲသလိုလုပ်ရမှာ။

အဲဒီအခါကျတော့ ပစ္စုပ္ပန်ရူပါရုံအစားအတိတ်ကံပေါ့၊ သို့မဟုတ် ကမ္မနိမိတ် ထင်မယ်၊ အတိတ်ကမ္မနိမိတ်ထင်ရင် အတိတ်ကမ္မနိမိတ်၊ ပစ္စုပ္ပန် ကမ္မနိမိတ် ထင်ရင်လည်း ပစ္စုပ္ပန် ကမ္မနိမိတ်၊ အဲဒီတော့ အမျိုးမျိုးဖြစ်နိုင်တယ်၊ ဒါကတော့ အဲဒီအများကြီးထဲက တစ်ခုခုတည်း ထုတ်ပြီးပြတာတာ၊ ပစ္စုပ္ပန် ရူပါရုံ တစ်ခုတည်း ကိုသာ အာရုံပြုတယ်လို့တော့ မမှတ်မိစေနဲ့။

**မေး** – အဲဒါကို ဘယ်လိုလုပ် တွဲလို့ရမလဲ၊ ခုနမှုဆိုးလိုပေါ့၊ အဲဒီ အလုံး အလုံးလေးတွေနဲ့

**ဖြေ** – ဒီဟာလေးတွေက တစ်ခုတစ်ခုကိုသိဖို့မလွယ်ဘူး၊ ဒါကတော့ မြတ်စွာ ဘုရားမှ သိတာကို ဒီသေတဲ့အခိုက်မှာ ဒီဝီထိနဲ့ သေလိမ့်မယ်၊ အဲဒီ ရဟန်းကြီးဟာ ဒီဝီထိနှင့် သေတဲ့အခါမှာ ပစ္စုပ္ပန်ရူပါရုံအရ နတ်သမီး ရူပါရုံလို့ ပြောကြစို့၊ ဂတိနိမိတ်, အဲဒီ ဂတိနိမိတ် မြင်နေတုန်းမှာ သူ စုတိစိတ်ကျသွားတာ၊ အဲဒါ ကြောင့်မို့ ပစ္စုပ္ပန်ရူပါရုံဟာ အတိတ ဘဝင်ကစပြီးတော့ သူရှိခဲ့တယ်၊ သူ့ကို အာရုံပြုတာကတော့ ပဉ္စဒွါရာဝဇ္ဇန်းကစပြီးတော့ အာရုံပြုမယ်၊ အဲဒီ ပစ္စုပ္ပန်ရူပါရုံက ရုပ်သက်က ၁၇–ချက်ရှိတယ်၊ စိတ်ထက် ၁၇–ချက်ပိုပြီးတော့ ရှည်တယ်လို့ဆိုတယ်၊ အသက်ပိုရှည်တယ်၊ အဲဒီတော့ စိတ္တက္ခဏ ၁၇–ချက်ပြည့်တဲ့အခါမှာ ပစ္စုပ္ပန် ရူပါရုံက ချုပ်သွားပြီ၊ ချုပ်သွားတဲ့အခါမှာ သူ အတိတ်ဖြစ်သွားတဲ့အတွက်ကြောင့်မို့ နောက်ဘဝင်တွေက အဲဒီ အတိတ် အာရုံကိုပဲယူတယ်၊ ဒီအာရုံ ဒီအာရုံပဲ၊ သို့သော် ပစ္စုပ္ပန်နဲ့အတိတ်ပဲ ကွာသွားတာ၊ အဲဒီတော့ နောက်ဘဝဖြစ်တဲ့ ပဋိသန္ဓေဟာလည်းပဲ သူမြင်ခဲ့တဲ့ နတ်သမီးအာရုံကိုပဲ သူယူမှာပဲ၊ အဲဒီ ရူပါရုံပဲယူမယ်၊ ဒါကြောင့်မို့ နတ်တစ်ဘဝလုံးမှာလည်းပဲ အဲဒီရူပါရုံကိုပဲယူမှာပဲ၊ သူ အဲဒီနတ်ဘဝက စုတေလို့

သေရင်လည်း အဲဒီ အာရုံပဲ ယူပြီး သေမှာ, တစ်ခါ နောက်တစ်ဘဝ သွားဖြစ်ချင် ဖြစ်ဦးမယ်ဆိုပါတော့၊ သူက ဖြစ်ရင် ဟိုအာရုံအသစ် ဖြစ်သွားမှာပေါ့၊ အဲဒီလို သွားလိမ့်မယ်။

ဘဝသစ်ရောက်တဲ့အခါကျတော့ ဘဝသစ်ဟာလေးလည်း လေ့လာဖို့ ကောင်းလို့ ထည့်ထားတာ၊ ပဋိသန္ဓေပြီးတော့ ဘဝင် ၁၅–ကြိမ် ၁၆–ကြိမ်ဖြစ်တယ်၊ အဲဒီ ဘဝင် ၁၅–ကြိမ်၊ ၁၆–ကြိမ်က အတိတ်ရူပါရုံကို အာရုံပြုတယ်။

အတိတ်ရူပါရုံဆိုတာ ဟိုဘက်တုန်းက အနေနဲ့ ပြောရင် ပစ္စုပ္ပန်ရူပါရုံပဲပေါ့၊ ပြီးတဲ့နောက် မနောဒွါရာဝဇ္ဇန်းဖြစ်တယ်၊ မနောဒွါရာဝဇ္ဇန်းဖြစ်ပြီးနောက် ဇော ၇–ကြိမ်ဖြစ်တယ်, ပြီးတော့ ဘဝင်ဖြစ်တယ်၊ အဲဒီ မနောဒွါရာဝဇ္ဇန်းနှင့် ဇော ၇–ကြိမ်က ဘယ်ကို အာရုံပြုသလဲဆိုတော့ ပဋိသန္ဓေ အသစ်ကို အာရုံပြုတယ်။

ပဋိသန္ဓေ အသစ်ဆိုတာ ပဋိသန္ဓေ စိတ်ရယ်, အဲဒီစိတ်နဲ့အတူတူဖြစ်တဲ့ ရုပ်ရှိသေးတယ်၊ ကမ္မဇရုပ်လို့ ခေါ်တယ်၊ အဲဒီဟာကို ပဋိသန္ဓေလို့ခေါ်တာ။

သာမညအားဖြင့် ပဋိသန္ဓေဆိုတော့ မှုန်မွှားမွှားပဲ စိတ်က သိလိမ့်မယ်၊ ဘာရယ်လို့ အတိအကျ မသိဘူး၊ သေသေချာချာ အဘိဓမ္မာနဲ့ ပြောတဲ့အခါကျတော့ ပဋိသန္ဓေဆိုတာ ပဋိသန္ဓေစိတ်ရယ် (ပဋိသန္ဓေစိတ်ဆိုတာ ဒွါရဝိမုတ်စိတ် ၁၉–ပါးထဲက တစ်ပါးပါး) ပြီးတော့ အဲဒီစိတ်နဲ့ အတူတကွဖြစ်တဲ့ စေတသိက်ရယ်၊ ပြီးတော့ အဲဒီစိတ်နဲ့အတူတကွဖြစ်တဲ့ ကမ္မဇရုပ်ရယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ရှိတယ်၊ အဲဒါကို ပဋိသန္ဓေလို့ခေါ်တယ်၊ အဲဒီဟာကို မနောဒွါရာဝဇ္ဇန်းနဲ့ ဒီဘဝသစ်မှာဖြစ်တဲ့ ဇောတွေက အာရုံပြုတယ်၊ ဒါကြောင့်မို့ အဲဒီဟာတွေပါ ထည့်ပြထားတယ်၊ ဒီမှာတော့ မလိုပါဘူး၊ မလိုပေမယ်လို့ ဒါလေးဟာ သဘောကျထားရင်ကောင်းတယ်၊ နောင်မရဏာသန္နဝီထိလေ့လာတဲ့အခါကျတော့လည်း ဒီပုံကိုပဲ ပြန်ပြီးတော့ ကြည့်ဦးမယ်၊ ပဋ္ဌမပိုင်းအဆုံးကျရင် ပြန်ပြီးတော့ လုပ်ဦးမယ်၊ ဒါလေး သိထားစေချင်တယ်။

အဲဒီဇောနောင်မှာ ဘဝင်တွေရှိတယ်၊ အဲဒီဘဝင်က အတိတ်ရူပါရုံဆိုတော့ ဒါကတော့ ပဋိသန္ဓေယူတဲ့ အာရုံကိုပဲယူတော့တာကို၊ ပဋိသန္ဓေယူတာက ပစ္စုပ္ပန်, သို့သော် ဟိုဘက်ကျတော့ အတိတ်ဖြစ်သွားတဲ့အတွက်ကြောင့်မို့လို့ အတိတ်အာရုံ, အဲဒီအတိတ်အာရုံပဲယူတော့တာ။

**မေး** – အဲဒီအတိတ်အာရုံနဲ့ နောင်ဘဝသစ်ဖြစ်လာတဲ့အခါ ဘာအာရုံတွေ ဆက်လာဦးမှာလဲဘုရား။

ဖြေ – ဆက်လာရင်တော့ ဘဝင်တွေ အများကြီးလာဖို့ရှိတယ်၊ အမိဝမ်းထဲမှာ ရှိတုန်းဆိုရင်လေ၊ ဟို လူသတ္တဝါဆိုရင် ဆိုပါတော့, ဒါပေမယ်လို့ တခြားစိတ်တွေလည်း ဖြစ်နိုင်တယ်၊ ကုသိုလ်စိတ်ဖြစ်ချင်ဖြစ်မယ်၊ အကုသိုလ်စိတ် ဖြစ်ချင်ဖြစ်မယ်၊ သို့သော် အမိဝမ်းထဲရှိတုန်းတော့ စောစောပိုင်းမှာဆိုရင်တော့ ဘဝင်စိတ်တွေ များမှာပါပဲ၊ ဝီထိစိတ်ဆိုတာတွေတော့ နည်းလိမ့်မယ်၊ တစ်ဘဝလုံးဟာဘဝင်ဖြစ်လိုက်, မြင်စိတ်ဖြစ်လိုက်၊ ကြားစိတ်ဖြစ်လိုက်, စဉ်းစားတဲ့စိတ်ဖြစ်လိုက်, နံတဲ့စိတ်ဖြစ်လိုက် ဘဝင်ဖြစ်လိုက်၊ အဲသလိုပဲ သွားနေမှာပဲ၊ နောင်သေတဲ့အခါကျတော့ ဒီလိုပဲတစ်ခါ၊ မရဏာသန္နဝီထိ တစ်ခါလာပြန်, ဒီပုံစံအတိုင်း အတိအကျတော့ မဟုတ်ဘူးပေါ့၊ သို့သော် ဒီလိုပဲ မရဏာသန္နဝီထိဆိုတာ လာပြီးတော့ ဒီလိုပဲသေမယ်၊ နောက်ဘဝဖြစ်, နောက်ဘဝဖြစ်၊ အဲဒီလို ဘဝတစ်ခုတစ်ခုဟာ အဲသလို ဆက်သွား တာ။

အဲဒီတော့ ဒီမရဏာသန္နဝီထိနှင့် ပတ်သက်ပြီးတော့ တစ်ခု သတိထားဖို့ အရေးကြီးတာက အင်္ဂလိပ်လိုရေးတဲ့ စာအုပ်တွေမှာ စုတိက ပဋိသန္ဓေကို ဖြစ်စေတယ်လို့ အဲသလို ရေးလေ့ရှိကြတယ်၊ အဲဒါဟာ ချော်နေတာ၊ ဒီပဋိသန္ဓေစိတ်ဟာ ဘာကြောင့်ဖြစ်တာလဲလို့မေးရင် လွန်ခဲ့တဲ့ဘဝကကံကြောင့်ဖြစ်တာ၊ ပဋိသန္ဓေစိတ်ဆိုတာ ဝိပါက်စိတ်မဟုတ်ဘူးလား၊ သန္တီရဏစိတ်ရယ်, မဟာဝိပါက်စိတ်ရယ်, ရူပဝိပါက်စိတ် ၅–ရယ်, အရူပဝိပါက်စိတ် ၄– ရယ်၊ ဟုတ်တယ်မို့လား၊ ဝိပါက်စိတ်တွေ၊ဝိပါက်စိတ်ဆိုတာ ကံရဲ့ အကျိုးဖြစ်တဲ့စိတ်တွေ၊ ဒါကြောင့်မို့ ပဋိသန္ဓေစိတ်ကို ဖြစ်စေတာသည် စုတိစိတ်ကဖြစ်စေတာ မဟုတ်ဘူး၊ အခု ဇောအခိုက်တုန်းက အာရုံပြုထားတဲ့ အခု ဇောအခိုက်တုန်းမှာဖြစ်တဲ့ ကံက ဖြစ်စေတာ, ကုသိုလ်ကံဖြစ်ဖြစ်, အကုသိုလ်ကံဖြစ်ဖြစ်, သို့မဟုတ် ဟိုဟုန်းက အဟောင်းကံကလည်း ဖြစ်စေနိုင်တယ်၊ ဟို အဟောင်းကံက ကံကိုအာရုံပြုတဲ့အခါ ကျတော့ သူက အသစ်လို လာဖြစ်နေတယ်၊ အဲဒီကံက ဖြစ်စေတာ စုတိက ဖြစ်စေတာ မဟုတ်ဘူး။

အဲဒီတော့ စုတိကနေရာဖယ်ပေးတဲ့သဘောသာရှိတယ်၊ စုတိက ဖွတ်ပေနေမယ်ဆိုရင် ပဋိသန္ဓေဖြစ်ခွင့် မရှိဘူးဆိုပါတော့၊ အဲဒါကြောင့်မို့ သူချုပ်ပေးတယ်၊ ချုပ်ပေးတဲ့အတွက်ကြောင့်မို့ ပဋိသန္ဓေဖြစ်ခွင့်ရှိတယ်၊ အဲဒီနည်းနဲ့တော့ စုတိက ပဋိသန္ဓေကို ဖြစ်ခွင့်ပေးတယ်လို့ ဆိုနိုင်တယ်၊ ဒါပေမယ်လို့ ဖြစ်စေတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး (produce)လုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး ဘယ်တော့မှ မဖြစ်စေရဘူး၊ အဲဒါကို သတိထားမှတ်ကြ။

သူများတွေက ရေးရင် အဲဒီလိုရေးလေ့ရှိကြတယ်၊ give rise to

patisandhi, Cuti gives rise to patisandhi ၊ အဲဒီ give rise to patisandhi ဆိုတာက အဓိပ္ပါယ်အမျိုးမျိုးယူလို့ရလိမ့်မယ် ဖြစ်စေတယ်, produce လုပ်တယ်ဆိုတဲ့ အဓိပ္ပါယ်လည်းရမယ်၊ ခုနလို အခွင့်ပေးတာ ဒီနေရာ သူထိုင်ပါစေတော့ဆိုပြီး ကိုယ်က ဖယ်ပေးလိုက်တဲ့ဟာမျိုး, အဲဒီလိုနည်းနဲ့တော့ စုတိက ပဋိသန္ဓေကို ကျေးဇူးပြုတယ်။

ပဋ္ဌာန်းကျရင် အနန္တရသတ္တိဖြင့် ကျေးဇူးပြုတဲ့အခါကျရင် ဒါတွေလာလိမ့်မယ်၊ သို့သော် စုတိကြောင့် ပဋိသန္ဓေဖြစ်တာ မဟုတ်ဘူး၊ စုတိက ပဋိသန္ဓေကိုဖြစ်စေတာ မဟုတ်ဘူး၊ ပဋိသန္ဓေကို ဖြစ်စေတာက ဘဝဟောင်းက ကံကဖြစ်စေတာ၊ ဇောနဲ့ အတူတကွဖြစ်တဲ့ကံတွေ ရှိလိမ့်မယ်၊ ဟိုးနောက်နောက်တုန်းက လုပ်ကဲ့တဲ့ကံတွေ ရှိခဲ့မယ်၊ အခုပေါ်လာတာနော်၊ အဲဒီကံက ပဋိသန္ဓေကိုဖြစ်စေတာ။

ဒါကြောင့်မို့ဒီအာရမ္မဏသင်္ဂဟ အနေနဲ့ နားလည်ဖို့ကတော့ အဲဒီ ဒွါရ ဝိမုတ်စိတ်လို့ခေါ်တဲ့ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် သို့မဟုတ် ပဋိသန္ဓေ, ဘဝင်, စုတိ, ကိစ္စတပ်တဲ့စိတ် ၁၉–ပါး ရှိတယ်၊ ဒီ ၁၉–ပါးဟာ ကံ, ကမ္မနိမိတ် ဂတိနိမိတ် ၃–ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုတယ်၊ အဲဒီ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဆိုတာ အာရုံအားဖြင့် ပြောမယ်ဆိုရင် အာရုံ ၆–ပါးပဲ၊ ရူပါရုံဖြစ်နိုင်တယ်၊ သဒ္ဒါရုံဖြစ်နိုင်တယ် စသည်သွားနော်။

အဲဒီ ကမ္မနိမိတ်, ဂတိနိမိတ်ဟာ ပစ္စုပ္ပန်လား, အတိတ်လား,ကာလဝိမုတ်လား၊ ပစ္စုပ္ပန်, အတိတ်, ပညတ်ဆိုတော့ ကာလဝိမုတ်ဖြစ်နိုင်တယ်၊ ဘယ်ကလာတဲ့ ကံ ကမ္မနိမိတ်, ဂတိနိမိတ်လဲ၊ မိုးပေါ်ကျပေါ်လာတာလားဆိုတော့အခြားမဲ့ လွန်ခဲ့ပြီးသော ဘဝဟောင်းက ဆဒွါရိက မရဏာသန္နဇောဆိုတာ ဒွါရ ၆–ပါးမှာ ဖြစ်တဲ့ ဇောလို့ ဆိုလိုတာ၊ မရဏာသန္နဇောပါပဲနော်၊ ဆဒွါရိကမရဏာသန္နဇောသည် ယူပေးအပ်သော, အဲဒီ ဆဒွါရိက မရဏာသန္နဇောယူတဲ့ အာရုံကိုပဲ ပဋိသန္ဓေကယူတယ်, ဘဝင်က ယူတယ်, ပဋိသန္ဓေကယူရင် ဘဝင်ကလည်းယူတာပဲ၊ စုတိကလည်းယူတော့တာပဲ, အဲဒီလို မှတ်ရမယ်၊ ဒါ ဒွါရဝိမုတ်စိတ်တို့ရဲ့ အာရုံ ရေးရေးရမယ်, ဘာကြောင့်တုန်း ဆိုတော့ ဒီမရဏာသန္န ဝီထိအကြောင်းကို ဒိထက်ကျယ်ကျယ်ပိုပြီးတော့ နားလည်ဖို့ လိုတယ်၊ ပြီးတော့ ဝီထိဆိုတာကိုက နားလည်ဖို့လိုသေးတယ်၊ အခုဟာက ဝီထိ ပိုင်းလည်း မရောက်သေးဘူး ဟုတ်လား၊ မရဏာသန္နဝီထိဆိုရင် ဘုံပိုင်းအဆုံးလည်း မရောက်သေးဘူး ဖြစ်နေတာကို သို့သော် အခုလောက် ရေးရေးနားလည်ရင် တော်ပြီ။

**မေး** – စုတိဟာ ပစ္စုပ္ပန် ရူပါရုံ အာရုံကို အာရုံပြုတာရှိပါသလား။

**ဖြေ** – ရှိတယ်၊ ဒါပေမယ့်လို့ အဲဒါကို အာရုံမပြုဘူး၊ ဒီစုတိကို လွန်ခဲ့တာကိုပဲ ပြန် အာရုံပြုတာ၊ ပဋိသန္ဓေပြုတဲ့ အာရုံကိုပဲ သူက ပြုတယ်၊

**မေး** – အဲဒီကြားထဲမှာ ခဏပြတ်သွားပါသေးလား။

**ဖြေ** – ပြတ်တော့မပြတ်ဘူး၊ ရူပါရုံကတော့ သူဟာသူရှိနေတာပဲပေါ့၊ သူ့ကို အာရုံမပြုဘူး၊ ဒီဘဝက ဒီအခိုက်အတန့်မှာ သူ့ကို အာရုံပြုတဲ့စိတ်မရှိဘူး၊

**မေး** – အာရုံကတော့ လာနေတယ်ပေါ့ဘုရား။

**ဖြေ** – အာရုံကတော့ ရှိနေတယ်၊ သူ့ကို အာရုံပြုမယ့်စိတ်မရှိဘူး၊ အဲဒီအချိန် အခါမှာ စုတိအခိုက်မှာ၊ ထို့အတူပဲ, အစမှာကြည့်လိုက်၊ အတီတဘဝင်အခိုက် ဘဝင်္ဂစလေန အခိုက်, ဘဝင်္ဂုပစ္ဆေဒ အခိုက်မှာ သူ့ကို အာရုံပြုတဲ့စိတ် မရှိဘူးဆိုတော့ သူကတော့ပေါ်နေပြီ၊ ဘာလို့တုန်းဆိုတော့ အတီတဘဝင်, ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒက ပဋိသန္ဓေနဲ့တူတဲ့ အာရုံကို ယူရမှာကို၊ ဒီပစ္စုပ္ပန်အာရုံကို မယူနိုင်ဘူး၊ အဲဒီတော့ အဲဒီမှာလည်းပဲ သူ့မှာ မရှိဘူး၊ အာရုံပြုတဲ့စိတ် မရှိဘူး၊ စုတိကျတော့လည်းပဲ သူ့ကို အာရုံပြုတဲ့စိတ် မရှိဘူး၊ အာရုံကတော့ ရှိနေတယ်။

**မေး** – ဒီလိုအောက်မေ့ရတယ်၊ အရှင်ဘုရားပြောသလို အဲဒီစုတိဖြစ်ခါနီး အချိန်မှာ အားကလည်းအလွန်နည်းနေတယ်၊ ဇောက ၅–ကြိမ်မဖြစ်ဘူး၊ normally ၇–ကြိမ်ဖြစ်မှာ မဟုတ်လား၊ အဲသလိုဖြစ်တုန်း စုတိဝင်လိုက်တဲ့အခါကျတော့ အဲဒီမှာ အာရုံက ပစ္စုပ္ပန်ရူပါရုံကို မမြင်နိုင်တော့ဘူး၊ အရင်ဟာကိုပဲ ပြန်မြင်တယ်၊ ဒါပေမယ့် စုတိဖြစ်ပြီး နောက်ပိုင်းဘဝသစ်ရောက်သွားတဲ့အခါ ခုနက အရှိန်နဲ့ သူက တက်သွားမယ်။

**ဖြေ** – စုတိကတော့ ဟုတ်တယ်၊ ဟို ရူပါရုံကတော့ ရှိနေသေးတာကို သူ့အနေနဲ့ကတော့ နတ်ဖြစ်တယ်ဆိုပါတော့, သူ့အနေနဲ့ နတ်ပြည်ရောက်သွားပြီ၊ ဒါပေမယ်လို့ ဒီရူပါရုံကတော့ ရှိတုန်းရှိတုန်းပဲကို, အဲဒါကိုပြန်ပြီးတော့ အာရုံပြုတာပေါ့၊

**မေး** – တကယ်လို့ အဲဒီအခိုက်အတန့်မှာ သူက အားကြီးနေတယ်ဆိုရင် စုတိမဝင်ခင်က ဇောစိတ် ၂–ခု ဆက်သွားလို့ရှိရင်ကော။

**ဖြေ** – အဲဒီအခါကျတော့ သူ့ကို မရဏာသန္နဝိထိလို့ကို မခေါ်တော့ဘူး၊ အဲဒီကျတော့ (normal) ပဲ ဖြစ်သွားပြီ၊ ဘာကြောင့်တုန်းဆိုတော့ အဲဒီ သေခါနီး အချိန်ကျတော့ ရုပ်ကလည်းအားနည်းလာပြီပေါ့၊ ဟဒယဝတ္ထုတို့ ဘာတို့က အားနည်းလာတာ, အဲသလို အားနည်းလာတဲ့အခါကျတော့ ဇောက ၇–ကြိမ်ထိအောင်

မသွားနိုင်ဘူးတဲ့၊ အဲဒါကြောင့်မို့ ၅–ကြိမ်ပဲစောတယ်၊ ရိုးရိုးအခါကတော့ ၇–ကြိမ် စောမယ်၊ တစ်ခါတလေ ၆–ကြိမ်စောတာလည်း ရှိချင်ရှိမယ်၊ ၅–ကြိမ် ထိအောင် မလာဘူး၊ မရဏာသန္နအခါမှာတော့ ၅–ကြိမ်၊ မြန်မာစကား အလော သုံးဆယ်ဆိုတာ ဘာလဲသိလား, အလယ်သုံးဇော, အလယ် သုံးဇောကို အလော သုံးဆယ်လို့ ပြန်ပြောတယ်ဆိုတာပဲ။

ဟုတ်ချင်ဟုတ်မယ်၊ အင်း ဇော ၅–ကြိမ်ထဲက အလယ် ၃–ဇောပေါ့, ဟုတ်ဘူးလား၊ အလယ် ၃–ဇောဆိုတော့ ဇောကမှ ၅–ကြိမ်ရှိတာ၊ အဲဒီတော့ ၃–ဇောဆိုတော့ မြန်မြန်ဆန်ဆန်ဖြစ်တယ်ပေါ့၊ ဟုတ်လား၊ အဲဒါကြောင့်မို့ အလယ် ၃–ဇောကို အလောသုံးဆယ်လို့ ပြန်တယ်ဆိုတာပဲ၊ အဲဒီတော့ ဇောက စိမ်ပြေနပြေ ၇–ကြိမ်မစောနိုင်ဘူးပေါ့၊ ၅–ကြိမ်ပဲစောသွားတယ်၊ ပြီးရင် စုတိ, စုတိပြီးရင်တော့ ပဋိသန္ဓေဟာ တောက်လျှောက်လိုက်ပဲ၊ ဒီကြားကတော့ ဘာမှ ခြားလို့ မရဘူး၊။

ဇောနဲ့စုတိကြားမှာတော့ ခြားနိုင်တယ်နော်၊ ဇောနဲ့ စုတိကြားမှာ ဘဝင်ခြား နိုင်တယ်၊ ပြီးတော့ တဒါရုံခြားနိုင်တယ်၊ စုတိပြီးရင်တော့ ပဋိသန္ဓေပဲ, ပဋိသန္ဓေ ပြီးရင်လည်း ဘဝင် ၁၅–ကြိမ်၊ ၁၆ ကြိမ်ကတော့ ဖြစ်ရော, ပြီးတော့ မနောဒွါရ ဝဇ္ဇန်းနှင့် ဇော ၇–ကြိမ်၊ ဒါကတော့ တန်းဖြစ်မှာပဲ၊ ဒါကတော့ ဘယ်လိုမှ တားလို့ မရဘူး။

ဘဝသစ်မှာ ဇော ၇–ကြိမ်ရှိတယ်၊ အဲဒီဇောဟာ ဘာဇောလဲဆိုတော့ ဘဝနိကန္တိကဇောလို့ခေါ်တယ်၊ ဘဝကို တွယ်တာလိုက်တဲ့ဇော၊ ဒါကြောင့်မို့ လူတွေဟာ သတ္တဝါတွေဟာ ဘဝကို မလွှတ်နိုင်တာ၊ စဖြစ်ထဲကိုက ဘဝတစ်ခုမှာ စဖြစ်လိုက်တယ်ဆိုရင်၊ ဒီဇောဟာ (နိကန္တိဆိုတာ လောဘပေါ့) လောဘဇောနဲ့ ဘဝကို အရင်းတည်လာကြတာ၊ လူတွေဟာ ဒါကြောင့်မို့ ကိုယ့်ဘဝကို တွယ်တာတာ။

**မေး** – အရှင်ဘုရားပြောတဲ့ မုဆိုးဇာတ်လမ်းထဲကလို နတ်ပြည်ကိုရောက်, ဒီဘဝက စုတိဖြစ်သွားတော့ စိတ်အားဖြင့် ချက်ချင်းရောက်သွားမယ်၊ ဟိုမှာကျတော့ သူ့ကံက အကျိုးပြုတာဆိုရင် သူက မကောင်းမှု ကံတွေလုပ်ခဲ့ဖူးတယ် မဟုတ် ပါလား။

**ဖြေ** – အဲဒီ ကံက မရဏာသန္နဇောနဲ့ အတူတူဖြစ်တဲ့ ကံပေါ့လေ၊ ဟုတ်လား၊ သို့မဟုတ် ဟိုးနောက်ဘဝကကံက ဟိုမှာလဲ ရုပ်ကိုလည်းဖြစ်စေတယ်၊ စိတ်ကိုလည်း ဖြစ်စေတယ်၊ အမှန်တော့ ပြိုင်ဖြစ်တာ (transfer) လုပ်တာကိုမဟုတ်ဘူး၊ ဒီက အကြောင်းကြောင့် ဟိုမှာ အကျိုးထပေါ်တာ, ဒီကအကြောင်းက ပြောင်း

သွားတာမဟုတ်ဘူး၊ အဲဒီဘဝအပြောင်းကလည်း အတော်အရေးကြီးတယ်၊ ဒီကဟာ တစ်ခုခုက ဟိုကို ပြောင်းသွားတာ မဟုတ်ဘူး၊ ဒီမှာပျောက်ပြီး ဟိုမှာပေါ်တာ၊ အဲဒီတော့ ဒီကဟာက ဟိုသွားပေါ်တာ မဟုတ်ဘူး၊ ဟိုမှာပေါ်တဲ့ဟာက ဒီကဟာနဲ့ လုံးဝမဆက်စပ်တာလည်း မဟုတ်ဘူး၊ အဲဒါတွေကြောင့် လောက်လမ်းသဖွယ် ဝိဉာဉ်တွယ် ဘာညာဆိုပြီးတော့ ယူကုန်ကြတာပေါ့၊ မျှော့တို့ဘာတို့ သွားတဲ့ အခါကျတော့ ဟိုဘက်မိပြီးမှ ဒီဘက်လွှတ်တယ်၊ အဲဒါမျိုးလို စိတ်တွေက ထင်သွားတတ်တယ်၊ အဘိဓမ္မာသဘောတရားကတော့ ဒီလိုမဟုတ်ဘူး၊ ဒီက ကံကြောင့် ဟိုမှာ အကျိုး ထဖြစ်တာ၊ အဲဒီထဖြစ်တဲ့အကျိုးနဲ့ ဒီကကံအကြောင်းနဲ့ဟာ ဟိုအကြောင်းအကျိုး အဖြစ်ဖြင့် ဆက်သွယ်မှုရှိတယ်၊ တွေ့ကရာကကြောင့် တွေ့ကရာ အကျိုးဖြစ်တာ မဟုတ်ဘူး၊ အဲဒီလို အကြောင်းအကျိုး ဆက်သွယ်မှုရှိတယ်၊ သို့သော် ဒီကံက ပြောင်းလဲပြီးတော့ အကျိုးဖြစ်သွားတာ မဟုတ်ဘူး၊ ဒီကံက တရွေ့ရွေ့ သွားပြီးတော့ ဟိုမှာ သွားအကျိုးဖြစ်တာလည်း မဟုတ်ဘူး၊ အဲဒီလို ဘဝကူးကို ယူတတ်ရမယ်။

ဦးဇင်းတို့ ပါဠိကျမ်းတွေမှာ "န စ သော န စ အညော" ဟူသော formula လေးရှိတယ်၊ သူလည်းမဟုတ်ဘူး၊ တခြားလူလည်း မဟုတ်ဘူး၊ ဒီဘဝက သေပြီးတော့ နောက်ဘဝရောက်သွားတယ် ဆိုပါတော့, အဲဒီပုဂ္ဂိုလ်ဟာ ဒီဘဝက သတ္တဝါလား ဆိုတော့ မဟုတ်ဘူး၊ ဒီဘဝ သတ္တဝါ ဒီမှာတင်ပြီးပြီ, ချုပ်သွားပြီ၊ ဒါဖြင့် နောက်ဘဝဖြစ်တဲ့သတ္တဝါက ဒီဘဝလူနဲ့ လုံးဝ မပတ်သက်တော့ ဘူးလား၊ လုံးဝ အသစ်ကြီးလား၊ ဒီလိုလည်း မဟုတ်ဘူး၊

**မေး** – အရိပ်က ဒီအရာဝတ္ထုကြောင့်ဖြစ်တယ်၊ အရာဝတ္ထုကြောင့် အရိပ်ဖြစ်တယ်ဆိုရင် အရာဝတ္ထုကစပြီး ပေါ်တာလား၊ အရိပ်ကစပြီး ပေါ်တာလား၊ တစ်ခုခုက အရင်းတည်ရမယ်၊ တစ်ခုခုနဲ့တော့ ဆက်စပ်နေရမယ်၊ တစ်ပြိုင်နက် ဖြစ်ရမယ်လား။

**ဖြေ** – ဒီမှာကျတော့ ကံ ကံရဲ့အကျိုးအဖြစ်ဖြင့် ဆက်စပ်တယ်၊ ဆက်သွယ်မှု သူတို့မှာရှိတယ်၊ ဘာလို့တုန်းဆိုတော့ ဒီအကြောင်း ကြောင့် ဟိုအကျိုးဖြစ်တာကို ဆိုတော့ အကြောင်းအကျိုး အနေအားဖြင့် ဆက်စပ်မှုရှိတယ်၊ ဒါပေမယ်လို့ အကြောင်းသည် အကျိုးမဟုတ်ဘူး၊ အကျိုးသည် အကြောင်းမဟုတ်ဘူး၊ အကြောင်းက ဒီမှာဖြစ်ပြီးတော့ချုပ်သွားပြီ၊ သို့သော် သူ့ရဲ့အရှိန်ကြောင့် (ဆိုပါတော့) သူ့ရဲ့အစွမ်း ကြောင့် ဟိုမှာ အကျိုးထပေါ်တာ အဲဒါပဲ၊ အဲဒီလို ယူတတ်မှ ဟုတ်လား၊ ဒီဘဝက ဟို ဘဝပြောင်း(reincarnation) ဆိုတာ အဲဒါတွေသွားတာ၊

ဒါကြောင့်မို့ ဦးဇင်းတို့ ဒီတရားဟောတဲ့ခါတို့ ဘာတို့ကျတော့ ဗုဒ္ဓဘာသာက အနတ္တလည်းဟောသေးတယ်, အတ္တမရှိဘူး, အမြဲတည်တဲ့ဟာ ဘာမှမရှိဘူးလည်း ဟောသေးတယ်၊ ပြီးတော့ နောင်ဘဝလည်း ကိုယ်တော်တို့က လက်ခံသေးတယ်၊ အဲဒါ ဘယ်လိုလဲ၊ ဒါ အမြဲမေးတယ်၊ အဲဒီတော့ ဦးဇင်းက တစ်ခုမေး တယ်၊ မင်း အခု မင်းဟာ လွန်ခဲ့တဲ့ ၁၀–နှစ်က မင်းနဲ့ အတူတူလား မတူဘူးလား၊ အဲဒီတော့ Yes and No ဟုတ်တယ်မို့လား၊ ဟုတ်တယ်လည်း ပြောလို့ရတယ်၊ မဟုတ်ဘူးလည်း ပြောလို့ရတယ်၊ မတူဘူး ပြောရအောင်ကလ ဘယ့်နှယ်မတူလို့ ရမလဲ၊ လွန်ခဲ့တဲ့ ၁၀ နှစ်က ငါဆိုပါတော့ အခုလည်း ငါဖြစ်နေတာ။

ဒါကြောင့်မို့ တကယ်ဟုတ်ကဲ့လား၊ ဒါတကယ်ပဲ တူတာ၊ နောက်ဘဝ ပြောင်းသွားတယ်ဆိုတာ တစ်ယောက်ထဲလို့လည်း၊ ပြောလို့မရဘူး၊ တခြားစီ ပါလို့လည်း ပြောလို့မရဘူး၊ အဲဒီအယူခက်လည်း ခက်တယ်၊ အတ္တစွဲသွား တတ် တယ်၊ ဟိုသူတို့ပြောလေ့ရှိတယ်၊ ခန္ဓာကိုယ်မှာရှိတဲ့ (cell) တွေဟာ အမြဲတမ်း ပြောင်းလဲ နေတယ်ဟုတ်လား၊ အဟောင်းတွေသေပြီးတော့ အသစ်တွေဖြစ်တယ်တဲ့ ဆိုတော့ ၇–နှစ်တစ်ခါ (totally new) သူတို့ပြောတယ်၊ ၇–နှစ်တစ်ခါ ဒီဟာ အကုန်ပြောင်းတာပဲတဲ့, အရင်လဲငါ, အခုလဲငါပဲ ဟုတ်လား၊ အဲဒါကြောင့်မို့ ဒီဘဝကို နားလည် နိုင်ရင် အခုလို ဖြစ်လာတာကို နားလည်နိုင်ရင် နောက်ဘဝလည်း နားလည်နိုင်တယ်၊ မှန်းဆပေါ့လေ၊ ဒါကတော့ scientifically ယူရင် ရတယ်၊ ဘာကြောင့်တုန်းဆိုတော့ လွန်ခဲ့တဲ့ ၁၀ နှစ်က ငါနဲ့ အခုငါနဲ့ အတူတူဆိုရင်လည်း ဟုတ်တယ်၊ မတူဘူးဆိုလည်း ဟုတ်တယ်၊ ခုနလိုပဲ၊ biologically ကျတော့ အသစ်လို့ ပြောတယ်၊ အသစ်လို့သာပြောတယ် memory ကလဲရှိနေတာပဲ။

ရုပ်တွေကလည်း တူနေသေးတာပဲ၊ ဟုတ်တယ်မို့လား၊ ဒါကို ဦးဇင်းက ပြောလေ့ ရှိတယ်လေ၊ ဒီဇင်ဘာလ ၃၁–ရက်နေ့ည ၁၂–နာရီနှင့် နောက်တစ်မိနစ်နှင့် ဘာကွာသလဲ၊ မင်းတို့ ဘာပြောမလဲ၊ နေ့အသစ်ဖြစ်သွားပြီ၊ လအသစ်ဖြစ်သွားပြီ၊ နှစ်အသစ်ဖြစ်သွားပြီနှင့် ပြောတယ်၊ ဘာထူးလဲလို့ one moment's differ-ence ဘာမှ မတူဘူး၊ အမှန်က လူတွေ သမုတ်ထားတာသာ နှစ်သစ်ဆိုပြီး ပျော်ကြ ပြုကြလုပ်ကြတယ်၊ အဲသလိုဟာမျိုးလိုပဲလို့ ဘဝတစ်ခုပြောင်းတယ်ဆိုတာ လည်း ဘာမှထူးတာမဟုတ်ဘူးလို့, ခဏတစ်ခုပဲလို့, ဒီဘဝမှာ ခုနကလိုဟာမျိုး နားလည် နိုင်ရင် နောက်ဘဝဆိုတာလည်း နားလည်မှာပါ။

ကိုင်း, ကောင်းပြီ ဒါ ပြန်ပြီးတော့ နားလည်း ထောင်ကြည့်လည်းကြည့်ပေါ့လေ၊

စဉ်းစားလည်း စဉ်းစားပေါ့၊ ဒါက ခက်တယ်၊ နောက်ထပ်ရှိသေးတယ်၊ ဒီဟာတင် မကသေးဘူး၊ ဒီဟာထဲက သွားချင်ရင် ရသေးတယ် ၊ ဒါပေမယ်လို့ အဲဒါတွေလုပ်ရင် ရှုပ်ကုန်လိမ့်မယ်၊ ထိုက်သည့်အားလျော်စွာနဲ့ပတ်သက်ပြီးတော့ အများကြီး အခိပ္ပါယ် တွေရှိသေးတယ်။

အခြားမဲ့ဘဝက ဒီမရဏာသန္နဓောက ယူပေးအပ်သောလို့ဆိုတယ် မဟုတ် ဘူးလား၊ ဆိုတော့ ဟို အသညသတ်သတ္တဝါတွေရှိတယ်၊ အသညသတ် ဗြဟ္မာဆိုတာ ရုပ်ချည်းသွားဖြစ်နေတာ နာမ်မရှိဘူး၊ အဲဒီကျတော့ ဘယ့်နှယ်လုပ်မလဲ၊ အဲဒီဘဝမှာ ကိုက မရဏာသန္နဓောကမရှိပဲ ရုပ်ကြီးချည်းသွားဖြစ်နေတာ၊ အဲဒီတော့ အဲဒီဘဝမှာက ဟိုဘက်ဘဝကဟာကိုယူရတယ်၊ အဲဒီကျတော့ အဲဒီလို ထိုက်သည့် အားလျော်စွာ ဆိုတာအဲလိုဟာတွေပါလာတာ၊ အခြားမဲ့ဘဝဆိုတာ အသညသတ်တွေကို ရည်ရွယ် တာ မဟုတ်ဘူး၊ အသညသတ်ကျတော့ မရှိဘူးလေ၊ ရုပ်ကြီးကမ္ဘာ ၅၀၀– သွားဖြစ်နေ တာကို, အဲသလိုရှိတယ်၊ ဒါနောက်တော့ တဖြည်းဖြည်း နားလည်ပါ လိမ့်မယ်။

သင်္ဂြိုဟ်က ဒီအတိုင်းပဲနော်၊ ပထမတစ်ခေါက်က ဒီလိုပဲ၊ လည်ချာလည်ချာပဲ၊ နားလည်သလို မလည်သလိုလိုလေးနဲ့ သွားတာ, ဘာလိုတုန်းဆိုတော့ သိစရာက အကုန်မသိသေးပဲ၊ တချို့ဟာတွေက နောက်ကဟာပါ သိထားမှ ကောင်းကောင်း နားလည်တာ၊ အခုဟာက နောက်ကဟာတွေက ဘာမှ မသိရသေးဘူး၊ ဝီထိဆိုတာ လည်း ကောင်းကောင်းမသိသေးဘူး၊ မရဏာသန္နသဘောလည်း မသိသေးဘူးဆိုတော့ အဲဒီမှာ ပိုင်ပိုင်နိုင်နိုင် ဟန်ကျပန်ကျ နားလည်ဖို့ မလွယ်သေးဘူး၊ သို့သော် အခု ဂလောက် မှတ်မိရင် ကောင်းတယ်ပေါ့။

# ဝတ္ထုသင်္ဂဟ

| | လောဘမူလ ၈ | ဒေါသမူလ ၂ | မောဟမူလ ၂ | စက္ခုဝိညာဏ် ၂ | သောတဝိညာဏ် ၂ | ဃာနဝိညာဏ် ၂ | ဇိဝှါဝိညာဏ် ၂ | ကာယဝိညာဏ် ၂ | မနောဓာတ် ၃ | သန္တီရဏ ၃ | မနောဒွါရာဝဇ္ဇန်း ၁ | ဟသိတုပ္ပါဒ် ၁ | မဟာကုသိုလ် ၈ | မဟာဝိပါက် ၈ | မဟာကြိယာ ၈ | ရူပါဝစရ ၁၅ | အရူပ ကုသိုလ် ၄ | အရူပ ဝိပါက် ၄ | အရူပ ကြိယာ ၄ | သောတာပတ္တိမဂ် ၁ | ကြွင်းလောကုတ် ၇ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စက္ခုဝတ္ထု | | | | ■ | | | | | | | | | | | | | | | | | | ၂ |
| သောတဝတ္ထု | | | | | ■ | | | | | | | | | | | | | | | | | ၂ |
| ဃာနဝတ္ထု | | | | | | ■ | | | | | | | | | | | | | | | | ၂ |
| ဇိဝှါဝတ္ထု | | | | | | | ■ | | | | | | | | | | | | | | | ၂ |
| ကာယဝတ္ထု | | | | | | | | ■ | | | | | | | | | | | | | | ၂ |
| ဟဒယဝတ္ထု(မြဲ) | | ■ | | | | | | | ■ | ■ | | ■ | | ■ | | ■ | | | | ■ | | ၃၃ |
| ဟဒယဝတ္ထု(ရံခါ) | ■ | | ■ | | | | | | | | ■ | | ■ | | ■ | | ■ | | ■ | | ■ | ၄၂ |
| ဝတ္ထုမမှီ | | | | | | | | | | | | | | | | | | ■ | | | | ၄ |

**၃၁ ဘုံ** – ကာမ ၁၁–ဘုံ၊ ရူပ ၁၆–ဘုံ၊ အရူပ ၄–ဘုံ၊

ဝတ္ထုရုပ် ၆–ပါး: ကာမ ၁၁–ဘုံ၌ရှိ။

စက္ခု၊ သောတ၊ ဟဒယ အသညသတ်ကြဉ် ရူပ ၁၅–ဘုံ၌ရှိ။

| **ဝိညာဏဓာတ် ၇ ပါး:** – | | |
|---|---|---|
| ၁။ စက္ခုဝိညာဏဓာတ် | စက္ခုဝိညာဏ် | ၂ |
| ၂။ သောတဝိညာဏဓာတ် | သောတဝိညာဏ် | ၂ |
| ၃။ ဃာနဝိညာဏဓာတ် | ဃာနဝိညာဏ် | ၂ |
| ၄။ ဇိဝှါဝိညာဏဓာတ် | ဇိဝှါဝိညာဏ် | ၂ |
| ၅။ ကာယဝိညာဏဓာတ် | ကာယဝိညာဏ် | ၂ |
| ၆။ မနောဓာတ် | သမ္ပဋိစ္ဆန ၂+ပဉ္စဒွါရာဝဇ္ဇန်း | ၃ |
| ၇။ မနောဝိညာဏဓာတ် | ကြွင်းစိတ်များ | ၇၆ |

# အဘိဓမ္မာသင်တန်း (၂၁)

## ပဏ္ဏာသပိုင်း

## ဝတ္ထုသင်္ဂဟ

ဒီနေ့ မတ်လ ၁၃–ရက် လွန်ခဲ့တဲ့အပတ် သောကြာနေ့က ကလပ်စ် မလုပ်ဖြစ်ဘူး၊ ဟိုတစ်ပတ်က ဘာကို လေ့လာခဲ့ကြတုန်း၊ အာရမ္မဏသင်္ဂဟ ဒုတိယပိုင်းလို့ ဆိုရတာပေါ့နော်၊ ဒွါရဝိမုတ်စိတ်တို့ရဲ့ အာရုံ၊ အဲဒါ လေ့လာခဲ့ပြီ၊ အဲဒါနဲ့ပဲ အာရမ္မဏသင်္ဂဟ အပြီးလို့ပဲ ထားရတော့မှာပေါ့လေ၊ နောက်ထပ် မှတ်စရာ သားစရာတွေတော့ရှိသေးတယ်၊ ဒါပေမယ်လို့ တဖြည်းဖြည်း ချင်းပဲ သွားကြစို့။

ဒီနေ့ ဘာကို လေ့လာမလဲဆိုရင် ဝတ္ထုသင်္ဂဟကို လေ့လာမယ်၊ အဲဒီတော့ ဝတ္ထုသင်္ဂဟမှာ ဝတ္ထုဆိုတဲ့စကားလုံးရှိတယ်နော်၊ ဝတ္ထုဆိုတဲ့ စကားလုံးက အဓိပ္ပါယ် အမျိုးမျိုးထွက်တယ်၊ လူတွေနားလည်မယ့် အဓိပ္ပါယ်ကတော့ ဝတ္ထုစာအုပ်ပေါ့ ၊ ဒါက လူတွေနားလည်မယ့်ဟာ၊ ဒါပေမယ်လို့ ဘုန်းကြီး ကျတော့ ဝတ္ထုဆိုတာ ဘာလဲဆိုတော့ ငွေကိုလည်း ဝတ္ထုခေါ်တယ်၊ ဘုန်းကြီးဝတ္ထုကပ်တယ်၊ ဘာတယ် ဆိုတော့ ငွေခေါ်တာ။

ဒါပေမယ်လို့ အခုဒီမှာ ဝတ္ထုဆိုတာကတော့ မှီရာဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ တည်ရာမှီရာ အင်္ဂလိပ် သူ့ကို base လို့ ပြန်တယ်၊ ဒီအိမ်ဟာ လူရဲ့မှီရာတည်ရာ

ဖြစ်သလိုပေါ့၊ အိမ်ရှိမှ လူနေလို့ရတယ်၊ ထို့အတူပဲ, စိတ်ရဲ့ မှီရာကို ဒီနေရာမှာ ဝတ္ထုလို့ခေါ်တယ်။

အဲဒီစိတ်မှီရာဝတ္ထုက ဘယ်နှစ်မျိုးရှိသလဲဆိုရင် ၆–မျိုး ရှိတယ်နော်၊ ဒီဝတ္ထု မရှိပဲနဲ့ စိတ်မပေါ်နိုင်ဘူးတဲ့နော်၊ ဒါပေမယ်လို့ ဝတ္ထုမရှိပဲနဲ့ ဖြစ်ပေါ်လာတဲ့ စိတ်ကလည်း ရှိသေးတယ်၊ ဒါက နောက် လေ့လာလာတော့ တွေ့လိမ့်မယ်နော်၊ သို့သော် လူ့ပြည်နတ်ပြည်ပေါ့လေ၊ ပြီးတော့ ရူပဗြဟ္မာ့ပြည်မှာ စိတ်ဖြစ်ရင်တော့ အဲဒီစိတ်ဟာ မှီရာဝတ္ထုရှိရတယ်၊ မှီရာဝတ္ထုမရှိပဲနဲ့ စိတ်မဖြစ်ပေါ်လာနိုင်ဘူး၊

အဲဒီဝတ္ထုက ၆–မျိုးရှိတယ်တဲ့နော်၊ ဇယားကွက်ကို အတန်းလိုက်ရှိတဲ့ဟာ တွေကို ဖတ်လိုက်ရင် စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယ ဝတ္ထု, ဟဒယ ဝတ္ထု ဆိုပြီးတော့ ဝတ္ထုရုပ် ၆–မျိုးရှိတယ်။

စက္ခုဝတ္ထုဆိုတာဟာ စက္ခုဒွါရဆိုတာနဲ့ အတူတူပဲနော်၊ ဒါဖြင့် စက္ခုဒွါရဟာ ဘာကို ခေါ်တာတဲ့တုန်း၊ ဒါနောက်တုန်းက ပါပြီးသား ဟုတ်လား၊ စက္ခုဒွါရဟာ အကြည်ဓာတ်ကိုခေါ်တာနော်၊ စက္ခုပသာဒလို့ ခေါ်တဲ့အကြည်ဓာတ်၊ မျက်လုံးကြီး မဟုတ်ပဲနဲ့ မျက်လုံးထဲမှာရှိတဲ့ အရိပ်ထင်တဲ့ နေရာပေါ့လေ, အကြည်ဓာတ်၊ အခုခေတ်စကားနဲ့ဆိုရင် (retina)တို့ဘာတို့ဖြစ်ချင်ဖြစ်မယ်ပေါ့၊ အဲဒီစက္ခုအကြည် ဓာတ်၊ သို့မဟုတ် ပါဠိလိုခေါ်ရင်စက္ခုပသာဒကို စက္ခုဝတ္ထုလို့ခေါ်တယ်၊ ဒါကြောင့်မို့ စက္ခုဒွါရဆိုတာနဲ့ စက္ခုဝတ္ထုဆိုတာ အမှန်က အတူတူပဲ၊ ဒွါရ ၆–ပါး ရှိခဲ့တယ် မဟုတ်လား၊ စက္ခုဒွါရ၊ သောတဒွါရ၊ တစ်ခါတလေ သူတို့ကို ဒွါရလို့ခေါ်တယ်၊ တစ်ခါတလေ ဝတ္ထုလို့ခေါ်တယ်နော်။

သောတဝတ္ထုဆိုရင်လည်းပဲ သောတပသာဒနော်၊ နားအကြည်ဓာတ်၊ သောတ ဒွါရနှင့် အတူတူပဲ။

ဃာနဝတ္ထုဆိုရင် နှာခေါင်းအကြည်ဓာတ်ပေါ့နော်၊ ဃာနပသာဒ နှာခေါင်း ထဲမှာ အနံ့သိတဲ့ နေရာလေးတွေပေါ့လေ ဃာနဝတ္ထု။

နောက်တစ်ခုက ဇိဝှါဝတ္ထု၊ ဇိဝှါဝတ္ထုဆိုတာက လျှာအကြည်ဓာတ်, ဟို taste bud ပေါ့လေ၊ လျှာမှာ အရသာသိတဲ့နေရာလေးတွေ။

ကာယဝတ္ထု, ကိုယ်အကြည်ဓာတ်တဲ့၊ ဒါကတော့ တစ်ကိုယ်လုံးဆိုပါတော့ ဆံပင်ဖျားတို့ လက်သည်းဖျားတို့မှ လွဲရင် တစ်ကိုယ်လုံးနှံ့ပြီးတော့ တည်တယ်တဲ့ နော်၊ ကာယပသာဒ, ကိုယ်အကြည်ဓာတ်၊

နောက်ဒွါရမှာတုန်းကတော့ ကာယဒွါရပြီးတော့ မနောဒွါရလာတယ်၊

ဒီကျတော့ ကာယဝတ္ထုပြီးတော့ ဟဒယဝတ္ထု, အဲဒါ တစ်ခုတော့ မတူတော့ဘူး။

ဟဒယဝတ္ထုဆိုတာ နှလုံးကို ဆိုလိုတယ်နော်၊ အမှန်အတိုင်းပြောမယ် ဆိုရင်တော့ အဲဒီ နှလုံးသားထဲမှာ သွေးရှိတယ်၊ သွေးအမြဲတမ်းကျနေတယ်၊ အဲဒီ သွေးကို အမှန်က ဟဒယဝတ္ထုလို့ခေါ်တာ၊ စကားလုံးရဲ့ အနက်အနေနဲ့ ပြောမယ်ဆိုရင် ဟဒယဆိုတာ heart ပဲ။

သို့သော် heart ချည်း တစ်ခုလုံးကို ဟဒယလို့ခေါ်တာ မဟုတ်ဘူး၊ အဲဒီ နှလုံးထဲမှာ သွေးရှိတယ်တဲ့နော်၊ အဆိုအတိုင်းပြောမယ်ဆိုရင် လက်တစ်ခုပ်စာလောက် သွေးရှိတယ်တဲ့၊ အဲဒီသွေးကို အမှီပြုပြီးတော့ ဖြစ်တဲ့စိတ်တွေရှိသေးတယ်၊ အဲဒါကို ဟဒယဝတ္ထုလို့ခေါ်တယ်၊ ဒါကြောင့်မို့ ဝတ္ထုရုပ် ၆-မျိုးရှိတယ်နော်။

ဒီ ဟဒယဝတ္ထုနှင့် ပတ်သက်ပြီးတော့ အယူအဆမတူတာ, သို့မဟုတ် တစ်မျိုးတစ်မည် ယူဆလို့ဖြစ်တာမျိုးလေးတွေရှိတယ်၊ ဒါဘာလဲဆိုတော့ မြတ်စွာ ဘုရားကိုယ်တော်တိုင်က ဟဒယဝတ္ထုရယ်လို့ ထင်ထင်လင်းလင်း ထုတ်ဖော်ပြီးတော့ ဟောခဲ့တာ မရှိဘူး၊ အကြင်ရုပ်ကို အမှီပြု၍ မနောဓာတ်, မနောဝိညာဏဓာတ် ဖြစ်တယ်၊ ထိုရုပ်က ထိုမနောဝိညာဏဓာတ်အား နိဿယသတ္တိဖြင့် ကျေးဇူးပြုတယ် စသည်ဖြင့် ဒီလို ပဋ္ဌာန်းပါဠိတော်မှာ ဟောထားတယ်။

အဲဒီတော့ ရုပ်တစ်မျိုးကို အမှီပြုပြီးတော့ မနောဓာတ်နဲ့ မနောဝိညာဏဓာတ် ဖြစ်တယ်၊ အဲဒီရုပ်က အဲဒီဝိညာဏဓာတ်အားကျေးဇူးပြုတယ်၊ ဒီလိုသာ မြတ်စွာ ဘုရားက ဟောခဲ့တယ်၊ အဲဒီရုပ်တစ်မျိုးဆိုတာကို မြတ်စွာဘုရားက ဟဒယဝတ္ထုပဲ, ဘာပဲလို့ ဒီလိုဟောခဲ့တာ မရှိဘူးနော်။

အဲဒီလို မရှိတဲ့အတွက်ကြောင့်မို့ အခုနောက်ဆရာများကဒီစိတ်ရဲ့ မှီရာဟာ နှလုံးသားထဲက နှလုံးထဲက သွေးဆိုတာ ဟုတ်ချင်မှဟုတ်မယ်၊ ဦးနှောက်လဲပဲ ဆိုလိုနိုင်မှာပဲ၊ ဘာကြောင့်တုန်း၊ မြတ်စွာဘုရားက ဘာရယ်လို့မှ မဟောခဲ့ပဲကိုး, ဦးနှောက်လို့လည်း မပြောခဲ့ဘူး၊ နှလုံးလို့လည်း မပြောခဲ့ဘူး။

ဒီရုပ်တစ်ခုကို မှီပြီးတော့ စိတ်ဖြစ်တယ်၊ အဲဒီရုပ်က အဲဒီစိတ်ကို နိဿယ သတ္တိဖြင့် ကျေးဇူးပြုတယ်၊ ဒီလိုသာဟောတာကို၊ အဲဒီတော့ရုပ်တစ်ခု ဆိုတဲ့ဟာမှာ ယူချင်တာယူလို့ ရတယ်ပေါ့၊ အဲသလို ယူချင်တာ ယူလို့ရတော့ အဋ္ဌကထာ ဆရာများကစပြီးတော့ ရှေးကယူဆခဲ့ကြတာက အဲဒီ ရုပ်တစ်ခုဆိုတာဟာ ဟဒယ ဝတ္ထုကိုဆိုလိုတယ်၊ ဟဒယဝတ္ထုဆိုတာလည်းပဲ နှလုံးသွေး နှလုံးသားမှာရှိတဲ့ နှလုံးသွေးကို ဆိုလိုတယ်လို့ ဒီလိုပဲ အစဉ်အလာယူဆလာကြတယ်။

အထူးထူးအဆန်းဆန်း ယူချင်သေးရင်ပေါ့လေ၊ ဦးနှောက်ဘက်ကို လိုက်ချင်သေးရင်လည်း ခုနလို စကားကပ်လို့ရတာပေါ့လေ၊ သြော်, မြတ်စွာဘုရားက နှလုံးသားလို့ အတိအကျ ဟောခဲ့တာ မဟုတ်ဘူးနော်၊ ရုပ်တစ်ခုလို့ ဟောခဲ့တယ်၊ အဲဒီတော့ ဒီ ရုပ်တစ်ခုဆိုတာဟာ ဦးနှောက်ကော မဖြစ်နိုင်ဘူးလား၊ ဒီလိုလည်းပဲဆိုကြတယ်၊ ဦးရွှေဇံအောင်တို့ ခေတ်တုန်းကိုက ဒီဟာတွေဆွေးနွေးတာရှိတယ်။

အဲဒီတော့ အစဉ်အလာအယူအဆအတိုင်းကတော့ နှလုံးသားလို့ပဲ, မှတ်လိုက်ကြပါစို့၊ နောင် ရုပ်ပိုင်းကျတော့ ထပ်ပြီးလာဦးမယ်၊ အဲဒီကျတော့ ထပ်ပြီးသေသေချာချာ အကျယ်ဆွေးနွေးကြမယ်၊ ဟုတ်လားနော်၊

ကောင်းပြီ, အဲဒီတော့ ဝတ္ထုရုပ် ၆–မျိုးရှိတယ်၊ အဲဒီဝတ္ထုရုပ် ၆–မျိုးကို အမှီပြုပြီးတော့ စိတ်တွေဟာ ဖြစ်ကြရတယ်နော်၊ ခုနကပြောသလိုပဲ စိတ်ဘယ်လောက်ရှိတုန်း၊ စိတ်–၈၉၊ သို့မဟုတ် ၁၂၁–ပါး, ၈၉–လို့ပဲ မှတ်လိုက်ကြပါစို့၊ စိတ် ၈၉ ရှိတယ်၊ အဲဒီစိတ် ၈၉–ခုဟာ ဟိုဝတ္ထုမှီဖြစ် ဒီဝတ္ထုမှီဖြစ်၊ အဲဒီလို သူ့ဆိုင်ရာဝတ္ထုကို မှီပြီးတော့ ဖြစ်ရတယ်၊ ဝတ္ထုရုပ် မမှီပဲနဲ့ ဖြစ်တဲ့စိတ်ဆိုလို့ ဟိုး ကန့်လန့်ဖြတ်အောက်ဆုံးအတန်းမှာ ဝတ္ထုမရှိဆိုတာမှာဘာလဲ၊ အရူပ ဝိပါက်စိတ် ၄–ခု ပဲ ရှိတယ်၊ တခြားဟာတွေက ဝတ္ထုရုပ်မှီရတာတွေ ချည်းပဲ။

ကောင်းပြီ, ဘယ်စိတ်သည် ဘယ်ဝတ္ထုကို မှီသလဲတဲ့နော်၊ သြော်, နေဦး၊ အဲဒီလို ဝတ္ထုရုပ် ၆–ပါးရှိတော့ အဲဒီဝတ္ထုရုပ် ၆–ပါးစလုံးကို ၃၁–ဘုံလုံးမှာ ရနိုင်သလားဆိုတော့ ဇယားကွက်အောက်က စာလေးတွေမှာ ကြည့်လိုက် ပထမ ၃၁ ဘုံ ဆိုတာ သိဖို့ အရေးကြီးတယ်နော်၊ မြန်မာစကားအနေနဲ့ ပြောပြောနေကြတယ် ဟုတ်လား၊ ၃၁–ဘုံ သတ္တဝါတွေ အမျှပေးတာတို့ ဘာတို့။

၃၁–ဘုံဆိုတာ ကာမ ၁၁–ဘုံရှိတယ်နော်၊ ရူပါဝစရက ၁၆–ဘုံရှိတယ်၊ အရူပါဝစရက ၄–ဘုံရှိတယ်၊ အားလုံး ၃၁–ဘုံတဲ့။

ကာမ ၁၁–ဘုံဆိုတာ နည်းနည်းလေး ချဲ့ပြောလိမ့်ဦးမယ်၊ အပါယ် ၄ ဘုံရယ်၊ လူ့ဘုံရယ်, နတ် ၆– ဘုံရယ်, အဲဒါကို ကာမ ၁၁–ဘုံလို့ခေါ်တယ်၊ အပါယ် ၄–ဘုံ၊ လူ့ဘုံ၊ နတ် ၆–ဘုံ။

ရူပ ၁၆–ဘုံမှာ အသညသတ်ဆိုတာ ၁–ဘုံ, တခြားရူပ ၁၅–ဘုံ အဲသလိုပဲ ကျဉ်းကျဉ်းပဲမှတ်ဦးနော်၊ ဟိုအကျယ်ကတော့ ဘုံပိုင်းပဋ္ဌမပိုင်းကျမှ လာလိမ့်မယ်။

အသညသတ်ဆိုတာက ရုပ်ချည်းရှိတဲ့ဘုံတဲ့နော်၊ နာမ်မရှိဘူး၊ တစ်ခါတည်း အဲဒီ အသညသတ် ဗြဟ္မာဘုံမှာ သွားဖြစ်ရင် ဆင်းတုကြီးလို သွားပြီးတော့ ကမ္ဘာ

၅၀၀ – ဖြစ်နေတာ၊ နာမ်မရှိတဲ့ဘုံ ရုပ်ချည်းရှိတဲ့ဘုံ, တခြားရူပါဝစရ ၁၅ ဘုံကတော့ ရုပ်ရော နာမ်ရောရှိတယ်။

ပြီးတော့ အရူပ ၄–ဘုံနော်၊ အရူပ ၄–ဘုံကတော့ နာမ်ချည်းရှိတယ် ရုပ်မရှိဘူး၊ အဲဒီတော့ ခန္ဓာကိုယ်ကြီးတွေ ဘာကြီးတွေ မရှိဘူးပေါ့နော်၊ အဲဒီလို အားလုံး ၃၁– ဘုံရှိတယ်၊ အဲဒီ ၃၁–ဘုံမှာဝတ္ထုရုပ် ၆–ပါးက ဘယ်လို ရနိုင်တာတုန်း။

ကာမ ၁၁–ဘုံမှာဝတ္ထုရုပ် ၆–ပါးလုံးအကုန်ရှိတယ်တဲ့နော်၊ လူမှာဆိုရင် ဝတ္ထုရုပ် ၆–ပါး အကုန်ရှိတယ်၊ တိရစ္ဆာန်တွေမှာလည်း ၆–ပါး အကုန်ရှိတယ်၊ နတ်တွေမှာလည်း ၆–ပါး အကုန်ရှိတယ်၊ ရူပ ၁၅–ဘုံကျတော့ အသညသတ် မပါဘူး၊ အသညသတ် ကြဉ်ထားတဲ့ ရူပ ၁၅–ဘုံမှာကျတော့ စက္ခု, သောတ, ဟဒယ, ဒီ ၃–ခုသာ ရှိတယ်တဲ့နော်၊ အဲဒီတော့ ဗြဟ္မာကြီးတွေမှာ စက္ခုဝတ္ထုသာရှိတယ်၊ သောတဝတ္ထုသာရှိတယ်၊ ဟဒယဝတ္ထုသာရှိတယ်၊ ဒီ ၃–ခုသာရှိတယ်တဲ့နော်၊ ကျန်တာတွေမရှိဘူး၊ ကျန်တာက ဃာနရယ်, ဇိဝှါရယ်, ကာယရယ်, ဒီပသာဒ ၃–မျိုး ဗြဟ္မာတွေမှာ မရှိဘူး၊ အသညသတ်မပါတဲ့ ရူပ ၁၅–ဘုံမှာ။

အဲဒီတော့ ဒါဖြင့်ရင် ဗြဟ္မာတွေမှာ ဃာနဝတ္ထု ဇိဝှါဝတ္ထု, ကာယဝတ္ထု မရှိဘူးဆိုတော့ နှာခေါင်းမရှိဘူးလား၊ လျှာမရှိဘူးလား၊ ကိုယ်မရှိဘူးလား၊ ဘယ့်နှယ်တုန်း ဗြဟ္မာတွေ, ဗြဟ္မာပုံတွေ ဘာတွေ မြင်ဘူးလား၊ ဗြဟ္မာကြီးက မြတ်စွာဘုရား လာတောင်းပန်တဲ့ အခါတို့ဘာတို့ ဗြဟ္မာပုံတွေ ဘာတွေ ရေးထားတာ မြင်ဖူးလား၊ မြင်ဖူးတယ်နော်။

အဲဒီတော့ အမှန်ကတော့ ရှိတယ်တဲ့နော်၊ လူလိုပဲပေါ့၊ နှာခေါင်းလည်းရှိတယ်, လျှာလည်းရှိတယ်, ကိုယ်လည်းရှိတယ်၊ သို့သော် အဲဒီ ပသာဒမရှိတာကိုဆိုလိုတာ၊ ဒါကြောင့်မို့ သူတို့ အနံ့မသိဘူး၊ လျှာမှာ ဇိဝှါပသာဒမပါတဲ့ အတွက်ကြောင့်မိုလို့ အရသာကို သူတို့မသိဘူး၊ စားမှ မစားပဲကို၊ အမှန်ကတော့ သူတို့က ပီတိနဲ့ နေတာကို၊ ခန္ဓာကိုယ်မှာ ခန္ဓာကိုယ်ကြီး ရှိပေမယ်လို့ ပသာဒမရှိတဲ့ အတွက်ကြောင့်မို့ အထိအတွေ့ကို သူတို့မသိဘူး၊ အဝတ်အစားတွေ ဘာတွေတော့ ရှိတယ်တဲ့၊ ဒါပေမယ်လို့ အထိအတွေ့ ကောင်းတယ်ဆိုးတယ် သူတို့ မသိဘူး၊ ဒါကြောင့်မို့ ဗြဟ္မာတွေမှာ နှာခေါင်းတို့ လျှာတို့ ကိုယ်တို့ မရှိဘူးလားဆိုရင် ရှိတယ်၊ သို့သော် မရှိတာက အကြည်ဓာတ်ပေါ့၊ အဲဒီ ပသာဒကမရှိတာ၊ ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ, ဒီ ၃–မျိုးမရှိဘူး။

ဘာကြောင့် ဒီ ၃–မျိုး မရှိတာတုန်းဆိုတော့ သူတို့က ဗြဟ္မာပြည်ရောက် အောင်ဈာန်ပွားများကတည်း ကိုက ဒီ ပသာဒတွေကို မနှစ်သက်ဘူး၊ ဆိုလိုတာ ကတော့ ထိုထို အာရုံတွေရှိတယ်၊ အဲဒီအာရုံတွေ အကြောင်းပြုပြီးတော့ လူတွေမှာ လောဘဖြစ်တယ်, ဒေါသဖြစ်တယ်, မောဟဖြစ်တယ်၊ ကောင်းတဲ့ အာရုံလေးမြင်ပြီး တော့စွဲလမ်းတယ်, လောဘဖြစ်တယ်၊ မကောင်းတဲ့ အာရုံမြင်ပြီးတော့ ဒေါသဖြစ်တယ်၊ အဲဒီတော့ လောဘ ဒေါသတွေ ဖြစ်နေရရင် ဒီလောဘဒေါသတွေက မကောင်းတဲ့ အကျိုးတွေ ပေးနေမယ်၊ အဲဒါကြောင့်မို့ ဒီအာရုံတွေ မရှိရင် အမှန်ကတော့ ကောင်းမှာပဲ၊ လိုချင်စရာအာရုံ လောကမှာ မရှိဘူး၊ စိတ်ဆိုးစရာ အာရုံမရှိဘူးဆိုရင် လောကဟာ သိပ်ကောင်းမှာပဲ၊ လုပ်လို့ရလား မရဘူး၊ အာရုံက သူ့ဟာသူ အာရုံကို ဖျောက်လို့ရတာမဟုတ်ဘူးနော်၊ ချစ်စရာ ပစ္စည်းလေးတစ်ခုကို ချစ်စရာ မဖြစ်ပါနဲ့ဆိုလို့ မရဘူး။

အဲဒီတော့ ကြွက်မနိုင်ကျည်မီးနဲ့ရှို့ဆိုတာလိုပဲ အာရုံကိုမနိုင်ရင် ဒီကအခံကို ပျောက်အောင် လုပ်မယ်ကွနော်၊ အနံ့နဲ့ ပတ်သက်ပြီးတော့ အကုသိုလ် မဖြစ်အောင် နော်၊ ဘယ်လို လုပ်မလဲ၊ အနံ့ကိုတော့ ပယ်လို့ မရဘူး၊ အနံ့က သူ့ဟာသူ ရှိနေတာကို, ငါ့နှာခေါင်းပယ်မှပဲ၊ အဲဒီလိုပေါ့လေ။

ဒါဖြင့်ရင် စက္ခုနှင့် သောတဘာလို့ ကျန်နေတုန်း၊ ဒါကတော့ သူက နည်းနည်းအသုံးကျသေးတယ်တဲ့နော်၊ စက္ခုက ဘုရားဖူးရသေးတယ်၊ သောတက တရားနာရသေးတာကို အဲဒီအတွက် ချန်ထားတာတဲ့။

ဒါကြောင့်မို့ ဗြဟ္မာတွေဟာ မြတ်စွာဘုရား လာဖူးလို့ရတယ်၊ မြတ်စွာဘုရားနှင့် လာစကားပြောလို့ရတယ်၊ မြတ်စွာဘုရားက တရားဟောတာကို နာလို့ရတယ်၊ စက္ခု, သောတ ရှိတယ်၊ အဲဒီအတွက် ချန်ထားတာတဲ့။

ဃာန, ဇိဝှါ ကာယက အဲဒါမျိုး အကျိုးရှိစရာ မရှိတော့ဘူး၊ မရှိတဲ့အတွက် ကြောင့်မို့ ဒါတွေကို မဖြစ်အောင်ဆိုပြီးတော့ ဘာဝနာပွားများတော့ အဲဒီဘာဝနာရဲ့ အစွမ်းကြောင့် ဗြဟ္မာဖြစ်တဲ့ အခါကျတော့ သူတို့မှာ ဒီပသာဒတွေ မဖြစ်တော့ဘူး။

ဒါကြောင့်မို့ အသညသတ်ကြဉ်တဲ့ ရူပ ၁၅–ဘုံမှာ စက္ခုဝတ္ထု, သောတဝတ္ထု, ဟဒယဝတ္ထု ဒီ ၃–ခုသာ ရှိတယ်နော်၊ ကျန်တဲ့ ၃–ပါးမရှိဘူး။

ဒါဖြင့် အသညသတ်ဘုံမှာကျတော့ကော ဘာမှ မရှိဘူးနော်၊ အရူပဘုံမှာလည်း ရုပ်မှ မရှိပဲ၊ ဘာမှ မရှိဘူး၊ ဒီဝတ္ထု ၆–မျိုးက အကုန်လုံး ရုပ်ချည်းပဲ။

အခု ဘယ်စိတ်က ဘယ်ဝတ္ထုကို မှီတယ်ဆိုတာ လေ့လာကြစို့နော်၊ ဒါ

သိပ်လွယ်တယ်၊ ဘာကြောင့်တုန်း, ဇယားကွက်ကြည့်လိုက်ရင် တန်းနေတာပဲ ဟုတ်လား၊ စက္ခုဝတ္ထုကိုမှီတဲ့စိတ် ဘယ်စိတ်လဲ, စက္ခုဝိညာဏ်စိတ် ၂–ခုနော်၊ ပြောင်းပြန် ပြန်လိုက်, စက္ခုဝိညာဏ်စိတ် ၂–ခုက ဘယ်ကို မှီသလဲ, စက္ခုဝတ္ထုကို မှီတယ်ပေါ့။

သောတဝတ္ထုကို မှီတဲ့စိတ် သောတဝိညာဏ် ၂–ခု, ဟုတ်ပြီ၊ ဃာနဝတ္ထုကို မှီတဲ့စိတ် ဃာနဝိညာဏ် ၂–ခု။

ဇိဝှါဝတ္ထုကို မှီတဲ့စိတ်၊ ဇိဝှါဝိညာဏ် ၂–ခု၊ ကာယဝတ္ထုကိုမှီတဲ့စိတ်, ကာယဝိညာဏ် ၂–ခု၊ ဒီထိအောင်ကတော့ လွယ်သည်။

ဟဒယဝတ္ထုကျတော့ကို အမြဲမှီတာရှိတယ်၊ ရံခါ မှီတာရှိတယ်၊ အဲဒီတော့ အဲဒါ ခွဲခြားရလိမ့်မယ်၊ သူတို့ဖြစ်တိုင်းဖြစ်တိုင်း ဟဒယ ဝတ္ထုကို မှီတဲ့စိတ် ရှိတယ်နော်၊ တချို့စိတ်ကျတော့ တစ်ခါတလေ ဟဒယဝတ္ထုရုပ်ကို မှီဖြစ်တယ်၊ တစ်ခါတလေ မမှီပဲ ဖြစ်တယ်၊ ဒီလိုရှိတယ်၊ အဲဒီစိတ် ၂–မျိုးခွဲရမယ်။

ပထမဟဒယဝတ္ထုတွေ အမြဲမှီတဲ့စိတ်တွေက ဘယ်စိတ်တွေတဲ့လဲ၊ ဒေါသမူ ကစ ဟဒယဝတ္ထုကို အမြဲမှီတာ၊ ဒေါသမူဒွေး၊ ဒေါသမူ ၂–ခု၊ ပြီးတော့ မနောဓာတ် ၃–ခု, သန္တီရဏ ၃–ခု, ဟသိတုပ္ပါဒ် ၁–ခု, မဟာဝိပါက်စိတ် ၈–ခု (မဟာဝိပါက်ဆိုတာ ကာမာဝစရသောဘန ဝိပါက်နော်၊ မဟာဝိပါက်စိတ် ၈–ခု) ပြီးတော့ ရူပါဝစရစိတ် အကုန်လုံး ၁၅–ခု, ပြီးတော့ သောတာပတ္တိ မဂ်စိတ် ၁–ခု၊ အားလုံးပေါင်းလိုက်စမ်း, ဘယ်လောက်ရတုန်း၊ ၃၃–တဲ့၊ သူတို့က ဟဒယဝတ္ထုကို အမြဲမှီတယ်တဲ့နော်။

ဟဒယဝတ္ထုကို အမြဲမှီတယ် ရံခါမှီတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိကြတုန်း၊ အရူပါဝစရဘုံမှာ မဖြစ်နိုင်ဘူးဆိုရင် အဲဒီစိတ်ဟာ ဟဒယဝတ္ထုကို အမြဲမှီတယ်၊ စိတ်တစ်ခုဟာ ကာမဘုံ ရူပဘုံမှာသာဖြစ်တယ်၊ အရူပဘုံမှာ မဖြစ်ဘူးဆိုတဲ့ စိတ်မျိုးဆိုရင် ဟဒယဝတ္ထုကို အမြဲမှီမှာပေါ့။

စိတ်တစ်ခုဟာ ကာမဘုံ ရူပဘုံမှာလည်းဖြစ်တယ်၊ အရူပဘုံမှာလည်း ဖြစ်တယ်ဆိုရင် သူက ကာမဘုံ ရူပဘုံမှာ ဖြစ်တဲ့အခါမှာ ဟဒယဝတ္ထုကို မှီမယ်၊ အရူပဘုံမှာဖြစ်တဲ့ အခါမှာ ဟဒယဝတ္ထုမှမရှိပဲ၊ မမှီတော့ဘူးပေါ့။

အဲဒီတော့ အရူပဘုံမှာ ဘယ်တော့မှ မဖြစ်တဲ့စိတ်ဆိုရင် ဟဒယဝတ္ထုကို အမြဲမှီတယ်နော်၊ အရူပဘုံမှာလည်းဖြစ်တယ်၊ ကာမဘုံ ရူပဘုံမှာလည်း ဖြစ်တယ်ဆိုတဲ့ စိတ်မျိုးကျတော့ ရံခါမှီတယ်ပေါ့။

ရုံခါဆိုတာ ကာမဘုံ, ရူပဘုံမှာဖြစ်တဲ့အခိုက် ဟဒယဝတ္ထုကိုမှီတယ်၊ အရူပဘုံမှာဖြစ်တဲ့အခိုက် ဟဒယဝတ္ထုကို မမှီဘူး၊ အဲဒီတော့ ဟဒယဝတ္ထုကို အမြဲမှီတဲ့စိတ် ကြည့်လိုက်စမ်း၊ ပထမ ဘာတွေ့လဲ, ဒေါသမူဒွေးတဲ့၊ ဒေါသမူဒွေးဟာ နောင်ကျတော့ သိလိမ့်မယ်နော်၊ ဗြဟ္မာဘုံမှာ ဖြစ်ကို မဖြစ်ဘူး၊ မဂ်နဲ့ ပယ်သလို ပယ်တာ မဟုတ်ပေမယ်လို့ ဘုံအနေအားဖြင့်ပယ်ထားတာ၊ ဒါကြောင့်မို့ ဗြဟ္မာ့ပြည်မှာ ဒေါသမူဒွေး မရှိဘူး၊ ရူပဘုံမှာတောင် မရှိဘူး၊ အရူပဘုံဆိုတာတော့ ပြောစရာမရှိဘူး၊ အဲဒီတော့ သူက ကာမဘုံမှာသာ ဖြစ်မယ်ပေါ့၊ ကာမဘုံမှာသာဖြစ်ရင် ဟဒယဝတ္ထု အမြဲမှီတော့မှာပဲ၊ ရုံခါမှီတာတွေ မရှိတော့ဘူးနော်။

နောက် တစ်ခုက မနောဓာတ် ၃–ခုတဲ့၊ မနောဓာတ် ၃–ခုဆိုတာ ပဉ္စဒွါရာဝဇ္ဇန်းနဲ့ သမ္ပဋိစ္ဆိုင်းဒွေးကို မနောဓာတ် ၃–ခုလို့ခေါ်တာ၊ သူတို့တွေကလည်းပဲ ဘယ်မှာသာဖြစ်သလဲ၊ ၅–ဒွါရမှာသာဖြစ်တယ်၊ မနောဒွါရမှာ မဖြစ်ဘူး၊ ၅–ဒွါရမှာသာဖြစ်တယ်နော်၊ အဲဒီတော့ သူတို့ကလည်းပဲ ကာမဘုံ ရူပဘုံမှာသာဖြစ်တယ်၊ အရူပဘုံမှာမဖြစ်ဘူး၊ ဒါကြောင့်မို့ သူတို့ဟာလည်းပဲ ဟဒယ ဝတ္ထုကို အမြဲမှီတယ်။

နောက် တစ်ခုက သန္တီရဏ ၃–ခု၊ သန္တီရဏ ၃–ခုကလည်း အရူပဘုံမှာ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုရင် ဒွါရတို့ ကိစ္စတို့က အရူပဘုံမှာ သန္တီရဏနှင့် ပတ်သက်တဲ့ဟာ မရှိဘူးနော်၊ သန္တီရဏ ၃–ခုက ဘယ်ဒွါရမှာဖြစ်မလဲ၊ ပဉ္စဒွါရမှာ ဖြစ်မယ်၊ မနောဒွါရမှာဖြစ်မယ်, ဟုတ်လား၊ အထူးသဖြင့်တော့ ပဉ္စဒွါရမှာဖြစ်မယ်၊ ဒါကြောင့်မို့ သန္တီရဏ ၃–ခုဟာ အရူပဘုံမှာ မဖြစ်ဘူး၊ အရူပဘုံမှာ မဖြစ်တဲ့ အတွက်ကြောင့်မိုလို့ ဟဒယဝတ္ထုကို အမြဲမှီတယ်။

ဟသိတုပ္ပါဒ်စိတ် အရူပဘုံမှာဖြစ်နိုင်ပါ့မလား၊ ရဟန္တာမှာတော့ ဖြစ်တယ် နော်၊ ဟုတ်လား၊ သို့သော် အရူပဘုံ ရဟန္တာမှာ ဟသိတုပ္ပါဒ်စိတ် ဖြစ်နိုင်ပါ့မလား၊ ပြုံးတဲ့စိတ်ပဲ၊ ဖြစ်နိုင်ပါ့မလဲ၊ အရူပဘုံက ရုပ်မှ မရှိပဲနော်၊ ပြုံးတယ်ဆိုတာ ရုပ်ပဲ၊ အဲဒါကြောင့်မို့ ပြုံးနိုင်တဲ့ ခန္ဓာကိုယ် မရှိတဲ့အတွက်ကြောင့်မို့ ဟသိတုပ္ပါဒ်စိတ်ဟာ အရူပဘုံမှာမဖြစ်ဘူး၊ ဒါကြောင့်မို့ သူဟာ ကာမဘုံ ရူပဘုံမှာသာဖြစ်တယ်၊ ဒါကြောင့်မို့ ဟဒယ ဝတ္ထုကိုအမြဲမှီတယ်။

ပြီးတော့ မဟာဝိပါက်စိတ်ဆိုတာကလည်းပဲ ကာမာဝစရဘုံမှာသာ ဖြစ်တာ နော်၊ ကာမာဝစရဘုံမှာသာ ဖြစ်တဲ့အတွက်ကြောင့်မိုလို့ သူဟာလည်း ဟဒယဝတ္ထုကို အမြဲမှီတယ်။

ရူပါဝစရစိတ် ၁၅–ခုကလဲပဲ ရူပါဝစရဘုံနဲ့ ကာမာဝစရဘုံနဲ့ ကာမာဝစရဘုံမှာ

ထိုက်သည့်အားလျော်စွာဖြစ်တယ်၊ အရူပါဝစရဘုံမှာ မဖြစ်ဘူး၊ အရူပဈာန်ကိုရလိုက်ရင် ရူပဈာန် ပျောက်တာပဲနော်၊ အဲလေ, အရူပဘုံမှာ သွားဖြစ်လိုက်တယ်ဆိုရင် ရူပါ ဝစရဈာန်က မရှိတော့ဘူး၊ အရူပဈာန်ပဲရှိမယ်၊ ဒါကြောင့် အရူပါဝစရဘုံမှာ ဖြစ်ပြီးတဲ့နောက် ပထမဈာန် ဝင်စားဦးမယ်၊ ဒုတိယဈာန် ဝင်စားဦးမယ်ဆိုလို့ မရတော့ဘူး။

ဒါကြောင့်မို့ ရူပါဝစရစိတ် ၁၅–ခုလုံးဟာ အရူပါဝစရဘုံမှာ မဖြစ်ဘူး၊ အဲသလို မဖြစ်တဲ့အတွက်ကြောင့်မို့လို့ သူဟာ ဟဒယဝတ္ထုကို အမြဲမှီတယ်။

နောက်ဆုံး သောတာပတ္တမဂ်တဲ့ သောတာပတ္တိမဂ်စိတ်ဟာ အရူပဘုံမှာ မဖြစ်နိုင်ဘူးတဲ့၊ အရူပဗြဟ္မာမှာဆိုပါတော့၊ ဒီဘဝက စတုတ္ထ ရူပါဝစရဈာန်ကို ရပြီးတော့ ပုထုဇဉ်အဖြစ်နဲ့ သေသွားပြီးတော့ ဟိုမှာ ဗြဟ္မာသွားဖြစ်မယ်၊ အရူပ ဗြဟ္မာဆိုတာ နာမ်တရားချည်းရှိတဲ့ ဗြဟ္မာသွားဖြစ်မယ်၊ အဲဒီ အရူပ ဗြဟ္မာဟာ သောတာပတ္တိမဂ် မရနိုင်ဘူး၊ ဒီတော့ အကျွတ်တရားကို မရနိုင်ဘူး၊ အရူပ ဗြဟ္မာဘုံမှာ သွားဖြစ်ရင် သောတာပတ္တိမဂ်စိတ် မဖြစ်နိုင်ဘူး။

အဲဒီတော့ အကြောင်းက ဘာကြောင့်လဲဆိုတော့ ဒီသောတာပတ္တိမဂ်ရဖို့ရာ အကြောင်းထဲမှာ အကြောင်းတစ်ခုက ဘာလဲဆိုရင် ပရတော ဃောသလို့ခေါ်တယ်၊ သူတစ်ပါးဆီက တရားနာရမှ instruction ရမှ တရားအားထုတ်ပြီးတော့ သောတာပန် ဖြစ်နိုင်တာ၊ ကိုယ်ဟာကိုယ် သောတာပန်ဖြစ်တယ်လို့ မရှိဘူးနော်။

အဲဒီတော့ သောတာပန် ဖြစ်ရမယ်ဆိုရင် (ဘုရားမှလွဲရင်ပေါ့လေ) တရား တစ်ခုခုတော့နာရတယ်၊ အရူပါဝစရ ဗြဟ္မာမှာ တရားနာစရာနားမှမရှိပဲ၊ အဲဒါ ကြောင့်မို့ အရူပဘုံမှာ ပုထုဇဉ်အဖြစ်နဲ့ ရောက်သွားရင် အဲဒီမှာ နေလေရော့ပဲ၊ ဘုရားအဆူဆူပွင့်, မသိတော့ဘူး သူတို့အကျွတ်တရား မရနိုင်ဘူး၊ ဒါကြောင့်မို့ ရုပ်ပြစ် ၈–ပါးဆိုတဲ့ အထဲမှာ အရူပါဝစရဘုံပါတယ်။

**မေး** – သူက ရူပါဝစရဘုံထက်တော့ မြင့်တယ် မဟုတ်ပါလား ဘုရား။

**ဖြေ** – ဟုတ်တယ်၊ အဆင့်အတန်းတော့ ပိုမြင့်တယ်၊ ခုနလိုလေ,သောတာ ပတ္တိ အစဆုံးဟာမို့လား၊ သောတာပတ္တိရပြီးမှ သကဒါဂါမိရတာ၊ သကဒါဂါမိရပြီးမှ အနာဂါမိရရမှာ၊ သောတာပတ္တိမဂ်ကို သူကမရနိုင်ဘူး၊ ဘာကြောင့်တုန်းဆိုတော့ တရားမှ မနာနိုင်ပဲကို။

ကောင်းပြီ, ဒါဖြင့်ရင် မြတ်စွာဘုရားတို့ ပစ္စေကဗုဒ္ဓါတို့ကျတော့ ဆရာမလို ဘူးနော်၊ သူများဆီက ကြားစရာမလိုဘူး၊ ကိုယ့်ဘာကိုယ် ထိုးထွင်းပြီးတော့

တရားသိတာ၊ ဒါကြောင့်မို့ သမ္ဗုဒ္ဓလို့ခေါ်တယ်၊ မြတ်စွာဘုရားကျတော့ သမ္မာသမ္ဗုဒ္ဓပေါ့ ဟုတ်လား၊ သမ္မာဗုဒ္ဓ ဆိုတာက အမှန်အကန်အတိုင်း သိတာကို သမ္မာဗုဒ္ဓလို့ခေါ်တယ်၊ သမ္ဗုဒ္ဓဆိုတာက ကိုယ်တိုင်သိတာသူများကို ဆရာမတင်ရပဲ သူများ တရားမနာရပဲနဲ့ ကိုယ့်ဟာကိုယ် တရားအားထုတ်ပြီးသိတဲ့အသိကို သမ္ဗုဒ္ဓလို့ခေါ်တယ်၊ အဲဒီသမ္ဗုဒ္ဓဆိုတာ ပစ္စေကဗုဒ္ဓါလည်းဟုတ်တယ်၊ ဘုရားလည်း ဟုတ်တယ်ပေါ့။

အဲဒီတော့ ဘုရားပစ္စေကဗုဒ္ဓါဆိုတာ ပရတောဃောသ မလိုဘူး၊ သူတစ်ပါးဆီက ကြားစရာ မလိုဘူး၊ သူတို့တော့ ဘယ့်နှယ်လုပ်မလဲဆိုတော့ ဘုရားတို့ပစ္စေကဗုဒ္ဓါတို့က လူ့ပြည်မှာသာပွင့်တာ၊ နတ်ပြည်မှာ မပွင့်ဘူး, ဗြဟ္မာပြည်မှာ မပွင့်ဘူး၊ ဒါကြောင့်မို့ သောတာပတ္တိမဂ်စိတ်ဟာ အရူပါဝစရဘုံမှာ မဖြစ်နိုင်ဘူး၊ အဲဒါကြောင့်မို့ သူ့ချန်ရတာ။

**မေး** – သောတာပတ္တိမဂ်စိတ် မဖြစ်နိုင်တော့ အရူပါဝစရဘုံရဲ့ အနေအထားကို မြင့်တယ် ဆိုနိုင်ပါ့မလား။

**ဖြေ** ဟုတ်တယ်၊ ဒါပေမယ့် သောတာပတ္တိမဂ်ကိုမှ မဖြစ်တော့ဘူးဆိုပေမယ့် သကဒါဂါမိမဂ်စိတ်ကတော့ ဖြစ်နိုင်တယ်၊ ဘာကြောင့်တုန်းဆိုတော့ ဒီဘဝက သောတာပန်ဖြစ်ပြီးတော့ အရူပါဝစရစျာန်ရ၊ ဟိုသွားပြီးတော့ အရူပါဝစရ ဗြဟ္မာဖြစ်တော့ သောတာပန်အဖြစ်နဲ့ သွားဖြစ်မယ်၊ ဆက်ပြီး တရားအားထုတ်ရင် သူဟိုမှာ သကဒါဂါမိမဂ် ရနိုင်တယ် (အနာဂါမိမဂ် ရနိုင်တယ်) ရဟန္တာဖြစ်သွားနိုင်တယ်။

အဲဒီတော့ လူ့ပြည်က သောတာပန်ဖြစ်ပြီးမှ အရူပါဝစရ ဗြဟ္မာသွားဖြစ်ရင်တော့ ကိစ္စမရှိဘူး၊ အထက်မဂ် အထက်ဖိုလ်တွေ ရသွားနိုင်တယ်၊ လူ့ပြည်က ဘာမှမရပဲ ပုထုဇဉ်ဘဝနဲ့ သေပြီးတော့ အရူပါဝစရဘုံမှာ ဖြစ်ရင်တော့ မျှော်လင့်ချက်မရှိဘူး၊ ကမ္ဘာပေါင်း ၈သောင်း ၄ ထောင် ဒီအတိုင်းချည်းနေလေရော့ပဲ၊

**မေး** – လူ့ဘဝတုန်းက အရူပဝစရစျာန်ရရင် ဗြဟ္မာဘုံမှာဘယ်ကို ဖြစ်သွားနိုင်ပါသလဲ။

**ဖြေ** – အရူပစျာန်ရရင် ဟို စိတ်ပိုင်းတုန်းက စျာန်တွေလုပ်ခဲ့တယ် မဟုတ်လား၊ ရူပါဝစရစျာန် ၅–ခု၊ အရူပါဝစရစျာန် ၄–ခု၊ အဲဒီ အရူပါဝစရ အာကာသာနဉ္စ ပထမဆိုပါတော့၊ ပထမအရူပါဝစရစျာန်ရရင် ပထမအရူပါဝစရဘုံမှာသွားဖြစ်မယ်၊ ဒုတိယ, တတိယ, စတုတ္ထ အရူပစျာန်ရရင် အဲဒါနဲ့သေရင် စတုတ္ထ

အရူပါဝစရဘုံမှာ သွားဖြစ်မယ် အဲသလို၊ ပုထုဇဉ်ဘဝနဲ့သာ ရပြီးတော့ ဟို သွားဖြစ်ရင်တော့နေရော့ပဲ၊ ဒါကြောင့်မို့ ရပ်ပြစ် ၈–ပါးလို့ ခေါ်တဲ့ အထဲမှာ ဒီ အရူပါဝစရဗြဟ္မာတွေပါတယ်၊ အမှန်ကတော့ စွန့်ပစ်အပ်တဲ့ အရပ်လို့ ဆိုတာပေါ့၊ တရားမရနိုင်တဲ့ အရပ်ဆိုပေမယ့် ဟိုတကယ်အရပ်မဟုတ်ဘူး၊ အခြေအနေကိုပဲ ပြောတာ၊ ဘုရားပွင့်ရက်နဲ့ ကိုယ်က ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်နေတယ်၊ ဒါလည်းပဲအက္ခဏလို့ ပါဠိခေါ်တယ်၊ မြန်မာလို ရပ်ပြစ် ၈–ပါးလို့ပဲခေါ်တယ်၊ ခုနလို အသက်သိပ်ရှည်တဲ့ ဗြဟ္မာဖြစ်နေတယ်၊ တရားထူးမရနိုင်တဲ့ ဗြဟ္မာ ဖြစ်နေတယ်၊ ကိုယ်က တိရစ္ဆာန် ဖြစ်နေတယ်၊ ငရဲကျနေတယ်, အဲဒါမျိုးတွေကို ရပ်ပြစ် ၈–ပါးလို့ခေါ်တယ်၊ ဟို တရားထူး မရနိုင်တဲ့ အခြေအနေတွေ၊ ပြီးတော့ မြတ်စွာဘုရားတော့ ပွင့်ပါရဲ့ ကိုယ်က ဘုရားပွင့်တဲ့ နေရာနဲ့ တစ်ခြားစီသွား ဖြစ်နေတယ်, မြတ်စွာဘုရားပွင့်တဲ့ နေရာမှာကိုယ်ကဖြစ်တယ်၊ ကိုယ်က တိဟိတ် မဟုတ်ဘဲ ဒွိဟိတ်ဖြစ်နေတယ်၊ အဲဒါမျိုးတွေ ဒါတွေဟာ တရားထူးမရနိုင်တဲ့ အခြေအနေတွေပါပဲ၊ အက္ခဏလို့ပါဠိလို ခေါ်တယ်၊ အခါအခွင့်မသင့်တဲ့ (inopportune) ပေါ့။

အဲဒီ သောတာပတ္တိမဂ်စိတ်သည် အရူပါဝစရဘုံမှာ မဖြစ်နိုင်တဲ့အတွက် ကြောင့်မိုလို့ သို့မဟုတ် ကာမာဝစရဘုံ, ရူပါဝစရဘုံမှာသာဖြစ်နိုင်တဲ့အတွက် ကြောင့်မိုလို့ ဟဒယဝတ္ထုကို အမြဲမှီရတယ်၊ ဒါကြောင့်မို့ ဟဒယဝတ္ထုကို အမြဲမှီတာ တွေ ပေါင်းလိုက်ရင် ၃၃–ပါးရှိတယ်တဲ့။

ရံခါမှီတယ်တဲ့, ရံခါမှီတယ်ဆိုတာကျတော့ ဒီစိတ်တွေဟာ ကာမာဝစရဘုံ, ရူပါဝစရဘုံမှာလည်းဖြစ်မယ်၊ အရူပါဝစရဘုံမှာလည်း ဖြစ်လိမ့်မယ်နော်၊ အဲဒါကျတော့ ရံခါမှီတယ်။

ဟဒယဝတ္ထုကို ရံခါမှီတဲ့စိတ်တွေကတော့ ကျန်တဲ့စိတ်တွေပါပဲ၊ လောဘမူလ စိတ် ၈–ခု, မောဟမူလစိတ် ၂–ခု, မနောဒွါရာဝဇ္ဇန်း စိတ် ၁–ခု, မဟာကုသိုလ်စိတ် ၈–ခု, မဟာကြိယာစိတ် ၈–ခု, ရူပါဝစရကုသိုလ်စိတ် ၄–ခု, အရူပါဝစရကြိယာစိတ် ၄–ခု, သောတာပတ္တိဖိုလ်ကစပြီးတော့ အရဟတ္တဖိုလ်ထိအောင် ကြွင်းတဲ့ လောကုတ္တရာ စိတ် ၇–ခု, ဒီ ၄၂–ပါးကတော့ ကာမာဝစရဘုံ၊ ရူပါဝစရဘုံမှာ ဖြစ်တဲ့အခါ ဟဒယဝတ္ထုကို မှီတယ်၊ အရူပါဝစရဘုံမှာ ဖြစ်တဲ့အခါ ဟဒယဝတ္ထုကို မမှီဘူး၊ ဘာမှ မမှီပဲနဲ့ ဖြစ်တယ်၊ အဲဒီလို ခွဲခြားရမယ်။

အရူပါဝစရ ဝိပါက်စိတ် ၄–ခု ကျတော့ အရူပါဝစရဘုံမှာသာ ဖြစ်တယ်နော်၊ ရူပါဝစရဘုံ ကာမာဝစရဘုံမှာ မဖြစ်ဘူး၊ အရူပါဝစရဘုံမှာသာ ဖြစ်တဲ့အတွက်

ကြောင့်မို့ သူကတော့ လုံးဝမှီရာမရှိဘူး၊ လုံးဝ မမှီဘူးလို့ ဆိုလိုတယ်၊ ဘယ်တော့မှ ဟဒယဝတ္ထုကို မမှီပဲနဲ့ ဖြစ်တဲ့စိတ်၊ အရူပါဝစရဝိပါက်စိတ် ၄–ခု။

အဲဒီတော့ အရူပါဝစရစိတ် ၁၂–ခုရှိတဲ့ အနက်က အရူပါဝစရကုသိုလ်စိတ် ၄–ခု ဆိုပါတော့ လူ့ပြည်မှာ ရနိုင်တယ်, ဖြစ်နိုင်တယ်၊ အရူပါဝစရ ကြိယာစိတ် ၄–ခု၊ လူ့ပြည်မှာဖြစ်နိုင်တယ်၊ ဒါပေမယ်လို့ အရူပါဝစရဝိပါက်စိတ် ၄–ခုက လူ့ပြည်မှာ မဖြစ်နိုင်ဘူး, နတ်ပြည်မှာ မဖြစ်နိုင်ဘူး, ရူပါဝစရ ဗြဟ္မာ့ပြည်မှာ မဖြစ်နိုင်ဘူး၊ ဘယ်မှာသာ ဖြစ်နိုင်တုန်း၊ အရူပါဝစရ ဗြဟ္မာပြည်မှာသာ ဖြစ်နိုင်တယ်၊ အဲသလိုဖြစ်တဲ့ အတွက်ကြောင့်မိုလို့ သူတို့ အဲဒီ ၄–ခုကတော့ ဝတ္ထုရုပ်ကို မရှိဘူး၊ ဘယ်တော့မှကို မမှီပဲနဲ့ဖြစ်တယ်၊ အဲသလို ဘယ်စိတ်က ဘယ်ဝတ္ထုကို မှီတယ်၊ ဘယ်ဝတ္ထုကိုမှီတာ ဘယ်စိတ်တွေလဲ၊ (သို့မဟုတ်) ဘယ်ဝတ္ထုသည် ဘယ်စိတ်ရဲ့မှီရာ ဖြစ်တယ်ဆိုတာကို ဒီဇယားကွက်ကိုကြည့်ရင် ရှင်းရှင်းလင်းလင်း သိနိုင်ပါတယ်။

ဒါဖြင့် စက္ခုဝတ္ထုကို မှီတဲ့စိတ် ၂–ပါး, သောတဝတ္ထုကို မှီတဲ့စိတ် ၂–ပါး, ဃာနဝတ္ထုကို မှီတဲ့စိတ် ၂–ပါး, ဇိဝှါဝတ္ထုကို မှီတဲ့စိတ် ၂–ပါး, ကာယဝတ္ထုကို မှီတဲ့စိတ် ၂–ပါး, ဟဒယဝတ္ထုကို အမြဲမှီတဲ့စိတ် ၃၃–ပါး, ဟဒယဝတ္ထုကို ရံခါ မှီတဲ့စိတ် ၄၂–ပါး, ဝတ္ထုရုပ်ကို ဘယ်တော့မှ မမှီပဲနဲ့ ဖြစ်တဲ့စိတ် ၄–ပါးနော်။

ကောင်းပြီ၊ ရူပါရုံကို မြင်တယ်ဆိုကြပါစို့၊ ရူပါရုံဆိုတာ မြင်စရာ တစ်ခုခု ပေါ့ဟုတ်လား၊ ပစ္စည်းတစ်ခုခုကို မြင်တယ်ဆိုတော့ မြင်စရာအာရုံရှိတယ်၊ အဲဒီ အာရုံထင်တဲ့ ပသာဒရှိတယ်၊ ပြီးတော့ ဘာရှိမလဲ မြင်တဲ့စိတ်ရှိတယ်နော်။

ပစ္စည်းတစ်ခုခုကို မြင်လိုက်တဲ့အခါမှာ မြင်စိတ်ကလေး ဖြစ်ပေါ်လာတယ်၊ အဲဒီမြင်စိတ်ကလေးဟာ ဘယ်ကို အမှီပြုရသလဲဆိုရင် စက္ခုဝတ္ထုကို အမှီပြုရတယ်၊ စက္ခုပသာဒကို အမှီပြုရတယ်၊ ဒါက ဝတ္ထုအနေနဲ့ အမှီပြုရတာ, အာရုံအနေနဲ့ အမှီပြုရတာကျတော့ ရူပါရုံကို အာရုံအနေနဲ့တော့ အမှီပြုတယ်၊ ဒါကို ဝတ္ထုလို့တော့ မခေါ်ဘူး၊ အင်္ဂလိပ်လိုတော့ condition ။

ဒါကြောင့်မို့ စက္ခုဝိညာဏ်စိတ် ဆိုတာလေးတစ်ခုဖြစ်ပေါ်ဖို့ရာ ဘယ်လို အကြောင်းတွေ လိုအပ်နေသလဲ၊ မြင်စရာ အာရုံရှိရမယ်၊ မြင်ကြောင်းဖြစ်တဲ့ စက္ခုဝတ္ထု, စက္ခုပသာဒရှိရမယ်၊ ဒီ နှစ်ခု အမြဲတမ်းလိုတယ်၊ တခြားဘာလိုသေးသလဲ၊ အလင်းရောင်လိုတယ်၊ မှောင်နေရင် မမြင်ရဘူး၊ အခန်းထဲမှာနော်၊ နောက်တစ်ခု ကတော့ နှလုံးသွင်းမှု လိုတယ်၊ တစ်ခါတစ်လေ ကိုယ့်ရှေ့က ဖြတ်သွားပေမယ်လို့ မမြင်ရဘူး၊ ဒါ နှလုံးမသွင်းလို့ မနသိကာရလို့ ခေါ်တယ်။

အဲဒီလို စိတ်ဖြစ်တိုင်းဖြစ်တိုင်း အဲဒီစိတ်ဟာ မှီရာဝတ္ထုရှိရတယ်၊ လူ့ဘဝတို့ နတ်ဘဝတို့မှာ၊ တစ်စုံတစ်ခုကြားတယ်ဆိုရင်လည်းပဲ ဒီအတိုင်းပဲ၊ အသံရှိတယ်, နားပသာဒရှိရတယ်၊ ဒီနှစ်ခုအကြောင်းပြုပြီးတော့ နှလုံးသွင်းမှုလည်း ရှိရတယ်၊ ဟိုကျတော့ အလင်းရောင်မဟုတ်တော့ဘူး၊ နားကျတော့ space ပေါ့, အာကာသလို့ ခေါ်တယ်၊ အဲဒါရှိရတယ်၊ အာကာသ ပိတ်နေရင် မကြားဘူးပေါ့လေ၊ အဲဒီလို သူ့ဝတ္ထုနှင့်သူ မှီရာရှိရတယ်။

အဲဒီဒွေးပဥ္စဝိညာဏ် ၁၀–က ဝတ္ထုရုပ် ၅–ပါးကို ထိုက်သည့် အားလျော်စွာ မှီတယ်ပေါ့၊ ကျန်တဲ့စိတ်တွေကတော့ ဟဒယဝတ္ထုကို ရံခါမှီတာရှိမယ်၊ အမြဲမှီတာ ရှိမယ်။

ဟဒယဝတ္ထုကို အမြဲမှီတာကို ဘယ်လိုလုပ်ပြီး သိနိုင်သလဲဆိုရင် အဲဒီစိတ်ဟာ အရူပဘုံမှာ မဖြစ်ဘူးလား၊ ဒါပဲပေါ့၊ အရူပဘုံမှာမဖြစ်ရင် ဟဒယဝတ္ထုကိုအမြဲမှီတယ်၊ အရူပဘုံမှာလည်း သူကဖြစ်သေးရင် သူရံခါမှီမယ်၊ ပြီးတော့ အရူပဘုံမှာသာ ဖြစ်ရင်တော့ ဘယ်တော့မှ မမှီတော့ဘူး၊ အဲဒီလို ဒီဝတ္ထု ရုပ် ၆–ပါးနှင့် စိတ် ၈၉–ပါးနဲ့ စပ်ဟပ်ပြီးတော့ သိပစေပေါ့နော်။

**မေး** – အရှင်ဘုရား, တကယ်လို့ ဝတ္ထုကို မမြင်ဘဲနဲ့ အဆင်းကို မြင်တယ်ဆိုရင်ဘာကို မှီမလဲ။

**ဖြေ–** ဟဒယဝတ္ထု, အဲဒါဟဒယဝတ္ထုကိုမှီတယ်၊ အဲဒီကျတော့ဆိုပါတော့ ဒီစက္ခုပသာဒနှင့် စက္ခုဝိညာဏ်နှင့် မြင်တယ်ဆိုတဲ့ရုပ်က ပစ္စုပ္ပန်ရူပါရုံကို မြင်တာ၊ ဒါ အာရမ္မဏ သင်္ဂဟပြန်ပြီးတော့ refer လုပ်ရင် သိတယ်၊ အဲဒီတော့ အတိတ်ဖြစ်သွားပြီ၊ မြင်တော့မြင်သေးတာပဲဆိုတာဟာစိတ်နဲ့မြင်တာ၊ အဲဒီစိတ်ကျတော စက္ခုဝိညာဏ်စိတ်နဲ့ မြင်တာ မဟုတ်တော့ဘူး၊ တခြားစိတ်တွေနဲ့ မြင်တာပေါ့၊ အဲဒီစိတ်တွေ ဘယ်မှီလဲဆိုရင် ဟဒယကိုမှီတယ်။

**မေး** – အရှင်ဘုရားက စိတ်တွေအကြောင်း ပြောခဲ့တယ်၊ အဲဒီစိတ်တွေမှာ ဖိုလ်စိတ်ဆိုတာပါတယ်၊ အဲဒီဖိုလ်စိတ်တွေ ဘယ်ကလာပါသလဲ။

**ဖြေ** – ဟုတ်တယ်၊ သူက မနောဒွါရကနေလာမယ်၊ မနောဒွါရကနေလာပြီးတော့ ဟဒယဝတ္ထုကိုမှီမယ်၊ ဝီထိပိုင်းကျတော့ တစ်ခါထပ်ပြီးတော့ ဒွါရတွေ, အာရုံတွေ, ဝတ္ထုတွေ ပြန်လေ့လာရဦးမှာ၊ ဒါကြောင့်မို့ နောက်က ကျေပါစေပြောတာ၊ အကုန်လုံး လုံးလုံး,လုံးလုံးပြီးတော့ သိ,သိပြီးတော့ သွားရမှာနော်၊ အဲဒီတော့ အခု ဒီ chart လေး ကြည့်ပြီးတော့ ပြောနိုင်ပါ့မလား။

အကုသိုလ်စိတ် ၁၂–ခုရှိတယ်နော်၊ အကုသိုလ်စိတ် ၁၂–မှာ လောဘမူစိတ် ၈–ခု ပထမကြည့်လိုက်, လောဘမူစိတ် ၈–ခု ဘယ်ကိုမှီသလဲ, ဟဒယဝတ္ထု ရံခါမှီတယ်၊ အမြဲနဲ့ရံခါ ခွဲခြားပြောရမယ်ဟုတ်လား၊ ဒေါသမူစိတ် ၂–ခု, ဟဒယဝတ္ထုကို ရံခါမှီတယ်။

ကောင်းပြီ, စက္ခုဝိညာဏ် ၂–ခုတွဲမယ်နော်၊ စက္ခုဝိညာဏ်စိတ် ၂–ခု၊ စက္ခုဝတ္ထုမှီတယ်, သောတဝိညာဏ်စိတ် ၂–ခု, သောတဝတ္ထု၊ ဃာနဝိညာဏ်စိတ် ၂–ခု, ဃာနဝတ္ထု ဇိဝှါဝိညာဏ်စိတ် ၂–ခု, ဇိဝှါဝတ္ထု၊ ကာယဝိညာဏ်စိတ် ၂–ခု၊ ကာယဝတ္ထု၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သမ္ပဋိစ္ဆိုင်း ၂–ခု, မနောဓာတ်ထဲပါသွားပြီ၊ မနောဓာတ် ၃–ခုဆိုတာ ဘာတုန်း၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေး ကို မနောဓာတ်လို့ခေါ်တယ် ဟုတ်လား၊ ဒါဖြင့် သမ္ပဋိစ္ဆိုင်းဒွေး ဘယ်ကို မှီသလဲဆိုရင် မနောဓာတ်ပဲကြည့် ဟဒယဝတ္ထု အမြဲမှီတယ်နော်၊ နောက် ၃–ခုက သန္တီရဏ၊ သန္တီရဏ ၃–ခု ဟဒယဝတ္ထုကို အမြဲမှီတယ်၊ နောက် တစ်ခု ပဉ္စဒွါရာဝဇ္ဇန်း မနောဓာတ် ထဲမှာပဲ၊ အဲဒီတော့အမြဲမှီတယ်နော်၊ မနောဒွါရာဝဇ္ဇန်း ဒါ တိုက်ရိုက်ရှိတယ်၊ မနောဒွါရာဝဇ္ဇန ၁ ဆိုတာ ရံခါမှီနော်၊ ဟသိတုပ္ပါဒ် အမြဲမှီ။

ကောင်းပြီ, ကာမာဝစရ ကုသိုလ်စိတ် ၈–ပါး ရံခါမှီပဲ၊ ဝိပါက်စိတ် ၈–ပါး ဟဒယဝတ္ထု အမြဲမှီတယ်၊ ကြိယာစိတ် ၈–ပါး ရံခါမှီတယ်၊ ရူပါဝစရစိတ် ၁၅–ခု ဟဒယဝတ္ထုကို အမြဲမှီတယ်၊ အရူပါဝစရ ကုသိုလ် ၄–ခု ရံခါမှီတယ်၊ အရူပါဝစရဝိပါက် ၄–ခု၊ ဘယ်ဝတ္ထုမှမမှီဘူး၊ အရူပါဝစရ ကြိယာစိတ် ၄–ခုရံခါမှီတယ်။

ဟိုဘက်က လောကုတ္တရာတွေ ဒေါင်လိုက်ပထမအတန်းက သောတာပတ္တိမဂ် အတန်းနော်၊ အဲဒီ သောတာပတ္တိမဂ်စိတ် အမြဲမှီတယ်၊ ကျန်စိတ်တွေ ရံခါမှီတယ်၊ ရှင်းသွားပြီနော်၊ ကဲ– အဲဒီလို မြင်အောင်ကြည့်သွား, ဟုတ်လား။

ပထမဇယားကွက်ကြည့်၊ ဇယားကွက်ကြည့် ပြီးတော့ တစ်ခါ ဒီအပြောက် အပြောက်ကလေးတွေနဲ့ ပြန်ပြီးတော့ ကိုယ့်ဟာကိုယ်(check)လုပ်သွား၊ အဲဒီလို ဆိုရင် ကျေတာပဲ၊ ကောင်းပြီ၊ အဲဒီတော့ ဒီနေရာမှာ မနောဓာတ်တို့ မနောဝိညာဏဓာတ်တို့ဆိုတဲ့ စကားလုံးလေးတွေ သင်္ဂြိုဟ်ကျမ်းမှာလည်းဆိုထားတာ ရှိတယ်နော်။

ဒါကြောင့်မို့ ဝိညာဏဓာတ် ၇–ပါးဆိုတာ ကိုယ်လည်းပဲ နားလည်အောင် မှတ်သားထားရမယ်၊ စိတ်တစ်ခုယုတ် ၉၀–ကို ဝိညာဏ ၇–ပါး ခွဲချလိုက်တာပါပဲ၊ (စိတ်တစ်ခုယုတ် ၉၀ ကိုပဲ စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ် စသည်ဖြင့် အဲဒီတော့ ဝိညာဏဓာတ် ၇–ပါးမှာ ပထမက စက္ခုဝိညာဏဓာတ်၊ စက္ခုဝိညာဏဓာတ်

ဆိုတာ စက္ခုဝိညာဏ် ၂–ပါးကိုပဲဆိုလိုတာ၊ ဓာတ်လို့ ဆိုပေမယ်လို့ ဒီနေရာမှာ စိတ်ပါပဲ၊ ဝိညာဏ်ဆိုတာနဲ့ စိတ်ဆိုတာနဲ့ အတူတူပဲနော်၊ ဒီနေရာမှာ ဓာတ်လို့လည်း ခေါ်တယ်။

အဲဒီတော့ စက္ခုဝိညာဏဓာတ်ဆိုရင် စက္ခုဝိညာဏ် ၂–ပါး၊ သောတဝိညာဉ်ဓာတ်ဆိုရင် သောတဝိညာဏ် ၂–ပါး၊ ဃာနဝိညာဏဓာတ်ဆိုရင် ဃာနဝိညာဏ် ၂–ပါး၊ ဇိဝှါဝိညာဏဓာတ်ဆိုရင် ဇိဝှါဝိညာဉ် ၂–ပါး၊ ကာယဝိညာဏဓာတ်ဆိုရင် ကာယဝိညာဉ် ၂–ပါး၊ ဒါကတော့ လွယ်ပြီ။

မနောဓာတ်ဆိုရင် ၃–ပါး, သမ္ပဋိစ္ဆိုင်းနွေးနဲ့ ပဉ္စဒွါရာဝဇ္ဇန်း, ကျန်တာတွေ အားလုံးကတော့ မနောဝိညာဏဓာတ်တဲ့ ကြွင်းစိတ်များ ၇၆–ရှိတယ်နော်၊ အမှန်ကတော့ ဟိုအပေါ်က ၁၃–ခုရှိတာကို ၈၉–ထဲက ၁၃ နုတ်လိုက်ရင် ၇၆ ကျန်တယ်၊ အဲဒီ ၇၆–ကို မနောဝိညာဏဓာတ်လို့ခေါ်တယ်၊ ဒီအသုံးအနှုန်းလေးတွေလည်း နားလည်ထားမှ နောက်ကျတော့ ဒါတွေ သုံးသုံးပြီးတော့ သင်္ဂြိုဟ်ဆရာကလည်း ပြော,ပြော သွားတယ်၊ မနောဓာတ်ဆိုရင် ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုင်းနွေး တန်းသိထားရမယ်။

အဲဒီတော့ စက္ခုဝိညာဏဓာတ်ကနေပြီးတော့ ကာယဝိညာဏဓာတ် ထိအောင် ၅–ခုကို ပေါင်းပြီးတော့ ခေါ်တဲ့အခါကျတော့ ပဉ္စဝိညာဏဓာတ်လို့ ဒီလိုခေါ်တယ်၊ ပဉ္စဆိုတာ ၅–နော်၊ ပဉ္စဝိညာဏဓာတ်ဆိုရင် ဒွေး ပဉ္စဝိညာဉ် ၁၀–နှင့် အတူတူပါပဲ။ မြင်စိတ်, ကြားစိတ်, နံစိတ်, အရသာသိစိတ်, ဆိစိတ်ပေါ့နော်။

**မေး** – အရှင်ဘုရား–အဘိဓမ္မာမှာ နာမည်တွေက ဟိုဘက်ဒီဘက် အမျိုးမျိုး လှည့်ခေါ်နေတာပဲ။

**ဖြေ** – ဟုတ်တယ်၊ ဒါကြောင့်မို့ တရားတစ်ခုတည်းကို အခေါ် အမျိုးမျိုး ရှိတယ်၊ အဲဒါဟာ ဘာလဲဆိုရင် မြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရဲ့ တင့်တယ်ကွန့်မြူးပုံပေါ့လေ၊ သဗ္ဗညုတဉာဏ်တော် အစွမ်းဟာ ဒါပဲ၊ မြတ်စွာဘုရားဟာ သဗ္ဗညုတဉာဏ်တော် ရတဲ့အခါကျတော့ အာသယာနုသယဉာဏ်ဆိုတာနဲ့ ဣန္ဒြိယပရောပရိယတ္တဉာဏ် ဆိုတာလည်းရတယ်၊ အာသယာနုသယဆိုတာက သတ္တဝါတွေရဲ့ အတွင်းစိတ်ဓာတ်ပေါ့၊ အတွင်းကိန်းအောင်းနေတဲ့ အလိုတို့, စရိုက်ကိုသိတာကို အာသယာနုသယလို့ခေါ်တယ်။

ဒီပုဂ္ဂိုလ်ဟာ ဘယ်လိုစရိုက်ရှိတယ်၊ ဘယ်လိုအလိုရှိတယ်၊ အဲဒီ သူနဲ့ လိုက်အောင် မြတ်စွာဘုရားက တရားကို ဟောတာ၊ ဆိုပါတော့, တချို့မှာက

ခန္ဓာဆိုတဲ့ စကားလုံးများများကြီး ကြားထားရပြီးတော့ ခန္ဓာဆိုတဲ့ စကားလုံးနဲ့ ရင်းနှီးနေတဲ့ လူအဖို့ကျတော့ ခန္ဓာဆိုတဲ့ အသုံးအနှုန်းနဲ့ ရင်းနှီးနေတဲ့ လူအဖို့ကျတော့ ခန္ဓာဆိုတဲ့ အသုံးအနှုန်းနဲ့ ဟောလိုက်ရင် သူက မြန်မြန်နားလည်သွားမယ်, တရားရသွားမယ်၊ အဲသလို ပုဂ္ဂိုလ်ကို အာယတနပဲ, ဓာတ်ပဲဟောနေရင် သူက နည်းနည်း ကြံ့ကြာနေဦးမယ်ဟုတ်လား။

အဲသလို ပုဂ္ဂိုလ်တွေအတွက် မြတ်စွာဘုရားက ခန္ဓာဆိုတဲ့စကားလုံးနဲ့ ဟောတယ်၊ တချို့ ပုဂ္ဂိုလ်တွေကျတော့လည်း အာယတနဆိုတာနဲ့ ရင်းနှီးနေမယ် ဆိုရင် အဲသလို ပုဂ္ဂိုလ်တွေအတွက်ကျတော့ အာယတနဆိုတဲ့ အသုံးအနှုန်းနဲ့ ဟောတယ်၊ ဒါကြောင့်မို့ ဒီအခေါ်အဝေါ်တွေဟာ အများကြီးဖြစ်နေတာ၊ အဲဒီတော့ ဒီသတ္တဝါတွေရဲ့ စရိုက်ကို ကြည့်ပြီးတော့ မြတ်စွာဘုရားက သင့်အောင်ဟောသွားတာ၊ အသုံးအနှုန်းတွေကို ဝေနေယျဇ္ဈာသယလို့ ဒီလိုခေါ်တယ်၊ ဝေနေယျဆိုတာ ကျွတ်ထိုက်တဲ့ သတ္တဝါပေါ့လေ၊ အဇ္ဈာသယဆိုတာ အလို၊ ဒီဉာဏ်က မြတ်စွာဘုရားမှာပဲ ရှိတယ်၊ သာဝကတွေမှာ မရှိနိုင်ဘူးနော်၊ အသာဓာရဏ ခေါ်တာပေါ့လေ၊ သာဝကတွေနဲ့ မဆက်ဆံတဲ့ဉာဏ်၊ အဲဒီဉာဏ်ရှိတော်မူတဲ့ အတွက်ကြောင့်မို့လို့ မြတ်စွာဘုရားကတော့ ဘာပဲဖြစ်ဖြစ်တိုက်ရိုက်သိတော်မူ တာပေါ့။

ဒီပုဂ္ဂိုလ်တော့ ငါ ဒီလို ဟောရင် အကျွတ်တရားရမှာ သေချာတယ်၊ ဟို ပုဂ္ဂိုလ်ကျတော့ ဟိုလိုဟောရင် အကျွတ်တရားရမှာ သေချာတယ်၊ ဒီလိုမသိရတဲ့ ပုဂ္ဂိုလ်တွေအတွက်ကျတော့ မှန်းဟောနေရတာပေါ့၊ ဒါတော့ဖြစ်လောက်ရဲ့, သူနဲ့တော့ သင့်တော်လောက်ရဲ့ဆိုပြီးတော့ မှန်းသမ်းဟောရတာပေါ့၊ အဲသလိုကွာတာ၊ဒါကြောင့်မို့ မြတ်စွာဘုရားကတော့ ဒီလူနာကို ဘာဆေးပေးရမယ်ဆိုတာကို အတိအကျသိတာကို၊ ဒါကတော့ ပျောက်လောက်ရဲ့လို့ ဒီလိုစမ်းပေးတာမျိုး မဟုတ်တော့ဘူး၊ အတိအကျပဲ၊ အဲဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ အဘိဓမ္မာမှာ ဝေါဟာရတွေများနေတာ၊ နောက်တွေ့ ဦးမယ်၊ သတ္တမပိုင်းကျတော့ အာသဝ ဩဃ ယောဂနှင့် ဆိုပြီးတော့ ဒါတွေပဲ၊ လောဘ, ဒိဋ္ဌိ, မောဟပဲ၊ အာသဝဆိုတဲ့ နာမည်, ဩဃဆိုတဲ့ နာမည်,ယောဂဆိုတဲ့ နာမည်အမျိုးမျိုးတွေရှိတယ်၊ အဲဒါ ဝေနေယျတွေရဲ့ အဇ္ဈာသယ လိုက်ပြီးတော့ဟော တာ၊ ဒါကြောင့်မို့ ဒီမှာလည်းပဲ နာမည်တွေ အမျိုးမျိုးရှိတာ။

အဲသလို အမျိုးမျိုးရှိတော့ ကိုယ်ကလည်း လိုက်မှတ်မှရတာ၊ ဘာလို့တုန်း ဆိုတော့ ဒီဟာတွေသုံးပြီးတော့ နောင်ခါကျတော့ ကျမ်းစာတွေ ကရေးမှာကို၊

ဒါကြောင့်မို့ ဒီစိတ် ၈၉–ပါးကို ၇–မျိုးခွဲလိုက်ရင် ဝိညာဏဓာတ် ၇–ပါး

ဆိုပြီးထွက်လာတာ၊ သတ္တမပိုင်းကျတော့လည်း ဒါတွေ ပြန်တွေ့ဦးမှာပဲ၊ စက္ခုဝိညာဏ ဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယ ဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်ဆိုပြီးတော့။

အဲဒီတော့ မနောဝိညာဏဓာတ်က များတာပါပဲ၊ အကုသိုလ်စိတ် ၁၂– ပါးဟာ မနောဝိညာဏဓာတ်နော်, သမ္ပဋိစ္ဆိုင်းဒွေးဆိုရင် မနောဓာတ်၊ သန္တီရဏစိတ် ၃–ခုဆိုရင် မနောဝိညာဏဓာတ်, ပြီးတော့ ပဉ္စဒွါရာဝဇ္ဇန်းဆိုရင် မနောဓာတ်, မနောဒွါရာဝဇ္ဇန်း မနောဝိညာဏဓာတ်, ဟသိတုပါဒ် မနောဝိညာဏဓာတ့် ကျန်တာတွေ အားလုံး မနောဝိညာဏဓာတ်ချည်းပဲ၊ အဲသလိုလဲ ဓာတ်လည်း ကွဲနေပါစေနော်။

ကောင်းပြီ, ဒါဖြင့်ရင် ဝတ္ထုသင်္ဂဟသိစရာ ကုန်သွားပြီ၊ ဝိညာဏဓာတ်လို့ ခေါ်ပေမယ်လို့ နံပတ် ၆–ကို မနောဓာတ်လို့ခေါ် တယ်နော်၊ ဝိညာဏမထည့်ရဘူး၊ မနောဝိညာဏဆိုရင် နံပါတ် ၇–ဖြစ်သွားမယ်၊ အဲဒီတော့ မနောဓာတ်ဆိုတာကတော့ သူက သိရုံမျှကလေးလို့ဆိုလိုတယ်ပေါ့လေ။

ဒီနေရာမှာ အသိရဲ့အင်အားကို ၃–မျိုးခွဲကြရမယ်နော်၊ တကယ့်ကို သာမန် သိရုံမျှကလေးသိတာ, ဒါကတစ်မျိုး၊ သူ့ထက်နည်းနည်းလေး ပိုသိတာ, ဒါကတစ်မျိုး၊ နောက်ဆုံး အသိဆုံးက တစ်မျိုး၊ ၃–မျိုးရှိတယ်၊ အဲဒီ ၃–မျိုးနဲ့ ခွဲမယ်ဆိုရင် မနောဓာတ်က သိရုံမျှကလေးနော်၊ ဘာကြောင့်လဲဆိုတော့ သူက အားအနည်းဆုံး၊ သူ့ထက်နည်းနည်း ပိုသိတာကတော့ စက္ခုဝိညာဏဓာတ် ဆိုတာတွေကျတော့ မနောဓာတ်ထက်ပိုပြီးတော့ အာရုံကို သိတဲ့နေရာမှာ အားပြည့်သွားပြီ၊ ဒါပေမယ်လို့ သူကလည်းပဲ အလွန်ကြီးရှိသေးတာ မဟုတ်ဘူး၊ ဘယ်ဟာကျမှ ရှိတာတုန်းဆိုရင် မနောဝိညာဏဓာတ်ကျမှ အားအရှိဆုံးနဲ့ သိတာ။

ဒါကြောင့်မို့ ဒီဝိညာဏဓာတ် ၇–ပါးကို အားနဲ့ခွဲမယ်ဆိုရင် ၃–မျိုးရမယ်နော်၊ မနောဓာတ်ရယ်, ပဉ္စဝိညာဏဓာတ်ရယ်, မနောဝိညာဏဓာတ်ရယ်, အဲဒီမှာ ဆရာတော် ဦးဇနက လင်္ကာလေး ရေးထားတာရှိတယ်။

* **အာရုံပြုဟန်, အတန်တန်ဝယ်, သာမန်သိသော, ဓာတ်သဘောကို, မနောဟုမှတ်။**

အာရုံပြုတဲ့အခါမှာ အာရုံကို သာမန်သိတဲ့ သဘောလေးကို မနောဓာတ်လို့ မှတ်ပါတဲ့။

* **မနောဓာတ်ထက်, လွန်ဓာတ်သိပြန်, ဝိညာဏ်တည်း။**

မနောဓာတ်ထက် ပိုပြီးတော့ အာရုံကို သိတာကျတော့ ဝိညာဏဓာတ်ပေါ့လေ။

*** တဖန်တို့ထက်, ဆထက်ကဲချွန်, အလွန်အကြူး, အထူးသိသော,ဓာတ်သဘောကား၊ မနောဝိညာဉ် အမည်တွင်သည်၊ ဤတွင်မှတ်ဖွယ် အချုပ်တည်း။**

ဝိညာဏဓာတ်ထက်ပိုပြီးတော့ သိတဲ့စိတ်တွေကိုကျတော့ မနောဝိညာဏဓာတ်၊ မနောဆိုတာလည်းပဲသိတာ၊ ဝိညာဏဆိုတာလည်းပဲ အထူးသိတာဆိုတော့ အလွန်အကြူး အထူးသိတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့ဟုတ်လား။ intensive ဖြစ်သွားတာပေါ့၊ မနောကသိတာ၊ ဉာဏကသိတာ၊ ဝိညာဏကျတော့ နည်းနည်းလေးပိုပြီးတော့ ထူးပြီးတော့သိတာ၊ မနောဝိညာဏ အကုန်ပေါင်းလိုက်တဲ့အခါကျတော့ သိပ်သိတယ်ဆိုတဲ့ အဓိပ္ပါယ်ဖြစ်သွားတယ်၊ ဒါကြောင့်မို့ မနောဝိညာဏဓာတ်တဲ့၊ ကျန်တဲ့စိတ်တွေအားလုံးက မနောဝိညာဏဓာတ်လို့ ဆိုတဲ့နာမည်ရသည်၊ အားလုံး ဝိညာဏဓာတ်တွေပေါင်းလိုက်ရင်လဲ စိတ် ၈၉–ပါးပဲ ဖြစ်တယ်နော်၊ ဒါဟာ ဝတ္ထု သင်္ဂဟနားလည်ဖို့ ကုန်သွားပါပြီ။

ဒီတိုင်အောင် အခု ဦးဇင်းတို့လေ့လာလာတာ စိတ်ပိုင်းရယ်, စေတသိက်ပိုင်းရယ်, ပကိဏ်းပိုင်းရယ်၊ ဒါ ပကိဏ်းပိုင်း အဆုံးပဲ၊ နောက်အပတ်ဆိုရင်ဝီထိပိုင်းသွားလိမ့်မယ်၊ အဲဒီတော့ ဒီ၃–ပိုင်းကို ကျေဖို့ အရေးကြီးတယ်၊ ကျေဖို့အရေးကြီးတယ်ဆိုတော့ ဘာလုပ်စေချင်သလဲ, (home work) အနေနဲ့က ဒီ ၃–ပိုင်း သရုပ်ခွဲ တစ်ခုလုပ်ဖို့ လိုတယ်, တစ်ခုစီ သွားရလိမ့်မယ်၊ စိတ် ၈၉–ပါးဆိုရင် detail ကို သွားရလိမ့်မယ်။

အဲဒီတော့ ဘယ်လိုလုပ်ရမလဲဆိုတော့ စိတ်တစ်ခုကို ကိုင်လိုက်မယ်ဆိုပါတော့ လောဘမူ ပထမစိတ်၊ အဲဒီမှာ စေတသိက် ဘယ်လောက်ယှဉ်သလဲ၊ ဟော ဒါ စေတသိက်ပိုင်း ရောက်သွားပြီ၊ စိတ်တစ်ခုကို ကိုင်လိုက်၊ စေတသိက် ဘယ်လောက်ယှဉ်သလဲ၊ ပြီးရင် ဘာဝေဒနာနှင့် ယှဉ်သလဲ?၊ ပကိဏ်းပိုင်း ဝေဒနာသင်္ဂဟ၊ ဘယ်ဟိတ်နဲ့ယှဉ်သလဲ, ဟေတုသင်္ဂဟ၊ ဘယ်ကိစ္စတပ်သလဲ၊ ဘယ်ဒွါရမှာဖြစ်သလဲ၊ ဘယ်အာရုံကို အာရုံပြုသလဲ၊ ဘယ်ဝတ္ထုကို မှီသလဲ၊ ဘယ့်နှယ်တုန်း, လုပ်နိုင်ပါ့မလား၊ လုပ်တော့ လုပ်နိုင်ပါတယ်၊ အချိန်နည်းနည်း ပေးရင် ရတယ်နော်၊ အဲဒီတော့ ဆိုပါတော့, ပထမဆုံး ဒီလို စာရွက်ကို အလျား လိုက်ဖြစ်ဖြစ် သုံးချင်သုံးရလိမ့်မယ် ဟုတ်လား၊ လောဘမူ ပထမစိတ် ဒီက, ကိုင်း, စမ်းရအောင်။

လောဘမူပထမစိတ်တဲ့၊ စေတသိက် ဘယ်လောက်ယှဉ်သလဲ၊သင်္ချာလောက်ပဲပြော၊ number ပဲပြော, တစ်ခုစီမပြောနဲ့, ဘယ်လောက်လဲ, စေတသိက် ၁၉–ပါး ယှဉ်တယ်ဟုတ်လား၊ အကုသိုလ် ပထမစိတ်မှာ စေတသိက် ၁၉–ခုယှဉ်တယ်နော်၊

ကိုတင်မောင်ညွှန့် လုပ်ထားတဲ့ chart ရှိပါလား၊ အဲဒီမှာ ကြည့်ရင်ပေါ်မယ်နော်၊ အဲဒီတော့ ပထမစိတ်မှာ စေတသိက် ဘယ်လောက် လဲ ၁၉-ပါးဆိုပါတော့ ၁၉-လို့ရေးလိုက် ၁၉-လို့ မှတ်လိုက်ပေါ့၊ ဒီက လောဘမူပထမစိတ်ပြီးရင် ဘာဝေဒနာနဲ့ ယှဉ်သလဲ၊ လောဘမူ ပထမစိတ်ဟာ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ ဥပေက္ခာ ၅-မျိုးရှိတယ်၊ သောမနဿနှင့် ယှဉ်တယ်၊ ဝေဒနာပြီးတော့ ဘာလာမလဲ, ဟိတ်လာမယ်နော်။

ဟိတ် ဘယ်နှစ်ပါးနဲ့ယှဉ်မလဲ၊ ၁ ပါးလား, ၂ ပါးလား, ၃ ပါးလား, ၄ ပါးလား, ၅-ပါးလား, ၆-ပါးလား, ဟိတ် ၂-ပါးနှင့် ယှဉ်တယ်နော်၊ ဘာလဲ လောဘနဲ့မောဟ။

ဟိတ်ပြီးတော့ ဘာလာမလဲ၊ ကိစ္စ, ဘာကိစ္စတပ်သလဲ၊ ဇောကိစ္စတပ်တယ်။

ကောင်းပြီ, ဘယ်ဒွါရမှာဖြစ်သလဲ, အကုသိုလ်စိတ် ၆ဒွါရ၊ အကုသိုလ်စိတ်တွေ့လား၊ အကုသိုလ်စိတ်က ဘယ်ထဲပါသွားလဲဆိုတော့ ကာမာဝစရ ဇောထဲ ပါသွားတယ်နော်၊ ကာမဇော ၂၉-ထဲမှာ အကုသိုလ်စိတ်ပါသွားတယ်၊ ၆-ဒွါရမှာ ဖြစ်တယ်နော်။

ဘယ်ကိုအာရုံပြုသလဲ, အကုသိုလ်စိတ်က ဘယ်ကို အာရုံပြုသလဲ လောကီစိတ်, စေတသိက်, ရုပ်, ပညတ်၊ လောကီတရားကို အာရုံပြုတယ်ပေါ့။

ဘယ်ဝတ္ထုကို မှီသလဲ၊ ဟဒယဝတ္ထုကိုမှီတယ်၊ အဲဒီမှာ ကိုယ်က အညွှန့်တက်လိုက်ချင်သေးရင် (ဆိုပါတော့) ဘယ်သူက ရုံခါမှီတယ်၊ ဘယ်သူက အမြဲမှီတယ်တောင် ပြောနိုင်သေးတယ်၊ သို့သော် အဲသလောက်ထိအောင် မပြောချင်နေတော့ ဟဒယဝတ္ထုကို မှီတယ်လို့ မြောနိုင်ရင်ပဲတော်ပြီ၊ အဲဒါ ၃-ပိုင်း သရုပ်ခွဲခေါ်တယ်နော်၊ အဲဒီအတိုင်း စိတ် ၈၉-ပြည့်အောင် လုပ်သွားရမယ်၊ လုပ်တတ်ပြီနော်၊

ပထမကော်လံက စိတ်နော်၊ ဒုတိယကော်လံက စေတသိက်၊ တတိယက ဝေဒနာ, နောက်ဘာတုန်း ဟိတ်, နောက်ကိစ္စ, နောက်ဒွါရ, နောက်အာရုံ, နောက်ဝတ္ထု, အဲဒါလုပ်နိုင်ရင်တော့ ပထမတန်းပဲ၊ လုပ်ပြီးသားပေးရင်တော့ အလကား၊ ပေါ့သွားလိမ့်မယ်ထင်တယ်၊ ရပါတယ်နော်၊ အဲဒါလေးတွေ ကိုယ့်ဘာကိုယ် ဖြည့်ဖြည့်သွားရင် ပိုပြီးတော့ မှတ်မိတယ်၊ ဦးဇင်း အင်္ဂလိပ်လိုတော့ လုပ်ထားတာ ရှိတယ်၊ တပည့်တွေပေးတာ၊ ရှာရဦးမယ်၊ ကျောင်းကလဲ (carpet)လဲ လိုက်တာနဲ့ တစ်ခါ တည်းကို ပစ္စည်းတွေ စာအုပ်တွေ ဟိုရောက် ဒီရောက်နဲ့ ကိုယ့်ဟာကိုယ် ရှာလို့ကို မတွေ့နိုင်ဘူး။

**မေး** – အရှင်ဘုရား၊ အဲဒါဆိုရင် စိတ် ၈၉ ကနေပြီး တစ်ခုစီ သွားရမှာလား။

**ဖြေ** – အေး တစ်ခုစီသွားရမှာ one by one, ၈၉–ခု ဟုတ်ပါဘူး၊ တကယ်လုပ်သွားရင် ပထမတစ်ခုကတော့ ကြာရင်ကြာမယ်၊ နောက်ဟာတွေကျတော့ ရသွားတာပါပဲ၊ ဒီလောက်မကြာပါဘူး။

ဆိုပါတော့ ဟိတ်ဆိုရင်လည်းပဲ၊ တိုတိုဆိုရင်တော့ ဟိတ်မှာ ဟိတ် ၁–ပါးဆိုရင် ၁–ပေါ့၊ ၂–ပါးဆိုရင် ၂–ပေါ့၊ ၃–ပါးဆိုရင် ၃၊ ဟုတ်လား, ဒီထက် ကိုယ်က ခွဲ့ချင်သေးရင် လောဘ, မောဟ, လောဘ, မောဟ, မောဟ ဆိုရင် မောပေါ့လေ၊ အဲသလို အတိုကောက်ကလေးတွေ ရေးသွားရင်ရတယ်၊ ကိစ္စကျတော့ ဇောကိစ္စ၊ ဒါမှမဟုတ်၊ ဒဿနကိစ္စ စသည်ဖြင့် သွားမယ်၊ ဒွါရကျတော့လည်း စက္ခုဒွါရဖြစ်တယ်၊ မနောဒွါရဖြစ်တယ်၊ အာရုံကျတော့ ဘာအာရုံပြုတယ်၊ အာရုံကလည်း နည်းနည်းများတယ်၊ ပြီးတော့ဝတ္ထုကျတော့ ဘယ်ဝတ္ထုပေါ့၊ အဲဒါလေးတွေ ကိုယ့် ဟာကိုယ် လုပ်ထား၊ မြန်မာပြည်လိုဆိုရင်တော့ ဗလာစာအုပ် တစ်အုပ် ဝယ်ပြီးတော့ ၂–မျက်နှာကို ၁–မျက်နှာလုပ်လိုက်ရင် ရတာပဲ၊ အဲဒါမျိုးနဲ့ ကိုယ့်ဟာကိုယ်လုပ်ရင် ကောင်းတယ်နော်။

ဒါ ၃–ပိုင်းဆိုရင် မနည်းဘူးနော်၊ ၃–ပိုင်း ကုန်ရင် အခြေတော်တော်ကို ဖြစ်သွားပြီ , ဟုတ်လား၊ စိတ်, စေတသိက်, ပြီးတော့ စိတ်စေတသိက်နဲ့ ပတ်သက်ပြီးတော့ သိသင့်သိထိုက်တာလေးတွေ တော်တော့ကို စုံသွားပြီ။

**မေး** – မှန်လားမှားလား ဘယ်လိုသိမလဲ၊ တပည့်တော်က လုပ်ခဲ့ပြီးမှမှားနေရင်ကော၊

**ဖြေ** – ပထမလုပ်ခဲ့လေ၊ ဟုတ်ဘူးလား၊ ဒီလိုဆိုပြီးသလောက် လုပ်ခဲ့၊ ပြီးသလောက်ဆို ဒီလိုလုပ်လေ၊ တစ်ယောက်က ပိုပြီးပြီ၊ တစ်ယောက်ကလျော့ပြီးရင် ပြီးနေလိမ့်မယ် ဆိုပါတော့, နောက်အပတ်ကို အကုသိုလ်စိတ် ၁၂–ပါး လုပ်ခဲ့ကြ ဟုတ်ဘူးလား၊(chart)လုပ်ခဲ့ပေါ့၊ ၇၂ တောင် မကဘူး, ၈၇ စေတသိက်,ဝေဒနာ, ဟိတ်, ကိစ္စ ဒွါရ, အာရုံ ဝတ္ထု၊ အာရမ္မဏပဲ၊ ခုနလို ဇယားကွက် ကြည့်တဲ့အခါမှာ ဆိုပါတော့, အကုသိုလ်ခုနဆို ဒွါရထဲ ရှာမတွေ့ပဲ ဖြစ်နေတယ်၊ ကာမဇောထဲ ထည့်နေတာကို, အဲဒါမျိုးလေးတွေ ပထမပြန်ပြီးတော့သိအောင်လုပ်လိုက်။

# ဝီထိပိုင်း

ဝီထိ – စိတ်အစဉ်အတန်း။
စိတ္တက္ခဏ – စိတ်တစ်ခု အသက်ရှည်ရာကာလ၊ မျက်စိတစ်မှိတ်၌ စိတ္တက္ခဏ ပေါင်း ကုဋေများစွာ ဖြစ်နိုင်ချုပ်နိုင်သည်။
ခဏငယ် – စိတ္တက္ခဏတစ်ခု၌ ခဏငယ် ၃–ခုရှိသည်။
ဥပါဒ်ခဏ ဖြစ်ဆဲအခိုက်အတန့် ဖြစ်ခဏ၊
ဌီခဏ တည်ဆဲခဏ တည်ခဏ
ဘင်ခဏ ချုပ်ဆဲခဏ ချုပ်ခဏ
စိတ်အသက် – စိတ္တက္ခဏတစ်ချက်။
ရုပ်အသက် – စိတ္တက္ခဏ ၁၇–ချက်။
ဝီထိ ၂–မျိုး – ပဉ္စဒွါရဝီထိ။
မနောဒွါရဝီထိ။

ပဉ္စဒွါရဝီထိ ၅–မျိုး
၁။ စက္ခုဝိညာဏဝီထိ။
၂။ သောတဝိညာဏ ဝီထိ။
၃။ ဃာနဝိညာဏ ဝီထိ။
၄။ ဇိဝှါဝိညာဏ ဝီထိ။
၅။ ကာယဝိညာဏ ဝီထိ။

တစ်နည်း– ၁။ စက္ခုဒွါရဝီထိ။
၂။ သောတဒွါရ ဝီထိ။
၃။ ဃာနဒွါရ ဝီထိ။
၄။ ဇိဝှါဒွရ ဝီထိ။
၅။ ကာယဒွါရ ဝီထိ။

မနောဒွါရဝီထိများ– ၁။ ကာမဇောမနောဒွါရဝီတိ
၁။ ဝိဘူတာရုံ ဝီထိ။
၂။ အဝိဘူတာရုံ ဝီထိ။
–၂ အပ္ပနာဇောဝါရဝီထိ။
၁။ ဈာနဝီထိ။
၂။ မဂ္ဂ ဝီထိ။
၃။ ဖလသမာပတ္တိ ဝီထိ။
၄။ နိရောဓသမာပတ္တိ ဝီထိ။

# ပဉ္စဒွါရဝီထိများ

## စက္ခုဒွါရ ၁၅–ဝီထိ

| | | |
|---|---|---|
| အတိမဟန္တာရုံ | | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| မဟန္တာရုံ | ၁ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| မဟန္တာရုံ | ၂ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| ပရိတ္တာရုံ | ၁ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| ပရိတ္တာရုံ | ၂ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| ပရိတ္တာရုံ | ၃ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| ပရိတ္တာရုံ | ၄ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| ပရိတ္တာရုံ | ၅ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| ပရိတ္တာရုံ | ၆ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| အတိပရိတ္တာရုံ | ၁ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| အတိပရိတ္တာရုံ | ၂ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| အတိပရိတ္တာရုံ | ၃ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| အတိပရိတ္တာရုံ | ၄ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| အတိပရိတ္တာရုံ | ၅ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |
| အတိပရိတ္တာရုံ | ၆ | ooo ' ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ooo ' ooo |

သောတဒွါရဝီထိစသည်လည်း နည်းတူ ၁၅ – ဝီထိစီ ဖြစ်သည်၊ ထို့ကြောင့် ပဉ္စဒွါရ၌ ဝီထိပေါင်း ၇၅ ဖြစ်သည်။ (ဤ၌ တဒါရုံမကျသော အတိမဟန္တာရုံဝီထိနှင့် အာဂန္တုက ဘဝင်ကျသော ဝီထိတို့ မပါသေး။)

# မနောဒွါရဝီထိများ

## ကာမဇောဝါရ

ဝိဘူတာရုံ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

အဝိဘူတာရုံ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

## အပ္ပနာဇောဝါရ

ဈာနဝီထိ (စ) ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

မန္ဒ

ဈာနဝီထိ (စ) ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

တိက္ခ

ဈာနဝီထိ(ဝင်စား) ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

မန္ဒ

ဈာနဝီထိ (ဝင်စား) ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

တိက္ခ

မဂ္ဂဝီထိ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

မန္ဒ

မဂ္ဂဝီထိ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞ ∞

တိက္ခ

# အဘိဓမ္မာသင်တန်း ၂၂

## ဝီထိပိုင်း

## ပဉ္စဒွါရဝီထိ

ဒီနေ့ မတ် ၂၀–ရက်နေ့ လွန်ခဲ့တဲ့ အပတ်က ပကိဏ်းပိုင်းပြီးသွားခဲ့ပြီ၊ စိတ်ပိုင်းရယ်, စေတသိက်ပိုင်းရယ်, ပကိဏ်းပိုင်းရယ်တို့ အခြေခံ ၃–ပိုင်းပြီးခဲ့ပြီ၊ အဲဒီတုန်းက စိတ်ကို စေတသိက်နှင့် ပကိဏ်းတွဲပြီးတော့ ၃–ပိုင်း သရုပ်ခွဲလုပ်ခဲ့ဖို့ အလုပ်ပေးလိုက်တယ်နော်၊ လုပ်လာကြတယ်၊ ကောင်းပြီ။

ဒီနေ့ နောက်တစ်ပိုင်းသွားမယ်၊ စတုတ္ထအပိုင်း, အဲဒီစတုတ္ထအပိုင်းက ဝီထိပိုင်းလို့ခေါ်တယ်၊ ဝီထိပိုင်းကလဲစိတ်ဝင်စားစရာအလွန်ကောင်းတဲ့အပိုင်း၊ စိတ်ဖြစ်ပုံတွေ။

အဲဒီတော့ ပထမဆုံး ဝီထိဆိုတဲ့ စကားလုံးအဓိပ္ပါယ်ကို နားလည်ရမယ်၊ စိတ်အစဉ်အတန်းကို ဝီထိလို့ခေါ်တယ်၊ ဝီထိဆိုတာ အစဉ်အတန်းလည်းဟုတ်တယ်၊ လမ်းကိုလည်း ဝီထိလို့ခေါ်တယ်နော်၊ အခု Wood roll လမ်းတို့ ဘာတို့ဆိုရင် ဝီထိလို့ခေါ်နိုင်တယ်၊ လမ်းလိုအစဉ်ကြီး ဖြစ်နေတာနော်၊ အဲဒီလို အစဉ်အတန်းကို ဝီထိ၊ အဲဒီတော့ စိတ်အစဉ်အတန်းကို စိတ် ဝီထိလို့ ဒီလိုခေါ်မယ်။

အဲဒီတော့ အခု တစ်ခု သတိထားဖို့က စိတ်အစဉ်အတန်းလို့ ပြောပေမယ်

လို့ တကယ်ကတော့ သူ့ခဏ, ခဏမှာ အစဉ်အတန်းရယ်လို့ရှိတာ မဟုတ်ဘူး၊ တစ်ခုပြီးရင် ပျောက်သွား, နောက်တစ်ခုက သူနေရာဝင်ဖြစ်, နောက်တစ်ခုက သူ့နေရာမှာဝင်ဖြစ်, အဲဒီလိုသွားတာနော်။

ဒါပေမယ့် သူတို့က one unit, one group လိုနေတဲ့အတွက်ကြောင့်မို့ သူတို့ကိုတစ်စုသဘောထားပြီး လေ့လာရတယ်၊ ဒါကြောင့်မို့ စိတ်ဝီထိလို့ ခေါ်တာ၊ ဝီထိဆိုတော့ တစ်ခါတည်း မျက်စိထဲမှာ အတန်းကြီး မြင်ပြီးတော့ အတန်းကြီးအတိုင်း ဖြစ်နေတယ်လို့ ဒီလိုတော့ မယူဆရဘူးနော်။

ဘာနဲ့တူလဲဆိုတော့ အပေါက်ကလေးတစ်ခု ဖေါက်ထားပြီးတော့ အဲဒီမှာ ကားချပ်တွေထိုးပြတာလို တစ်ခုထိုးပြလိုက်, အဲဒီဟာ ဖယ်လိုက်၊ နောက်တစ်ခု ထိုးပြလိုက်, ဖယ်လိုက်, နောက်တစ်ခုထိုးပြလိုက်၊ အဲဒီလို အဓိပ္ပါယ်မျိုးဖြစ်တာ၊ သို့သော် ခုနပြောသလိုပဲ လေ့လာမှာက အဲဒီအစဉ်အတန်း တစ်ခု တစ်ခု group အနေနဲ့ လေ့လာမှာမို့ ဝီထိလို့ ဒီလိုခေါ်ရတာ။

အဲဒီတော့ စိတ်ဆိုကာဟာ ဖြစ်တဲ့အခါမှာ တစ်ခဏမှာ စိတ်တစ်ခုပဲဖြစ်တာပဲ၊ ၂–ခုပြိုင်ဖြစ်ရိုး မရှိဘူး၊ ၃–ခုဆိုတာမရှိဘူး။

ဒါပေမယ်လို့ ခုနပြောသလိုပဲ မြင်လိုက်တယ်နော်၊ မြင်လိုက်တဲ့အခါမှာ မြင်စိတ်ဖြစ်တဲ့အခါမှာ မြင်စိတ်ကလေးတစ်ခုတည်းတင် ဖြစ်တာမဟုတ်ပဲနဲ့ သူတို့နဲ့တွဲပြီးတော့ ဖြစ်တဲ့စိတ်တွေ အများကြီးရှိသေးတယ်၊ အဲဒီဟာတွေပါ အားလုံး ပေါင်းပြီးတော့ လေ့လာရမယ်နော်။

ကြားစိတ်ဖြစ်တဲ့အခါမှာ ကြားတဲ့စိတ်ဆိုတာလေးက သောတဝိညာဏ်စိတ် ကလေး တစ်ခုတည်းရယ်၊ ဒါပေမယ်လို့ သူနဲ့အတူတူတွဲပြီးတော့ တစ်ခုတည်းဖြစ်ကြတဲ့ တခြားစိတ်တွေရှိတယ်၊ အဲဒီဟာတွေကိုပဲ ဝီထိလို့ခေါ်တယ်၊ အဲဒီဝီထိကို အခု ဒီအခန်းမှာ ဒီအပိုင်းမှာ လေ့လာကြရမယ်။

အဲဒီဝီထိမှာပါတဲ့ တစ်ခုတစ်ခုသော ဒီစိတ်ကလေးတွေကို စိတ်ကလေးတွေရဲ့ အသက်ကို စိတ္တက္ခဏလို့ ဒီလိုပါဠိလို ခေါ်တယ်၊ စိတ္တဆိုတာ စိတ်ပဲ၊ ခဏဆိုတာ ခဏပဲနော်၊ ခဏဆိုတာ moment, အဲဒီတော့ top moment ကို စိတ္တက္ခဏ။

အဲဒီစိတ္တက္ခဏက ဘယ်လောက်ကြာသတဲ့တုန်း၊ မျက်စိတစ်မှိတ်၌ စိတ္တက္ခဏ ပေါင်း ကုဋေများစွာ ဖြစ်နိုင်ချုပ်နိုင်သည်လို့ အဋ္ဌကထာတွေမှာ ရေးထားတယ်နော်။

အဲဒီတော့ ခုနပြောတဲ့ စိတ်ကလေးပေါင်း တစ်ခုတစ်ခု moment ကလေး ပေါင်းဟာ လက်ဖျက်တစ်တွက် တစ်စက္ကန့်အတွင်းမှာ ကုဋေနဲ့ချီပြီးတော့ ဖြစ်နိုင်

တယ်၊ ပျက်နိုင်တယ်တဲ့နော်၊ သာမညစဉ်းစားကြည့်ရင် ဒီဟာ သိပ်လွန်သလားလို့ အောက်မေ့ရတယ်၊ တကယ်ကတော့မဟုတ်ဘူး၊ ကွန်ပျူတာခေတ်ကျတော့ သာတောင်မှ ထင်ရှားသေးတယ်နော်။

အခုအခါမှာ စက္ကန့်ကို millionth of the secondထင်တယ်၊ billionth of the second တောင် သူတို့ ခွဲခြားနိုင်ပြီထင်တယ်နော်၊ အဲဒီတော့ အဲသလို ခွဲနိုင်တယ်ဆိုတာဟာ တစ်စက္ကန့်မှာအစိတ်အပိုင်းပေါင်း one million ရှိတယ်, သို့မဟုတ် one billion ရှိတယ်ဆိုတဲ့ အခိပ္ပါယ်ပေါ့၊ အဲဒီဟာလေး တွေကိုပါ စိတ်က အာရုံပြုနိုင်တယ်ဆိုရင် စိတ်ဟာ တကယ်ပဲတစ်စက္ကန့်အတွင်းမှာ ကုဋေပေါင်းများစွာ ဖြစ်နိုင် ချုပ်နိုင်တယ်ဆိုတာ ထင်ရှားတယ်။

နောက်တစ်ခု စိတ်မြန်ပုံ စဉ်းစားကြည့်ဖို့က ဒါကတော့ အကြမ်းဖျင်း စဉ်းစားတာ, အသံတစ်ခုကြားလိုက်တယ်၊ အသံသက်သက်တင်ကြားတာ မဟုတ်ဘူး၊ အသံကြားပြီး ဘာတွေ သိလိုက်သေးတုန်း၊ ဒီအသံဘယ်က လာသလဲ, အရှေ့က လာတယ်, အနောက်ကလာတယ်, ဝေးဝေးကလာတယ်, နီးနီးကလာတယ်,ဒါလည်း မသိလိုက်ဘူးလား၊ ပြီးတော့ ဒီအသံဟာ မော်တော်ကားအသံပဲ, လေယာဉ်ပျံသံပဲ, ဒါတွေရော မသိလိုက်ဘူးလား၊ မော်တော်ကားတောင်မှ ကိုယ်က မော်တော်ကား ဘက်ကလေ့လာတဲ့သူဆိုရင် ဒါက တိုယိုတာ သံပဲ, ဒါက ဘောက်စ်ဝက်ဂွန်သံပဲ၊ ဒါက မာစီဒီ သံပဲနဲ့ ပြောနိုင်တယ်နော်။

အဲဒီတော့ အဲသလိုသိအောင်လုပ်တာဟာ ဘယ်လောက်ကြာသလဲ၊ ချက်ချင်း သိတာပဲမဟုတ်ဘူးလား၊ အသံကြားလိုက်တာနဲ့ ချက်ချင်းသိတာပဲ၊ အဲဒီတော့ စဉ်းစားကြည့်စမ်း၊ အသံကြားတယ်ဆိုတာက တစ်မျိုး, အဲဒီအသံ ဘယ်လောက် ဝေးတယ်နီးတယ်ဆိုတာ တွက်တဲ့သဘောလေးက တစ်မျိုးနော်၊ ပြီးတော့ ရှေးတုန်းက ကြားဖူးထားတဲ့ အသံနဲ့ အခုသံနဲ့ စပ်ဟပ်ပြီးတော့ ဒါက မော်တော်ကားသံပဲ၊ ဒါမှမဟုတ် လူသံပဲ, လေယာဉ်ပျံသံပဲ, မော်တော်ကားဖြစ်ရင်လည်း၊ ဘာမော်တော် ကား, ညာမော်တော်ကား, မြန်မြန်မောင်းသွားတာ, နှေးနှေးမောင်းသွားတာ၊ ဒါတွေ အကုန်သိတယ်၊ ချက်ချင်းသိတာ။

ဒါကြောင့်မို့ အဲသလိုသိတဲ့ အခါကျတော့ စိတ်တစ်ခုဟာ အာရုံတစ်ခုကိုသာ သိတယ်၊ အာရုံ ၂-ခု ၃-ခုကို တစ်ခါတည်းတစ်ပြိုင်နက်ယူလို့ရတာ မဟုတ်ဘူး၊ အဲဒီတော့ တစ်ခုပြီးမှ တစ်ခုသိသွားတာ။

ဒါပေမယ်လို့ စိတ်အဖြစ်က မြန်လွန်းတော့ တစ်ပြိုင်နက်သိတယ်လို့ပဲ

ထင်သွားတာပဲနော်၊ ဒါကြောင့်မို့ မျက်စိတစ်မှိတ်မှာ သို့မဟုတ် လျှပ်တစ်ပြက်လို့လည်း သုံးတာပေါ့လေ၊ လျှပ်စီးတစ်ခါ လက်လိုက်တဲ့အခါမျိုး သို့မဟုတ်လက်ဖျစ်တစ်တွက်လို့လည်းသုံးတယ်၊ အဲသလို လက်ဖျက်တစ်တွက် အချိန်မှာ စိတ္တက္ခဏပေါင်း ကုဋေပေါင်းများစွာဖြစ်နိုင် ချုပ်နိုင်တယ်တဲ့။

ကောင်းပြီ, အဲဒီ စိတ္တက္ခဏမှာ ခဏအငယ်က ၃–ခု ၃–ခု အမြဲတမ်းရှိတယ်၊ အဲဒီတော့ စိတ္တက္ခဏ ၁–ခုမှာ ခဏငယ် ၃–ခုရှိတယ်။ three stages ပါပဲ၊ ဦးဇင်းတို့က ဒီ ၃–ခုစလုံး ဖြစ်နေတယ်ဆိုတဲ့ အဓိပ္ပါယ်ဆိုလိုတယ်။

အဲဒီတော့ ပထမခဏကိုရေးတော့ ပစောက် ၂–လုံးဆင့်နဲ့ထဲရေးတယ်၊ ဖတ်တဲ့အခါ ကျတော့ ပစောက် ၁–လုံး မပါသလိုပဲဖတ်တယ်၊ ဥပါဒ်လို့ပဲဖတ်တယ်၊ ဥပါဒ်ခဏတဲ့နော်၊ ဥပါဒ်ခဏဆိုတာ ဖြစ်ဆဲအခိုက်အတန့် တစ်စုံတစ်ခု ဖြစ်ပေါ်လာရင် ဖြစ်ပေါ်လာတဲ့ အခိုက်အတန့်လေးကို ဥပါဒ်လို့ခေါ်တယ်၊ ဒါကို မြန်မာလိုတိုတို ခေါ်ချင်ရင် ဖြစ်ခဏလို့ ခေါ်တယ်နော်၊ ဥပါဒ်ခဏဟူ၍ဖြစ်စေ၊ ဖြစ်ခဏဟူ၍ဖြစ်စေ ခေါ်ကြမယ်။

ဌီခဏတဲ့, ဌီဆိုတာက တန့်ရပ်နေတာလို့ ဆိုလိုတယ်၊ တည်နေတဲ့ခဏ တန့်နေတဲ့ခဏကို ဌီ၊ ဖြစ်ပြီးတော့ နည်းနည်းလေး တန့်နေတယ်၊ ပြီးရင် သူပျက်မယ်၊ အေး အဲဒီအလယ်ခဏကို တည်ဆဲခဏနော်၊ ဒါကို တည်ခဏလို့ ခေါ်ချင်လဲ ခေါ်ပေါ့လေ၊ တည်နဲ့ဌီနှင့်လည်းနီးနီးပါပဲ။

နောက်တစ်ခုကတော့ ဘင်ခဏတဲ့, ဘင်္ဂဆိုတာ ပျက်စီးတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ပါဠိစကားမှာ, ဒါကြောင့်မို့ ချုပ်ဆဲခဏ ပျက်စီးတဲ့ ခဏကို ဘင်ခဏလို့ ခေါ်တယ်။

အဲဒီတော့ ဒီ ဆရာအများရဲ့ အယူအဆက အခုအတိုင်းပဲ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ထဲမှာ ဖြစ်, တည်, ချုပ် ဒီ ၃–မျိုးပါတယ်လို့ ဒီလို ယူဆကြတယ်၊ ဘယ်လို ဥပမာပေးလဲဆိုတော့ ခဲလုံးလေးတစ်လုံးကို မြှောက်ပစ်လိုက်တဲ့အခါကျတော့ မြောက်တက်သွားတဲ့အချိန်ရှိတယ်၊ ပြီးတော့ သူ အဆုံးရောက်သွားတဲ့အခါကျတော့ တန့်သွားတဲ့အချိန်ရှိတယ်၊ ပြန်ကျလာတဲ့အချိန်ရှိတယ်။

အဲသလိုပဲ မြောက်တက်သွားတာက ဥပါဒ်ပေါ့လေ၊ ဟိုမှာ နည်းနည်းလေး တန့်တာက ဌီ, ပြန်ကျလာတာက ဘင်ပေါ့လေ။

ဒါကြောင့်မို့ တရားတိုင်း တရားတိုင်းမှာ ရုပ်နာမ်ဆိုတဲ့ တရားတိုင်းမှာ ဖြစ်တယ်ဟော့ဆိုရင် ဒီခဏ ၃–ချက်ရှိတာချည်းပဲတဲ့နော်၊ ဒီ ၃–ဆင့်ရှိတာချည်းပဲ၊

ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ, ဖြစ်တယ်ဆိုရင် ဒီ ၃–ခုရှိတယ်လို့ ဆိုလိုတာ၊ ဒီခဏ ၃–ခုမှာ ဖြစ်နေတယ်လို့ ဆိုလိုတယ်၊ အဲဒါက ခဏငယ်လို့ နောင်ခါကျတော့ ခေါ်ကြမယ်။

အဲဒီတော့ စိတ်အသက်ဟာ ဘယ်လောက်ရှည်သလဲဆိုရင် အဲဒီ စိတ္တက္ခဏ တစ်ချက်ပဲရှည်တယ်၊ ခဏငယ် ၃–ချက်၊ (ခဏကြီးလို့လည်းခေါ်နိုင်တယ်) ခဏကြီး ၁–ချက်၊ ခဏငယ် ၃–ချက်နော်၊ စိတ်အသက်ဟာ ဘယ်လောက်မြန်သလဲ ပြောမပြနိုင်လောက်အောင် စဉ်းစားကြည့်လို့ မရနိုင်လောက်အောင် မြန်တယ်နော်။

အဲဒီတော့ ဝီထိပိုင်းကို လေ့လာတဲ့အခါကျတော့ အာရုံတွေ ဘာတွေကလည်း ပါလာလိမ့်မယ်၊ ဒီဝီထိက ဘယ်ကို အာရုံပြုတယ်တို့ ဘာတို့ပါလာတဲ့အခါကျတော့ ရုပ်သဘောနည်းနည်းပါတယ်၊ ဒါကြောင့်မို့ ရုပ်အသက်ဆိုတာကိုလည်း ဒီမှာ နားလည်ရမယ်၊ တော်ကြာကျတော့ ဝီထိလုပ်တဲ့အခါကျတော့ ဒီရုပ်သက်နှင့် တစ်ခါညှိရလိမ့် ဦးမယ်။

ရုပ်ကျတော့ ဘယ်လောက် အသက်ရှည်သတဲ့တုန်း၊ စိတ္တက္ခဏ ၁၇–ချက် အသက်ရှည်တယ်တဲ့၊ ဒါဖြင့် ရုပ်က စိတ်ထက် အသက် ၁၇–ချက်ပိုပြီးတော့ အသက်ရှည်တယ်၊ သို့မဟုတ် အချုပ်နှေးတယ်လို့ ဆိုနိုင်တာပေါ့၊ စိတ်ကဖြစ်ပြီးချုပ်၊ ရုပ်ကဖြစ်ပြီး သူကနေလိုက်သေးတယ်။

အဲဒီတော့ စိတ္တက္ခဏ ၁၇–ချက်ဆိုရင် ခဏငယ် ဘယ်လောက်လဲ ၁၇ x၃ လီ = ၅၁ နော်၊ ခဏငယ် ၅၁–ချက်ပေါ့၊ ရုပ်က ခဏငယ် ၅၁–ချက် ရှည်တယ်၊ စိတ်က ခဏငယ် ၃–ချက်ပဲရှည်တယ်။

ဒါ စိတ်သက်နှင့် ရုပ်သက် ဒါမှတ်ထားရမယ်၊ စိတ်သက်နှင့် ရုပ်သက် သိပြီးတဲ့ နောက် ဝီထိ ၂–မျိုးကို တစ်ခါ သိရမယ်နော်။

ပထမ တစ်ခုက ပဉ္စဒွါရဝီထိတဲ့နော်၊ ဒုတိယတစ်ခုက မနောဒွါရဝီထိ။

ပဉ္စမဆိုတာ ငါး၊ ဒွါရဆိုတာ ဒွါရပေါ့၊ ၅–ဒွါရမှာ ဖြစ်တဲ့ဝီထိပေါ့၊ မနောဒွါရဝီထိ ဆိုတာက မနောဒွါရမှာဖြစ်တာ၊ ဒွါရသင်္ဂဟတုန်းက စက္ခုဒွါရ၊ သောတဒွါရ ဆိုတာတွေ သိခဲ့ပြီ မဟုတ်ဘူးလား၊ ဒွါရ ၆–ပါးရှိတယ်၊ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ ပြီးတော့ မနောဒွါရ။

အဲဒီ ၆–ပါးရှိတဲ့အနက်မှာ ပထမ ၅–ဒွါရမှာဖြစ်တဲ့ဝီထိကို ပဉ္စဒွါရဝီထိ, ပဉ္စဒွါရ မဟုတ်ပဲနဲ့ မနောဒွါရမှာဖြစ်တဲ့ ဝီထိကို မနောဒွါရဝီထိ၊ ဒါကြောင့်မို့ ဝီထိ လေ့လာတယ်ဆိုပေမယ်လို့ နောက်ကဟာက ပါလာပြီ, အာရုံပါလာပြီ၊ အခု

ဒွါရပါလာပြီ၊ တော်ကြာ ကိစ္စတို့ ဘာတို့ကလည်း အဲဒီမှာ ဝင်ပြောရသေးတာပဲ၊ အဲဒီတော့ အကုန်လုံးက အကုန်ပြန်ပြန် ပါတာပဲ။

အဲဒီ ပဉ္စဒွါရဝီထိကလည်း ပဉ္စဒွါရဆိုကတည်းက ၅–မျိုးပေါ့၊ ဒါကတော့ စက္ခုဝိညာဏဝီထိနော်၊ မြင်စိတ်ဝီထိပေါ့၊ မြင်တဲ့အခါမှာ ဖြစ်တဲ့ဝီထိ၊ သောတ ဝိညာဏဝီထိ, ကြားတဲ့အခါမှာဖြစ်တဲ့ဝီထိ, ဃာနဝိညာဏဝီထိ, အနံ့ကိုသိတဲ့အခါမှာ ဖြစ်တဲ့ဝီထိ၊ ဇိဝှါဝိညာဏဝီထိ, အရသာကိုသိတဲ့အခါမှာဖြစ်တဲ့ဝီထိ ကာယ ဝိညာဏဝီထိ၊ အတွေ့အထိကိုသိတဲ့အခါမှာ ဖြစ်တဲ့ဝီထိလို့ ဒီလို ၅–မျိုး ဝိညာဉ်အနေနဲ့ နာမည်ပေးတာ ၅–မျိုး, သို့မဟုတ် ဒွါရအနေနဲ့လည်း နာမည်ပေးလို့ ရတယ်။

ဒါကြောင့်မို့ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ၊ အဲဒီတော့ စက္ခုဝိညာဏဝီထိလို့ဆိုတာနဲ့ စက္ခုဒွါရဝီထိလို့ဆိုတာ အတူတူပဲ၊ စက္ခုဝိညာဏဝီထိဆိုတာ စက္ခုဝိညာဉ်ပါတဲ့ ဝီထိပေါ့၊ စက္ခုဒွါရ ဝီထိဆိုတာ စက္ခုဒွါရကနေဖြစ်တဲ့ ဝီထိပေါ့၊ အမှန်ကတော့ အတူတူပဲ။

ဒါကြောင့်မို့ ပဉ္စဒွါရဝီထိဟာ ၅–မျိုးရှိတယ်၊ မြန်မာလို ရှင်းရှင်းပြောရင် မြင်တဲ့ဝီထိ, ကြားတဲ့ဝီထိ, နံတဲ့ဝီထိ, အရသာကိုသိတဲ့ဝီထိ, ထိတာကိုသိတဲ့ဝီထိလို့ ဒီလို ၅–မျိုးရှိတယ်။

မနောဒွါရဝီထိကျတော့ များတယ်နော်၊ အခု ဒီထဲပြထားတာက နည်းသေး တယ်၊ နောက်ထပ်ပြစရာတွေ ရှိသေးတယ်၊ ဒါပေမယ်လို့ အစမှာ အကုန်လုံး သွားလုပ်မိရင် ရှုပ်ကုန်မှာစိုးလို့ အမှတ်ရများတော့ မမှတ်နိုင်မှာစိုးလို့၊ အခု သင်္ဂြိုဟ်ကျမ်းမှာ ပြသလောက်ကလေးပဲ ဒီမှာပြမယ်၊ မနောဒွါ ရဝီထိက ၁–က ဘာတဲ့တုန်း၊ ကာမဇော မနောဒွါရဝီထိတဲ့ နော်၊ ကာမာဝစရဇော တွေဆိုတာ သိတယ်မို့လား၊ ခုနပဲဇောတွေ ဘာတွေနည်းနည်းပါးပါး ပြန်ကြည့်ပြီးပြီ နော်၊ ကာမာဝစရဇောပါတဲ့ ဝီထိကို ကာမဇောမနောဒွါရဝီထိ၊ ပဉ္စဒွါရဝီထိမှာလည်း ဇောကတော့ ပါတာပါပဲဟုတ်လား၊ ကာမဇောပါတဲ့ မနောဒွါရဝီထိကို ကာမဇော မနောဒွါရဝီထိတဲ့။

အဲဒီကာမဇော မနောဒွါရဝီထိက ၂–မျိုးရှိတယ်တဲ့နော်၊ တစ်ခုက ဝိဘူတာရုံ ဝီထိ၊ နောက်တစ်ခုက အဝိဘူတာရုံ ဝီထိတဲ့၊ ဒီစကားဟာ တော်ကြာကြာတော့ ပြန်လာလိမ့်ဦးမယ်။

ဝိဘူတာရုံဆိုတာက အာရုံထင်ရှားတာနော်၊ ထင်ရှားတဲ့အာရုံကို အာရုံပြုပြီး တော့ဖြစ်တဲ့ဝီထိ၊ အဝိဘူတာရုံဆိုတာက မထင်ရှားတဲ့အာရုံကို အာရုံပြုပြီးတော့

ဖြစ်တဲ့ဝီထိ ၂–မျိုးရှိတယ်တဲ့၊ ဒါက ကာမဇော မနောဒွါရဝီထိ၊ကာမဇောတွေပါတဲ့ မနောဒွါရဝီထိ။

နောက်တစ်ခုက အပ္ပနာဇောဝါရ ဝီထိတဲ့၊ ဒါကတော့ အပ္ပနာဇောတွေပါတဲ့ ဝီထိ၊ အပ္ပနာဆိုတဲ့ စကားလုံးလေးမှတ်ရလိမ့်မယ်၊ နောက်က အပ္ပနာတွေ့ဖူးလား၊ ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဇောတွေကို အပ္ပနာဇောလို့ ခေါ်တာ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဈာန်, မဂ်, ဖိုလ် သူတို့ကို အပ္ပနာလို့ခေါ်တယ်၊ ဒါဖြင့် အပ္ပနာဇော ဝါရဝီထိလို့ဆိုရင် ဈာန်ဝီထိတွေ မဂ်ဝီထိတွေပေါ့၊ ဖိုလ်ကတော့ မဂ်နဲ့တွဲနေလို့ ဖိုလ်ဝီထိလို့ သီးခြားမလာဘူး၊ သို့သော် ဖလသမာပတ္တိဝီထိကျတော့ သီးခြားလာလိမ့်မယ်။

ဒါကြောင့်မို့ အပ္ပနာဇောဒွါရဝီထိက–

– နံပါတ် ၁ က ဈာနဝီထိတဲ့နော်၊ ဈာန်ပထမရတဲ့အခါမှာ ဝင်စားတဲ့ဝီထိ, ဖြစ်တဲ့ဝီတိ၊

– မဂ္ဂဝီထိဆိုတာက မဂ်ဖြစ်တဲ့အခါမှာ မဂ်ရတဲ့အခါမှာဖြစ်တဲ့ဝီထိ၊

– ဖလသမာပတ္တိဝီထိဆိုတာက အဲဒီမှာ ဒီလိုလုပ်ရအောင် ဖလဆိုတာလေး ဖျက်ထားလိုက်ရအောင်နော်။

သမာပတ္တိဝီထိလို့ သာမညထားလိုက်ရအောင် သမာပတ္တိဝီထိလို့ သာမည ထားတဲ့အခါကျတော့ ဈာနသမာပတ္တိ, ဖလသမာပတ္တိလို့၊ သူက ၂–မျိုးသွားလိမ့်မယ်နော်၊ သမာပတ္တိဝီထိ။

အဲဒီတော့ ဈာန်ကိုပထမရတဲ့အခါမှာဖြစ်တဲ့ ဝီထိကတစ်မျိုး၊ နောင်ဒီဈာန်ကို ဝင်စားတဲ့အခါမှာဖြစ်တဲ့ ဝီထိက တစ်မျိုး၊ ဒါကြောင့်မို့ ဈာနဝီထိလို့ ပထမနံပါတ် ၁–အနေနဲ့ ပြောလိုက်တာက ပထမဆုံးရတဲ့အခါလို့ ဒီလိုဆိုလိုတယ်၊ မဂ္ဂဝီထိကလည်း ပထမမဂ်ရတဲ့အခါမှာ ဖြစ်တဲ့ဝီထိ၊ သမာပတ္တိဝီထိ ဆိုတာကျတော့ ခုနပြောသလို ရပြီးတဲ့ဈာန်ကို ပြန်ဝင်စားတဲ့အခါမှာ ဖြစ်တဲ့ဝီထိမျိုးနော်။

ဖလသမာပတ္တိဝီထိဆိုတော့လည်း ဖိုလ်ပြန်ပြီးတော့ဝင်စားတဲ့ ဝီထိမျိုး၊ နောက်ဆုံး တစ်ခုကတော့ နိရောဓသမာပတ္တိဝီထိ, အဲဒါကတော့ တကယ်ဆန်းတယ်နော်၊ ယုံနိုင်စရာမရှိဘူး၊ နိရောဓသမာပတ္တိဝီထိ ဆိုတာက အဲဒီနိရောဓသမာပတ်ကို ဝင်စားရင်စိတ်တွေ စေတသိက်တွေ အကုန်ချုပ် သွားတာတဲ့၊ အဲဒီ အချိန်အခါမှာ အရုပ်ကြီးလိုဖြစ်နေတော့တာ, စိတ်မရှိတော့ဘူး, စေတသိက်မရှိတော့ဘူး၊ သို့သော် အသေကောင်ကြီးတော့လည်း မဟုတ်ဘူးနော်၊ ဇီဝိတိန္ဒြေဆိုတာကလည်း ရှိနေသေး

တော့ ခန္ဓာကိုယ်ကတော့ ရှင်နေလျက်ပဲ၊ ဒါပေမယ်လို့ အဲဒီအချိန်မှာ စိတ်လည်းမရှိဘူး၊ စေတသိက်လည်းမရှိဘူး၊ အဲလို ဝီထိမျိုးက နောင်တော့ အကျယ်လာပါလိမ့်မယ်။

အနာဂါမ် ရဟန္တာတွေမှာ ဝင်စားနိုင်တယ်၊ ပုထုဇဉ် ဆိုတာတော့ဝေးရော၊ သောတာပန်, သကဒါဂါမ်တောင် မဝင်စားနိုင်ဘူး၊ အနာဂါမ် ရဟန္တာလည်းဖြစ်မယ်, ဈာန်လည်းရမယ်ဆိုရင် အဲဒီသမာပတ် ဝင်စားနိုင်တယ်၊ အဲသလို သမာပတ်ဝင်စားပြီး ၇-ရက် အရပ်ကြီးလိုနေပေါ့လေ၊ နိရောဓသမာပတ္တိဝီထိ၊ နိရောဓဆိုတာ ချုပ်တာ၊ ဒီနေရာမှာ စိတ်တို့ စေတသိက်တို့ စိတ္တဇရုပ်တို့ ချုပ်သွားတာကို နိရောဓလို့ ဒီလိုခေါ်မယ်၊ အဲဒါက နိရောဓသမာပတ္တိဝီထိတဲ့။

အကုန်လုံး ဒါတွေကတော့ table of contents သဘောမျိုးပဲ ရှိသေးတယ်၊ နောက်ကျရင် တစ်ခုစီ တစ်ခုစီ သွားရလိမ့်မယ်နော်၊ မနောဒွါရဝီထိ ပြီးသွားပြီ။

နောက်တစ်ခုက ဝီထိပိုင်းမှာ အာရုံ ၆-မျိုး နားလည်ဖို့ လိုလာတယ်၊ ပကိဏ်းပိုင်းတုန်းက နားလည်ခဲ့တဲ့ အာရုံတွေက ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ အနေနဲ့ နားလည်ခဲ့တာ၊ အဲဒီနာမည်ကိုလဲပဲ အသုံးပြုပြီးတော့ ဝီထိမှာ စကားပြောရမယ်။

နောက်တစ်ခုကတော့ အခု ဒီမှာ ပြထားတဲ့ အတိမဟန္တာရုံစတဲ့ နာမည်ကို လည်းသုံးပြီးတော့ ဝီထိမှာ စကားပြောလိမ့်မယ်။

ဒါကြောင့်မို့ ဒါတွေကိုလည်း သိထားထိုက်တယ်၊ အတိမဟန္တာရုံဆိုတာ အလွန်များသော စိတ္တက္ခဏ အသက်ရှိသောအာရုံတဲ့၊ ရှင်းရှင်းလင်းလင်း နားမလည် သေးရင် စောင့်နေဟုတ်လား၊ နောက်ကျတော့ နားလည်သွားလိမ့်မယ်၊ အဲဒီတော့ အသက်အလွန်ရှည်တဲ့ အာရုံလို့ဆိုလိုတာပေါ့လေ။

ဒါက ဝီထိနဲ့ တပ်ပြီးပြောတဲ့အခါကျမှ ထင်ရှားသွားလိမ့်မယ်၊ အခုတော့ ဒီအတိုင်းလေးပဲမှတ်ထားဦး၊ အဲဒီတော့ အတိမဟန္တာရုံဆိုတာ အလွန်များသော စိတ္တက္ခဏ အသက်ရှိတဲ့ အာရုံတဲ့၊

နောက်တစ်ခုက မဟန္တာရုံတဲ့, သူလောက်မများဘူး၊ များသောစိတ္တက္ခဏ အသက်ရှိသော အာရုံ၊ ဟိုက အလွန်များတာ, သူက များရုံများတာ။

နံပါတ် ၃-က ပရိတ္တာရုံတဲ့၊ နည်းသောစိတ္တက္ခဏ အသက်ရှိတဲ့ အာရုံတဲ့၊ အတိပရိတ္တာရုံဆိုတော့ အလွန်နည်းသောစိတ္တက္ခဏ အသက်ရှိတဲ့အာရုံ၊တဖြည်းဖြည်းနဲ့ အာရုံတွေက နည်းသွားတာ၊ ဒီ ၄-မျိုးက ပဉ္စဒွါရအတွက်။

မြင်တယ် ကြားတယ် စသည်ဖြစ်ရင် ဒီအာရုံ ၄-မျိုး တစ်မျိုးမျိုးတွေ့

တော့တာပဲ၊ ဒီ ရူပါရုံလည်းပဲ အတိမဟန္တာရုံရှိတယ်၊ မဟန္တာရုံရှိတယ်၊ ပရိတ္တာရုံရှိတယ်၊ အတိမရိတ္တာရုံရှိတယ်ပေါ့လေ၊ အဲသလို သွားမယ်။

နောက် နံပါတ် ၅-ကတော့ ခုနတွေ့ခဲ့တဲ့ ဝိဘူတာရုံ၊ ထင်ရှားတဲ့ အာရုံ, ကမ္မဋ္ဌာန်းထိုင်တဲ့အခါတို့ ဘာတို့, ဈာန်ဝင်စားတဲ့ အခါတို့ကျတော့ အဲဒီမြင်တဲ့ အာရုံတွေဟာ အလွန်ထင်ရှားတဲ့ အာရုံတွေပေါ့။

အဝိဘူတာရုံကျတော့ မထင်မရှားပြန်ပြီး သိတာနော်၊ အတိတ် အနာဂတ်တို့ ဘာတို့သိတာ၊ မထင်မရှား အာရုံပြုတာပေါ့လေ၊ အဲဒါ အဝိဘူတာရုံတဲ့၊ မထင်ရှားတဲ့ အာရုံ၊ အဲဒီလို အာရုံ၆-မျိုးကိုလည်းပဲ ဒီဝီထိနှင့် ဆက်သွယ်ပြီးတော့ လေ့လာရ လိမ့်မယ်။

ပြီးတော့ အောက်သွားလိုက်စမ်းပါ၊ အာရုံအလိုက် ဝီထိအမည်များဆိုတာနော်၊ အဲဒီမှာ အတိမဟန္တာရုံကို အာရုံပြုပြီးတော့ ဖြစ်တဲ့ဝီထိကို အတိမဟန္တာရုံ ဝီထိ၊ ဒီလိုခေါ်လိမ့်မယ်၊ စက္ခုဝိညာဏဝီထိ တစ်ခုတည်းက အတိမဟန္တ မဟန္တ ပရိတ္တ, အတိပရိတ္တ ရှိလိမ့်မယ်ဟုတ်လား၊ အဲသလို။

မဟန္တာရုံ ဝီထိဆိုတာက များသောစိတ္တက္ခဏ အသက်ရှိတဲ့အာရုံကို အာရုံ ပြုပြီးတော့ ဖြစ်တဲ့ဝီထိ၊

ပရိတ္တာရုံ ဝီထိဆိုရင် နည်းတဲ့အသက်ရှိတဲ့ အာရုံကို အာရုံပြုပြီးတော့ ဖြစ်တဲ့ဝီထိ။

အတိပရိတ္တာရုံ ဝီထိဆိုရင် အလွန်နည်းတဲ့ အသက်ရှိတဲ့ အာရုံကို အာရုံ ပြုပြီးတော့ဖြစ်တဲ့ဝီထိ။

ဝိဘူတာရုံ ဝီထိကျတော့ ထင်ရှားတဲ့ အာရုံကို အာရုံပြုပြီးတော့ ဖြစ်တဲ့ဝီထိ၊ အဝိဘူတာရုံက မထင်ရှားတဲ့အာရုံကို အာရုံပြုပြီးတော့ ဖြစ်တဲ့ဝီထိ။

အဲဒီလို အတိမဟန္တာရုံ စသည်ဖြင့်လည်းပဲ ခေါ်လိမ့်မယ်၊ နောင်ခါကျတော့ စက္ခုဒွါရဝီထိမှာ ဝီထိပေါင်း ဘယ်နှစ်ခုဖြစ်နိုင်သလဲဆိုတာ ပေါ်လာလိမ့်မယ်၊ အဲဒီ ဝီထိတွေကို ဒီက ဝါရဆိုတဲ့ နာမည်နဲ့တွဲပြီးတော့တစ်ခါ တဒါရမ္မဏဝါရ စသည်ဖြင့် ခေါ်ပြန်သေးတယ်နော်၊ ဝါရဆိုတာကတော့ အလှည့်အကြိမ်လို့ဆိုလိုတယ်၊ (one round) ဆိုတဲ့ အဓိပ္ပါယ်မျိုးပေါ့လေနော်။

တဒါရမ္မဏဝါရ ဆိုတာက တဒါရုံပါတဲ့ ဝီထိလို့ဆိုလိုတယ်နော်။

ဇဝနဝါရဆိုတာက တဒါရုံ မပါတော့ဘူး၊ ဇောသာပါတဲ့ဝီထိ။

ဝေါဋ္ဌဗ္ဗနဝါရကျတော့ တဒါရုံလည်းမပါဘူး၊ ဇောလည်းမပါဘူး၊ ဝုဋ္ဌောသာ

ပါတဲ့ဝီထိ။

မောဃဝါရကျတော့ ဝုဋ္ဌောတောင် မပါတော့ဘူး၊ ဘဝင်လှုပ်ရုံလေး လှုပ်ပြီး တော့ပြန်ဘဝင်ကျသွားတာ၊ မောဃဆိုတာ အချည်းနှီး, အလကားဆိုတဲ့ အဓိပ္ပါယ် ရှိတယ်။

ဝိဘူတာရုံ ဝီထိကျတော့ တဒါရမ္မဏဝါရလည်း ရှိလိမ့်မယ်၊ ဇဝနဝါရလည်း ရှိလိမ့်မယ်။

အဝိဘူတာရုံကျတော့ ဇဝနဝါရပဲရှိလိမ့်မယ်၊ အဲဒါတွေ အားလုံးဟာ နောင်ဝီထိတွေ အသေးစိပ် လေ့လာတဲ့အခါကျတော့ အကုန်လုံး ပြန်ပြီး ပေါ်လာ လိမ့်မယ်။

အဲဒါကြောင့်မို့ ဝီထိပိုင်းမှာ သိသင့်သိထိုက်တဲ့ ဒီအချက်အလက်ကလေး တွေကို ပထမသိထားရမယ်၊ ဒီပြင် သိသင့်သိထိုက်တာက ခုနကပြောတဲ့ ဒွါရတို့ အာရုံတို့တွေကိုလည်းပဲ ပြီးတော့ ဝတ္ထု ဘယ်ဝတ္ထုမှီတယ်ဆိုတာလည်းပဲ သိသင့် သိထိုက်တယ်။

ဦးဇင်းတို့ ပထမဆုံး ဝီထိတစ်ခုကို စုံအောင်လေ့လာမယ်၊ နောက်ဟာတွေတော့ အကုန် မလုပ်နိုင်ဘူး၊ တစ်ခုချင်း တစ်ခုချင်းဆိုရင် အကြာကြီးလုပ်ရမှာ၊ ပထမ တစ်ခုကိုတော့ စုံအောင်လေ့လာကြမယ်၊ အဲသလိုလေ့လာမှ ဝီထိတစ်ခုမှာအဓိပ္ပါယ်တွေ ဘယ်လောက်ပါတယ်၊ မြင်တယ်လို့ ပြောလိုက်တာဘယ်လောက် နက်နဲတာတွေ ပါတယ်ဆိုတာသိမယ်၊ နေ့တိုင်းကြုံတွေ့နေတာဆိုတော့ ဘယ်သူမှသိပ်ပြီး ဂရုမစိုက် ဘူး၊ အဲဒီတော့ ပေါ့ပေါ့ဆဆလေးပဲ၊ မလေးနက်ဘူးလို့ ထင်တာပဲ များလိမ့်မယ်၊ တကယ် အခုလို သိလာတဲ့အခါကျတော့မှ မြင်တာလေးတစ်ခုတည်းကလည်း အများကြီး ပါလား၊ မြင်တာနဲ့ ပတ်သက်ပြီးတော့ကို အဘိဓမ္မာအနေနဲ့ သိစရာတွေက မနည်း ပါဘူးလားဆိုတာ တစ်ခါပေါ်လာလိမ့်မယ်နော်။

ကောင်းပြီ၊ ဒါက ဝီထိခန်းမှာ သိသင့် သိထိုက်တဲ့ဟာ အကျဉ်းချုပ် လာတယ်နော်၊ အဲသလို အကျဉ်းချုပ်လာပြီးတဲ့နောက်မှာ ဘာလာရမလဲဆိုတော့ ဝီထိတွေကို တစ်ခုပြီးတစ်ခု လေ့လာမယ်။

အဲဒီတော့ ခုနပြောတဲ့အတိုင်း ပထမအစ ဝီထိဘယ်နှစ်မျိုးရှိသလဲ၊ ပဉ္စဒွါရဝီထိ, မနောဒွါရဝီထိ။

အဲဒီ ပဉ္စဒွါရဝီထိမှာ ဝီထိကလည်း ၅-မျိုးရှိတယ်၊ ဒွါရနဲ့ပဲ ပြောကြစို့နော်၊ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ။

အဲဒီတော့ ပကိဏ်းပိုင်းတုန်းက ကိစ္စသင်္ဂဟမှာ ဘဝင်စိတ်ဆိုတာ တွေ့ခဲ့ပြီး ပြီ၊ တခြားစိတ် အထူးမဖြစ်တဲ့အခါမှာ ဘဝင်စိတ်တွေဖြစ်နေတာနော်၊ အဲဒီတော့ အဲဒီလို ဘဝင်စိတ်ဖြစ်နေတဲ့အခါမှာ ဘာနဲ့ တူသလဲဆိုတော့ အိပ်နေတဲ့အခါမျိုးနဲ့ တူတယ်၊ နိုးနေတဲ့အခါမှာလည်း အမှန်ကတော့ ဘဝင်စိတ်တွေ ဖြစ်နေတာပဲ၊ တစ်စုံတစ်ခု မြင်လိုက်တယ် ကြားလိုက်တယ်ဆိုတဲ့ အခါကျတော့ ဘဝင်ပြတ် သွားပြီးတော့မြင်တဲ့စိတ် ဝီထိအစဉ်အတန်း ဖြစ်တယ်၊ ပြီးရင် သူက ဘဝင်ပြန်ကျတယ်၊ တစ်ခါ ကြားပြန်တယ်ဆိုရင် ကြားတဲ့စိတ် ဝီထိအစဉ်အတန်းဖြစ်တယ်။

အဲဒီလို ဝီထိစိတ်တွေဖြစ်နေတဲ့အခါမှာ ဘဝင်စိတ်တွေက တန့်နေတယ်၊ ပြောကြပါစို့၊ သူတို့မရှိဘူး၊ ဝီထိစိတ်တွေ ချုပ်သွားတဲ့အခါကျတော့ သူတို့က ပြန်ဖြစ်ပြီ၊ ဘဝင်စိတ်ဆိုတာ ဘာလဲဆိုရင် ပဋိသန္ဓေစိတ်နဲ့အတူတူ မျိုးတူစိတ်ပဲ ကံကြောင့်ဖြစ်တဲ့စိတ်တွေ၊ ဒါကြောင့်မို့ သူတို့ကတစ်ဘဝလုံး ဖြစ်နေတာ၊ တစ်ဘဝလုံး သူတို့ချည်း ဖြစ်နေရာကနေပြီးတော့ အာရုံအသစ်နဲ့ တွေ့လိုက်တဲ့အခါ ကျတော့ သူတို့က အသာလေးဖယ်ပေးတဲ့ သဘောပေါ့၊ မင်းတို့ ဖြစ်ကြဦးကွာ၊ မင်းတို့က ငါ့ထက် active ဖြစ်တဲ့ ကောင်တွေပေါ့ဟုတ်လား၊ ဖြစ်လိုက်ကြဦး၊ မင်းတို့ပြီးပြီဆိုရင် ငါပြန်ဝင်မယ်ဆိုတဲ့ အဓိပ္ပါယ်။

အဲဒီတော့ ဘဝင်ဆိုတာဟာ ခုနပြောသလိုပဲ အစဉ်အတန်းကြီး၊ ဖြစ်နေရာက နေပြီးတော့ အာရုံတစ်ခုခုက ဒွါရတစ်ခုခုကို တွေ့လိုက်တဲ့အခါမှာ ရိုက်လိုက်တဲ့အခါ မှာ အဲဒီဘဝင်ဟာ ဘာဖြစ်သွားသလဲဆိုတော့ ပထမ တစ်ချက် လွန်သွားတယ်တဲ့နော်၊ တစ်ချက်လွန်သွားပြီးမှ သူ့မှာ ထူးခြားမှုတွေဖြစ်မယ်၊ ပထမ တစ်ချက်လွန်သွားတယ်။

အဲဒီတော့ အာရုံက ဒီဒွါရကို တွေ့တွေ့ချင်း ဘဝင်က ဘာမှ မထူးခြားသေးဘူး၊ တစ်ချက်လွန်သွားတယ်၊ ဒါက ဘယ်လိုလဲဆိုတော့ ဟို တအား ပြေးလာတဲ့လူဟာ ချက်ချင်းမရပ်နိုင်သလို, နည်းနည်းနှစ်လှမ်း, သုံးလှမ်း, လေးလှမ်းစသည်တော့ လွန်သွားသေးတာပဲ၊ အဲသလို လျှင်မြန်စွာပြေးလာတဲ့ လူဟာ ချက်ချင်း မရပ်နိုင်သလိုပဲ ဘဝင်ကလည်း အရှိန်နဲ့လာနေတာ ဆိုတော့ အာရုံနဲ့တွေ့လိုက်သည်နဲ့ တစ်ပြိုင်နက် ချက်ချင်းမရပ်နိုင်ဘူး၊ တစ်ချက် လွန်သွားတယ်၊ အဲဒီလို တစ်ချက် လွန်သွားပြီးတဲ့ နောက်ကျတော့ ခုနကအာရုံရဲ့ ရိုက်ခတ်မှုကြောင့် သူက ဘဝင်က လှုပ်သွားတယ်၊ လှုပ်ရာကနေ အာရုံက အားကောင်းတယ်၊ ပြင်းထန်တယ်ဆိုတော့ နောက်တစ်ကြိမ် ကျတော့ ပြတ်သွားတယ်။

အဲဒါကြောင့်မို့ ဘဝင်အကြိမ် ဘယ်နှစ်ကြိမ်လာလဲ, ၃–ကြိမ်လာတယ်နော်၊

ပထမ လွန်သွားတဲ့ ဘဝင်တစ်ကြိမ်, နောက်လှုပ်တဲ့ ဘဝင်တစ်ကြိမ်, ပြတ်သွားတဲ့ ဘဝင်တစ်ကြိမ်, ၃–ကြိမ်နော်၊ (notes) ထဲမှာ ရေးထားတယ်၊ ဝီထိများ၌ တွေ့ရမည့်ဘဝင် ၃–မျိုးဆိုပြီးတော့။

ပထမလွန်သွားတဲ့ဘဝင်ကို အတီတဘဝင်ခေါ်တယ်၊ နောက်ပြီးတော့ လှုပ်တဲ့ဘဝင်ကို ဘဝင်္ဂစလန၊ ပြတ်သွားတဲ့ဘဝင်ကို ဘဝင်္ဂုပစ္ဆေဒ၊ ဒီနာမည်လေးတွေ မှတ်ဖြစ်အောင်မှတ်ရလိမ့်မယ်နော်၊ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ။

ဒါကြောင့်မို့ အာရုံတစ်ခုက ဒွါရတစ်ခုကိုလာပြီးတော့ တွေ့လိုက်တဲ့အခါမှာ ဘဝင်က ချက်ချင်း ပြတ်သွားတာ မဟုတ်ဘူးနော်၊ ပထမ စိတ္တက္ခဏတစ်ချက် လွန်သွားတယ်၊ လွန်သွားပြီးတဲ့နောက် လှုပ်ရှားသွားတယ်၊ လှုပ်ရှားသွားပြီးနောက် တတိယခဏကျမှ သူကပြတ်သွားတယ်၊ ဒါဟာ အားကောင်းတဲ့အာရုံကို ဆိုလိုတာ၊ အတိမဟန္တ အာရုံမျိုးကို ဆိုလိုတာ။

အာရုံက ဒီလောက် အားမကောင်းဘူးဆိုရင် အတီတ ဘဝင်က ဒီထက် ၂–ကြိမ်၊ ၃–ကြိမ် သွားဦးမှာနော်၊ အခု ဒီမှာတော့ အားကောင်းတဲ့ အာရုံဖြစ်တဲ့ အတွက်ကြောင့်မို့ တစ်ချက်ပဲ လွန်ပြီးတော့ သွားမယ်။

ဘဝင် ၃–ချက် လွန်သွားပြီးတဲ့နောက် စိတ်ဟာ အာရုံဘက်သို့ လှည့်သွားပြီ၊ နဂိုတုန်းက ဘဝင်, အာရုံကနေပြီးတော့ အခုပစ္စုပ္ပန်ဖြစ်တဲ့ အာရုံဘက်သို့လှည့်သွားပြီ၊ စိတ်ကိုလှည့်ပေးတဲ့ဟာ အဲဒီမှာ မဖြစ်ပေဘူးလား၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဒါ ပဉ္စဒွါရမှာမို့ ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရ ဝီထိကျတော့ မနောဒွါရဝဇ္ဇန်း ဖြစ်လိမ့်မယ်နော်။

ဒါကြောင့်မို့ ဒီအတီတ ဘဝင်တစ်ချက်, ဘဝင်္ဂစလေနတစ်ချက်, ဘဝင်္ဂုပစ္ဆေဒ တစ်ချက်ပြီးရင် ဘာလာလဲ, ပဉ္စဒွါရာဝဇ္ဇန်းနော်၊ ဒီအချိန်ကစပြီးတော့ ဝီထိစိတ်ဘက်သို့ လှည့်သွားပြီ၊ ဒီလိုပဲ ပြောလို့ရတယ်၊ ဟို inactive စိတ်အစဉ်ကနေပြီးတော့ active စိတ်အစဉ်သို့ ပြောင်းသွားပြီ၊ စပြီးတော့ ပြောင်းတဲ့ဟာ အဲဒါ အာရုံဘက်သို့ လှည့်တဲ့ဟာ ပဉ္စဒွါရာဝဇ္ဇန်း။

အဲဒီလို ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်ပြီးတဲ့နောက်ကျတော့ မြင်စိတ်ဖြစ်တယ်နော်၊ အခု ရူပါရုံနှင့် ပတ်သက်ပြီးတော့ ပြောကြစို့၊ မြင်စိတ်ဖြစ်တယ်၊ စက္ခုဝိညာဏ်စိတ် တစ်ကြိမ်တည်း ဖြစ်တာနော်၊ အဲဒီမြင်စိတ်ကလေးက တစ်ကြိမ်တည်းဖြစ်ပြီးတော့ သူကလည်းချုပ်သွားပြန်ပြီ၊ ခုနဟာတွေလည်းဒီလိုပဲ အတီတဘဝင်ဖြစ်,ချုပ်၊ ဘဝင်္ဂစလန ဖြစ်ချုပ်၊ ဘဝင်္ဂုပစ္ဆေဒဖြစ်,ချုပ် ပဉ္စဒွါရာဝဇ္ဇန်း ဖြစ်,ချုပ် စက္ခုဝိညာဏ်ဖြစ်တယ်။

စက္ခုဝိညာဏ်ဖြစ်ပြီးတဲ့နောက်, အာရုံကိုမြင်ပြီးတဲ့နောက်, အာရုံကို တွေ့ကြုံ

ပြီးတဲ့နောက်, ဒီအာရုံကို လက်ခံတဲ့စိတ်ဖြစ်မယ်၊ တစ်စုံတစ်ယောက်က ကိုယ့်ပေးတော့ ကိုယ်က လက်ခံတာမျိုးပေါ့လေ၊ သမ္ပဋိစ္ဆိုင်းစိတ် တစ်ကြိမ်ဖြစ်ပြီးတော့ ချုပ်ပြန်ပြီ၊ ရပြီးတဲ့အာရုံကို သူက စုံစမ်းတယ်နော်၊ ဒီအာရုံ အကောင်းလား, အဆိုးလား အလိုရှိအပ်တဲ့ အာရုံလား, အလိုမရှိအပ်တဲ့ အာရုံလား, စုံစမ်းတဲ့စိတ်ဖြစ်ပြန်ပြီ၊ စုံစမ်းတဲ့အခိုက်အတန့်နော်၊ အဲဒါ စုံစမ်းတဲ့စိတ် စုံစမ်းပြီးတဲ့ နောက်ကျတော့ ဆုံးဖြတ်ချလိုက်ပြီ၊ ဝုဋ္ဌောကဆုံးဖြတ်ပြီးတဲ့နောက် ဇောကခံစားတော့တယ်၊ ဇောခံစား တာဘယ်နှစ်ကြိမ်တုန်း normal အားဖြင့် ဆိုရင် ၇-ကြိမ်တဲ့၊ အလွန်ရှားရှားပါးပါး ၆-ကြိမ်ဖြစ်ဦးမယ်၊ ဒီလိုအာရုံမှာဟုတ်လား၊ ဒီထက် အာရုံအားနည်းသွားရင် သို့မဟုတ် မေ့နေတဲ့အခါသေငယ်ဇော မျောနေတဲ့ အခါမျိုး ဘာမျိုးကျတော့ ၆- ကြိမ် ၅-ကြိမ် စသည်သွားလိမ့်မယ်၊ ဒါနောက်တော့ လေ့လာလိမ့်မယ်နော်၊ ဒါ အခု ၇-ကြိမ်ပဲ မှတ်လိုက်ကြဦးစို့ ဇော ၇-ကြိမ် ဖြစ်တယ်။

ဇော ၇-ကြိမ်ဖြစ်ပြီးတဲ့နောက် ဇောနောက်လိုက်တဲ့ တဒါရုံဆိုတာက ဖြစ်ပြန်တယ်နော်၊ တဒါရုံဆိုတာ ဇောယူတဲ့အာရုံကို ယူတယ်တဲ့၊ ဆိုလိုတာကတော့ ဇောနောက်လိုက်ပါပဲ၊ အဲဒီနောက်လိုက်ကတော့ သူက ၂-ကြိမ်ရင်လည်းဖြစ်ရမှ လုံးဝရင်လည်း မဖြစ်ချင်နေမယ်တဲ့၊ ဖြစ်ရင်လည်းပဲ၂-ကြိမ်ပဲတဲ့၊ တစ်ကြိမ်တည်း ကတော့ မဖြစ်ဘူး၊ ဘာပြုလို့မှန်းတော့မသိဘူး၊ ဒါ စိတ္တနိယာမ, စိတ်ရဲ့သဘော ပေါ့လေနော်။

အဲဒီတော့ တဒါရုံမှာဖြစ်ရင် ၂-ကြိမ်ပဲဖြစ်မယ်၊ ၁-ကြိမ်တော့ ဘယ်တော့မှ မဖြစ်ဘူး၊ လုံးဝမဖြစ်ပဲနေမယ်၊ ဒါပဲဟုတ်လား၊ တစ်ကြိမ်တည်းတော့ မဖြစ်ဘူး၊ တဒါရုံ ၂-ကြိမ်ဖြစ်မယ်နော်၊ အဲဒီ တဒါရုံကို ဘာနဲ့ ဥပမာပေးလဲဆိုတော့ ရေဆန် လှော်သွားတဲ့လှေနောက်က ရေလေးနည်းနည်း ကပ်ပါသွားတာမျိုးလိုပေါ့ လေနော်။

အဲဒီလို တဒါရုံ ၂-ကြိမ်ဖြစ်ပြီးတဲ့နောက်ကျတော့ ခုန ရူပါရုံက ရုပ်သက် ၁၇-ချက် စေ့သွားပြီ, ပြည့်သွားပြီဆိုတော့ ရူပါရုံလည်း ချုပ်သွားရော၊ ဒီကလည်း ဘဝင်ပြန်ကျသွားပြီ၊ အဲဒါ ဘာလဲဆိုရင် စက္ခုဒွါရဝီထိဖြစ်ပုံ။

ဒီဟာမှာ ရေးရမယ် ဒီစာရွက်တွေမှာ ကိုယ့်ဟာကိုယ် ရေးရမယ်၊ ဒါကြောင့်မို့ ပေးတာဟုတ်လား၊ အဲဒီတော့ကို ၂-ရွက်ပေးတယ်၊ တစ်ရွက်ကတော့ ကိုယ့်ဟာကိုယ်၊ နောက်ထပ်ကူးရဦးမယ်၊ ဒါ (diagram) တွေ, ကိုယ့်ဟာကိုယ်ဖြည့်မှ ပိုပြီးတော့ ကျေမှာမို့လို့ပြောတာနော်၊ အဲဒီတော့ လက်ဝဲဘက်က နေပြီးတော့ ဆိုပါတော့၊ စက္ခုဒွါရဝီထိလို နာမည်လေးတပ်, နာမည်လေးတပ်ပြီးတော့မှ အဲဒီမယ် ဟို

ဝလုံးလေးတွေပေါ့လေ ဟုတ်လား၊ အဲဒီ ဝလုံးလေးတွေပေါ်က စာလေးတွေ ရေးရဦးမယ်နော်၊ အဲဒီတော့ ဝလုံး ၃–လုံးလုပ်တဲ့ သဘောတော့ သဘောပေါက်ပါပြီ ဥပါဒ်, ဌီ, ဘင်, နော် စိတ္တက္ခဏ အငယ်လေးတွေအတွက်၊ ဒါကို represent လုပ်ထားတယ်၊

ဝလုံးလုပ်တဲ့သဘောက ဘာတုန်းတဲ့၊ ဒါကလည်းပဲ ကြံဖန်ပြောတာလား မသိဘူး၊ ဝလုံးလုပ်တဲ့သဘောက သုညလို့ ပြောတာတဲ့၊ သုညဆိုတာ သုဉ်းနေ တယ်ပေါ့၊ တကယ် ဒီသဘောတရားတွေဟာ တကယ်ကတော့ ဘာမှဟုတ်တာ မဟုတ်ဘူးပေါ့၊ အနှစ်အမာခံရယ်လို့ရှိတာ မဟုတ်ဘူး၊ ဖြစ်ပြီးပျက်တာ၊ ဖြစ်ပြီး ချုပ်တာတဲ့ဆိုတဲ့ သုညသဘောတားကို ပြချင်လို့ ဝလုံးလုပ်တယ်တဲ့။

ဝလုံး ၃–လုံး, ၃လုံးဟာ စိတ္တက္ခဏ ၁–ချက်ဟုတ်လား၊ ဥပါဒ်, ဌီ, ဘင်, ပဲ၊ ကောင်းပြီ၊ အဲဒီတော့ ပထမအကြောင်းနော်၊ ဒါ စက္ခုဒွါရဝီထိလုပ်မယ်၊ လုပ်ရင် ခုနပြောတဲ့အတိုင်း ပထမဆုံးဘာရှိသလဲ၊ ဘဝင် ပထမပေးလိုက်၊ ဒါ ရှေ့ဘဝင်ခေါ်မယ်နော်၊ ဝီထိဆိုတဲ့ စကားလုံးထဲမှာ သူ့ကို ပထမဆုံးဘဝင်မပါ သေးဘူး၊ သို့သော် ဝီထိပုံစံကို ပြတဲ့အခါကျတော့ ရှေ့ဘဝင်နောက်ဘဝင်ထည့်ပြမှ အဲဒါမှ ကောင်းတယ်။

ဒါကြောင့်မို့ နံပါတ် ၁–ဟာကို ဘကုန်းလေးရေးထားလိုက် ဘ သို့နော်၊ သို့သော် အဲဒီဘက ဝီထိအပြင်ဘက်က ဘပေါ့၊ နောက်တစ်ခုကျတော့ တီလို့ရေးလိုက်၊ အတီတဘဝင်နော်၊ အတီတဘဝင်ပြီးတော့ တတိယဟာကို နငယ်လေးရေးလိုက် ဘဝင်စလနနော်၊ နောက်တစ်ခုကို ဒထွေးရေး ဘဝင်ုပစ္ဆေဒ၊ ပြီးတော့ ပဥ္စဒွါရာဝဇ္ဇန်း, ပစောက်ရေးလိုက်၊ ပြီးတော့ စက္ခုဝိညာဉ် စ–လုံးရေး၊ သမ္ပဋိစ္ဆိုင်း သ သေးသေး တင်လိုက်၊ သန္တီရဏကျတော့ ဏကြီးရေးလိုက် တီလို့ရေးရင် အတီတဘဝင်နဲ့ ရောသွားဦးမယ် ဟုတ်လား, သန္တီရဏ၊ သန္တီရဏ ပြီးတော့ ဝုဋ္ဌော ဝုလို့ရေး၊ ဇော ၇–ကြိမ်ကျတော့ ဇပဲရေးလိုက်ပေါ့၊ ဇဇဇဇ ၇–ကြိမ်ပြီးတော့ တဒါရုံ၂–ကြိမ်ကျတော့ တပေါ့၊ တနောက် ဘ ၁–ခု ကျန်သေးတယ်မို့လား၊ အဲဒါ ဘ–လို့ရေးလိုက်။

အဲဒီ ပထမဆုံးဘဝင်နဲ့ နောက်ဆုံးဘဝင်က ဝီထိဆိုတဲ့အထဲမှာ မပါဘူးနော်၊ တွက်ကြည့်လိုက်စမ်း၊ ပထမဆုံးဟာနဲ့ နောက်ဆုံးဟာ မပါပဲနဲ့ ဘယ်နှစ်ကြိမ် ရှိသလဲ၊ အတီတဘဝင်ကနေစပြီးတော့ တွက်ကြည့်လိုက်စမ်း၊ ၁၇–ကြိမ် ဒါဖြင့် ရူပါရုံဟာ အတီတဘဝင်နဲ့ အတူတူဖြစ်တဲ့၊ (ဒါကို ဦးဇင်းတို့က အတူတူဥပါဒ်တယ်လို့ သုံးတယ်နော်– အတီတဘဝင်နဲ့ အတူတူဥပါဒ်တဲ့)ရူပါရုံဟာ ဒုတိယ တဒါရုံနှင့်

ပြိုင်ပြီးတော့ မချုပ်ပေဘူးလား၊ ချုပ်သွားတယ်နော်၊ အဲဒီ အာရုံဟာ ၁၇-ချက်တိတိ ရှိတယ်၊ အဲဒီ ၁၇-ချက်လုံးမှာ ဒီကဝီထိရှိတဲ့အတွက်ကြောင့်မို့လို့ သူ့ကို အတိမဟန္တာရုံလို့ ခေါ်တယ်နော်၊ အသက်ရှည်တဲ့အာရုံ, အမှန်ကတော့ ရုပ်ဆိုတာ ကတော့ ၁၇-ချက်ရှည်မှာချည်းပဲဟုတ်လား၊ သူရှိနေတုန်း ဝီထိကလည်း ရှိနေတယ်လို့ ဆိုလိုတယ်။

တချို့အာရုံကျတော့ သူရှိနေပေမယ်လို့ ဝီထိက ပြတ်သွားပြီ၊ အဲသလို ဖြစ်လိမ့်မယ်၊ အဲဒါကျတော့ အတိမဟန္တာရုံ မခေါ်တော့ဘူးနော်။

အခု ဒီ အတိမဟန္တာရုံဆိုတာက အတီတဘဝင်နဲ့ ပြိုင်ပြီးတော့ ဥပါဒ်တယ်နော်၊ ပြီးတော့ ဒုတိယ တဒါရုံနှင့် ပြိုင်ပြီးတော့ ဒုတိယတဒါရုံကဘင်နှင့် ပြိုင်ပြီးတော့ ချုပ်တယ်၊ အဲဒီတော့ ဒါကို မြင်တဲ့ဝီထိသဘောအနေနဲ့ ပြောတာနော်။

ဒါကြောင့်မို့ မြင်တဲ့ဝီထိအနေနဲ့ပြောမယ်ဆိုရင် အဲဝီထိလေးချလိုက်စမ်းပါ၊ အတီတဘဝင်နော်၊ ပြီးတော့ ဘဝင်စလန ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်၊ ထို့နောင် ဘဝင်နော်၊ ထိုနောင်ဘဝင်ဆိုတာက ဒီနောင်ဘဝင်တွေ အများကြီးရှိလိမ့်ဦးမယ်လို့ ဆိုလိုတယ်၊ ရှေးကလည်းပဲဆိုပါတော့ ပထမဆုံးဘဝင်ရဲ့ ဘယ်ဘက်မှာလည်း အများကြီး ရှိလိမ့်ဦးမယ်လို့ ဆိုလိုတယ်၊ ဒါကို ဘာလို့ခေါ်လဲ, စက္ခုဒွါရဝီထိ။

စက္ခုဒွါရဝီထိနဲ့ မြင်တာဟာ ပစ္စုပ္ပန်ရူပါရုံကိုမြင်တာ၊ ရှိနေတုန်း မြင်တာနော်၊ အတိတ်ရူပါရုံကို မြင်တဲ့အခါကျတော့ စက္ခုဒွါရဝီထိနဲ့ မြင်တာမဟုတ်ဘူး၊ မနောဒွါရဝီထိနှင့် မြင်လိမ့်မယ်နော်၊ အနာဂတ်လှမ်းပြီးတော့ စဉ်းစားတာမျိုး ဘာမျိုးဟာ စက္ခုဒွါရဝီထိမဟုတ်ဘူး၊ အခု တိုက်ရိုက်ရှိနေတဲ့ ရူပါရုံကို မြင်တာ၊ တိုက်ရိုက်ရှိနေတဲ့ သဒ္ဒါရုံ အသံကို ကြားနေတာ၊ အဲဒီလို ဝီထိ၊ ပဉ္စဒွါရဝီထိဆိုတာ။

အာရမ္မဏသင်္ဂဟ ပြန်ကြည့်ရင်လည်း ဒီအတိုင်းပဲ တွေ့လိမ့်မယ်၊ စက္ခုဒွါရိက စိတ်တွေရဲ့ အာရုံသည် ပစ္စုပ္ပန်ဖြစ်တယ်နော်၊ ရူပါရုံဖြစ်တယ်၊ ရူပါရုံဆိုတာ ပစ္စုပ္ပန်ဖြစ်တယ်ဆိုတာ ပြောထားခဲ့ပြီ။

အဲဒီတော့ ဒီဝီထိ တစ်ခုမှာ ဘာတွေ သိစရာတွေ ရှိနေသလဲ၊ ပြန်ကြည့်ကြမယ်နော်၊ အဲဒီတော့ ဒီဝီထိဟာ ဘယ်အာရုံကို အာရုံပြုသလဲမေးရင် ဘယ့်နှယ်ဖြေမလဲ၊ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်၊ အဲဒီပစ္စုပ္ပန် ရူပါရုံဟာ ဒီဝီထိကုန်သည့်တိုင်အောင် ရှည်တယ်နော်၊ သို့မဟုတ် ဒီဝီထိဟာ ပစ္စုပ္ပန်ရူပါရုံ ကုန်သည်တိုင်အောင်ရှည်တယ်၊ ဒါကြောင့်မို့ ဒီဝီထိကို အတိမဟန္တာရုံ၊ စက္ခုဒွါရတော့ဟုတ်တယ်၊ စက္ခုဒွါရအပြင်

သူ့ကိုနာမည်ထပ်ပေးရဦးမယ်၊ အတိမဟန္တာရုံ၊ စက္ခုဒွါရ တစ်ခုတည်းမှာ အတိမဟန္တာရုံရှိမယ်၊ မဟန္တာရုံရှိမယ် စသည်ဖြင့် ရှိလိမ့်မယ်နော်။

ကောင်းပြီ, ဒီဝီထိထဲမှာ ဘာတွေလေ့လာရမလဲတဲ့ဆိုတော့ ပထမ၊ အဲဒီတစ်ခုတစ်ခုက စိတ်တွေဟာ ဘယ်စိတ်တွေလဲ ထောက်ပြနိုင်ပါ့မလား (ဆိုပါတော့) ဘဝင်စိတ် ၃–ခုရှိတယ်၊ ဒီဘဝင်စိတ်တွေက ဘယ်စိတ်တွေလဲဆိုရင် ဟို ဘဝင်စိတ် ၁၉–ခုထဲက တစ်ခုခုလို့ ဆိုရတာပေါ့။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဆိုတာမြင်ပြီလား, ဘယ်စိတ်တုန်း၊ ဟို အပြောက်အပြောက်တွေ(chart)ထဲမှာမြင်ပြီလား၊ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ၃–ခုအတန်းမှာ ထိပ်ကဟာ, အဟိတ်စိတ်ထဲက ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်ဆိုရင် ဘယ်မြင်မလဲ, သူဘယ်ဘက်က ၂–ခု၊ တစ်ခုခု မြင်ရမယ်၊ နောက်တော့ပြောဦးမယ်၊ ကုသလဝိပါက်နှင့် အကုသလ ဝိပါက်, စက္ခုဝိညာဏ်ပဲ, အသာထားကြဦးစို့၊ စက္ခုဝိညာဏ်ဆိုရင် ဒီ၂–ခုလို့ဆိုရမယ်၊ သမ္ပဋိစ္ဆိုင်းဆိုရင် သမ္ပဋိစ္ဆိုင်းစိတ် ၂–ခုမြင်ရမယ်၊ သန္တီရဏဆိုရင် သန္တီရဏ ၃–ခုမြင်ရမယ်၊ ဝုဋ္ဌောဆိုရင် မနောဒွါရာဝဇ္ဇန်းကို မြင်ရမယ်၊ ဟို ၃–ခု အတန်းမှာ ဒုတိယဟာ, ဇောဆိုရင် ကာမာဝစရဇောကို မြင်ရမယ်။

ကာမာဝစရဇောဆိုတာ အကုသိုလ်စိတ် ၁၂–ခု ဟသိတုပ္ပါဒ်စိတ် ၁–ခု မဟာကုသိုလ်စိတ် ၈–ခု ကာမဇော ၂၉–ရှိတယ်နော်၊ အဲဒီ ၂၉–ထဲက တစ်ခုုလို့ ဆိုလိုတယ်။

တဒါရုံတဲ့, တဒါရုံဆိုရင် ဘာတွေတုန်း၊ မဟာဝိပါက်စိတ် ၈–ခုရယ်၊ သန္တီရဏစိတ် ၃–ခုရယ်၊ သန္တီရဏက အဲဒီခဏမှာဖြစ်ရင် တဒါရုံဆိုတဲ့နာမည်နဲ့ ဖြစ်မယ်နော်၊ ဟိုရှေ့မှာဖြစ်ရင် သန္တီရဏဆိုတဲ့ နာမည်နဲ့ဖြစ်မယ်၊ ကိစ္စမတူဘူး၊ သန္တီရဏစိတ်ဟာ သန္တီရဏကိစ္စတပ်တယ်၊ တဒါရုံကိစ္စတပ်တယ်၊ အဲဒီတော့ ကြည့်စမ်းနောက်ကဟာတွေ ပြန်ပါမလာဘူးလား။

ဒါကြောင့်မို့ ဒီ(chart)ထဲက အရေးကြီးတယ်ဟုတ်ပြီလား၊ အဲဒီလိုကို ကိုယ်က နားလည်ရမှာနော်၊ ဒီစိတ်က ဘယ်ဟာကို represent လုပ်တယ်၊ ဒီခဏက ဘယ်ဟာကို represent လုပ်တယ်၊ ဇောလို့ ပြောလိုက်ရင် ခုနပြောလိုက်တဲ့ ကာမဇောတွေထဲက တစ်ခုခုပဲပေါ့ ဆိုတာ သိရမယ်နော်။

အာရုံကတော့ ဘဝင်စိတ် ၃–ခုကတော့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ပေါ့၊ ဒီပစ္စုပ္ပန် အာရုံကို အာရုံမပြုဘူးနော်၊ သူတို့ကတော့ သူတို့ရှိတုန်းကို ဒီအာရုံက လာရိုက်တာတော့မှန်တယ်၊ ကိုယ့်ကို လာတွေ့တာတော့မှန်တယ်၊ ဒါပေမယ်လို့

ပစ္စုပ္ပန်ရူပါရုံကို ဘဝင်စိတ်–၃ခုက အာရုံမပြုဘူး၊ ကျန်တဲ့စိတ်တွေ အာရုံကတော့ ဒီပစ္စုပ္ပန်ရူပါရုံကို အာရုံပြုတယ်၊ အဲဒီလို နားလည်ရမှာနော်။

အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ သူတို့က ပစ္စုပ္ပန် ရူပါရုံကို အာရုံမပြုဘူး၊ ဒါလည်းမှန်အောင်လုပ်ထား, မျက်စိလည်သွားဦးမယ်၊ သူက တိုက်တော့ တိုက်ဆိုင်နေတယ်၊ တိုက်ဆိုင်ပြီးတော့ အာရုံမပြုဘူး၊ ဘာကြောင့်တုန်း သူတို့က ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, ပဋိသန္ဓေယူတဲ့ အာရုံကိုပဲ သူတို့က အာရုံ ပြုရမှာကို၊ အဲဒီတော့ အာရုံသစ်တွေ ဘာတွေနားမလည်ဘူး၊ အဲဒီအချိန်မှာ ရှိတော့ရှိနေတယ်။

**မေး** – တဒါရုံက ဘယ်စေတသိက်တွေပါသလဲ၊

**ဖြေ** – အကုန်ယူရမယ်၊ တဒါရုံကိစ္စတပ်တဲ့စိတ်ဘယ်လောက်ရှိသလဲ၊ ၁၁– ခုရှိတယ် မဟုတ်ဘူးလား၊ ဒါ ပကိဏ်းပိုင်း ပြန်ရောက်သွားပြီ၊ မဟာဝိပါက် စိတ် ၈–ခုနှင့် သန္တီရဏစိတ် ၃–ခုကို တဒါရုံလို့ခေါ်တယ်၊ အဲဒီထဲကတစ်ခုခု ဖြစ်မယ်ပေါ့၊ အဲဒီလို အသေးစိတ်သိသိ သွားရမယ်၊ ဝီထိဟာ အလွန်ကျယ်တယ်နော်၊ စိတ်တော့ စိတ်ဝင်စားစရာ သို့သော်ကျယ်တယ်။

ကောင်းပြီ၊ ဘာ တစ်ခုရှိသေးသလဲဆိုတော့ အခု ဒီဝီထိဟာ ဘယ်ဒွါရမှာဖြစ်တဲ့ ဝီထိတုန်း၊ ဒါကတော့ စက္ခုဒွါရပဲ, မေးနေစရာမလိုဘူး၊ မြင်တဲ့စိတ်ကို စက္ခုဒွါရက နေပြီးတော့ ဖြစ်တယ်နော်၊ ဘာဝိညာဏဝီထိလို့ ပြောမလဲ၊ စက္ခုဝိညာဏဝီထိပေါ့၊ မြင်သိစိတ်ပါတဲ့ ဝီထိပေါ့၊ ဒါလည်း မခက်သေးပါဘူးနော်။

နောက် တစ်ခုကတော့ ဘာ မှတ်သားစရာရှိသလဲဆိုတော့ ဘယ်စိတ်က ဘယ်ကို မှီသလဲဆိုတာ ပါသေးတယ်၊ အဲဒီကျတော့ ဝတ္ထုသင်္ဂဟ ရောက်သွားပြန်ပြီ၊ ဒါလည်းပဲ မင်းတို့ လုပ်ရမယ်၊ အဲဒီတော့ ဘဝင်စိတ်တွေက ဘယ်ကို မှီသလဲ, တစ်ခါ ပဉ္စဒွါရာဝဇ္ဇန်းက ဘယ်မှီသလဲ, စက္ခုဝိညာဏ်က ဘယ်ကို မှီသလဲ, ဒါလည်းပဲ သိရဦးမယ်တဲ့၊ ဟဒယသဝတ္ထုကို မှီသလား၊ စက္ခု,သောတ,ဃာန,ဝတ္ထုကို မှီသလားပေါ့။

အဲဒီတော့ ဒီနေရာမှာ ဦးဇင်းတို့ မြန်မာပြည်မှာ အယူအဆ ဘယ်လို ရှိသလဲ ဆိုတော့ ဘဝင်စိတ်က စပြီး စက္ခုဝိညာဏ်ကလွဲရင် တခြားစိတ်တွေက မိမိတို့က ရှေးကစိတ်နဲ့ အတူတူဥပါဒ်တဲ့ ဟဒယဝတ္ထုကို မှီတယ်။

စက္ခုဝိညာဏ်စိတ်ကတော့ ဘယ်သူ့ကို မှီမလဲ,စက္ခုဝတ္ထုကိုပေါ့၊ သောတဝိဉာဉ် စိတ်ဖြစ်ရင် သောတဝတ္ထုကိုမှီမယ်၊ တခြားစိတ်တွေကတော့ ဘာမှီမလဲ၊ ဟဒယဝတ္ထု

မှိတယ်၊ ဘယ်ဟဒယဝတ္ထုကို မှီမလဲလာသေးတာကို၊ အဲဒီအခါကျတော့ မိမိရှေးက စိတ်နဲ့ အတူတူဥပါဒ်တဲ့ ဟဒယဝတ္ထု၊ အဲဒီဟဒယဝတ္ထုက မိမိဖြစ်တဲ့အခါကျတော့ သူက ကောင်းကောင်း (establish) ဖြစ်နေပြီ၊ တည်တန့်နေပြီ၊ အဲဒီအချိန်မှာ သူက သူနဲ့လာပြီးတော့ တိုက်ရိုက်တော့ဆိုင်တဲ့ ဟဒယဝတ္ထုကို မှီတယ်တဲ့။

ဒါကြောင့်မို့ဆိုပါတော့၊ပဉ္စဒွါရာဝဇ္ဇန်းက သူ့ရှေ့က ဘဝင်နှင့် အတူတူဖြစ်တဲ့ ဟဒယဝတ္ထုကိုမှီတယ်၊ စက္ခုဝိညာဏ်က ပဉ္စဒွါရာဝဇ္ဇန်းနဲ့ အတူဥပါဒ်တဲ့ ဟဒယဝတ္ထု ကို မှီတယ်၊ အဲသလို သွားရမယ်၊ ဒါက အမှီကို ဆိုလိုတယ်၊ ဒါလည်းပဲ နားလည် ရမယ်။

နောက်ထပ် နားလည်စရာရှိသေးတယ်၊ ဒါကတော့ အခု မဖြစ်နိုင်သေးဘူး၊ ဘယ်ဘုံတွေမှာ ဖြစ်နိုင်သလဲဆိုတာလည်းသိရဦးမယ်၊ ဘယ်ပုဂ္ဂိုလ်တွေမှာ ဖြစ်နိုင်သလဲ ဆိုတာလည်းသိရဦးမယ်၊ ဒါကတော့ အခုမတတ်နိုင်သေးဘူးနော်၊ နောက် တစ်ခေါက် ဆိုရင်တော့ တတ်နိုင်ပြီ ဟုတ်လား၊ ဒီတစ်ခေါက်တော့ မတတ် နိုင်သေးဘူး။

အဲဒီလို ဝီထိတစ်ခုတစ်ခုမှာ အသေးစိတ် သိသိ၊ သိသိ သွားရမှာနော်။

အဲဒီတော့ ဒီဝီထိထဲမှာ ဝီထိစိတ်အမျိုးအစား ဘယ်နှစ်ခုပါသလဲ၊ ပြီးတော့ စိတ်အခိုက်အတန့် ဘယ်နှစ်ခုပါသလဲ၊ ဒါလည်းပဲ ရွေးရဦးမယ်တဲ့၊ ဝီထိစိတ်လို့ ပြောတဲ့အခါကျတော့ ဦးဇင်းတို့ ဘဝင်စိတ်ကို မလိုချင်ဘူး။

ဒါဖြင့် ဝီထိစိတ် အမျိုးအစား ဒီထဲမှာ ဘယ်နှစ်ခုပါသလဲ၊ ရေကြည့်စမ်း၊ ပဉ္စဒွါရာဝဇ္ဇန်းက စရေလိုက်၊ ပဉ္စဒွါရာဝဇ္ဇန်း ၁–ခု, စက္ခုဝိညာဉ် ၁–ခု, ပြီးတော့ သမ္ပဋိစ္ဆိုင်း ၁–ခု, သန္တီရဏ, ဝုဋ္ဌော, ဇောကိုလည်း တစ်ခုထဲလို့ယူ, ပြီးတော့ တဒါရုံကိုတစ်ခုထဲယူ, ဘယ်နှစ်ခုရတုန်း ၇–ခု, ဝီထိစိတ် အမျိုးအစား ဘယ်လောက် ရှိသလဲ, ၇–ခုရှိတယ်နော်။

ဝီထိစိတ် ခဏပေါင်းတွက်လိုက်စမ်း၊ အဲဒီ ၇–ခုဟာ ခဏပေါင်းတွက် ကြည့်ရင် ၁၄–ခုရှိတယ်၊ စိတ်အကြိမ် ၁၄–ခုနော်၊ စိတ်အမျိုးအစား ၇–ခု။

စိတ်အကျယ် ၁၄–ခုကတော့ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, နုတ်လိုက်ရင် ၁၄–ခုပေါ့၊ အဲသလောက်သိရင် တော်တော်လေး စုံသွားပါပြီနော်၊ အာရုံသိပြီ၊ အဲဒီတော့ ဝီထိစိတ်တွေ (represent) လုပ်ပုံ, အသီးအသီးသော ခဏတွေ represent လုပ်ပုံသိပြီ၊ ဘယ်မှီတယ်ဆိုတာလည်းပဲသိပြီ၊ အဲဒီလောက် ဆိုရင် မဆိုးတော့ပါဘူးနော်။

ဒါဟာ မြင်တဲ့အခါမှာ ဖြစ်တဲ့ဝီထိ, မြင်တဲ့အခါမှာလည်းပဲ အာရုံက

အားကောင်းတဲ့ အာရုံကိုမြင်တဲ့အခါမှာ ဖြစ်တဲ့ဝီထိ။

ကောင်းပြီ,တစ်ခါတစ်လေကျတော့ အဲဒီရူပါရုံမယ် ဒီလောက် အားမကောင်းတဲ့ ခုနအာရုံလောက် အားမကောင်းတဲ့ အာရုံမျိုးလည်း ရှိတတ်သေးတယ်၊ အဲဒီလိုသူက အားနည်းသွားတဲ့အခါကျတော့ အတီတဘဝင်တစ်ချက် လွန်ရုံနဲ့ သူကဘဝင်ကိုမလှုပ်နိုင်သေးဘူး၊ ၂-ချက်လွန်မှ သူကလှုပ်လိမ့်မယ်၊ ဘဝင်လှုပ်စေလိမ့်မယ်၊ ဘဝင်ကတော့ လှုပ်လိုက်ရင်ပြတ်တော့မှာပဲ။

အဲဒီလို အာရုံမျိုးနဲ့ တွေ့တဲ့အခါကျတော့ ဘယ်လိုဝီထိဖြစ်မလဲ၊ ကြည့်လိုက်စမ်းနော်၊ နောက်တစ်ခုရေးပေါ့, အဲဒီတော့ ရှေ့ဆုံးကတော့ ဘဝင်ပဲထားဦးနော်၊ ပြီးရင် အတီတဘဝင်, ဒီတစ်ခါကျတော့ ၂-ခါရေးရလိမ့်မယ်၊ ရှေ့ဆက်ပြီးရေးသွားစမ်းပါ၊ နောက်ဟာတွေတော့ အတူတူပဲ၊ အတီတဘဝင် ၂-ခါပြီးတော့ ဘဝင်စလန ဘဝင်ုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇- ကြိမ်, တဒါရုံ ၂-ကြိမ် ဆန့်လား မဆန့်လား မဆန့်ရင်တစ်ကြိမ်တည်းလည်း မဖြစ်ရဘူး၊ ဒါဖြင့်ရင် အဲဒီဝီထိ ဘယ်မှာတင်ပြီး သွားမလဲ၊ ဇောပြီးတာနဲ့ ဝီထိပြီးသွားပြီ။

အာရုံကတော့ ရှိသေးတယ်၊ အာရုံကတော့ ၁၇-ချက်ပြည့်မှ သူက ချုပ်မှာ၊ အဲဒီတော့ အာရုံရဲ့ သက်တမ်းက ဟို အတီတဘဝင်ကနေပြီး တွက်ကြည့်လိုက် ၁၇-ခု, ပထမ အတီတဘဝင်ကနေ တွက်ကြည့်လိုက် အဲဒီတော့ အာရုံ မချုပ်ခင်ဝီထိက ဆုံးသွားတယ်နော်၊ အေး အဲဒါပဲ, အဲဒါကျတော့ မဟန္တာရုံလို့ခေါ်တယ်၊ အဲဒီအာရုံက အတိမဟန္တာရုံလောက် အားမကောင်းတဲ့အာရုံလို့ ဆိုလို တယ်နော်။

**မေး** – ဘဝင်က ၁၇-ချက် အပြည့်ထည့်ရမလား။

**ဖြေ** – ၁၇-ချက်ပြည့်အောင်တော့ ဘဝင်ထည့်ပေး, ဟုတ်ပြီလား, အမှန်ကတော့ ဝီထိစိတ်ကတော့ အာရုံမချုပ်ခင် ကုန်တာ၊ သို့သော် ၁၇-ချက် ပြည့်အောင်ဘဝင်တစ်ကြိမ်နော်၊ ဒါဖြင့်ရင် ဘာတုန်း၊ ဇော ၇-ကြိမ်၊ နောင် ဘဝင်တစ်ကြိမ်ထိအောင် ယူရမယ်၊ ဟုတ်ပြီလား၊

**မေး** – တဒါရုံမပါဘူးလား။

**ဖြေ** – တဒါရုံက ၂-ကြိမ် မဖြစ်လောက်ဘူး၊ မဖြစ်လောက်ရင် တစ်ကြိမ်ထဲလည်းမဖြစ်ရဘူးတဲ့၊ တဒါရုံ လုံးဝမရှိတော့ဘူး အဲဒီမှာနော်၊ တဒါရုံအစားဘဝင်ပဲထည့်လိုက်၊ ဟုတ်ပြီလား၊ အဲဒီဝီထိကို မဟန္တာရုံဝီထိလို့ ခေါ်တယ်၊နာမည်ရောမှတ်ထားနော်၊ မဟန္တာရုံဝီထိ၊ ပထမဟာက အတိမဟန္တာရုံဝီထိ၊ စက္ခုဒွါရိကဝီထိ

ကတော့ စက္ခုဒွါရိကဝီထိပဲ၊ အတိမဟန္တာရုံဝီထိရယ်၊ မဟန္တာရုံဝီထိရယ်၊ အဲဒီ မဟန္တာရုံဝီထိက ပထမတစ်ခုရှိသေးတယ်။

သူ့ထက်နည်းနည်းလေး အာရုံက တစ်ခါအားနည်းပြန်ပြီတဲ့, အဲဒီတော့ အတီတဘဝင် ၂–ချက်နဲ့ မရပြန်ဘူးနော်၊ ၃–ချက်လွန်ပြီးမှ ဘဝင်လှုပ်လိမ့်မယ်၊ အတီတဘဝင် ၃–ချက် နောက်တစ်ကြောင်းနောက်ရေးသွား၊ ဒီကျတော့ ဘဝင်တစ်ခု မလိုတော့ဘူး၊ ဇောဆုံးရင် ဝီထိဆုံးတယ်၊ အဲဒီတော့ သူ့အထက်က ဝီထိမှာတုန်း ကလည်း ဇောပါတယ်၊ အခု ဒီဝီထိမှာလည်း ဇောပါတယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒါကြောင့်မို့ ဒီ ဝီထိဟာလည်း မဟန္တာရုံပဲနော်၊ မဟန္တာရုံဝီထိပဲ။

အဲဒါကြောင့်မို့ မဟန္တာရုံဝီထိက ပထမ မဟန္တာရုံဝီထိ၊ ဒုတိယ မဟန္တာရုံ ဝီထိလို့ ၂–ဝီထိရှိတယ်။

အဲဒီတော့ ပထမ မဟန္တာရုံဝီထိက ဇော၊ နောင် ဘဝင်တစ်ကြိမ်ထိအောင် သွားတယ်၊ ဒုတိယ မဟန္တာရုံ ဝီထိကတော့ ဇောနဲ့ပဲ ပြီးသွားတော့တယ်။

ရှေ့နည်းနည်းသွားလိုက်ကြဦးစို့နော်၊ ကာမာဝစရဇောဆိုတာ ၇–ကြိမ် စောလိမ့်မယ်နော်, ၇–ကြိမ်မစောရင် သူစောမှာ မဟုတ်ဘူး, ကောင်းပြီ။

အဲဒီတော့ အာရုံက ဒီထက်ကို အားနည်းသွားပြန်ပြီနော်၊ သူ့ကိုပရိတ္တာ႑ုံလို့ ခေါ်လိုက်မယ်၊ အာရုံက အားနည်းသွားပြန်တော့ ၃–ကြိမ်နဲ့တင် သူက မရပြန်ဘူး၊ ၄–ကြိမ်ပြီးမှ သူကဘဝင်လှုပ်လိမ့်မယ်၊ ကိုင်း အဲဒီတော့ ရေးစမ်း၊ အတီတဘဝင် ၄–ကြိမ်၊ ဟို ပထမဆုံးဟာတော့ ချန်ထားပေါ့၊ ပထမဘဝင် လျှောက်ရေးသွားစမ်း၊ ဇော ၇–ခု မလောက်ရင် မရေးနဲ့၊ အခု ဇော ၇–ချက်ရရဲ့လား၊ မရဘူး ပရိတ္တာရုံမှာ မရဘူး၊ ၁၇–ကြိမ်လေ၊ ပထမဟာနဲ့ နောက် ဆုံးဟာက မပါရဘူး၊ သူက အပိုထည့်ပေးထားတာ၊

အဲဒီတော့ အဲဒီပရိတ္တာရုံမှာ သန္တီရဏနောက် ဘယ်နှစ်ချက် ကျန်နေတုန်း၊ ၁, ၂, ၃, ၄, ၅, ၆, ၇, ကြိမ် မကျန်ဘူးလား၊ ကျန်တယ်နော်၊ အဲဒီတော့ ဒီမှာကျတော့ ဝုဋ္ဌောဖြစ်ပြီးမှ ဇောကဖြစ်ရမှာဟုတ်လား၊ အဲဒီတော့ ဇောဖြစ်ဖို့ အချိန်မရှိဘူးနော်၊ မရှိတဲ့အခါကျတော့ ဒီမှာ ဝုဋ္ဌော ၂–ကြိမ်သော်လည်းကောင်း ၃–ကြိမ်သော်လည်းကောင်း ဖြစ်နိုင်တယ်တဲ့၊ အဲဒီတော့ ၃–ကြိမ်ပဲ လုပ်လိုက်, များတဲ့ဘက် လိုက်လိုက်ကြစို့၊ ၂–ကြိမ်လည်းလုပ်ချင်ရင် ရတယ်၊ ၃–ကြိမ်နဲ့ပဲ သွားရအောင်။

ဝုဋ္ဌော ၃–ကြိမ်လုပ်လိုက်တော့ နောက်ထပ် ဘယ်နှစ်ကြိမ် ကျန်သေးတုန်း,

၄–ကြိမ်ကျန်တယ်၊ အဲဒီ ၄–ကြိမ်ကတော့ဘဝင်ချည်းပဲ၊ ဒီဝီထိမှာ ဇောမရှိဘူး၊

ပြန်ပြီးတော့ လုပ်လိုက်ရင် အတီတဘဝင် ဘယ်နှစ်ကြိမ်တုန်း ၄–ကြိမ်၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော ၃–ကြိမ်, ဘဝင် ၄–ကြိမ် ပြီးပြီ။

နောက်တစ်ခု သွား, ဝုဋ္ဌောက ဒီအခါကျတော့ ဝုဋ္ဌောပဲ ဖြစ်တော့တာကို၊ ဇောသဘောဖြစ်တာပေါ့၊ ဇောကတော့ ၇–ကြိမ်ပေါ့လေ၊ ဇော မဖြစ်တဲ့ နေရာကျတော့ ဝုဋ္ဌောက ၂–ကြိမ် ၃–ကြိမ်ဖြစ်လိုက်တာပေါ့၊ နံပါတ် ၁–ပရိတ္တာရုံနော်၊ ပရိတ္တာရုံက ၆–ဝီထိ ရှိမယ်။

နောက် တစ်ဝီထိသွား အတီတ ဘဝင်တစ်ချက် တိုးလိုက် တစ်နှစ်သုံးလေး ငါး,ဟုတ်ပြီ၊ ပြီးရင် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ် သွားရော့ပေါ့လေနော်၊ အဲဒီကျတော့ ဘဝင် ၃–ကြိမ်ပဲ ဖြစ်တော့မှာပေါ့ ဝုဋ္ဌောက ၃–ကြိမ် ဘဝင် ၃–ကြိမ်၊ ဒါက နံပါတ် ၂ ပရိတ္တာရုံ ဝီထိနော်။

မျဉ်းကြောင်းတွေ ရှိသေးတယ် မဟုတ်လား၊ နောက်တစ်ခု သွားလိုက်ဦး, အတီတဘဝင် တစ်ချက်တိုးလိုက်၊ ဒါ တတိယပေါ့လေ, နံပါတ်–၃၊ ပရိတ္တာရုံ ဝီထိ, အတီတ ဘဝင် တစ်ကြိမ်, နှစ်ကြိမ်, သုံးကြိမ်, လေးကြိမ်, ငါးကြိမ်, ခြောက်ကြိမ် ဘဝင်ဘယ်နှစ်ကြိမ်ကျန်တုန်း, နှစ်ကြိမ်ကျန်တယ်၊ နောင် ပရိတ္တာရုံ နံပါတ် ၄၊ နောက်ထပ်ဘဝင် ၁–ကြိမ် တိုးလိုက်ဦး အတီတဘဝင်ပြောတာနော်၊ ဘယ်လောက်ရှိ သွားတုန်း ၇–ကြိမ်လား, ဘဝင်ဘယ်နှစ်ကြိမ်ကျန်တုန်း၊ တစ်ကြိမ်ပဲ ကျန်တယ်။

မျဉ်းကြောင်းရှိသေးလား, ရှိသေးဟယ်၊ ကိုင်း လာခဲ့ ပဉ္စမနံပါတ်–၅၊ အတီတ ဘဝင် တစ်ကြိမ်တိုးလိုက်ဦး၊ ဘယ်မှာတင် ဆုံးသွားတုန်း၊ ဝုဋ္ဌော ၃–ကြိမ်မှာ တင်ဆုံးသွားတယ်။

ကိုင်း နံပါတ် ၆–ဒီနေရာမှာ ဝုဋ္ဌောက နှစ်ကြိမ်သော်လည်းကောင်း, သုံးကြိမ်သော်လည်းကောင်း ဖြစ်မယ်လို့ ဒီလိုစာမှာ ဆိုထားတယ်၊ တစ်ကြိမ်မဟုတ်ဘူး၊ နှစ်ကြိမ်သော်လည်းကောင်း, သုံးကြိမ်သော်လည်းကောင်း၊ ကိုင်း, နောက်ဆုံးဟာ လုပ်စမ်း၊ အတီတဘဝင် တစ်ကြိမ်ထပ်ထည့် ၉–ကြိမ်၊ ဒုတိယ ဝုဋ္ဌောနဲ့ ပြိုင်ပြီး တော့ ပြီးလိမ့်မယ်၊ ဒီအခါကျတော့ ဝုဋ္ဌော နှစ်ကြိမ်ပဲရမယ်၊ ဝုဋ္ဌောက ၂–ကြိမ်၊ ၃–ကြိမ်လို့ ဆိုတဲ့အတွက်ကြောင့်မို့လို့ ဝုဋ္ဌော တစ်ကြိမ်တော့ ဒီမှာ မရှိတော့ဘူး။

ဒါဖြင့် ပရိတ္တာရုံ ဝီထိ ဘယ်နှစ်ခု ရလဲ၊ ၆–ခု ရတယ်၊ နံပါတ် ၁ ၂, ၃,

၄, ၅, ၆ ပဲ ထားကြပါစို့ အဲဒီ ပရိတ္တာရုံ ဝီထိမှာ ဇော လုံး၀ မရှိဘူး၊ ဘာသာ ရှိတုန်း၊ ဝုဋ္ဌောပဲရှိတယ်၊

ကိုင်း,အတိပရိတ္တာရုံ ဝီထိကတော့ နောက်တစ်ပတ်ကျမှသွားကြစို့၊ ခုနက ပေးထားတဲ့ ဒုတိယစာရွက်မှာ ဟို အောက်ဆုံးက အာရုံအလိုက် ဝီထိ အမည်များနဲ့ အခြားအမည်များလို့ ပေးထားတယ် မဟုတ်ဘူးလား၊ အဲဒီတော့ အခြားအမည်များ အောက်မှာ ကြည့်လိုက်ရင် အတိမဟန္တာရုံဝီထိကို ဘာဝါရလို့ခေါ်လဲ တဒါရမ္မဏဝါရ ခေါ်တယ်၊

တဒါရမ္မဏဝါရဆိုတာ တဒါရုံပါတဲ့ဝါရပေါ့၊ တဒါရုံပါတဲ့ဝီထိပေါ့၊ အတိ မဟန္တာရုံမှာ တဒါရုံမပါဘူးလား၊ ပါတယ်၊ မဟန္တာရုံကျတော့ တဒါရုံပါသေး လား, မပါတော့ဘူး၊ သူ့ကိုဘာခေါ်လဲ, ဇဝနဝါရ, ဇောပါတဲ့ ဝီထိ။

ပရိတ္တာရုံကျတော့ ဇောတောင်မပါတော့ဘူး၊ ဝုဋ္ဌောပဲပါတော့တယ်၊ ဒါကြောင့်မို့ အဲဒီဟာကျတော့ ဝေါဋ္ဌဗ္ဗနဝါရလို့ခေါ်လိမ့်မယ်။

အဲဒီတော့ ထပ်ပြီးတော့ ကူးထားဦး၊ ဒါကြောင့်မို့ ၂–ခု ၂–ခုပေးတာ နော်၊ ကောင်းတယ်၊ အဲသလို ကိုယ်တိုင်လုပ်တာကောင်းတယ်။

အာရုံရဲ့အားကိုလိုက်ပြီးတော့ ခုနလို တဒါရမ္မဏတဒါရုံဖြစ်တယ်, ဇောဖြစ်တယ်, ဇောတောင် မဖြစ်နိုင်တဲ့ အာရုံမျိုးတွေရှိသေးတယ်၊ တစ်ခါတလေ ကျတော့ မြင်လိုက်သလိုလို, မမြင်လိုက်သလိုလိုဟာမျိုးတွေမရှိဘူးလား၊ အဲသလိုပေါ့ မှုန်မှုန် မွှားမွှားအဝေးကို ကောင်းကောင်းမမြင်နိုင်တဲ့ဟာတို့ ဘာတို့ကျတော့ ဇောထိအောင် မတတ်နိုင်ဘူး, တဒါရုံထိအောင် မတတ်နိုင်ဘူး, အဲဒါတွေရှိတာပေါ့။

**ဝီထိပိုင်း အာရုံ ၆–မျိုး**

၁။ အတိမဟန္တာရုံ – အလွန်များသော စိတ္တက္ခဏအသက်ရှိသောအာရုံ။
၂။ မဟန္တာရုံ – များသောစိတ္တက္ခဏအသက်ရှိသောအာရုံ။
၃။ ပရိတ္တာရုံ – နည်းသောစိတ္တက္ခဏအသက်ရှိသောအာရုံ။
၄။ အတိပရိတ္တာရုံ – အလွန်နည်းသောစိတ္တက္ခဏအသက်ရှိသော အာရုံ။
၅။ ဝိဘူတာရုံ – ထင်ရှားသောအာရုံ။
၆။ အဝိဘူတာရုံ – မထင်ရှားသောအာရုံ။

ထိုတွင် ၁၊၂၊၃၊၄ တို့သည် ပဉ္စဒွါရအတွက်ဖြစ်၍
၅၊ ၆ တို့သည် မနောဒွါရအတွက်ဖြစ်သည်။

**ဝီထိများ၌တွေ့ရမည့် ဘဝင် ၃–မျိုး**

၁။ အတီတဘဝင် – လွန်သွားသောဘဝင်။
၂။ ဘဝင်္ဂစလန – လှုပ်သောဘဝင်။
၃။ ဘဝင်္ဂုပစ္ဆေဒ – ပြတ်သောဘဝင်။

| **အာရုံအလိုက် ဝီထိအမည်များ** | **အခြားအမည်များ** |
| --- | --- |
| ၁။ အတိမဟန္တာရုံဝီထိ | တဒါရမ္မဏဝါရ။ |
| ၂။ မဟန္တာရုံဝီထိ | ဇဝနဝါရ။ |
| ၃။ ပရိတ္တာရုံဝီထိ | ဝေါဋ္ဌဗ္ဗနဝါရ။ |
| ၄။ အတိပရိတ္တာရုံဝီထိ | မောဃဝါရ။ |
| ၅။ ဝိဘူတာရုံဝီထိ | တဒါရမ္မဏဝါရ၊ ဇဝနဝါရ။ |
| ၆။ အဝိဘူတာရုံဝီထိ | ဇဝနဝါရ။ |

# အဘိဓမ္မာသင်တန်း ၂၃

## [ဝီထိပိုင်း]

### အတိပရိတ္တာရုံဝီထိ, ကာမဇောဝါရဝီထိ, ဈာနဝီထိ

ဒီနေ့ မတ်လ–၂၇ရက် လွန်ခဲ့တဲ့အပတ်က ဝီထိပိုင်းစပြီးတော့ လေ့လာခဲ့ကြတယ်၊ အဲဒီဝီထိတွေမှာ ဒွါရ ငါးပါးကဖြစ်တဲ့ ပဥ္စဒွါရဝီထိ, မနောဒွါရမှာဖြစ်တဲ့ မနောဒွါရဝီထိလို့ နှစ်မျိုးရှိရာမှာ ပဥ္စဒွါရဝီထိ အချို့လေ့လာခဲ့ပြီးပြီ။

အဲဒီတော့ ငါးဒွါရဆိုသဖြင့် စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိလို့ အဲဒီလို ၅–မျိုးပေါ့၊ အဲဒီ ၅–မျိုးမှာ စက္ခုဒွါရဝီထိမှာ ဝီထိပေါင်း ဘယ်နှစ်ခုရှိနိုင်သလဲ၊ သောတဒါရဝီတိမှာ ဝီထိပေါင်း ဘယ်နှစ်ခုရှိနိုင်သလဲ၊ လွန်ခဲ့တဲ့အပတ်က အဲဒီစက္ခုဒွါရမှာ အတိမဟန္တာရုံဝီထိဆိုတာ ချပြီးပြီ၊ မဟန္တာရုံ ၂–ဝီထိ ချပြီးပြီ၊ ပရိတ္တာရုံ ၆–ဝီထိ ချခဲ့ပြီ။

အတိမဟန္တာရုံဆိုတာ အလွန်အသက်ရှည်တယ်ဆိုကြပါစို့၊ ရှည်တဲ့ အာရုံ, မဟန္တာရုံက များသောအသက်ရှိတဲ့ အာရုံ, ပရိတ္တာရုံက နည်းသောအသက်ရှိတဲ့ အာရုံ, ပရိတ္တာရုံ ၆–ဝီထိချခဲ့ပြီ။

ဒီနေ့ အတိပရိတ္တာရုံတဲ့နော်၊ အလွန့်ကို အားနည်းတဲ့အာရုံ, သူ့ကျတော့ အာရုံက အားနည်းလွန်းလို့ ဝုဋ္ဌောတောင်မဖြစ်နိုင်တော့ဘူးတဲ့နော်၊ လွန်ခဲ့တဲ့

အပတ်ကဟာ ပြန်ကောက်လိုက်မယ်ဆိုရင် အတိမဟန္တာရုံမှာ တဒါရုံကျတယ်၊ တဒါရုံကျတယ်ဆိုတာ တဒါရုံပါတယ်လို့ဆိုလိုတယ်၊ မဟန္တာရုံကျတော့ တဒါရုံမပါတော့ဘူး, ဇောပဲပါတော့တယ်၊ ပရိတ္တာရုံကျတော့ ဇောတောင်မပါတော့ဘူး၊ ဝုဋ္ဌောပဲပါတော့တယ်။

အဲဒီဝုဋ္ဌောက ၂ ကြိမ် ၃–ကြိမ် ဒါနဲ့ပဲ ချခဲ့ကြတယ်၊ အခု ဒီ အတိပရိတ္တာရုံကျတော့ ဝုဋ္ဌောထိအောင်တောင် သူက မရောက်နိုင်တော့ဘူး၊ အားနည်းလွန်းလို့ ဝုဋ္ဌောတောင် မဖြစ်နိုင်တော့ဘူးတဲ့။

အားနည်းလွန်းတဲ့အတွက်ကြောင့်မို့ ဘဝင်လှုပ်ရုံပဲ လှုပ်ပြီးတော့ ပြန်ဘဝင်ကျသွားပြီ၊ ဘဝင်လှုပ်ရုံပဲ လှုပ်ပြီးတော့ ပြန်ဘဝင်ကျသွားမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဒွါရကို ဒီဟာကို ဘာလဲဆိုတော့ အလကား ဝါရဆိုတဲ့ အမိပ္ပါယ်ပေါ့။

အဲဒီ အတိပရိတ္တာရုံမှာဘာဖြစ်သလဲ ဘယ်လိုချမလဲ, ပရိတ္တာရုံ ဝီထိကို ပြန်ကြည့်နော်၊ ပရိတ္တာရုံဝီထိ နံပါတ် ၆–မှာ အတီတဘဝင် ဘယ်နှစ်ကြိမ် ကျခဲ့ပြီလဲ၊ ပရိတ္တာရုံ နံပါတ် ၆၊ ဝီထိမှာ ၁ ကြိမ်, ၂ ကြိမ်, ၃ ကြိမ်, ၄ ကြိမ်, ၅ ကြိမ်, ၆ ကြိမ်, ၇ ကြိမ်, ၈ ကြိမ်, ၉ ကြိမ် ကျခဲ့ပြီနော်၊ ပရိတ္တာရုံ ဆဋ္ဌမဝီထိမှာ အတီတ ဘဝင်–၉ ကြိမ်, ပြီးတော့ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ဝုဋ္ဌော, ပြီးတော့ ဘဝင် ပြန်ကျသွားတယ်။

ဟုတ်ပြီ, အဲဒီတော့ အတိပရိတ္တာရုံ ဝီထိမှာ ဆက်မယ်နော်၊ အဲဒီတော့ ပရိတ္တာရုံ ဆဋ္ဌမဝီထိတုန်းက အတီတ ဘဝင် ၉ ကြိမ် ကျတယ်ဆိုတော့ အခု ဘယ်နှစ်ကြိမ် ကျမလဲ၊ ၁၀ –ကြိမ် ကျကြစို့။

ကိုင်း,လုပ်လိုက်စမ်း၊ အတီတဘဝင် ၁, ၂, ၃, ၄, ၅, ၆, ၇, ၈, ၉,၁၀ ဟုတ်လား အတီတဘဝင် ၁၀–ကြိမ် ကျပြီးတဲ့နောက် ဘဝင်္ဂစလန တစ်ခါ, ဘဝင်္ဂစလနပဲနော်၊ ဘဝင်္ဂုပစ္ဆေဒဖြစ်ရင် ပဉ္စဒွါရာဝဇ္ဇန်း ဘာညာကဆက်ဖြစ်လာရမှာကို၊ အဲဒီတော့ ဒီမှာ ဘဝင်္ဂစလနပဲ ဖြစ်တယ်တဲ့နော်၊ ဘဝင်လှုပ်ရုံပဲ လှုပ်ပြီးတော့ ပြန်ပြီးဘဝင်ပဲကျတာပဲ၊ ဘဝင်ကို ပြတ်မသွားတော့ဘူး၊ နည်းနည်းလေးလှုပ်ရုံ လှုပ်သွားတယ်။

ဒါကြောင့်မို့ ဘဝင်္ဂစလန ၂–ကြိမ် ပြီးတဲ့နောက် ဘဝင်တွေချလိုက်ဦး၊ ဘဝင်၁–ကြိမ်, ၂ ကြိမ်, ၃ ကြိမ်, ၄ ကြိမ်, ၅ ကြိမ်။

အတိပရိတ္တာရုံ ပထမဝီထိမှာ အတီတဘဝင် ၁၀–ကြိမ်ချတယ်၊ အတီတဘဝင် ၁၀–ကြိမ်ပြီးတဲ့နောက် ဘဝင်္ဂစလနတင် ၂–ကြိမ် ချပါ၊ ဒီမှာ ဘဝင်မပြတ်ဘူး၊

အဲဒီဘဝင်္ဂစလနပြီးတဲ့နောက် ဘဝင်တွေပဲ ပြန်ကျ သွားတယ်။

**မေး** – အစဘဝင်ကရှိသေးလား။

**ဖြေ** – အစဘဝင်ကတော့ သူ့ဟာသူနေပစေ၊ အစဘဝင်က ဝီထိအပြင် ဘက်ကဘဝင်၊ ဒါကြောင့်မို့ အထက်က လက္ခဏာလေးပြထားတာ၊ အဲဒီလက္ခဏာ လေးအတွင်းရှိတဲ့ ၁၇–ချက်။

အတိပရိတ္တာရုံဆိုတာ အလွန်အားနည်းတဲ့အာရုံဖြစ်တဲ့အတွက်ကြောင့်မို့ မြင်လိုက်သလိုလို၊ ကြားလိုက်သလိုလို အဲသလောက်ကလေးတင် ဘဝင်လှုပ်ရုံ လှုပ်ပြီးတော့ ပြန်ပြီးတော့ ဘဝင်ပြန်ကျသွားတာ၊ ၂–ကြိမ်ချပြီးရင် ဘဝင်ထဲထပ်ကျ ဘဝင် ၅–ကြိမ် ချရလိမ့်မယ်၊ ဟုတ်ပြီလား၊ကောင်းပြီ။

ဒုတိယ သွားစမ်းပါ၊ နံပါတ် ၂ အတိပရိတ္တာရုံ ဒုတိယဝီထိ၊ အတီတ ဘဝင် တစ်ချက်တိုးလိုက် ၁၁–ကြိမ်ဖြစ်သွားရော့ ဘဝင်္ဂစလန ၂–ကြိမ်ပဲ၊ ပြီးရင် နောက်ဘဝင် ဘယ်နှစ်ကြိမ်တုန်း ၄–ကြိမ်ပေါ့နော်၊ ကျန်တဲ့ဘဝင် ၄–ကြိမ်။

အတိပရိတ္တာရုံ နံပါတ် ၃၊ အတီတဘဝင် ဘယ်နှစ်ကြိမ်တုန်း ၁၂– ကြိမ်လား၊ ဟုတ်ပြီ နောက်တစ်ခုကျတော့ ၁၂–ကြိမ်ချ၊ ၁၂–ကြိမ်ပြီး ဘဝင်္ဂစလန ကတော့ ၂–ကြိမ်ပဲ၊ ဘဝင်္ဂစလန ၂–ကြိမ် ချပြီးတဲ့နောက် ဘဝင် ဘယ်နှစ်ကြိမ် ကျန်လဲ၃–ကြိမ်၊ ဒါ အတိပရိတ္တာရုံ တတိယ ဝီထိပေါ့။

ကိုင်း နောက်တစ်ခုသွားလိုက်စမ်း၊ အတိပရိတ္တာရုံ စတုတ္ထဝီထိ၊ အတီတဘဝင် ၁–ကြိမ်, ၂ ကြိမ်, ၃ ကြိမ်, ၄ ကြိမ်, ၅ ကြိမ်, ၆ ကြိမ်, ၇ ကြိမ်, ၈ ကြိမ်, ၉ ကြိမ်, ၁၀ ကြိမ်, ၁၁ ကြိမ်, ၁၂ ကြိမ် ၁၃ ကြိမ်, ဘဝင်္ဂစလန ၂ ကြိမ်, ဘဝင် ဘယ်နှစ်ကြိမ် ကျန်တုန်း ၂–ကြိမ်ပဲကျန်တယ်။

နံပါတ် ၅–ပဉ္စမ အတိပရိတ္တာရုံ, အတီတ ဘဝင် ၁၄–ကြိမ် ဘဝင်္ဂစလန ၂–ကြိမ် ဘဝင် ၁–ကြိမ်ပဲကျန်တော့တယ်၊

ကိုင်း– ဆဋ္ဌမ အတီတဘဝင် ၁၅–ကြိမ်, ဘဝင်္ဂစလန ၂–ကြိမ်, ပြီးရော ပေါ့၊ နောက်ထပ် ဝီထိ အတွင်း ဘဝင်မရှိတော့ဘူး၊ ဝီထိအပြင် ပက ဘဝင်ပဲ ရှိတော့တယ်၊ အဲဒီလို အာရုံအားနည်းတဲ့အတွက်ကြောင့်မိုလို့ သူက ဘဝင်လှုပ်ရုံပဲ လှုပ်ပြီးတော့ ဘဝင်က ကျတယ်နော်။

အဲဒီတော့ ပရိတ္တာရုံ ဆဋ္ဌမ ဝီထိက အတီတ ဘဝင် ၉–ကြိမ် လွန်ခဲ့တော့ ဒီမှာ ၁၀–ကြိမ်က စပြီးတော့ လွန်ရတယ်နော်။

တစ်ခါ ၁၇–ချက် ရုပ်သက်အစေ့ထိအောင် သွားလိုက်တဲ့အခါကျတော့

ဘဝင်္ဂစလနလည်းရရမယ်ဆိုတော့ ၆–ခုပဲရတာပေါ့၊ ဒီထက်မရဘူးနော်၊ ဒါကြောင့်မို့ ဘဝင်္ဂစလန ၂–ကြိမ်ပြီးတဲ့နောက် ဘဝင်ပြန်ကျသွားတယ်၊ အားလုံးပေါင်းလိုက်ရင် စက္ခုဒွါရမှာ ဝီထိပေါင်း ဘယ်နှစ်ဝီထိ ရမလဲ၊ ၁၅–ဝီထိ ရမယ်နော်။

အတိမဟန္တာရုံက တစ်ဝီထိ, မဟန္တာရုံက နှစ်ဝီထိ, ပရိတ္တာရုံ ခြောက်ဝီထိ, အတိပရိတ္တာရုံက ခြောက်ဝီထိနော်။

အဲဒီ ၁၅–ဝီထိဟာ စက္ခုဒွါရမှာဖြစ်တဲ့ ဝီထိနော်၊ စက္ခုဒွါရမှာ ၁၅–ဝီထိဖြစ်တယ်, သို့မဟုတ် စက္ခုဝိညာဏ ဝီထိပေါင်း ၁၅–ဝီထိ ရှိတယ်။

အဲဒီတော့ စက္ခုဒွါရကို နားလည်ရင် သောတဒွါရဒီအတိုင်းပဲနော်၊ ထပ်ပြမနေတော့ဘူး၊ ဃာနဒွါရ ဒီအတိုင်းပဲ, ဇိဝှါဒွါရ ဒီအတိုင်းပဲ၊ ကာယဒွါရ, ဒီအတိုင်းပဲ, အဲသလို သွားလိုက်ရင် ဟို တစ်ဒွါရမှာ ၁၅–ဝီထိ၊ ၅–ဒွါရမှာ ၇၅ –ဝီထိနော်၊ အဲဒီလို ပဥ္စဒွါရမှာ ဝီထိပေါင်း ၇၅–ဝီထိရှိတယ်။

အဲဒီမှာလည်းပဲ တဒါရုံမကျတဲ့ အတိမဟန္တာရုံဝီထိနဲ့ အာဂန္တုက ဘဝင်ကျတဲ့ဝီထိတွေ မပါသေးဘူးတဲ့၊ ဒါတွေကနောက်မှ လုပ်တန်လုပ်ကြစို့နော်၊ အစမှာတော့ ရိုးရိုးလေး ရှင်းရှင်းလေး စတာကောင်းတယ်၊ ဟိုရှိသမျှ အကုန်လိုက်နေရင်အစထဲက အကုန်ရှုပ်ကုန်မှာစိုးရတယ်၊ နည်းနည်းနားလည်ပြီးမှ ထပ်ပြီးတော့လေ့လာ, ပိုပြီးတော့လေ့လာ, အဲဒါဟာ ကောင်းတယ်၊ တစ်ခါတလေကျတော့ ပြည့်စုံချင်တာနဲ့ သိပ်ပြီးတော့ ကိုယ်က အသေးစိပ်လုပ်လိုက်ရော၊ အဲဒါ ဟုန်ကုန်ရော၊ အဲဒါ ဖြစ်တတ်တယ်၊ ဘာလိုတုန်းဆိုတော့ ဝီထိတွေအများကြီး ရှိသေးတယ်၊ ဒါကြောင့်မို့ စက္ခုဒွါရမှာ ၁၅–ဝီထိ ရှိတယ်၊ အဲဒီ ၁၅–ဝီထိ ရှိတဲ့အနက်က ဟိုနေ့က ဝါရဆိုတာတွေရှိပါလား၊ တဒါရမ္မဏဝါရ ဆိုတာတွေနော်၊ အတိ မဟန္တာရုံဝီထိကို ဘာလို့ခေါ်လဲ၊ တဒါရမ္မဏဝါရတဲ့၊ တဒါရုံကျတဲ့ ဝီထိပေါ့၊ မဟန္တာရုံ ၂–ဝီထိကို ဇဝနဝါရ ခေါ်ပဲကျတယ်၊ တဒါရုံမကျဘူး၊

နောက် ပရိတ္တာရုံ ၆–ဝီထိ ကျတော့ကော ဝေါဋ္ဌဗ္ဗဝါနတဲ့, ဝုဋ္ဌောကျတယ်၊ ဇောထိအောင် မသွားဘူး။

ဒီနေ့ လုပ်တဲ့ အတိပရိတ္တာရုံ ၆–ဝီထိကျတော့ မောဃဝါရ, မောဃဆိုတာ အလကား အချည်းနှီး ဘာမှ မပါဘူးလို့ဆိုလိုတယ်၊ ဗလာဝါရ, သုညဝါရပေါ့၊ ဒီလိုဝါရဆိုတဲ့ နာမည်နဲ့ခေါ်ရင် အဲသလို ခေါ်ရတယ်၊ တဒါရမ္မဏဝါရ, ဇဝနဝါရ, ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ။

တဒါရမ္မဏဝါရ ၁–ဝီထိ၊ ဇဝနဝါရ ၂–ဝီထိ၊ ဝေါဋ္ဌဗ္ဗနဝါရ ၆–ဝီထိ၊

မောဃဝါရ ၆–ဝီထိနော်၊ ဒီနေ့ လုပ်တဲ့ အတိပရိတ္တာရုံ ဝီထိဆိုတာက အာရုံက အားနည်းလွန်းလို့ ဘဝင်လှုပ်ရုံပဲလှုပ်တယ်၊ ဘာမှ ဝီထိစိတ်တွေမဖြစ်ဘူး၊ ဘဝင်လှုပ်ပြီး ဘဝင်ပြန်ကျတာ၊ ဒါကြောင့် သူ့မှာ ဝီထိစိတ် လုံးဝမပါတဲ့အတွက် ကြောင့်မို့လို့ အလကားဝီထိ, ဗလာဝီထိ, မောဃဝါရလို့ ဒီလိုခေါ်တယ်။

အဲဒီလိုသိပြီးတဲ့နောက် ဟိုရှေးဆရာတော်တွေ လုပ်ထားတာရှိတယ်၊ လုပ်ခဲ့တာတွေဟာ သိပ်သေချာတယ်၊ ဒီဝီထိထဲမှာ စိတ်သရုပ်ခွဲရတယ်, အတီတ ဘဝင်ဆိုတာက ဘယ်စိတ်ကို ယူရတယ်, ဘဝင်္ဂစလနဆိုတာက ဘယ်စိတ်ကို ယူရတယ်, ဘယ် အာရုံပြုတယ်, ဘယ်ကိုမှီတယ်, ဒါတွေ အသေးစိပ် လုပ်ရမယ်၊ ဟိုနေ့ကလည်း နည်းနည်းလုပ်ခဲ့တယ်ထင်တယ်။

အဲဒီတော့ လင်္ကာတစ်ခုရှိတယ်နော်၊

* **ပဥ္စသတ္တရိ, ဝီထိပဥ္စဒွါ, ချရာစိတ်စု, စတုပညာ, ကာမသာချည်း။**

ပဥ္စသတ္တရိ ဆိုတာ ၇၅–လို့ ဆိုလိုတယ်၊ ဒါ ပါဠိစကား၊ ဝီထိပဥ္စဒွါ၊ ပဥ္စဒွါရဝီထိ, ချရာစိတ်စုဆိုတာ ဒီထဲမှာ ပါဝင်နိုင်တဲ့ စိတ်စုလို့ ဆိုလိုတယ်၊ စတုပညာ, ကာမသာချည်းတဲ့ ဒီထဲမှာ ပါတဲ့စိတ်ဟာ ကာမစိတ် ၅၄–ချည်းပဲတဲ့ ကာမစိတ်–၅၄ အပြင်ဘက် မထွက်ဘူးတဲ့၊ ဘဝင်စိတ်တွေဟာလည်း ကာမစိတ်–၅၄ ထဲကပဲ ဖြစ်ရမယ်၊ ပဥ္စဒွါရာဝဇ္ဇန်း အစရှိတဲ့ ဟာတွေဟာလည်း ကာမစိတ်ထဲကပဲ ဖြစ်ရမယ်၊ ဇောလည်းပဲ ကာမစိတ်ထဲက ဖြစ်ရမယ်နော်။

ဒါကြောင့်မို့ ဒီဝီထိတွေမှာ ပါဝင်တဲ့စိတ်တွေဟာ ကာမာဝစရစိတ်–၅၄ ခုထဲက ဖြစ်မယ်၊ ရူပါဝစရစိတ်မပါဘူး၊ အရူပါဝစရစိတ် မပါဘူး၊ လောကုတ္တရာ စိတ်မပါဘူးလို့ ဆိုလိုတယ်၊ ဒါ စိတ်သရုပ်နားလည်ရမယ်တဲ့ နော်၊ ဒါကြောင့်မို့

* **ဝီထိပဥ္စဒွါ, ချရာစိတ်စု, စတုပညာ, ကာမသာချည်း။**

အာရုံကြည့်လိုက်စမ်းတဲ့။

* **အာရုံမှာမူ, ဘဝင်ဟူသမျှ, သုံးဝအတိတ်, ကံနိမိတ်တည်း"**

ဒီထဲမှာ ဘဝင်တွေ မပါဘူးလား၊ အတီတ ဘဝင်ပါတယ်၊ အတီတဘဝင်, ရှေးက ဘဝင်တွေ၊ ရှေ့က ဘဝင်ထားပါတော့၊ အတီတဘဝင်ပါတယ်၊ ပြီးတော့ နောက်မှာလည်းပဲ တချို့ဝီထိတွေမှာ ဘဝင်တွေ ပါသေးတယ်၊ မဟုတ်ဘူးလားနော်၊ တဒါရုံ မကျလောက်လို့ ဘဝင်ထည့်ပေးရတာတွေ၊ အဲဒီတော့

* **အာရုံမှာမူ, ဘဝင်ဟူသမျှ ,သုံးဝအတိတ်, ကံနိမိတ်တည်း**

ဆိုလိုတာကတော့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃–မျိုးတဲ့၊ အဲဒီ ၃မျိုးထဲက

တစ်မျိုးမျိုးကို အာရုံပြုတယ်၊ တတိယပိုင်းတုန်းကလည်း လေ့လာခဲ့ပြီးပြီ၊ အာရုံမှာမူ ဘဝင်ဟူသမျှ, သုံးဝအတိတ် ကံနိမိတ်တည်း။

* **ကြွင်းစိတ်ရုံငါး** တဲ့နော်၊ အဲဒီဘဝင်တွေက ကြွင်းတဲ့စိတ်ဆိုတော့ ပဉ္စဒွါရာဝဇ္ဇန်းကနေပြီးတော့တဒါရုံထိအောင်ပေါ့၊ ကြွင်းစိတ်ရုံငါး ဆိုတော့ အာရုံငါးပါးကို အာရုံပြုတယ်တဲ့၊ ဆိုလိုတာက သူ့အလိုက်ပေါ့၊ စက္ခုဒွါရဝီထိဖြစ်ရင် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုမယ်၊ သောတဒွါရဝီထိဖြစ်ရင် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုမယ်။

* **ကြွင်းစိတ်ရုံငါး,**

ဘယ်မှီသလဲတဲ့ ဟုတ်လား၊ ဝတ္ထုသင်္ဂဟနဲ့ စပ်တာ ဘယ်မှီသလဲတဲ့၊ **မှီကားသူပင်၊ သူ့ဝိညာဉ်သာ** ဆိုလိုတာကတော့ သူ့ဝိညာဏ်က သူ့ဝတ္ထုကို မှီတယ်လို့ ဆိုလိုတယ်၊ စက္ခုဝိညာဏ်က ဘယ်လိုမှီသလဲ၊ စက္ခုဝတ္ထု၊ သောတဝိညာဏ်ကသောတဝတ္ထု, ဃာနဝိညာဏ်က ဃာနဝတ္ထု, ဇိဝှါဝိညာဏ်က ဇိဝှါဝတ္ထု ကာယဝိညာဏ်က ကာယဝတ္ထု မှီတယ်နော်။

* **မှီကားသူပင်, သူ့ဝိညာဉ်သာ, ကြွင်းလျှင်စိတ်စု--**

ပဉ္စဝိညာဉ်ပြီးတော့ တခြားဟာတွေ မပါဘူးလား၊ ပဉ္စဒွါရာဝဇ္ဇန်းပါတယ်၊ စက္ခုဝိညာဏ်ပြီးတော့လေ၊ ပဉ္စဒွါရာဝဇ္ဇန်းပါတယ်၊ သမ္ပဋိစ္ဆိုင်း သန္တီရဏစသည် ပါတယ်မို့လား၊ **ကြွင်းလျှင်စိတ်စု ရှေးရှေးဥသည့်** ဥဆိုတာ ဥပါဒ်လို့ဆိုလိုတယ်၊ ရှေးရှေးသော စိတ်နဲ့အတူဥပါဒ်တဲ့၊ **ရှေးရှေးဥသည့်, ဝတ္ထုဟဒယ, စွဲမှီကြသည်၊ ဒွိဟလွတ်ကင်း, ရှင်းလေတည်း၊** ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေးထားတာ သိပ်ကောင်းတယ်၊ အဲဒီလောက်လေးရရင် သရုပ်ဟာ ကျေနေတာပဲ၊ မြင်နေတာပဲနော်၊ အေး ဒါကြောင့်မို့။

* **ကြွင်းလျှင်စိတ်စု, ရှေးရှေးဥသည့်, ဝတ္ထုဟဒယ, စွဲမှီကြသည်** ဆိုတာက တခြားစိတ်တွေက ဟဒယဝတ္ထုကို မှီတယ်၊ ဒါပေမယ်လို့ အတူတူဖြစ်တဲ့ ဟဒယဝတ္ထုကို မှီတာမဟုတ်ဘူးတဲ့၊ သူ့ရဲ့ရှေ့က စိတ်နဲ့အတူဥပါဒ်ပြီးတော့ သူဖြစ်တဲ့ အချိန်ကျတော့ ရပ်ရဲ့ ဌီခဏသို့ ရောက်နေတဲ့ ဟဒယဝတ္ထုကိုမှီတာ။

ဆိုလိုတာကတော့ အဲဒီအချိန်မှာရှိနေတဲ့ ဟဒယဝတ္ထုအတူတူဖြစ်တဲ့ ဟဒယဝတ္ထုကိုမှီတာ မဟုတ်ဘူး၊ သူ့ရှေ့ကဖြစ်နှင့်ပြီးသား ဟဒယဝတ္ထု၊ ရုပ်သက်က ၁၇-- ချက်မဟုတ်လား၊ အဲဒီတော့ သူ့ရှေ့ကဖြစ်ခဲ့တဲ့ ဟဒယဝတ္ထုက သူဖြစ်နေတုန်းမှာ ရှိသေးတယ်၊ ချုပ်မသွားသေးဘူး၊ ၁၇--ချက်နေမှာကိုး၊ အဲဒီ ဟဒယဝတ္ထုကို သူက မှီတယ်။

ဒါကြောင့်မို့ **ကြွင်းလျှင်စိတ်စု, ရှေးရှေးဥသည့်, ဝတ္ထုဟဒယ, စွဲမှီကြသည်, ဒွိဟလွတ်ကင်း, ရှင်းလေတည်း။**

ဒါတင်မကသေးဘူး နောက်ထပ်ရှိသေးတယ်၊ အဲဒါကတော့ အခုပြောလို့ မဖြစ်သေးဘူး၊ ပုဂ္ဂိုလ်တွေ ဘုံတွေနဲ့ ခွဲလိုက်သေးတယ်နော်၊ ပုထုဇဉ်မှာ ဘယ်ဝီထိတွေ ဖြစ်နိုင်တယ်၊ အရိယာမှာ ဘယ်ဝီထိတွေဖြစ်နိုင်တယ်၊ ကာမသတ္တဝါမှာ ဘယ်ဝီထိတွေ ဖြစ်နိုင်တယ်၊ ရူပသတ္တဝါမှာ ဖြစ်ဦးမယ်နော်၊ ဘယ်ဘုံမှာရနိုင်တယ်၊ ဒါတွေရှိသေးတယ်။

ဒါတွေက မလေ့လာရသေးပဲနဲ့ ပုဂ္ဂိုလ်စိတ်ရတို့, ဘုံစိတ်ရတို့, ဘုံဆိုတာ တောင်မသိသေးရတဲ့အချိန်မှာ ဒါတွေ မလေ့လာသေးဘူး၊ အခု စိတ် သရုပ် ကလေးကတော့ လေ့လာလို့ ကောင်းတယ်၊ အဲဒီလို သိသိသွားရမှာ။

ဒါကြောင့်မို့ အတီတဘဝင်ဆိုရင် ဘယ်စိတ် ဖြစ်နိုင်လဲ ပြောစမ်း၊ ကာမ စိတ်ထဲတင်ရှာရမှာ, ဘဝင်စိတ်က ၁၉–ခုရှိတယ်၊ ဒါပေမယ်လို့ အဲဒီ ၁၉–ထဲက ရူပါဝစရ ဝိပါက် ၅–ခု၊ ထုတ်လိုက်၊ အရူပါဝစရ ဝိပါက် ၄–ခု ထုတ်လိုက်, ၉–ခု ထုတ်လိုက်, ဘယ်လောက် ကျန်သလဲ, ကာမဘဝင် ၁၀–ခုပဲ ကျန်တယ်၊ မဟာဝိပါက်စိတ် ၈–ခု သန္တီရဏ ၂–ခု ဟုတ်တယ်မို့လား၊ အဲဒီထဲက တစ်ခုခုဖြစ်မှာပေါ့။

အတီတ ဘဝင် အရ ဘာကောက်မလဲ၊ အဲဒီ ၁၀–ခုကထဲက တစ်ခုခုပေါ့၊ ပြီးတော့ ဘဝင်္ဂစလန အတူတူပဲ၊ ဘဝင်္ဂုပစ္ဆေဒ အတူတူပဲ၊ ပဉ္စဒွါရာဝဇ္ဇန်းဆိုရင် ဒီတစ်ခုရှိတယ်၊ စက္ခုဝိညာဏ်ဆိုရင် ကုသလဝိပါက်သော်လည်းကောင်း အကုသလ ဝိပါက်သော်လည်းကောင်း၊ သမ္ပဋိစ္ဆိုင်းလည်းအတူတူပဲ၊ သန္တီရဏလည်းအတူတူပဲ၊ ဝုဋ္ဌောဆိုရင် မနောဒွါရာဝဇ္ဇန်းည ဇောဆိုရင် ကာမာဝစရဇောထဲက တစ်ခုခုပေါ့, ဟုတ်လား။

အဲဒီတော့ နောင်ကျတော့အာရုံကို လေ့လာကြရလိမ့်ဦးမယ်၊ အာရုံက အလိုရှိအပ်တဲ့အာရုံ အလိုမရှိအပ်တဲ့အာရုံ ပထမ ၂ မျိုးကွဲတယ်၊ ဣဋ္ဌ ဖြစ်တဲ့အာရုံ, အနိဋ္ဌဖြစ်တဲ့အာရုံ။

ပြီးတော့ အလိုရှိအပ်တာလည်း မဟုတ်ဘူး, အလိုမရှိအပ်တာလည်း မဟုတ်ပဲနဲ့ သာမန်၊ အလိုရှိအပ်တာ ဣဋ္ဌ မဇ္ဈတ္တဆိုတာရှိတယ်၊ ထားပါတော့, နောက်မှခွဲကြစို့။

အခု အလိုရှိအပ်တဲ့ အာရုံနဲ့တွေ့ရင် ကုသလဝိပါက် စက္ခုဝိညာဏ်ချရမယ်

အလိုမရှိအပ်တဲ့ အာရုံတွေ့ရင် အကုသလဝိပါက် စက္ခုဝိညာဏ်ချရမယ်၊ အမှန်က အဲသလို လာရဦးမှာ။

ရူပါရုံကတစ်ခါတလေ အရုပ်ဆိုးတာ မြင်တယ်, အညစ်အကြေးတွေမြင်တယ်, ခွေးသေကောင်ပုပ်မြင်တယ်, လူသေကောင် မြင်တယ်, အဲဒီလို အခါမျိုးကျတော့ အကုသလဝိပါက်ချ၊ ကောင်းတာ လှတာ လေးမြင်တယ်, မြတ်စွာဘုရားဖူးရတယ်, ကုသလဝိပါက် ချ၊ အဲဒီလိုပဲ ခွဲတာ ရှိသေးတယ်နော်။

အဲဒီတော့ ဘယ်လို အာရုံမျိုးဖြစ်ရင် ဘယ်လို တဒါရုံမျိုး, ဘာမျိုး ညာမျိုး ဆိုတာ နောင်လာလိမ့်မယ်၊ နောင်ဆိုတာ မကြာဘူး၊ တစ်ပတ် နှစ်ပတ် ဆိုရင် ရောက်မှာ။

အဲဒါကြောင့်မို့ ပဥ္စဒွါရမှာ ဝီထိပေါင်း–၇၅၊ ဝီထိရှိတယ်၊ စက္ခုဒွါရ ၁၅–ဝီထိ စသည်ဖြင့် ရှိတယ်၊ အဲဒီဝီထိမှာ ဝီထိတွေ ဘယ်လို ချရမယ်ဆိုတာ သိပြီ၊ ပြီးတော့ ဝီထိစိတ် သရုပ်ခွဲ ခေါ်တာပေါ့လေ၊ ဘယ်စိတ်တွေကို ကောက်ရမယ်ဆိုတာ သိပြီ၊ ဘယ်ကို အာရုံပြုတယ်ဆိုတာသိပြီ၊ ဘယ်ကို မှီတယ်ဆိုတာသိပြီ။

အဲဒီတော့ ပကိဏ်းပိုင်းတုန်းက လေ့လာခဲ့တာတွေကို ဒီမှာလာပြီး apply လုပ်တယ်ဟုတ်လား၊ ပကိဏ်းပိုင်းတုန်းက အာရုံတွေ လေ့လာခဲ့ပြီ, ဒွါရလေ့လာခဲ့ပြီ, ဝတ္ထုလေ့လာခဲ့ပြီ, ဟုတ်တယ်မို့လား၊ ဒါတွေကို ဒီမှာပြန်ပြီး apply လုပ်တယ်၊ တစ်ခါ စိတ်ပိုင်းက စိတ်တွေ ဒီမှာပြန်ပြီး apply လုပ်တယ်နော်၊ စေတသိက်ပဲ တိုက်ရိုက်မပါဘူး၊ အမှန်တော့ စိတ်ကို ယူလိုက်ရင် စေတသိက်လည်း ပါသွားတာပဲ။

ဒီဝီထိကို ကျမ်းဂန်တွေမှာ ဥပမာလေးနဲ့သင်ကြားတယ်၊ အဲဒီဥပမာ အရင်ပြောခဲ့ဘူးတယ် မှတ်မိကြလား၊ စိတ်ပိုင်းတုန်းက ဦးဇင်းပြောခဲ့ဖူးတယ် ထင်တယ်၊ သရက်ပင်အောက်မှာ လူတစ်ယောက် အိပ်နေတာနော်၊ အဲဒါလေး ထပ်ပြောဦးမယ် လင်္ကာရှိတယ်၊ တောင်မြို့ ဆရာတော်ရေးထားတဲ့ လင်္ကာလေးကောင်းတယ်နော်၊ ဒါက ဆဋ္ဌသာလိနီ ဆိုတဲ့ ကျမ်းမှာပါတာ၊ တခြားဥပမာတွေရှိသေး တယ်၊ သို့သော် ဒီဥပမာက ကောင်းတော့ ဒီဥပမာကိုပဲ အများသုံးတယ်၊

* **"မှတ်လော့မျက်မြင်, ကွက်ကွက်ထင်စိမ့်, သရက်ပင်အောက်, လူတစ်ယောက်၏, ရှေ့နောက်ခေါင်းမြီး, ခြုံ၍ ပြီးသော်,** သရက်ပင်အောက်မှာ လူတစ်ယောက်က ခေါင်းမြီး ခြုံပြီးတော့ **"အိပ်ပျော်လေငြား,** ခေါင်းမြီးခြုံပြီး အိပ်ပျော်နေတယ်ဆိုပါတော့၊ **ကြွေသံအားကြောင့်, နီးကြားသဖြင့်, ခေါင်းခြုံဖွင့်၍, ကြည့်လစ်မြင်ရာ, ယူကာနှိပ်စမ်း, ရှုကာနမ်းလျက်, မှည့်မှန်းသိသော်, ရွှင်ပျော်သုံးစား,**

**ရသာယွား၍, မျိုကြားလေပြီး, ရှေးနည်းအိပ်ပင်, ပမာဆင်လော့"** ဒါ ဥပမာပေးတာနော် ပြန်ပြီးတော့ အိပ်ပျော်သွားတယ်တဲ့၊ အခု အဲဒါနဲ့ ဝီထိနဲ့ ပြန်ပြီးတော့ ဟပ်ပြလိမ့်မယ်။

**"ဘဝင်သည်ကား အိပ်သောလားသို့"** အိပ်နေတာနဲ့ ဘာနဲ့ တူလဲ၊ မူလဘဝင် ဖြစ်နေတာနဲ့ တူတယ်၊ **နိုးပါးကြွေပုံ အာရုံထိခိုက်၊** ဒီကြွေလိုက်တဲ့ဟာ လေးဟာ ဟို ရူပါရုံက စက္ခုပသာဒကို လာထိခိုက်တာနဲ့ တူတယ်။

**"နိုးလိုက်သည့်ဟန်, အာဝဇ္ဇန်းတည်း"** သူနိုးလာတာ ဘာနဲ့တူလဲ, ပဉ္စဒွါရာဝဇ္ဇန်း နှင့် တူတယ်။

**ဖွင့်လှန်ကြည့်မှု, စက္ခုဝိညာဏ်၊** ဖွင့်ကြည့်လိုက်တာဟာ၊ ဒါ စက္ခုဝိညာဏ်ဖြစ် တာနဲ့ တူတယ်။

**ယူငင်တစ်ခန်း, ပဋိစ္ဆန်းနဲ့** လှမ်းယူလိုက်တာဟာ သမ္ပဋိစ္ဆိုင်းတဲ့၊ သူလက်ခံ လိုက်တာပေါ့။

**နှိပ်စမ်း သန္တီ, ရဏာမည်၏၊** နှိပ်စမ်းကြည့်တာ မှည့်မှန်း မမှည့်မှန်းသိအောင် နှိပ်စမ်းကြည့်တာ၊ အဲဒါက သန္တီရဏနဲ့တူတယ်။

**မှတ်ပြီဝုဋ္ဌော** ဝုဋ္ဌောက မှတ်လိုက်ပြီ၊ အေး, မှည့်တယ်ပေါ့၊

*** သုံးစားသောအား, ဇောအလားရှင့်။**

စားတာဟာ ဇောနဲ့ တူတယ်တဲ့၊ စားတာဟာ အာရုံရော အရသာပါ သူကမှ ခံစားတာနော်၊

**မျိုကြားလေပုံ, တဒါရုံမှတ်** အကျန်အကြွင်းလေး, တံတွေးလေး,အဖတ်ကလေး ဟုတ်လား၊ အကျန်အကြွင်းလေး နောက်ဆုံး မျိုချလိုက်တာ, ဒါ တဒါရုံတဲ့။

**မျိုကြားလေပုံ, တဒါရုံမှတ်, နောက်ထပ်အိပ်ပြန်, ဘဝင်ဟန်ဟူ,** ပြီးတော့ ပြန်ပြီး တော့ အိပ်ပျော်သွားတယ်၊ ဘဝင်ပြန်ကျသွားတယ်။

**ပြင်ရန်ပြုသူ, မရှိမူလည်း** ဒါဟာ ပဉ္စဒွါရာဝဇ္ဇန်းပြီးရင်၊ စက္ခုဝိညာဏ်ဖြစ် စက္ခုဝိညာဏ်ပြီးရင် သမ္ပဋိစ္ဆိုင်းဖြစ်လို့ ဘယ်သူကမှ ပြင်ပေးနေတာ မဟုတ်ဘူး၊ ဘယ်သူကမှ အမိန့်ပေးနေတာ မဟုတ်ဘူး၊ **ပြင်ရန်ပြုသူ, မရှိမူလည်း**တဲ့။

**မတူရှေ့နောင်,ကိစ္စဆောင်လျက်,ဖြစ်တိုင်းပျက်၍** ရှေ့နောက်ဖြစ်နေတဲ့အခါမှာ တစ်ခုနဲ့တစ်ခု မတူဘူး၊ ကိုယ့်ကိစ္စလေးကို ဆောင်ရွက်ပြီးတော့ သွားကြတယ်၊ ပဉ္စဒွါရာဝဇ္ဇန်းက ဆင်ခြင်ပေးတယ်၊ စက္ခုဝိညာဏ်က မြင်လိုက်တယ်၊ သမ္ပဋိစ္ဆိုင်းက လက်ခံလိုက်တယ်၊ သန္တီရဏက စုံစမ်းလိုက်တယ် စသည်ဖြင့် ကိုယ့်ကိစ္စလေးကိုယ် လုပ်သွားကြတာတဲ့၊ ဒါ ဘယ်သူကမှ ခိုင်းနေရတာ မဟုတ်ဘူး၊ သူ့ သဘာဝအတိုင်း

ဓမ္မသဘာဝအတိုင်း။

ဒါကြောင့်မို့ **ပြင်ရန်ပြုသူ, မရှိမူလည်း, မတူရှေ့နောင်, ကိစ္စဆောင်လျက်, ဖြစ်တိုင်းပျက်၍, ဆက်ဆက်စဉ်သာ, မမြင်ပါလည်း, ထင်ရှားသဘော, စဉ်ကာနှောသည်, အဟော နိယာမ ပေတကားတဲ့။**

စိတ္တနိယာမဆိုတာ ဒါကို ခေါ်တာနော်၊ စိတ္တနိယာမဆိုတာ အခုလိုစိတ်တွေ တစ်ခုပြီးတစ်ခုပြီး ဖြစ်နေတာ၊ ရှေ့က ပဉ္စဒွါရာဝဇ္ဇန်းဖြစ်သွားလိုက်, ချုပ်သွားလိုက်, စက္ခုဝိညာဏ်ဖြစ်လိုက်, ချုပ်သွားလိုက်, သမ္ပဋိစ္ဆိုင်းဖြစ်လိုက် အဲသလို ဖြစ်နေတာ၊ ဒါဟာ သူ့စိတ်သဘောတရားအရ ဖြစ်နေတာဆိုပါတော့, ဖန်ဆင်းရှင်ကြီးက ဖန်ဆင်းပြီးတော့ အမိန့်ပေးထားလို့ စက္ခုဝိညာဏ်နောက်က သမ္ပဋိစ္ဆိုင်းကလိုက်တာ မဟုတ်ဘူး၊ သမ္ပဋိစ္ဆိုင်းနောက်က သန္တီရဏက လိုက်တာ မဟုတ်ဘူး၊ ဘယ်သူကမှ အမိန့်ပေး စီစဉ်ပြုပြင်ပေးနေတာ မဟုတ်ဘူး၊ သူ့သဘော အရကိုက ဒီအတိုင်းပဲ ဖြစ်တာ၊ ကျော်လည်းမဖြစ်ဘူး၊ ဒါ နိယာမတရား တစ်ခုပဲနော်၊ နိယာမတရား ၅–မျိုးရှိတယ်နော်။

လောကကြီးရဲ့ ဖြစ်ပျက်နေပုံကို explain လုပ်တဲ့အခါမှာ ဒီ နိယာမ ၅–ပါးနဲ့ ဟပ်ပြီးတော့ လုပ်လေ့ရှိတယ်၊ အဲဒီမှာ စိတ္တနိယာမ ဆိုတာ ဒါကို ခေါ်တာ၊ တစ်ခုပြီးတစ်ခု သူ့အစဉ်အတိုင်း သူ့သဘာဝအတိုင်း ဖြစ်နေကြတာ၊ ဘယ်သူကမှ အမိန့်ပေးရတာလည်း မဟုတ်ဘူး၊ ဒါကို လွဲချော်ပြီးတော့ သန္တီရဏက အရင်ဖြစ်မယ်, ဝုဋ္ဌောက အရင်ဖြစ်မယ်, ဒီလိုလည်း မဖြစ်ဘူး၊ ဒါ သူ့အစဉ်လေးနဲ့ ဖြစ်နေတာ၊ ဒါ သူ့နိယာမပဲ၊ အဲဒီ ဥပမာလေးတော့ မှတ်မိအောင် မှတ်ထားပေါ့နော်။

ကောင်းပြီ, ဒါ ပဉ္စဒွါရဝီထိတွေနော်၊ အဲဒီပဉ္စဒွါရဝီထိတွေမှာ ဟိုနေ့က ခွဲခဲ့ပြီ, ထပ်နည်းနည်း ခွဲလိုက်ကြဦးစို့၊ ဝီထိစိတ်အမျိုး ဘယ်လောက်ရှိသလဲ၊ ၇–မျိုးရှိတယ်၊ ၇–မျိုး ပြန်ဆိုလိုက်ပါဦး ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ် (အာဝဇ္ဇန်း ဝိညာဏ်) သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ, ဟုတ်ပြီ၊ ဘစ်ခုတစ်ခုစီ ရေတွက်မယ်ဆိုရင်ကော ၁၄,ခုရှိတယ်နော်၊ ဇောက ၁၇–ခု မဟုတ်လား၊ တဒါရုံက ၂–ခု၊

ပဉ္စဒွါရဝီထိမှာ အားလုံးပေါင်းပြီးပြောလိုက်စမ်း၊ ဒီဝီထိတွေထဲမှာ စိတ်ဘယ်လောက် ပါနိုင်သလဲဆိုရင် ကာမာဝစရစိတ် ၅၄–ခု။

အကျယ်အားဖြင့်ပြောစမ်းပါ၊ သို့မဟုတ် ရနိုင်သမျှအားလုံးကို ပြောစမ်းပါ ဆိုရင် ကာမာဝစရစိတ်–၅၄ခုပဲ, အပြင် မထွက်သေးဘူး၊ ဒါဟာ ပဉ္စဒွါရဝီထိ၊ ၅–

ဒွါရမှာဖြစ်တဲ့ဝီထိ၊ ၅–ဒွါရကနေဖြစ်တဲ့ ဝီထိ၊ သို့မဟုတ် ပဥ္စဝိညာဏဝီထိလို့ ခေါ်ရင်လည်းရတာပေါ့၊ ဝီထိဟစ်ခုမှာတော့ ဝိညာဏ်တစ်မျိုး တစ်မျိုးပေါ့လေ၊ ဒီမှာ ဝိညာဏ် ၅–မျိုး ဝီထိတဲ့။

ပစ္စုပ္ပန် ရူပါရုံကို မြင်တဲ့အခါ ကြားတဲ့အခါ၊ နံတဲ့အခါ, အရသာသိတဲ့အခါ, ထိသိတဲ့အခါမှာ ဒီဝီထိတွေနဲ့သိတယ်၊ ပြီးတဲ့နောက်မှ အတိတ်ကို ပြန်ပြီးတော့ စဉ်းစားလို့ သိတာမျိုးကျတော့ မနောဒွါရဝီထိဆိုတာ လာလိမ့်မယ်နော်။

တစ်ခါ ဒီတစ်ခုတစ်ခုကို မြင်လိုက်လို့ နွားမြင်တယ်, လူမြင်တယ်လို့ ဆိုတာမှာ ဒီဝီထိနဲ့ သိသေးတာ မဟုတ်ဘူး၊ အခုပြခဲ့တဲ့ ဝီထိဆိုရင် ပဥ္စဒွါရဝီထိ ဆိုပါတော့, အတိမဟန္တာရုံကျလိုက်ရင် ဒီဝီထိကျပြီးပြီးချင်း သိတာမဟုတ်ဘူး၊ သူ့နောက်က လိုက်တဲ့ နောက်လိုက် မနောဒွါရဝီထိတွေ ရှိသေးတယ်၊ အဲဒီလို ဝီထိအမျိုးအစား ၄–ခုလောက်ကျပြီးမှ နွား, လူ ဆိုတာ ဖော်နိုင်တာ။

အသံကြားရင်လည်း ဒီအသံဟာ ဂေါ်ဆိုတဲ့ အသံပဲ၊ cowဆိုတဲ့ အသံပဲဆိုတာ သိတာ, cow လို့ ကြားပြီးတော့ ဒီ cow ဆိုတဲ့ အသံက သူ့ရဲ့ အဓိပ္ပါယ်က နွားကောင်ကြီးဆိုတာလိုပေါ့လေ၊ အဲဒီလို သိတာ။

ချက်ချင်း ဒီဝီထိနဲ့တင် မသိသေးဘူး၊ အမှန်အတိုင်းက ပဥ္စဒွါရဝီထိဆိုတာ အလွန် အားနည်းသေးတယ်၊ မြင်ရုံလေး မြင်လိုက်တာရှိသေးတယ်၊ ဒီပရမတ် သဘောကို မြင်ရုံလေး မြင်လိုက်သေးတယ်၊ ပညတ်ထိအောင် မသွားသေးဘူးလို့ ဆိုလိုတယ်။

ပညတ်ဆိုတာ လူဆိုရင်ပညတ်ဖြစ်သွားပြီနော်၊ မြင်စရာအာရုံဆိုရင် ပရမတ်, ကြားစရာအာရုံဆိုရင်ပရမတ်, လူကောင်ကြီး မြင်လိုက်တယ်၊ နွားကောင်ကြီး မြင်လိုက်တယ်, ပညတ်ဖြစ်သွားပြီ၊ လူသံကြားလိုက်တယ်, တိရစ္ဆာန်သံ ကြားလိုက် တယ်, ပညတ်ဖြစ်သွားပြီနော်၊ အဲဒီတော့ ဒါနဲ့က ပရမတ်ကိုပဲ မြင်သေးတယ် နောက်လိုက်တွေရှိသေးတယ်၊ အဲဒါကတော့ သင်္ဂြိုဟ်ကျမ်းမှာကတော့ နောက်လိုက် တွေကို အထူးမပြောတော့ဘူး၊ သို့သော် အမှန်က ရှိသေးတယ်၊ ကောင်းပြီ, အဲဒါက ပဥ္စဒွါရဝီထိနော်၊ နောက်ထပ် မနောဒွါရဝီထိတွေ သွားလိုက်ကြ ဦးစို့။

**မေး** – ဝီထိတစ်ခုနှင့်တစ်ခုကြားမှာ ဆက်နေပါသလား။

**ဖြေ** – ဝီထိ တစ်ခုနဲ့တစ်ခုကြားမှာ ဘဝင်တွေ ရှိတယ်, မဆက်ဘူး၊ ဆက်လို့ မရဘူး၊ ဝီထိပြီးရင် ဘဝင်ကတော့ လာရမယ်၊ အဲဒီ ဘဝင်မှာလည်းပဲ အဲဒါက အဆိုရှိတယ်၊ ဦးဇင်းဘယ်က ရထားတဲ့ ဂါထာလည်းမသိဘူး၊ ဘယ်ကျမ်းကမှန်း

မမှတ်မိဘူး၊ ဂါထာလေးရှိတယ်၊ အဲဒီ ဂါထာလေးအရဆိုရင် မြတ်စွာဘုရားကျရင် ဝီထိတစ်ခုနဲ့တစ်ခုကြားမှာ ဘဝင် ၂–ကြိမ်ပဲခြားသတဲ့၊ အရှင် သာရိပုတြာကျတော့ ဘဝင် ၁၆–ကြိမ် ခြားတယ်၊ ကွာသွားပုံပြောတယ်၊ ကျန်တဲ့ သတ္တဝါတွေကျတော့ အများကြီးခြားတယ်တဲ့၊ ဘယ်လောက်ရယ်လို့ကို မပြောနိုင်ဘူး၊ အဲသလို အဆိုရှိတယ်၊ မြတ်စွာဘုရားကတော့ ဉာဏ်အကြီးဆုံး အထက်ဆုံး ပုဂ္ဂိုလ်ဆိုတော့ ၂– ကြိမ်ခြားတယ်၊ ရှင်သာရိပုတြာကျတော့ ၁၆–ကြိမ်တဲ့၊ တခြားသတ္တဝါတွေ ကျတော့ အကြိမ်ပေါင်းများစွာ ခြားတယ်တဲ့။

လက်ဖျစ်တစ်တွက်မှာ ကုဋေတစ်သိန်းလောက်ဖြစ်နိုင်တယ်ဆိုတော့ အများကြီးခြားတာပေါ့၊ အဲဒီဘဝင်ခြားတာကို တရားထိုင်တဲ့အခါကျတော့ မှန်းမိနိုင်တယ်၊ တစ်ခါတစ်ခါ blank လို ဖြစ်ဖြစ်သွားတာမျိုးရှိတတ်တယ်၊ ဟို ပျောက်သွားတာမျိုးလို အဲသလိုဟာမျိုးဖြစ်တာ အမှန် ဘဝင်ကိုသိတာ၊ နဂိုက နားလည်မထားရင် ငါ ဘဝင်သိတယ်လို့ ဘယ်ယောဂီမှ မသိဘူး၊ အဲသလိုဟာမျိုးတွေ ရှိတတ်တယ်, မှတ်နေရင်းကနေပြီးတော့ အစပျောက်ပျောက် သွားသလို ဖြစ်တာမျိုး။

မနောဒွါရဝီထိတဲ့, မနောဒွါရဝီထိဆိုတာကတော့ ပဉ္စဒွါရနဲ့ မဆိုင်တော့ပဲနဲ့ စိတ်သက်သက်နဲ့ သိတဲ့ ဝီထိပေါ့လေ၊ မနောဒွါရကနေ သိတဲ့ဝီထိတဲ့၊ အဲဒီ မနောဒွါရဝီထိက ကာမဇောဝါရ, အပ္ပနာဇောဝါရတဲ့, နောက်တုန်းကလည်းခွဲခဲ့တယ်။

ကာမဇောဝါရဆိုတာ ကာမဇောတွေပါတဲ့ ဝီထိပေါ့လေ၊ ကာမဇောဝါရက ဝီထိ ဘယ်နှစ်မျိုးရှိလဲ၊ အခု ဒီမှာတင် ဟို အကျဉ်းအားဖြင့်ဆိုရင် ဝိဘူတာရုံ ဝီထိရယ်, အဝိဘူတာရုံ ဝီထိရယ်လို့ ၂–မျိုးရှိတယ်နော်။

ဝိဘူတာရုံဆိုတာ ထင်ရှားတဲ့ အာရုံ၊ ထင်ရှားတဲ့အာရုံကို အာရုံပြုပြီးတော့ ဖြစ်ရင် ဝိဘူတာရုံနော်။

မထင်မရှား အာရုံကို အာရုံပြုပြီးဖြစ်ရင် အဝိဘူတာရုံတဲ့၊ အဲဒီဝိဘူတာရုံ အဝိဘူတာရုံ ဝီထိကျတော့ မနောဒွါရ ဝီထိကျတော့ ပစ္စုပ္ပန်ရယ်လို့ မဟုတ်တော့ဘူး၊ စိတ်တွေ, စေတသိက်တွေ, ရုပ်တွေ, အတိတ်တရားတွေ, အနာဂတ်တရားတွေ, ပညတ်တွေ, နိဗ္ဗာန်တွေ, အားလုံး ဒီမှာလာပြီးတော့ ထင်နိုင်တယ်။

အဲဒီတော့ ပဉ္စဒွါရာဝီထိတွေရဲ့ အာရုံဟာ ပစ္စုပ္ပန် ပဉ္စာရုံလို့ ဆိုကြပေါ့နော်၊ ပစ္စုပ္ပန် ရူပါရုံ သဒ္ဒါရုံ စသည်။

အခု မနောဒွါရာဝီထိရဲ့အာရုံကျတော့ အကုန်လုံး ဖြစ်နိုင်တယ်နော်၊ ပစ္စုပ္ပန်တင် မဟုတ်ဘူး၊ အတိတ် အနာဂတ်လည်း ဖြစ်နိုင်တယ်၊ ပြီးတော့

ရုပ်တင် မဟုတ်ဘူး၊ စိတ်တွေ စေတသိက်တွေနော်၊ ဓမ္မာရုံလို့ ခေါ်တဲ့ဟာတွေ ဓမ္မာရုံ မှတ်မိသေးလား နိဗ္ဗာန်, ပညတ်, နိဗ္ဗာန်နှင့်ပညတ်က အတိတ်လည်းမဟုတ်ဘူး၊ အနာဂတ်လည်းမဟုတ်ဘူး၊ ပစ္စုပ္ပန်လည်းမဟုတ်ဘူး၊ ကာလဝိမုတ်လို့ခေါ်တယ်၊ ကာလမှ အလွတ်၊ အားလုံးဟာ မနောဒွါရဝီထိရဲ့ အာရုံဖြစ်နိုင်တယ်။

အဲဒီ မနောဒွါရဝီထိဟာ ဝိဘူတာရုံရယ်, အဝိဘူတာရုံရယ်, ဒီလိုပဲပထမ ၂–မျိုးထားရမယ်၊ ဝိဘူတာရုံ ဝီထိ ဘယ်လိုချကြမလဲတဲ့၊ ဒါ သင်္ဂြိုဟ်ကျမ်းမှာ လာတဲ့အတိုင်းပဲ ချကြဦးစို့။

အဲဒီတော့ သင်္ဂြိုဟ်ကျမ်းမှာက ဘာကို ရည်ရွယ်ပြီးတော့ ဝိဘူတာရုံကို ပြောသလဲဆိုတော့ အတိတ်အာရုံတို့၊ အနာဂတ်အာရုံ ၄ို့ကို ပြောလိမ့်မယ်၊ အဲဒီတော့ အတိတ်, အနာဂတ်, အာရုံပြောတဲ့အခါကျတော့ ၁၇–ချက် ရုပ်သက်ပြောလို့ ရဦးမလား, လွန်ခဲ့တဲ့ အာရုံကို အာရုံပြုမှာကိုနော်၊ အနာဂတ် မရောက်သေးတဲ့ အာရုံကို အာရုံပြုမှာကို ၁၇–ချက် ရုပ်သက်တည်တယ် ဘာတယ် လုပ်လို့မရဘူး၊ ဒါကြောင့်မို့ သွားမသတ်မှတ်နဲ့။

ဒါကြောင့်မို့ ကော်မာလေး ထည့်မထားတာနော်၊ တခြားဟာလေးတွေ ထည့်ပေးထားတယ်၊ သတိထားမိကြလား၊ တခြားဝီထိတွေတုန်းက အဲဒါလေး ထည့်ပေးထားတယ်၊ ဟုတ်လား၊ ဒီကျတော့ မပါတော့ဘူး။

အဲဒီတော့ ဒီမှာ အခု ပစ္စုပ္ပန်အာရုံမဟုတ်တဲ့ အတွက်ကြောင့်မိုလို့ ဘဝင် တစ်ချက် လွန်သွားတယ်, နှစ်ချက်လွန်သွားတယ်လို့ မရဘူးနော်၊ ဒါကြောင့်မို့ မနောဒွါရဝီထိမှာ အတီတဘဝင်ချလို့ ရမလား၊ ချစရာလိုသေးလား၊ အတီတ ဘဝင် မလိုတော့ဘူး၊ သို့သော် ဘဝင်တော့ လှုပ်ရလိမ့်မယ်၊ ဘာလို့တုန်းဆိုတော့ ဘဝင်တော့ ဖြစ်ဦးမှာကိုနော်၊ ဒါဖြင့်ရင် ပထမဟာကတော့ အပြင်ဘက် ဘဝင်ပဲ ထားချင်ထားပေါ့လေ။

နောက်တစ်ခုက ဘာဖြစ်မလဲ၊ အတီတဘဝင် မပါတော့ပဲနဲ့ ဘဝင်္ဂစလန, နောက်တစ်ခုက ဘဝင်္ဂုပစ္ဆေဒ, ဒီ ၂– ခုကတော့ ပါရမယ်။

ကောင်းပြီ, ပြီးတော့ ဘာလာမလဲ၊ ကဲ, စဉ်းစားစမ်း၊ မနောဒွါရာဝဇ္ဇန်း, ဝုဋ္ဌောမဟုတ်ဘူးနော်၊ ဒီစိတ်တော့ ဒီစိတ်ပဲ၊ ဒီမှာ မနောဒွါရာဝဇ္ဇန်း အနေနဲ့ ဖြစ်မယ်၊ ဝုဋ္ဌောအနေနဲ့ မဖြစ်ဘူး၊ သူက လှည့်ပေးမယ်၊ ဒီအာရုံကို အာရုံပြုပေးမယ်၊ အဲဒီလို ဆုံးဖြတ်တာ မဟုတ်ဘူး၊ ဒီက မနောဒွါရာဝဇ္ဇန်း။

ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်းပြီးရင် သမ္ပဋိစ္ဆိုင်းတို့ သန္တီရဏ

တို့က ပဥ္စဒွါရမှာသာဖြစ်တာ၊ ဒွါရသင်္ဂဟနှင့် ပြန်ပြီးတော့ တိုက်ဆိုင်ကြည့်၊ ၅-ဒွါရမှာသာဖြစ်တယ်၊ မနောဒွါရမှာ မဖြစ်ဘူး၊ ဒါကြောင့်မို့ ဒီမှာ သမ္ပဋိစ္ဆိုင်း မလာနိုင်ဘူး၊ သန္တီရဏ မလာနိုင်ဘူးနော်၊ ဝုဋ္ဌောလည်း မလာနိုင်ဘူး၊ ဝုဋ္ဌောက မနောဒွါရာဝဇ္ဇန်းက ၅-ဒွါရမှာဖြစ်ရင် ဝုဋ္ဌောကိစ္စ တပ်ပြီးတော့ဖြစ်တာ။

မနောဒွါရမှာဖြစ်ရင် အာဝဇ္ဇန်း, ကိစ္စတပ်ပြီးတော့ဖြစ်တာ၊ ဒါကြောင့်မို့ သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော မလာနိုင်တော့ဘူး၊ ဘာသာကျန်တော့လဲ၊ ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ် ကျန်တယ်နော်၊ ဒါကြောင့်မို့ ပြန်ချလိုက်စမ်း၊ ဘယ်လိုဖြစ်မလဲ၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဒါပဲ၊ ၁၇-ချက် စေ့တာတွေ ဘာတွေတွက်နေဖို့လည်း မလိုတော့ဘူး၊ ဇောကတော့ ၇-ကြိမ်ပဲ၊ မနောဒွါရမှာဖြစ်တယ်၊ တဒါရုံ ၂-ကြိမ်၊ တဒါရုံက ဝိဘူတာရုံ ဝီထိမှာ တဒါရုံဖြစ်တယ်၊

**မေး** – အဲဒါတွေပြီးရင် ဘာဆက်လာမလဲ၊

**ဖြေ** – ဘဝင်တွေပဲပေါ့၊ ဒါကတော့ နောက်လိုက် ဘဝင်တွေဖြစ်ပြီ။

အဝိဘူတာရုံတဲ့, မထင်မရှားဖြစ်နေပြီတဲ့နော်၊ အာရုံက မထင်ရှားတဲ့အတွက် ကြောင့်မိုလို့ ဒီမှာ တဒါရုံ မကျတော့ဘူး၊ တခြားဟာတော့ အတူတူပဲတဲ့ ဆိုတော့ ဘယ်လိုဖြစ်မလဲ၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, ဘဝင်၊ ဇော ၇-ကြိမ်း ဝိုရင် ဒီဝီထိဆုံးပြီ၊ ၁၇-ချက်ပြည့်အောင် တွက်နေဖို့မလိုဘူး၊ အဲဒါဖြင့် ဝိဘူတာရုံဝီထိနှင့် အဝိဘူတာရုံ ဝီထိချတာ မခဲယဉ်းပါဘူးနော်၊ ကဲ ပြန်ချလိုက်စမ်းပါဦး၊ ဝိဘူတာရုံ ဝီထိချရင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်, ဘဝင်။

အဝိဘူတာရုံဆိုရင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇- ကြိမ်, ဘဝင်၊ ဒီ ၂-ခုပဲ သင်္ဂြိုဟ်ကျမ်းမှာပြတယ်၊ တခြားဟာတွေကတော့ နောင်ခါကျမှ လုပ်ကြစို့။

ဒါက ကာမဇော မနောဒွါရဝီထိလို့ ခေါ်တာပေါ့၊ ထင်ရှားတဲ့ အာရုံရယ်၊ မထင်ရှားတဲ့ အာရုံရယ်, အဲသလို ၂-မျိုး။

ဒီမှာလည်းပဲ ဘယ်လိုစိတ်တွေ ချမလဲ၊ ကာမာဝစရ စိတ်ထဲကပဲ ချရမှာ ပေါ့နော်၊ ဘဝင်ဆိုရင်လည်းပဲ ဘဝင်စိတ် ၁၀-ခုထဲက တစ်ခုခုပေါ့ ဟုတ်လား၊ မနောဒွါရာဝဇ္ဇန်း ဆိုရင်မနောဒွါရာဝဇ္ဇန်းပေါ့၊ ဇောဆိုရင်လည်းကာမဇောပေါ့၊တဒါရုံ ဆိုလည်း ကာမ တဒါရုံပေါ့၊ တဒါရုံကတော့ ကာမတဒါရုံပဲရှိတယ်၊ တခြားဟာ

မရှိဘူး၊ အဲဒီလိုပဲ၊ ဒါလဲမခဲယဉ်းပါဘူး။

အာရုံကျတော့ ဒီမှာက ပစ္စုပ္ပန်ရယ် မဟုတ်တော့ဘူး၊ အတိတ်လည်း ဖြစ်နိုင်တယ်၊ အနာဂတ်လည်းဖြစ်နိုင်တယ်၊ ပြီးတော့ အဲဒီအာရုံဟာ စိတ်လည်း ဖြစ်နိုင်တယ်၊ စေတသိက်လည်းဖြစ်နိုင်တယ် စသည်နော်၊ ကိုယ့်စိတ်ကို ပြန်ပြီးတော့ အာရုံပြုတာ မရှိဘူးလား၊ ရှိတာပေါ့၊ အထူးသဖြင့် တရားအားထုတ်တဲ့အခါ သိတယ်, ရှိတယ်။

ကောင်းပြီ, အဲဒါကြောင့်မို့ ဝိဘူတာရုံဝီထိမှာ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ဇော ၇–ကြိမ်, တဒါရုံ ၂–ကြိမ်။

အဝိဘူတာရုံဝီထိမှာ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း ဇော ၇–ကြိမ်၊ ဒါပဲနော်။

ဒီနေ့ပေးတဲ့ စာရွက် တတိယအရွက်မှာ အောက်က လင်္ကာလေး ဖတ်စမ်းပါ။

* **စိတ်စေတသိက်, ရုပ် တိတ် နာဂတ်, ပညတ်နိဗ္ဗာန်, ထင်လာမှန်လျှင်, ဘဝင်တီတ, ချဖွယ်မဟုတ်။**

အခု မနောဒွါရမှာ အာရုံအမျိုးမျိုး ထင်လာတယ်နော်၊ ပစ္စုပ္ပန်လည်း ထင်နိုင်တယ်၊ အတိတ်လည်းထင်နိုင်တယ်၊ အနာဂတ်လည်းထင်နိုင်တယ်၊ ပစ္စုပ္ပန် အာရုံထင်ရင်တော့ ထုံးစံအတိုင်းပေါ့၊ အတီတ ဘဝင်ချနိုင်တယ်၊ ပစ္စုပ္ပန် အာရုံ မဟုတ်ဘူး၊ အတိတ်အာရုံ ဖြစ်နေပြီ၊ ရုပ်တော့ရုပ်ပဲ, အနာဂတ် အာရုံဖြစ်နေပြီဆိုရင် လည်း အတီတ ဘဝင်ချဖို့ မလိုဘူးတဲ့၊ စိတ်ကို အာရုံပြုပြီးဖြစ်ရင်လည်း အတီတဘဝင်ချဖို့ မလိုဘူး၊ စေတသိက် အာရုံပြုပြီးဖြစ်ရင်လည်း အတီတဘဝင်ချဖို့ မလိုဘူး၊ အတိတ် ရုပ်, အနာဂတ်ရုပ်ကို အာရုံပြုပြီးဖြစ်ရင်လည်းပဲ အတီတဘဝင်ချဖို့ မလိုဘူး၊ ပညတ် အာရုံပြုရင်လည်းပဲ အတီတဘဝင် မလိုဘူး၊ နိဗ္ဗာန် အာရုံပြုရင်လည်းပဲ အတီတဘဝင် မလိုဘူးတဲ့၊ ဒါကြောင့်မို့–

* **စိတ် စေတသိက်, ရုပ် တိတ် နာဂတ်, ပညတ် နိဗ္ဗာန်, ထင်လာမှန်လျှင်, ဘဝင်တီတ, ချဖွယ်မဟုတ်, ပစ္စုပ်ရုပ်သာ, ထင်သောခါဝယ်, လျော်စွာနှိုင်းညှိ, ချခွင့်ရှိသည်, ယုတ္တိ ယုတ္တာ စမ်းလေလော့။**

ပစ္စုပ္ပန်ရုပ်တရားမှာသာ၊ လျော်စွာနှိုင်းညှိ ချခွင့်ရှိသည်၊ အတီတဘဝင် ချခွင့် ရှိတယ်တဲ့၊ သို့မဟုတ်ရင် ချခွင့်မရှိဘူး။

ဒါဖြင့်ရင် အတီတဘဝင်ကျတဲ့, အတီတဘဝင်ပါတဲ့, ဝိဘူတာရုံ ဝီထိရော အမှန်ကတော့ မရှိနိုင်ဘူးလား၊ ရှိနိုင်တယ်၊ ပစ္စုပ္ပန်ရုပ်ကိုပဲ မနောဒွါရနှင့်

အာရုံပြုပြီးတော့ဖြစ်ရင် အတီတဘဝင် ကျနိုင်တယ်ပေါ့၊ သို့သော် အဲဒါတွေ အကုန်လုံး လျှောက်များသွားရင် ရှုပ်ကုန်မှာစိုးလို့ အခု သင်္ဂြိုဟ်ကျမ်းပြသလောက် ကလေးပဲ မှတ်ကြဦးစို့။

ကောင်းပြီ ဝိဘူတာရုံနှင့် အဝိဘူတာရုံ, ဒါဟာကာမဇော မနောဒွါရ ၂-ဝီထိ၊ ဝီထိ ၂-မျိုးရှိတယ်၊ ဒါလောက်ပဲ မှတ်ထားကြဦးစို့၊ နောက်ထပ် ပဥ္စဒွါရာ ဝီထိနောက်လိုက်တဲ့ သုဒ္ဓ တဒနုဝတ္တကမနောဒွါရတဲ့၊ ဒါတွေရှိသေးတယ်၊ နေပေစေဦး။

ရှေ့သွားကြစို့, အပ္ပနာဇောဝါရတဲ့၊ အပ္ပနာဆိုတာ မဟဂ္ဂုတ်နဲ့ လောကုတ္တရာ ဇောတွေကို ခေါ်တာ၊ အပ္ပနာဇော ဘယ်လောက်ရှိလဲ, ပြန်တွက်လိုက်စမ်း ၂၆၊ ဘာတွေတုန်း ရူပါဝစရကုသိုလ်-၅, ကြိယာ-၅, အရူပါဝစရကုသိုလ်-၄, ကြိယာ-၄, လောကုတ္တရာ-၈၊ ဟုတ်ပြီလား၊ အပ္ပနာဇော-၂၆ ရှိတယ်။

အဲဒီ အပ္ပနာဇောတွေပါတဲ့ ဝီထိကို ဘာလို့ခေါ်မလဲ၊ အပ္ပနာဇောဝါရဝီထိ၊ ဒါဖြင့်ရင် ဒီဝီထိတွေမှာ ကာမာဝစရဇောမလာတော့ဘူးပေါ့၊ လာတော့ လာဦးမှာနော် လုံးဝ မလာတာမဟုတ်ဘူး, သို့သော် ပဓာနက ဘာတွေပါမလဲ၊ ဈာန်စိတ်တွေ, မဂ်စိတ်တွေ, ဖိုလ်စိတ်တွေ စသည်ဖြင့် လာလိမ့်မယ်၊ ကောင်းပြီ, သင်္ဂြိုဟ်ကျမ်းမှာတော့ အပ္ပနာဇောနောက်နားမှာပြတယ်၊ ဒီမှာတော့ တစ်ခါတည်း တန်းသွားပြီးတော့ နောက်မှ တစ်ခါတည်း ပြန်ခွဲကြမယ်။

ကောင်းပြီ, အပ္ပနာဇောဝါရမှာ ဈာနဝီထိ၊ မဂ္ဂဝီထိလို့ ပထမ ဒီလို ၂-မျိုး အကြမ်းဖျဉ်း ခွဲလိမ့်မယ်နော်၊ ဈာန်ရတဲ့အခါဖြစ်တဲ့ဝီထိကိုဈာနဝီထိပေါ့၊ မဂ်ရတဲ့ အခါဖြစ်တဲ့ ဝီထိကို မဂ္ဂဝီထိနော်။

ကောင်းပြီ, ဈာနဝီထိဖြစ်တာလေး ကြည့်ကြရအောင်။

ဩော်, ဈာနဝီထိနောက်က စလုံးလေးပါတယ်၊ စဆိုတာ ဘာလဲဆိုတော့ အစဆုံးရတဲ့အခါမှာဖြစ်တဲ့ ဝီထိလို့ ဆိုလိုတယ်၊ ဘာကြောင့်မို့ ဒီလိုပြောရသလဲဆိုတော့ ဈာနဝီထိက ၂-မျိုးရှိတယ်၊ ပထမ စရတဲ့ အကြိမ်မှာဖြစ်တဲ့ ဝီထိရယ်၊ နောင် ဈာန်ဝင်စားတဲ့အခါမှာ ဖြစ်တဲ့ဝီထိရယ်, ဝီထိ ၂-မျိုး ရှိတယ်နော်။

ဈာနဝီထိ စ ဆိုရင် ဒါ အစစွာရတဲ့ဈာန ဝီထိ၊ အဲဒီ ဈာနဝီထိကျတော့ ဘယ်လိုလည်း ဆိုတော့နော်၊ ယောဂီတစ်ယောက်က ကသိုဏ်းဝန်းရှုတယ်နော်၊ ပထဝီကသိုဏ်းပဲ ပြောကြပါစို့, မြေကြီးကသိုဏ်းရှုတယ်၊ ကသိုဏ်းရှုတယ်ဆိုတာ မြေကြီးအဝိုင်းလေးလုပ်ပြီးတော့ အဲဒါလေးကြည့်ပြီးတော့ မြေကြီး, မြေကြီး, မြေကြီးနဲ့ အကြိမ်ပေါင်းများစွာဆိုနေရတာ၊ မျက်လုံးနဲ့ကြည့်လိုက် မှိတ်ပြီးတော့

အဲဒီ အာရုံ ယူနိုင်လားကြည့်လိုက်, မှိတ်ကြည့်လို့ မမြင်သေးဘူးဆိုရင် တစ်ခါပြန်ဖွင့်ကြည့်လိုက်၊ ပထဝီ ပထဝီ ပေါ့ဒလ ပါဠိလိုဆိုချင်ရင်၊ အဲသလိုနဲ့ ကြာလာတဲ့အခါကျတော့ မျက်လုံးမှိတ်လိုက်ပေမယ်လို့ သူက မျက်လုံးဖွင့်ကြည့် သလိုပဲ မြင်လာတယ်၊ အဲဒီကျတော့ ဥဂ္ဂဟနိမိတ်လို့ခေါ်တယ်၊ ဒီနိမိတ်ကို သူ အာရုံကို သူယူမိပြီပေါ့။

အဲဒီလို ယူမိလာတဲ့အခါကျတော့ ဟိုကသိုဏ်း ဝန်းအစစ်ကိုကြည့်ဖို့ မလိုတော့ဘူး၊ အဲဒီ ဥဂ္ဂဟနိမိတ်ကိုပဲ အာရုံပြုပြီးတော့ တစ်ခါထပ်ပြီးတော့ ပထဝီ ပထဝီနဲ့ပဲ လုပ်နေတာ၊ တစ်ခါတလေ အဲသလိုလုပ်ရင်းကနေ ပျောက်သွားတာ၊ ပျောက်သွားရင် ပြန်သွား၊ အဲဒီ မြေအစစ်ကသိုဏ်း ပြန်ကြည့်ပေါ့လေ၊ ပြန်ရအောင်လုပ်၊ အဲဒီလိုရပြီးတော့ အဲဒါကိုပဲ ထပ်ပြီးတော့ ထပ်ခါထပ်ခါ ရှုလာတဲ့အခါကျတော့ တစ်ချိန်ကျတော့ ဘယ်လိုဖြစ်လဲဆိုတော့ အဲဒီ ကသိုဏ်းနိမိတ်ဟာပိုပြီးတော့ ကြည်လင်သန့်ရှင်း လာတယ်နော်၊ နဂိုတုန်းက ဥဂ္ဂဟနိမိတ်အခိုက် အတန့်တုန်းက ကသိုဏ်းဝန်းကတော့ ဟိုကသိုဏ်းဝန်းအတိုင်း မြင်တာဖြစ်တဲ့ အတွက်ကြောင့်မိုလို့ လက်ရာတွေ ဘာတွေပါနေရင်လည်း ဒါကသိုဏ်းရဲ့ အပြစ်လို့ဆိုရတယ်၊ ချို့ယွင်းချက်တွေ ပါနေရတယ်။

နောက်တစ်ဆင့် ပဋိဘာဂနိမိတ် အဆင့်ရောက်တဲ့အခါကျတော့ အဲဒါတွေ အကုန်မရှိတော့ဘူးတဲ့၊ လုံးဝဖြူစင်သန့်စင်းပြီးတော့ တိမ်စင်တဲ့လလို သို့မဟုတ် ပွတ်တိုက်ထားတဲ့ ကြေးမုံမှန်ကို ကြည်လင်လာတယ်။

အဲသလို ကြည်လင်လာရင် ပဋိဘာဂ နိမိတ်လို့ ခေါ်တယ်နော်၊ အဲဒီကြည်လင်တာလည်းပဲထပ်ပြီးတော့ရှုပဲ၊ ပထဝီ ပထဝီ ပထဝီ ပထဝီ ထပ်ရှု,ရှုရှု စိတ်တကယ်တည်ကြည်သထက် တည်ကြည်ပြီးလာရင် အဲဒီမှာ ဈာန်ဆိုတာ ဖြစ်တော့တာ၊ အဲဒီတော့ ဈာန်ဆိုတာ မဖြစ်ခင် ဘာဖြစ်သလဲ ဆိုတော့ ကာမာဝစရ ဇောတွေဖြစ်ရတယ်၊ ကာမာဝစရဇောတွေနဲ့သူ့ကို သုံးသပ်ကြည့်ရှုနေတာပေါ့လေ၊ စိတ်နဲ့ကြည်နေတာပေါ့။

အဲလို ကာမာဝစရ ဇောတွေနဲ့ သုံးသပ်ရာကနေ ပြီးတော့မှ ဖျတ်ဆို ဈာန်စိတ်ပေါ်တာ၊ ဈာန်စိတ်က တစ်ကြိမ်ပေါ်ပြီး တစ်ခါတည်း ဘဝင်ပြန်ကျသွားတာ၊ အဲဒီလို ပထမဆုံးရတဲ့ဝီထိကို အစဆုံးရတဲ့ ဈာနဝီထိလို့ ခေါ်ကြစို့, ပါဠိလို အာဒိကမ္မိကလို့သုံးတယ်၊ ပထမဆုံးရတဲ့ ဈာနဝီထိ။

အဲဒီလို ဈာန်ရအောင် လုပ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဟာ ဉာဏ်နဲ့ယှဉ်မလား၊ မယှဉ်ဘူးလား, ယှဉ်ရတော့မှာပေါ့၊ ဉာဏ်မယှဉ်တဲ့စိတ်နဲ့ ရှုနေရင် ဈာန်ရဖို့

မလွယ်ဘူး။

ဒါဖြင့်ရင် အဲဒီဈာန်ဇောရဲ့ ရှေ့ကဖြစ်မယ့် ကာမာဝစရဇောဟာ ဘာဇော ဖြစ်ရမလဲ၊ ဉာဏသမ္ပယုတ်ဇော ဖြစ်ရမှာပေါ့။

အဲဒီတော့ ပုထုဇဉ် ပုဂ္ဂိုလ်က ဈာန်ရအောင် အားထုတ်တဲ့အခါကျတော့ အဲဒီ ရှေ့ကနေတဲ့ ဇောတွေက ဉာဏသမ္ပယုတ် ကာမကုသိုလ်ဇော ဖြစ်မှာပေါ့၊ အကယ်၍ ရဟန္တာဖြစ်ပြီးမှ ဈာန်ရအောင် အားထုတ်ရင်ကော ကြိယာဇောဖြစ်မှာပေါ့၊ ကာမကြိယာ ဉာဏသမ္ပယုတ်ဇောဖြစ်မှာပေါ့၊ အဲဒီတော့ ဈာနဝီထိချကြစို့နော်၊

ဈာနဝီထိချတဲ့အခါကျတော့ အတီတဘဝင်လိုသေးလား၊ မလိုဘူးနော်၊ ဈာန်ကျတော့ မနောဒွါရ ဖြစ်သွားပြီ၊ မျက်လုံးနဲ့ကြည့်နေတာ မဟုတ်တော့ဘူး။

ကောင်းပြီ၊ ဒါဖြင့်ရင် ဘယ်လိုနေမလဲ၊ ဈာနဝီထိမှာ ရှေ့က ဘဝင်တစ်ခုတော့ အမြဲတမ်းထားပေါ့လေ၊ နောက်ဘာလာမလဲ၊ ဘဝင်္ဂစလနတော့ လာရလိမ့်မယ်၊ ဘဝင်ကတော့ မလှုပ်လို့ မရဘူး၊ လှုပ်မှပြတ်မှာကို ဟုတ်ကဲ့လား။

ဩော်–နေဦး၊ မန္ဒဆိုတာလေး ရှိသေးတယ်နော်၊ မန္ဒဆိုတာက အဲဒီဈာန်ရတဲ့ ပုဂ္ဂိုလ်မှာလည်း ဉာဏ်နည်းနည်းနုံ့တဲ့ ပုဂ္ဂိုလ်ရှိသေးတယ်၊ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ် ရှိသေးတယ်၊ ဈာန်ရတာတော့ ဉာဏ်ထက်လို့ရတာပဲ၊ သို့သော် အဲဒီ အထက်ထဲမှာပဲ အနုံ့နဲ့အထက် ၂–မျိုး၊ မန္ဒဆိုတာ ဆိုတာက နည်းနည်းနုံ့တာ၊ နုံ့တယ်ဆိုတာ နည်းနည်းညံ့သေးတာပေါ့လေ၊

အဲဒီပုဂ္ဂိုလ်အတွက်က ဝီထိတစ်မျိုးချရတယ်၊ တိက္ခပုဂ္ဂိုလ်အတွက်က ဝီထိ တစ်မျိုးချရတယ်၊ တိက္ခဆိုတာ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်၊အသိဉာဏ် လျှင်မြန်တဲ့ပုဂ္ဂိုလ်၊ သူ့အတွက်က တစ်မျိုးချ၊ အဲဒါကြောင့်မို့ ၂–မျိုး လုပ်ထားတယ်၊ ပထမဆုံး မန္ဒပုဂ္ဂိုလ်အတွက်၊ မန္ဒပညာ ပုဂ္ဂိုလ်လို့ ပြောရင်လည်းရတယ်။

ကိုင်း ချလိုက်စမ်း၊ ပထမဆုံးကတော့ ဘဝင် တစ်ခါထားပြီးရင် ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ၊ ကာမာဝစရဇော ဒီကျတော့ ၄–ကြိမ်ဇောလိမ့်မယ်နော်၊ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ အဲဒီနောက်ကို ကာမာဝစရဇော ၄–ကြိမ်လာလိမ့်မယ်။

အဲဒီ ၄–ကြိမ်မှာ နာမည်လေးတွေရှိလိမ့်မယ်၊ ပထမဟာကို ပရိကံလို့ခေါ်တယ် နော်၊ အဲဒါလေး သေချာရေးထားကြ၊ ပရိကံ နောက်ဟာကို ဥပစာ၊ နောက်ဟာကို အနုလုံ၊ နောက်ဟာကို ဂေါတြဘူ၊ အဲဒီလို ကာမာဝစရဇော ၄–ခု ဇောပြီးမှ ဈာန်ပြီးရင် ဘဝင်ပြန်ကျသွားတာပဲ၊ ဘဝင်တစ်ချက်ထဲဖြစ်တာနော်၊ ဒါ ပထမဆုံး ဈာန်ရတဲ့ အခါမှာဖြစ်တဲ့ ဝီထိတဲ့၊ ပြန်ပြီးတော့ ချလိုက်စမ်းပါ၊ ဘဝင်္ဂစလန၊

ဘဝင့်ပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ,ဥပစာ, အနုလုံ, ဂေါတြဘူး, ဈာန်, ထို့နောက် ဘဝင်နော်၊ ဒါက မန္ဒပုဂ္ဂိုလ်ရဲ့ အစဆုံး ဈာန်ရတဲ့ ဝီထိ။

တိက္ခ ပုဂ္ဂိုလ်ကျတော့ တစ်ခုလျော့ရုံပါပဲ၊ ဒါကတော့ အရေးမကြီးပါဘူး၊ တိက္ခပုဂ္ဂိုလ်ကျတော့ ဘဝင်္ဂစလန, ဘဝင့်ပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ မပါတော့ဘူး၊ သူက ကျော်ချလိုက်ပြီ၊ သူက နည်းနည်းဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ကို၊ အဲဒီတော့ ဘာလဲ၊ ဥပစာ အနုလုံ ဂေါတြဘူ၊ ဒါပဲထူးတယ်။

မန္ဒပညာ ပုဂ္ဂိုလ်မှာ ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘူ,

တိက္ခပညာပုဂ္ဂိုလ်ကျတော့ ဥပစာ, အနုလုံ, ဂေါတြဘူ ၃–ကြိမ်ပဲကျမယ်၊ ကာမာဝစရဇော, ဟုတ်ပြီလား၊ အဲသလိုကျပြီးရင် ဈာန်တစ်ကြိမ်ဖြစ်, ဈာန် တစ်ကြိမ်ဖြစ်ပြီးရင် ဘဝင်ဖြစ်, ဒါက အစဆုံးရတဲ့အခါမှာဖြစ်တဲ့ဝီထိ။

ကာမာဝစရဇောက မန္ဒပုဂ္ဂိုလ်ကျတော့ ၄–ကြိမ်နော်၊ ပြီးတော့ တိက္ခပုဂ္ဂိုလ် ကျတော့ ၃–ကြိမ်, ကာမဇောပြီးရင် ဈာန်ဇောလာတော့တယ်၊ ဟုတ်ပြီလား၊ သူက စိတ်တည်တာပဲ၊ စိတ်တည်ပြီးတော့ ဝိတက်, ဝိစာရဆိုတဲ့ ဟို ဈာန်အင်္ဂါတွေ ရှိပါလား၊ အဲဒီ ဈာန်အင်္ဂါတွေ သိပ်ပြီးတော့ ထင်ရှားလာတာပေါ့၊ ဝိတက်, ဝိစာရ ဆိုတာ ရိုးရိုးစိတ်တွေနဲ့လည်းယှဉ်နေတာပဲ၊ အဲဒီဈာန်ရတဲ့ အချိန်မှာ ဖြစ်တဲ့ဝိတက်, ဝိစာရကတော့ အားကောင်းတဲ့ဝိတက်, ဝိစာရတွေပဲ၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန် အင်္ဂါ ၅–ပါးနဲ့တကွဖြစ်သော ပဌမဈာန် စိတ် စသည်ဖြင့် ရှိတယ်။

**မေး** – ဈာန်အင်္ဂါတွေက ထင်ထင်ရှားရှားဖြစ်တာလား။

**ဖြေ** – ထင်ထင်ရှားရှားအဲဒီမှာ ဖြစ်တာပေါ့၊ အခါတိုင်းလည်း, ဖြစ်တော့ ဖြစ်နေ တာပေါ့။

အဲဒီတော့ အဲဒီအာရုံမှာတည်ပြီးတော့ ပြီးရင် ပဌမ တစ်ကြိမ်ရတာကတော့ ဒါပဲ။

ဈာန်ဝီထိ ဝင်စားတဲ့, အဲသလို ပဌမတစ်ကြိမ်ရပြီးတဲ့နောက် မိနစ် အနည်းငယ်ခြား၍ဖြစ်စေ, သို့မဟုတ် နာရီ အနည်းငယ်ခြား၍ဖြစ်စေ, သို့မဟုတ် ရက်လခြား၍ဖြစ်စေ, ပြန်ပြီးတော့ ဒီဈာန်ကို ဝင်စားချင်တယ်၊ ပဌမ တစ်ကြိမ်တော့ ရောက်ရုံရောက်လိုက်တာ၊ ရောက်ပြီးတော့ တစ်ခါထပ်ပြီးတော့ ဝင်စားချင်တယ်၊ အဲဒီလို ဝင်စားချင်တဲ့ အခါကျတော့ ထပ်ပြီးတော့ ဒီလိုပဲ ကသိုဏ်းရှုရတယ်နော်၊ ရှုပြီးတော့ အဲဒီလိုဖြစ်တဲ့အခါကျတော့ အဲဒီဝင်စားတဲ့ ဝီထိကျတော့ ပဌမဆုံးရတဲ့

ဝီထိနဲ့ မတူဘူး၊ သူက ဇောနဲ့ထဲမှာ အကြာကြီးနေချင်ပြီ၊ အဲဒီကျတော့ ဇောနဲ့နေရတာ ချမ်းသာတယ်ပေါ့၊ စိတ်ချမ်းသာမှု ရနေတာဆိုတော့ ဇောနဲ့ အကြာကြီးနေချင်တယ်၊ အဲဒီလို ဇောနဲ့ အကြာကြီးနေချင်တဲ့အတွက်ကြောင့်မို့ ဇောစိတ်ပဲ အကြိမ်ဘယ် လောက်လောက် ဖြစ်မလဲ၊ တစ်နာရီနေချင်တယ်ဆိုရင် ကုဋေပေါင်း များစွာ ဖြစ်မယ်ပေါ့။

ဒါဖြင့်ရင် ဝင်စားတဲ့ ဇောနဝီထိ ချလိုက်စမ်း၊ မန္ဒပုဂ္ဂိုလ်အတွက် ပထမချလိုက်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ ဥပစာ,အနုလုံ, ဂေါတြဘူ, ဒါကတော့ လာရတယ်နော်၊ ပြီးရင် ဇောနဲ့အကြိမ်များစွာသွားပြီ, infinity ပေါ့လေ၊ ဘယ်နှစ်ကြိမ်တုန်း မပြောနိုင်ဘူး၊ ဟုတ်ရဲ့လား။

**မေး** – အဲဒီအခါမှာ ဇောနဲ့တွေ ဆက်ဆက်ပြီး သွားနေတာပဲ ဘဝင်မရှိတော့ဘူး ပေါ့၊

**ဖြေ** – နောက်ဆုံးဇောနဲ့က ထခါနီးကျမှ ဘဝင်ကျမှာပေါ့၊ အဲဒါကြောင့်မို့ မနောဒွါရာဝဇ္ဇန်းပြီးရင် ဇောနဲ့ဟာ ၂–ကြိမ်, ၃–ကြိမ်, ၄–ကြိမ်, ၅–ကြိမ် သွားရော ပေါ့၊ ဟုတ်လား၊ ကိုယ်လိုချင်သလောက်ပေါ့၊ ဆိုပါတော့, တစ်စက္ကန့်ပဲ ကိုယ်က ဇောနဲ့ဝင်စားချင်တယ်ဆိုရင် ၂–ကြိမ်, ၃–ကြိမ်ပဲ ဖြစ်မယ်ပေါ့၊ ဟုတ်လား၊ တစ်နာရီ ဝင်စားချင်တယ်ဆိုရင် အကြိမ်များစွာဖြစ်တော့မယ်၊ တစ်ရက်ဝင်စားချင် တယ်ဆိုရင် များစွာဖြစ်တော့မှာပေါ့နော်၊ ဒါက မန္ဒပုဂ္ဂိုလ်။

**မေး** – ဇောနဲ့ဝင်နေတဲ့အချိန်မှာ ဘယ်အချိန်ကျမှ သူကရပ်ပါသလဲ။

**ဖြေ** – ဒါက သူ အဓိဋ္ဌာန်ရတယ်ပေါ့။

**မေး** – ဇောတော့ ရှိတာပေါ့နော်။

**ဖြေ** – ရှိတာပေါ့၊ ကာမဇောတော့ လာရမယ်၊ ဆိုပါတော့, တစ်နာရီ ပတ်လုံး ဇောနဲ့စိတ်ချည်းပဲ ဖြစ်နေပါစေဆိုတာ ဒီ ဇောနဲ့ထဲမရောက်ခင်က အဓိဋ္ဌာန်လို့ ခေါ်တာလုပ်ရတယ်၊ အချိန်ရှိတယ် ဆိုပါတော့၊ တစ်ရက်ဖြစ်ရင်လည်း တစ်ရက် ပေါ့လေ၊ ဘာခေါ်လဲ maximan limit ကတော့ ၇ရက်ပေါ့၊ ဘာလို့တုန်းဆိုတော့ ဇောနဲ့ဝင်စားနေတဲ့အချိန် ဘာမှထလုပ်မှာ မဟုတ်ဘူး၊ အစားလည်းစားမှာ မဟုတ်ဘူး, ရေလည်းသောက်မှာ မဟုတ်ဘူးဆိုတော့ လူ့ခန္ဓာကိုယ်က အစာစားထားပြီးရင် ၇–ရက်ပဲ ခံတယ်ဆိုတာကို၊ ဒါကြောင့် ၇–ရက်ရှိတယ်။

တိက္ခပုဂ္ဂိုလ်ရဲ့ ဇောနဲ့ဝင်စားမှာ လုပ်လိုက်စမ်း၊ ပရိကံဖြုတ်လိုက်ရုံပါပဲ၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း, ဥပစာ, အနုလုံ, ဂေါတြဘူ, ဇောနဲ့,

၂ ကြိမ်, ၃ ကြိမ်က စပြီးတော့ များစွာ။

ကောင်းပြီ, အဲဒီဈာနဝီထိမှာ အခု ကာမာဝစရဇော ဘယ်နှစ်ကြိမ် စောလဲ၊ ၄–ကြိမ်စောတယ်ဆိုပါတော့နော်၊ အများဆုံးအားဖြင့် အဲဒီ၄–ကြိမ်က အမှန်ကတော့ ဒီတစ်ခုတည်း ထပ်ထပ်ဖြစ်တာနော်၊ ဒါပေမယ်လို့ နာမည်ကတော့ တစ်မျိုးစီ မှည့်လိုက်တယ်၊ ပထမဟာကို ပရိကံ။

ပရိကံဆိုတာ Preliminary ပေါ့နော်၊ ဥပမာဆိုတော့ သူက နီးနေပြီနော်၊ အနုလုံဆိုတာက ဟိုဘက်နဲ့လည်းလျော်တယ်၊ ဒီဘက်နဲ့လည်း လျော်တယ်ဟုတ်လား၊ ဂေါတြဘူဆိုတာကတော့ ဒီ limit အနွယ်ကို ဖြတ်တော့မယ်၊ ဒီကာမာဝစရ အနွယ်ကို ဖြတ်ပြီးတော့ မဟဂ္ဂုတ်အနွယ်ဘက်ကို ရောက်တော့မယ်၊ ဒါကြောင့်မို့ သူ့ကို ဂေါတြဘူလို့ခေါ်တာ။

ဂေါတြဘူဆိုတဲ့ အဓိပ္ပါယ်မှာ အဓိပ္ပါယ် ၂–မျိုးရှိတယ်၊ ဘူဆိုတဲ့ အဲဒီစကား လုံးရဲ့ အဓိပ္ပါယ်က လွှမ်းမိုးတယ်ဆိုတဲ့ အဓိပ္ပါယ်လည်းရှိတယ်၊ လွှမ်းမိုးဖြတ်တောက် လိုက်တယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတယ်၊ ပျော်ဝင်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်လည်းရှိတယ်၊ ရောက်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်လည်းရှိတယ်။

အဲဒီတော့ လွှမ်းမိုးတယ်လို့ ပြောရင်တော့ ကာမအနွယ်ကို လွှမ်းမိုးတယ်ပေါ့၊ ကာမအနွယ်ကို ဖိနှိပ်ချလိုက်တယ်၊ ရောက်တယ်လို့ပြောရင် မဟဂ္ဂုတ်အနွယ်ထဲကို ရောက်သွားတာ၊ ဒါ ဂေါတြဘူ၊ အမှန်ကတော့ ကာမာဝစရဇောချည်း ၄–ကြိမ်ထပ်ဖြစ်တာ၊ အဲဒီ ၄–ကြိမ်ကို ဒီလို အသီးအသီးနာမည်ပေးထားတာ။

ကောင်းပြီ အဲဒီကာမဝစရဇောတွေက ခုနပြောသလို ဘာဇောတွေဖြစ်ရမလဲ၊ ဉာဏသမ္ပယုတ်ဖြစ်ရမယ်နော်၊ ဉာဏသမ္ပယုတ် ကာမာဝစရဇောဆိုရင် ကုသိုလ် ထဲက ဘယ်နှစ်ခုရှိတုန်း၊ ကာမာဝစရကုသိုလ်ထဲက ၄–ခုရှိတယ်၊ ကာမာဝစရ ကြိယာထဲက ၄–ခုရှိတယ်၊ အဲဒီ ၈–ခုထဲက တစ်ခုခုပေါ့၊ ရဟန္တာဖြစ်ရင်တော့ ကြိယာပေါ့၊ တခြားပုဂ္ဂိုလ်ဆိုရင် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ရော ဆိုရင် ကုသိုလ်ပေါ့။

ကာမာဝစရဇော ၄–ကြိမ် ပြီးတော့မှ ဈာန်ဇောတစ်ကြိမ်, ဈာန်ဇောကျတော့ ပထမဈာန်လည်းဖြစ်နိုင်တယ်, ဒုတိယဈာန်လည်း ဖြစ်နိုင်တယ်, တတိယဈာန်, စတုတ္ထဈာန် ပဉ္စမဈာန်, အရူပါဝစရ, ပထမ, ဒုတိယ, တတိယ, စတုတ္ထပေါ့၊ ဟုတ်တယ်မို့လား ဒီဈာန်တွေထဲက တစ်ခုခုဖြစ်မယ်၊ ဒါဟာ ဈာနဝီထိ။

အဲဒီဈာနဝီထိရဲ့ အာရုံဟာ ဘာလဲဆိုတော့ ကသိုဏ်း ပညတ်လို့ခေါ်တယ်နော်၊

ကသိုဏ်းပညတ်, ကသိုဏ်းအစစ်မဟုတ်ဘူး၊ စိတ်ထဲမှာ မှန်းဆထားပြီးတော့ မြင်တဲ့ပညတ်, မြင်တဲ့အာရုံမို့လို့ ကသိုဏ်းပညတ်၊ ဒါက ကသိုဏ်းအားထုတ်ရင်လို့ ဆိုလိုတယ်၊ တခြားနည်းနဲ့လည်း ရှိသေးတယ်နော်၊ ကသိုဏ်းပညတ်စသည်လို့ အဲဒီလို မှတ်ထားတာ ကောင်းတယ်၊ ဘာပြုတုန်းဆိုတော့ ကသိုဏ်းတင် မဟုတ်ဘူး၊ ဒါက ကမ္မဋ္ဌာန်းပိုင်းကျတော့ ပိုပြီးတော့ ပေါ်လိမ့်မယ်၊ ဘယ်ကမ္မဋ္ဌာန်း အားထုတ်ရင် ဘယ်ဈာန်ရတယ်ဆိုတာ စိတ်ပိုင်းတုန်းကလည်း ပြောခဲ့တယ်ဟုတ်လား၊ အဲဒီ chart လေးနဲ့ ပြန်ကြည့်ပြီးတော့ ဟပ်ယူရမယ်နော်၊ အဲဒါကြောင့်မို့ ပဌမဈာန်ဆိုရင် ကသိုဏ်းလည်းဖြစ်နိုင်တယ်၊ အသုဘလည်းဖြစ်နိုင်တယ်၊ တခြားမေတ္တာကရုဏာ မုဒိတာ ဖြစ်နိုင်တယ်၊ အဲသလိုပေါ့၊ ဒါတော့ အဲဒါနဲ့ ဟပ်ယူရမှာ၊ ကောင်းပြီ, အဲဒါက ဈာနဝီထိ။

မဂ္ဂဝီထိတော့ ထားလိုက်ကြဦးစို့ ဟုတ်လား၊ နောက်လာလိမ့်မယ်၊ နောက်ကျမှ သွားကြစို့နော်။

အဲဒီတော့ ဒီဈာနဝီထိမှာ ဈာန်ဇောအနေနဲ့ဆိုရင် ပဌမဈာန်, ဒုတိယဈာန် စသည်နော်၊ မဟဂ္ဂုတ်ဈာန်တွေကို ချနိုင်တယ်၊ မနောဒွါရာဝဇ္ဇန်းကတော့ မနောဒွါရာဝဇ္ဇန်းပဲ၊ သူ့ရိုးရိုးအတိုင်းပဲ၊ ဘာမှ ထူးခြားမှု မရှိဘူး၊ ပြီးတော့ ဘဝင်ကျတော့လည်း ကာမသတ္တဝါဆိုရင် ကာမဘဝင်ပဲပေါ့၊ ရူပါဝစရသတ္တဝါဆိုရင် ရူပါဝစရဘဝင် ချရမယ်, အရူပါဝစရ သတ္တဝါဆိုရင် အရူပါဝစရ ဘဝင်ချရမှာပေါ့၊ အာရုံ အနေနဲ့ကတော့ ကသိုဏ်းစသည်လို့ ဒီလိုပဲ မှတ်လိုက်ပေတော့၊ မှီရာကတော့ မထူးဘူး၊ ဟို ရှေးရှေးစိတ်နဲ့ အတူဉပါဒ်တဲ့ ဟဒယဝတ္ထု၊ အဲဒါပဲ မှီကြလိမ့်မယ်၊ အဲဒါ ဈာနဝီထိတဲ့၊ ဈာနဝီထိ အားလုံးဆိုရင် ၄–မျိုးဖြစ်သွားမှာပေါ့၊ အစရတဲ့ ဈာနဝီထိ, မန္ဒအတွက် တစ်မျိုး, တိက္ခအတွက်တစ်မျိုး, ဝင်စားတဲ့ ဈာနဝီထိ၊ မန္ဒအတွက်တစ်မျိုး, တိက္ခအတွက်တစ်မျိုး, အားလုံးဒီမှာ ဒါ ၄–မျိုးလောက်ပဲ မှတ်ဦးပေါ့နော်။

ဒါပေမယ်လို့ ဈာန်ရပေမယ်လို့ ကောင်းကင်ပျံနိုင်ပြီလို့ မထင်နဲ့ဦးနော်၊ ဈာန်ရတာ ရရုံပဲရှိသေးတယ်၊ ခုနက ဝိတက်, ဝိစာရတွေ ထင်ထင်ရှားရှားဖြစ်ပြီးတော့ စိတ်ချမ်းသာနေတာပဲ ရှိသေးတယ်ပေါ့၊ ချမ်းသာ ခံစားနေတာပဲရှိသေးတယ်၊ ကောင်းကင်ပျံဖို့ ဘာဖို့ မရှိသေးဘူး၊ အဲဒါက အဘိညာဏ်ဆိုတာ ရောက်မှဖြစ်မှာနော်၊ အဘိညာဏ် မရောက်ပဲနဲ့ ဈာန်သက်သက်နဲ့က ဣဒ္ဓိဝိဓလို့ခေါ်တဲ့ ကောင်းကင် ပျံတာတွေ ဘာတွေမဖြစ်သေးဘူး၊ ဒါက အပ္ပနာဇောဝါရမှာ, ဈာနဝီထိ လေ့လာ

လိုက်ပြီ။

အဲဒီတော့ ဒီဗျာနဝီထိမှာ ကြည့်လိုက်ရင် ရှေ့က ကာမာဝစရဇောရှိတယ်၊ အဲဒီကာမာဝစရဇောနောက်က ဗျာန်ဇော လိုက်တယ်၊ အဲသလို ဗျာန်ဇောလိုက်တော့ အဲဒီရှေ့က ကာမာဝစရဇောက သောမနဿလည်း ဖြစ်နိုင်တယ်၊ ဥပက္ခောလည်း ဖြစ်နိုင်တယ်၊ ဉာဏသမ္ပယုတ်ဇော ၄–ခုဆိုတော့ သောမနဿ ၂–ခု, ဥပေက္ခာ၂–ခု မဟုတ်ဘူးလား၊ ကုသိုလ်ထဲက ၄–ခုဆိုရင် ကြိယာထဲက ၄–ခုဆိုရင်လည်း ဟုတ်တယ်။

ဒါကြောင့်မို့ သောမနဿဆိုပါတော့ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူက ကာမာဝစရသောမနဿဇောဖြစ်ရင် နောက်က ဘာဈာန်ဇောတွေ လိုက်နိုင်သလဲ၊ မဂ်ဖြစ်ရင်လည်း ဘာမဂ်ဇောတွေ လိုက်နိုင်သလဲ?၊ ဥပေက္ခာဖြစ်ရင်ဘာဈာန်ဇောတွေ လိုက်နိုင်သလဲ, ဘာမဂ်ဇောတွေ လိုက်နိုင်သလဲ, ကုသိုလ်ဖြစ်ရင် ဘာဈာန် ဘာမဂ်တွေလိုက်နိုင်သလဲ, ကြိယာဖြစ်ရင် နောက်က ဘာဈာန်ဘာမဂ်တွေ လိုက်နိုင်သလဲ ဒါ ရှာရလိမ့်ဦးမယ်နော်၊ အဲဒါရှာဖို့ကျတော့ နောက်တစ်ရွက်ပေါ့၊ နောက်တစ်ရွက်မှာ ရေးထားတာက အဲဒါရှာဖို့ပေးထားတာ ဟုတ်လား၊ ကာမဇော နောင် အပ္ပနာဇောတဲ့။

ဘယ်ကာမဇော နောင်ဘယ်အပ္ပနာဇောလိုက်သလဲ၊ ဒါ အသေးစိတ် မပေးဘူးနော်၊ အသေးစိတ် ဦးဇင်းကကိုယ့်ဟာကို လုပ်ခိုင်းမလို့၊ အဲဒီတော့ သောမနဿ သဟဂုတ်ဇောဆိုရင် ဒါကာမဇော ပြောတာ၊ ခုနက ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ၄–ခု။

သောမနဿ သဟဂုတ်ဇော နောင်မှာ ဘာအပ္ပနာဇောတွေ ဇောနိုင်သလဲ၊ သောမနဿ သဟဂုတ် အပ္ပနာဇောတွေ, သောမနဿသဟဂုတ် အပ္ပနာဇောတွေ ဆိုရင် ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် ဟုတ်ပြီလား၊ အရူပါဝစရပါသေးလား၊ မပါဘူးပေါ့နော်၊ ဒါဖြင့်ရင် ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်။

ပြီးတော့ လောကုတ္တရာစိတ်ဈာန် ပွားလိုက်မယ်ဆိုရင် လောကုတ္တရာ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်။

ဥပေက္ခာသဟဂုတ်ဇော နောင် ဒါ ကာမာဝစရဇော, ဥပေက္ခာသဟဂုတ် ကာမာဝစရဇော နောင် ဥပက္ခောသဟဂုတ် အပ္ပနာဇောပဲဇောမယ်။

ဒါကြောင့် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူက ဥပေက္ခာဖြစ်ရင် ဟော

ဟိုဘက်ကလည်း ဥပေက္ခာဇောတဲ့၊ ဥပေက္ခာဇောဆိုတော့ ဘာရှိမလဲ၊ ပဥ္စမစျာန်ရယ်, အရူပါဝစရရယ်, နောက်ပြီးတော့ မဂ်ဖိုလ်, ပဥ္စမစျာန်ရယ်, ဟုတ်တယ်မဟုတ်လား၊

တစ်ခါ ကာမာဝစရဇောက မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄–ခုနော်၊ ဒီကျတော့ ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်နဲ့ ခွဲတယ်၊ ခုနတုန်းက သောမနဿနဲ့ ဥပေက္ခာခွဲတယ်၊ အဲဒီတော့ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄–ခု ဖြစ်ခဲ့မယ်ဆိုရင် အပ္ပနာဇောတွေက ဘာတွေစောနိုင်တုန်း၊ အပ္ပနာထဲက ကုသိုလ်ဇောရယ်, အောက်ဖိုလ် ၃–ခုရယ်, သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်နော်၊ ကုသိုလ်ဇော ဆိုတော့ ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, မဂ်ပြီးတော့ အောက်ဖိုလ်၃–ခု။

အကယ်၍ ကာမာဝစရဇောက မဟာကြိယာဉာဏသမ္ပယုတ်ဇောဖြစ်နေပါပြီတဲ့နော်၊ ရဟန္တာသန္တာန်မှာဖြစ်လို့ဆိုရင် ဇောတွေက ဘာဖြစ်မလဲ၊ အပ္ပနာကြိယာဇောဆိုတော့ ရူပါဝစရကြိယာ, အရူပါဝစရကြိယာနော်၊ ပြီးတော့ အရဟတ္တဖိုလ်ဇော, မဂ်ဇောပါနိုင်သေးလား၊ မပါနိုင်ဘူးပေါ့၊ မဂ်ဇောက ကုသိုလ်ဇောပဲ၊ အဲဒီလိုဖြစ်မယ်။

ဒါကြောင့်မို့ အဲဒါကို run လုပ်လိုက်ရင် အောက်မှာ မဟာကုသိုလ် သောမနဿ သဟဂုတ်၊ ဉာဏသမ္ပယုတ်ဇော ၂–ခုနောင်၊ အပ္ပနာဇော ၃၂–ခု၊ စောနိုင်တယ်။

မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂–ခု, နောင် အပ္ပနာဇော ၁၂–ခု စောနိုင်တယ်၊ အပ္ပနာဇောထဲမှာ လောကုတ္တရာပါတယ်ဆိုတာလည်းမှတ်ထား။

မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်ဇော ၂–ခု၊ နောင်မှာ အပ္ပနာဇော ၈–ခု စောနိုင်တယ်၊ မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော ၂–ခု နောင်မှာ အပ္ပနာဇော ၆–ခု စောနိုင်တယ်၊ ဒါ သင်္ဂြိုဟ်ကျမ်းမှာ ရေးတဲ့အတိုင်း မြန်မာလို ရှင်းအောင် ပြန်ပေးထားတာ။

အဲဒီတော့ ဦးဇင်းတို့ ရှေးတုန်းကအဆိုရှိတယ်၊ ဒီဟာတွက်တာမလွယ်ဘူးတဲ့၊ အမှန်ကတော့ မခက်ပါဘူး၊ ကိုရင်တို့ ဦးဇင်းငယ်တို့ သင်ပေးတာကို၊ အဲဒီတော့ ၃၂–တို့ ၁၂–တို့ကို ၈–တို့ ၆–တို့ကို ဆရာက အထူးမပြောရပဲနဲ့ တပည့်က ကိုယ်ဟာကို ရှာတတ်ရင် ဒီတပည့်ဆုပေးတယ်တဲ့။

ကောင်းပြီ– ဟုတ်ကဲ့လား, နောက်အပတ်ကျရင် မေးမယ်။

## ကာမဇောနောင် အပ္ပနာဇော

| ကာမဇော | နောင် | အပ္ပနာဇော |
|---|---|---|
| သောမနဿသဟဂုတ်ဇော | | သောမနဿသဟဂုတ် အပ္ပနာဇော |
| ဥပေက္ခာသဟဂုတ်ဇော | | ဥပေက္ခာသဟဂုတ် အပ္ပနာဇော |
| မဟာကု ဉာဏသံ ဇော ၄ | | အပ္ပနာ ကုဇော၊ အောက်ဖိုလ် ၃-ခုဇော |
| မဟာကြိ ဉာဏသံ ဇော ၄ | | အပ္ပနာကြိဇော၊ အရဟတ္တဖိုလ်ဇော |

ထို့ကြောင့်-

| | |
|---|---|
| မဟာကု သော ဉာဏသံဇော ၂ နောင် | အပ္ပနာဇော ၃၂ |
| မဟာကု ဥ ဉာဏသံဇော ၂ နောင် | အပ္ပနာဇော ၁၂ |
| မဟာကြိ သော ဉာဏသံဇော ၂ နောင် | အပ္ပနာဇော ၈ |
| မဟာကြိ ဥ ဉာဏသံဇော ၂နောင် | အပ္ပနာဇော ၆ |

*** စိတ် စေတသိက်, ရုပ်-တိတ်-နာဂတ်, ပညတ်- နိဗ္ဗာန်, ထင်လာမှန်လျှင်, ဘဝင်တီတ, ချဖွယ်မဟုတ်, ပစ္စုပ်ရုပ်သာ, ထင်သောခါဝယ်, လျော်စွာနှိုင်းညှိ၊ ချခွင့် ရှိသည်၊ ယုတ္တိယုတ္တာ စမ်းလေလော။**

## တဒါရုံကို သတ်မှတ်ခြင်း

| အာရုံ | | ဝိပါက် |
|---|---|---|
| အနိဋ္ဌာရုံ | - အကု-ဝိ | ပဥ္စဝိညာဏ်၊ သမ်၊ သန္တီ၊ တဒါရုံ |
| ဣဋ္ဌမဇ္ဈတ္တာရုံ | - ကု-ဝိ | ။ ။ ။ |
| အတိဣဋ္ဌာရုံ | - ကု-ဝိ | |

သို့သော် သန္တီနှင့် တဒါရုံတို့ သော-ချည်း
ဝိပါက်အမှန်၊ ဇောအပြန်။

| ဇော | နောင် | တဒါရုံ |
|---|---|---|
| လော ၈၊ မော ၂ | - | တဒါရုံ ၁၁ |
| ဒေါ ၂ | - | ဥတဒါရုံ ၆၊ ဥ ဘဝင် |
| မဟာကုဇော ၈ | - | တဒါရုံ ၁၁ |
| သော-မဟာကြိ ၄+ဟသိ | - | သော တဒါရုံ ၅ |
| ဥ မဟာကြိ ၄ | - | ဥတဒါရုံ ၆ |

ဘဝဌ် ပဋိ ဘဝင် စုတိ တို့ တစ်မျိုးတည်း တစ်ခုတည်းသာ ဖြစ်ရသည်။
ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါးဆုံမှသာ တဒါရုံကျနိုင်သည်။
အတိမဟန္တာရုံ၊ ဝိဘူတာရုံ၌သာ တဒါရုံ ကျနိုင်သည်။

## အာဂန္တုက ဘဝင်

| ပဋိ | အာရုံ | ဇော | တဒါရုံ | အာဂန္တုကဘဝင် |
|---|---|---|---|---|
| သော | အတိဣဋ္ဌ၊ အတိမဟန္တ၊ ဝိဘူတ<br>မဟန္တာရုံ၊ အဝိဘူတာရုံ<br>မဟဂ္ဂုတ်၊ ပညတ် | ဒေါသဇော | - | ဥသန္တီ<br>(အာဂန္တုကဘဝင်ကိစ္စတပ်) |

## ဣဋ္ဌ အနိဋ္ဌ ခွဲနည်း

အလတ်စားတန်း၊ ပုဂ္ဂိုလ်မှန်းလျက်၊ ဝိပါက် ဒွါရ၊ ချိန်ကာလနှင့်၊ ရူပ ဂန္ဓာ၊ နှိုင်းချင့်ကာဖြင့်၊ အနိဋ္ဌာလော၊ ဣဋ္ဌာလော၊ စစ်ကြောတွေ့တိုင်းပင်။

## အာဂန္တုက (ဧည့်သည်)ဘဝင်

သောမနဿသန္တေ၊ စွဲကပ်နေ၍၊

ယူလေ မိစ္ဆာ၊ ရှိသူမှာလျှင်၊ လွန်စွာတင့်ဘိ၊ အတိဣဋ္ဌ၊ တိမဟန္တ၊ ဝိဘူတဟု၊ ဗုဒ္ဓအာရုံ၊ ကြုံသော်လည်းကောင်း၊

တစ်ကြောင်းကမူ၊ အဝိဘူတ၊ မဟန္တဟု၊ ကာမအာရုံ၊ ဆုံလေကရပ်၊ သမာပတ်ကို၊ ရလတ်ပြီးမှ၊ ကွယ်ပသည့်ချာန်၊ အာရုံခံလျှင်း၊ မယွင်းတစ်ခု၊ ပညတ်စုကို၊ ရှုလေတလော။

ဒေါသဇောတို့၊ စော၍ပြီးတုံ၊

တဒါရုံကား၊ အာရုံနှင့်သော်၊ မသင့်တော်ခဲ့၊

ချင့်မြော်တခင်း၊ ဘဝင်ဆင်းလည်း၊ မူရင်းသန္တေ၊ မလျော်ပေတည့်၊ သို့နေခက်ခဲ၊ အချက်ထဲဝယ်၊ ဆက်တွဲဟန်ပြု၊ အာဂန္တုဟု၊ တစ်ခုဘဝင်၊ စပ်ကြား ဝင်သည်၊ အရှင့်ဆရာ မိန့်ခွန်းတည်း။

အာဂန္တုကဘဝင်ကျသော အတိမဟန္တာရုံ ဝီထိ။

* * *

# အဘိဓမ္မာသင်တန်း ၂၄

## ဝီထိပိုင်း

## ကာမဇော နောင် အပ္ပနာဇော မဂ္ဂဝီထိ

### တဒါရုံသတ်မှတ်ခြင်း

ဒီနေ့ ဧပြီလ ၃–ရက်၊ ဒီနေ့ ရှေ့မသွားခင် လွန်ခဲ့တဲ့အပတ်က ခိုင်းလိုက်တာ ပြန်ပြီးတော့ ကြည့်ကြဦးစို့၊ လွန်ခဲ့တဲ့အပတ်က ပထမ ကာမဇော နောင်, အပ္ပနာဇောနောင်းတာတွေ၊ သောမနဿ သဟဂုတ်ဇော နောင်, သောမနဿ အပ္ပနာနောင်းတယ်၊ ဥပေက္ခာသဟဂုတ်ဇော နောင်, ဥပေက္ခာသဟဂုတ် နောင်းတယ်၊ တစ်ခါ ကုသိုလ် နောင်, ကုသိုလ်နဲ့အောက် ဖိုလ် ၃–ခုနောင်းတယ်၊ ကြိယာနောင် ကြိယာနဲ့ အရဟတ္တဖိုလ်နောင်းတယ်၊ ဒါပါပဲနော်, အဲဒီဟာ မှတ်ထားပြီးရင် ဟိုနေ့က ပေးလိုက်တဲ့ ၃၂–၁၂–၈–၆ ဖော်လို့ ရသွားပြီ။

အဲဒီတော့ မဟာကုသိုလ် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် ဇော ၂–ခု၊ မဟာကုသိုလ် ၈–ခုထဲက ပထမ ၂–ခုပေါ့၊ အဲဒီနောင် အပ္ပနာဇော ၃၂–ခု နောင်းနိုင်တယ်ဆိုတော့ ဘာတွေနောင်းနိုင်တုန်း၊ ရူပါဝစရကုသိုလ် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်နော်, သောတာပတ္တိမဂ် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, သကဒါဂါမိမဂ် ထို့အတူ, အနာဂါမိမဂ်

ထို့အတူ၊ အရဟတ္တမဂ်, ထို့အတူ၊ သောတာပတ္တိဖိုလ် ,ထို့အတူ၊ သကဒါဂါမိဖိုလ်, ထို့အတူ၊ အနာဂါမိဖိုလ်, ထို့အတူ အားလုံးပေါင်းလိုက်တော့ ၃၂- ရတယ်။

မဟာကုသိုလ် ဉပေက္ခာတဲ့နော်, ဉပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇော ၂-ခု, ဒါက အပြာထဲရောက်သွားပြီ၊ သူ့နောင်ဆိုတော့ ဘာနောင်းနိုင်တုန်း၊ ဉပေက္ခာတွေ ကြည့်လိုက်ပေါ့နော်၊ ဉပေက္ခာသဟဂုတ်၊ ပြီးတော့ အောက်ဖိုလ် ၃-ခုရယ် ကြည့်လိုက်တော့ ရူပါဝစရ ဉပေက္ခာက ပဉ္စမဈာန်ရရော, ပြီးတော့ အရူပါဝစရ ဉပေက္ခာကတော့ လေးခုစလုံးရရော၊ ပြီးတော့ သောတာပတ္တိမဂ် ပဉ္စမဈာန်၊ သကဒါဂါမိမဂ်, ပဉ္စမဈာန်၊ အနာဂါမိမဂ် ပဉ္စမဈာန်၊ အဲဒီတော့ အားလုံး ၁၂-ခု။

ပြီးတော့ တစ်ခါ မဟာကြိယာ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် ဇော ၂-ခု, ကြိယာဇော နောင်ဆိုတော့ ကြိယာနဲ့ အရဟတ္တဖိုလ် နောင်းတော့မှာ, အဲဒီတော့ ကြိယာဆိုရင် ရူပါဝစရ ကြိယာထဲက သောမနဿ ယူလိုက်ရင် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပြီးတော့ မဂ်ကမရှိ၊ ဖိုလ်ထဲက အရဟတ္တဖိုလ်ရှိတယ်၊ အရဟတ္တဖိုလ် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် အားလုံးပေါင်းလိုက်ရင် ၈-ခု။

တစ်ခါ မဟာကြိယာ ဉပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်ဇော ၂-ခုနောင်ဆိုတော့ ဉပေက္ခာတွေပဲကြည့်လိုက်စမ်း၊ ရူပါဝစရကြိယာထဲက ပဉ္စမဈာန်၁-ခု၊ အရူပဝစရက ၄- ခု၊ ဟိုနောက်ဆုံး အရဟတ္တဖိုလ် ပဉ္စမဈာန်က ၁-ခု၊ အားလုံး ၆-ခုရတယ်၊ ဒါပါပဲနော် ခဲယဉ်းတာတော့ မဟုတ်ပါဘူး၊ ရှေးတုန်းက ဆရာက မပြောပဲ ကိုယ့်ဟာကိုဖော်ခိုင်းရင် ဆုပေးတယ် ပြောတာပဲ၊ ကောင်းပြီ, ဒါက ကာမာဝစရဇော နောင် အပ္ပနာဇော နောင်းပုံတွေ။

ဝီထိတွေမှာ ကြည့်လိုက်တဲ့အခါမှာ ဈာနဝီထိကို ကြည့်လိုက်တဲ့ အခါကျတော့ ပရိကံ, ဉပစာ, အနုလုံ, ဂေါတြဘူ, ဆိုတာ တွေ့ခဲ့တယ် မဟုတ်လား၊ ပြီးတော့ ဈာန်, ပြီးတော့ ဘဝင် ကျသွားရော၊ အဲဒီမှာ ဈာန်ဆိုရင် ဘယ်ဈာန်ကောက်ရမယ်၊ အကယ်၍သူက ပထမဈာန်ဖြစ်ခဲ့ရင် ရှေးက ကာမာဝစရ ဇောက ဘာတွေကောက်ရမယ်ဆိုတာ ကာမဇော နောင်အပ္ပနာဇော နောင်းတာနဲ့ ညှိပြီးတော့ ကောက်ယူရမယ်။

အဲဒီတော့ ဟိုအရင်တုန်းက ပေးထားတဲ့ မနောဒွါရဝီထိများဆိုတဲ့ ပုံထဲမှာ အောက်ဆုံး မဂ္ဂဝီထိဆိုတာကို မလုပ်ရသေးဘူး၊ အရင်အပတ်တုန်းက ပေးတဲ့ စာရွက်ထဲမှာ မနောဒွါရဝီထိများဆိုတာမှာ ကာမဇော မနောဒွါရဝီထိတွေ ချခဲ့ပြီ,

အပ္ပနာဇောထဲကလည်းပဲ ဈာနဝီထိနော်, မဂ္ဂ, တိက္ခ ပြီးတော့ တစ်ခါ မဂ္ဂဝီထိ မချရသေးဘူး၊ အဲဒီ မဂ္ဂဝီထိလေး ချကြဦးစို့နော်၊ ဘာလို့လဲဆိုတော့ ဒီစာမျက်နှာ ကုန်သွားအောင်။

မဂ္ဂဝီထိကလည်းပဲ ဈာနဝီထိနဲ့ ခပ်ဆင်ဆင်သွားတာပါပဲ၊ သူကလည်းပဲ မနောဒွါရဝီထိပဲကိုး၊ မဂ္ဂဝီထိက ဘယ်အချိန်မှာကျသလဲဆိုရင် ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်လို့ ဉာဏ်စဉ်အဆင့်ဆင့် တက်သွားလို့ တရားထူးရတယ်ဆိုတဲ့ အချိန်မှာ ဖြစ်ပေါ်တဲ့ဝီထိ။

ပထမဆုံးကတော့ ဝီထိအပြင်ဘက်က ဘဝင်ထားလိုက်နော်၊ နောက်ဘဝင် စလန, နောက် ဘဝင်ုပစ္ဆေဒပြီးရင် ဘာလာမလဲ၊ သူက မနောဒွါရဝီထိ၊ မနောဒွါရာဝဇ္ဇန်းဆို ဘဝင်စလန, ဘဝင်ုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်းပြီးတော့ ကာမာဝစရ ဇောလေးကြိမ် လာခဲ့, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဂေါတြဘူပြီးတာနဲ့ တပြိုင်နက် မဂ်စိတ် တစ်ကြိမ်ဖြစ်။

မဂ်စိတ်တစ်ကြိမ်ဖြစ်ပြီးတဲ့နောက် ဖိုလ်စိတ် ၂–ကြိမ်ဖြစ်ပြီးရင် ဘဝင် ပြန်ကျသွား၊ ဒါက မန္ဒပညာပုဂ္ဂိုလ်ရဲ့ မဂ္ဂဝီထိ၊ မန္ဒပညာဆိုတာ ဉာဏ်သိပ်မထက် ဘူးလို့ ဆိုလိုတယ်၊ ဉာဏ်သိပ်မထက်တဲ့ ပုဂ္ဂိုလ်ရဲ့ မဂ္ဂဝီထိတဲ့။

ကိုင်း, ပြန်ဆိုလိုက်စမ်းပါဦး၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်, ဖိုလ်, ဖိုလ်, ဖိုလ်က ၂–ကြိမ် ဘဝင် ကျသွားပြီနော်။

တိက္ခ ပညာ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ရဲ့ မဂ္ဂဝီထိ ချလိုက်စမ်းပါတဲ့၊ ခုနလိုပဲ ရှေ့က ဘဝင်တစ်ခုထား၊ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း၊ ဘာလာမလဲ၊ ဥပစာ (ပရိကံကျော်လိုက်၊ ပရိကံမပါဘူး) ဥပစာ, အနုလုံ, ဂေါတြဘူ, မဂ်၊ ဖိုလ် ဘယ်နှစ်ကြိမ်ချမလဲ၊ ဒီနေရာမှာ ဖိုလ် ၃–ကြိမ် ချလိုက်၊ ပြီးတော့ ဘဝင် သွားပြန်ရော၊ ဟုတ်ပြီလား၊ အဲဒါ မဂ္ဂဝီထိ၊ အဲဒီ မဂ္ဂဝီထိမှာ မဂ်ဇောဟာ ဘယ်နှစ်ကြိမ်စောသလဲ၊ ၁–ကြိမ်ပဲ စောတယ်နော်၊ ဖိုလ်ဇောက ဘယ်နှစ်ကြိမ် စောသလဲ၊ ၂–ကြိမ်လည်းစောတယ်၊ ၃–ကြိမ်လည်းစောတယ်။

အဲဒီတော့ ကာမာဝစရဇောက ဘယ်နှစ်ကြိမ်စောသလဲ၊ ၄–ကြိမ်စော တာလည်းရှိတယ်၊ ၃–ကြိမ်စောတာလည်းရှိတယ်၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ ဆိုတာတွေဟာ ဉာဏသမ္ပယုတ်ကာမာဝစရဇောတွေ။

ကောင်းပြီ, ဒါက မဂ်ပထမစရတဲ့အခါမှာ ဖြစ်တဲ့ဝီထိ၊ နောက်ပိုင်း

ကျတော့ ဖလသမာပတ်ဝီထိဆိုတာလာလိမ့်မယ်၊ အဲဒါကတော့ အသာထား လိုက်ကြဦးစို့။

အဲဒီမဂ္ဂဝီထိမှာ တစ်ခုထူးတာရှိတယ်၊ ဘာထူးတာတုန်းဆိုတော့ ရိုးရိုးအနေ အားဖြင့် ပြောမယ်ဆိုရင် ဝီထိတစ်ခုထဲမှာပါတဲ့စိတ်တွေဟာ အာရုံအတူတူချည်းပဲ၊ ပဉ္စဒွါရ်ပြွန်ရူပါရုံကိုအာရုံပြုပြီး ဝီထိကျတယ်ဆိုရင် ဒီဝီထိမှာပါတဲ့စိတ်တွေဟာ ဒီပဉ္စဒွါရ်ပြွန် ရူပါရုံကိုချည်း အာရုံပြုကြတာ၊ အဲဒီတော့ ဝီထိမှာပါတဲ့စိတ်တွေဟာ တူသောအာရုံကို ယူကြတယ်ပေါ့။

အခု မဂ္ဂဝီထိမှာကျတော့ အဲဒီလို မဟုတ်ဘူး၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဆိုတဲ့ ဒီကာမာဝစရဇောတွေက ဘယ်အာရုံယူသလဲဆိုတော့ တေဘူမက သင်္ခါရဆိုတဲ့ အာရုံကိုယူတာ၊ ရုပ်နာမ်ကိုအနိစ္စ ဒုက္ခ အနတ္တရှုတာ၊ ဒါ ဝိပဿနာ ခေါ်တာကို၊ အဲဒီဝိပဿနာဇောတွေဟာ ပရိကံ ဥပစာအနုလုံ ဂေါတြဘူဆိုတာ၊ အဲဒီတော့ ဝိပဿနာဇောမှန်ရင် တေဘူမက သင်္ခါရနော်, ရုပ်နာမ်ကို အာရုံပြုရတယ်၊ ဝိပဿနာက နိဗ္ဗာန်အာရုံပြု မဂ်ဖြစ်သွား။

သြော်, နေဦး ဂေါတြဘူချန်ထားနော်၊ ပရိကံ ဥပစာ အနုလုံ ဒီ ၃– ခုပြောမယ်၊ ဒီ ၃–ခုက သင်္ခါရကို အာရုံပြုတယ်၊ တေဘူမက သင်္ခါရ ဆိုလိုတာ ကတော့ အဖြစ်အပျက်ရှိနေတဲ့ ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တရှုတယ်။

ဂေါတြဘူကျတော့ နိဗ္ဗာန်ကို အာရုံပြုတယ်၊ ဂေါတြဘူနောက်က မဂ်ကလည်း နိဗ္ဗာန်ကို အာရုံပြုတယ်၊ ဖိုလ်ကလည်း နိဗ္ဗာန်ကို အာရုံပြုတယ်၊ အဲဒီကို ကွာသွား တယ်၊ ဂေါတြဘူကစပြီးတော့ နိဗ္ဗာန်ကို အာရုံပြုသွားတယ်၊ ဒါကြောင့် ဝိပဿနာ ကင်းပြီးတော့ မဂ်ဖိုလ်ရတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား၊ မဟုတ်နိုင်ဘူး၊ ဝိပဿနာမရှု ပဲနဲ့ မဂ်ဖိုလ်မရနိုင်ဘူး။

ဘာကြောင့်လဲဆိုတော့ မဂ်ဖိုလ်ရတယ်ဆိုရင် ဒီဝီထိကျကိုကျရမယ်၊ ဒီဝီထိ မကျပဲနဲ့ မဂ်ဖိုလ်ရတယ်လို့မရှိဘူး၊ အကျွတ်တရားရတယ်ဆိုတာ ဒါကို ခေါ်တာ၊ ဒီဝီထိ ကျမယ်ဆိုရင် ဒီဝီထိထဲမှာ ကာမာဝစရဇောတွေပါနေတယ်၊ အဲဒီကာမာဝစရ ဇောတွေဟာ ဘာတွေလဲဆိုရင် ဝိပဿနာဇောတွေ၊ ဝိပဿနာဇော ဖြစ်တဲ့အတွက် ကြောင့် ဝိပဿနာရှေ့သွားမရှိပဲနဲ့ မဂ်ဖိုလ်ရတယ်ဆိုတာ မဖြစ်နိုင်ဘူး။

အဲဒီတော့ မြတ်စွာဘုရားက ဂါထာတစ်ပုဒ်ဟောလိုက်လို့ ဂါထာ နာရသည်၏အဆုံး၌ သောတာပန်တည်သွားတယ် စသည်ဖြင့် ဒီဝတ္ထုကြောင်းတွေ အများကြီးရှိတယ်၊ အထူးသဖြင့် ဓမ္မပဒဝတ္ထုကြောင်းတွေ ဖတ်ရင် တွေ့ရလိမ့်မယ်၊

အဲဒီလို အခါမှာလည်းပဲ ဝိပဿနာလုံးဝ မရှုပဲနဲ့ကတော့ အကျွတ်တရားရသွားတာ မဟုတ်ဘူး၊ သောတာပန်, သကဒါဂါမ် စသည်ဖြစ်သွားတာမဟုတ်ဘူး၊ ဝိပဿနာ တော့ ရှုရသေးတာပဲ၊ ဒါပေမယ်လို့ အလွန်လျှင်မြန်တဲ့အတွက်ကြောင့်မို့ ချက်ချင်း ရသွားသလို စိတ်က ထင်ရတယ်၊ တရားနာရင်းပဲ အနိစ္စ ဒုက္ခ အနတ္တကတော့ ရှုရတာနော်၊ ရှုမိသွားတာပေါ့လေ၊ ဒါကြောင့်မို့ ဒီဝိပဿနာ မပါပဲနဲ့ မဂ်ဖိုလ်ကိုတော့ ဘယ်တော့မှ မရနိုင်ဘူးဆိုတာကိုတော့ သေချာကို မှတ်ထားကြ၊ အဘိဓမ္မာနည်းနဲ့ ပြောမယ်ဆိုရင် ဒီဝီထိနဲ့ ကိုင်ပြောဖို့ပဲနော်၊ ကောင်းပြီ, ဒါ မဂ္ဂဝီထိ၊ နောက်တော့ ဖိုလ်ဝင်စားတဲ့ ဖလသမာပတ် ဝီထိရယ်, ပြီးတော့ စိတ် စေတသိက် စိတ္တဇ ရုပ်တွေချုပ်တဲ့ နိရောဓသမာပတ္တိဝီထိရယ်, လာလိမ့်မယ်၊ ဒါ နောက်နားကျမှ တွေ့ရလိမ့်မယ်၊ ကောင်းပြီ၊ ဒါက မဂ္ဂဝီထိချပြီးသွားပြီ။

ဒီနေ့ ရှေ့သွားကြမယ်။

ရှေ့က တဒါရုံကို သတ်မှတ်ခြင်း၊ အဲဒီတော့ အခု ဝီထိတွေ တွေ့ခဲ့ပြီနော်၊ ဝီထိတွေ တွေ့ခဲ့တော့ အတိမဟန္တာရုံမှာ တဒါရုံ ကျတယ်နော်၊ မဟန္တာရုံဝီထိမှာ တဒါရုံမကျဘူး၊ ဝိဘူတာရုံဝီထိမှာ တဒါရုံကျတယ်၊ အဝိဘူတာရုံဝီထိမှာ တဒါရုံ မကျဘူး။

ကောင်းပြီ, အဲဒီမှာ တဒါရုံသတ်မှတ်ထားတာ ကြည့်ကြရအောင်၊ တဒါရုံ မသတ်မှတ်ခင် အာရုံရဲ့ အမျိုးစားကို သိဖို့လိုသည်၊ အာရုံက အခုဒီစာရွက်ထဲမှာ ပြထားတဲ့အတိုင်း ဘယ်နှစ်ခုရှိသလဲ, အနိဋ္ဌာရုံရယ်, ဣဋ္ဌမဇ္ဈတ္တာရုံရယ်, အတိ ဣဋ္ဌာရုံရယ်, သုံးမျိုးရှိတယ်။

အနိဋ္ဌာရုံဆိုတာ အလိုမရှိအပ်တဲ့အာရုံည မနှစ်သက်အပ်တဲ့အာရုံ၊ ရိုးရိုးပြော ရင် မကောင်းတဲ့အာရုံပေါ့နော်၊ အဲဒီမကောင်းတဲ့ အာရုံကို ဘာလို့ခေါ်သလဲ, အနိဋ္ဌာရုံလို့ခေါ်တယ်။

လောကမှာအရုပ်ဆိုးတာတွေမြင်ရတယ်, မကြားချင်တဲ့ အသံတွေကြားရ တယ်, အနံ့တွေ နံစော်နေတာတွေ တွေ့ရတယ်, ဒါတွေဟာ အနိဋ္ဌာရုံတွေပေါ့နော်၊ မော်တော်ကားတိုက်တာတွေ တွေ့နေရ မြင်နေရတာ အနိဋ္ဌာရုံတွေပေါ့နော်၊ အဲဒါက အလိုမရှိအပ်တဲ့ အာရုံကို အနိဋ္ဌာရုံလို့ခေါ်တယ်။

ဣဋ္ဌမဇ္ဈတ္တာရုံဆိုတာကတော့ အလိုရှိအပ်တဲ့ အာရုံသာမာန်ပေါ့လေ၊ အလိုရှိ အပ်တာကို နှစ်မျိုးခွဲတာ, ရိုးရိုးအလိုရှိအပ်တာရယ်, အလွန်အလိုရှိအပ်တာရယ်၊ ရိုးရိုးအလိုရှိအပ်တာကို ဣဋ္ဌမဇ္ဈတ္တာရုံလို့ ဒီလိုခွဲတယ်၊ မဇ္ဈတ္တဆိုတာက အလယ်လို့

ဆိုလိုတယ်၊ အဲဒီတော့ တချို့နေရာကျတော့ အဲဒီဣဋ္ဌမဇ္ဈတ္တာရုံကိုပဲ ဣဋ္ဌာရုံလို့ ခေါ်တယ်နော်။

အဲဒါကတော့ အလွန် အလိုမရှိအပ်တဲ့ အာရုံလည်း မဟုတ်ဘူး၊ အလွန်အလိုရှိအပ်တဲ့ အာရုံလည်းမဟုတ်ဘူး၊ သာမန်အလိုရှိအပ်တဲ့ အာရုံပေါ့၊ အဲဒီလို အာရုံမျိုးကို ဣဋ္ဌမဇ္ဈတ္တာရုံလို့ ခေါ်တယ်။

အတိဣဋ္ဌာရုံတဲ့, အတိဆိုတာက အလွန်၊ အတိဣဋ္ဌာရုံဆိုတာက အလွန်အလိုရှိအပ်တဲ့အာရုံ, ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ဆိုရင် မြတ်စွာဘုရား အာရုံမျိုးပေါ့၊ အလွန်အလိုရှိအပ်တဲ့အာရုံ၊ တစ်ခါ ငယ်ရွယ်သူတွေအနေနဲ့ပြောမယ်ဆိုရင် မိန်းကလေးအဖို့ ယောကျ်ားလေးက အလွန်အလိုရှိအပ်တဲ့ အာရုံ ဖြစ်နိုင်တယ်၊ ကိုယ်သူ့ကြိုက်နေတယ်နော်၊ ယောကျ်ားလေးအဖို့ မိန်းကလေးက အလွန် အလိုရှိအပ်တဲ့ အာရုံ၊ အတိဣဋ္ဌာရုံ ဖြစ်နိုင်တယ်၊ အဲဒီလို ပထမ အာရုံသဘောကို နားလည်ရမယ်၊ အနိဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ, အတိဣဋ္ဌာရုံ။

ကောင်းပြီ, အဲဒီ ဣဋ္ဌာရုံ အနိဋ္ဌာရုံစသည် ဘယ်လိုခွဲကြမလဲ၊ အဲဒီတော့ ကျမ်းဂန်မှာဆိုတာကတော့ အလတ်တန်းစား ပုဂ္ဂိုလ်နဲ့ ညှိနှိုင်းပြီးတော့ အလိုရှိအပ်တယ်၊ အလိုမရှိအပ်ဘူး ခွဲပါတဲ့။

ဘာကြောင့်လဲဆိုတော့ သိပ်ပိုက်ဆံချမ်းသာတဲ့ သူဌေးကြီး အဖို့ကျတော့ တော်တော့်ဟာ သူ့အဖို့ အလိုရှိအပ်တဲ့ အာရုံမဖြစ်ပေဘူးနော်၊ သိပ်မွဲနေတဲ့ လူကျတော့လည်းပဲ နည်းနည်းလေးဟာ အလိုရှိအပ်တဲ့ အာရုံဖြစ်နေတယ်၊ အဲဒါကြောင့်မို့ အလိုရှိအပ်တာ အလိုမရှိအပ်တာ ခွဲတဲ့အခါမှာ အလတ်တန်းစား ပုဂ္ဂိုလ်နဲ့ ညှိနှိုင်းပြီးတော့ ခွဲပါတဲ့နော်။

လောကမှာ ယေဘူယျအားဖြင့် average အားဖြင့် ဒါက အလိုရှိအပ်တဲ့ အာရုံ ဒါက အလိုမရှိအပ်တဲ့ အာရုံလို့ သတ်မှတ်ထားတာ ရှိတယ် ဆိုပါတော့၊ ခုနက ပြောတဲ့ အပုပ်နံ့တို့ မစင်တို့ ဘာတို့ဆိုရင် ဒါ အလိုမရှိအပ်တဲ့ အာရုံပဲ၊ ဒါ ပျမ်းမျှ လူအနေနဲ့ သတ်မှတ်ထားတာနော်၊ ရုပ်ပုံလှလှလေးတို့ ဘာတို့ဆိုရင် အလိုရှိအပ်တဲ့ အာရုံပေါ့၊ ပစ္စည်းလှလှလေးဆိုရင် အလိုရှိအပ်တဲ့အာရုံပေါ့၊ ဣဋ္ဌ, အနိဋ္ဌ ဘယ်လိုခွဲသလဲ, အလတ်တန်းစား ပုဂ္ဂိုလ်နဲ့ ညှိပြီးတော့ ခွဲရမယ်တဲ့၊ အဲဒီတော့ ဒီနေ့ပေးတဲ့ ဒုတိယစာရွက်မှာကြည့် ဟုတ်လား၊ လင်္ကာကလေးရှိတယ်၊ အဲဒီမှာ–

*** အလတ်စားတန်း၊ ပုဂ္ဂိုလ်မှန်းလျက်၊ ဝိပါက်ဒွါရ၊ ချိန်ကာလနှင့်။**

အဲဒီတော့ ရှေးဆရာတွေက ဘာပြောလဲ, ဝိပါက်နှင့်လည်းပဲ ဣဋ္ဌာရုံ, အနိဋ္ဌာရုံ ခွဲတယ်တဲ့၊ ဆိုပါတော့ အကုသလဝိပါက်စိတ်တွေဖြစ်ရင် အနိဋ္ဌာရုံနဲ့ တွေ့လို့, ကုသလဝိပါက်စိတ်တွေဖြစ်ရင် ဣဋ္ဌာရုံနဲ့တွေ့လို့၊ ဒီလိုပဲ ဝိပါက်နဲ့လည်း ခွဲတယ်တဲ့။

ဒွါရနဲ့လည်းပဲ ဣဋ္ဌာရုံ အနိဋ္ဌာရုံ ခွဲလို့ရတယ်တဲ့နော်၊ ဒွါရဆိုတာ စက္ခုဒွါရ သောတဒွါရစသည်ဆိုလိုတာ။

ပတ္တမြားဆိုပါတော့ စက္ခုဒွါရမှာ ပတ္တမြားဟာ ဣဋ္ဌာရုံပဲ, အလိုရှိအပ်တဲ့ပစ္စည်း တစ်ခုပဲ၊ အဲဒီပတ္တမြားနဲ့ ခေါင်းပေါက်လို့ ခေါင်းကွဲတာကော အတွေ့အားဖြင့်တော့ သူက အနိဋ္ဌာရုံဖြစ်သွားတာပေါ့။

ထို့အတူ မစင်ပဲပြောကြပါစို့ ဟုတ်လား၊ လက်နဲ့ကိုင် မကြည့်ကောင်းလို့သာ၊ လက်နဲ့ကိုင်ကြည့်ရင် သူကပျော့ပျော့ဆိုတော့ သူက အတွေ့အားဖြင့် ဣဋ္ဌာရုံဖြစ်နိုင် တယ်၊ အဆင်းအားဖြင့် အနံ့အားဖြင့်တော့ အနိဋ္ဌာရုံပေါ့လေ၊ အဲဒီလို ဒွါရလိုက်ပြီး တော့လည်း ဣဋ္ဌာရုံ အနိဋ္ဌာရုံ ကွဲသွားနိုင်တယ်။

တချို့က အမြင်မကောင်းဘူး, အတွေ့ကောင်းတယ်၊ တချို့က အတွေ့ မကောင်းဘူး, အမြင်ကောင်းတယ်၊ အမျိုးမျိုးပေါ့လေ။

**ချိန်ကာလနှင့်,တဲ့** အချိန်လိုက်ပြီးတော့လည်း ဣဋ္ဌာရုံ အနိဋ္ဌာရုံ ခွဲလို့ရတယ်၊ နွေအခါမှာ မီးအပူဟာအနိဋ္ဌာရုံပဲနော်၊ မြန်မာပြည်အနေနဲ့ ပြောရင်ပေါ့လေ၊ ဒီမှာတော့ နွေလို့တယ် မရှိလှဘူး ဟုတ်လား၊ ဆောင်းအခါကျတော့ အအေးဟာ အနိဋ္ဌာရုံပေါ့၊ နွေအခါကျတော့ ဣဋ္ဌာရုံပေါ့၊ ဆောင်းအခါကျ ပူတာ နွေးတာက ဣဋ္ဌာရုံ၊ အဲဒီလိုအချိန်ကာလနှင့်လိုက်ပြီးတော့လည်းပဲ ဣဋ္ဌအနိဋ္ဌပြောင်းလဲသွား နိုင်တာ တွေ့ရှိတယ်တဲ့၊

**ရူပ ဂန္ဓာ၊** အဆင်းအားဖြင့် ဣဋ္ဌာရုံဖြစ်တယ်၊ အနံ့အားဖြင့် ဣဋ္ဌာရုံဖြစ်တယ် စသည်ဖြင့် အဲဒီလို **နှိုင်းချင့်ကာဖြင့်, အနိဋ္ဌာလော, ဣဋ္ဌာလော, စစ်ကြောတွေ့တိုင်းပင်။**

အာရုံတွေ တွေ့တိုင်းတွေ့တိုင်း ဒီလိုဣဋ္ဌာရုံလား အနိဋ္ဌာရုံလား ဆိုတာကို ဒီနည်းတွေနဲ့ ခွဲခြားပါ၊ ပဓာန မှတ်ထားဖို့ကတော့ အလတ်စားတန်း၊ ပုဂ္ဂိုလ်မှန်းလျက်၊ အဲဒါ မှတ်ထား၊ အလတ်တန်းစား ပုဂ္ဂိုလ်နဲ့ ညှိနှိုင်းပြီးတော့ ဣဋ္ဌလား, အနိဋ္ဌ လား ဆိုတာကို ခွဲခြားရမယ်တဲ့၊ ကောင်းပြီ, ပထမစာရွက်ပြန်သွား။

အဲဒီလို အာရုံနားလည်ပြီးတဲ့နောက်မှ ဝိပါက် သို့မဟုတ် ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ, ဝီထိထဲမှာပါတဲ့စိတ်တွေ သတ်မှတ်တာ။

အဲဒီတော့ အကယ်၍ အနိဋ္ဌာရုံကို အာရုံပြုပြီးတော့ ဝိထိကျမယ် ဆိုပါတော့နော်၊ အဲသလို ဝိထိကျရင် အဲဒီဝိထိထဲမှာပဲ ပဉ္စဝိညာဏ် (စက္ခုဝိညာဏ် သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်) သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ဟာ အကုသလဝိပါက်ဖြစ်ရမယ်၊ အဲဒီတော့ အကုသလဝိပါက် မမြင်ချင်တာမြင်ရတာ, မကြားချင်တာ ကြားရတာဟာ အကုသိုလ်ရဲ့အကျိုး။

ဒါကြောင့် အနိဋ္ဌာရုံကို အာရုံပြုပြီးတော့ ဝိထိဖြစ်ရင် အဲဒီဝိထိမှာပါတဲ့ စက္ခုဝိညာဏ်ဟာ အကုသလဝိပါက်၊ သမ္ပဋိစ္ဆိုင်းဟာ အကုသလဝိပါက်၊ သန္တီရဏဟာ အကုသလဝိပါက်၊ တဒါရုံဆိုတာကလည်း သန္တီရဏကပဲ တဒါရုံကိစ္စတပ်ပြီးဖြစ်သွားတာ, သူလည်း အကုသလဝိပါက်, အဲဒီလို ချရမယ်၊ အဲဒီလိုယူရမယ်။

အကယ်၍ ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်မယ်ဆိုရင် ခုန ပဉ္စဝိညာဏ်စသည်ကို ဘာချရမလဲ ဘာယူရမလဲ ကုသလဝိပါက်၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ,တဒါရုံ၊ ဒါဖြင့် ကိုယ်မြင်ချင်တာမြင်ရတာ ကိုယ်ကြားချင်တာကြားရတာ ကုသိုလ်ရဲ့အကျိုး၊ နောက်ဘဝက ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ရဲ့အကျိုး၊ ဒါကြောင့်မို့ မြင်ချင်တာလေး မြင်ရတယ်ဆိုရင် စက္ခုဝိညာဏ်သည် ကုသလဝိပါက်၊ သမ္ပဋိစ္ဆိုင်း ကုသလဝိပါက်၊ သန္တီရဏ ကုသလဝိပါက်၊ တဒါရုံ ကုသလဝိပါက်ပဲ။

အတိဣဋ္ဌာရုံ အလွန်ကို အလိုရှိအပ်တဲ့ ဘုရားအစရှိတဲ့ အာရုံကို တွေ့လာပြီတဲ့၊

အဲသလို ဘုရားအစရှိသော အာရုံကို တွေ့လာလို့ဝိထိကျတဲ့ အခါကျတော့ ပဉ္စဝိညာဏ်စသည် ဘာချရမလဲ၊ ကုသလဝိပါက်ပဲ၊ ကောင်းတဲ့အာရုံတွေ့တာကို၊ ကုသလဝိပါက်, စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ။

သို့သော် ဒီမှာ ထူးခြားချက်ရှိတယ်၊ သန္တီရဏနဲ့ တဒါရုံတို့ကို သောမနဿချည်းပဲ ချရမယ်တဲ့နော်၊ သန္တီရဏမှာ ကုသလဝိပါက်၊ သန္တီရဏမှာ သောမနဿတစ်ခု ဥပေက္ခာတစ်ခုပါတယ် မဟုတ်လား၊ အဲဒီမှာ သောမနဿကိုချည်းချပါတဲ့၊ ပြီးတော့ မဟာဝိပါက် တဒါရုံလည်းရှိတယ် မဟုတ်လား၊ အဲဒီ မဟာဝိပါက်ထဲကလည်း သောမနဿကိုပဲ ယူပြီး ချပါတဲ့။

ဒါက အာရုံအလိုက် ဝိပါက်စိတ်တွေကို သတ်မှတ်တာ၊ ပြန်ပြီးတော့ လေ့လာလိုက်ရင် အနိဋ္ဌာရုံနဲ့တွေ့ရင် အကုသလဝိပါက်နော်၊ ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ၊

ပဋိဃဝိညာဏ်နဲ့ သမ္ပဋိစ္ဆိုင်းကတော့ သောမနဿ ဥပေက္ခာရယ်လို့ ကွဲပြားမှု မရှိဘူး၊ ဥပေက္ခာပဲ၊ သန္တီရဏကျတော့ သောမနဿလည်းရှိတယ်၊ ဥပေက္ခာလည်း ရှိတယ်၊ တဒါရုံ သောမနဿရှိတယ်၊ ဥပေက္ခာရှိတယ်။

ကောင်းပြီ၊ အနိဋ္ဌာရုံတွေ့ရင် အကုသလဝိပါက်ချ၊ ဣဋ္ဌမဇ္ဈတ္တာရုံ သာမန် အလိုရှိအပ်တဲ့ အာရုံတွေ့ရင် ကုသလဝိပါက်ချ၊ အလွန် အလိုရှိအပ်တဲ့ အာရုံတွေ့ရင် ကုသလဝိပါက်ချ၊ သန္တီရဏနဲ့ တဒါရုံတို့ဟာ သောမနဿ ဖြစ်ရမယ်၊ ပဋိဃဝိညာဏ် ကတော့ မတတ်နိုင်ဘူး၊ သောမနဿလုပ်လို့ မရဘူး၊ ရှိမှ မရှိပဲကိုးနော်။

အဲဒီတော့ ပဋိဃဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံ, စိတ်တွေဟာ ကုသိုလ်တွေလား, အကုသိုလ်တွေလား, ကြိယာတွေလား, ဝိပါက်တွေလားဆိုရင် ဝိပါက်စိတ်တွေ၊ အဲဒီတော့ အဲဒီဝိပါက်စိတ်တွေဟာ ဘယ်အခါမှာဖြစ်ဖြစ် အာရုံ အလိုက် ဒါချည်းပဲဖြစ်ရမယ်။ regular ဖြစ်တယ်လို့ ဆိုတယ်၊ အနိဋ္ဌာရုံတွေ့ရင် အကုသလဝိပါက် သေချာတယ်၊ ဣဋ္ဌာရုံတွေ့ရင် ဣဋ္ဌမဇ္ဈတ္တာရုံတွေ့ရင် ကုသလ ဝိပါက်, အတိဣဋ္ဌာရုံတွေ့ရင် ကုသလဝိပါက်, သောမနဿဖြစ်နိုင်တဲ့ဟာ ဆိုရင် သောမနဿ၊ ဒီလို သူက မှန်တယ်၊ မှန်တယ်ဆိုတာက correct ဆိုတဲ့ အမှန်မျိုး မဟုတ်ဘူး၊ regular ဆိုတဲ့ အမှန်မျိုး။

ဒါကြောင့်မို့ ရှေးက အဆိုရှိတယ်၊ **ဝိပါက်အမှန်တဲ့၊** ဝိပါက်ကတော့ ဒါပဲ သေချာနေတယ်၊ **ဇောအပြန်တဲ့၊** ဇောကျတော့ ဖောက်ပြန်ပြောင်းလဲသွားနိုင်တယ်လို့ ဆိုလိုတယ်ပေါ့လေ၊ ဇောကျတော့ မမှန်ဘူးလို့ ဆိုလိုတယ်။

ဘာကြောင့်လဲ, အနိဋ္ဌာရုံကို တွေ့ပေမယ်လို့ ကိုယ်က အသင့်အတင့် နှလုံးသွင်းတတ်ရင် ကုသိုလ်ဇောဇောတာပဲ၊ အနိဋ္ဌာရုံတွေ့လို့ ကိုယ်က အသင့် အတင့် နှလုံးမသွင်းတတ်ဘူးဆိုရင် အကုသိုလ်ဇောဇောမယ်၊ အဲဒီတော့ အနိဋ္ဌာရုံ တွေ့လို့မို့ အကုသိုလ်ဇော ဇောရမယ်လို့ သတ်မှတ်ချက် မရှိဘူး၊ ကုသိုလ်ဇော ဇောရမယ်လို့ သတ်မှတ်ချက် မရှိဘူး၊ ဒါ ပုဂ္ဂိုလ်အပေါ် မူတည်တယ်။

ဆိုပါတော့, မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တစ်ယောက်အဖို့ ဘုရားမြင်ရရင် သူ အကုသိုလ် ဇော ဇောမယ်၊ ဘုရားဟာ အတိဣဋ္ဌာရုံ၊ သို့မဟုတ် ကိုယ် အလွန်နှစ်သက်တဲ့ မိန်းကလေး ယောကျ်ားလေး အာရုံပြုပြီးတော့ ကိုယ်နဲ့ မကြိုက်လို့ ကွဲသွားတဲ့ အခါမှာ ဒေါမနဿဖြစ်တဲ့အခါမှာ အကုသိုလ်ဇော ဇောမယ်၊ သိပ်ကြိုက်နေတဲ့ အခါ အကုသိုလ်ဇောပဲ၊ လောဘဇောပဲဇောမယ်၊ သို့မဟုတ် အသင့်အတင့် နှလုံး သွင်းနိုင်တဲ့အခါမှာ ကုသိုလ်ဇောဇောမယ်။

အဲဒါကြောင့်မို့ ဇောကတော့ ဒီဇောသာဇောရမယ်၊ ကုသိုလ်ဇောသာဇောရမယ်၊ သို့မဟုတ် အကုသိုလ်ဇောသာ ဇောရမယ်လို့ သတ်မှတ်ထားချက် မရှိဘူး။

ဒါကြောင့်မို့ **ဝိပါက်အမှန်၊ ဇောအပြန်** ဆိုတဲ့ ရှေးစကားရှိတယ်၊ ဝိပါက်ကတော့ ဒါပဲ၊ တခြားဟာကို ပြောင်းလွဲလို့မရဘူး၊ ဇောကျတော့ အပြန်အလှန်လုပ်လို့ရတယ်ပေါ့၊ ကုသိုလ်နဲ့ အကုသိုလ်၊ ဝိပါက်အမှန် ဇောအပြန်တဲ့။

ယောနိသောမနသိကာရ အသင့်အတင့် နှလုံးသွင်းတတ်ရင် ကုသိုလ်ဇောဖြစ်တယ်၊ အယောနိသော မနသိကာရ အသင့်အတင့် နှလုံးမသွင်းတတ်ရင် အကုသိုလ်ဇောဖြစ်တယ်။

အနိဋ္ဌာရုံတွေ့ပေမယ်လို့ ကုသိုလ်ဇောဖြစ်နိုင်တာပဲ၊ အသုဘကောင်ကြီးကို ကြည့်ပြီး ကမ္မဋ္ဌာန်းစီးဖြန်းနေရင် ကုသိုလ်ဇောဖြစ်တာပဲ၊ အသုဘကောင်ကြည့်ပြီး အကုသိုလ်ဖြစ်ရင် ကမ္မဋ္ဌာန်းကို မဟုတ်တော့ဘူး၊ ဣဋ္ဌာရုံတွေ့နေပေမယ်လို့ တစ်ခါတလေ ကိုယ်က မကြိုက်ရင် အကုသိုလ်ဇော ဇောနိုင်တာပဲ၊ ကြိုက်တော့လည်း ကြိုက်လို့ တစ်ခါလောဘဇောဖြစ်နိုင်တာပဲ၊ အသင့်အတင့် နှလုံးသွင်းခိုင်းပြန့်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သဘောရှုနိုင်တော့ ကုသိုလ်ဇောဇောတယ်၊ အဲဒီလို ဇောကတော့ မမှန်ဘူး၊ မသေချာဘူး၊ မရေရာဘူးနော်၊ ဒါကြောင့် **ဝိပါက်အမှန်၊ ဇောအပြန်တဲ့။**

ဒါကြောင့်မို့ ဝိထိတစ်ခု တွေ့လာပြီဆိုရင် ပထမအာရုံကို ကြည့်လိုက်၊ ဣဋ္ဌာရုံလား၊ အနိဋ္ဌာရုံလား၊ အနိဋ္ဌာရုံဖြစ်ပြီဆိုရင် ဝိပါက်စိတ်တွေအတွက်က အကုသလဝိပါက်ပဲ ချရတော့မယ်၊ မျက်စိမှိတ်ချရော့၊ ဒါမှန်ပြီ၊ ဇောကျတော့ မသိနိုင်ဘူး၊ ကုသိုလ်ဇောလည်းဖြစ်နိုင်တယ်၊ အကုသိုလ်ဇောလည်းဖြစ်နိုင်တယ်၊ ဝိပါက်အမှန်ဇောအပြန်တဲ့။

ကိုင်း နောက်တစ်ခုက ဇော နောင်၊ တဒါရုံ သတ်မှတ်ချက်ကိုလဲ နားလည်ရဦးမယ်တဲ့၊ အတိမဟန္တာရုံဆိုရင် ဇော နောင် တဒါရုံနှောင်းတယ် မဟုတ်လား၊ မဟန္တာရုံမှာတော့ တဒါရုံ မပါဘူးနော်၊ အတိမဟန္တာရုံ ဝိထိမျိုးဆိုရင်၊ ပြီးတော့ ဝိဘူတာရုံဝိထိမျိုးဆိုရင် ဇော နောင်၊ တဒါရုံ လိုက်တာ၊ အဲဒီလို လိုက်တဲ့အခါမှာ အမှတ်မရှိ ဇော နောင်၊ အမှတ်မရှိ တဒါရုံလိုက်လို့ မရဘူး၊ ဘယ်လို သတ်မှတ်ထားတုန်း၊ လောဘမူစိတ် ၈–ခု၊ မောဟမူစိတ် ၂–ခုဆိုတဲ့ အကုသိုလ်ဇော၊ ဒီဇောတို့ နောင် တဒါရုံ ၁၁–ခု အကုန်လုံး နှောင်းနိုင်တယ်၊ အကုန်လုံးဆိုတာက one of them ပေါ့လေ၊ တစ်ခါတလေ မဟာဝိပါက်

ပထမဖြစ်မယ်၊ တစ်ခါတလေ မဟာဝိပါက်ဒုတိယဖြစ်မယ် စသည်ပေါ့လေ၊ တဒါရုံ ၁၁–ခုလုံး နှောင်းနိုင်တယ်။

ဒေါသဇော ၂–ခုနှောင်ကျတော့ ဥပေက္ခာတဒါရုံ ၆–ခုပဲ နှောင်းနိုင်တယ်၊ သောမနဿမနှောင်းနိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ သူတို့ချင်းသောမနဿနဲ့ ဒေါမနဿက သိပ်ကို ဆန့်ကျင်လွန်းတယ်၊ ဒါကြောင့်မို့ ဒေါမနဿဇော နှောင် သောမနဿ တဒါရုံကပ်ပြီးတော့ မလိုက်နိုင်ဘူး၊ ဥပေက္ခာဆိုတာကတော့ သူကတော့ ဟိုဘက်လည်းမျှ ဒီဘက်လည်းမျှ bumper လို ဖြစ်နေတယ်၊ ဒါကြောင့်မို့ ဥပေက္ခာတဒါရုံ ၆–ပါး နှောင်းနိုင်တယ်။

**မေး** – ဥပေက္ခာ တဒါရုံ ၆–ပါးဆိုတာက ဘယ်ဟာတွေပါလဲဘုရား။

**ဖြေ** – (ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂–ပါး၊ မဟာဝိပါက် ဥပေက္ခာ ၄–ပါး၊ ပေါင်း ၆–ပါး)

ပြီးတော့ ဘဝင်လိုက်ရင်လည်းပဲ ဥပေက္ခာဘဝင် လိုက်ရမယ်၊ ဒေါသဇော နှောင်းဖို့ သောမနဿဘဝင် မကျနိုင်ဘူးလို့ဆိုတယ်၊ ဒေါသဇော နှောင် ဥပေက္ခာ ဘဝင်ကျတယ်၊ သောမနဿ ဘဝင်မကျရဘူး၊ ဒါလည်းမှတ်ထားနော်၊ တော်ကြာကျ လာလိမ့်မယ်၊ အခက်ခဲလေးပေးလိမ့်မယ်။

မဟာကုသိုလ်ဇော ၈–ခု နှောင် တဒါရုံ ၁၁–ပါးလုံး နှောင်းနိုင်တယ်တဲ့၊ သောမနဿသဟဂုတ် မဟာကြိယာ ဇော ၄–ခု၊ ဟသိတုပ္ပါဒ်၊ ၎င်းတို့နှောင်တဲ့ သောမနဿ တဒါရုံငါးပါးနှောင်းနိုင်တယ်တဲ့၊ သောမနဿ နှောင် သောမနဿပေါ့၊ သောမနဿ မဟာကြိယာဇော ၄–ခုရှိတယ်၊ ပြီးတော့ ဟသိတုပ္ပါဒ် ၁–ခုရှိတယ်၊ ဒီ ၅–ခုနှောင်း သောမနဿ တဒါရုံ ငါးခု၊ သောမနဿ တဒါရုံ ၅–ခုဆိုတော့ သန္တီရဏ၁–ခုနဲ့ မဟာဝိပါက်ထဲက ၄–ခု။

ဥပေက္ခာ မဟာကြိယာဇော ၄–ခု နှောင် ဥပေက္ခာတဒါရုံ ၆–ခု နှောင်းနိုင်တယ်၊ အဲဒီတော့ အတိမဟန္တာရုံ ဝိဘူတာရုံမှာ ဝီထိချလိုက် တဲ့အခါမှာ ဇော ၇–ကြိမ် တဒါရုံ ၂–ကြိမ်ဆိုရင် ပထမဇောကိုကြည့်ရမယ်၊ ပထမဇောက ဘာဇောလဲ၊ လောဘဇောဆိုရင် တဒါရုံ ၁၁–ကြိက်ရာချ ရပြီ၊ မောဟမူဇောဆိုရင်လည်း ကိစ္စမရှိဘူး၊ ဒေါသဇောဟော့ ဆိုရင်တော့ သောမနဿ တဒါရုံမလာခဲ့နဲ့၊ ဥပေက္ခာ တဒါရုံချ၊ အကယ်၍ ဘဝင်ချရဦးမယ်ဆိုရင်လည်းပဲ ဥပေက္ခာဘဝင်ပဲချ၊ မဟာကုသိုလ်ဇော နှောင်ဆိုရင်ကော တဒါရုံ ၁၁–လုံးရမယ်၊ မဟာကြိယာ သောမနဿနဲ့ ဟသိတုပ္ပါဒ် နှောင်ဆိုရင် သောမနဿတဒါရုံချ၊ ဥပေက္ခာမဟာကြိယာ နှောင်မှာဆိုရင်

ဥပေက္ခာ တဒါရုံချ၊ ကောင်းပြီ။

ပြီးတော့ နောက်တစ်ခု နားလည်ရမှာက ဘဝတစ်ခုမှာ ပဋိသန္ဓေ, ဘဝင်, စုတိတို့ဟာ တစ်မျိုးတည်း, တစ်ခုတည်းသာ ဖြစ်ရတယ်တဲ့၊ ဆိုလိုတာကတော့ မဟာဝိပါက်ပထမစိတ်နဲ့ ပဋိသန္ဓေနေခဲ့တယ်ဆိုရင် တစ်သက်လုံးမှာဖြစ်တဲ့ ဘဝင်စိတ်ဟာ မဟာဝိပါက်ပထမစိတ်ပဲ၊ စုတိစိတ်ဟာလည်း မဟာဝိပါက် ပထမစိတ်ပဲ၊ အဲဒီလို တစ်ခုထဲဖြစ်ရမယ်။

ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ ဘုံအားဖြင့်ဖြစ်စေ, ဇာတ်အားဖြင့် ဖြစ်စေ, သမ္ပယုတ်အားဖြင့်ဖြစ်စေ, သင်္ခါရအားဖြင့်ဖြစ်စေ, တူရမယ်တဲ့၊ ဒီမှာကတော့ ကာမာဝစရ ဝိပါက်စိတ်နဲ့ ပတ်သက်ပြီးတော့သာ ပြောနေတာ၊ အမှန်ကတော့ ရူပါဝစရ အရူပါဝစရကော ထည့်ပြောမယ်ဆိုရင်တော့ အကုန်လုံးပါသွားတာပေါ့။

အဲဒီတော့ ကာမဝိပါက်နဲ့ ပဋိသန္ဓေနေတယ်ဆိုပါတော့, ဘဝင်ကလည်း ကာမဝိပါက်ပဲ၊ စုတိကလည်း ကာမဝိပါက်ပဲနော်။

အသင်္ခါရိကနဲ့ပဋိသန္ဓေနေတယ်ဆိုရင် ဘဝင်ကလည်း အသင်္ခါရိစိတ် စုတိကလည်း အသင်္ခါရိကစိတ်ပဲ၊ ဘဝတစ်ခုမှာ ပဋိသန္ဓေ, ဘဝင်, စုတိဟာ အမှန်ကတော့ တစ်ခုထဲ တစ်မျိုးတည်းပေါ့လေ၊ ပထမဆုံးဖြစ်တဲ့စိတ်ကို ဆက်စပ်ပေးလိုက်တဲ့ အတွက်ကြောင့် ပဋိသန္ဓေလို့ခေါ်လိုက်တယ်၊ နောက်ဆုံးဖြစ်တဲ့စိတ်ကျတော့လည်းပဲ ရွေ့လျောသွားတဲ့အတွက်ကြောင့်မို့ စုတိစိတ်လို့ခေါ်လိုက်တယ်၊ ကြားမှာဖြစ်တဲ့ စိတ်တွေကျတော့လဲ ဘဝပြတ်မသွားအောင် ထောက်ပံ့ပေးတဲ့အတွက်ကြောင့်မို့ ဘဝင်စိတ်လို့ခေါ်တယ်နော်၊ ကောင်းပြီ။

ဘဝတစ်ခုမှာ ပဋိသန္ဓေ,ဘဝင်,စုတိတို့ဟာ တစ်မျိုးတည်း တစ်ခုတည်း ဖြစ်ရမယ်နော်၊ နောက်တစ်ခု ထပ်သိဖို့က ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါးစုံမှသာ တဒါရုံ ကျနိုင်တယ်တဲ့၊ အတိမဟန္တာရုံ ဝီထိဆိုပါတော့, အဲဒီအတိမဟန္တာရုံဝီထိမှာ အာရုံကလည်းပဲ ကာမာဝစရ အာရုံဖြစ်ရမယ်တဲ့၊ ကာမစိတ် ၅၄-ပါး၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ အဲဒါကို ကာမအာရုံလို့ခေါ်တယ်၊ ပြီးတော့ ကာမသတ္တဝါလည်း ဖြစ်ရမယ်၊ ဇောကလည်း ကာမဇော နောင်ဖြစ်ရမယ်၊ အဲဒီ ၃-ပါးစုံမှ တဒါရုံကျတယ်တဲ့၊ ဒါကြောင့်မို့ တဒါရုံက ဗြဟ္မာတွေမှာ မကျနိုင်ဘူးနော်၊ ဒီကာမာဝစရမှာပဲ ကာမတရားကို အာရုံပြုတာ မဟုတ်ပဲနဲ့ မဟဂ္ဂုတ်တရား အာရုံပြုတယ်၊ လောကုတ္တရာတရား အာရုံပြုမယ်ဆိုရင်လည်းပဲ တဒါရုံမကျနိုင်ဘူး၊ ဒါကြောင့်မို့ ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃-ပါးစုံမှ။

ဈာန်နောင်မှာ တဒါရုံကျခဲ့လား, မကျဘူး၊ မဂ်နောင်လည်း မကျဘူး၊ သူတို့က ကာမဇောမှ မဟုတ်ပဲ။

ဒါကြောင့်မို့ ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ၃–ပါးစုံမှသာ တဒါရုံ ကျနိုင်တယ်၊ တစ်ခါ ဘယ်လိုဝီထိမျိုးမှာမှ တဒါရုံ ကျနိုင်သလဲ၊ အတိမဟန္တာရုံနဲ့ ဝိဘူတာရုံ၊ ဒါ နောက်ကတွေ့ခဲ့ပြီးပါပြီ၊ ဒီ အာရုံများမှာသာ တဒါရုံ ကျနိုင်တယ်။

ဒါ အခြေပြုပြီး ပြောနေတာနော်၊ တော်ကြာကျ ပြဿနာဖော်တော့မှာမို့၊ အဲဒီပြဿနာဖြေရှင်းဖို့က ဒီအခြေခံကို နားလည်မှ ပထမပြဿနာကို နားလည်မယ်၊ ဖြေရှင်းတာကတော့ သူစာရှိတဲ့အတိုင်း ပြောလိုက်ရင် လွယ်ပါတယ်၊ ဘာကြောင့် ပြဿနာဖြစ်ရသလဲဆိုတာက ဒီအခြေခံ နားလည်မှဖြစ်မယ်။

ကောင်းပြီတဲ့နော်၊ အခုပြဿနာတစ်ခု ဖော်တော့မယ်။

အဲဒီတော့ တစ်ဘဝမှာ ပဋိသန္ဓေ,ဘဝင်,စုတိ တူတယ်နော်၊ သောမနဿ ဖြင့်လည်း သောမနဿ, ဥပေက္ခာဖြင့်လည်း ဥပေက္ခာ၊ ကောင်းပြီ၊ ဒီတော့ ကာမဇော, ကာမသတ္တဝါ ,ကာမအာရုံ ၃–ပါးစုံမှ ၎ဒါရုံကျတယ်နော်၊ ပြီးတော့ အတိမဟန္တာရုံ၊ ဝိဘူတာရုံမှာသာ တဒါရုံကျတယ်။

လူတစ်ယောက် သောမနဿဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေခဲ့တယ်၊ အဲဒီ သောမနဿ ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် အဲဒီသူဟာ မိစ္ဆာဒိဋ္ဌိပဲ ဆိုကြပါစို့၊

အဲဒီတော့ မြတ်စွာဘုရားတည်းဟူသော အတိမဟန္တာရုံကို တွေ့ပြီးတော့ ဒေါသဖြစ်တယ်၊ ဒေါသဇော ဇောပါပြီတဲ့ တဒါရုံကျမလား, မကျဘူးလား, သောမနဿ ပဋိသန္ဓေ၊ အာရုံက အတိဣဋ္ဌာရုံ၊ ဇောက ဒေါသဇော၊ ဘာ တဒါရုံ ကျမလဲ၊ သောမနဿ တဒါရုံချမလား၊ ဒေါသဇော နောင် သောမနဿ တဒါရုံ လိုက်နိုင်လား မလိုက်နိုင်ဘူးနော်၊ ဥပေက္ခာတဒါရုံ ချမလား၊ အာရုံနဲ့ ပြန်ညှိစမ်း၊ အတိဣဋ္ဌာရုံမှာ ဥပေက္ခာ ရှိရဲ့လား၊ အတိဣဋ္ဌာရုံဆိုရင် သောမနဿ တဒါရုံသာချရမှာ မဟုတ်လား၊ အခက်အခဲတွေ့နေပြီ၊ သောမနဿ တဒါရုံ မချနိုင်ဘူး၊ ဘာကြောင့်တုန်း ဇောနဲ့ မလျော်ဘူး၊ ကပ်လျက်ဇောနဲ့ မလျော်နိုင်ဘူး။

ဥပေက္ခာတဒါရုံမချနိုင်ဘူး၊ ဘာကြောင့်တုန်း, အာရုံနဲ့ မလျော်ဘူး၊ အဲဒါကြောင့်မို့ ဒီဝီထိမှာ တဒါရုံ မဖြစ်ဘူးဆိုပါတော့၊ ကိုင်း, ထားဦး၊

မင်း တဒါရုံတော့ မဖြစ်ချင်နေကွာ၊ ဘဝင်ကတော့ လာကို လာရမယ်၊ မလာလို့မရဘူး၊အဲဒီဘဝင်ကော ဘာချမလဲ၊ ဥပေက္ခာဘဝင်ချရမယ်၊ ဒါပေမယ့်

သူက မူရင်း ပဋိသန္ဓေနေတုန်းက သောမနဿနဲ့ နေခဲ့တယ်၊ သောမနဿဘဝင် ချမယ်ဆိုရင်တော့လည်း ဇောနဲ့မလျော်ဘူး၊ ဥပေက္ခာဘဝင်ချမယ်ဆိုတော့လည်း ပဋိသန္ဓေနဲ့ မလျော်ဘူး၊ ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီအတိုင်း တိုးလို့တန်းလန်းကြီးနဲ့ ဒီဝီထိဟာ ပြီးရော့လားတဲ့ဆိုတော့ အာဂန္တုက ဘဝင်ဆိုပြီးတော့ ညှော်သည်ဘဝင် ခေတ္တဘဝင် အငှားချပေးပါတဲ့။

အဲဒီ ခေတ္တ အငှားဘဝင်က ဘယ်စိတ်ဖြစ်ရမလဲဆိုရင် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ဖြစ်ရမယ်တဲ့၊ မူလကျနေကျ ဘဝင်မျိုးမဟုတ်ဘူး၊ သူက အခက်အခဲ တွေ့လို့ ဖြေရှင်းပေးတဲ့ဘဝင်မျိုး၊ ခေတ္တခဏလာတဲ့ ညှော်သည်မျိုးမို့ သူ့ကိုအာဂန္တုက ဘဝင်လို့ ခေါ်တယ်၊ အဲဒီ အာဂန္တုက ဘဝင်ကိစ္စတပ်ပြီးတော့ ဥပေက္ခာသန္တီရဏ၊ ဘဝင်အနေနဲ့ပဲ ကျပေးရတယ်။

အဲဒီတော့ မူလ သောမနဿဘဝင်လည်း မချနိုင်ဘူး၊ ဒေါသဇောနဲ့ ဇောနဲ့ ကေန် လိုက်လျောတဲ့ ဥပေက္ခာလည်း မဟုတ်ဘူး၊ ကြားလူတစ်ယောက်က ဝင်ပြီးတော့ ဒီနေရာမှာ ဘဝင်ကိစ္စ ဆောင်ရွက်ပေးရတယ်။

အဲဒါ ချတော့ ဥပေက္ခာပဲ ချရတယ်၊ ဒါပေမယ့် ဥပေက္ခာက ရိုးရာချတဲ့ ဥပေက္ခာဘဝင် မဟုတ်ပဲနဲ့ အာဂန္တုကဘဝင်တဲ့၊ အဲဒီလိုရှိတယ်၊ ဒါဟာ အခက်အခဲ ကြုံတဲ့အခါမှာ ကျရတဲ့ဘဝင်မျိုး။

ဒါမျိုးကလည်း ခဏခဏဖြစ်နိုင်တယ်၊ အလွန် အလိုရှိအပ်တဲ့ အာရုံမျိုး မြင်ပြီးတော့ စိတ်ဆိုးတာတွေဖြစ်နိုင်တာပဲ၊ ပြီးတော့ ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့သူ မျိုးပေါ့၊ သောမနဿတွေမျိုး များခဲ့တယ်ဆိုရင် ဒီလူပဋိသန္ဓေဟာ သောမနဿနဲ့ နေခဲ့တာလို့တော့ မှန်းရတာပေါ့လေ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးဆိုရင် အဲဒီလို ခဏခဏ တွေ့မှာပဲ။

အဲဒီလိုတွေ့ရင် အခု ပြဿနာကို နားလည်ပြီ မဟုတ်လား၊ ပဋ္ဌမတဒါရုံကို ကြည့်လိုက် ဒေါသဇောနောင် တဒါရုံ မချနိုင်ဘူး၊ ဥပေက္ခာတဒါရုံချမယ်ဆိုရင်လည်း အာရုံနဲ့မလျော်ဘူး၊ အာရုံက အတိဣဋ္ဌာရုံဖြစ်နေလို့၊ သောမနဿတဒါရုံ ချမယ် ဆိုရင်လည်းပဲ ဒေါသဇောနဲ့ မလျော်ဘူး၊ ဒါကြောင့် တဒါရုံဖြစ်ခွင့် မရှိဘူး။

ကောင်းပြီ, တဒါရုံဖြစ်ခွင့် မရှိရင် ဘဝင်ဖြစ်ရမယ်၊ ဘဝင်ကျတော့ကော ရိုးရိုးဥပေက္ခာဘဝင်ချရင်ချလို့ကို မရဘူး၊ သူ့ရဲ့ပဋိသန္ဓေက သောမနဿဘဝင်ကိုး၊ ဟုတ်တယ် မဟုတ်လား။

အဲဒီတော့ ပဋိသန္ဓေတုန်းက ဖြစ်ခဲ့တဲ့ဘဝင်ကို ဒီမှာလာချလို့ မရဘူး၊

သောမနဿလည်း ချလို့မရဘူး၊ ဥပေက္ခာလည်းချလို့မရဘူး၊ အဲဒီတော့ ရိုးရိုးဘဝင် regular ဘဝင်ချမရတော့ အာဂန္တုက ဘဝင်ဆိုပြီးတော့ ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်ဖြစ်ပေးရတယ်၊ သူဟာ ဒီနေရာမှာ ဘာကိစ္စကို ဆောင်ရွက်ရသလည်း ဆိုရင် ပဋိသန္ဓေလည်း မဟုတ်ဘူး၊ စုတိလည်း မဟုတ်ဘူး၊ ပြီးတော့ ဒီနေရာက သန္တီရဏနေရာမဟုတ်တဲ့ အတွက်ကြောင့်မို့ သန္တီရဏကိစ္စလည်း မတပ်ဘူး၊ တဒါရုံနေရာ မဟုတ်တဲ့အတွက်ကြောင့်မို့ တဒါရုံကိစ္စလည်း မတပ်ဘူး၊ သူ့မှာ ၅ ကိစ္စရှိတာ မဟုတ်ဘူးလား၊ ကိစ္စသင်္ဂဟ ပြန်ကြည့်ရင် သန္တီရဏဟာ ၅-ကိစ္စ တပ်တယ်၊ အဲဒီငါးကိစ္စတပ်တဲ့အထဲက တစ်ခုစီ ဖယ်ထုတ်လိုက်၊ ပဋိသန္ဓေတော့ မဖြစ်နိုင်ဘူး၊ စုတိလည်းမဖြစ်နိုင်ဘူး၊ သန္တီရဏလည်း မဖြစ်နိုင်ဘူး၊ တဒါရုံလည်း မဖြစ်နိုင်ဘူး ဆိုတော့ ဘာကျန်တော့သလဲ၊ ဘဝင်ပဲ ကျန်တော့တယ်၊ ဘဝင် ကိစ္စတပ်တယ်၊ ဒါကြောင့်မို့ အာဂန္တုက ဘဝင်ဖြစ်တယ်တဲ့နော်၊ ဒါဟာ တဒါရုံနဲ့ ပတ်သက်ပြီးတော့ အခက်အခဲတွေ့တဲ့အခါမှာနော်။

ကောင်းပြီ, ဒါက သင်္ဂြိုဟ်ကျမ်းမှာ လာသလောက်ကတော့ ရိုးရိုးလေး ဒါလေးပဲ၊ ဒါပေမယ်လို့ အဖွင့်ကျမ်းတွေမှာတော့ ဒီထက် ကျယ်ကျယ်ဝန်းဝန်း ဆိုထားတာတွေရှိတယ်၊ ဒါနောက် စာရွက်မှာ အာဂန္တုက ဩ့သည် ဘဝင်ဆိုပြီးတော့ လင်္ကာကျက်ထားလို့ ရရင်တော့ သိပ်ကောင်းတယ်၊ ပြီးတော့မှ အာဂန္တုက ဘဝင် ကျတဲ့ အတိမဟန္တာရုံ ဝီထိ ချကြဦးမယ်။

**လင်္ကာ * "သောမနဿ်သန္ဓေ, စွဲကပ်နေ၍, ယူလေမိစ္ဆာ, ရှိသူမှာလျှင်, လွန်စွာတင့်ဘိ, အတိဣဋ္ဌာန်, တိမဟန္တ, ဝိဘူတဟု, ဗုဒ္ဓအာရုံ, ကြုံသော်လည်း, ကောင်း"**

နဂိုတုန်းက သောမနဿနှင့် ပဋိသန္ဓေနေခဲ့တယ်တဲ့နော်၊ ဒါပေမယ့် သူက မိစ္ဆာအယူရှိတယ်၊ ရှိတော့ အလွန်ကို တင့်တယ်တဲ့ အတိဣဋ္ဌာရုံလည်း ဖြစ်၊ အတိမဟန္တ သို့မဟုတ် ဝိဘူတလည်းဖြစ်တဲ့ ဘုရားအာရုံကြုံပြီတဲ့၊ ဟိုးနောက်ကို သွားစပ်ရမယ်၊ ကြုံသော်လည်းကောင်းကို **"ဒေါသဇောသို့, ဇော၍ပြီးတုံ"** အဲဒီချည်း သွားသွားစပ်ရမယ်၊ ဒါက ဝီထိတစ်မျိုးပေါ့၊ ပြဿနာတစ်ခု-

တစ်ခါ **"တစ်ကြောင်းကမူ, အဝိဘူတ, မဟန္တဟု, ကာမအာရုံ, ဆုံလေ တစ်ရပ်"**

ဒါကလည်းပဲ သောမနဿ သန္ဓေစွဲကပ်နေ၍ကတော့ လာလာပြီးတော့ စပ်ရမယ်။

သောမနဿနဲ့ ပဋိသန္ဓေနေခဲ့တယ်၊ အဲဒီပုဂ္ဂိုလ်မှာ အဝိဘူတအာရုံ မဟန္တအာရုံ ဆိုတဲ့ ကာမအာရုံနဲ့ တွေ့တယ်, တွေ့ပြီးတော့ ဒေါသဇော ဇောတယ်။

*** သမာပတ်ကို, ရလတ်ပြီးမှ, ကွယ်ပသည့်ဈာန်, အာရုံခံလျှင်း, မယွင်းတစ်ခု။**

ဈာန်ရပြီးသား ပုဂ္ဂိုလ်တစ်ယောက် ဈာန်ရပြီးတဲ့နောက်မှာ သမာပတ်ဆိုတာ ဈာန်နဲ့တူတယ်၊ ကွယ်ပသည့်ဈာန်ဆိုတာ ဈာန်လျောသွားတာပေါ့၊ ဈာန်လျော သွားတယ်၊ ဈာန်ကွယ်သွားတဲ့ အခါကျတော့ အဲဒီဈာန်ကို အာရုံပြုပြီး ဩော်– ငါ ဒီဈာန်မှ ဆုံးရှုံးရလေခြင်း ဆိုပြီးတော့ ဒေါမနဿ နှလုံးမသာမယာဖြစ်တယ်၊ ဒေါသဇောပေါ့။

*** သမာပတ်ကို, ရလတ်ပြီးမှ, ကွယ်ပသည့်ဈာန်, အာရုံခံလျှင်း, မယွင်းတစ်ခု။**

ဒါကလဲ ဒေါသဇောတို့ ဇောချပြီးတုံ သွားသွားစပ်ရမယ်။

နောက်တစ်ခုက **"ပညတ်စုကို ရှုလေတလော"** ပညတ်တစ်ခုခုကို စုပြီးတော့ ဒေါသဇောဖြစ်မယ်တဲ့၊ ဒါကလည်းပဲ သောမနဿ ပဋိသန္ဓေစွဲကပ်နေတာ အကုန် လိုက်၊ ဒါကြောင့် အခု ဒီမှာ ၄–မျိုးပေးထားတယ်၊ သောမနဿ ပဋိသန္ဓေနေခဲ့တယ်၊ မိစ္ဆာအယူရှိပြီးတော့ အတိမဟန္တာရုံ, ဝိဘူတာရုံဆိုပြီးတော့ မြတ်စွာဘုရား အာရုံကြုံ ပြီးတော့ ဒေါသဇောဖြစ်တယ်။

နောက်တစ်ယောက် သောမနဿ ပဋိသန္ဓေနေခဲ့တယ်၊ အဝိဘူတအာရုံ, မဟန္တာအာရုံ, ကာမအာရုံတွေ့ပြီးတော့ ဒေါသဇောဇောတယ်။

နောက်တစ်ယောက် သောမနဿ ပဋိသန္ဓေနေခဲ့တယ်၊ ဈာန်တွေရတယ်၊ ဈာန်လျောကျတယ်၊ အဲဒီဈာန်တွေကို အာရုံပြုပြီးတော့ ဒေါသဇောဇောတယ်။

နောက်တစ်ယောက် သောမနဿ ပဋိသန္ဓေနေခဲ့တယ်၊ ပညတ်တစ်ခုခုကို ရှုပြီးတော့ အာရုံပြုပြီးတော့၊ ဒေါသဇောပဲ ဇောပြန်တယ်။

ကောင်းပြီ အဲဒီလိုဖြစ်လို့ **"ဒေါသဇောတို့, ဇောချပြီးတုံ"** ဒေါသဇောကတော့ ဇောပြီးပြီတဲ့၊ ဇောပြီးရင် တဒါရုံချရမလား၊ မချရဘူးလားတဲ့ ဆိုတော့ ပထမဟာဆိုရင် တဒါရုံချခွင့်ရှိတဲ့ ဝီထိဖြစ်နေတယ်၊ အတိမဟန္တ, ဝိဘူတ၊ သို့သော် ဘာတဲ့တုန်း၊ **"တဒါရုံကား, အာရုံနှင့်သော်, မသင့်တော်ခဲ့"** ဆိုလိုတာကတော့ တဒါရုံချရင် ဇော နောင်ဆိုတော့ သူက ဥပေက္ခာတဒါရုံချရမှာကို၊ အာရုံက အတိဣဋ္ဌာရုံ ဖြစ်နေတော့ ချလို့မရဘူးနော်။

**"တဒါရုံကား, အာရုံနှင့်သော်, မသင့်တော်ခဲ့"**

အဲဒီတော့ တခြားဘာတွေကျ တဒါရုံချဦးမလားမချဘူးလားလို့ မေးဖို့တောင်

မလိုဘူး၊ ဘာလို့လည်းဆိုတော့ တဒါရုံမဖြစ်တဲ့ ဝီထိတွေမို့၊ အဝိဘူတ မဟန္တအာရုံတို့ ဈာန်အာရုံတို့ ပညတ်အာရုံတို့ကျတော့ နဂိုကတည်းကိုက တဒါရုံကျတဲ့ ဝီထိတွေ မဟုတ်ဘူးနော်၊ ဒါကြောင့်မို့ တဒါရုံနဲ့ ပတ်သက်ပြီးတော့ စကားပြောရင် ပထမ အတွက်နဲ့ပဲ စကားပြောရမယ်။

**တဒါရုံကား, အာရုံနှင့်သော်, မသင့်တော်ခဲ့, ချင့်မျှော်တခင်း, ဘဝင်ဆင်း လည်း"**တဲ့။

ကိုင်း ဒါဖြင့်ရင် တဒါရုံမကျနိုင်ရင် တဒါရုံဖယ်ထား၊ ဘဝင်ချကြစို့၊ **ချင့် မျှော်တခင်း, ဘဝင်ဆင်းလည်း, မူရင်းသန္ဓေ, မလျော်ပေတည့်။**

ဘဝင်ချမယ်ဆိုရင်လည်းပဲ သူက ဥပေက္ခာဘဝင်ချရမှာကိုး၊ မူရင်းက သောမနဿ ပဋိသန္ဓေဖြစ်နေတယ်နော်။

ဒါကြောင့် **ချင့်မျှော်တခင်း, ဘဝင်ဆင်းလည်း, မူရင်းသန္ဓေ, မလျော်ပေတည့်, သို့နေခက်ခဲ, အချက်ထဲဝယ်,** တဲ့ အခက်အခဲတွေ့နေပြီတဲ့၊

**ဆက်တွဲဟန်ပြု, အာဂန္တုဟု,တစ်ခုဘဝင်, စပ်ကြားဝင်သည်, အရှင်ဆရာ မိန့်ခွန်းတည်း။**

ဒါ–ဆရာတွေ ဒီလိုပဲ ပြောကြတယ်လို့ ဆိုလိုတယ်ပေါ့၊

ဒီအလင်္ကာလေး သိပ်ကောင်းတယ်၊ အာဂန္တုက ဘဝင်ကျတာနဲ့ ပတ်သက်ပြီး တော့ ဝီထိလေးမျိုး ဒီမှာရှိတယ်ပေါ့။

အတိဣဋ္ဌာရုံ, အတိမဟန္တ, ဝိဘူတ, ဒီမှာတွေ့ပြီးတော့ အာဂန္တုက ကျ တယ်နော်၊ တစ်ခုက အဝိဘူတအာရုံ, မဟန္တအာရုံ ကာမအာရုံတွေ့ပြီးတော့ အာဂန္တုကဘဝင် ချရတယ်။

နောက်တစ်ခုက မဟဂ္ဂုတ်အာရုံ၊ **ကွယ်ပသည့်ဈာန်, အာရုံခံလျှင်, မယွင်းတစ်ခု**ဆိုတော့ ဈာန်ဆိုတာဘာလဲ, မဟဂ္ဂုတ် အာရုံ မဟုတ်လား၊ မဟဂ္ဂုတ် အာရုံ။

နောက်တစ်ခု **"ပညတ်စုကို ရှုလေတလော"**ဆိုတော့ ပညတ်အာရုံ, ဒါတွေကို အာရုံပြုပြီးတော့ ဒေါသဇော စောမယ်တဲ့နော်၊ ဒေါသဇောစောလာရင် တဒါရုံတချို့ ဝီထိမှာ တဒါရုံချခွင့်တော့ ရှိပါရဲ့၊ ဒါပေမယ်လို့ ချလို့မဖြစ်, **"အာရုံနှင့်သော် မသင့်တော်ခဲ့"** ဥပေက္ခာတဒါရုံချရင် အတိဣဋ္ဌာရုံနဲ့ မလျော်ဘူးတဲ့။

**ချင့်မျှော်တစ်ခင်း, ဘဝင်ဆင်းလှည်း, မူရင်းသန္ဓေ, မလျော်ပေတည့်** ဘဝင် ချပြန်တော့လည်း၊ ဥပေက္ခာဘဝင်ချရမှာဆိုတော့ မူလပဋိသန္ဓေနဲ့က မလျော်ပြန်

ဘူးတဲ့၊ **"သို့နေခက်ခဲ, အချက်ထဲဝယ်, ဆက်တွဲဟန်ပြု, အာဂန္တုဟု, တစ်ခုဘဝင် စပ်ကြားဝင်သည်, အရှင်ဆရာ မိန့်ခွန်းတည်း"**

ဒါကြောင့်မို့ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်က ဒီနေရာမှာ ညော်သည့် ဘဝင်အဖြစ်နဲ့ ဖြစ်ပေးတယ်၊ ဘဝင်ကိစ္စတပ်ပြီးတော့ပဲ သူက ဒီနေရာမှာ ဝင်ပေးရတယ်၊ သူမှ ဒီလိုမဝင်လိုက်ရင် ဝီထိကြီး ကိုးယို့ကားယားနဲ့ ဘဝကြီးပြတ်သွားဖွယ်ရာ ရှိတယ်ပေါ့လေ၊ ဒါကြောင့် သူက ဘဝင်ကိစ္စ ဆောင်ရွက်ပြီးတော့ ကူညီပေးတယ်တဲ့၊ ဒါဟာ အာဂန္တုကဘဝင်လို့ ဆိုရတယ်။

ကောင်းပြီ၊ အဲဒီအာဂန္တုက ဘဝင်ကျတဲ့ဝီထိ တစ်ခုပဲလုပ်ကြပါ၊ ဝိဘူတအတွက်လည်း လုပ်ရင်ရပါတယ်နော်၊ အာဂန္တုက ဘဝင်ကျတဲ့ အတိမဟန္တာရုံဝီထိဆိုတော့ အတိမဟန္တာရုံဖြစ်ပေမယ်လို့ တဒါရုံချဖို့ မလိုဘူး၊ ချလို့ကို မရဘူး။

ဒါဖြင့်ရင်ဘယ်လိုလဲ လုပ်လိုက်စမ်း၊ ပထမဆုံးက ဘဝင်ပေါ့လေ၊ ဟုတ်လား၊ နောက်ဘာလဲ အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်ပဲ ထားကြပါဦး၊ စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇–ကြိမ်, ဇော ၇–ကြိမ်နောက်မှာ တဒါရုံ မလာနဲ့တော့၊ ဇော ၇–ကြိမ်နောက်က ကပ်လျက်တစ်ခုက အာဂန္တုက ဘဝင်နော်၊ အဲဒီ အာဂန္တုက ဘဝင်ဖြစ်ပြီးတဲ့နောက်ကျတော့ မိမိမူလရိုးရာဘဝင်ပေါ့၊ သောမနဿ ဘဝင်ပဲ ကျသွား၊ ပြီးတော့လည်း သောမနဿဘဝင်တွေ လိုက်ရော့ပဲ၊ ဟုတ်ပြီလား။

ပြန်ချလိုက်ကြဦးစို့, အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော ၇–ကြိမ် အာဂန္တုကဘဝင်, မူလဘဝင်။

မူလဘဝင်ဆိုတော့ ဒီနေရာမှာ သောမနဿဘဝင်ပေါ့၊ အာဂန္တုကဘဝင်က ဥပေက္ခာသဟဂုတ် သန္တီရဏ၊ သူ ပဋိသန္ဓေနေခဲ့တာက မဟာဝိပါက်စိတ်နဲ့ပဲ ပဋိသန္ဓေနေခဲ့တာ ဆိုပါတော့၊ ဒါပေမယ်လို့ အာဂန္တုက ဘဝင်ကျတော့ ဥပေက္ခာသဟဂုတ် သန္တီရဏ တစ်ကြိမ်ဖြစ်တယ်၊ ဒါ ဆရာအများရဲ့ အယူအဆပေါ့လေ။

အဲဒီလို တစ်ကြိမ်ဖြစ်ပြီးတော့ နောက်ကျတော့ မူလ သောမနဿဘဝင်ပဲ ချတော့၊ ဒါ အာဂန္တုကဘဝင်ကျတဲ့ အတိမဟန္တာရုံ ဝီထိတဲ့၊ အဲဒီတော့ အာဂန္တုက ဘဝင်စိတ်ဟာ ဘယ်ကို အာရုံပြုသလဲ၊ ဟော–လာပြန်ပြီ၊ ဘယ် အာရုံပြုသလဲ ဆိုတာလေးက ရှိသေးတယ်။

ဆိုပါတော့, ဒီဝီထိဟာ မြတ်စွာဘုရားကို မြင်ပြီးတော့ ဒေါသဖြစ်တဲ့ မိစ္ဆာ

ဒိဋ္ဌိမှာကျတဲ့ ဝီထိလို့ ဆိုကြစို့၊ အဲဒီတော့ နဂိုက မှတ်ထားတဲ့ အတိုင်းဆိုရင် ဒီဘဝင်ဟာ ဝီထိအတွင်းမှာပဲ ရှိသေးတယ် မဟုတ်လား၊ ဘယ်သူ့ကို အာရုံပြုရမလဲ၊ မြတ်စွာဘုရားကို အာရုံပြုရမယ်လို့ အဓိပ္ပါယ်မရှိဘူးလား၊ ဒါပေမယ်လို့ မဟုတ်ဘူးတဲ့၊ ဝီထိတစ်ခုထဲမှာ အာရုံမတူတာလေးတွေ တွေ့နေရပြီ၊ ယေဘုယျအားဖြင့် ပြောမယ်ဆိုရင် ဝီထိတစ်ခုထဲမှာ ပါတဲ့စိတ်တွေဟာ တူသောအာရုံယူရမယ်ဟုတ်လား၊ အခု ဒီမှာကြည့် ဒီ အာဂန္တုကဘဝင်ဟာ ပစ္စုပ္ပန်အာရုံကို မယူဘူးတဲ့နော်၊ ဘာကို ယူသလဲဆိုတော့ သူ အလေ့အကျင့်များတဲ့ ကာမအာရုံ တစ်ခုခုကို ယူတယ်တဲ့။

အကယ်၍ ဒီပုဂ္ဂိုလ်က ကြည့်ရှုတာနဲ့ ပတ်သက်ပြီး အလေ့အကျက်များ ခဲ့တယ်ဆိုရင် ရူပါရုံတစ်ခုခုပေါ့နော်၊ နားထောင်တာနဲ့ ပတ်သက်တဲ့ အလေ့အကျက် များခဲ့ရင် နားထောင်တဲ့အသံတစ်ခုခုနဲ့ပတ်သက်တဲ့အာရုံပေါ့၊ အဲဒီလို အာရုံကို ယူပြီးတော့ ဖြစ်တယ်တဲ့။

ဒါကြောင့်မို့ တစ်ဘဝမှာ ပဋိသန္ဓေ, ဘဝင်, စုတိ, တစ်ခုတည်း တစ်မျိုး တည်းဖြစ်ရမယ်ဆိုတာကလည်းပဲ ဒီအာဂန္တုကဘဝင်မှာတော့ မဟုတ်ဘူးပေါ့၊ ချွင်းချက်ကလေးလာဖြစ်တယ်၊ တစ်ခါ ဝီထိ တစ်ခုထဲမှာဖြစ်တဲ့ စိတ်တွေဟာ တူသောအာရုံ ယူရမယ်ဆိုတဲ့စကားမှာ ဒီဟာကလေးကလည်းပဲ ချွင်းချက်လာဖြစ် တယ်၊ ခုနကလည်းပဲ မဂ်ဝီထိမှာလဲ ချွင်းချက်ပြောခဲ့တယ်၊ ဒါကြောင့်မို့ ဒီ အာဂန္တုကဘဝင်အဖြစ်နဲ့ဖြစ်တဲ့ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဟာ ဒီဝီထိထဲမှာ ဖြစ်သော်လည်း အာရုံကျတော့ ဒီဝီထိရဲ့ အာရုံကို မယူဘူး၊ မိမိနဂို နောက်က အလေ့အကျက်များခဲ့တဲ့ အာရုံကိုပဲ ယူပြီးတော့ ဖြစ်တယ်တဲ့။

ကောင်းပြီ, ဒီနေ့ တဒါရုံကိုသတ်မှတ်ခြင်းဆိုတဲ့အခန်း ပြီးသွားပြီ၊ အဲဒီတော့ ပထမစာရွက် အောက်ဆုံးနားမှာ ပြန်ပြီးတော့ ကြည့်လိုက်စမ်းပါဦး၊ အာဂန္တုကဘဝင် ဆိုပြီးတော့ ပြောထားတာမှာ ပဋိနောက်က သောဆိုတာ သောမနဿ ပဋိသန္ဓေ ပေါ့နော်၊ အာရုံအောက်မှာဖြစ်နိုင်တဲ့ အာရုံတွေ ပေးထားတယ်၊ အတိဣဋ္ဌာရုံ, အတိမဟန္တ ဝိဘူတ, ပြီးတော့ မဟန္တာရုံ, ဝိဘူတာရုံ ဖြစ်နိုင်တယ်, မဟဂ္ဂုတ်အာရုံ ဖြစ်နိုင်တယ်, ပညတ်အာရုံဖြစ်နိုင်တယ်, ဇောကဒီနေရာမှာ ဒေါသဇော ဇောရမယ်၊ တခြားဇောဇောရင် အာဂန္တုကဘဝင်နဲ့ ဘာမှ မပတ်သက်တော့ဘူး၊ အဲဒီနောက် တဒါရုံမကျဘူး၊ ကြက်ခြေခတ်ထားတာက မကျဘူးလို့ ဆိုလိုတယ်၊ ဒေါသဇော နောင် တဒါရုံ မကျနိုင်ဘူး။

ဒါကြောင့်မို့ ဒေါသဇော နောင် အာဂန္တုကဘဝင်ကျတယ်၊ အဲဒီ အာဂန္တုက

ဘဝင်ဟာ ဘယ်စိတ်လဲ, ဥပေက္ခာသဟဂုတ် သန္တီရဏ, ဘယ်ကိစ္စတပ်သလဲ အာဂန္တုကဘဝင် ကိစ္စတပ်တယ်။

အာရုံလေးတော့ရေးဖို့ကောင်းပါသေးတယ်၊ ဘာအာရုံပြုသလဲ၊ နောက်က အလေ့အကျက်များခဲ့သော ကာမအာရုံ။

ဒါကြောင့်မို့ တဒါရုံနဲ့ပတ်သက်လို့ယေဘုယျမှတ်သားထားစရာက ဘာရှိသလဲ၊ သောမနဿဇော နောင်, သောမနဿတဒါရုံ, ဥပေက္ခာဇော နောင်, ဥပေက္ခာတဒါရုံ, ဟုတ်လား, ကြိယာဇောနဲ့ ပတ်သက်လာရင် တခြားဇောကျသူ့ အရှိအတိုင်းပေါ့၊ စာရွက်မှာ ရေးထားတဲ့အတိုင်း ဒေါသဇော နောင်ဆိုရင် ဥပေက္ခာတဒါရုံနဲ့, ဘဝင်ဆိုလည်း ဥပေက္ခာဘဝင်ကျတယ်။

ပြီးတော့တစ်ခါ ဒီအာရုံနဲ့ ဝိပါက်ညှိတဲ့အခါမှာ အနိဋ္ဌာရုံဆိုရင် အကုသလဝိပါက် ချ, ဣဋ္ဌမဇ္ဈတ္တာရုံဆိုရင် ကုသလဝိပါက်ချ၊ အတိဣဋ္ဌာရုံဆိုရင် ကုသလဝိပါက်ချ၊ ပြီးတော့မှ အဲဒီထဲက သန္တီရဏနဲ့ တဒါရုံကို သောမနဿချ။

ပြီးတော့ တစ်ဘဝမှာ ပဋိသန္ဓေ, ဘဝင်, စုတိ, တစ်မျိုးတည်းဖြစ်တယ်၊ ဒီအခြေခံနားလည်ထားရမယ်၊ အမှန်ကတော့ ဒီစကားက ပဌမပိုင်းကျမှ ပြောတဲ့စကား၊ ဒါပေမယ်လို့ အဲဒါလေးက ဒီမှာ နားလည်ထားမှ အာဂန္တုက ဘဝင်ပြောတဲ့အခါ ရှင်းမှာနော်။

ပြီးတော့ ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ, ၃–ပါးစုံမှ တဒါရုံကျနိုင်တယ်၊ ပြီးတော့ ဘယ်ဝီထိမျိုးမှ တဒါရုံကျနိုင်သလဲ၊ အတိမဟန္တာရုံ၊ ဝိဘူတာရုံတို့မှသာ တဒါရုံကျနိုင်တယ်၊

အဲဒီ အခြေခံကို မှတ်မိပြီဆိုရင် အာဂန္တုကဘဝင်ကို ပြန်စဉ်းစားကြည့်ရင် ရှင်းတယ်၊ ဒီအခြေခံကို မမှတ်မိဘူး, နားမလည်ဘူးဆိုရင် အာဂန္တုကဘဝင်က ရှုပ်နေမှာပဲ၊ ဘာကြောင့် အာဂန္တုကဘဝင်က ဒီမှာ ဖြစ်ရတာလဲ၊ ဘာကြောင့် တဒါရုံက မကျနိုင်ရတာလဲ၊ ဘာကြောင့် ရိုးရိုးဘဝင်က မကျနိုင်ရတာလဲဆိုတာ ဒီမှာ ဆက်စပ်ပြီး သိရတာ၊ အထက်ကဟာလေးသိပြီးရင် ဒါနားလည်ဖို့ရှိပါတယ်။

ဒါကြောင့်မို့ အာဂန္တုကဘဝင်ကျတဲ့ ဝီထိဆိုတာ ဘယ်သူ့မှာသာ ဖြစ်နိုင်သလဲ၊ သောမနဿ ပဋိသန္ဓေနေခဲ့တဲ့ လူမှာသာဖြစ်နိုင်တယ်၊ သူဟာ ဘယ်လို အာရုံနဲ့ တွေ့တဲ့အခါဖြစ်နိုင်သလဲ, အတိဣဋ္ဌာရုံ, အတိမဟန္တ, ဝိဘူတ, မဟန္တာရုံ, အဝိဘူတာရုံ, မဟဂ္ဂုတ်အာရုံ, ပညတ်အာရုံ။

သို့သော် ဇောကျတော့ ဒေါသဇောဇောတာ၊ ဇောအရေးကြီးတာပါပဲ၊

ဒေါသဇောစောတာနောက် တဒါရုံ ချမရတော့ တဒါရုံလည်း ချမရဘူး၊ ဘဝင်လည်းပဲ ရိုးရိုးဘဝင်ချမရဘူး၊ အာဂန္တုကဘဝင်ချ။

တော်တော်တော့ဆန်းတယ်, ရိုးရိုးဘဝင်ချမရလို့ အငှားဘဝင်ချရတာ၊ သင်္ဂြိုဟ်ကျမ်းကတော့ သာမညလေး ပြောတာကိုး၊ အဖွင့်ကျမ်းတွေကျ အခုလင်္ကာမှာ လာသလို ခွဲခြမ်းစိတ်ဖြာပြီးတော့ရေးတာ၊ ဒီလင်္ကာဟာ ဂန္ဓာရုံဆရာတော်လို့ခေါ်တဲ့ ဆရာတော် ဦးဇနကာဘိဝံသတောင်မြို့ ဆရာတော်လို့လည်းခေါ်တယ်၊ အဲဒီဆရာတော် ရေးတဲ့ ကျမ်းလာပေါ့, ဒီဟာလေး ရထားရင်တော့ ပြောလို့လည်း ကောင်းတယ်၊ စဉ်းစားလို့လည်းကောင်းတယ်နော်၊ မမေ့နိုင်ဘူး၊ ပြန်ဖတ်လိုက်စမ်းပါ

**သောမနဿ သန္တေ, ဓွဲကပ်နေ၍, ယှုလေမိစ္ဆာ, ရှိသူမှာလျှင်, လွန်စွာတင့်ဘိ, အတိဣဋ္ဌာန်, တိမဟန္တ, ဝိဘူတဟု, ဗုဒ္ဓအာရုံ, ကြုံသော်လည်းကောင်း, တစ်ကြောင်း ကမ္မ, အဝိဘူတ မဟန္တဟု, ကာမအာရုံ, ဆုံလေတစ်ရပ်။**

**သမာပတ်ကို, ရလတ်ပြီးမှ, ကွယ်ပသည့်ရှာန်, အာရုံခံလျှင်း, မယှဉ်းတစ်ခု, ပညတ်စုကို, ရှုလေတလော ,ဒေါသဇောတို့, စော၍ပြီးတုံ, တဒါရုံကား, အာရုံနှင့် သော် မသင့်တော်ခဲ့, ချင့်မျှော်တစ်ခင်း, ဘဝင်ဆင်းလည်း, မူရင်းသန္တေ, မလျော်ပေ တည့်, သို့နေခက်ခဲ, အချက်ထဲဝယ်, ဆက်တွဲဟန်ပြု, အာဂန္တုဟု, တစ်ခုဘဝင်, စပ်ကြားဝင်သည်, အရှင်ဆရာ မိန့်ခွန်းတည်း။**

အာဂန္တုကဘဝင်တဲ့, ဒီမှာကိုယ်က ပြောနိုင်ဖို့က **တဒါရုံကား, အာရုံနှင့်သော် မသင့်တော်ခဲ့**၊ ဒါ ဘယ်လိုလဲ, ဘာကြောင့် အာရုံနဲ့မသင့်တော်တာလဲ၊ ဘာတဒါရုံချမှာ မို့လို့လဲ၊ ဒါကိုယ်က ပြောနိုင်ရမယ်၊ ဇောလိုက်ပြီးတော့ တဒါရုံက ဥပေက္ခာတဒါရုံချ ရမှာ, အာရုံက အတိဣဋ္ဌာရုံ ဖြစ်နေတော့ ချလို့မရဘူး။

**"ချင့်မျှော်တခင်း ဘဝင်ဆင်းလည်း, မူရင်းသန္တေ, မလျော်ပေတည့်"** ဘာကြောင့် မူရင်းသန္တေက မလျော်ရတာတုန်း၊ ဒေါမနဿဇော နောင် ဖြစ်နေလို့၊ မူရင်းသန္တေက သောမနဿ ပဋိသန္ဓေဆိုတော့သောမနဿဘဝင်ချရမှာကိုး၊ ဒါလေးကို ရှင်းပြတတ် ရမယ်။

**"ချင့်မျှော်တခင်း, ဘဝင်ဆင်းလည်း, မူရင်းသန္တေ, မလျော်ပေတည့်"သို့နေ ခက်ခဲ, အချက်ထဲဝယ်, ဆက်တွဲဟန်ပြု, အာဂန္တုဟု, တစ်ခုဘဝင်, စပ်ကြားဝင်သည်, အရှင်ဆရာ မိန့်ခွန်းတည်း။**

ဦးဇင်းတို့ နောက်တုန်းက ပဉ္စဒွါရမှာ ဝီထိပေါင်း ၇၅–ဝီထိလို့ပြောခဲ့တယ်၊ အာဂန္တုကဘဝင်ချတဲ့ ဝီထိထည့်မယ်ဆိုရင် ၇၅–မကတော့ဘူး၊ အတိမဟန္တာရုံမှာ

၂–ဝိထိဖြစ်နေတယ်၊ မဟန္တာရုံမှာလည်း ဝိထိချလို့ရတာ ရှိသေးတယ်၊ အဲဒီလိုသာ တွက်မယ်ဆိုရင် ဝိထိတွေ အများကြီးဖြစ်သွားပြီ၊ ကဲ– ထားပါတော့၊ ယူရိုးယူစဉ် အတိုင်း ၇၅–ပဲ မနည်းမှတ်ရမှာနော်။

ကောင်းပြီ, အဲဒါဟာ တဒါရုံနဲ့ ပတ်သက်လို့ မှတ်သားဖွယ်ပေါ့နော်၊ တဒါရမ္မဏနိယာမလို့ ပါဠိလိုတော့ ခေါ်တယ်၊ တဒါရုံကို သတ်မှတ်ခြင်းတဲ့။

ဝိထိကို လေ့လာတဲ့အခါ ဒါတွေပါ အကုန်လုံးပါအောင် လေ့လာရတာ၊ ဒါကြောင့်မို့ ဝိထိတစ်ခုတည်းနဲ့ အများကြီးလေ့လာနိုင်တယ်၊ ပဋ္ဌာန်းနားလည်လာပြီ ဆိုရင် ဒီမှာ ပဋ္ဌာန်းနည်းတွေက ဝင်ဦးမှာ။

အခုဆိုရင် စိတ်တစ်ခုခုကို ဒီစိတ်က ဘယ်ဟာကို ယူရမယ်၊ သန္တီရဏဆို ဘယ်သန္တီရဏယူရမယ်၊ ဇောဆို ဘယ်ဇောယူရမယ်၊ တဒါရုံကို ဘာယူရမယ်၊ အကုန်လုံး ဒါ အသေအချာ အတိအကျ သတ်မှတ်ထားပြီးသားတွေ၊ အဲဒီထဲကမှ အခု regular မဟုတ်တဲ့ အခက်အခဲတွေ့တဲ့အခါလည်း ဥပေက္ခာ သန္တီရဏက အငှားဘဝင်ပေါ့လေ၊ အဲဒီလို ဝိထိတွေ အလွန်စိတ်ဝင်စားဖို့သိပ်ကောင်း တယ်။

အခု အာရုံရယ်, စိတ်သရုပ်လို့ခေါ်တဲ့ ဘာစိတ်ဘာစိတ်တွေရတယ်ဆိုတာရယ်, မှီရာရယ်, နောင်အခါကျ ဘယ်ပုဂ္ဂိုလ်ဖြစ်တယ်၊ ဘယ်ဘုံဖြစ်တယ်ဆိုတာတောင် လာလိမ့်ဦးမယ်၊ ထားပါတော့, ဒါဟာ ဒီနေ့ တဒါရုံ သတ်မှတ်ခြင်း ပြီးသွားပြီပေါ့။

နောက် အပတ်ဆိုရင် ဇောသတ်မှတ်ခြင်း လာလိမ့်မယ်၊ နောက်က ဝိထိ တွေကို ကြည့်ပြီးတော့ တစ်ကြိမ်သာ ဇောသည့်ဇော, နှစ်ကြိမ်သာ ဇောသည့်ဇော, ၃–ကြိမ်ဇောသည့်ဇော, ပြီးတော့ ၇–ကြိမ်ဇောတဲ့ဇော၊ အဲဒါတွေ နည်းနည်းရှာခဲ့စမ်းပါ၊ နောက်အပတ်ကျတော့ အကုန်လုံးသွားရမှာဟုတ်လား၊ ၁–ကြိမ်, ၂–ကြိမ်, ၃–ကြိမ်, ၄–ကြိမ်, ၅–ကြိမ်, ၆–ကြိမ်, ၇–ကြိမ် ဇောသည့် ဇောတွေရှာရမှာ, အခုတွေ့ပြီးသားက ၇–ကြိမ် တွေ့ပြီးပြီ၊ ပြီးတော့ ၆–ကြိမ်လည်း တွေ့ပြီးပြီ၊ ဆိုကြပါစို့၊ ၆–ကြိမ်, ၇–ကြိမ်, ဇောနိုင်တယ်၊ ၁–ကြိမ်လည်းတွေ့ပြီးပြီ၊ အကြိမ် များစွာလည်း တွေ့ပြီးပြီ၊ ဟုတ်လား၊ သမာပတ္တိဝိထိကျတော့ ဈာန်ပြန်ဝင်စားတဲ့ ဟာကျတော့ အကြိမ်များစွာ နောက်ထပ်လည်း လာလိမ့်ဦးမယ်။

## ဇောကို သတ်မှတ်ခြင်း

ကာမဇောဝီထိ၌ ရိုးရာအခါ၌ ကာမဇောတို့ ၇–ကြိမ်သာ သို့မဟုတ် ၆–ကြိမ်သာ။

သေခါနီးအခါ, တွေဝေမိန်းမော မျောနေသောအခါ, သတိမေ့နေသောအခါ, မွေးခါစ အခါ စသည်တို့၌ ၅–ကြိမ်သာ။

မြတ်စွာဘုရား ရေမီးအစုံ ထွက်သောတန်ခိုး ပြသောအခါ စသည်တို့၌ ၄–ကြိမ် သို့မဟုတ် ၅–ကြိမ်။ (ပစ္စဝေက္ခဏာဇော)

ရှေးဦးစွာရသောအခါ မဟဂ္ဂုတ်ဇောတို့ ၁–ကြိမ်သာ။

အဘိညာဏ်ဇောတို့ အခါခပ်သိမ်း ၁–ကြိမ်သာ။

မဂ်ဇောတို့ ၁–ကြိမ်သာ။

မဂ်နောင် ဖိုလ်ဇောတို့ ၂–ကြိမ် သို့မဟုတ် ၃–ကြိမ်။

နိရောဓသမာပတ် ဝင်စားသောအခါ၌ စတုတ္ထအရူပါဝစရဇော ၂–ကြိမ်။ ထို့နောင် စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ချုပ်ကြသည်။

နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဇော ၁–ကြိမ် သို့မဟုတ် အရဟတ္တဖိုလ် ဇော ၁–ကြိမ်။

ဈာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိ၌ ဈာန်ဇော, ဖိုလ်ဇောများ မည်မျှဟု မသတ်မှတ်နိုင်၊ အကြိမ်များစွာပင်ဖြစ်။

မရဏာသန္နဝီထိ (သေခါနီးဇောဝီထိ)ကို ပဋ္ဌမပိုင်း၌ တွေ့ရလတ္တံ့။

ဖလသမာပတ္တိဝီထိမန္ဒ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰-----၊ ॰॰॰

ဖလသမာပတ္တိဝီထိ တိက္ခ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ -----၊ ॰॰॰

နိရောဓသမာပတ္တိဝီထိ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ ॰॰॰ နိရောဓ ॰॰॰ ॰॰॰

အထက်ပါစာသားကိုကြည့်၍ ၁–ကြိမ်သာစောသည့်ဇောစသည်ကို ရေတွက်ပါလေ။

၁–ကြိမ်
၂–ကြိမ်
၃–ကြိမ်
၄–ကြိမ်
၅–ကြိမ်
၆–ကြိမ်
၇–ကြိမ်

## ပုဂ္ဂိုလ်စိတ်ရ

| ပုဂ္ဂိုလ် ၁၂–ယောက် | |
|---|---|
| **ပုထုဇဉ် ၄–ယောက်** | **အရိယာ ၈–ယောက်** |
| ၁။ ဒုဂ္ဂတိအဟိတ် | ၁။ မဂ္ဂဋ္ဌ ၄–ယောက် |
| ၂။ သုဂတိအဟိတ် | ၂။ ဖလဋ္ဌ ၄–ယောက် |
| ၃။ ဒွိဟိတ် | မှတ်ချက်။ အရိယာပုဂ္ဂိုလ်တို့သည် တိဟိတ်ချည်းသာ |
| ၄။ တိဟိတ် | |

| ပုဂ္ဂိုလ် | မရသောစိတ် |
|---|---|
| ဒုဂ္ဂတိအဟိတ် | ကြိယာဇော၊ အပ္ပနာဇော၊ မဟာဝိ ၈။ |
| သုဂတိအဟိတ် | ကြိယာဇော၊ အပ္ပနာဇော၊ မဟာဝိ ဉာဏသံ ၄။ |
| ဒွိဟိတ် | ကြိယာဇော၊ အပ္ပနာဇော၊ မဟာဝိ ဉာဏသံ ၄။ |
| တိဟိတ်ပုထုဇဉ် | ကြိယာဇော |
| မဂ္ဂဋ္ဌ ၄–ယောက် | မိမိမဂ်မှတစ်ပါး အခြားစိတ်အားလုံး |
| သောတာပတ္တိဖလဋ္ဌ | ကြိယာဇော၊ ဒိဋ္ဌိသံ၊ ဝိစိသဟဂုတ်စိတ်။ |
| သကဒါဂါမိဖလဋ္ဌ | ကြိယာဇော၊ ဒိဋ္ဌိသံ၊ ဝိစိသဟဂုတ်စိတ်။ |
| အနာဂါမိဖလဋ္ဌ | ကြိယာဇော၊ ဒိဋ္ဌိသံ၊ ဝိစိသဟဂုတ်စိတ်။ ဒေါသမူ ၂။ |

အရဟတ္တဖလဋ္ဌ (ရဟန္တာ) ကုသိုလ်ဇော၊ အကုသိုလ်ဇော။

ထို့ကြောင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၌ အကု ၁၂ + ဟသိတုပ္ပါဒ်အဟိတ် ၁၇ + မဟာကု ၈ = ၃၇ ရသည်။ ကြွင်းပုဂ္ဂိုလ်များ၏စိတ်ရကို ရေတွက်ပါ။ သင်္ချာမှုပြအံ့။

| | | | |
|---|---|---|---|
| သုဂတိအဟိတ် | ၄၁ | သောတာဖလဋ္ဌ | ၅၀ |
| ဒွိဟိတ် | ၄၁ | သကဒါဖလဋ္ဌ | ၅၀ |
| ဟိတ်ပုထုဇဉ် | ၅၄ | အနာဂါဖလဋ္ဌ | ၄၈ |
| မဂ္ဂဋ္ဌ ၄– ယောက် | ၁ | အရဟတ္တဖလဋ္ဌ | ၄၄ |

# အဘိဓမ္မာသင်တန်း ၂၅

## ဝီထိပိုင်း

## ဇောသတ်မှတ်ခြင်း ပုဂ္ဂိုလ်စိတ်ရ

ဒီနေ့ ဧပြီလ ၁၀–ရက်နေ့။

လွန်ခဲ့တဲ့ အပတ်တုန်းက တဒါရုံကို သတ်မှတ်ခြင်းကို လေ့လာခဲ့ပြီးပြီ။ အခုဒီအပတ်မှာ ဇောကို သတ်မှတ်ခြင်းဆိုတာကို လေ့လာကြရမယ်။

ဝီထိချတဲ့အခါ ဇော ၇–ကြိမ်၊ တဒါရုံ ၂–ကြိမ်နဲ့ ချတယ်မဟုတ်လား၊ အဲဒီတော့ ဇောတွေအကြောင်းကိုလည်း နားလည်ရမယ်၊ ဇောဟာ ၇–ကြိမ်သာ စောသလား၊ ဘယ်နှစ်ကြိမ်များစော သေးသလဲ စသဖြင့်ပေါ့လေ။

အဲဒီတော့ ပထမဇောကိစ္စ တပ်တဲ့စိတ်တွေ ပြန်ပြီး စဉ်းစားလိုက်စမ်းပါ၊ ဘယ်စိတ်တွေဟာ ဇောကိစ္စတပ်သလဲ၊ ဇောကိစ္စတပ်တဲ့စိတ်ပေါင်း ၅၅–ခု ရှိတယ်နော်၊ ဇော အတိုကောက် မှတ်ထား၊ ဘယ်လို မှတ်သလဲ၊ ကုသိုလ်, အကုသိုလ်, ဖိုလ်, ကြိယာ၊ အာဝဇ္ဇန်း ၂–ခု မပါဘူးလေ၊ အာဝဇ္ဇန်း ၂–ခုကြဉ်သောကြိယာ၊ အဲဒီစိတ် ၅၅–ပါးကို ဇောကိစ္စတပ်တဲ့စိတ်လို့ခေါ်တယ်၊ အဲဒီဇောတွေပဲ ဘယ်နှစ်ကြိမ် စောသလဲဆိုတာ လေ့လာကြရမယ်။

ဒီနေ့ပေးထားတဲ့ စာရွက်ကို ကြည့်လိုက်ရင် ပထမဆုံး ကာမဇောဝီထိ၌ ရိုးရာအခါ၌ကာမဇောတို့ ၇–ကြိမ်သာ သို့မဟုတ် ၆–ကြိမ်သာစောတယ်, ဖြစ်တယ် ပေါ့လေ။

ဇောကျတော့ ကျမ်းဂန်မှာ စောတယ်လို့သုံးတယ်၊ ဒါဖြစ်တာပေါ့လေ။

ပကတိရိုးရာအခါ normal, under normal condition ဆိုရင် ၇-ကြိမ်ဟာ များသောအားဖြင့်ဇောတယ်၊ ၆-ကြိမ်လည်း စောတယ်လို့ အဆိုရှိတယ်၊ ဒါကြောင့်မို့ ၇-ကြိမ်သာ ၇-ကြိမ်ထက် မပိုဘူးလို့ ဆိုလိုတယ်၊ သို့မဟုတ် ၆-ကြိမ်သာ၊ ၆-ကြိမ်အောက် မဟုတ်ဘူးလို့ဆိုတယ်၊ ပကတိရိုးရာအခါမှာ ဇောတွေချတဲ့ အခါမှာ ၇-ကြိမ်, သို့မဟုတ် ဇော ၆-ကြိမ်လည်းပဲ ချချင်ရင် ချနိုင်တယ်။

ကောင်းပြီ, ရိုးရာအခါမှာ ၇-ကြိမ်, သို့မဟုတ် ၆-ကြိမ်၊ သေခါနီးအခါ,တွေဝေမိန်းမောမျောနေသောအခါ, သတိမေ့နေသောအခါ, မွေးခါစအခါ စသည်တို့၌ ၅-ကြိမ် သာစောတယ်တဲ့၊ ကာမဇောတွေနော်၊ သေခါနီးအခါမှာ မရဏာသန္နဝီထိ ချရတယ်။

အဲဒီ မရဏာသန္နဝီထိချတဲ့ အခါမှာ ဇော ၇-ကြိမ် မချနိုင်တော့ဘူး၊ ၅-ကြိမ်သာချရတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီအခါမှာ မှီရာဟဒယဝတ္ထုဟာ အားနည်းနေပြီ၊ ဟဒယဝတ္ထုပဲဖြစ်ဖြစ်, အခြားဝတ္ထုရုပ်တွေပဲဖြစ်ဖြစ် မှီရာဝတ္ထုတွေဟာ အားနည်းနေလို့ ၇-ကြိမ် စိမ်ပြေနပြေ မစောနိုင်ပဲနဲ့ ၅-ကြိမ်သာစောရတယ်။

တွေဝေမိန်းမောမျောနေတဲ့အခါမျိုး, သစ်ပင်ပေါ်က လိမ့်ကျတယ်၊ ရေနစ်တယ် စသဖြင့်ပေါ့လေ အဲဒီလို တွေဝေမိန်းမော မျောနေတဲ့အခါမျိုးတွေမှာ ဇော ၅-ကြိမ်ပဲကျတယ်၊ သတိလွတ်ကင်းတဲ့ အခါမျိုးမှာလည်း ၅-ကြိမ်၊ မွေးခါစအခါမှာလည်းပဲ ရုပ်ကလေးဟာ သိပ်နုနယ်သေးတယ်၊ မှီရာဝတ္ထုရုပ်တွေက အားမကောင်းသေးတဲ့ အတွက်ကြောင့် ၅-ကြိမ်ပဲစောတယ်တဲ့။

အဲဒီတော့ ရိုးရာအခါမှာ ၇-ကြိမ်၊ ၆-ကြိမ်၊ အထူးအခါလို့ ဆိုကြပါစို့နော်၊ သေခါနီးအခါမျိုး, တွေဝေမိန်းမောနေတဲ့အခါမျိုး, သတိမေ့နေတဲ့အခါမျိုး, မွေးခါစအခါမျိုးတွေမှာ ၅-ကြိမ်စောတယ်။

မြတ်စွာဘုရား ရေမီးအစုံထွက်သော တန်ခိုးပြသောအခါ စသည်တို့၌ ၄-ကြိမ် သို့မဟုတ် ၅-ကြိမ်စောသည်။

ဒါက ဒီလိုရှိတယ်၊ တန်ခိုးပြတယ်ဆိုတာ ဈာန်ရိုးရိုးနဲ့ မရဘူး၊ အဘိညာဏ်ဆိုတာအထိ ရောက်အောင်လုပ်ရတယ်၊ အဘိညာဏ်ဆိုတာနောက်တုန်းက ကြားတော့ ကြားခဲ့ ဖူးပြီးသား၊ တတိယပိုင်းတုန်းက အာရုံတွေနဲ့ပတ်သက်ပြီးတော့ ပြောတုန်းက အဘိညာဏ်, အဘိညာဏ်နဲ့ ပြောခဲ့ပြီ။

မြတ်စွာဘုရားဟာ ဆွေတော်မျိုးတော်တွေဆီ ပြန်တုန်းက ရေမီးအစုံထွက်တဲ့

တန်ခိုးပြာဋိဟာတွေ ပြခဲ့တယ်၊ သာကီဝင် မင်းသားတွေက အလွန်မာနကြီးတယ်၊ မာနကြီးတော့ မြတ်စွာဘုရားထက် အသက်အရွယ်ကြီးတဲ့ သာကီဝင်မင်းသားတွေက မြတ်စွာဘုရားကို ရှိမခိုးကြဘူး၊ ငယ်တဲ့ကလေးတွေ ရှေ့က ထားပြီး သူတို့က နောက်ကနေပြီးတော့ ရှိမခိုးဘူး၊ ငယ်တဲ့ကလေးတွေကိုပဲ ရှိခိုးစေတယ်၊ အဲဒါကို သိတော့ မြတ်စွာဘုရားက တန်ခိုးပြတယ်၊ နောင်လည်းပဲ တိတ္ထိတွေနဲ့ တန်ခိုးပြိုင်တဲ့ အခါ ရှိသေးတယ်၊ အဲဒီအခါမှာလည်း ရေမီးအစုံ တန်ခိုးပြာဋိဟာပြတယ်။

ရေမီးအစုံတန်ခိုးပြာဋိဟာ ပြတယ်ဆိုတာဟာ မျက်လုံးတစ်ဖက်က ရေထွက်၊ မျက်လုံးတစ်ဖက်က မီးထွက်, လက်ျာဘက်ကိုယ်က ရေထွက်၊ လက်ဝဲဘက် ကိုယ်က မီးထွက်စသည်ပေါ့လေ၊ နောက်ဆုံး မွေးညင်းပေါက်တစ်ခုက ရေထွက် မွေးညှင်းပေါက်တစ်ခုက မီးထွက်, အဲဒီလိုဖြစ်အောင် တန်ခိုးဖန်ဆင်းရတာ။

ဒီလို တန်ခိုးဖန်ဆင်းတဲ့အခါကျတော့ ဒီအဘိညာဏ်ဝီထိရောက်အောင် ရှေ့က ဝီထိတွေရှိသေးတယ်၊ ပထမဆုံးကို စတုတ္ထစျာန် သို့မဟုတ် ပဥ္စမစျာန်ရောက်အောင် ဝင်စားလိုက်ရတယ်၊ စျာန်လေးမျိုး ရှိတဲ့အနေနဲ့ပြောရင် စတုတ္ထစျာန်ပေါ့၊ စျာန်ငါးမျိုးရှိတဲ့ အနေနဲ့ပြောရင်တော့ ပဥ္စမစျာန်ပေါ့၊ အဲဒီ စျာန်ကို ဝင်စားလိုက်ရတယ်၊ ဝင်စားပြီးတဲ့နောက် အဲဒီစျာန်အင်္ဂါတွေကို ပြန်ပြီးတော့ ဆင်ခြင်တဲ့ ကာမာဝစရ ဝီထိဖြစ်တယ်၊ ဆင်ခြင်တဲ့ဝီထိဖြစ်တယ်၊ ပြီးတော့မှ တစ်ခါ အဓိဋ္ဌာန်တဲ့ဝီထိဖြစ်တယ်၊ ဆိုပါတော့, ငါ့လက်ျာဘက် မျက်လုံးက မီးထွက်စေသတည်း၊ ငါ့လက်ျာဘက် မျက်လုံးက ရေထွက်စေသတည်း စသဖြင့်ပေါ့လေ၊ အဲဒီလို အဓိဋ္ဌာန်ပြီးတဲ့နောက်မှာ ဆင်ခြင်တဲ့ဝီထိတစ်ခု ဖြစ်ပြန်တယ်၊ ပြီးတော့မှ အဘိညာဏ်။

ဒီတော့ အဘိညာဏ် ဝီထိမရောက်ခင်ကြားမှာ ကသိဏ်းစျာန် မီးထွက်စေ ချင်ရင် မီးကသိဏ်းကိုရှုပြီးတော့ ပဥ္စမစျာန်ရောက်အောင်ဝင်စား၊ ပြီးတော့မှ အဲဒီ ပဥ္စမစျာန် ထဲကဟာတွေကို အနိစ္စ, ဒုက္ခ,အနတ္တ ရှုဆင်ခြင်၊ ပြီးတော့ အဓိဋ္ဌာန်ပြုတဲ့၊ ညာဘက်မျက်လုံးက မီးထွက်စေချင်ရင် ညာဘက်မျက်လုံးက မီးထွက်စေသတည်းဟု အဓိဋ္ဌာန်တဲ့ ဝီထိတစ်ခုပြု၊ ပြီးတော့တစ်ခါ ခနက ပဥ္စမစျာန်ကို ဝင်စားရပြန်တယ်၊ ပြီးမှ အဘိညာဏ်ဝီထိကျတယ်၊ **ပါဒကစျာန်၊ အဓိဋ္ဌာန်နှင့်၊ တစ်ဖန်ပါဒက၊ဖြစ်ပြီးမှ၊ ကျတဲ့အဘိညာ**လို့ ဒီလိုလင်္ကာလေးတွေရှိတယ်၊ ပထမပါဒကစျာန်ဆိုတာ အခြေခံ ဖြစ်တဲ့ စျာန်ဝင်စားရတယ်၊ပြီးတော့ကြားထဲပစ္စဝေက္ခဏာဝီထိကတော့ အဲဒီထဲ ထည့် မထားပါဘူး။

ပါဒကစျာန် ပြီးတော့မှ အဓိဋ္ဌာန်နှင့် အဓိဋ္ဌာန်ပြုတဲ့၊ ဝီထိတစ်ခါကျတယ်၊

တစ်ဖန် ပါဒက၊ ဖြစ်ပြီးမှ ကျတုံအဘိညာ၊ တစ်ခါပါဒကစျာန် ခုနအခြေခံဝင်စားခဲ့တဲ့ စျာန်ကိုပဲတစ်ခါ ပြန်ဝင်စားရတယ်၊ ဒီလို လုပ်ရတယ်ဆိုတော့ ဒီ ဝီထိ ၃–ခုပြီးမှ အဘိညာဏ်သို့ရောက်တယ်။

အဲဒီတော့ ကြည့်နေတဲ့ပရိသတ်တွေက ဘယ်လိုထင်သလဲဆိုတော့ ရေမီး တစ်ပြိုင်တည်း ထွက်နေတာလို့ ထင်ရတယ်၊ အဲဒီလောက် မြန်အောင် အမှန်ကတော့ ရေထွက်ပြီးမှ မီးထွက်တာ မီးထွက်ပြီးမှ ရေထွက်တာပဲ၊ ဒါပေမယ်လို့ စိတ်က မြန်လွန်းတော့ စိတ်ကြောင့်ဖြစ်တဲ့ မီးရေကလည်း မြန်တော့ ကြည့်ရတဲ့ ပုဂ္ဂိုလ်တွေ မှာတော့ တစ်ပြိုင်တည်း ထွက်သလို ထင်ရတယ်ဆိုတော့ ဒီ ပစ္စဝေက္ခဏာဇောတွေဟာ အေးအေးဆေးဆေး ဇောဖို့ဟာ အခွင့်မရတော့ဘူး၊ မြန်မြန်ဆန်ဆန်ပြီးအောင်ပဲ လုပ်ရတော့တယ်။

အဲဒါကြောင့်မို့ အဲဒီလို အချိန်အခါမျိုးမှာ စျာန်အင်္ဂါကို ပြန်ပြီးတော့ဆင်ခြင်တဲ့ ပစ္စဝေက္ခဏ ဝီထိတွေမှာ ၄–ကြိမ် သို့မဟုတ် ၅–ကြိမ်ပဲဇောတော့တယ်။

ရှေးဆရာတွေဆိုတာက မြတ်စွာဘုရားအဖို့ ၄–ကြိမ်နော်၊ သာဝကတွေ အဖို့ ၅–ကြိမ်ပေါ့လေ၊ အဲဒီလိုဇောမယ်၊ ဒါက အလျင်အမြန် တက်သုတ်ရိုက်ပြီး လုပ်ရတဲ့ တန်ခိုးပြတာမျိုး၊ ရှင်မောဂ္ဂလာန် နန္ဒောပနန္ဒနဲ့ တန်ခိုးပြိုင်တဲ့အခါမျိုးလည်း ဒီလိုပဲ၊ ဒါကြောင့်မို့ အဲဒီလို တန်ခိုးပြတဲ့အချိန် အခါမျိုးမှာ အဲဒီအလျင်အမြန် ဝင်စားတဲ့ကြားတွေမှာဖြစ်တဲ့ ဒီ ပစ္စဝေက္ခဏာဇောတွေ ဟာ ကာမာဝစရဇောတွေဟာ ၄–ကြိမ် သို့မဟုတ် ၅–ကြိမ်ပဲဇောတယ်၊ ရိုးရာအခါမှာလို ၇–ကြိမ် မဇောနိုင်ဘူး။

နောက် မဟဂ္ဂုတ်ဇောတွေ သွားကြစို့၊ ရှေးဦးစွာ ရသောအခါ မဟဂ္ဂုတ်ဇောတို့ တစ်ကြိမ်သာတဲ့၊ ဟိုတစ်နေ့က စျာနဝီထိချခဲ့ပြီမဟုတ်လား၊ စျာနဝီထိမှာ ပထမဆုံး စျာန်ရတဲ့ဝီထိမှာ စျာန်ဇောတစ်ကြိမ်ပဲ ချရတယ်နော်၊ မှတ်မိတယ်မဟုတ်လား၊အဲဒါ ကြောင့်မို့ မဟဂ္ဂုတ်ဇောဆိုရင် ရူပါဝစရပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ဒီမဟဂ္ဂုတ်ဇောတွေဟာ ပထမဆုံးရတဲ့အချိန်မှာဆိုရင် တစ်ကြိမ်ပဲဇော တယ်။

ဘာလို့လည်းဆိုတော့ အဲဒီအချိန်မှာ အားနည်းသေးတယ်တဲ့၊ ဒီတော့နောက် ထပ်တစ်ကြိမ်ဖြစ်ဖို့ရန် အားပေးနိုင်လောက်တဲ့ အစွမ်းမရှိဘူး၊ ဒါကြောင့်မို့ တစ်ကြိမ် ဖြစ်ပြီးရင် သူတို့က ချုပ်သွားတယ်၊ နောင်အခါ စျာနသမာပတ် ဝင်စားတဲ့အခါ ကျမှသာ စျာန်စိတ်တွေအကြိမ်များစွာ ဖြစ်လိမ့်မယ်နော်၊ ပထမဆုံးရတဲ့ အကြိမ်မှာ တော့ တစ်ကြိမ်ပဲဖြစ်မယ်။

ဆိုကြပါစို့, ပထမစျာန်ကို ပထမရတယ်၊ တစ်ကြိမ်ပဲဖြစ်မယ်၊ နောက်ပြန်ဝင်

စားတယ်၊ အကြိမ်များစွာဖြစ်နိုင်တယ်၊ တစ်ခါပထမဈာန်ကနေပြီးတော့ ဒုတိယဈာန်ရတယ်၊ အဲဒီအကြိမ်မှာလည်းပဲ ဒုတိယဈာန်ဇောဟာ တစ်ကြိမ်ပဲဖြစ်မယ်၊ နောက်ဝင်စားတဲ့အခါကျတော့ အကြိမ်များစွာဖြစ်မယ် စသည်ဖြင့်တက်သွားနော်၊ အရူပါဝစရဇောအထိအောင် အဲဒီအတိုင်းသွားရမယ်၊ ဟုတ်ပြီလား ဒါကြောင့် ရှေးဦးစွာရတဲ့အခါမှာ မဟဂ္ဂုတ်ဇောတွေဟာ တစ်ကြိမ်သာစောတယ်။

အဘိညာဏ်ဇောတဲ့, အဘိညာဏ်ဆိုတာ ပဥ္စမဈာန်ကိုပဲ ခေါ်တာနော်၊ ပဥ္စမဈာန်ကိုပဲ အထူးတလည်ဝင်စားရတယ်၊ အထူးတလည် ပွားများရတယ်၊ အဲဒီလိုပွားများလို့ရလာတဲ့ဈာန်ကို အဘိညာဏ်လို့ခေါ်တယ်၊ အမှန်ကတော့ ပဥ္စမဈာန်ပါပဲ။

အဲဒီ အဘိညာဏ်ဇောတွေဟာလည်းပဲ အခါခပ်သိမ်း သူတို့ကတော့ တစ်ကြိမ်ပဲ စောတယ်တဲ့၊ ပထမအကြိမ်လုပ်လို့ရတဲ့ အဘိညာဏ်လည်း တစ်ကြိမ်ပဲ စောတယ်၊ နောက်ထပ်လုပ်လို့လည်းပဲ တစ်ကြိမ်ပဲစောတယ်တဲ့၊ အဘိညာဏ်ဇောကတော့ ၂–ကြိမ်၊ ၃–ကြိမ် ပ်စောရိုး ထုံးစံမရှိဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီတစ်ကြိမ်နဲ့ပဲ သူတို့လုပ်ချင်တဲ့ ကိစ္စပေါ့လေ တန်ခိုးပြတာတို့ ဘာတို့တွေပြီးအောင် ဆောင်ရွက် နိုင်တယ်၊ တစ်ကြိမ်တည်းနဲ့ဆောင်ရွက်နိုင်ရင် နောက်ထပ်ပြီးတော့ ဖြစ်စရာ မလိုတော့ဘူး၊ ဒါကြောင့် အဘိညာဏ်ဇောများဟာ အခါခပ်သိမ်း တစ်ကြိမ်ပဲ ဖြစ်တယ်တဲ့။

မဂ်ဇောတို့ တစ်ကြိမ်သာတဲ့၊ မဂ်ဇောလည်းပဲ တစ်ကြိမ်ပဲတဲ့၊ သောတာပတ္တိမဂ်ရပြီး သောတာပတ္တိမဂ် တစ်ကြိမ်ဖြစ်ပြီးရင် ဖိုလ် ၂–ကြိမ် သို့မဟုတ် ၃–ကြိမ် ဟုတ်တယ် မဟုတ်လား၊ မဂ္ဂဝီထိချခဲ့တုန်းကသိပြီးပြီနော်၊ သကဒါဂါမိမဂ်ရတယ်၊ အနာဂါမိမဂ်ရတယ်, အရဟတ္တမဂ်ရတယ်၊ တစ်ကြိမ်ပဲတဲ့၊ မဂ်ဇောဟာ တစ်ကြိမ်ပဲ စောတယ်၊ မဂ်ဇောဟာ အကြိမ်များစွာ စောနေရင် လောကုတ္တရာ ကြိယာစိတ် ရှိနိုင်ကောင်းတယ်လို့ စိတ်ပိုင်းတုန်းက ပြောခဲ့ပြီးပြီ၊ အခုတော့ မဂ်ဇောဟာ တစ်ကြိမ်တည်းနဲ့ ကိလေသာသတ်တဲ့ကိစ္စကို သူက ဆောင်ရွက်နိုင်တယ်၊ ဒါကြောင့်မို့ ထပ်ပြီးတော့ ဖြစ်စရာမလိုဘူး၊ ဒါကြောင့် တစ်ကြိမ်သာစောတယ်။

မဂ် နောင် ဖိုလ်ဇောတဲ့၊ ဘယ်နှစ်ကြိမ် စောသလဲ၊ ၂–ကြိမ် သို့မဟုတ် ၃–ကြိမ်နော်၊ ၂–ကြိမ်က ဘယ်လိုပုဂ္ဂိုလ်အတွက်တုန်း၊ ၂–ကြိမ်က ပညာသိပ်မထက်တဲ့ မန္ဒပုဂ္ဂိုလ်အတွက်၊ ၃–ကြိမ်က ပညာထက်တဲ့ တိက္ခပုဂ္ဂိုလ်အတွက်။

ကောင်းပြီ, နောက်ထပ်ဘာလာလဲ၊ နိရောဓသမာပတ် ဝင်စားသောအခါ၌

စတုတ္ထအရူပါဝစရဈာန် သို့မဟုတ် နေဝသညာ နာသညာယတနဈာန် ၂-ကြိမ် ကျတယ်တဲ့၊ ၂-ကြိမ်ကျပြီးတဲ့နောက် စိတ်, စေတသိက်, စိတ္တဇရုပ်တွေ မရှိတော့ဘူး၊ ချုပ်သွားကြတယ်၊ ခန္ဓာကိုယ်ကြီးပဲရှိတော့တယ်၊ စိတ်လည်းမရှိတော့ဘူး၊ စေတသိက် လည်းမရှိတော့ဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်လည်း မရှိတော့ဘူး၊ နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်ဈာန်တစ်ကြိမ် သို့မဟုတ် အရဟတ္တဖိုလ်ဈာန်တစ်ကြိမ်၊ ဒီလောက်နဲ့ မထင်ရှားသေးဘူးနော်၊ ကမ္မဋ္ဌာန်းပိုင်းကျရင် နိရောဓသမာပတ် အကြောင်းကို ဒီထက်ကျယ်ကျယ် ပြောလိမ့်မယ်၊ ဟုတ်ပြီလား၊ ဒါပေမယ်လို့ ခုကတည်းက သိထားရင် ကောင်းတယ်, နည်းနည်းလေး အကျယ်ပြောပြမယ်၊

နိရောဓသမာပတ်ဆိုတာ နိရောဓဆိုတာ ချုပ်တယ်, ချုပ်ခြင်းလို့ အဓိပ္ပါယ် ရှိတယ်၊ နိရောဓသမာပတ်ဆိုတာ ချုပ်ခြင်းသို့ရောက်တာ၊ ဘာချုပ်တာလည်း ဆိုရင် စိတ်ရယ်, စေတသိက်ရယ်, စိတ္တဇရုပ်ရယ်, အဲဒီစိတ်, စေတသိက်, စိတ္တဇ ရုပ်တွေ ချုပ်နေတဲ့အဖြစ်သို့ ရောက်နေတာကိုပဲ နိရောဓသမာပတ်သို့ရောက်တယ်၊ အဲဒီထဲ ဝင်သလိုဖြစ်တဲ့အတွက်ကြောင့်မို့ နိရောဓသမာပတ် ဝင်စားတယ်လို့ ဆိုတယ်နော်။

နိရောဓသမာပတ်ကို အနာဂါမ်နဲ့ ရဟန္တာတို့သာ ဝင်စားနိုင်တယ်၊ ပုထုဇဉ် မဝင်စားနိုင်ဘူး၊ သောတာပန်, သကဒါဂါမ် မဝင်စားနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သမာဓိအားကောင်းမှ၊ သောတာပန် သကဒါဂါမ်တောင်မှ သမာဓိကအားက ပြည့်ပြည့်ဝဝ မကောင်းသေးဘူး၊ အနာဂါမ်ကျမှ ကာမရာဂကို အကြွင်းမဲ့ပယ်နိုင် တော့ အနာဂါမ်ကျမှ သမာဓိက တကယ်အားကောင်းတာ။

ဒါကြောင့်မို့ အနာဂါမ် ရဟန္တာသာ နိရောဓသမာပတ် ဝင်စားနိုင်တယ်၊ အဲဒီ အနာဂါမ် ရဟန္တာကလည်းပဲ ဝိပဿနာသက်သက် အနာဂါမ်ရဟန္တာ၊ ဈာန်မရတဲ့ အနာဂါမ်ရဟန္တာ မဝင်စားနိုင်ဘူးတဲ့၊ နိရောဓ သမာပတ်က တော်တော် အထက်တန်းကျတယ်၊ လောကီသမာပတ်မှာတော့ သူထိပ်တန်းအကျဆုံးပဲ၊ အဲဒီတော့ ရူပဈာန်, အရူပဈာန်အားလုံးကိုရတဲ့ အနာဂါမ် ရဟန္တာမှသာလျှင် ဝင်စားနိုင်တယ်။

အနာဂါမ် ရဟန္တာဖြစ်သော်လည်းပဲ ဈာန်မရဘူးဆိုရင် မဝင်စားနိုင်သေးဘူး၊ ပထမဈာန် လောက်ရရင်လည်းပဲ မဝင်စားနိုင်ဘူး၊ ရူပဈာန်ငါးခု အကုန်ရထားရမယ်၊ အရူပဈာန်လေးခု အကုန်ရထားရမယ်၊ ဈာန် ၉-မျိုးပေါ့လေ၊ ကျမ်းဂန်ထဲမှာဆိုရင် တော့ သမာပတ်၈-ပါးလို့ ခေါ်တယ်၊ အဲဒီဈာန် ၉-မျိုးစလုံးရထားတဲ့ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တွေမှသာ ဝင်စားနိုင်တယ်။

အဲဒီပုဂ္ဂိုလ်တွေက ဘာကြောင့် နိရောဓသမာပတ် ဝင်စားတာတုန်း ဆိုတော့ ဆင်းရဲက ကင်းလွတ်နိုင်သမျှ ကင်းလွတ်အောင်, တစ်နည်းအားဖြင့် ပြောရရင်တော့ လောကုတ္တရာချမ်းသာကို ခံစားဖို့ရန် ဝင်စားကြတယ်၊ စိတ်ရော, စေတသိက်ရော, စိတ္တဇရုပ်ကော ချုပ်နေမယ်ဆိုရင် စိတ်ကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာမယ့် ဆင်းရဲမှုတွေ ဘာမှမခံစားရတော့ဘူး၊ အဲဒီတော့ အဲဒါဝင်စားတဲ့အခါမှာ ဆင်းတုကြီး လိုဖြစ်နေမှာပေါ့လေ၊ သို့သော် အေးစက်စက်တော့ ဖြစ်မနေဘူး၊ ဇီဝိတရုပ်က ရှိနေသေးတော့ ပူပူနွေးနွေးတော့ ဖြစ်နေမှာပေါ့လေ၊ စိတ် စေတသိက် စိတ္တဇရုပ် ချုပ်နေတဲ့အချိန်မှာ ငြိမ်းနေတာပေါ့၊ အဲဒီလို ငြိမ်းနေတော့ ချမ်းသာမှာပေါ့၊ ဒါကိုပဲ ချမ်းသာတာဆိုပြီး ချမ်းသာကို အလိုရှိလို့ ဒီ သမာပတ်ကို ဝင်စားတာ။

အဲဒီတော့ လူ့ပြည်မှာဆိုရင် ဒီသမာပတ်ကို ၇–ရက်ပဲ ဝင်စားနိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ အစာကို တစ်ခါစားထားရင် ခန္ဓာကိုယ်က ၇–ရက်ပဲ ခံနိုင်တယ်၊ ဒါကြောင့် ၇–ရက်ပဲတဲ့နော်။

အဲဒီနိရောဓသမာပတ် ဝင်စားတဲ့အခါကျတော့ ပထမဈာန်စသည်ကို အစဉ်တိုင်း ဝင်စားရတယ်၊ ပထမဈာန်ဝင်စား၊ ပထမဈာန်မှာရှိတဲ့ ဈာန်အင်္ဂါတွေကိုဖြစ်ဖြစ်, သင်္ခါရတရားတွေကိုဖြစ်ဖြစ် ဝိပဿနာရှု၊ ဒုတိယဈာန်ဝင်စား၊ တစ်ခါ ဈာန်အင်္ဂါဖြစ်ဖြစ်, သင်္ခါရတရားတွေဖြစ် ဝိပဿနာရှု၊ တတိယဈာန်ဝင်စား ရှု၊ စတုတ္ထဈာန်ဝင်စား ရှု၊ ပဉ္စမဈာန် ဝင်စား ရှု၊ အာကာသာနဉ္စာယတန ဈာန်ဝင်စား ရှု၊ အစဉ်အတိုင်း သွားရမယ်၊ အာကိဉ္စညာယတနဈာန် ဝင်စား၊ ရှုပြီးတော့ နေဝသညာ နာသညာယတနကို မသွားသေးပဲနဲ့ အဲဒီမှာ ရှေးဦးပြုဖွယ်ပေါ့နော်၊ preliminary ပြုဖွယ်ကိစ္စလေးမျိုးရှိတယ်၊ အဲဒါကို တစ်ခါပြုရတယ်။

ဒါကဘာလဲဆိုတော့ ငါ့ခန္ဓာကိုယ်နဲ့ ဆက်စပ်မနေတဲ့ ပစ္စည်းတွေ မှန်သမျှ မီးမလောင်ပါစေနဲ့, ရေမျောမပါပါစေနဲ့, ခြမကိုက်ပါစေနဲ့ပေါ့လေ၊ အဲဒီလို ခန္ဓာကိုယ်နဲ့ဆက်စပ်မနေတဲ့ သူ့ရဲ့ပစ္စည်းတွေပေါ့လေ၊ အဲဒီပုဂ္ဂိုလ်ရဲ့ ပစ္စည်းတွေ မပျက်စီးနိုင်အောင် အဓိဋ္ဌာန်တစ်ခု လုပ်ရတယ်။

ပြီးတဲ့နောက် မြတ်စွာဘုရားအလိုရှိလို့ ခေါ်တော်မူရင် နိရောဓသမာပတ် အတွင်းပင် ဖြစ်ပေမယ်လို့ ထပါစေသတည်းလို့ဆိုတဲ့ အဓိဋ္ဌာန်တစ်ခုလုပ်ရမယ်၊ မြတ်စွာဘုရားအာဏာတော်ဆိုတာ ပြင်းတယ်ပေါ့၊ မြတ်စွာဘုရားက အလိုရှိတယ်ဆိုရင် အလိုလို နိရောဓသမာပတ်က ထပြီးသားဖြစ်ရမယ်။

နောက်တစ်ခုက သံဃာတော်က အလိုရှိတယ်ဆိုရင်လည်းပဲ သံဃာတော်က

သူ့ကို ခေါ်လိုက်တဲ့အခါမှာ နိရောဓသမာပတ်က ထပြီးသား ဖြစ်ရမယ်၊ အဲဒီလို မဆင်ခြင်ပဲနဲ့ အဓိဋ္ဌာန်မပြုပဲနဲ့ နိရောဓသမာပတ် ဝင်စားရင် ၇–ရက်အတွင်း ဘာမှလုပ်လို့မရတော့ဘူး၊ အဲဒီအချိန်အခါမှာ စိတ်, စေတသိက်, စိတ္တဇရုပ်တွေ ဘာမှ မရှိတော့ သွားအော်လည်း မသိတော့ဘူး၊ သံဃာက အလိုရှိလို့ ခေါ်ရင်လည်းပဲ, သံဃာက တောင့်တရင်လည်းပဲ, သမာပတ်အတွင်း ဖြစ်ပေမယ်လို့ ထနိုင်ပါစေလို့ အဓိဋ္ဌာန်ပြုရမယ်။

နောက်ဆုံးတစ်ခုက မိမိအသက်ဟာ ၇–ရက်ရှည်ပါ့မလား ဆိုတာကိုလည်း ကြည့်ရမယ်၊ ငါ့အသက်ဟာ ၇–ရက်မရှည်ဘူးဆိုရင် မဝင်စားနဲ့၊ ဘာကြောင့်လဲ ဆိုတော့ အခက်အခဲတွေ့မှာစိုးလို့၊ သမာပတ်အတွင်းမှာလည်း သေလို့မရဘူး၊ သမာပတ် အတွင်း သေလို့ မရပေမယ်လို့ ကိုယ်ရဲ့အာယုသင်္ခါရဆိုတာကလည်းပဲ ၇–ရက်အတွင်း နေလို့မရဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ အကြပ်အတည်းရှိလို့ပေါ့၊ ဒါကြောင့် မိမိအသက် ၇–ရက် သို့မဟုတ် ၇–ရက်ထက်ပိုပြီး အသက်ရှည်မယ်ဆိုတာ သိမှ ဝင်စားရတယ်။

အဲဒီ ၄–မျိုးကို လုပ်ပြီးတဲ့နောက်မှ နေဝသညာနာသညာယတနစျာန်ကို ဝင်စားရမယ်၊ အဲဒီလို ဝင်စားတဲ့အခါကျတော့ စတုတ္ထအရူပါဝစရဇော ၂–ကြိမ် ဇောတယ်နော်၊ အဲဒီလို နှစ်ကြိမ်ဇောပြီးတဲ့နောက်၊ စိတ်, စေတသိက်, စိတ္တဇရုပ် ပြတ်သွားပြီ၊ blankဖြစ်သွားပြီ၊ စိတ်မရှိတဲ့အတွက်ကြောင့်မို့ စိတ်ကြောင့်ဖြစ်တဲ့ရုပ်လည်း မရှိတော့ဘူး၊ အဲဒီအချိန်မှာ ဒါကြောင့်မို့ စိတ်, စေတသိက်, စိတ္တဇရုပ် အကုန်ချုပ်သွားပြီ၊ အဲဒီမှာ စတုတ္ထအရူပါဝစရဇော ဘယ်နှစ်ကြိမ်စေသလဲ, ၂–ကြိမ်ဇောတယ်၊ အဲဒါမှတ်ထား။

နိရောဓသမာပတ်မှ ထသောအခါ, ထတဲ့အခါဆိုတာ အဲဒီနိရောဓသမာပတ် ဆုံးသွားတာကိုဆိုတာပေါ့၊ ဒီအတိုင်း မတ်တပ်ထလာတာကို မဆိုလိုဘူး၊ နိရောဓ သမာပတ်မှထတဲ့အခါကျတော့ ပထမဆုံး ဘာဇောဇောသလဲ၊ အနာဂါမ် ပုဂ္ဂိုလ်ဖြစ်ရင် အနာဂါမိဖိုလ်ဇော တစ်ကြိမ်ဇောမယ်နော်၊ ရဟန္တာဖြစ်ရင် အရဟတ္တဖိုလ်ဇော တစ်ကြိမ်ဇောမယ်၊ အဲဒီလို တစ်ကြိမ်ဇောပြီးတဲ့နောက် ဘဝင်ကျသွားမယ်၊ ပြီးမှ နောက်ထပ် ဝီထိတွေဖြစ်ချင်ဖြစ်ပေါ့လေ၊ အဲဒီလိုရှိတယ်၊ ဒါဘာလဲ၊ နိရောဓ သမာပတ်နဲ့ ပတ်သက်ပြီးတော့ ကမ္မဋ္ဌာန်းပိုင်းကျတော့လည်း ထပ်တွေ့ဦးမယ်။

နိရောဓသမာပတ် ဝင်စားတဲ့အခါ ဒိဝိထိပိုင်းအနေနဲ့ အရေးကြီးတဲ့ အချက်က စတုတ္ထအရူပါဝစရဇော (နိရောဓရဲ့ရှေ့က) ဇောဟာ ၂–ကြိမ်ဇောတယ်၊ နိရောဓက

ထလို့ နိရောဓနောက်က ကပ်လိုက်တဲ့ဇောက တစ်ကြိမ်ပဲဇောတယ်၊ ဒါအရေးကြီးတယ်နော်၊ အဲဒီနိရောဓသမာပတ်မှထတော့ အနာဂါမ်ဖြစ်ရင်အနာဂါမိဖိုလ်ဇော၊ ရဟန္တာဖြစ်ရင် အရဟတ္တဖိုလ်ဇော။

ဈာနသမာပတ္တိဝီထိ၊ ဖလသမာပတ္တိဝီထိ၌ ဈာန်ဝင်စားတဲ့ ဝီထိကို ဈာနသမာပတ္တိဝီထိ၊ ဖိုလ်ဝင်စားတဲ့ဝီထိကို ဖလသမာပတ္တိဝီထိ၊ အဲဒီဝီထိတွေမှာတော့ ဈာန်ဇော, ဖိုလ်ဇောများ မည်မျှဟု မသတ်မှတ်နိုင်၊ ဘယ်လောက်များများဇောတယ်၊ ဘယ်နှစ်ကြိမ်ဇောတယ်လို့ ပြောလို့မရတော့ဘူး၊ အကြိမ်ပေါင်း ကုဋေကုဋာချီပြီးဖြစ်မှာပေါ့၊ အကြိမ်များစွာပင်ဖြစ်သည်၊ အဲဒီလို ဇောစောပုံတွေကို သတ်မှတ်ချက်တွေကို နားလည်သဘောပေါက်ရမယ်၊

အဲဒီတော့ သေခါနီးအခါဆိုတော့ မရဏာသန္နဝီထိနားလည်ဖို့ လိုလာပြီ၊ ဒါပေမယ်လို့ မရဏာသန္နဝီထိကို ပဋ္ဌမပိုင်းကျမှပဲ အကျယ်လေ့လာကြစို့၊ အဲဒီတော့သာမညပဲမှတ်ထား၊ သေခါနီး ဇောငါးကြိမ်ဇောတယ်၊ ဒါပဲမှတ်ထားလိုက်၊

ဖလသမာပတ္တိဝီထိချလိုက်စမ်းပါ၊ ဈာနသမာပတ္တိဝီထိ ဟိုနေ့က ချခဲ့ပြီးပြီနော်၊ ဖလသမာပတ္တိဝီထိချလိုက်စမ်းပါ၊ ဖလသမာပတ္တိဝီထိချတဲ့အခါမှာ ရှေ့ကတော့ဘဝင်ပေါ့၊ ပြီးရင် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်းပြီးရင် အနုလုံချည်းလေးကြိမ်ချလိုက်၊ ဒါက မန္ဒပုဂ္ဂိုလ်အတွက်၊ ပြီးရင် ဖိုလ်စိတ်များစွာသွားရော့၊ ဒါကြောင့် အစက်ကလေးတွေ လုပ်ထားတာ နောက်ဆုံးဘဝင် ပြန်ထတဲ့အခါ, မန္ဒပုဂ္ဂိုလ်ရဲ့ ဖလသမာပတ္တိဝီထိ၊

ဆိုကြပါစို့, သောတာပတ္တိကမဂ်ရပြီးတဲ့နောက် သောတာပတ္တိဖိုလ်ကိုပြန်ပြီးဝင်စားချင်တယ်ဆိုတော့ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ နေရတဲ့အတွက်ကြောင့် အချမ်းသာကြီးချမ်းသာတယ်ပေါ့၊ ဝင်စားချင်တဲ့အခါကျတော့ ဒီဝီထိဖြစ်မယ်တဲ့၊ ဒီမှာတော့ အနုလုံ ၄-ကြိမ်၊ ဟိုမှာတုန်းက ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ မဟုတ်ဘူးလား၊ သူ့အစားပါပဲ၊ ဒါအမှန်ကတော့ ကာမာဝစရလေးကြိမ် ဖြစ်တာကို ဆိုလိုတာပါပဲ၊ နာမည်မှည့်လိုက်တော့ သူ့ကို အနုလုံချည်း လေးကြိမ်မှည့်လိုက်တယ်၊ ဒါက မန္ဒပုဂ္ဂိုလ်အတွက်၊

ကောင်းပြီ, တိက္ခပုဂ္ဂိုလ်အတွက်ကျ အနုလုံ ဘယ်နှစ်ကြိမ်ချမလဲ၊ တစ်ကြိမ်လျှော့လိုက်, ၃-ကြိမ်ပဲချတော့၊ ဒါကြောင့်မို့ အပြင်ဘက်က ဘဝင်၊ ဝီထိအတွင်းမှာက ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း အနုလုံ ၃-ကြိမ်၊ ဖိုလ်များစွာပြန်ပြီးဘဝင်ဖြစ်၊

နိရောဓသမာပတ္တိဝီထိတဲ့, နိရောဓသမာပတ္တိဝီထိကတော့ ကွက်လပ်ကြီး ကျန်လိမ့်မယ်၊ ပထမဆုံးဘဝင်ပေါ့၊ ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ, ဈာန် ၂–ကြိမ် ရရဲ့လား၊ ၂–ကြိမ် ဈာန်ရှိရဲ့လား၊ အဲဒီဈာန် ၂–ကြိမ်က ဘာဈာန်လဲ၊ စတုတ္ထအရူပဝစရဈာန် သို့မဟုတ် နေဝသညာ နာသညာယတနဈာန်, အဲဒါ ဂရုစိုက်ပြီးမှတ်ရမယ်။

နေဝသညာ နာသညာယတနဈာန် ၂–ကြိမ်ဖြစ်ပြီးတဲ့နောက် နိရောဓ ချုပ်သွားပြီ၊ စိတ်, စေတသိက်, စိတ္တဇရုပ်တွေချုပ်သွားပြီ၊ နောက် ပြန်ထတဲ့ အခါကျတော့ ဖိုလ်ဇောတစ်ကြိမ်, အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ရင် အနာဂါမိဖိုလ်ဇောတစ်ကြိမ် ရဟန္တာဖြစ်ရင် အရဟတ္တဖိုလ်ဇောတစ်ကြိမ်၊ ပြီးတဲ့နောက် ဘဝင်ပြန်ကျ၊ အဲဒါ ဖလသမာပတ္တိဝီထိရယ်၊ နိရောဓသမာပတ္တိဝီထိရယ်။

ဖလသမာပတ္တိဝီထိဆိုတာ ဖိုလ်ဇောတွေချည်း အကြိမ်များစွာဖြစ်နေတာ၊ နိရောဓသမာပတ္တိဝီထိဆိုတာက စိတ်, စေတသိက်, စိတ္တဇရုပ်တို့ ခေတ္တချုပ်ငြိမ်း နေတာပါပဲ၊ အမြဲတမ်းချုပ်ငြိမ်းသွားရင်လည်း နိဗ္ဗာန်ဖြစ်သွားမှာပေါ့၊ ခေတ္တချုပ်ငြိမ်း တာ အရိယာတွေ ချမ်းသာခံစားတဲ့နည်းက အဲဒါပဲ၊ ဖိုလ်ဝင်စားပြီး ချမ်းသာကိုခံစား တယ်၊ နိရောဓသမာပတ် ဝင်စားပြီး ချမ်းသာကို ခံစားတယ်နော်၊ ကောင်းပြီ, ဒါဘာလဲ၊ ဇောကိုသတ်မှတ်တာ။

အဲဒီတော့ အထက်ပါစာသားကိုကြည့်၍ တစ်ကြိမ်သာစောသည့်ဇောကို ရေတွက်ပါလေတဲ့၊ အဲဒါရေတွက်ရလိမ့်မယ်၊ တစ်ကြိမ်သာစောသည့်ဇော, နှစ်ကြိမ်သာ စောသည့်ဇော, သုံး–လေး–ငါး–ခြောက်–ခုနစ်ကြိမ်စောသည့်ဇော, အထက်ကဟာကို ကြည့်ပြီး ကောက်ရလိမ့်မယ်၊ ကိုင်း–အဲဒါကတော့ (excercises)လုပ်ရလိမ့်မယ်။

တစ်ကြိမ်သာစောသည့်ဇောသည် ဇောကို တွက်လိုက်စမ်း၊ ရှေးဦးစွာရတဲ့ မဟဂ္ဂုတ်ဇော၊ ဟုတ်ပြီ, မဟဂ္ဂုတ်ဇော ရိုးရိုးပြောလို့ မရဘူးနော်၊ ရှေးဦးစွာရတဲ့ မဟဂ္ဂုတ်ဇောလို့ ပြောရမယ်။

ကဲ–နောက်တစ်ခုက အဘိညာဏ်ဇော၊ အဘိညာဏ်ဇောဆိုတာ ပဥ္စမဈာန်ပဲ၊ ပြီးတော့ မဂ်ဇော၊ နောက်ထပ် ဘာရှိသေးတုန်း၊ နိရောဓသမာပတ်မှ ထသောအခါ ဖိုလ်ဇော၊ အနာဂါမိဖိုလ် သို့မဟုတ် အရဟတ္တဖိုလ်ဇော။

ကိုင်း, ပြန်ပြောစမ်း၊ တစ်ကြိမ်သာစောသည့်ဇော ရှေးဦးစွာရတဲ့ မဟဂ္ဂုတ်ဇော၊ အဘိညာဏ်ဇော, မဂ်ဇော၊ နိရောဓသမာပတ်မှ ထသောအခါ ဖိုလ်ဇော၊ ဟုတ်ပြီ။

လယ်တီဆရာတော်ဘုရားကြီးက အဲဒါနဲ့ပတ်သက်ပြီး လင်္ကာလေး ရေးထား

တာရှိတယ်၊

**"အာဒိကမ္မ၊ မဂ်ဘိညာ၊ ရောဓဆုံးကော"**တဲ့နော်၊ ဒီထဲမှာထည့်ရေးမထားဘူး၊ မှတ်ချင်လည်း မှတ်ကြ။

အာဒိကမ္မဆိုတာ အစကိုပြောတာ၊ **အာဒိကမ္မ, မဂ်ဘိညာ, ရောဓဆုံးကော**တဲ့၊ နိရောဓသမာပတ်မှ အဆုံး နိရောဓသမာပတ်မှ ထတဲ့အခါကိုဆိုတာ၊ အဲဒါလေး တွေဟာ ကျက်ထားရင်ကောင်းတယ်၊ မှတ်မိတယ်၊ ဒါမှမဟုတ်ရင် ဒီအတိုင်း မှတ်ထားရင် တော်တော်ကြာရောပြီး ပျောက်ချင်ပျောက်သွားမှာ၊ တော်တော်လေးကြာ (memory)ဟာ မှုန်ဝါးဝါးဖြစ်သွားတတ်တယ်၊ လင်္ကာလေးနဲ့ဆိုတော့ ခဏချင်း စွဲသွားတယ်၊

ကောင်းပြီ၊ နှစ်ကြိမ်စောသည့်ဇော ရှာကြဦးစို့၊ ဘယ်ဇောတွေလဲ၊ မဂ်နောင် ဖိုလ်ဇော၊ ပြီးတော့၊ နိရောဓသမာပတ် ဝင်စားသောအခါ စတုတ္ထ အရူပါဝစရဇော၊ သို့မဟုတ် နေဝသညာ နာသညာယတနဇောပေါ့လေ။

အဲဒါကျတော့ ဆရာတော်ကြီးကရော ရေးထားတယ်၊ **မဂ်နောင်ဖိုလ်လေး၊ နှစ်သုံးရေးတဲ့**၊ မဂ်လေးပါးနောင်မှကျတဲ့ ဖိုလ်ဇောလေးမျိုးပေါ့၊ မဂ်နောင်ဖိုလ်လေး၊ နှစ်သုံးရေး ၂-ကြိမ်သော်လည်းကောင်း, သုံးကြိမ်သော်လည်းကောင်း, နိရှေးနေနှစ်သာ၊ နိရှေးဆိုတာ နိရောဓသမာပတ်ရဲ့ရှေး၊ နေဆိုတာ နေဝသညာ, နာသညာယတန၊ နှစ်က ဂဏန်း-၂၊ မဂ်နောင်ဖိုလ်လေး၊ နှစ်သုံးရေး၊ နိရှေးနေနှစ်သာ၊ ဒါလေး ရထားရင် အဲဒါမှတ်နိုင်ပြီ။

**အာဒိကမ္မ, မဂ်ဘိညာ, ရောဓဆုံးကော၊**
**မဂ်နောင်ဖိုလ်လေး၊ နှစ်သုံးရေး၊ နိရှေးနေနှစ်သာ၊**

ဒါပဲ, တခြားဟာကတော့ "ဆိုပြီးသည်မှ ကြွင်းသမျှ များလှကြိမ်ပဏာ" ဒါကတော့ မှတ်ဖို့မလိုတော့ပါဘူး၊ ကောင်းပြီ၊ ဒါက ၂-ကြိမ်ပြီးပြီနော်။

သုံးကြိမ်စောသည့်ဇော ရှာလိုက်ကြစမ်း၊ မဂ်နောင်ဖိုလ်ဇော ၃-ကြိမ်, တိက္ခပုဂ္ဂိုလ်အတွက်၊

လေးကြိမ်စောသည့်ဇော ရှိလား, ရှိတယ်၊ ဘယ်ဇောတုန်း ပစ္စဝေက္ခဏာဇော ၄-ကြိမ်နော်၊ ဘယ်လို အခါမျိုးမှာတုန်း, မြတ်စွာဘုရားတန်ခိုးပြသည့် အခါမျိုးမှာ လေးကြိမ်စောသည်။

ပစ္စဝေက္ခဏာဇောဆိုတာ ကာမာဝစရဇောလား, ရူပါဝစရဇောလား၊ ကာမာ ဝစရဇော၊ ဆင်ခြင်တယ်ဆိုတာ ကာမာဝစရဇောနဲ့ ဆင်ခြင်ရတာ၊ ရူပါဝစရဇောနဲ့

ဆင်ခြင်လို့မရဘူး၊ အရူပါဝစရဇောနဲ့ ဆင်ခြင်လို့မရဘူး။

ငါးကြိမ်စောသည့်ဇော ရှာလိုက်စမ်း၊ သေခါနီးအခါ စသည်လိုပဲ လုပ်လိုက်ကြစို့၊ သေခါနီးအခါ စသည်မှာ ကာမာဝစရဇော ငါးကြိမ်ပြီးတော့ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြတဲ့အခါမျိုးမှာ ပစ္စဝေက္ခဏာဇော ငါးကြိမ်၊ သင်္ဂြိုဟ်ကျမ်းမှာတော့ ဘယ်ပုဂ္ဂိုလ် ဘယ်နှစ်ကြိမ်လို့ ခွဲပြီး ပြဆိုမလားဘူး၊ ဒါပေမယ်လို့ ရှေးဆရာတို့က ခွဲပြီးပြဆိုထားတယ်၊ မြတ်စွာဘုရားအတွက်လေးကြိမ်၊ သာဝကတွေအတွက် ငါးကြိမ်၊ အဲဒီလို ယူကြတယ်။

ငါးကြိမ်ပြီးတော့ နောက် ခြောက်ကြိမ်၊ ၆–ကြိမ်စောသည့်ဇော၊ ရိုးရာအခါ ကာမာဝစရဇော၊ ၇–ကြိမ်စောသည့်ဇော၊ ရိုးရာအခါကာမာဝစရဇော။

သြော်– နောက်တစ်ခုလို သွားသေးတယ်၊ အကြိမ်များစွာစောသည့်ဇော၊ သမာပတ္တိဝီထိမှာဖြစ်တဲ့ ဈာန်ဇော, ဖိုလ်ဇော၊ ဒါတွေက အကြိမ်များစွာဖြစ်တယ်။

ဒီနေ့ ဘာခက်သလဲ၊ ဒီနေ့ရှင်းပါတယ်နော်၊ အဲဒါဇောပဲ၊ ကာမာဝစရဇော ဆိုရင် ၇–ကြိမ်ချတယ်၊ တစ်ခါတလေ ၆–ကြိမ် ကျနိုင်တယ်တဲ့နော်၊ သေခါနီး အခါမျိုးမှာဆိုရင် ငါးကြိမ်, မြတ်စွာဘုရား တန်ခိုးပြသည့် အခါမျိုးမှာဆိုရင် ၄–ကြိမ်, ၅–ကြိမ်, မဟဂ္ဂုတ်ဇောတွေမှာ ပထမရတဲ့အခါမှ တစ်ကြိမ်၊ နောက်ထပ် ဝင်စားတဲ့အခါမှာ အကြိမ်များစွာ, အဘိဉာဉ်ဇောကတော့ ဘယ်အခါပဲဖြစ်ဖြစ် တစ်ကြိမ်ပဲကျတယ်နော်၊ မဂ်ဇော အမြဲတမ်းတစ်ကြိမ်ပဲ၊ ၂–ကြိမ်၊ ၃–ကြိမ်မကျ၊ ဖိုလ်ဇော ၂–ကြိမ်သော်လည်းကောင်း၊ ၃–ကြိမ်သော်လည်းကောင်း (သို့မဟုတ်) အကြိမ်များစွာ ကျနိုင်တယ်။

နိရောဓသမာပတ် ဝင်စားတဲ့အခါမှာ နေဝသညာ နာသညာယတန ဇော ၂–ကြိမ်ကျ၊ ထတဲ့အခါမှာ ဖိုလ်ဇော တစ်ကြိမ်ကျ၊ သမာပတ္တိဝီထိတွေမှာတော့ ဈာန်ဇောတွေ, ဖိုလ်ဇောတွေ မရေမတွက်နိုင်အောင် အကြိမ်များစွာကျတယ်၊ ဒါဇောကို သတ်မှတ်ခြင်း, တစ်ကြိမ်စောသည့်ဇော, နှစ်ကြိမ်စောသည့်ဇော စသည်ဖြင့် ဒါတွေမှတ်မိအောင်တော့ မှတ်ရမှာနော်၊ သို့သော် အခု အထက်ကဟာကြည့်ပြီး ရွေးလိုက်ရင်ရပြီ၊ အဲဒီလို ကိုယ့်ဟာကို ရွေးတတ်ရင် တော်ပြီ၊ ရေးပေးထားရင် ဝီရိယနည်းသွားမှာစိုးလို့, ကိုယ့်ဟာကိုယ် ရွေးရတော့ ထုတ်ရတော့ ပိုပြီးတော့ မှတ်မိတယ်၊ ဒါကြောင့် ကွက်လပ်ချန်ထားတာ၊ အဲဒါဇောကို သတ်မှတ်ခြင်းတဲ့။

ဒီနေ့ နောက်တစ်ခုသွားဦးမယ်၊ နောက်တစ်ခုက ပုဂ္ဂိုလ်စိတ်ရတဲ့၊ ဘယ်ပုဂ္ဂိုလ်မှာ ဘယ်စိတ်တွေ ရနိုင်တယ်, ဖြစ်နိုင်တယ်ဆိုတာ ခွဲခြားရမယ်။

ပထမဆုံး ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရှိတယ်ဆိုတာ သိရမယ်၊ ပုဂ္ဂိုလ်ဘယ်နှစ်ယောက်ရှိမလဲ၊ ပုဂ္ဂိုလ် ၁၂–ယောက်ရှိတယ်၊ အဲဒီ ၁၂–ယောက်က ပုထုဇဉ် ၄–ယောက်, အရိယာ၈–ယောက်၊ ပုထုဇဉ်လေးယောက်က ဘယ်သူတွေလဲ၊ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊ အမှန်ကတော့ အဲဒီလို အရှည်ရေးရမှာပေါ့နော်၊

၁။ ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်

၂။ သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်၊

၃။ ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်

၄။ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်

အရိယာရှစ်ယောက်ကဘာလဲ၊ မဂ္ဂဋ္ဌ ၄–ယောက်၊ ဖလဋ္ဌ ၄–ယောက်၊ လောကုတ္တရာရှစ်ပါး ပြန်သတိရလိုက်ကြ၊ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သောတာပတ္တိမဂ်စိတ်အခိုက်တန့်မှာ အဲဒီပုဂ္ဂိုလ်ကို သောတာပတ္တိမဂ္ဂဋ္ဌနော်၊ အဲဒီလိုခေါ်တာ၊ သောတာပတ္တိဖိုလ်စိတ်ကနေ ဟိုဘက် သကဒဒါဂါမိမဂ် မရောက်မချင်းသူ့ကို သောတာပတ္တိဖလဋ္ဌလို့ ခေါ်တယ်။

တစ်ခါ သကဒါဂါမိမဂ်ဖြစ်ပေါ်တဲ့အခါမှာ သူ့ကို အဲဒီစိတ် အခိုက်အတန့်လေးကို, အဲဒီစိတ္တက္ခဏတစ်ချက် အခိုက်တန့်လေးကို သကဒါဂါမိမဂ္ဂဋ္ဌ၊ သကဒါဂါမိဖိုလ်ကနေပြီးတော့ အနာဂါမိမဂ် မဖြစ်မချင်းကို သကဒါဂါမိဖလဋ္ဌ၊ အနာဂါမိမဂ်ကိုရတဲ့အခိုက်တန့်မှာ အနာဂါမိမဂ္ဂဋ္ဌ၊ အနာဂါမိဖိုလ်ဇော ဖြစ်သည်မှစ၍ ရဟန္တာမဖြစ်မချင်းဆိုပါတော့ သူ့ကို အနာဂါမိဖလဋ္ဌ၊ အရဟတ္တမဂ်ကို ရတဲ့အခိုက်တန့်မှာ အရဟတ္တမဂ္ဂဋ္ဌ၊ အဲဒီနောက် ပရိနိဗ္ဗာန်ပြုသည့်တိုင်အောင် အရဟတ္တဖလဋ္ဌ၊ ပုဂ္ဂိုလ်၈–ယောက်လို့တွက်တယ်၊ အမှန်ကတော့ လေးယောက်ပါပဲ၊ မဂ္ဂဋ္ဌပုဂ္ဂိုလ် ဆိုတာကစိတ္တက္ခဏတစ်ချက်သာရှိတယ်၊ ဘယ်အချိန်ဆိုတာ ဘယ်သူမှလည်းသိတာမဟုတ်ဘူး၊ ဒါပေမယ်လို့ အရိယာရှစ်ယောက်ဆိုတာ အဲဒါကိုခေါ်တာ။

အဲဒီအရိယာရှစ်ယောက်ဟာ ဟိတ်နဲ့ခွဲရင် တိဟိတ်ပုဂ္ဂိုလ်မှ အရိယာဖြစ်နိုင်တာပေါ့၊ အဲဒါလေး နည်းနည်းပြောကြဦးစို့၊ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်ဆိုတာသိလားဘယ်လိုဟာတုန်း၊ ဘယ်သိဦးမလဲနော်၊ ပထမဆုံး ဘာသိရမလဲ၊ ပဋိသန္ဓေနေတယ်၊ ဘဝတစ်ခုမှာ ပဋိသန္ဓေနေတဲ့အခါမှာ ဘယ်လိုစိတ်တွေနဲ့ ပဋိသန္ဓေနေနိုင်လဲ၊ ပဋိသန္ဓေ ဘယ်နှစ်ခုရှိသလဲ၊ စိတ်ပေါင်း ၁၉–ခုရှိတယ်နော်၊ ဒွါရဝိမုတ်စိတ် ၁၉–ခု သို့မဟုတ် ပဋိသန္ဓေဘဝင် စုတိ ကိစ္စတပ်တဲ့စိတ် ၁၉–ခုပေါ့၊ အဲဒီ ၁၉–ခုထဲကတစ်ခုခုနဲ့ ပဋိသန္ဓေနေရတယ်။

ကောင်းပြီ, အဲဒီအခါမှာ ဟိတ်မပါတဲ့ အဟိတ်စိတ်ထဲက ပဋိသန္ဓေကိစ္စတပ်တဲ့စိတ် ရှိတယ်၊ အဟိတ်စိတ်တွေထဲက ဥပေက္ခာသဟဂုတ် သန္တီရဏဟာ ပဋိသန္ဓေကိစ္စတပ်တယ်၊ သူကအဟိတ်၊ အဲဒီ အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေယူတဲ့ ပုဂ္ဂိုလ်တွေကို ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဒုဂ္ဂတိအဟိတ်ဆိုတာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်, အပါယ်လေးဘုံမှာဖြစ်တဲ့ သတ္တဝါတွေ ငရဲကျရင် အဲဒီ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေတယ်၊ တိရစ္ဆာန်ဖြစ်ရင်လည်း ဒီအတိုင်းပဲ၊ ပြိတ္တာဖြစ်ရင်လည်း ဒီအတိုင်းပဲ၊ အသူရကာယ်ဖြစ်ရင်လည်း ဒီအတိုင်းပဲ၊ ဒါကြောင့်မို့ ဒုဂ္ဂတိဆိုတာ ဘာကို ခေါ်တာလဲ, ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ခေါ်တာ၊ အဲဒီ အပါယ် လေးဘုံမှာ ပဋိသန္ဓေအားဖြင့်ဖြစ်တဲ့ သတ္တဝါတွေကို ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်လို့ ခေါ်တယ်။

သူတို့ယူတဲ့ ပဋိသန္ဓေစိတ်တွေမှာ ဟိတ်မပါဘူး၊ အဟိတ်စိတ်နဲ့ ပဋိသန္ဓေယူခဲ့တာ၊ ဒါကြောင့်မို့ သူတို့ကို ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်လို့ခေါ်တာ။

သုဂတိအဟိတ်ပုဂ္ဂိုလ်တဲ့, ဒါကတော့ လူ့ဘုံနဲ့ စတုမဟာရာဇ်ဘုံပေါ့လေ၊ အဲဒီဘုံကျတော့ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေနိုင်တယ် မဟုတ်ဘူးလား၊ သုဂတိအဟိတ်နော်၊ နေနိုင်တယ်၊ ဒါက လူ့ဘဝဖြစ်ပေမယ်လို့ မွေးကတည်းက ကန်းလာတာတို့၊ နားမကြားလာတာတို့ဆိုတဲ့ ဟာမျိုးတွေပေါ့၊ အခုခေတ်လိုပြောရင် (defect) ဖြစ်လာတာတွေပေါ့၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ ဘာနဲ့ ပဋိသန္ဓေနေလာသလဲ၊ ကုသလဝိပါက်၊ ကုသိုလ်အကျိုးကြောင့်တော့ သူတို့ဟာ လူ့ဘုံတော့ရောက်တာ၊ ဒါပေမယ်လို့လည်းပဲ သူတို့ကုသိုလ်က အားနည်းတော့ မကောင်းတဲ့ အကုသိုလ်ရဲ့ အကျိုးကလည်း ပါလာတယ်၊ ဒါကြောင့်မို့ ကုသိုလ်ရဲ့အကျိုး ပြည့်ပြည့်ဝဝ မရတဲ့သူတွေလို့ ဆိုရတာပေါ့လေ၊ အဲဒီပုဂ္ဂိုလ်တွေကို သုဂတိအဟိတ် ပုဂ္ဂိုလ်တွေလို့ ဆိုရတာပေါ့နော်၊ စကားပြောတဲ့အခါ မန်းစွဲသလို ဖြစ်နေတာရှိတယ်၊ ပီအောင်မပြောနိုင်တာ၊ အတတ ဖြစ်နေတာ မွေးကတည်းက ကန်းလာတာမျိုးပေါ့လေနော်၊ မွေးကတည်းက ကန်းလာတယ်ဆိုတာ အမှန်ကတော့ ဒါ နောင်ကျမှပိုပြီးတော့ သိလိမ့်မယ်၊ စက္ခုပသာဒ ဖြစ်ရမယ့်အချိန်မှာ မဖြစ်ခဲ့တာကို ဆိုလိုတာ၊ တချို့ကျတော့ ဖြစ်တုန်းကတော့ ဖြစ်ခဲ့မှာပဲ၊ နောက်ကျမှ ဒီကိုယ်ဝန် အဲဒီအချိန်ပိုင်းလွန်ပြီးတဲ့ အခါကျမှ တစ်စုံတစ်ခုကြောင့် ပျက်သွားရင် မဆိုင်ဘူး၊ ဒါနောက်ကျမှ ဖြစ်သွားတာလို့ဆိုရမှာ၊ စက္ခုပသာဒပေါ်ချိန်မှာ မပေါ်ဘူး၊

သောတပသာဒပေါ်ချိန်မှာ မပေါ်ဘူး၊ အဲဒီလို ပုဂ္ဂိုလ်တွေကို မွေးကတည်းက ကန်းလာတာ၊ မွေးကတည်းက နားပင်းလာတဲ့သူ။

နောက်ကျမှ ဆိုပါတော့ အမိမလိမ္မာလို့ စသည်ဖြင့်ပေါ့လေ၊ သို့မဟုတ် တခြားကံတစ်ခုခုကြောင့် စက္ခုပသာဒပေါ်ချိန်, သောတပသာဒပေါ်ချိန် ဆိုတာ ရုပ်ပိုင်းကျတော့ သိလိမ့်မယ် ဟုတ်လား၊ အဲဒီလို ပုဂ္ဂိုလ်ကို ဘာလို့ခေါ်သလဲ သုဂတိအဟိတ်တဲ့၊ သူတို့ပဋိသန္ဓေနေတဲ့စိတ်က အဟိတ်စိတ်နဲ့နေခဲ့တယ်၊ ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏနော်။

ဒွိဟိတ်ပုဂ္ဂိုလ်၊ ဒါကတော့ လူတွေနတ်တွေ ဖြစ်နိုင်တယ်၊ ဒွိဟိတ်ပုဂ္ဂိုလ် ဆိုတာ လူ့ဘဝ ရောက်လာတဲ့သူ မဟာဝိပါက်စိတ် ၈-ခုထဲက တစ်ခုခုနဲ့ ပဋိသန္ဓေနေခဲ့တာ၊ ဟို ခုနမွေးကတည်းက ကန်းတာတို့ဘာတို့ မဟုတ်ရင်ပေါ့လေ၊ မဟာဝိပါက်စိတ် ၈-ခုထဲက တစ်ခုခုနဲ့ ပဋိသန္ဓေနေတော့ အဲဒီအထဲက ဉာဏဝိပ္ပယုတ် စိတ်နဲ့ ပဋိသန္ဓေ ယူတဲ့သူတွေကို ဒွိဟိတ်လို့ခေါ်တယ်၊ အဲဒီဉာဏဝိပ္ပယုတ်စိတ်တွေဟာ ဒွိဟိတ်စိတ်တွေ၊ တိဟိတ်စိတ်တွေ မဟုတ်ဘူး၊ ဒွိဟိတ်စိတ်နဲ့ ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်ကို ဒွိဟိတ်ပုဂ္ဂိုလ်၊ ဒါဖြင့် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်နဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တွေကို တိဟိတ်ပုဂ္ဂိုလ်လို့ခေါ်တယ်။

အဲဒီတိဟိတ်ပုဂ္ဂိုလ်မှသာလျှင် ဒီဘဝမှာ ဈာန်, မဂ်, ဖိုလ်, ရနိုင်တယ်။ အဟိတ်ပုဂ္ဂိုလ်မရနိုင်ဘူး၊ ဒွိဟိတ်ပုဂ္ဂိုလ် ဒီဘဝမှာ ဈာန် မဂ် ဖိုလ် မရနိုင်ဘူး၊ ဘယ်သူကဒွိဟိတ်၊ ဘယ်သူက တိဟိတ်ဆိုတာလည်း ဘယ်သူမှမသိဘူး၊ မြတ်စွာဘုရားပဲ သိတယ်နော်၊ အဲဒီလို ပုထုဇဉ်ပုဂ္ဂိုလ်လေးမျိုးရှိတယ်။

အရိယာပုဂ္ဂိုလ် ၈-ယောက် ခုနက ပြောပြီးပြီ ဟုတ်လား၊ ဒါဆို နားလည်ပြီပေါ့၊ မြန်မာစကား ပြောတဲ့အခါ ဒီကောင် အဟိတ်တိရစ္ဆာန် ဘာညာနဲ့စကားလုံး မသုံးဘူးလား၊ အဟိတ်တိရစ္ဆာန် ပုဂ္ဂိုလ်ဆိုတာ အလွန် အောက်တန်း ကျတဲ့ပုဂ္ဂိုလ်ပဲ၊ ပဋိသန္ဓေနေတုန်းက တစ်ခါတည်း အားကောင်းတဲ့ဟိတ် တစ်ခုမှမပါတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီတော့ ဟိတ် ၃-ခုနဲ့ ပဋိသန္ဓေနေမှသာ အဲဒီဘဝမှာ ဈာန်, မဂ်, ဖိုလ် ရနိုင်တယ်၊ သို့မဟုတ်ရင် မရနိုင်ဘူးတဲ့။

ကောင်းပြီ, အဲဒီလိုရှိပြီးတဲ့နောက် ဘယ်ပုဂ္ဂိုလ်တွေမှာ ဘယ်စိတ်တွေ ရသင့်တယ်, ဘယ်စိတ်တွေ မရနိုင်ဘူးဆိုတာကို သတ်မှတ်ရမယ်နော်၊ အဲဒီတော့ အောက်မှာ ပုဂ္ဂိုလ်ရယ်, မရတဲ့စိတ် ပြောလိုက်ရင် ရတဲ့စိတ်တွေကို ကိုယ့်ဟာကို ရှာရလိမ့်မယ်။

ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်မှာ ဘယ်စိတ်တွေ မရနိုင်ဘူးတုန်း၊ ကြိယာဇောတွေ မရနိုင်ဘူးတဲ့၊ ဒါကတော့ သေချာတာပေါ့၊ သူက ရဟန္တာမှ မဖြစ်နိုင်ပဲဟုတ်လား နော်၊ အပ္ပနာဇောတွေလည်း မရနိုင်ဘူးတဲ့၊ ဈာန်ဇောတွေလည်း မရနိုင်ဘူးတဲ့၊ မဟာဝိပါက် စိတ် ၈–ခုလုံးလည်း သူ့မှာ မဖြစ်နိုင်ဘူးတဲ့၊ ဒါတွေ ချန်ထားရလိမ့်မယ်၊ အဲဒီတော့ မဟဂ္ဂုတ်ဝိပါက်တို့ ဘာတို့ကတော့ အထူးပြောစရာမလိုဘူး၊ သူတို့ ကတော့မဖြစ်ဘူး။

ဒါကြောင့် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ စိတ်ဘယ်လောက်ဖြစ်နိုင်သလဲဆိုရင် ဟိုး အောက်ကျတော့ ၃၇–ခုလို့ ပထမတစ်ခုတော့ ဖော်ပေးထားတယ်၊ နောက်ဟာ တွေတော့ ကိုယ့်ဟာကို တွက်ရလိမ့်မယ်၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ အကုသိုလ်စိတ် ၁၂–ပါးလုံး ရနိုင်လိမ့်မယ်၊ ဟိုအစက်ကလေးတွေ အစက်ကလေးတွေ ဟုတ်လား၊ အကုသိုလ်စိတ် ၁၂–ပါးလုံး ရလိမ့်မယ်၊ အဟိတ်စိတ်ထဲက ဟသိတုပ္ပါဒ်စိတ် ချန်ရလိမ့်မယ်၊ အဟိတ်စိတ် ၁၇–ပါးရလိမ့်မယ်၊ အဲဒီတော့ မဟာကုသိုလ်စိတ် ၈–ပါးရနိုင်တယ်၊ ငရဲဖြစ်ပေမယ်လို့ ကုသိုလ်စိတ် ဖြစ်နိုင်တယ်၊ တိရစ္ဆာန်ဖြစ်ပေမယ့် ကုသိုလ်စိတ် ရနိုင်တယ်၊ ဖြစ်ရင် များသောအားဖြင့်တော့ ဉာဏဝိပ္ပယုတ်စိတ် ဖြစ်မှာပေါ့လေ၊ သို့သော် ဉာဏသမ္ပယုတ်တော့ မဖြစ်ဘူး မပြောနိုင်ဘူး၊ မဟာ ကုသိုလ်စိတ် ၈–ခုဖြစ်နိုင်တယ်ဆိုတော့ အားလုံး ၃၇–ခုဖြစ်နိုင်တယ်။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်မှာ စိတ်ဘယ်နှစ်ခု ရနိုင်သလဲဆိုတော့ (ကျမ်းဂန်မှာ ရတယ်လို့ပဲသုံးတယ်)၊ စိတ် ၃၇–ပါးရတယ်၊ ဘာတွေရတုန်း၊ အကုသိုလ်စိတ် ၁၂–ခု၊ ဟသိတုပ္ပါဒ်ကြဉ်တဲ့ အဟိတ်စိတ် ၁၇–ခု၊ မဟာကုသိုလ်စိတ် ၈–ခု ဟုတ်ပြီလား။

သုဂတိအဟိတ်ပုဂ္ဂိုလ်မှာ ကြိယာဇော မရနိုင်ဘူး၊ အပ္ပနာဇော မရနိုင်ဘူး၊ မဟာဝိပါက်စိတ် ၈–ခုထဲက ၄–ခုမရဘူး၊ ၄–ခုရတယ်၊ မရတာက ဉာဏသမ္ပယုတ် စိတ် ၄–ခုမရဘူးဆိုတော့ ဉာဏဝိပ္ပယုတ်စိတ် ၄–ခုရတယ်၊ သူ့ကို ပြန်ကြည့် လိုက်ဦး၊ သူ့မှာ ဘယ်လောက်ရမလဲ၊ ၄၁–ပါးရမယ်လို့တော့ သင်္ချာလေးပေးထား တယ်၊ အဲဒီ ၄၁–ပါးကို လိုက်ရှာ၊ အကုသိုလ်စိတ် ၁၂–ခု၊ အဟိတ်စိတ် ၁၇–ခု၊ မဟာကုသိုလ် ၈–ခု၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄–ခု ပေါင်း ၄၁–ပါး။

ဒွိဟိတ် ပုဂ္ဂိုလ်, ဒွိဟိတ်ပုဂ္ဂိုလ် အတူတူပဲ၊ ဒွိဟိတ်ပုဂ္ဂိုလ်လည်းပဲ ၄၁–ပဲ တဲ့၊ အဲဒီစိတ်တွေပဲ။

တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တဲ့, သူ့ကျတော့ အပ္ပနာဇောတွေတောင် ရနိုင်တယ်

နော်၊ ကြိယာဇောတွေသာမရနိုင်ရတာ၊ တိဟိတ်ပုထုဇဉ်မှာ ၅၄–တောင် ရှိတယ်တဲ့၊ တွက်ကြစမ်းပါဦး၊ အကုသိုလ်စိတ် ၁၂–ပါး ရနိုင်တယ်၊ အဟိတ်စိတ် ၁၇–ပါး ရမယ်၊ မဟာကုသိုလ်စိတ် ၈–ပါး ရမယ်၊ တိဟိတ်ပုထုဇဉ် နော်၊ မဟာဝိပါက်စိတ် ၈–ပါးရမယ်၊ မဟာဝိပါက်စိတ် ၈–ပါးရမယ်၊ ရူပါဝစရကုသိုလ် ၅–ခုရနိုင်တယ်၊ ဝိပါက်ကြိယာ မရနိုင်ဘူးနော်၊ အရူပါဝစရ ကုသိုလ် ၄–ခု ရနိုင်တယ်၊ ကုသိုလ်ဆိုရင် ဝိပါက်ကြိယာ မရနိုင်ဘူး၊ ကိုင်း ၅၄–ပါးဟုတ်ရဲ့လား၊ ပြန်တွက်ဦး ပထမ အကုသိုလ် ၁၂–ခု, ပြီးတော့ အဟိတ်စိတ် ၁၇–ခု, မဟာကုသိုလ်စိတ် ၈–ခု, မဟာဝိပါက်စိတ် ၈–ခု၊ ရူပါဝစရကုသိုလ် ၅–ခု၊ အရူပါဝစရကုသိုလ် ၄–ခု ပေါင်း ၅၄–ဟုတ်ရဲ့လား၊ (မင်္ဂရတယ်ဘုရား) မင်္ဂရရင် သူက မဂ္ဂဋ္ဌပုဂ္ဂိုလ်ဖြစ်သွားပြီ၊ ၅၄–ပဲ တိဟိတ်ပုထုဇဉ်။

ကောင်းပြီ မဂ္ဂဋ္ဌလေးယောက်မှာ မိမိမင်္ဂစိတ်မှတစ်ပါး အခြားစိတ်အားလုံး မရဘူး၊ မဂ္ဂဋ္ဌပုဂ္ဂိုလ်မှာတော့ အဲဒီမင်္ဂစိတ်ပဲရတယ်၊ သိပ်ရှင်းတယ်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မှာ စိတ်ဘယ်လောက် ရနိုင်တုန်း၊ သောတာပတ္တိမင်္ဂစိတ် ၁ ခုပေါ့ နော်၊ သကဒါဂါမိမဂ္ဂဋ္ဌမှာ သကဒါဂါမိမင်္ဂစိတ် ၁–ခု စသည်ဖြင့် သွား, အဲဒါ လွယ်ပြီ။

သောတာပတ္တိဖလဋ္ဌ ပုဂ္ဂိုလ်မှာ ဖိုလ်ဖြစ်သွားပြီ၊ သောတာပန်ဖြစ်သွားရင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပယ်တယ်၊ သောတာပတ္တိမင်္ဂရတာနဲ့ တစ်ပြိုင်တည်း ဒိဋ္ဌိမရှိတော့ဘူး၊ ဝိစိကိစ္ဆာမရှိတော့ဘူး၊ ဒိဋ္ဌိမရှိတော့ဘူးဆိုရင် အကုသိုလ်စိတ် ၁၂–ခုထဲက ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄–ခု မရှိတော့ဘူး၊ လောဘမူစိတ် ၈–ခုထဲမှာ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄–ခု၊ ပြီးတော့ မောဟမူနွေးထဲက ဝိစိကိစ္ဆာလည်း မရှိတော့ဘူးဆိုတော့ အကုသိုလ်စိတ်ထဲက ၅–ခုလျော့ရလိမ့်မယ်၊ ဒါကြောင့်မို့ သောတာပတ္တိဖလဋ္ဌ ပုဂ္ဂိုလ်မှာ စိတ် ၅၀ ရတယ်တဲ့၊ တွက်ကြစမ်း၊ အကုသိုလ်ထဲက ဘယ်လောက်ရမလဲ၊ လောဘမူထဲက ၄–ခု၊ ဒေါသမူ ၂–ခု၊ မောဟမူထဲက ဥဒ္ဓစ္စသဟဂုတ် ၁–ခုဆိုတော့ ဘယ်နှစ်ခုလဲ၇–ခု၊ ပြီးတော့အဟိတ်စိတ်ကတော့ ၁၇–ပဲနော်၊ ပြီးတော့ မဟာကုသိုလ်စိတ် ၈–ခုရတယ်၊ မဟာဝိပါက်စိတ် ၈–ခုရတယ်၊ ပြီးတော့ ရူပါဝစရကုသိုလ်စိတ် ၅–ခု ရတယ်၊ အရူပါဝစရ ၄–ခု ရတယ်၊ သောတာပတ္တိဖိုလ်စိတ် ၁–ခု ရတယ်၊ ၅– ဟုတ်ရဲ့လား ၅၀။

သကဒါဂါမိဖလဋ္ဌ ၅၀–ပဲတဲ့၊ အကုသိုလ်ထဲက ဘယ်လောက်တုန်း ၇–ပဲပေါ့၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်ဝိစိကိစ္ဆာမရဘူး, ကျန်တဲ့စိတ် ၇–ခုရတယ်၊ အဟိတ်စိတ်

၁၇–ခု, မဟာကုသိုလ် စိတ် ၈–ခု, မဟာဝိပါက်စိတ် ၈–ခု၊ ရူပါဝစရ ကုသိုလ် ၅–ခု, အရူပါဝစရကုသိုလ် ၄ ခု, သကဒါဂါမိဖိုလ်စိတ် ၁–ခု။

အနာဂါမ်ကြည့်လိုက်စမ်း၊ အနာဂါမိဖလဋ္ဌ ကြိယာဇော မရဘူး၊ ဒိဋ္ဌိဂတ သမ္ပယုတ်ဇော မရဘူး၊ ဝိစိကိစ္ဆာသဟဂုတ်ဇောမရဘူး၊ ဒေါသမူဒွေးလည်း မရဘူး၊ အမှန်ကတော့ ၅၀–ထဲက ၂–နုတ်လိုက်တာပါပဲ၊အကုသိုလ်ထဲက ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ခု၊ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁–ခုရယ်, ၅ ခု ဟုတ်ပြီလား၊ အဟိတ်စိတ်ထဲက ၁၇–ခု၊ မဟာကုသိုလ် ၈–ခု၊မဟာဝိပါက် ၈–ခု၊ ရူပကုသိုလ် ၅–ခု၊ အရူပကုသိုလ် ၄–ခု၊ အနာဂါမိဖိုလ် ၁–ခု၊ အားလုံး ဘယ်လောက်တုန်း ၄၈။

အရဟတ္တဖိုလ်ကျတော့ ၄၄–တဲ့နော်၊ အရဟတ္တဖိုလ်ကျတော့ ဘာတဲ့လဲ အောက်နားဖတ်လိုက်စမ်းပါ၊ အရဟတ္တဖလဋ္ဌ, သို့မဟုတ် ရဟန္တာ၊ ကုသိုလ်ဇောလည်း မရဘူး၊ အကုသိုလ်ဇောလည်းမရဘူး၊ အကုသိုလ်အားလုံးထဲက တစ်ခုမှ မရတော့ဘူး၊ ဒါဖြင့် အဟိတ်စိတ်ကျတော့ အဟိတ်စိတ် ၁၈–ခုလုံးရမှာပေါ့၊ ကောင်းပြီ, တွက်ကြစို့၊ အဟိတ်စိတ် ၁၈–ခု၊ မဟာကုသိုလ်စိတ် ရမလား၊ ရဟန္တာမရတော့ဘူး၊ မဟာဝိပါက်စိတ် ၈–ခု၊ မဟာကြိယာစိတ် ၈–ခု၊ ရတယ်၊ ရူပါဝစရကုသိုလ် ဝိပါက်မရဘူးနော်၊ ရူပါဝစရကြိယာ ၅–ခု၊ အရူပါဝစရကြိယာ ၄–ခု၊ အရဟတ္တဖိုလ်စိတ် ၁–ခု၊ ရတယ် ဟုတ်ပြီလား၊ ဘယ်လောက်တုန်း ၄၄။

ပြန်ပြောလိုက်စမ်းပါဦး၊ အကုသိုလ်စိတ် သုည မရဘူး၊ အဟိတ်စိတ် ၁၈၊ မဟာကုသိုလ် မရဘူး၊ မဟာဝိပါက ၈–ခု၊ မဟာကြိယာ ၈–ခု၊ ရူပကြိယာ ၅–ခု၊ အရူပကြိယာ ၄–ခု၊ အရဟတ္တဖိုလ်စိတ် ၁–ခု၊ ၄၄။

ရဟန္တာဖြစ်သွားတဲ့အခါကျတော့ ကုသိုလ်မဖြစ်တော့ဘူး၊ အကုသိုလ်လည်း မဖြစ်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ဝဋ်မြစ်လို့ဆိုတဲ့ အဝိဇ္ဇာနဲ့တဏှာ မရှိတော့ပဲ ကိုး၊ အဝိဇ္ဇာနဲ့တဏှာရှိမှ အထူးသဖြင့် အဝိဇ္ဇာရှိမှ သင်္ခါရဆိုတာဖြစ်တာ၊ ပဋိစ္စ သမုပ္ပါဒ်မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ဆိုတာ မဟုတ်ဘူးလား၊ သင်္ခါရဆိုတာ ကုသိုလ်, အကုသိုလ်ကိုခေါ်တာ၊ သင်္ခါရဆိုတဲ့ ကုသိုလ် အကုသိုလ်က ဘာရှိမှ ဖြစ်တာလည်းဆိုတော့ အဝိဇ္ဇာရှိမှဖြစ်တာ။

အဲဒီတော့ ပုထုဇဉ်ပုဂ္ဂိုလ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်ထိအောင် အဝိဇ္ဇာကရှိသေးတာ၊ အဝိဇ္ဇာရှိသေးသည့်အတွက်ကြောင့်မို့ ကုသိုလ်ဆိုတာတွေ ဖြစ်နေတာ, အကုသိုလ်ဆိုတာတွေ ဖြစ်နေတာ၊ ရဟန္တာကျတော့ အဝိဇ္ဇာနဲ့တဏှာ လုံးဝပြတ်သွားပြီ၊ လုံးဝပြတ်သွားပြီဆိုတော့ အကြောင်းမရှိတော့ဘူးဆိုတော့

အကျိုးမရှိတော့ဘူး၊ အကျိုးဖြစ်တဲ့ကုသိုလ် အကုသိုလ် မရှိတော့ဘူး။

ဒါဖြင့် ရဟန္တာတွေက ကုသိုလ်မလုပ်ဘူးလား၊ ရဟန္တာတွေက ဘုရားမရှိခိုးဘူးလား၊ တရားမဟောဘူးလား၊ သူများမကူညီဘူးလား၊ မလှူမတန်းဘူးလား သဘောပြောတယ်၊ လုပ်တာပေါ့၊ ဒါပေမယ့် အဲဒီကျတော့ ဘာဖြစ်သွားတုန်း, ကြိယာဖြစ်သွားပြီ၊ ဝဋ်မြစ်မပါတဲ့အတွက်ကြောင့်မို့ အဝိဇ္ဇာနဲ့တဏှာ အခြေခံမပါတဲ့အတွက်ကြောင့်မို့ သူတို့ပြုတဲ့ကုသိုလ်ဟာ ပြုရုံမျှသာ ရှိတော့တယ်၊ ဒါကြောင့် ပြုရုံမျှကို ပါဠိလိုခေါ်တော့ ကြိယာလို့ခေါ်တယ်၊ ဒါကြောင့်မို့ ရဟန္တာမှာကုသိုလ်လည်း မရှိတော့ဘူး၊ အကုသိုလ်လည်း မရှိတော့ဘူး၊ ကုသလာကုသလံ ဇဟံ ဆိုပြီးတော့ မြတ်စွာဘုရားကို ချီးကျူးတဲ့အခါမှာ ဒီ ဒီဂုဏ်ပုဒ်နဲ့ ချီးကျူးတယ်၊ ရဟန္တာလည်း ဒီအတိုင်းပဲ, ကုသိုလ်ကော အကုသိုလ်ကော မရှိဘူး၊ အဲဒီလို ကုသိုလ်ကော အကုသိုလ်ကော မရှိမှသာ လမ်းဆုံးရောက်တာနော်။

လမ်းဆုံးမရောက်ခင်တော့ ကုသိုလ်များရှိအောင်လုပ်ရမှာနော်၊ ကုသိုလ်မရှိရင် အကုသိုလ်ကလာတော့မှာကိုး၊ သိပ်ကြောက်စရာကောင်းတယ်နော်၊ စဉ်းစားကြည့် တစ်နေ့တစ်နေ့ကို ငါ့သန္တာန်မှာ ကုသိုလ်စိတ်များများဖြစ်နေလား၊ အကုသိုလ်စိတ်များများဖြစ်နေလား၊ အကုသိုလ်အသေးစားနဲ့ အကြီးစားသူတို့ပဲ များများဖြစ်နေတာ၊ တစ်ခါတလေ အပျော့စားတော့ အပျော့စားပေါ့လေ၊ အကုသိုလ်တော့ အကုသိုလ်ပဲ တစ်ခါတစ်လေလည်း ပြင်းပြင်းထန်ထန် ဖြစ်တယ်၊ ကုသိုလ်စိတ်ဖြစ်တဲ့အချိန်က အလွန်နည်းတယ်၊ ဒါကြောင့် အထူးဂရုစိုက်ရတယ်၊ ဒါဟာ အရဟတ္တဖလဋ္ဌ ပြီးသွားပြီ၊ ဒါကြောင့်မို့ ပုဂ္ဂိုလ်စိတ်ရလို့ခေါ်တယ်။

ဘယ်ပုဂ္ဂိုလ်တွေမှာ ဘယ်စိတ်ဖြစ်နိုင်တယ်၊ အခုစဉ်းစားကြည့်လိုက်ရင် လူတွေမှာဆိုရင် ဘယ်စိတ်တွေဖြစ်နိုင်တုန်း၊ တိဟိတ်ဖြစ်ရင် သူ ၅၄–ထဲက တစ်ခုခုဖြစ်မှာပဲ၊ ဒွိဟိတ်ဖြစ်မယ်ဆိုရင် ၄၁–ထဲက တစ်ခုခုဖြစ်မှာပဲ၊ အဟိတ်တိရစ္ဆာန်ဆိုတဲ့ တိရစ္ဆာန်တွေဘာတွေဆိုရင်တော့ ၃၇–ခုထဲက တစ်ခုခုပဲ ဖြစ်နေမှာပဲ၊ အဲဒီလို ဘယ်ပုဂ္ဂိုလ်မှာ ဘယ်စိတ်ဖြစ်နိုင်တယ်ဆိုတာ ခွဲခြမ်းဝေဖန်တာကို ပုဂ္ဂိုလ်စိတ်ရလို့ ဒီလိုခေါ်တယ်၊ ဒါကြောင့် စိတ် ၈၉–အကျယ် ၁၂၁–ဆိုပေမယ်လို့ အကုန်လုံး ကိုယ်ရနိုင်တာ မဟုတ်ဘူး၊ ခု ဒါ အကြမ်းဖျဉ်း ခွဲသေးတာနော်၊ ထပ်ခွဲစရာ ရှိသေးတယ်။

ဈာန်ရတိဟိတ်, ဈာန်မရတိဟိတ်ရှိသေးတယ်၊ အခုတိဟိတ်က ဈာန်ရတိဟိတ် အနေနဲ့ခွဲထားတာ၊ တိဟိတ်ပုထုဇဉ်မှာ ၅၄–ပါးရတယ်ဆိုတာ အကယ်၍ ဈာန်မရဘူး

ဆိုရင် ဈာန်စိတ်တွေ လျှော့ရလိမ့်မယ်နော်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာတွေလည်း ဒီအတိုင်းပဲ၊ ဈာန်ရသောတာပန်, ဈာန်မရသောတာပန်နဲ့၊ ဈာန်မဘူးဆိုရင် ဈာန်စိတ်တွေ လျှော့ပစ်ရလိမ့်မယ်၊ အဲဒီလိုလာလိမ့်မယ်၊ နောင်တစ်ခါ ဘုံနဲ့ခွဲလိုက်တဲ့အခါ တစ်မျိုးထူးသွားတာ ဖြစ်လိမ့်ဦးမယ်။

တိဟိတ်ပုထုဇဉ်က ဗြဟ္မာ့ဘုံဖြစ်တယ်၊ အဲဒီအခါကျတော့ ဒေါသမူမရဘူး၊ ဒါက ဘုံနဲ့ပယ်ထားတာ၊ အကြွင်းမဲ့ပယ်တာတော့ မဟုတ်ဘူး၊ အဲဒီဘုံဖြစ်ခိုက်မှာ ဒေါသမူမရှိဘူး စသည်ဖြင့် လာလိမ့်ဦးမယ်၊ အဲဒါ အသေးစိတ်ရှိသေးတယ်၊ ဘုံနားမလည်ခင် ဘုံကော ဘာကော ခွဲလိုက်ရင် ရှုပ်ကုန်မှာ၊ ဒါကြောင့်မို့ အသာထားဦး၊ ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ်ရတယ်ဆိုတာ နောက်တစ်ခါ လေ့လာရဦးမှာ။

အဲဒီလို ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ်ရတယ်, ပြီးတော့ ခုနကလို ဘယ်ဘုံမှာ ဘယ်ပုဂ္ဂိုလ်, တိဟိတ်ဖြစ်ရင် ဈာန်ရတိဟိတ်, ဈာန်မရတိဟိတ်ပေါ့လေ၊ အရိယာဖြစ်ရင်လည်း ဈာန်ရ, ဈာန်မရ၊ ရဟန္တာလည်း ကာမရဟန္တာ, ရူပရဟန္တာ, အရူပရဟန္တာ စသည်ဖြင့် ခွဲရဦးမှာ၊ အဲဒီတော့ အရာတော်တော်ကျယ်သွားပြီ၊ ခုဟာကတော့ ရိုးရိုးလေး, ပုဂ္ဂိုလ် ၁၂–ယောက်မှာ ရနိုင်တာ အများဆုံးကို တွက်ထားတာနော်၊ ဒီလို သိရင်ကိုပဲ မနည်းဘူး၊

အဲဒီတော့ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ နည်းနည်းလေးပြောချင်တယ်၊ အလွန်သတိထားဖို့ကောင်းတဲ့ အချက်အလက်တွေ ရှိတယ်၊ အဟိတ်ပုဂ္ဂိုလ်ဖြစ်ပြီဆိုရင် အဲဒီဘဝမှာ ဈာန် မဂ်ဖိုလ် မရနိုင်တော့ဘူး၊ ပြီးတော့ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ရင်လည်းပဲ ဈာန်မဂ်ဖိုလ် မရနိုင်ဘူး၊ အဲဒီလို ဘဝမျိုးရောက်သွားမှာ သိပ်ကြောက်စရာကောင်းတယ်။

အဲဒီလို ဘဝမျိုးရောက်သွားတဲ့အခါကျတော့ ဘာကြောင့် ဈာန် မဂ်ဖိုလ် မရတာလဲ ဆိုတော့ (ဝိပါက်, ဝိပါကန္တရာယ်လို့ ပါဠိလိုခေါ်တယ်) သူဖြစ်တဲ့ဘုံ အကျိုးပေးရာဘုံမှာကိုက ဒီလိုမဖြစ်နိုင်တဲ့ ဘုံမျိုးမှာ သွားပြီးတော့ အကျိုးပေးထားတာ, ဒါကြောင့်မို့ အဟိတ်ဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတယ်၊ ဒွိဟိတ်စိတ်နဲ့ ပဋိသန္ဓေနေတဲ့ အခါကျတော့ အဲဒီဘဝမှာ ဒီပုဂ္ဂိုလ်ဟာ ဈာန်မဂ်ဖိုလ်မရနိုင်တော့ဘူး၊ ဒါ ဝိပါက, ဝိပါက်ကပဲ သူက တားမြစ်ထားတာလို့ဆိုတယ်၊ အကျိုးပေးတာကကိုပဲ သူကမရနိုင်တဲ့ အကျိုးပေးထားတော့ မရနိုင်ဘူး၊

**မေး** – သူကတရားနာနိုင်ပါသလား။

**ဖြေ** – သူတော့ တရားတော့နာနိုင်တယ်၊ ကုသိုလ်တွေ ရနိုင်တယ်၊

ကာမာဝစရ ကုသိုလ်တော့ ကောင်းကောင်းရနိုင်တယ်၊ တရားအားထုတ်ရင်လည်း (ဆိုပါတော့) အရိယာဖြစ်သည့်တိုင်အောင် မရနိုင်ဘူး၊ သို့သော် ဝိပဿနာတရား အားထုတ်လည်း ဝိပဿနာဉာဏ်တော့ ဖြစ်နိုင်လောက်တယ်၊ သို့သော် သောတာပန်ထိ အောင် မဖြစ်နိုင်ဘူး၊ ဈာန်တရားအားထုတ်ရင်လည်း ဈာန်ထိအောင် မရောက်နိုင်ဘူး၊ အဲသလိုပုဂ္ဂိုလ်တွေ။

နိယတမိစ္ဆာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်တွေ, ပဉ္စာနန္တရိယကံ ထိုက်တဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီလို ပုဂ္ဂိုလ်တွေလည်းပဲ ဒီဘဝမှာ ဈာန်မဂ်ဖိုလ် မရနိုင်တဲ့အပြင် နောက်ဘဝမှာလည်း ကောင်းရာမွန်ရာသို့ရောက်ဖို့ အများကြီး ခဲယဉ်းသွားပြီ၊ မရောက်ဖူးလို့ပဲ ပြောကြပါစို့၊ အဇာတသတ်ဟာ အဖကို သတ်ထားတဲ့အတွက်ကြောင့် မြတ်စွာဘုရားနဲ့တွေ့လို့ တရားနာရလို့ ဘယ်လောက်တရားကိုသိသိ ဘယ်လောက်မြတ်စွာဘုရားကို ကြည်ညို ကြည်ညိုသူသေတော့ အပါယ်ငရဲသွားရတယ်၊ ဒါ ရှောင်မရနိုင်တဲ့ဟာတွေ၊ အမိ သတ်တာ, အဖသတ်တာ, ရဟန္တာသတ်တာ မြတ်စွာဘုရားကို သွေးခြည်ဥအောင် လုပ်တာ၊ သံဃာအသင်းခွဲတာ, ဒီကံမျိုးတွေဟာ သိပ်ကြောက်စရာကောင်းတယ်၊ ဒီကံမျိုးတွေပြုမိရင် နောက်ဘဝသွားပြီပဲ၊ အဟိတ်ပုဂ္ဂိုလ်ဖြစ်တော့မှာ၊ အဟိတ်ပုဂ္ဂိုလ် ဖြစ်ရင် မရတော့ဘူး။

ပြီးတော့ ခုနကပြောတဲ့ နိယတမိစ္ဆာဒိဋ္ဌိဖြစ်ရင် ကိလေသာအလွန်ထူပြောတဲ့ ပုဂ္ဂိုလ်ရှိသေးတယ်၊ နပုံပဏ္ဍုတ်တို့ဘာတို့ အဲဒီလို ပုဂ္ဂိုလ်တွေဟာလည်းပဲ သုဂတိ ရဖို့ အလွန်ခဲယဉ်းတယ်။

ပြီးတော့ အရိယာပုဂ္ဂိုလ်ကို စွပ်စွဲတဲ့ကံ, အရိယာဟူ၍ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အဲဒီပုဂ္ဂိုလ်နဲ့ ပတ်သက်ပြီးတော့ ကိုယ်က မကောင်းတဲ့စိတ်နဲ့ မတော်မတရားပြောမိရင်, စွပ်စွဲမိရင် ဒီပုဂ္ဂိုလ်ဟာလည်းပဲ နောက်ဘဝကောင်းရာမွန်ရာ မရောက်နိုင်တော့ဘူး၊ အပါယ်ငရဲသွားရမှာ၊ အကယ်၍ကိုယ်က လုပ်မိပြီဆိုပါတော့, အဲဒီပုဂ္ဂိုလ်ရှိရင် အဲဒီပုဂ္ဂိုလ်ရှိတုန်း သွားပြီးတောင်းပန်၊ အဲဒီပုဂ္ဂိုလ်မရှိတော့ဘူး, သေသွားပြီဆိုရင် တခြားပုဂ္ဂိုလ်ရှေ့, ဆရာသမားရှေ့, ဘာရှေ့မှာ သို့မဟုတ် အဲဒီပုဂ္ဂိုလ် သေတဲ့နေရာသွားပြီး တောင်းပန်ရင် ပျောက်နိုင်တယ်။

ဒါကြောင့် အဲဒါ သိပ်အရေးကြီးတယ်၊ သူများအပြစ်မပြောနဲ့, အပြစ် မပြောနဲ့ဆိုတာ အဲဒါပါတယ်၊ ကိုယ်က အပြစ်ပြောမိတယ်၊ အဲဒီပုဂ္ဂိုလ် အရိယာ ဖြစ်နေမလား ဖြစ်မနေဘူးလား ဘယ်သူမှ မသိနိုင်ဘူး၊ တစ်ခါတလေ ကိုယ်က မထင်ပေမယ့် လည်းပေါက်ရောက်ပြီး ဖြစ်ချင်ဖြစ်နေတာ၊ ဒါကြောင့်မို့ အလွန်

ဆင်ခြင်သင့်တယ်၊ အထူးသဖြင့် ကမ္မဋ္ဌာန်းတရား ဆရာတွေနဲ့ ပတ်သက်ပြီး ဘာမှ အပြစ်မပြောကြနဲ့, မကြိုက်ရင်အသာနေ၊ ကိုယ်ကြိုက်တာလိုက်နာ၊ အဲဒီလို ပြောမိထားရင် ခုနကလို မတောင်းပန်မချင်းမရဘူး၊ တရားအားထုတ်လို့ မလွယ်ဘူး၊ မဖြစ်ဘူး။

ထို့အတူပဲ, အရိယာမဟုတ်သည့်တိုင်အောင် အရိယာဖြစ်အောင် (ဆိုပါတော့) ရည်ရွယ်ချက်နဲ့ကျင့်နေတဲ့ပုဂ္ဂိုလ် ပုထုဇဉ်ဆိုပေမယ်လို့ အကျင့်ကောင်းတဲ့ ပုဂ္ဂိုလ်တွေလည်းပဲရှိသေးတယ်၊ အဲဒီလို ပုဂ္ဂိုလ်တွေကို ပြစ်မှားမိရင်လည်းပဲ အရိယူပဝါဒကံနီးပါး ကြီးတဲ့အပြစ်ရှိတယ်၊ ဒါကြောင့်မို့ အဲဒါတွေကို တော်တော် ဂရုစိုက်ဖို့ ကောင်းတယ်။

အဲဒီ အန္တရာယ် ယခုပြောခဲ့တာ ဘယ်နှစ်မျိုးရှိသွားပြီလဲ၊ ၄–မျိုးရှိသွားပြီ၊ ကံ ကိလေသ, ဝိပါက, ဝါဒတိက္ကမာ၊ ဝါဒတိက္ကမာ ဆိုတာကတော့ ဘုန်းကြီးတွေနဲ့ ဆိုင်တယ်၊ သိက္ခာပုဒ်ကို လွန်ကျူးချင်တဲ့စိတ်နဲ့ လွန်ကျူးထားတာ၊ မတော်တဆ လွန်ကျူးမိတာမျိုး မဟုတ်ပဲနဲ့ လွန်ကျူးချင်တဲ့စိတ်နဲ့ လွန်ကျူးတာလည်းပဲ ဒီအာပတ်ကို ဒီအပြစ်ကို ပျောက်အောင်မလုပ်မချင်း ဒီအန္တရာယ်ရှိတယ်၊ ဒေသနာကြားပြီးတော့ ပျောက်အောင်လုပ်ရမယ်၊ ပရိဝတ်မာနတ်ဆောက်တည်ပြီးတော့ ဒါတွေက လူတွေနားလည်မှာ မဟုတ်ပါဘူး၊ ထားပါတော့, လုပ်သင့်တာလုပ်ပြီး ပျောက်အောင် လုပ်ရမယ်၊ ပျောက်အောင်မလုပ်ရင် ရဟန်းမှာ အန္တရာယ်ရှိတယ်၊ နတ်ရွာ နိဗ္ဗာန် မရောက်နိုင်ဘူး။

## ဘုံစိတ်ရ

စိတ် — စိတ် ၈၉ အကုန်

ဝိထိစိတ် — ပဋိ ဘဝင် စုတိ ကိစ္စာသာတပ်သောစိတ်များ ကြဉ်သောစိတ် ၈၀။ (ကာမဝိပါက် ၈–ပါးကို ပဋိဘဝင်စုတိကိစ္စ တပ်ခိုက်သာ ကြဉ်ရသောကြောင့် ဝိထိစိတ် ၈၀ ဖြစ်သည်။)

ကာမာဝစရဘုံ၌ — ဝိထိစိတ် ၈၀ အကုန်ရ။

အသညသတ်ဘုံမှတစ်ပါး: — ရူပါဝစရ ၁၅ ဘုံ၌ ဒေါသ–၂၊ ဃာန–၂၊ ဇိဝှာ–၂၊ ကာယ–၂၊ မဟာဝိ–၈ ကြဉ် ဝိထိစိတ် ၆၄–ပါးရ။

အသညသတ်ဘုံ၌ — စိတ်လုံးဝမရ။

အရူပါဝစရဘုံ၌ — ဒေါ–၂၊ ပဉ္စဝိညာဏ်–၁၀၊ သမ်–၂၊ သန္တိ–၃၊ ပဉ္စဒွါရာ–၁၊ ဟသိ–၁၊ မဟာဝိ–၈၊ ရူပ ကုကြိ–၁၀၊ သောတာမဂ်–၁ ကြဉ်ဝိထိစိတ် ၄၂–ပါးရ။

အထူး – — အထက်အထက် အရူပါဝစရဘုံ၌ အောက်အောက် အရူပါဝစရစိတ်များမရ။

အသေးစိတ်ကို ဇယားကွက်မှာကြည့်ပါ။

## အန္တရာယ် ၅–ပါး

ကမ္မန္တရာယ် — ပဉ္စာနန္တရိယယကံ ၅–ပါးနှင့် ဘိက္ခုနီမ၌ ကျူးလွန်မှု။

ကိလေသန္တရာယ် — နိယတမိစ္ဆာဒိဋ္ဌိ

ဝိပါကန္တရာယ် — အဟိတ်, ဒွိဟိတ်, ပဋိသန္ဓေဝိပါက်စိတ်။

အရိယူပဝါဒန္တရာယ် — အရိယာပုဂ္ဂိုလ်မှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ယုတ်မာသောစိတ်ထားဖြင့် အရိယာပုဂ္ဂိုလ်ကိုစွပ်စွဲကဲ့ရဲ့ခြင်း။

အာဏာဝီတိက္ကမန္တရာယ်လွန်ကျူးလိုသော စေတနာဖြင့် သင့်ရောက် အပ်သော အာပတ်။

* **ကံ ကိလေသ, ဝိပါက, ဝါဒ တိက္ကမာ။**
**နတ်ရွာ နိဗ္ဗာန်၊ မဂ်ဖိုလ်ကျာန်၊ ငါးဘန် အန္တရာ။**

၁၃

# ဝီထိပိုင်း = ဘုံ၌စိတ်ရ

| ဘုံ – ၃၁ | | | အဟိတ် (အကု) | | | | အဟိတ် | | | | | ကာမသောဘဏ | | | မဟဂ္ဂုတ် | | | | | | | | | | | | | လောကုတ္တရာ | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ဒိင်္ဂသံ ၄, ဝိဝိ ၅ | ဒိင်္ဂဝိ ၄ | ဒေါ ၂ | ဥဒ္ဒုစ ၁ | စက်ဒွေ, သောမဒွေ ၄ | ဃာနာဒိ ၆ | သန္တိ၃, မနောဓာတ် ၆ | မနောဒွါ ၁ | ဟသိ ၁ | မဟာကု ၈ | မဟာဝိ ၈ | မဟာကြိ ၈ | ရူပ, ကု, ကြိ ၁၀ | ပဈာန်ဝိ ၁ | ဒု,တ ။ ၂ | စ ။ ၁ | ပဉ္စ ။ ၁ | အရူပ, ပ,ဈာ ၂ | အရူပ,ဒု,ဈာ ၂ | အရူပ,တ,ဈာ ၂ | အရူပ,စ,ဈာ ၂ | အာကာ ဝိ ၁ | ဝိညာ ။ ၁ | အာကိံ ။ ၁ | နေဝ ။ ၁ | သောတာမဂ် ၁ | အလယ် ၄ | အထက် ၃ | |
| ၁ | အပါယ် | ၄ | | ။ | | | | ။ | | | | | | | | | | | | | | | | | | | | | | | ၃၇ |
| ၂ | ကာမသုဂတိ | ၇ | | ။ | | | | | ။ | | | | ။ | | ။ | | | | | | ။ | | | | | | | | ။ | | ၀၀ |
| ၃ | ပဈာန် | ၃ | ။ | | | ။ | ။ | | | ။ | | ။ | | ။ | ။ | ။ | | | | | ။ | | | | | | | | ။ | | ၆၅ |
| ၃ | ဒု ။ | ၃ | ။ | | | ။ | ။ | | | ။ | | ။ | | ။ | ။ | | ။ | | | | ။ | | | | | | | | ။ | | ၆၆ |
| ၃ | တ ။ | ၃ | ။ | | | ။ | ။ | | | ။ | | ။ | | ။ | ။ | | | ။ | | | ။ | | | | | | | | ။ | | ၆၅ |
| ၃ | စ,ပဉ် | ၁ | ။ | | | ။ | ။ | | | ။ | | ။ | | ။ | ။ | | | | ။ | | ။ | | | | | | | | ။ | | ၆၅ |
| ၄ | သုဒ္ဓါဝါသ | ၅ | | ။ | | ။ | ။ | | | ။ | | ။ | | ။ | ။ | | | | ။ | | ။ | | | | | | | | | ။ | ၅၅ |
| ၅ | အာကာ | ၁ | ။ | | | ။ | | | | ။ | | ။ | | ။ | | | | | | | ။ | | | ။ | | | | | ။ | | [illegible] |
| ၅ | ဝိညာ | ၁ | ။ | | | ။ | | | | ။ | | ။ | | ။ | | | | | | | | ။ | | | ။ | | | | ။ | | ၄၁ |
| ၅ | အာကိံ | ၁ | ။ | | | ။ | | | | ။ | | ။ | | ။ | | | | | | | | ။ | | | | ။ | | | ။ | | ၃၉ |
| ၅ | နေဝ | ၁ | ။ | | | ။ | | | | ။ | | ။ | | ။ | | | | | | | | | ။ | | | | ။ | | ။ | | ၃၇ |
| စိတ်၌ဘုံဖြစ် | | | *၂၅ | *၃၀ | *၁၁ | *၃၀ | *၂၆ | *၁၁ | *၂၆ | *၃၀ | *၂၂ | *၃၀ | *၇ | *၂၆ | *၂၂ | *၃ | *၃ | *၃ | *၆ | *၂၃ | *၂၄ | *၂၅ | *၂၆ | *၁ | *၁ | *၁ | *၁ | *၁၇ | *၂၀ | *၂၆ | *၁၃ |
| ၁ဘုံ၁ဘုံ၌ဖြစ်သောစိတ် | | | | | | | | | | | | | ၀ | | | ၁ | ၂ | ၁ | | | | | | ၁ | ၁ | ၁ | ၁ | | | | ၁၆ |
| ၂ဘုံ၂ဘုံ ။ | | | | | ၂ | | | ၆ | | | | | | | | | | | ၁ | | | | | | | | | ၁ | | | ၁၀ |
| ၃ဘုံ၃ဘုံ ။ | | | | | | | | | | | ၁ | | | | ၁၀ | | | | | | | | | | | | | | ၄ | | ၁၅ |
| ၄ဘုံ၄ဘုံ ။ | | | ၅ | | | | ၄ | | ၆ | | | | | ၈ | | | | | | ၂ | ၂ | ၂ | ၂ | | | | | | | ၃ | ၃၄ |
| ၅ဘုံ၅ဘုံ ။ | | | | ၄ | | ၁ | | | | ၁ | | ၀ | | | | | | | | | | | | | | | | | | | ၁၄ |

# အဘိဓမ္မာသင်တန်း ၂၆

## ဝီထိပိုင်း

## အန္တရာယ် ၅ ပါး

### ဘုံစိတ်ရ

ဒီနေ့ မေလ ၈–ရက်နေ့၊

ဒီနေ့ ဘာပြန်ပြီးတော့ ဆက်ချင်သလဲဆိုရင် အဲဒီ နောက်ဆုံးအပတ်တုန်းက ပြောခဲ့တဲ့အထဲမှာ အန္တရာယ်ငါးပါးအကြောင်းကို အကျဉ်းကလေးတော့ ပြောခဲ့တယ်၊ ပုဂ္ဂိုလ်စိတ်ရနဲ့ ပတ်သက်ပြီးတော့ အကျယ်ကလေးနည်းနည်းပြောချင်တယ်၊ ဘာပြု လို့လည်းဆိုတော့ အန္တရာယ်ငါးပါးက သိထားဖို့ကောင်းတယ်၊ လက်တွေ့ကို ကျင့်သုံးရမှာကလည်းပဲ ဒီအန္တရာယ်ငါးပါးကို သိထားရင် ရှောင်နိုင်တာတွေရှိတယ် ပေါ့လေ၊ အရေးလည်းကြီးတယ်၊ ဒါကြောင့်မို့ အဲဒီအန္တရာယ်ငါးပါးကို ထပ်ပြောမယ်။

ဒီနေ့ပေးထားတဲ့ စာရွက်အောက်ခြေမှာ အန္တရာယ်ငါးပါးဆိုတာရှိမယ်၊ အဲဒါကို ကြည့်ထား, ဒီမှာ အန္တရာယ်ငါးပါးဆိုတာဘာလဲဆိုတော့ နတ်ပြည်ကို မရောက်နိုင်အောင် တားမြစ်တဲ့အန္တရာယ်မျိုး၊ ဈာန်မရအောင်, မဂ်မရအောင်, ဖိုလ် မရအောင် တားမြစ်တတ်တဲ့ အန္တရာယ်မျိုးကို ဒီမှာ အန္တရာယ်လို့ခေါ်မှာ၊ အဲဒီ အန္တရာယ်ပြုနိုင်တဲ့ တရားတွေ, အန္တရာယ်ပြုနိုင်တဲ့ကံတွေရှိတယ်၊ ဒီအန္တရာယ်တွေ တားမြစ်ရင် ကံအလိုက်ပဲ နောက်ဘဝမှာ ဘယ်နည်းနှင့်မှကောင်းတဲ့ဘုံကို

မရောက်နိုင်တဲ့ ကံမျိုးရှိတာယ်နော်၊ ဒီဘဝမှာလည်း မင်္ဂဖိုလ်မရဘူး၊ နောက်ဘဝမှာလည်း ကောင်းရာမရောက်နိုင်ဘူး၊ ဒီလိုကံမျိုးတွေလည်းရှိတယ်၊ အဲဒီကံတွေဟာ အဲဒီ အန္တရာယ်ဟာ ဘာတွေလဲဆိုတာကို ကိုယ်ရှောင်လို့ရတာရှိတယ်၊ ရှောင်လို့မရတာ ရှိတယ်။

အဲဒီတော့ ပထမဆုံးက ကမ္မန္တရာယ်တဲ့နော်၊ ကမ္မန္တရာယ်ဆိုတာ ဘာကို ခေါ်တာလဲဆိုရင် ပဉ္စာနန္တရိယကံငါးပါးနှင့် ဘိက္ခုနီမဒ္ဒူ ကျူးလွန်မှုတဲ့၊ ဒီဟာကို ကမ္မန္တရာယ်လို့ခေါ်တယ်၊ အကုသိုလ်ကံတည်းဟူသော အန္တရာယ်ပေါ့၊ ဒီကံတွေကို လွန်ကျူးမိထားရင် ဘာဖြစ်မလဲ ကြည့်ရအောင်။

အဲဒီတော့ ပထမ ပဉ္စာနန္တရိယကံ၊ ပဉ္စာနန္တရိယကံဆိုတာ ကြားဖူးမှာပဲနော်၊ ကံကြီးလို့လည်း ခေါ်တာပေါ့၊ ပဉ္စာနန္တရိယကံ တစ်ပါးပါးထိုက်ရင် ကံကြီးထိုက် တယ်လို့ဒီလိုဆိုတာ၊ အဲဒီပဉ္စာနန္တရိယကံဆိုတာ အမေကိုသတ်တာ, အဖေကို သတ်တာ, ရဟန္တာကိုသတ်တာ, နောက်တစ်ခုက မြတ်စွာဘုရားကို သွေးစိမ်းတည် အောင်ပြုတာ, နံပါတ်ငါးက သံဃာသင်းခွဲတာ, ကံငါးပါးရှိတယ်၊ ဒီငါးပါး အရေးကြီးတယ်။

အဲဒီတော့ အမေကို သတ်တယ်, အဖေကိုသတ်တယ်တဲ့၊ အမေမှန်း သိသိ, မသိသိ သတ်မိလို့သေရင် ဒီကံထိုက်တော့တာပဲနော်၊ သိပ်ကြောက်စရာ ကောင်းတယ်၊ တခြားလူမှတ်လို့ သတ်လိုက်တယ်၊ အမေဖြစ်နေတယ်, ဒါလည်း ဒီကံထိုက်တာပဲ၊ သိပ်ကြောက်စရာ ကောင်းတယ်၊ အမိသတ်တဲ့ကံ, အဖသတ်တဲ့ကံ, ရဟန္တာသတ်တဲ့ ကံ, မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် ပြုတယ်တဲ့။

သွေးစိမ်းတည်အောင်ပြုတယ်ဆိုတာ သွေးခြည်ဥသွားတာကို ဆိုလိုတယ်၊ ရှင်းရှင်းကတော့ မြတ်စွာဘုရားကို ဒဏ်ရာရအောင်လုပ်တာပဲ၊ ခုတ်လိုက် ထစ်လိုက် လုပ်ချင်တာပဲ, သတ်ချင်တာပဲဆိုပါတော့၊ ဒါပေမယ့် မြတ်စွာဘုရားက ဒီဘဝမှာ သူများသတ်လို့ မသေနိုင်ဘူး၊ ပြီးတော့ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်ကို ကွဲအောင် ပြဲအောင် လုပ်လို့မရဘူးတဲ့၊ မကွဲမပြဲနိုင်ဘူး၊ ဒါကြောင့်မို့ ဓားနဲ့ခုတ်လည်း ကွဲမှာ မဟုတ်ဘူး၊ လှံနဲ့ထိုးလည်း စူးမှာမဟုတ်ဘူး၊ သို့သော် သွေးခြည်ဥသွားတဲ့အနေတော့ ဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ သွေးခြည်ဥသွားတာကို ဒီနေရာမှာဆိုလိုတယ်၊ ဒဏ်ရာ အနာတရဖြစ်သွားတာ၊ ပေါက်ကွဲ သွားတာ၊ ရှသွားတာမျိုးကို မဆိုလိုဘူး။

အဲဒီတော့ ဒေဝဒတ်က မြတ်စွာဘုရားကို သတ်ဖို့က ဂိဇ္ဈကုဋ်တောင်ကနေ ကျောက်တုံးကြီး လိမ့်ချတယ်မဟုတ်လား၊ ကျောက်တုံးကြီးလိမ့်ချတဲ့အခါ ကျတော့

ကျောက်စွန်း ၂–ခုက ခံထားလိုက်တယ်၊ အဲဒီလို ခံထားလိုက်တဲ့ အတွက်ကြောင့်မို့ အဲဒီကျောက်ချင်းတိုက်ပြီးတော့မှ အဲဒီကျောက်ကပဲ့တဲ့ အပိုင်းအစ ကလေးက မြတ်စွာဘုရားရဲ့ ခြေမတော်ကို သွားမှန်တယ်၊ သွားမှန်တဲ့အခါကျတော့ သွေးခြည်ဥ သွားတယ်၊ ဒါ ရိုးရိုးပုဂ္ဂိုလ်ဆိုရင်တော့ ခြေတောက်တွေ ဘာတွေ ရှ–ကွဲသွားမှာ ပေါ့လေ၊ အဲဒီသွေးခြည် ဥသွားတာကို ဇီဝကက ကုသပေးရတယ်။

နောက်ဆုံးတစ်ခုက သံဃာသင်းခွဲတာ, သံဃာသင်းခွဲတယ်ဆိုတာက ဒါ နားလည်ထားဖို့ အရေးကြီးတယ်၊ သံဃာသင်းခွဲတယ်ဆိုတာ သိမ်တစ်ခုတည်းမှာ တစ်ပြိုင်နက်သောခဏမှာ ၂–စုခွဲပြီးတော့ ကံပြုလောက်အောင်ကိုလုပ်မှ သံဃာသင်းခွဲ တဲ့ကံထိုက်တာနော်၊ ဒီသိမ်တစ်ခုထဲမှာ သံဃာ ၂ စု ကံမပြုရဘူး၊ တစ်ချိန်ထဲမှာ သံဃာတစ်ခုတည်းစုပြီးတော့ ကံပြုရတယ်၊ သံဃာ ၂–စုခွဲပြီးတော့ ကံပြုရင် အဲဒါ ကျမှ သံဃာကွဲသွားအောင်လုပ်တာ၊ သံဃာအသင်းခွဲတာလို့ဆိုရတာ၊ ဒါကြောင့် သံဃဘေဒကကံဆိုတာ အမှန်အတိုင်းပြောရင် ရဟန်းမှာသာ ဖြစ်နိုင်တယ်၊ လူမှာ ဒီသံဃဘေဒကကံ မထိုက်နိုင်ဘူး၊ သာမဏေမှာ သံဃဘေဒကကံ မထိုက်နိုင်ဘူး၊ ရဟန်းမှာသာ သံဃဘေဒကကံ ထိုက်နိုင်တယ်။

ဆိုပါတော့, ရဟန်းက ရဟန်းအချင်းချင်းတွေ့လိုက်ပြီ၊ လျှောက်ပြီးကွဲအောင် လုပ်ပြီးတော့ ဒီတစ်သိမ်ထဲမှာပဲ တစ်ပြိုင်တည်း သူတို့က ဟိုဘက်က ကံပြု၊ငါတို့က ဒီနားက ကံပြုမယ်၊ အဲဒီလို တစ်ပြိုင်တည်း စုနေတဲ့အခါမှာ ဒါ သံဃဘေဒက ကံထိုက်တယ်၊ ရှင်ဒေဝဒတ် သံဃဘေဒက ကံထိုက်တာ အဲဒါမျိုး၊ သာမညသံဃာတွေ ကွဲသွားအောင်လုပ်ရုံနဲ့ သံဃဘေဒကကံ မဆိုက်သေးဘူး၊ သံဃဘေဒကကံအစစ်က အဲဒီလို ကံခွဲပြုအောင် လုပ်မှ သံဃဘေဒကကံထိုက်တယ်၊ သို့သော် ဆိုပါတော့ သံဃာချင်းကွဲသွားအောင် လုပ်ရင်လည်းပဲ သံဃဘေဒကကံလိုပဲ ကြီးလေးတဲ့ အပြစ်တော့ ဖြစ်တယ်ပေါ့၊ အပြစ်ကြီးတယ်၊ သို့သော် သံဃဘေဒကကံ လောက် အပြစ်မကြီးဘူး၊ သံဃဘေဒကကံလိုလည်းပဲ မဆိုးဘူး၊ အဲဒါလဲမှတ်ထား၊ သံဃ ဘေဒက ကံအစစ်မဖြစ်ဘူး၊ အစစ်မဖြစ်ရင် နတ်ရွာနိဗ္ဗာန်ဈာန်မဂ်ဖိုလ် အန္တရာယ် မဖြစ်ဘူးလို့ဆိုလိုတယ်။

အဲဒီတော့ ပဉ္စာနန္တရိယကံ ငါးပါးကိုလွန်ကျူးမိရင် ဒီပုဂ္ဂိုလ်ဟာ ဒီဘဝမှာ ဈာန်လည်းမရနိုင်ဘူး၊ မဂ်လည်းမရနိုင်ဘူး၊ ဖိုလ်လည်းမရနိုင်ဘူး၊ နောက်ပြီးတော့ နောက်ဘဝမှာလည်း သုဂတိမရောက်နိုင်တော့ဘူး၊ ဧကန် အပါယ် လေးပါးလားရ တော့မယ်၊ ဧကန်ငရဲသွားရတော့မယ်။

အဇာတသတ်ဟာ သူ့ခမည်းတော်ကို ပြန်သတ်တယ်၊ ပိတုဃာတကကံဆိုတာ ထိုက်ထားတယ်၊ အဲဒီကံထိုက်ထားတဲ့အတွက်ကြောင့်မို့ နောင်အခါမှာ သူ နောင်တရပြီးတော့ မြတ်စွာဘုရားကိုကိုးကွယ်ဆည်းကပ်တယ်၊ တစ်ခါမှာ မြတ်စွာဘုရားဆီသွားပြီးတော့ တရားဟောဖို့တောင်းပန်လို့ မြတ်စွာဘုရားက သာမညဖလသုတ်ကို ဟောတယ်၊ အဲဒီသာမညဖလသုတ်ဟောပြီးတဲ့အခါမှာ သူလည်း မြတ်စွာဘုရားကို တကယ့်ကို ကြည်ညိုသွားတယ်၊ အသက်စွန့် ပြီးတော့ ကြည်ညိုနိုင်လောက်တဲ့ ကြည်ညိုမှုမျိုးနဲ့ ကြည်ညိုသွားတယ်၊ ဒါပေမယ်လို့ သူ့မှာ အဖသတ်ထားတဲ့ကံက ရှိထားတဲ့အတွက်ကြောင့်မို့ အဲဒီတရားနာပြီးနောက် နောင် ဘာမှ တရားထူးတွေ ဘာတွေ မရဘူး။

မြတ်စွာဘုရားက သူပြန်ပြီး နောက်ကျတော့ပြောတယ်၊ ဒီမင်းဟာ အကယ်၍သာ သူ့အဖေသာ မသတ်ခဲ့ရင် အခု တစ်ထိုင်ထဲမှာ တရားထူးရသွားနိုင်တယ်၊ အခု ဒီလိုမဟုတ်ပဲနဲ့ အဖေကိုသတ်ထားတဲ့အတွက်ကြောင့်မို့ တရားထူးမရရုံရင် မကဘူး၊ ငရဲကလည်း မလွတ်ဘူးဆိုပြီးတော့ အဝီစိငရဲတော့ အစစ်မဟုတ်ဘူး၊ အဝီစိငရဲရဲ့ အခြံအရံဖြစ်တဲ့ ငရဲငယ်တစ်ခုမှာ သွားဖြစ်ရတယ်၊ ဒါကြောင့်မို့ ဒီပဉ္စာနန္တရိယကံ ငါးပါးထဲက တစ်ပါးပါးကို ကျူးလွန်မိထားရင် ဒီဘဝမှာလည်း ဈာန်တို့မဂ်တို့ ဖိုလ်တို့မရဘူး၊ နောင်ဘဝမှာလည်း သုဂတိမရောက်တော့ဘူး၊ လူတောင် ပြန်မဖြစ်နိုင်တော့ဘူး။

ကောင်းပြီ, ဘိက္ခုနီမဒူ့သ ကျူးလွန်တာရှိသေးတယ်၊ ဒါ ဘိက္ခုနီမကို မုဒိန်းကျင့်တာပေါ့လေနော်၊ မြတ်စွာဘုရား လက်ထက်ကရှိခဲ့ဖူးတယ်၊ နန္ဒဆိုတဲ့ လုလင်တစ်ယောက်က ရှင်ဥပ္ပလဝဏ်ဆိုတာ တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ ဘိက္ခုနီမ, အဲဒီတန်ခိုးအရာမှာ ဧတဒဂ်ရလျက်နဲ့တောင်မှ မုဒိန်းကျင့်တာကျတော့ ခံလိုက်ရတာ၊ အလင်းထဲ နေပူထဲကပြန်လာပြီးတော့ ကျောင်းလေးထဲဝင်လာတဲ့ အခါမှာ အလင်းနဲ့ အမှောင်ကြောင့် ကျောင်းထဲလူဝင်နေတာ မသိလိုက်ဘူး၊ ဟိုကောင်က သူ့ကို ကြိုက်နေတဲ့ ကောင်ဆိုတော့ ကျောင်းထဲကချောင်းနေပြီးတော့ အဲဒီအချိန်မှာ မုဒိန်းကျင့်တာ၊ အဲဒီလို ကျင့်တာမျိုးကို ဘိက္ခုနီမဒူ့သ ကျူးလွန်မှုလို့ခေါ်တယ်၊ ဒီအမှုကလည်းပဲ အပြစ်ကြီးတာပါပဲပေါ့၊ ကမ္မန္တရာယ်ပဲ၊ သို့သော် သူ့ကျတော့ ဘာထူးခြားချက် ရှိသလဲ၊ ဒီဘဝမှာ ဈာန်, မဂ်, ဖိုလ် မရနိုင်တာပဲ ရှိနိုင်တယ်၊ အကယ်၍ နောင်တတရားရပြီး ကောင်းကောင်းမွန်မွန် ကျင့်ကြံနေထိုင်သွားမယ်ဆိုရင် သုဂတိဘဝတော့ ရနိုင်သေးတယ်၊ ဘိက္ခုနီမကို ကျူးလွန်တဲ့အပြစ်က သုဂတိဘဝ

ကိုတော့ မတားမြစ်နိုင်ဘူးပေါ့၊ သို့သော် ဒီဘဝမှာ ဒီကောင်ဟာ ဈာန်, မဂ်, ဖိုလ် မရနိုင်တော့ဘူး၊

ရှင်ဥပ္ပလဝဏ်ကို ကျူးလွန်တဲ့ကောင်ကတော့ ရဟန္တာမကို ကျူးလွန်တာ ဆိုတော့ မြေမျိုခံရတော့တာပဲ၊ ဒါက ကမ္မန္တရာယ်လို့ ခေါ်တယ်။

**မေး** – ခုနကကောင် ငရဲက လွတ်ရင် မဂ်ရနိုင်သလား။

**ဖြေ** – ရနိုင်တယ်၊ သူက မဂ်ဖိုလ်ရနိုင်တယ်။

**မေး** – တရားနာတဲ့အကျိုးကြောင့်လား။

**ဖြေ** – ဟုတ်တယ်၊ အခုလောလောဆယ်ကတော့ ငရဲက မလွတ်တော့ဘူး၊ အဲဒါခံပြီးတဲ့ အခါကျတော့ သူထောင်ကလွတ်သလိုပေါ့လေ၊ အပြစ်ကျေသွားပြီ ပေါ့၊ အဝီစိတော့အကြာကြီးပေါ့၊ အဲဒီက ကျွတ်မှပဲ ဖြစ်နိုင်တော့မယ်, ဒေဝဒတ်လည်း အဝီစိပဲ၊ ဒါပေမယ့် တစ်နေ့ပြန်လွတ်ပြီး ပစ္စေကဗုဒ္ဓါ ဖြစ်မှာ။

ဒေဝဒတ်ကတော့ ဒီပဉ္စာနန္တရိယကံထဲက ၂–ခု ကျူးလွန်တာ၊ ဘုရားရှင် သွေးစိမ်းတည်အောင် ပြုတဲ့ကံရယ်, သံဃာသင်းခွဲတဲ့ကံရယ် ၂–ခုကျူးလွန်တာ၊ အဲဒီတော့ သူက(ဒါမလွယ်ဘူး ပဉ္စာနန္တရိယကံပဲ) ဒါပေမယ်လို့ သူလည်း တစ်နေ့ ကျွတ်ပြီး အဋ္ဌိသာရဆိုတဲ့ ပစ္စေကဗုဒ္ဓါဖြစ်ဦးမှာပဲ။

ဘာလို့လဲဆိုတော့ သူလည်း သေခါနီးတော့ ဘုရားကိုတောင်းပန်သွားတယ်၊ မြတ်စွာဘုရားကိုတောင်းပန်မလို့လာတာ၊ ပြန်လာတော့ သူနေမကောင်း၊ သူ့နောက်က တပည့်တွေက အရှင်သာရိပုတြာနဲ့ အရှင်မဟာမောဂ္ဂလာန် ပြန်ခေါ် သွားတဲ့အခါမှာ ကောကာလိကဆိုတဲ့ သူ့တပည့်က "မင်းကို ငါ နဂိုကတည်းက မပြောလား"ပေါ့လေ၊ အရှင်သာရိပုတြာနဲ့ ရှင်မောဂ္ဂလာန်က လူယုတ်မာတွေ မင်း သတိထား ငါပြောတာ, မင်း သတိမထားလို့ပေါ့လေဆိုပြီးတော့ ခြေထောက်နဲ့ ပိတ်ကန်လိုက်တာ, ဆရာ့ကို ခြေထောက်နဲ့ ပိတ်ကန်လိုက်တာ၊ ရင်ဘတ် အကန်ခံရတော့ သွေးအံတာ။

အဲဒီရောဂါနဲ့ သူဖြစ်ပြီးတော့ နောက်တော့ သူသေမယ်ဆိုတာ သူသိတယ် ထင်ပါရဲ့၊ ငါ့နောင်တော် ဘုရားဆီ ပို့ကြကွာ ပြောတာကိုး၊ ပြောတော့ ထမ်းစင်နဲ့ ထမ်းပြီးခေါ်သွားတာ၊ ခေါ်သွားတော့ လာနေတဲ့အခါကျတော့ ရဟန်းတွေက မြတ်စွာဘုရားကို လျှောက်ကြတယ်၊ ဒေဝဒတ်မြတ်စွာဘုရားထံလာနေပြီ၊ မြတ်စွာ ဘုရားကို ကန်တော့မလို့ဆိုတော့ မြတ်စွာဘုရားက ပြောတယ်၊ သူငါ့ဆီမရောက်ဘူး၊ ငါ့ကို ဒီလိုပြစ်မှားပြီးတဲ့ သူဟာ ငါ့ဆီတင်ခါပြန်မရောက်နိုင်ဘူး၊ မရောက်ဘူး လာနေပြီဘုရား၊ အခုပဲ ကျောင်းပေါက်ဝရောက်နေပြီပေါ့၊ ကျောင်းပေါက်ဝရောက်

လည်း သူငါ့ကို မတွေ့နိုင်ဘူး၊ မြတ်စွာဘုရားက ပြောတာ၊ အဲဒီတော့ ကျောင်းထဲဝင်လိုက်တဲ့အခါကျတော့ ရေကန်မြင်တော့ ရေချိုးချင်တာ၊ ဟာ ငါ့ကို ခဏချစမ်းကွာ၊ ငါ ဘုရားဆီသွားမှာ သန့်သန့်ရှင်းရှင်း ရေချိုးချင် တယ်ဆိုပြီး ရေချိုးဖို့အဆင်းမှာ မြေမျိုသွားတာ၊ အဲဒီမြေအမျိုမှာ သူက ဘုရားရှင်ကိုကန်တော့ သွားတာ၊ အဲသလို သူကန်တော့တဲ့ ဂါထာလေး မိလိန္ဒာပဉှာမှာရှိတယ်။

အဲဒါကြောင့် ခု သူကတော့ ပစ္စေကဗုဒ္ဓါဖြစ်မှာ, သို့သော် အခု အခြားမဲ့ တမလွန်ဘဝကတော့ မရဘူး၊ ငရဲမှာကျမှာ၊ အဲဒါကမ္မန္တ ရာယ်။

နောက်တစ်ခုက ကိလေသန္တ ရာယ်တဲ့၊ ကိလေသန္တ ရာယ်ဆိုတော့ ကိလေသာလား အောက်မေ့ရတယ်၊ မဟုတ်ဘူး၊ နိယတမိစ္ဆာဒိဋ္ဌိကို ကိလေသန္တ ရာယ်လို့ ခေါ်တယ်၊

နိယတမိစ္ဆာဒိဋ္ဌိဆိုတာ ဘာလဲဆိုတော့ ရှင်းရှင်းကတော့ ကံမရှိဘူး၊ ကံရဲ့ အကျိုးမရှိဘူး ယူဆတာပါပဲ။

မိစ္ဆာဒိဋ္ဌိ ၃–မျိုးရှိတယ်နော်၊ နတ္ထိကဒိဋ္ဌိရယ်၊ အကိရိယဒိဋ္ဌိရယ် အဟေတုကဒိဋ္ဌိရယ်လို့ ခွဲလိုက်ရင်တော့ ၃–မျိုးရှိတယ်၊ အဲဒီတော့ ပဓာနအားဖြင့်တော့ နတ္ထိကဒိဋ္ဌိ ဆိုတာက အကျိုးမရှိဘူးလို့ ယူဆတာ၊ အကိရိယဒိဋ္ဌိဆိုတာက ကံမရှိဘူးလို့ယူဆတာ၊ အကြောင်းမရှိဘူးလို့ ယူဆတာ၊ အဟေတုကဒိဋ္ဌိဆိုတာက ကံရော ကံ၏အကျိုးရော မရှိဘူးလို့ ယူဆတာ၊ ဒါပေမယ့် အကျိုးမရှိဘူးလို့ ယူဆရင် အကြောင်းမရှိဘူးလို့ ယူဆရာရောက်တာပဲ၊ အကြောင်းမရှိဘူးလို့ ယူဆရင်လည်းပဲ အကျိုးမရှိဘူးလို့ ယူဆရာရောက်တာပဲဆိုတော့ ဒီ ၃–ခုဟာ သိပ်မထူးဘူး။

အဲဒီ ၃–ခုကို ဘာလို့ခေါ်လဲဆိုရင် နိယတမိစ္ဆာဒိဋ္ဌိ၊ နိယတဆိုတာက မြဲတာနော်၊ သိပ်ကိုခိုင်ခိုင်မြဲမြဲ စွဲစွဲမြဲမြဲကြီး ယူသွားတာမျိုးကို နိယတ မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်၊ သာမညမိစ္ဆာဒိဋ္ဌိလည်းပဲ ရှိသေးတယ်၊ သာမညဒိဋ္ဌိက ချွတ်လို့ရသေးတယ်၊ ဘုရားနဲ့တွေ့ရင် ကျွတ်မယ်။

နိယတမိစ္ဆာဒိဋ္ဌိကျတော့ ဘုရားနဲ့တွေ့လည်း မကျွတ်တော့ဘူး၊ အဲဒီလောက် ခိုင်ခိုင်မြဲမြဲ ဖြစ်သွားတဲ့ ဒိဋ္ဌိမျိုးကို နိယတမိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်။

မြတ်စွာဘုရားလက်ထက်က မိစ္ဆာဒိဋ္ဌိကြီးတွေရှိတယ်၊ သူတို့တပည့်ကျတော့ အဲဒီဆရာကို ကြည်ညိုတယ်၊ အဲဒီဆရာဟောတဲ့ တရားကြိုက်တော့ အဲဒီဆရာ ဟောတဲ့ တရားပဲအကြိမ်များစွာ နာရတဲ့အခါမှာ တစ်ချိန်လောက်မှာ ဘယ်သူမှ

ချွတ်မရလောက်အောင် မြဲတဲ့အခိုက်အတန့် ရှိသွားလိမ့်မယ်၊ သာသနာတော်မှာ အနေနဲ့ပြောရင် တရားထူး ရသွားတဲ့သူလိုပေါ့၊ မြတ်စွာဘုရား တရားနာပြီးလို့ တရားထူးရသွားရင် သူဟာ ဘယ်တော့မှ ပြန်မဖောက်ပြန်တော့သလိုပဲ သူတို့လည်းပဲ တရားထူး ရတာတော့ မဟုတ်ဘူးပေါ့နော်၊ တစ်ခါတည်း မိစ္ဆာ သမာဓိအခိုင်အမြဲ ဖြစ်သွားပြီးတော့ စွဲမြဲသွားတယ်၊ အဲဒီလိုဖြစ်သွားရင် နိယတ မိစ္ဆာဒိဋ္ဌိလို့ခေါ်တယ်၊ အဲဒီလို နိယတ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားရင်လည်းပဲ ကိလေသန္တရာယ်တဲ့နော်၊ သူတို့လည်းပဲ တမလွန် သုဂတိဘဝရနိုင်ဖို့ဟာ မရှိတော့ဘူးတဲ့၊ ဒီဘဝ ဈာန်မဂ်ဖိုလ် မရတာကတော့ ပြောစရာမလိုတော့ဘူး၊ အဲဒါ နိယတမိစ္ဆာဒိဋ္ဌိတဲ့။

နောက်တစ်ခုက ဝိပါကန္တရာယ်တဲ့ နော်၊ ဝိပါကဆိုတာ ဝိပါက်ပေါ့ဟုတ်လား၊ ဝိပါက်က အန္တရာယ်ဖြစ်နေတာ၊ အဲဒါ အဟိတ် ဒွိဟိတ် ပဋိသန္ဓေဝိပါက်စိတ် အဟိတ်ပဋိသန္ဓေ၊ ပဋိသန္ဓေအကြောင်း နည်းနည်းပါးပါး သိပြီးပြီ မဟုတ်လား၊ နောင် ဘုံပိုင်း ပဋိသန္ဓေပိုင်းကျတော့လည်း ပြန်လာလိမ့်ဦးမယ်။

အဟိတ်ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်များမှ ဈာန်မဂ်ဖိုလ်မရနိုင်တော့ဘူး၊ ပုဂ္ဂိုလ်စိတ်ရ ပြန်စစ်ကြည့်ရင်သိပြီ၊ အဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, ဒွိဟိတ် ပုဂ္ဂိုလ်တွေမှာ စိတ် ၃၇–၄၁, ဒီလောက်ပဲရနိုင်တယ်၊ အဲဒီအထဲမှာ ရူပါဝစရစိတ် မပါဘူး၊ အရူပါဝစရစိတ်မပါဘူး၊ လောကုတ္တရာစိတ် မပါဘူး။

ဒါကြောင့်မို့ အဟိတ်ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်, ဒွိဟိတ်ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ် တွေကို ဝိပါကန္တရာယ်လိုက်တဲ့ ပုဂ္ဂိုလ်တွေလို့ ဆိုရတယ်၊ အမှန်ကတော့ ဒီဘဝမှာ သူတို့ ဘာမှ မကောင်းတာလုပ်လို့ ဘာလို့မဟုတ်ဘူး၊ ဒါက နောက် ဘဝကပြုခဲ့တဲ့ ကံက ညံ့ဖျင်းလွန်းတော့ အဲဒီကံ အကျိုးပေးတဲ့အခါမှာ အဟိတ် သုဂတိ အဟိတ် အကျိုးပေးမယ်, ဒွိဟိတ်အကျိုးပေးမယ်၊ သို့မဟုတ် နောက်ဘဝက လုပ်ခဲ့တဲ့ မကောင်းတဲ့ အတွက်ကြောင့်မို့ အဟိတ်၊ ဒုဂ္ဂတိအဟိတ်, အကျိုးပေးမယ်ဆိုတော့ ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဘုံမှာ ဖြစ်နေတဲ့ကောင်တွေပေါ့၊ အဲသလိုကောင်တွေဟာ အဲဒီဘဝမှာ ဈာန် မဂ်ဖိုလ် မရနိုင်ဘူး။

ပြီးတော့ သုဂတိအဟိတ်ဆိုတဲ့ မွေးကတည်းက ကန်းလာတဲ့ကောင်မျိုးတွေ ဘာတွေ, ပြီးတော့ နပုံးပဏ္ဍုတ်တွေနော်၊ အခုခေတ် Gay လို့ဆိုတဲ့ ကောင်တွေ, အဲဒါလွတ်ဖို့သိပ်မရှိဘူး၊ မလွတ်တဲ့ကောင်များလိမ့်မယ်လို့ ယူဆရတာပဲ၊ ပြီးတော့ ဒွိဟိတ်နဲ့ ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီလို ပုဂ္ဂိုလ်တွေ ဒီဝိပါကန္တရာယ်ရှိတဲ့ အတွက်ကြောင့်မို့ ဈာန်မဂ်ဖိုလ်မရနိုင်ဘူးတဲ့။

**မေး** – နတ်ရွာတော့ကောဘုရား

**ဖြေ** – ရနိုင်တယ်၊ အင်း ကောင်းကောင်းမွန်မွန်ကျင့်ကြံမယ်ဆိုရင် သုဂတိဘုံတော့ သူတို့ရောက်နိုင်တယ်၊ အပါယ်လည်း ရောက်နိုင်တာပဲ၊ တိရစ္ဆာန်ကနေ လူဖြစ်လို့ရတာပဲကိုး၊ လူ့ဘဝပြန်ရလို့ ရတာပဲကိုး၊ ကောင်းကောင်းမွန်မွန်နေထိုင်ကျင့်ကြံမယ် သို့မဟုတ် နောက်က အပရာပရိယဆိုတဲ့ အပရာပရိယဝေဒနိယကံဆိုတဲ့ ကံတွေရှိတယ်နော်၊ အဲဒီကံတွေအကျိုးပေးတဲ့, အကျိုးပေးဖို့အခွင့်ရလို့ အကျိုးပေးခံရရင်လည်းပဲ သုဂတိဘဝကို ရနိုင်သေးတယ်၊ ဒါဟာ ဝိပါကန္တရာယ်တဲ့။

နောက်တစ်ခုက အရိယူပဝါဒန္တရာယ်တဲ့, ဒါက အရိယာပုဂ္ဂိုလ်မှန်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ယုတ်မာတဲ့စိတ်ထားနဲ့ အရိယာပုဂ္ဂိုလ်ကို စွပ်စွဲကဲ့ရဲ့ခြင်းတဲ့၊ ဒါ တော်တော်ကြောက် စရာကောင်းတယ်၊ အဲဒီတော့ အရိယာပုဂ္ဂိုလ်မှန်းသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ, သိသိမသိသိ အရိယာပုဂ္ဂိုလ်ကို စွပ်စွဲကဲ့ရဲ့မိရင် ဒီပုဂ္ဂိုလ်ဟာ ရဟန်းဖြစ်ရင်လည်းပဲ ရဟန်းမဟုတ်ဘူး၊ ရဟန်းတရားမရှိဘူး၊ ရဟန်းမဟုတ်ဘူးလို့ စွပ်စွဲရင် လူ အရိယာ ဖြစ်မယ်၊ သို့မဟုတ် ရဟန်းအရိယာကိုပဲ သူတို့မှာ မဂ်မရှိဘူး၊ ဖိုလ်မရှိဘူး၊ မဂ်ဖိုလ်ရှိတယ်ဆိုတာ မဟုတ်ဘူး၊ ဒီလိုစွပ်စွဲပြောဆိုမိရင် အရိယူပဝါဒန္တရာယ်လို့ ခေါ်တယ်။

အဲဒီလို ပြောမိတဲ့အခါမှာ ဟိုတစ်ဘက်ပုဂ္ဂိုလ် အရိယာမှန်းသိသိ, မသိသိ ကိုယ့်မှာ ဒီကံထိုက်သွားတာပဲ(နှုတ်ပေါ့)၊ ဒီကံ သိပ်ကြောက်စရာကောင်းတယ်၊ အရိယူပဝါဒကံဆိုတာ လူတွေကိုသာ များများပြောချင်တယ်၊ လူတွေ တင်သာ မဟုတ်ပါဘူး၊ လူရော ဘုန်းကြီးရော ဘယ်သူဖြစ်ဖြစ် ဂရုစိုက်ရမှာပဲ၊ အဲဒီတော့ အရိယာပုဂ္ဂိုလ်မှန်းသိသိ မသိသိ၊ အဲဒီလို စွပ်စွဲကဲ့ရဲ့မိရင် စိတ်ထဲက ပြစ်မှားမိရင် တောင်မှ ဖြစ်သွားနိုင်တယ်၊ အဲဒါ အလွန်ဂရုစိုက်ရမယ်။

ဒါကြောင့်မို့လို့ သူများဆိုရင် အပြစ်မပြောကြတာ အကောင်းဆုံးပဲ၊ လူပဲဖြစ်ဖြစ်, ဘုန်းကြီးပဲဖြစ်ဖြစ် ဖြစ်ဖူးတဲ့ ဝတ္ထုတစ်ခုပြောပြမယ်၊ ရှေးတုန်းက ရဟန်း ၂–ပါးဆိုပါတော့, ရွာထဲကို ဆွမ်းခံဝင်ကြတယ်၊ တစ်ပါးကကြီးကြီး၊ တစ်ပါးက ငယ်ငယ်ပေါ့လေ၊ အဲဒီကြီးကြီးတစ်ပါးက ဆာတတ်တယ်ပေါ့လေ၊ လေနာလိုဟာမျိုး ရှိတယ်ဆိုတော့ ဆွမ်းခံလို့သူတို့ ယာဂု (ဆန်ပြုတ်) လေးရတော့ ကြီးကြီးပုဂ္ဂိုလ်က ငါ့ဗိုက်ကလည်း နာတယ်ပေါ့လေ၊ အဲဒီတော့ မအေးခင် ပူပူနွေးနွေးလေး သောက်လိုက်မှပဲဆိုပြီးတော့ လူတွေတံခါးတိုင်လုပ်ဖို့ ချက်ထားတဲ့ ထင်းတုံးပေါ် ထိုင်တဲ့ပြီးတော့ သပိတ်မှောသောက်မှာပေါ့၊ သပိတ်ထဲက ဟာဆုံတော့

ခွက်တွေဘာ တွေပါမှာ မဟုတ်ပဲသောက်မှာပေါ့။

အဲသလို သောက်တာကိုမြင်တော့ ဟိုငယ်ငယ်ရဟန်းက ခုခေတ်စကားနဲ့ ပြောရင် တယ်တော်တဲ့ ကိုယ်တော်ကြီးပဲ, ဣန္ဒြေမှ မထိန်းနိုင်ဘူးပေါ့လေ၊ ဒို့ အရှက်ခွဲတဲ့ ကိုယ်တော်ကြီးပဲလို့ သူကစိတ်ထဲက ပြစ်မှားတယ်။

ညနေပိုင်းကျတော့ အဲဒီကိုယ်တော်ကြီးက ကိုယ်တော်အငယ်ဆီ သွား တွေ့တယ်၊ သွားတွေ့ပြီးတော့ မေးတယ်တဲ့၊ "ငါ့ရှင်, မင်း ရဟန်းတရားအားထုတ်လို့ ဘာတွေများရထားပြီလဲ"ဆိုတော့ ရဟန်းအချင်းချင်းတော့ ပြောကောင်းတာကိုး၊ "တပည့်တော် သောတာပန်ပဲရှိပါသေးတယ်ဘုရား" ဆိုတော့ "ဒါဖြင့်ရင် ငါ့ရှင် ဆက်ပြီးတော့ တရားအားမထုတ်နဲ့တော့, ငါ့ရှင် ရဟန္တာကို ပြစ်မှားထားတာ"ဆိုတော့ ငယ်ငယ်ပုဂ္ဂိုလ်ကသိသွားပြီ "ငါသူ့ကို ပြစ်မှားခဲ့မိတာ၊ ဒီပုဂ္ဂိုလ်ကြီးဟာ ရဟန္တာ ကြီးပါလား"ဆိုတာ၊ အဲဒီတင် ဝန်ချတောင်းပန်တာ၊ အဲဒီလို ဝန်ချတောင်းပန်လိုက် တော့လည်းပဲ ကျေသွားတာ၊ ဒါကတော့ ဝန်ချ တောင်းပန်ရင်ရတယ်။

အရိယူပဝါဒန္တရာယ်ဆိုတာ ပြစ်မှားခံရတဲ့ပုဂ္ဂိုလ်ရှိရင်ရှိတဲ့နေရာလိုက် တောင်း ပန်ပေါ့၊ အဲဒီလို မဖြစ်နိုင်ဘူးဆိုရင် လူလွှတ်တောင်းပန်တဲ့၊ တပည့်တွေ ဘာတွေလွှတ် တစ်ဆင့်တောင်းပန်တဲ့၊ တစ်ခါတလေကျတော့လည်း ဒီပုဂ္ဂိုလ်ရှာမရတော့ဘူးဆိုရင် လည်းပဲ တခြားပုဂ္ဂိုလ်တွေ ရှေ့မှာပေါ့လေ "ဒီလိုဒီလိုပဲ၊ တပည့်တော်ဟာ ဘယ် ပုဂ္ဂိုလ်ကို ပြစ်မှားမိထားပါတယ်၊ အဲဒါ ဘယ်လိုများလုပ်ရပါ့မလဲဆိုတော့ တခြား ပုဂ္ဂိုလ်တွေက "မင်း ဒီကနေပြီးတော့ပဲ တောင်းပန်ပေါ့၊ ဟိုက ပုဂ္ဂိုလ်က ခွင့် လွှတ်မှာပါပေါ့၊ အဲဒီလို တောင်းပန်။

နောက်ဆုံးသေသွားပြီ၊ ပရိနိဗ္ဗာန်စံသွားပြီဆိုရင်လည်းပဲ, အဲဒီနေရာလိုက်ပြီး တောင်းပန်ပေါ့လေ၊ အဲဒီလို လိုက်ပြီး တောင်းပန်ရင်တော့ ကျေတယ်တဲ့၊ အဲဒီလို မတောင်းပန်ဘူးဆိုရင် အရိယူပဝါဒန္တရာယ်ကလည်းပဲ အန္တရာယ်ပြုတတ် တာပဲနော်၊ ဒါကြောင့်မို့ သိပ်ကြောက်ဖို့ကောင်းတယ်၊ အရိယူပဝါဒန္တာယ်ကလည်းပဲ နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်တယ်ဆိုတော့ တကယ် သင့်ထားရင်,အရိယာအစစ်ကို ပြစ်မှားမိထားရင် နတ်ပြည်မရောက်နိုင်ဘူး, မဂ်ဖိုလ်မရနိုင်ဘူး, ဈာန်မရနိုင်ဘူး။

ဒီဘဝမှာ ခုနလိုတိုက်ရိုက်တောင်းပန်သည်ဖြစ်စေ, ဆရာသမားရှေ့ ဆရာ သမားကနေတစ်ဆင့် ရှေ့မှာတောင်းပန်သည်ဖြစ်စေ, စသည်ဖြင့် အဲဒီလို လုပ်ရင်တော့ ဒါကကျေနိုင်တယ်၊ ဒါကြောင့်မို့ ဒီအရိယူပဝါဒကံကိုလည်းပဲ ကြောက်ရတယ်၊ အရိယာမဟုတ်သည်တိုင်အောင် အဲဒီပုဂ္ဂိုလ်က ကောင်းကောင်းမွန်မွန်နေနေတဲ့

ပုဂ္ဂိုလ်ဖြစ်ရင်လည်းပဲ အရိယူပဝါဒကံ နီးပါး အပြစ်ကြီးတယ်လို့ ဆိုတယ်။

ဒါကြောင့်မို့ အကောင်းဆုံးကတော့ သူများကို ဘာမှကဲ့ရဲ့ပြစ်တင်တာမလုပ်နဲ့၊ ဘာလို့လည်းဆိုတော့ မတော်လို့ သူက အရိယာဖြစ်နေခဲ့ရင် မခက်လား၊ အရိယာ မဟုတ်လည်း သူက ကောင်းကောင်းမွန်မွန် ကျင့်ကြံနေရင် ဒါက တော်တော်အပြစ် ကြီးတယ်၊ အဲဒါကြောင့်မို့ အလွန်သတိထားမှ၊ လွှတ်ကနဲလွှတ်ကနဲ ပြောမိတတ် ကြတယ်။

လူတွေအနေနဲ့က တစ်ခုသတိထားဖို့ရှိတယ်၊ အဲဒါလည်းပြောချင်တယ်၊ လူဆိုတာ ဝိနည်းကို တကယ်နားလည်တာမဟုတ်ဘူး၊ ကြားဖူးနားဝရှိတယ်၊ ဆိုပါတော့, ဘုန်းကြီးတစ်ပါး ညစာစားနေတာကို ကိုယ်က မြင်တယ်, ပွဲကြည့်နေတာ မြင်တယ်, ပါးစပ်က လွှတ်ကနဲပြောမိတတ်တယ်၊ ဆိုပါတော့, ညစာစားနေတာ ပါကွာ, ဘယ်ဘုန်းကြီးဟုတ်တော့မလဲ၊ ပွဲကြည့်နေတယ်ကွာ, ဘယ်ဘုန်းကြီးဟုတ် တော့မလဲ မပြောနဲ့၊ ပွဲကြည့်ပေမယ်လို့ သူကတော့ ဘုန်းကြီးကတော့ ဘုန်းကြီးပဲ၊ ဘုန်းကြီးကောင်းမဟုတ်ဘူးပေါ့လေ ဟုတ်လား၊ ညစာစားနေရင်လည်း ဘုန်းကြီး ကတော့ ဘုန်းကြီးပဲ၊ အရက်သောက်ဦးတော့ ဘုန်းကြီးက ဘုန်းကြီးတော့ ဘုန်းကြီးပဲ, ဘုန်းကြီးမဟုတ်ဘူးလို့ သွားပြီးမပြောမိစေနဲ့၊ မကောင်းတဲ့ ဘုန်းကြီး တော့ဟုတ်တယ် ပေါ့လေ။

သို့သော် ဘုန်းကြီးမဟုတ်ဘူးဆိုတာက ဘာကျမှလည်းဆိုတော့ ပါရာဇိကကျမှ ဘုန်းကြီးမဟုတ်တာ၊ မေထုန်မှီဝဲတယ်, သူများဥစ္စာခိုးတယ်, လူသတ်တယ်၊ကိုယ့်မှာ ဈာန် မဂ် ဖိုလ် မရှိပဲနဲ့ ဈာန်မဂ်ဖိုလ်ရှိတယ်လို့ လိမ်ပြောတယ်၊ အဲဒီလို ဖြစ်မှ ပါရာဇိကကျတယ်၊ အဲဒီလို ပါရာဇိကကျမှသာ သူဟာ ရဟန်းမဟုတ်တော့တာ၊ တခြားသိက္ခာပုဒ် ကျူးလွန်ထားရင် သူက ရဟန်းတော့ ရဟန်းပဲ၊ အဲဒီအပြစ်တွေကို ကုစားရင်ရသေးတယ်၊ ဒေသနာကြားတယ် သို့မဟုတ် ဒဏ်ထမ်းတယ်ပဲ ပြောကြပါစို့၊ အဲဒီလို နေသွားရင်ကုစားရင် ရသေးတယ်၊ အဲဒါကြောင့်မို့ ရဟန်းမဟုတ်ဘူး, ဒီလိုလုပ်နေရင်တော့ ရဟန်း မဟုတ်တော့ဘူး, လွှတ်ခနဲ လွှတ်ခနဲ ပြောမိတတ်တယ်၊ အဲဒါ သိပ်အပြစ်ကြီးတာ။

ရဟန်းဟုတ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ရဟန်းမဟုတ်ဘူးလို့ ပြောမိတာဟာ ဒီဟာနီးပါးအပြစ်ကြီးတယ် နော်၊ ဟိုပုဂ္ဂိုလ်က အရိယာဖြစ်နေရင်တော့ ပိုဆိုးတာ ပေါ့လေ၊ အရိယာမဟုတ်လည်း အဲဒီအပြစ်ဟာကြီးတယ်၊ ဒါကြောင့်မို့ ဒါတော့ သတိထားကြ၊ "ဘုန်းကြီးက မကောင်းတဲ့ဘုန်းကြီးပဲ၊" ဒါကတော့ နည်းနည်းပါးပါး

ပြောရင် ဖြစ်သေးတယ်၊ ဒါကလည်း မပြောရင် အကောင်းဆုံးပဲ၊ အအေးဆုံးပဲ၊ ခုနလို ရဟန်းမဟုတ်ဘူးလို့ လွှတ်ကနဲထွက်ထွက်သွားတတ်တာ၊ အဲဒါတွေသတိထား။

တစ်နေရာမှာ ကြားဖူးတာ ဘုန်းကြီးက လိမ်ပြောတယ်တဲ့၊ တကယ်လိမ်သလား ဘာလားတော့ မသိဘူး၊ သူကတော့ ဘုန်းကြီးလိမ်ပြောတာထင်ပြီးတော့ လိမ်ပြောရင်ဘုန်းကြီးမဟုတ်တော့ဘူးဆိုပြီးတော့ အဲဒီ ဘုန်းကြီးကို တိုက်ရိုက်သူက မင်းနဲ့ငါနဲ့ ပြန်ချတာတဲ့၊ အဲဒါမျိုးတော့ မလုပ်ထိုက်ဘူး၊ လိမ်ပြောရင်လည်းပဲ သူလိမ်ပြောလို့ ဘုန်းကြီးက ဘုန်းကြီးဆိုးပေါ့လေ၊ လိမ်ပြောတဲ့အတွက်လည်း ပါစိတ်အာပါတ် သင့်တယ်ပေါ့၊ ပါစိတ်အာပတ်သင့်ရင်လည်း အာပတ် ဖြေလိုက်ရင်ရတာပဲ၊ အဲဒီတော့ လိမ်ပြောတာကို ကိုယ်က မကြိုက်ရင် ဒီဘုန်းကြီးဟာ လိမ်ပြောတတ်တဲ့ဘုန်းကြီးပဲ, ဘုန်းကြီးဆိုးပဲဆိုတာလောက်ကတော့ ပြောချင်ပြောပေါ့လေ၊ အဲဒါဟာ လိမ်ပြောတာနဲ့ ဘုန်းကြီးမဟုတ်တော့ဘူး၊ ဘုန်းကြီးမဟုတ်တာနဲ့ သူ့ကို မင်းနဲ့ငါနဲ့ ဒါမျိုးကတော့ မလုပ်ထိုက်ဘူး၊ အဲဒါကလည်း လူတွေအနေနဲ့ သတိထားသင့်တယ်။

ဘာပြုလို့လဲဆိုတော့ အဆိုတစ်ခုရှိတယ်၊ ဆူးပေါ်ဖက်ကျလဲ ဖက်ပေါက်, ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်ဆိုတဲ့ စကားရှိတယ်၊ ဘာလို့လဲဆိုတော့ လူအနေနဲ့ကြည့်မယ်ဆိုရင် အလွန်ဆုံးဆောက်တည်နိုင်ရင် ၁၀–ပါးသီလနော်၊ ဒီထက်အောက်လိုက်ရင် ၈–ပါးသီလ၊ ဒီထက်အောက်လိုက်ရင် ၅–ပါးသီလ၊ ငါးပါးသီလတောင် အခုအခါမှာ အနိုင်နိုင်ထိန်းကြရတယ်၊ ရဟန်းဆိုတာ သိက္ခာပုဒ်တွေ ကျူးလွန်နေဦး သူ့မှာ အများကြီးကျန်သေးတယ်ဆိုတော့ ကိုယ့်ထက်တော့ များများရှိသေးတယ်ပေါ့လေ၊ အဲဒါကို သတိထားရမယ်၊ ဒါကြောင့်မို့ မပြောမိအောင်သာ ဂရုစိုက်ကြ။

လူကနေ ဘုန်းကြီးပြောတာပဲ ဂရုစိုက်ရမှာလားဆိုတော့ ဘုန်းကြီးအချင်းချင်းလည်းမပြောမိအောင် ဂရုစိုက်ရမှာပဲ၊ ဘာပြုလို့လည်းဆိုတော့ ဒါမျိုးက ဘုန်းကြီးကပြောတော့ အပြစ်မရှိဘူးလို့, ဒီဘုန်းကြီးက ဟိုဘုန်းကြီးကို ပြောမိမယ်, သို့မဟုတ် ခုနကလို ဈာန်မဂ် ဖိုလ်မရတာတို့ ပြောမိမယ်, အကယ်၍ အထူးသဖြင့် ဟိုဘုန်းကြီးက ဈာန်မဂ်ဖိုလ်ရပြီးသား ဘုန်းကြီးဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲနော်၊ အဲဒါကြောင့် အရိယူပဝါဒန္တရာယ်ဆိုတာကို အလွန်သတိထားထိုက်တယ်၊ လူတွေက လွှတ်ကနဲ လွှတ်ကနဲပြောလေ့ရှိတယ်။

ဟိုဘက်ဆီက ဒကာမကြီး တစ်ယောက်ရှိတယ်၊ သူပြောတတ်တယ်၊ ဒီလိုလုပ်ရင်ဘုန်းကြီး မဟုတ်တော့ပါဘူး၊ ဆွမ်းကိုသပိတ်နဲ့မစားရင် ဘုန်းကြီး မဟုတ်တော့

ပါဘူးဆိုတာတောင် သူတို့ပြောတာ၊ အဲဒီတော့ အတော်ကိုဆိုးသွားတယ်၊ ဆရာတော်ကြီးက ကိစ္စမရှိပါဘူးကွာလို့ ပြောသွားတယ်ဆိုတယ်၊ အဲဒီတော့ ဒါမျိုးတွေက မပြောမိစေနဲ့၊ အဲဒီလိုပုဂ္ဂိုလ်တွေ တရားအားထုတ်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဘယ်လိုလုပ်ပြီးတော့ သူတို့မျှော်လင့်ချက်ရှိမလဲ၊ သူတို့ မသိဘူးနော်၊ သိပ်သနားဖို့ကောင်းတယ်၊ သူတို့ပဲ သနားဖို့ကောင်းတယ်၊ အပြောခံရတဲ့ ပုဂ္ဂိုလ်က ဘာမှကိစ္စရှိတာမဟုတ်ဘူး၊ ဘာမှထိခိုက်တာ မဟုတ်ဘူး၊ သူတို့မှာဒီကံရှိသွားပြီ၊ တရားအားထုတ်ရင် မလွယ်တော့ဘူး၊ တရားထူးရဖို့ဆိုတာ မလွယ်တော့ဘူး၊ ဒါကြောင့် အရိယူပဝါဒန္တရာယ်ဆိုတာ အလွန်ကြောက်စရာ ကောင်းတယ်၊ ဒါသတိအလွန်ထားရတယ်။

နောက်ဆုံးတစ်ခု အာဏာဝီတိက္ကမန္တရာယ်၊ ဒါတော့ ဘုန်းကြီးနဲ့ပဲ ဆိုင်တယ်၊ လူနဲ့မဆိုင်ဘူး၊ လွန်ကျူးလိုသော စိတ်စေတနာဖြင့် သင့်ရောက်အပ်သော အာပတ်တဲ့နော်၊ အဲဒီတော့ ဦးဇင်းတို့မှာ သိက္ခာပုဒ်ဆိုတာ ရှိတယ်မဟုတ်လား၊ သိက္ခာပုဒ်ဆိုတာ တစ်ခါတလေလည်း ချိုးမိတာပဲနော်၊ အမှတ်တမဲ့ ကျိုးမိတာလည်း ရှိတယ်၊ လွန်ကျူးချင်လို့ကို မရှိသေလို့ ချိုးမိတာလည်းရှိတယ်။

အဲဒီတော့ အမှတ်တမဲ့ သင့်ထားတာကတော့ ကိစ္စမရှိဘူး၊ ချိုးချင်လို့ ချိုးထားတယ် ဆိုပါတော့, အဲဒီအာပတ်ကို ဖြေကိုဖြေရမယ်၊ အဲဒီ အာပတ်မဖြေပဲနဲ့ ဆိုရင် တရားအားထုတ်ရင်လဲ တရားထူးမရနိုင်ဘူး၊ နတ်ရွာနိဗ္ဗာန် ဈာန်မဂ်ဖိုလ်လည်း မရောက်နိုင်ဘူး၊ ဒါကြောင့်မို့ ဘုန်းကြီးတွေမှာ ခဏခဏ အာပတ်ဖြေရတာ၊ တော်ကြာ ဒီအာပတ်တန်းလန်းကြီးနဲ့သေသွားရင် အတော်ကြောက်စရာ ကောင်းတယ်နော်၊ တစ်သက်လုံး ကောင်းကောင်းမွန်မွန် နေလာပါလျက်နဲ့ မတတ်သာလို့ သင့်လိုက်တဲ့ အာပါတ်တစ်ခု၊ အဲဒီအာပါတ်စိတ်နဲ့ သေသွားလို့ ဒီသီလရှိတဲ့ ဘုန်းကြီးတစ်ပါးပဲ၊ မြွေကြီးသွားဖြစ်တယ်ဆိုတော့ ခဏပေါ့လေ၊ ဒါကြာကြာတော့ မဟုတ်ဘူး၊ လှေနဲ့သွားရင်းနဲ့ လှေက ယိမ်းသွားတဲ့အခါကျတော့ သစ်ပင်ကို လှမ်းဆွဲလိုက်တော့ သစ်ပင်ပြတ်သွားတာပေါ့၊ အဲဒီတော့ ဘုန်းကြီးဆိုတော့ သစ်ပင်မဖြတ်ကောင်းဘူး၊ မချိုးကောင်းဖူး မဟုတ်လား၊ အဲဒီ အာပတ်ရှိတယ်၊ အဲဒီဟာ နောင်တရပြီး အဲဒီစိတ်နဲ့ သေသွားတော့ မြွေသွားဖြစ်တယ်နော်၊

**မေး** – သစ်ပင်မဖြတ်ရဘူးလားဘုရား။

**ဖြေ** – ဘုန်းကြီးဟာ သစ်ပင်မဖြတ်ရဘူး, ပန်းမခူးရဘူး၊ ဒါတွေက လူတွေကဲ့ရဲ့မှာစိုးလို့ပါပဲ၊ အဲဒီခေတ်က လူတွေက သစ်ပင်တွေဘာတွေမှာ အသက်ရှိတယ်လို့ ယူဆကြတယ်ပေါ့လေ၊ အဲဒီတော့ လူတွေကဲ့ရဲ့စရာ ဖြစ်နေလိမ့်မယ်၊ မလုပ်ကြနဲ့

ဆိုပြီးတော့ အဲဒီလိုရှိတယ်။

အဲဒါကြောင့်မို့ အာဏာဝီတိက္ကမန္တရာယ်ဆိုတာကတော့ ဘုန်းကြီးနဲ့သာ ဆိုင်တာ၊ အဲဒီ အာပတ်သင့်ထားရင် ဒီအာပတ်ကို ဖြေကိုဖြေရမယ်၊ ဖြေနည်း အမျိုးမျိုးရှိတယ်၊ အပြစ်အလိုက်ပေါ့လေ၊ ပါရာဇိကကျရင် လူထွက်တာ၊ ကိုရင် အဖြစ်နဲ့နေတာ, ဒါအပြစ်ဖြေတာပေါ့၊ အဲဒီတော့ တခြား အာပတ်သင့်ထားရင်လဲ၊ တခြားအာပတ်အလိုက် သူ့နည်းတွေရှိတယ်၊ သူ့နည်း တွေနဲ့ အာပတ်ဖြေရတယ်၊ အဲဒီလိုမဖြေရင် ဒီအန္တရာယ်ရှိနေတယ်ပေါ့၊ အာဏာကျူးလွန်တာကို လောက အပြစ် မရှိပေမယ်လို့ ဘုရားအာဏာ ကျူးလွန်တာနဲ့ကို အပြစ်ရှိတာ၊ အဲဒါကြောင့်မို့ တချို့သိက္ခာပုဒ်တွေမှာ ဘုန်းကြီးကတစ်ချက် လွန်ကျူးလိုက်တာနဲ့ အပြစ်က ၂- ချက်ပြိုင်သင့်တယ်၊ ဘုန်းကြီးက တိရစ္ဆာန်တစ်ကောင် သတ်တယ်ဆိုပါ တော့၊ လူကလည်း တိရစ္ဆာန်တစ်ကောင် သတ်တယ်၊ လူက ပါဏာတိပါတအပြစ်ပဲ သင့်တယ်၊ ဘုန်းကြီးကျတော့ပါဏာတိပါတလည်း သင့်တယ်၊ ဘုရား ဥပဒေ ကျူးလွန်တဲ့ အပြစ်ကလည်းသင့်တယ်၊ ၂-ထပ်သင့်တာ၊ အဲဒီလိုကွာတယ်၊ လူအနေနဲ့ အပြစ်မရှိပေမယ်လို့ ဘုန်းကြီးကျတော့ အပြစ်ရှိတယ်ဆိုပြီးတော့ ပညတ်တယ်။

အဲဒါကြောင့်မို့ ဘုန်းကြီးနဲ့လူနဲ့ကွာတာဒါပဲ၊ သိက္ခာပုဒ်တွေမှာ ဘာရှိသလဲ ဆိုတော့ လောကဝဇ္ဇသိက္ခာပုဒ်, ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်ဆိုပြီးတော့ ဒီလိုရှိတယ်၊ လောကဝဇ္ဇဆိုတာ လောကမှာကို အပြစ်ရှိတယ်၊ ဒီဟာကျူးလွန်ရင် ခုနလို သူများအသက်သတ်တာဆိုပါတော့ လူမှတစ်ပါး တခြားဟာ သတ်မိရင် ပါစိတ် အာပတ်သင့်တယ်၊ လူသတ်မိရင် ပါရာဇိကကျတယ်၊ အဲဒီတော့ ပါစိတ်အာပတ်သင့်ရုံ ပါရာဇိကကျရုံတင် မဟုတ်ဘူး၊ ပါဏာတိပါတကလည်းပဲမလွတ်ဘူး၊ ဒါ အဘိဓမ္မာ အပြစ်က ရှောင်လို့ရတာမှ မဟုတ်ပဲ၊ ဝိနည်းအပြစ်ရော, အဘိဓမ္မာအပြစ်ရော ၂- မျိုးလာတယ်။

ခုနလို သစ်ပင်ခုတ်တာမျိုးဆိုပါတော့, ဆွမ်းတို့ဘာတို့ ကိုယ့်ဟာကို ယူစားတာမျိုး၊ ဒါက လောကအပြစ်မရှိဘူး၊ လူတွေလုပ်နေတာပဲ၊ လူတွေမှာ ဘာမှ အပြစ်မရှိဘူး၊ သို့သော် ဘုန်းကြီးတွေကျတော့ မြတ်စွာဘုရားက သိက္ခာပုဒ်တွေ ပညတ်ထားတဲ့အတွက်ကြောင့်မို့ ပညတ်တဲ့ အပြစ်ပေါ့လေ၊ ပညတ်တော်အပြစ်ရှိတယ်၊ အဲဒီလိုအပြစ်မျိုးကတော့ ခုနဟိုဘက်က အပြစ်လောက်မကြီးဘူးပေါ့လေ၊ ဒါပေမယ် လို့ လည်းပဲလူအနေနဲ့ အပြစ်မရှိပေမယ်လို့ ဒီသိက္ခာပုဒ်ရှိပြီးတော့ ကိုယ်က ဒီသိက္ခာပုဒ် ကျူးလွန်တာဖြစ်တော့ ဘုရားမရိုသေရာရောက်တယ်၊ ဘုရားအာဏာကို

လွန်ဆန်တယ်၊ အဲဒါကြောင့်မို့ အပြစ်သင့်တာပဲ၊ ဒီအပြစ်ရှိထားရင် ဈာန် မဂ် ဖိုလ် နတ်ရွာ နိဗ္ဗာန် မရနိုင်ဘူးတဲ့။

ဒါကြောင့်မို့ ဒီအပြစ်တွေကင်းအောင် လုပ်ရတယ်၊ အထူးသဖြင့် တရားအားထုတ်ချင်တဲ့ ပုဂ္ဂိုလ်တွေဆိုရင် ကိုယ့်ကိုသန့်ရှင်းအောင် လုပ်သွားရတယ်၊ ဒါကြောင့်မို့ များသောအားဖြင့်တော့ နေ့တိုင်းဒေသနာကြားတာများတယ်၊ တစ်ရက်ခြားကြားတယ်၊ နေ့တိုင်းကြားတယ်၊ တချို့ပဲ တစ်ပတ်တစ်ခါကြားတယ်၊ ခဏခဏဆေးပေးရတယ်ပေါ့လေ။

အဲဒီတော့ အန္တရာယ်ငါးပါးရှိတယ်၊ ဒါ ဟိုနေ့က ပုဂ္ဂိုလ်စိတ်ရနဲ့ပတ်သက်ပြီးတော့ နည်းနည်းလေးပြောလိုက်တယ်၊ နောက်တော့ ပြန်စဉ်းစားလိုက်တယ်၊ ငါ အကျယ်ပြောမှကောင်းမယ်လို့၊ ဘာပြုလို့လည်းဆိုတော့ လူတွေအနေနဲ့ ဘုန်းကြီးတွေအနေနဲ့ကော သိထိုက်တယ်၊ သိပြီးတော့ သိထားရင် ရှောင်နိုင်တယ်၊ မသိပဲနဲ့ လုပ်မိရင်တော့ မရှောင်နိုင်ဘူးဆိုရင် ဟိုလွန်ပြီးမှဆိုရင် ပြန်နုတ်လို့ ရတော့တာ မဟုတ်ဘူး၊ ဒီမှာဆိုရင် အရိယူပဝါဒန္တရာယ် တစ်ခုသာ တောင်းပန်လို့ရတယ်၊ တခြားဟာတွေက သူ့ဟာနဲ့သူသွားမှာ၊ ဒါကြောင့်မို့ အန္တရာယ်ငါးပါးတဲ့၊ ဒါဟာ ဘုံပိုင်းကျမှပြောရင် ဖြစ်ပါတယ်၊ ဘုံပိုင်းကျတော့လည်း တခြားပြောစရာတွေရှိရင် ရှိဦးမယ်၊ လင်္ကာလေးရှိပါတယ်၊ အဲဒီလင်္ကာလေးကျက် ထားကြ။

*** ကံကိလေသ၊ ဝိပါက၊ ဝါဒတိက္ကမာ။**

ကံက ကမ္မန္တရာယ်၊ ကိလေသက ကိလေသန္တရာယ်၊ ဝိပါကက ဝိပါကန္တရာယ်၊ ဝါဒဆိုတာက အရိယူပဝါဒန္တရာယ်၊ တိက္ကမာဆိုတာက အာဏာဝီတိက္ကမန္တရာယ်၊ ဒါ ရှေးဆရာတော်တွေက ရေးထားတဲ့လင်္ကာ။

*** ကံ ကိလေသ၊ ဝိပါက၊ ဝါဒတိက္ကမာ**

*** နတ်ရွာ နိဗ္ဗာန်၊ မဂ်ဖိုလ်ဈာန်၊ ငါးတန်အန္တရာတဲ့။**

နတ်ပြည်မရောက်အောင် တားမြစ်တတ်တယ်၊ နိဗ္ဗာန်မရောက်အောင် တားမြစ်တတ်တယ်၊ မဂ်မရအောင်၊ ဖိုလ်မရအောင်၊ ဈာန်မရအောင် တားမြစ်တတ်တဲ့ အန္တရာယ်ငါးပါး၊ ဒီအန္တရာယ်ငါးပါး အထူးသတိထားထိုက်သည်တဲ့၊ ဒကာဒကာမတွေအနေနဲ့ရော ဘုန်းကြီးတွေ အနေနဲ့ရော။

ပုဂ္ဂိုလ်စိတ်ရပြီးတဲ့နောက် နောက်တစ်ခန်းက ဘုံစိတ်ရတဲ့၊ ဘုံစိတ်ရကတော့ အသေးစိတ်သွားဖို့ မလွယ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဘုံမှမသိသေးပဲ၊ ၃၁–ဘုံမှ မသိသေးပဲနဲ့ ဘုံစိတ်ရ အသေးစိတ်လုပ်နေရင် ခက်ခဲလိမ့်မယ်နော်၊

အဲဒါကြောင့်မို့ ၃၁–ဘုံက ပဋိသန္ဓေမပိုင်းကျမှလာမယ်၊ အခု ဒီနေ့ပြီး နောက်တစ်ပတ်ဆိုရင် ပဋ္ဌမပိုင်းစမယ်, ပဋ္ဌမပိုင်းကျတော့ ၃၁–ဘုံ အသေးစိတ် လေ့လာရလိမ့်မယ်၊ ၁–၂–၃–၄ သွားလိမ့်မယ်၊ အဲဒီဟာပြီးမှ လေ့လာရင် ပိုလွယ်မယ်၊ ဒီနေ့ အသေးစိတ် ပြောနေရင်လည်းပဲ သိပ်ပြီးတော့ မှတ်မိမှာမဟုတ်သေးဘူး။

ကောင်းပြီ, ဘုံစိတ်ရနဲ့ ပတ်သက်ပြီးတော့ ပြောတော့မယ်ဆိုရင် အခုသင်္ဂြိုဟ် ကျမ်းမှာက ဝီထိစိတ်နဲ့ကိုင်ကိုင် ပြောထားတယ်၊ ဒါကြောင့်မို့ စိတ်နဲ့ဝီထိစိတ် ဒီ ၂–မျိုးကို ပထမခွဲခြားပြီးတော့ နားလည်ရမယ်။

စိတ်လို့ပြောလိုက်ရင် သာမညဆိုတော့ စိတ်တစ်ခုယုတ်–၉၀၊ အကျယ်ပါ ပါသွားပြီပေါ့၊ အကျယ်ဆိုရင်လည်း ၁၂၁–ပါးပေါ့။

ဝီထိစိတ် ပြောလိုက်ရင်တော့ ဝီထိစိတ်ကိုသာ ယူလိုတယ်၊ ဝီထိထဲမှာ ပါတဲ့စိတ်ကိုသာ ယူလိုတယ်၊ ဝီထိမုတ်စိတ် မလိုချင်ဘူး၊ ဝီထိမုတ်ဆိုတာသိလား၊ ပဋိသန္ဓေဘဝင် စုတိ ကိစ္စတပ်တဲ့ စိတ်တွေကို ဝီထိမုတ်စိတ်လို့ခေါ်တယ်၊ အဲဒီတော့ ပဋိသန္ဓေ ဘဝင်စုတိ ကိစ္စတပ်တဲ့စိတ် မပါပဲနဲ့ သူတို့မှတစ်ပါး အခြားစိတ်တွေဟာ ဝီထိစိတ်။

ဒါကြောင့်မို့ စိတ်လို့ပြောတာနဲ့ ဝီထိစိတ်လို့ပြောတာမတူဘူးလို့ဆိုရမယ်၊ စိတ်ဆိုရင် ဘယ်လောက်ရှိသလဲ၊ တစ်ခုယုတ် ၉၀၊ ၈၉–ရှိတယ်၊ ဝီထိစိတ်လို့ ဆိုလိုက်ရင် ၈၀–ပဲရှိတယ်၊ အဲဒီတော့ အဲဒီမှာ ဘာပြောစရာလိုလာသလဲဆိုတော့ ပဋိသန္ဓေဘဝင်စုတိ ကိစ္စတပ်တဲ့စိတ် ၁၉–ပါးရှိတယ်၊ အဲဒီ ၁၉–ပါးက ဉပေက္ခာ သန္တီရဏစိတ် ၂–ခုရယ်၊ မဟာဝိပါက်စိတ် ၈–ခုရယ်၊ ရူပါဝစရဝိပါက်စိတ် ၅–ခုရယ်၊ အရူပါဝစရဝိပါက်စိတ် ၄–ခုရယ်၊ သူတို့ကို ပဋိသန္ဓေ ဘဝင်စုတိကိစ္စတပ်တဲ့ စိတ်လို့ ဆိုရမယ်၊ ပဋိသန္ဓေ ဘဝင်စုတိကိစ္စ တပ်တဲ့စိတ်ဖြစ်ရင် ဝီထိထဲမှာ သူတို့မဖြစ်ဘူး၊ ဘာပြုလို့လည်းဆိုတော့ ပဋိသန္ဓေဘဝင်ကိုး၊ ဒီတော့ သူတို့က ဘဝင်သာဖြစ်မယ်၊ ဝီထိလည်းမပါဘူး။

သို့သော် အဲဒီထဲမှာ ဘာကိုဂရုစိုက်ရမလည်းဆိုရင် မဟာဝိပါက်စိတ် ၈–ခု ဂရုစိုက်ရမယ်၊ မဟာဝိပါက်စိတ် ၈–ပါးက ဘယ်နှစ်ကိစ္စတပ်လဲ, မှတ်မိကြလား, ကိစ္စသင်္ဂဟ ပြန်ကြည့်မှရမယ်၊ ပဋိသန္ဓေဘဝင်စုတိ တဒါရုံနော်, တဒါရုံကိစ္စပါ တပ်တယ်။

တဒါရုံကိစ္စပါတပ်ရင် တဒါရုံကိစ္စတပ်တဲ့အခိုက်မှာ သူကဝီထိထဲမှာ မဖြစ်ပေဘူးလား၊ ဖြစ်ပြီလေ၊ တဒါရုံဆိုမှတော့ ဝီထိထဲပဲ၊ ဒါကြောင့်မို့ မဟာဝိပါက်စိတ်

၈–ခုက ပဋိသန္ဓေ ဘဝင်စုတိကိစ္စတပ်ခိုက် ဝီထိမှလွတ်တယ်၊ ဒွါရတွေကလွတ်တယ်၊ တဒါရုံကိစ္စတပ်ခိုက်မှာ ဝီထိစိတ်လို့ပဲခေါ်ရတယ်၊ ဒါကြောင့်မို့ ဝီထိစိတ်လို့ ပြောလိုက်ရင် သူ့ကိုကြဉ်ထားလို့မရဘူး၊ အခိုက်အတန့်နဲ့ ပြောမယ်ဆိုရင်တော့ ပဋိသန္ဓေ ဘဝင် စုတိကိစ္စတပ်တဲ့အခိုက် သူဝီထိမုတ်စိတ်၊ တဒါရုံကိစ္စတပ်ခိုက် ဝီထိစိတ်ဆိုတော့ ဝီထိစိတ် ဘယ်လောက်ရှိသလဲဟေ့ဟုပြောရင် သူလည်းပြောရ လိမ့်မယ်၊ ဒါကြောင့် ဝီထိစိတ်ဟာ ၈၀ ပဲရှိတယ်၊ ဘာနုတ်ထားသလဲ, ရူပါဝစရ ဝိပါက် ၅–နဲ့ အရူပါဝစရဝိပါက်စိတ် ၄–ခုနော်၊ ဒွါရဝိမုတ်စိတ်ပါပဲ၊ ဒွါရမှ အမြဲလွတ်တဲ့စိတ် နုတ်ထားတယ်၊ မဟဂ္ဂုတ်ဝိပါက် ၉–ခုက ဒွါရမှ အမြဲလွတ်တယ် မဟုတ်ဘူးလား၊ အဲဒီစိတ်တွေ နုတ်ထားတယ်။

ဒါကြောင့်မို့ ရူပါဝစရဝိပါက်စိတ် ၅–ခုနဲ့ အရူပါဝစရစိတ် ၄–ခု သူတို့က အမြဲတမ်း ပဋိသန္ဓေဘဝင် စုတိကိစ္စသာ တပ်တယ်မဟုတ်လား၊ ၃–ကိစ္စသာ တပ်တဲ့စိတ်တွေဖြစ်တော့ ဒါကြောင့် သူတို့က ဒွါရမှ အမြဲတမ်းလွတ်တယ်၊ ဝီထိထဲမှာ မဖြစ်ဘူး၊ သူတို့ကတော့ အမြဲတမ်းကို နုတ်ထားရမယ်။

ဝီထိစိတ်လို့ ပြောရင် မဟာဝိပါက်စိတ် ၈–ခုကတော့ ပဋိသန္ဓေဘဝင် စုတိ ကိစ္စတပ်ရင် ဝီထိကလွတ်မယ်၊ တဒါရုံကိစ္စတပ်တဲ့အခိုက်မှာ ဝီထိက မလွတ်ဘူး၊ ဒါကြောင့် ဝီထိစိတ်ဘယ်လောက် ရှိသလဲလို့မေးရင် ၈၀–ပဲရှိတယ်၊ မဟာဝိပါက်စိတ် ၈–ခုကို မနုတ်ရဘူး၊ ဝီထိမုတ်စိတ်ဆိုရင် ခုနကပြောသလိုပဲ အမြဲတမ်းလွတ်တာဆိုရင် ၉–ခုပေါ့နော်၊ သာမညပြောမယ်ဆိုရင် ၁၉–ခုပေါ့။

ကောင်းပြီ, ကာမာဝစရဘုံမှာ ဝီထိစိတ် ၈၀–စလုံးရတယ်တဲ့၊ ကာမာဝစရ ဘုံမှာ ဝီထိစိတ် ၈၀ စလုံးဖြစ်နိုင်တယ်၊ ရတယ်ဆိုတာ ဖြစ်နိုင်တယ်လို့ ဆိုလိုတာ ပါပဲ၊ အဲဒီတော့ ကာမာဝစရဘုံမှာ ဒီလိုဆိုရင် ရူပါဝစရဝိပါက် ၅–ခု မဖြစ်နိုင် ဘူးပေါ့၊ အရူပါဝစရဝိပါက် ၄–ခုမဖြစ်နိုင်ဘူးပေါ့၊ ရူပါဝစရကုသိုလ် ဖြစ်နိုင်တယ် ကြိယာဖြစ်နိုင်တယ်, အရူပါဝစရကုသိုလ် ဖြစ်နိုင်တယ်, ကြိယာဖြစ်နိုင်တယ်, ဝိပါက်သာ မဖြစ်နိုင်တာ၊ ကာမာဝစရဘုံမှာ ဝီထိစိတ် ၈၀– အကုန်ရတယ်။

အသညသတ်ဘုံမှတပါး ရူပါဝစရ ၁၅–ဘုံ၌တဲ့, ကာမာဝစရဘုံဆိုတော့ ငရဲဘုံ, လူ့ဘုံ, နတ်ဘုံနော်၊ သာမညပြောမယ်ဆိုရင် ငရဲဘုံ လူ့ဘုံ နတ်ဘုံဟာ ကာမာဝစရဘုံ၊ ရူပါဝစရဆိုတာက ဗြဟ္မာ့ဘုံ၊ ဗြဟ္မာ့ဘုံဆိုတာက ရူပါဝစရဘုံရှိတယ်၊ အရူပါဝစရဘုံရှိတယ်၊ ရူပါဝစရဘုံဆိုတာက ရုပ်ရှိသေးတယ်ပေါ့နော်၊ အရူပါဝစရဘုံ ဆိုတာကတော့ ရုပ်မရှိတော့ဘူး၊ နာမ်ချည်းပဲရှိတယ်။

ကောင်းပြီ, အဲဒီရူပါဝစရဘုံ ဘယ်လောက်ရှိသလဲဆိုရင် ၁၆–ဘုံရှိတယ်၊ အဲဒီ ၁၆–ဘုံမှာ တစ်ဘုံကို အသညသတ်ဘုံလို့ ခေါ်တယ်၊ ဘုံပိုင်းကျတော့ တွေ့လိမ့်မယ်၊ ကျန်တာတွေတော့ ရူပါဝစရလို့ပဲခေါ်ကြပါစို့၊ အသညသတ်ဘုံ ဆိုတာက ရုပ်ချည်းပဲရှိတဲ့ဘုံ၊ ဒီဘဝက ပဉ္စမဈာန်ကို အထူးပွားများပြီးတော့ နာမ်ကိုမုန်းအောင် ပွားများပြီးတော့ သူက သေတဲ့အခါ ကျတော့ အသညသတ်ဘုံမှာ သွားဖြစ်တယ်၊ အဲဒီ အသညသတ်ဘုံမှာသွားဖြစ်တဲ့ အခါကျတော့ ရွှေရုပ်ကြီးလိုပဲလို့ ဆိုတာပဲနော်၊ ရုပ်ထုကြီးလိုပဲ သွားပြီးတော့ ဖြစ်နေတယ်၊ ခုနကပြောတဲ့ ဇီဝိတတော့ ရှိတယ်၊ သူက အဲဒါကွာတယ်၊ရိုးရိုးရုပ်ထုနဲ့ သူနဲ့ကွာတာ၊ အဲဒီမှာ ကမ္ဘာ ၅၀၀– သွားဖြစ်မယ်။

အဲဒီ အသညသတ်ဘုံမှတပါး ရူပါဝစရ ၁၅–ဘုံမှာ ဘယ်စိတ်တွေ မရနိုင်ဘူးလဲ၊ ဘယ်စိတ်တွေ ရနိုင်သလဲတဲ့၊ ဒေါသမူဒွေးမရဘူး၊ ဘာကြောင့်လည်း ဆိုတော့ ဒေါသဖြစ်ရင် ဈာန်ပျောက်တယ်၊ ဒေါသဆိုတာ နီဝရဏတရားခေါ်တယ်၊ နီဝရဏ ဆိုတာ အတားအဆီး၊ အင်္ဂလိပ်လိုပြန်ရင်၊ (hindrance) လို့ခေါ်တယ်၊ နီဝရဏရှိနေရင် ဈာန်မရနိုင်ဘူး၊ နီဝရဏဖြစ်လာရင် ဈာန်ပျောက် သွားမယ်။

ရူပါဝစရ ဗြဟ္မာဆိုတာ ဈာန်နဲ့နေတာ၊ ဒါကြောင့်မို့ ရူပါဝစရဘုံမှာဘုံအား ဖြင့်ကို ဒေါသမူဒွေးကို ပယ်ထားတယ်၊ မင်္ဂနဲ့ပယ်တာ မဟုတ်ဘူးနော်၊ ဘုံအနေနဲ့ ပယ်တာ၊ ဒါကြောင့်မို့ အဲဒီဘုံမှာ ဒေါသမူဒွေး ဘယ်တော့မှမဖြစ်နိုင်ဘူး၊ ပြီးတော့ ပကိဏ်းပိုင်းတုန်းက ဝတ္ထုသင်္ဂဟတုန်းက ဘာတွေ့ခဲ့သလဲ၊ ရူပါဝစရဘုံမှာ ဃာနပသာဒမရှိဘူး, ဇိဝှါပသာဒမရှိဘူး၊ ကာယပသာဒမရှိဘူး၊ ဃာန ပသာဒ မရှိဘူးဆိုရင် ဃာနဝိညာဏ်ဒွေး ဖြစ်နိုင်ပါ့မလား၊ မဖြစ်နိုင်ဘူး၊ ဇိဝှါပသာဒမရှိဘူး ဆိုရင် ဇိဝှါဝိညာဏ်ဒွေး မဖြစ်နိုင်ဘူး၊ ကာယပသာဒမရှိဘူးဆိုရင် ကာယဝိညာဏ်ဒွေး မဖြစ်နိုင်ဘူးပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဒါ သူ့ဟာသူ ရှင်းနေတာ။

ဒါကြောင့်မို့ ဃာနဝိညာဏ်ဒွေး ၂–ခု, ဇိဝှါဝိညာဏ်ဒွေး ၂–ခု, ကာယဝိညာဏ် ၂–ခု, သူတို့လည်း မဖြစ်နိုင်ဘူး။

မဟာဝိပါက်စိတ် ၈ ဆိုတာကလည်း ကာမာဝစရဘုံမှာသာ ဖြစ်တာနော်၊ ကာမာဝစရဘုံမှာဖြစ်လို့ ကာမာဝစရဝိပါက်လို့ ခေါ်ရတာပေါ့နော်၊ သူက ရူပါဝစရ ဘုံမှာ မဖြစ်နိုင်ဘူး၊ အရူပါဝစရဘုံမှာလည်း မဖြစ်နိုင်ဘူး။

အဲဒီစိတ်တွေမှတစ်ပါး တခြားဝီထိစိတ်တွေ ဖြစ်နိုင်တယ်၊ ဒါဖြင့် အကုသိုလ် စိတ်ထဲက ဘာတွေဖြစ်နိုင်သလဲ, ဒေါသမူဒွေးမှ တစ်ပါးဆိုရင် လောဘမူစိတ် ၈–

ခုဖြစ်နိုင်တယ်, မောဟမူစိတ် ၂–ခုဖြစ်နိုင်တယ်၊ ပြီးတော့ အဟိတ်စိတ်ထဲ စက္ခုဝိညာဏ်ဒွေးဖြစ်မယ်၊ စက္ခုဝိညာဏ် ၂–ခုဖြစ်မယ်၊ သောတဝိညာဏ်၂– ခုဖြစ်မယ်, ဃာနဇိဝှါကာယကျော်လိုက် သမ္ပဋိစ္ဆိုင်း ၂–ခုဖြစ်မယ်, သန္တီရဏ ၃– ခုဖြစ်မယ်၊ ဟိုဘက် ကြိယာသွားရင် ပဉ္စဒွါရာဝဇ္ဇန်း, မနောဒွါရာဝဇ္ဇန်း ,ဟသိ တုပ္ပါဒ်ဖြစ်မယ်, ဟုတ်ပြီလား၊ မဟာကုသိုလ်စိတ် ၈–ခုဖြစ်မယ်၊ မဟာဝိပါက်စိတ် မဖြစ်နိုင်ဘူး၊ မဟာကြိယာစိတ် ဖြစ်နိုင်မယ်၊ ရူပါဝစရစိတ်ကျတော့ ကုသိုလ်ရော ဝိပါက်ရော ကြိယာရော ဖြစ်လိမ့်မယ်၊ အရူပါဝစရဆိုရင် ကုသိုလ်ဖြစ်မယ်၊ ကြိယာဖြစ်မယ်, ဝိပါက်မဖြစ်နိုင်ဘူး, ပြီးတော့ မဂ်စိတ် ဖိုလ်စိတ်တွေ ဖြစ်မယ်။

ဒါကြောင့်မို့ အသညသတ်ကြဉ်သော ရူပါဝစရ ၁၅ ဘုံမှာ ဝီထိစိတ် ၈၀– ထဲက ဒေါသမူဒွေးမဖြစ်ဘူး, ဃာနဝိညာဉ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ် ၆–ခု မဖြစ်ဘူး, မဟာဝိပါက်စိတ် ၈–ခုမဖြစ်ဘူးဆိုတော့ ၆ ရယ်, ၂ ရယ်, ၈–ရယ် ဆိုတော့ ၁၆၊ ၈၀–ထဲက ၁၆–နုတ် ၆၄, သာမညအားဖြင့်သွားတာ၊ အကယ်၍ ဘုံတွေကို နားလည်ပြီးတော့ နောက်ကျတော့ ပထမဈာန်ဘုံမှာ ဒုတိယဈာန်ဘုံမှာ စသည်ဖြင့် လုပ်လိုက်ရင် တစ်မျိုးလာဦးမယ်။

အသညသတ်ဘုံကျတော့ စိတ်လုံးဝမရဘူး၊ သူကျတော့ ဘာမှကို ပြောစရာ မလိုဘူး၊ အရူပါဝစရဘုံ သွားကြစို့၊ အရူပါဝစရဘုံမှာ ထပ်နုတ်ရ လိမ့်ဦးမယ်နော်၊ အဲဒီတော့ အရူပါဝစရဘုံမှာ ဒေါသမူဒွေး မဖြစ်နိုင်ဘူး၊ စက္ခုဝိညာဏ်ဒွေး သောတ ဝိညာဏ်ဒွေးလည်း ဖြစ်နိုင်ပါ့မလား၊ အရူပါဝစရက နာမ်ချည်းရှိတာပဲ၊ ရုပ်မှမရှိတာ၊ မျက်လုံးမရှိဘူး, စက္ခုပသာဒမရှိဘူး, သောတပသာဒမရှိဘူး, ဃာနပသာဒမရှိဘူး, ဇိဝှါ,ကာယပသာဒမရှိဘူး၊ ဒွေးပဉ္စဝိညာဏ် ၁၀–မဖြစ်နိုင်ဘူး၊ သမ္ပဋိစ္ဆိုင်း ၂– ခုရော သူတို့က ပဉ္စဒွါရမှာသာ ဖြစ်တာဆိုတော့ မဖြစ်နိုင်ဘူး၊ သန္တီရဏ ၃– ခုကော မဖြစ်နိုင်ဘူး၊ အတူတူပဲ, မနောဒွါရာဝဇ္ဇန်းလည်း မဖြစ်နိုင်ဘူး၊ ဟသိတုပ္ပါဒ် ကတော့လည်းပဲ သူတို့က ကာယခန္ဓာကိုယ်မရှိတော့ မပြုံးနိုင်ဘူး၊ အဲဒီတော့ ဟသိတုပ္ပါဒ်လည်း မဖြစ်နိုင်ဘူး။

မဟာဝိပါက် ၈–ခုကတော့ ကာမာဝစရဘုံမှာသာဖြစ်လို့ မဖြစ်နိုင်ဘူး, ရူပါဝစ္စရကုသိုလ် မဖြစ်နိုင်ဘူး, ရူပါဝစရကြိယာ မဖြစ်နိုင်ဘူး, ရူပါဝစရဝိပါက်လည်း မဖြစ်နိုင်ဘူး၊ အမှန်ကတော့ ဝိပါက်က ဝီထိစိတ် မဟုတ်လို့ ဒီထဲထည့်မရေးတာ၊ ဝီထိစိတ်ဆိုတာနဲ့ ရူပါဝစရဝိပါက် စိတ်ကကြဉ်ပြီးသား ဖြစ်နေပြီ၊ ဒါကြောင့် ထည့်မရေးတာ၊ ရူပါဝစရ ကုသိုလ် ဝိပါက်ကြိယာ ၃–ခုစလုံး မဖြစ်ဘူး၊ ပြီးတော့

အရူပါဝစရကျတော့ အကုန်လုံး ဖြစ်နိုင်တယ်ပေါ့၊ ပြီးတော့ သောတာပတ္တိမဂ်စိတ် မဖြစ်နိုင်ဘူး၊ ဒါကတော့ ဝတ္ထုသင်္ဂဟတုန်းက ဝတ္ထုမမှီတဲ့ စိတ်တွေနဲ့ ဝတ္ထုမှီတဲ့ စိတ်တွေ ခွဲတုန်းက ပြောပြီးပြီနော်၊ သောတာပတ္တိမဂ်စိတ် တစ်ခုမဖြစ်နိုင်ဘူး။

ဒါဖြင့်ရင် မဖြစ်နိုင်တာတွေကြည့်လိုက်စမ်း၊ ဒေါသမူဒွေး, ပဉ္စဝိညာဏ် ၁၀ ဆိုတော့–၁၂၊ သမ္ပဋိစ္ဆိုင်း–၂ ဆိုတော့ ၁၄၊ သန္တီရဏ ၃+ ၁၇၊ ပဉ္စဒွါရာဝဇ္ဇန်း ၁+၁၈၊ ဟသိတုပ္ပါဒ် ၁–၁၉၊ မဟာဝိပါက်စိတ် ၈–ဆိုတော့ ၁၉–ရယ်, ၈ ရယ်၊ ၂၇၊ ရူပါဝစရကုသိုလ်ကြိယာ ၁၀–ရယ် ၃၇၊ သောတာပတ္တိမဂ် ၁ ရယ် ၃၈၊ နှုတ်လိုက်စမ်း ၄၂–ပဲ ကျန်တယ်၊ အဲဒီ ၄၂–ပါးဟာ ဟိုတုန်းက ပြောခဲ့တဲ့ ဝတ္ထုသင်္ဂဟတုန်းက ပြောခဲ့တဲ့ ဝတ္ထုရုပ်ကို ဘယ်တော့မှ မမှီဘူးဆိုတဲ့ စိတ် ၄၂ နှင့် အတူတူပဲ၊ ဝတ္ထုရုပ်ကို ဘယ်တော့မှမမှီဘူးဆိုကတည်းက သူတို့က အရူပဘုံ၌ ဖြစ်တာပေါ့၊ အရူပဘုံမှာ ဝတ္ထုမရှိ ပဲနော်။

ဒါကြောင့်မို့ အရူပါဝစရဘုံမှာဖြစ်နိုင်တဲ့ ဝီထိစိတ်ပေါင်း ဘယ်လောက် ရှိသလဲ ၄၂–ပါး၊ အဲဒီ ၄၂–ပါးက ဘယ်ဟာတွေလဲဆိုရင် ဒေါသမူဒွေး စသည် ကြဉ်သောလို့ ပြောချင်ပြော၊ မကြဉ်ပဲနဲ့ ရတာတွေ လျှောက်ကြည့်လိုက်ရအောင် အကုသိုလ်စိတ်ထဲက ဘယ်နှစ်ခုရမလဲ၊ လောဘမူစိတ်ရမယ်, မောဟမူဒွေးရမယ်၊ အဟိတ်စိတ်ထဲက ဘယ်ဟာတွေရမှာလဲ၊ စက္ခုဝိညာဉ်ဒွေးရမလား, မရဘူး၊ သောတ, ဃာန, ဇိဝှါ, ကာယမရဘူး၊ သမ္ပဋိစ္ဆိုင်းဒွေး မရဘူး၊ သန္တီရဏ ၃–ခုမရဘူး၊ ပဉ္စဒွါရာဝဇ္ဇန်း မရဘူး၊ မနောဒွါရာဝဇ္ဇန်းရမယ်၊ ဟသိတုပ္ပါဒ်မရဘူး။

ဒါဖြင့် မနောဒွါရာဝဇ္ဇန်း ၁–ခုတည်းရတယ်၊ ကာမာဝစရကုသိုလ်၊ မဟာကုသိုလ်စိတ် ၈–ခု ရမယ်၊ အရူပဗြဟ္မာမှာ ဖြစ်နိုင်တယ်၊ ဒါပေမယ်လို့ မဟာဝိပါက်စိတ် ၈–ခုမဖြစ်ဘူး၊ မဟာကြိယာစိတ် ၈–ခုဖြစ်နိုင်တယ်၊ ရူပါဝစရ စိတ်တော့ ၁–ခုမှ မဖြစ်နိုင်ဘူး၊ ဘာပြုလို့လည်းဆိုတော့ အထက်တန်းချာန်ရ မှတော့ အောက်တန်းချာန်ကို မသွားတော့ဘူး၊

ဒါကြောင့်မို့ ရူပါဝစရကျတော့ ကုသိုလ်လည်းမရဘူး၊ ဝိပါက်လည်းမရဘူး၊ ကြိယာလည်းမရဘူး၊ အရူပါဝစရကျတော့ ရမှာပေါ့၊ ကုသိုလ်ဝိပါက်ကြိယာနော်၊ မဂ်စိတ်ထဲက ပြောမယ်ဆိုရင် သောတာပတ္တိ မဂ်စိတ် မရဘူး၊ ပြီးရင် လောကုတ္တရာစိတ် ၇–ခုရမယ်၊ ဒါဖြင့် ပေါင်းလိုက်ရင် ၄၂–ပါး အဲဒီ ဝီထိစိတ် ၄၂–ပါးရမယ်၊

အထူးမှတ်စရာရှိသေးတယ်၊ အထက်အထက် အရူပါဝစရဘုံ၌ အောက် အောက် အရူပါဝစရစိတ်များမရ, အဲဒီတော့ သူတို့က အထက်ဟာရောက်ရင်

အောက်ဟာပျောက်တာပဲ၊ ဘုံကလည်း လေးဘုံရှိတယ်၊ စိတ် ၄-မျိုးရှိသလိုပဲ၊ အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝ သညာ နာသညာယတနဘုံ။

အဲဒီတော့ အာကာသာနဉ္စာယတနဘုံမှာဆိုရင်တော့ ၄-ခုလုံးရမှာပေါ့၊ ဝိညာဏဉ္စာယတနဘုံမှာ ဆိုရင်တော့ ၃-ခုပဲရလိမ့်မယ်၊ အောက်တစ်ခု ပြုတ်ကျသွားပြီ၊ အာကိဉ္စညာယတနဘုံဆိုရင် ၂-ခုပဲရမယ်၊ အောက်၂-ခု ပြုတ်သွားပြီ၊ နေဝသညာနာသညာယတနဘုံဆိုရင် ၁-ခုပဲရမယ်၊ အောက် ၃-ခု ပြုတ်သွားပြီ၊ အဲသလိုလည်း ထူးခြားချက်ရှိသေးတယ်။

အဲဒီတော့ တစ်ဘုံစီစီစစ်မယ် လေ့လာမယ်ဆိုရင် ဒါကို ထည့်တွက်ရမယ်၊ အရူပါဝစရဘုံဆိုတဲ့အနေနဲ့ ပြောရင် ပေါင်းပြောထားတာမိုလို့ ၄၂-ပါးရတာ၊ တစ်ခုစီသွားမယ်ဆိုရင် ၄၂-ပါးရချင်မှရမှာ၊ ဒါက ဘုံမှာဖြစ်နိုင်တဲ့ ဝီထိစိတ်တွေ။

အဲဒီတော့ သာမညအားဖြင့် မေးမယ်ဆိုရင်တော့ ဝီထိမုတ်စိတ်ကိုပါ ထည့်ဖြေရမယ်၊ အရူပါဝစရဘုံမှာ စိတ်ဘယ်လောက်ဖြစ်နိုင်သလဲ၊ စိတ်ကိုသာမည ပြောမယ်ဆိုရင် အရူပါဝစရဝိပါက် ၄-ခုကိုပါ ထည့်ဖြေရမယ်၊ ရူပါဝစရဘုံမှာ စိတ်ဘယ်လောက် ဖြစ်နိုင်သလဲမေးရင် ရူပါဝစရ ဝိပါက် ၅၃-လည်း ထည့်ဖြေရမယ်၊ ဒါကြောင့်မို့ မြန်မာပြည်မှာ ပုစ္ဆာမေးတဲ့အခါမှာ အဲဒါတွေ လှည့်လှည့်မေးတတ်တယ်၊ ရူပါဝစရဘုံမှာဖြစ်တဲ့စိတ်မေးရင် တချို့က ဝီထိစိတ်ထင်ပြီး ဖြေရင်လွဲပြီပေါ့၊ အဲဒါ အရေးကြီးတယ်၊ ဝီထိစိတ်လို့ ပြောရင်တစ်မျိုး၊ စိတ်ဆိုရင် တစ်မျိုး။

ကာမာဝစရဘုံကျတော့ မထူးဘူး၊ ဘာကြောင့်လဲဆိုတော့ မဟာဝိပါက်စိတ် ၈-ခုက ဝီထိစိတ်လည်းဖြစ်နိုင်တယ်၊ ဝီထိမုတ်လည်းဖြစ်နိုင်တယ်၊ ကာမာဝစရဘုံ အနေနဲ့ ပြောရရင် ဝီထိစိတ် ၈၀-ပဲ၊ ဝီထိမုတ်စိတ်လည်း ၈၀ ပဲ၊ ကာမာဝစရဘုံမှာ စိတ် ဘယ်လောက်ရနိုင်သလဲမေးရင်လဲ ၈၀-ပဲ၊ ဘာကြောင့်လဲဆိုတော့ ရူပါဝစရ ဝိပါက် ၅-ခုနဲ့၊ အရူပါဝစရဝိပါက် ၄-ခုက မရပဲကိုး၊ ဒါကြောင့်မို့ သူ့ကျတော့ (ကာမာဝစရဘုံကျတော့) စိတ်လို့ပြောပြော, ဝီထိစိတ်လို့ပြောပြော, ဒါပဲလာလိမ့်မယ်။

ရူပါဝစရဘုံဆိုရင်ထူးသွားမယ်၊ အရူပါဝစရဘုံဆိုရင် ထူးသွားမယ်၊ အဲဒါဟာ ဘုံစိတ်ရ အကြမ်းဖျဉ်းပဲ၊ နောင်အခါမှာ ၃၁-ဘုံကို နားလည်ပြီးတဲ့နောက် အသေးစိပ် ကြည့်ကြမယ်ဆိုရင် ဇယားကွက်ရှိတယ်၊ အဲဒီဇယားကွက်ဟာ အသေးစိပ် ပြထားတာ၊ အခုအတိုင်း ဘုံမှ မသိသေးပဲနဲ့ လျှောက်ပြောနေရင် ဒုက္ခများမယ်။

အဲဒီတော့ ဘုံကို လေ့လာပြီးတဲ့နောက်မှ ဒီဇယားကွက်နဲ့ တိုက်ဆိုင်လေ့

လာမယ်၊ အခုကတည်းက ကြည့်ချင်ကြည့်ထားကြပေါ့၊ ဒီထဲကျတော့ ဝီထိစိတ်တင် မကဘူး၊ စိတ်တွေ အကုန်ရတာ ရေးလိမ့်မယ်၊ ဒါကြောင့်မို့ ဟိုနောက်ဆုံးမှာ သင်္ချာမတူတာတွေ တွေ့လိမ့်မယ်၊ ပထမစျာန်ဘုံမှာ ၆၅–ဆိုတာတွေ့လိမ့်မယ်၊ ဝီထိစိတ် ၆၄၊ ဒီမှာ ၆၅ ဖြစ်နေတာက ဝီထိမုတ်စိတ်ပါ ထည့်ထားတာ။

**မေး** – ဘုံ ၃၀ –လား ဘုရား။

**ဖြေ** – ၃၁ – ဘုံပါ။

**မေး** – တပည့်တော်က ဘုံ ၃၀–ထင်လို့ ဒီမှာ ၃၀–ပဲ ရေးထားတယ်၊

**ဖြေ** – ဘုံ ၃၀–က အသညသတ်ဘုံကို ထည့်မထားဘူး၊ အသညသတ်က ရှိမှ မရှိပဲကိုး၊ စိတ်မဖြစ်တဲ့ဘုံကို သူ မထည့်လို့၊ အဲဒါကြောင့်မို့ ၃၀၊ အဲဒီဘုံပါထည့်ရင် ၃၁–ဘုံ၊ နောက်အပတ်ကျတော့ ၃၁–ဘုံအတွက်နဲ့ သီးခြားလာလိမ့်မယ်၊ အဲသလို ၃၁–ဘုံ အသေးစိတ်သိပြီးမှ ဘာစိတ်ညာစိတ်နဲ့ အသေးစိပ်တွက်ရင် ပိုကောင်းတယ်၊ အခုနေတွက်ရင် မလွယ်ဘူး၊ ပြီးတော့ ခက်နေလိမ့်မယ်၊ ဟိုကျတော့ လုပ်ရဦးမယ်။

ဒါဟာ ဘုံစိတ်ရတဲ့၊ ဒီနေ့ဒါဟာ ဝီထိပိုင်းအကုန်ပဲ၊ ဒါဖြင့် ဝီထိပိုင်းနောက်ဟာတွေ ပြန်စဉ်းစားကြည့်စမ်း၊ ဘာတွေလုပ်ခဲ့ကြရလဲ။

ပဉ္စဒွါရဝီထိရှိတယ်၊ မနောဒွါရဝီထိရှိတယ်၊ အဲဒီမနောဒွါရဝီထိမှာလည်းပဲ ရိုးရိုး ကာမာဝစရမနောဒွါရဝီထိရှိတယ်၊ ဈာန် မနောဒွါရဝီထိရှိတယ်၊ မဂ်ဖိုလ် မနောဒွါရ ဝီထိရှိတယ်။

ဈာန်ဝီထိမှာလည်းပဲ ပထမရတဲ့ဈာန်ဝီထိရှိတယ်၊ နောက်ဈာန်ဝင်စားတဲ့ ဝီထိရှိတယ်၊ မဂ်ဝီထိကျတော့ ဒီဝီထိတစ်ခုထဲပဲ၊ ဒါပေမယ့် ဖိုလ်ဝီထိကျတော့ နောင်အခါ ဖိုလ်ပြန်ဝင်စားတဲ့အခါမှာ လုပ်တဲ့ဝီထိပဲ၊ ဒါတွေကို သမာပတ္တိဝီထိလို့ ခေါ်တယ်၊ ပြီးတော့ စိတ်, စေတသိက်, စိတ္တဇရုပ်တွေရော ချုပ်သွားတဲ့ ဝီထိ ရှိသေးတယ်၊ နိရောဓသမာပတ္တိဝီထိ၊ ဒါတွေ လေ့လာပြီးပြီ။

ပြီးတော့ ဘယ်အာရုံနဲ့တွေ့ရင် ဘယ်ဝိပါက်စိတ်တွေ, ဘယ်တဒါရုံတွေ ဖြစ်ရမယ်၊ ဣဋ္ဌာရုံနဲ့တွေ့ရင် သောမနဿဖြစ်မယ်၊ အနိဋ္ဌာရုံနဲ့တွေ့ရင် ဥပေက္ခာ ဖြစ်မယ် စသည်ဖြင့် ဒါတွေလည်း လေ့လာခဲ့ပြီးပြီ။

ပြီးတော့ ဇောတွေအနေနဲ့ ၁–ကြိမ်သာ စောသည့်ဇော၊ ၂ ကြိမ်, ၃ ကြိမ်, ၄ ကြိမ်, ၅ ကြိမ်, ၇ ကြိမ် စောတဲ့ ဇော၊ ဒါတွေလည်း လေ့လာခဲ့ပြီ၊ အဲဒါပြီးတဲ့နောက် ဘယ်ပုဂ္ဂိုလ်တွေမှာ ဘယ်စိတ်တွေ ရနိုင်တယ်၊ ပုဂ္ဂိုလ် ၁၂–မျိုးနဲ့ စိတ်တွေနဲ့ လေ့လာခဲ့ပြီ။

ဘုံနဲ့စိတ်ကို ခုနပြောတဲ့အတိုင်း အသေးစိပ် မလေ့လာရသေးတော့ ကာမာ ဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံ, အဲဒီလို အများနဲ့ခြုံပြီးတော့ လေ့လာသင့် တာတွေ လေ့လာခဲ့ပြီးပြီ၊ အပိုလေးဖြစ်တဲ့ အန္တရာယ် ၅-ပါးကတော့ ဒီမှာဒီလောက် အကျယ်မသိလည်း ဖြစ်တာပါပဲ၊ ဒါပေမယ့်လို့ ဒါကလည်း အရေးကြီးတဲ့ သိစရာ ဖြစ်တဲ့အတွက်ကြောင့် အန္တရာယ် ၅-ပါးလည်း အကျယ်ပြောလိုက်ပြီ၊ အဲဒီ လင်္ကာလေးရအောင်သာ ကျက်ထား။

* **ကံကိလေသ, ဝိပါက, ဝါဒတိက္ကမာ၊**
* **နတ်ရှာနိဗ္ဗာန်, မဂ်ဖိုလ်ဈာန်, ငါးတန်အန္တရာ။**

သိပ်ကောင်းတယ်၊ ဒါကတော့ ကိုယ်ကိုယ်တိုင်လည်းပဲ သတိထားစရာ၊ ဂရု စိုက်စရာပဲ။

"Wherever the Buddha's teachings have flourished,
either in cities or countrysides,
people would gain inconceivable benefits.
The land and people would be enveloped in peace.
The sun and moon will shine clear and bright.
Wind and rain would appear accordingly,
and there will be no disasters.
Nations would be prosperous
and there would be no use for soldiers or weapons.
People would abide by morality and accord with laws.
They would be courteous and humble,
and everyone would be content without injustices.
There would be no thefts or violence.
The strong would not dominate the weak
and everyone would get their fair share."

**※ THE BUDDHA SPEAKS OF
THE INFINITE LIFE SUTRA OF
ADORNMENT, PURITY, EQUALITY
AND ENLIGHTENMENT OF
THE MAHAYANA SCHOOL ※**

## Taking Refuge with Bodhichitta

**I go for refuge, until I am enlightened,**
**to the Buddha, the Dharma and the Sangha.**
**Through the merit I create by practicing giving and the other perfections,**
**may I quickly attain the state of Buddhahood for the benefit of all sentient beings.**

## The Prayers of the Bodhisattva

**With the wish to free all beings,**
**I will always go for refuge**
**to the Buddha, Dharma and Sangha**
**till I reach full enlightenment.**
**Enthused by the compassion and wisdom,**
**Today, in Buddha's presence,**
**I generate the Mind of Enlightenment,**
**for the sake of all sentient beings.**
**For as long as space remains,**
**and as long as sentient being remain,**
**until then, may I too remain**
**to dispel the sufferings of all beings.**

# GREAT VOW

**BODHISATTVA EARTH-TREASURY**
**( BODHISATTVA KSITIGARBHA )**

**" Unless Hells become empty,**
**I vow not to attain Buddhahood;**
**Till all have achieved the Ultimate Liberation,**
**I shall then consider my Enlightenment full !"**

**Bodhisattva Earth-Treasury is**
**entrusted as the Caretaker of the World until**
**Buddha Maitreya reincarnates on Earth**
**in 5.7 billion years.**

**Reciting the Holy Name:**

**NAMO BODHISATTVA EARTH-TREASURY**

**Karma-erasing Mantra:**

**OM BA LA MO LING TO NING SVAHA**

With bad advisors forever left behind,
From paths of evil he departs for eternity,
Soon to see the Buddha of Limitless Light
And perfect Samantabhadra's Supreme Vows.

The supreme and endless blessings
of Samantabhadra's deeds,
I now universally transfer.
May every living being, drowning and adrift,
Soon return to the Pure Land of Limitless Light!

**✻ The Vows of Samantabhadra ✻**

I vow that when my life approaches its end,
All obstructions will be swept away;
I will see Amitabha Buddha,
And be born in His Western Pure Land of
Ultimate Bliss and Peace.

When reborn in the Western Pure Land,
I will perfect and completely fulfill
Without exception these Great Vows,
To delight and benefit all beings.

**✻The Vows of Samantabhadra Avatamsaka Sutra✻**

# DEDICATION OF MERIT

May the merit and virtue
accrued from this work
adorn Amitabha Buddha's Pure Land,
repay the four great kindnesses above,
and relieve the suffering of
those on the three paths below.
May those who see or hear of these efforts
generate Bodhi-mind,
spend their lives devoted to the Buddha Dharma,
and finally be reborn together in
the Land of Ultimate Bliss.
Homage to Amita Buddha!

## NAMO AMITABHA

## 南無阿彌陀佛

《緬甸文：ABHIDHAMMA COURSES AND CLASSES（Vol.2），
阿毗達摩 述義 第二冊》

財團法人佛陀教育基金會 印贈
台北市杭州南路一段五十五號十一樓
Printed for free distribution by
**The Corporate Body of the Buddha Educational Foundation**
11F, No. 55, Sec. 1, Hang Chow South Road, Taipei, Taiwan, R.O.C.
Tel: 886-2-23951198 , Fax: 886-2-23913415
Email: overseas@budaedu.org
Website: http://www.budaedu.org
Mobile Web: m.budaedu.org
**This book is strictly for free distribution, it is not to be sold.**
ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။
Printed in Taiwan
4,000 copies; May 2019
BU202 - 16593